
www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# မျက်ရည်လောကများ၏ ဟိုမှာဘက်

တက္ကသိုလ်ဘုန်းနိုင်

ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၁၃၉၀/ ၂၀၀၃ (၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၀၂/ ၂၀၀၄ (၂)

■

**ပုံနှိပ်ခြင်း**

ပထမအကြိမ် - ၁၉၉၂ခုနှစ်၊ အားမာန်သစ်စာပေ၊
ဒုတိယအကြိမ် - ၂၀၀၄ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ၊
အုပ်ရေ - (၅၀၀)

■

**မျက်နှာဖုံးပုံနှိပ်သူ**

ဦးတိုးဝင်း၊ နေလရောင်ပုံနှိပ်တိုက်၊
၄၉၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

■

**ထုတ်ဝေသူ**

ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနန့်သာကျေးရွာ၊ ပုလဲမြို့ (၃)၊
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

■

**မျက်နှာဖုံးပန်းချီ**

မြင့်မောင်ကျော်

■

**တန်ဖိုး**

၁၆၀၀ ကျပ်

■

www.burmeseclassic.com

www.burmeseclassic.com

စကားသစ္စာ
မှန်သောအခါဝယ်
သြဇာလေးနက်
ပေါ်ဆီတက်၍
နွှယ်မြက်သစ်ပင်
ဆေးဖက်ဝင်၏

ရှင်မဟာသီလဝံသ

# သစ္စာ

ငါ့စာဖတ်၍၊ မမြတ်တိုင်စေ၊
မရှုံးစေသား၊ ပျင်းပြေနှစ်ခြိုက်၊
တွေးဖွယ်ထိုက်ရာ၊ တစ်ပိုဒ်တစ်လေ၊
တွေ့ငြားပေမူ၊ စာပေကျေးကျွန်၊
ငါ့ဝတ်ပွန်ပြီ၊ ငါမွန်အမြတ်
ငါအတတ်ဟု၊ စာဖတ်သူပေါ်၊
ခေါင်းကိုကျော်၍၊ ငါသော်ဆရာ၊
မလုပ်ပါတည်း။ ။

တက္ကသိုလ်ဘုန်းနိုင်

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း (၁)

# နွေနှင်းမြမြ

www.burmeseclassic.com

# အခန်း (၁)

နှလုံးသား...။

နှလုံးသားကို နူးညံ့သည်ဟု ဆိုကြသည်။ ဟုတ်ကဲ့ ဆိုနိုင်ပါသည်။ ကျွန်တော့် နှလုံးသား၏ အတွင်းဗဟိုသည်ပင်လျှင် နူးညံ့နေလေသေးသည်ကို ကျွန်တော်သိသည်။ သည်တော့ အင်း နှလုံးသားဟူသည်က နူးညံ့လေသည်။

သို့ရာတွင် ခက်ချည်ရသေး။ ကျွန်တော့် နှလုံးသား၏ အပေါ်ယံမှာတော့ အမာခွံ တစ်ခုက လွှာလွှာဝန်းပတ် အုပ်လွှမ်းနေသည်။

မာပင်မာသော်လည်း ဖန်သားကဲ့သို့ ကြည်တော့ကြည်လင်လေသော အမာခွံ။

သြော်... ပကတိအနေနှင့်က ဘယ်လောက်နူးညံ့သော အရာတစ်ခု ဖြစ်ပါစေ။ အပူရှိန်နှင့်တွေ့တော့ ခြောက်သွေ့ရသည်။ ပြီးတော့ တင်းမာရသည်။

ကျွန်တော့် နှလုံးသား၏ အတွင်းဗဟိုက နူးညံ့နေလေသေးသည်ကို တွေ့ရ၍ ကျေးဇူးတင်ရသည်။ အပေါ်ယံ အမာခွံ အလွှာက ဖန်သားကဲ့သို့ ကြည်လင်နေသေး၍ လည်း ဝမ်းသာရသေးသည်။

**"The desire of the moth for the star,**
**of the night for the morrow,**

“ကြယ်ကိုလိုချင်သော ပိုးစုန်းကြူး၏ ဆန္ဒ၊
နံနက်ကို လိုချင်သော ည၏ဆန္ဒ”

ကျွန်တော် ချစ်မြတ်နိုးလှပါသော ကဗျာဆရာ “ရှယ်လီ” **(Shelley)** ၏ ကမ္ဘာကျော် အလင်္ကာစကား။

ပိုးစုန်းကြူးတစ်ကောင်က ကြယ်ကို ရကောင်းပါသလော၊ မြေပြင်မှ ပိုးစုန်းကြူး က ဟိုး အဝေး ကောင်းကင်မြင့်ဆီကို ရောက်နိုင်ပါသလော။

ညဆိုသည်မျိုးကလည်း နေ့ကို ရကောင်းပါသလော။

www.burmeseclassic.com

www.burmeseclassic.com


ဆန္ဒတော့ ထားနိုင်ခွင့်ရှိသည်။ ရှိရမည်။

အမှန်ကား အစက ရှယ်လီ ဘာပြောသည်ကို ကျွန်တော် နားမလည်ပါ။

သြော်...ကိုယ့်ကိုကိုယ်လည်း နားမလည်ပါ။

ကျွန်တော့်ဆန္ဒက ဘာပါနည်း။ ကျွန်တော့် ငွေကြယ်ကလည်း ဘာပါနည်း။

ပိုးစုန်းကြူးလေးက ကြယ်ဆီတက်ပြနေသည့် ဟိုးရှေးရှေးတုန်းက ညတစ်ညက စပြီး ကျွန်တော် ပြောပြပါမည်။

*

## အခန်း (၂)

ဘဝကို ဘယ်ပုံစခဲ့သနည်း။

ကျွန်တော့်အတွက် နုနယ်သော နှလုံးသားလေးကို အခွံမာပါးပါးလေး လွှမ်းအုပ်ပြီး စခဲ့ရသည်ဟု ဆိုရပါမည်။

သြော်...သည် အသိကို မသိသည့်အချိန်၌ ကျွန်တော့်အသက်က ၁၂ နှစ်သာ ရှိသေးသည်။ ပြီးတော့ သည်လောက ခရီးပေါ်မှာ တစ်ယောက်တည်း အဖော်မပါ။

သိသောနေရာမှ မသိသော နေရာဆီ သွားနေဆဲ။

တွယ်ရာမဲ့ဘဝမှ မရေရာ မသေချာသော တွယ်ရာရှိသည်ထင်ရာသို့ စွန့်သွားနေရချိန်။

တစ်နေ့တာနီးပါး ခရီးတစ်လျှောက်တွင် သစ်ပင်တို့ ရွက်ဝါတွေ ကြွေနေကြသည်။

ပူပြင်းသောနွေ၏နေအောက်မှာ ရထားကြီးက တစ်နေ့လယ်လုံး ခုတ်လာရရှာသည်။

ရထားကြီး ဖြတ်မောင်းလာသော လယ်ကွင်းတွေမှာ ရိုးပြတ်ငုတ်ဝါဝါတွေသာ ရှိတော့သည်။

အဝေးဆီ၌ တစ်စီးတလေ လှမ်းလှမ်းတွေ့ရတတ်သော နွားလှည်းနောက်ပိုင်းတွင် ဖုန်လုံးကြီးတွေက လိပ်လိပ်ထ ကျန်ရစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com


လယ်ကွင်းလယ်မှ လေပွေကလည်း ဇေ့ဇေ့ပြတတ်သေးသည်။

ရထားတွင်းသို့ တိုးဝင်လာသော လေကလည်း မအေး၊ ပူသည်။ ပူလိုက်ပါဘိတော့သည်။

ကျွန်တော့်အရွယ်၊ ကျွန်တော့်ဘဝနှင့် မတန်မရာ၊ ရွက်ဝါတွေ အများကြီးကြွေပြသော သီချင်းကြီးတွေကို ကျွန်တော်ရသည်။ အဲသည် သီချင်းတွေထဲက နွေတွေ ကတော့ လှလိုက်ပါဘိခြင်း။

ယခုတော့ နွေဆိုသည်က ပူသည်။ နွေပူပူမို့ သစ်ရွက်တွေက ကြွေကြသည်။ ကြွေသောရွက်ဝါတွေက လေမှာမျောချင် မျော၊ လေပွေနှင့်အတူ ပျံတက်ချင်တက်၊ အပြီးသတ်ကျတော့ မြေပြင်ဆီပြန်ကျ။

တွယ်ရာမဲ့၊ ရွက်ဝါဆိုသည်က တွယ်ရာမဲ့။

အပြင်က နွေပူသကဲ့သို့ ကျွန်တော့်ရင်တွင်းမှာလည်း ပူနေသည်။

နွေက ကံကောင်းသည်။ သူ ပူသည်ကို မကွယ်မဝှက်ဘဲ ပူပြနိုင်သည်။

ကျွန်တော့်ရင်တွင်းမှ အပူကိုတော့ ဝှက်ထားရသည်။ မျက်နှာမှာ မပြရဲ။ ပြလည်းမပြချင်ပါ။ ပြ၍လည်းမည်သူက သနားပါမည်နည်း။ သနားကြ၍လည်း ကျွန်တော့် ဘဝကြီးက ခဏမှာ ဘာများ ထူးသွားပါမည်နည်း။

ဝမ်းနည်းရသောအချိန်တွေ ကုန်ခဲ့ပြီ။ မျက်ရည်ကျခဲ့ရသော အချိန်တွေ ကုန်ခဲ့ပြီ။ ဆုတောင်း၍ မျှော်လင့်ရသော အချိန်တွေ ကုန်ခဲ့ပြီ။ အားကိုးလောက်အောင် သနားပါသည် ဆိုသော လူစိမ်း၊ သူစိမ်းဆိုသူတစ်ယောက်ကိုမျှလည်း ကျွန်တော်မတွေ့ဖူး။

ယခု ကျွန်တော် ဦးတည်သွားနေသည်က သူစိမ်းတွေဆီတော့မဟုတ်။ သို့ရာတွင် ကျွန်တော့်ကို ဖြူသလား၊ မည်းသလားဟုပင် သိသူတွေ မဟုတ်ကြ။ ကျွန်တော် တစ်ယောက် ဤလောက၌ ရှိနေသည်ကိုပင် သိကြသူတွေ မဟုတ်။ သည်တော့ သူစိမ်း၊ သူစိမ်းတစ်မျိုးပါတကား။ အဲသည် သူစိမ်းတစ်မျိုးကလည်း သူစိမ်းတကာလိုပင် ကျွန်တော့်ကို ငြင်းပယ်ကြလျှင်။

ကျွန်တော့်ရင်မှာ ပူလာပြန်သည်။ မျက်ရည်က စို့ချင်လာသည်။ ရင်တွင်းတစ်နေရာက တစ်စုံတစ်ခုကလည်း ဆို့ချင်လာ၏။

သြော်…မျက်ရည်က ကျန်နေသေးသည်ကိုး။

မကျန်ပါနှင့်၊ မစို့ပါနှင့်၊ မျက်ရည်ကျန်လေးက စို့၍ ဘာတွေက ထူးသွား

www.burmeseclassic.com

www.burmeseclassic.com


ပါမည်နည်း။

ရင်တွင်းက ဆို့တက်ချင်လာသော တစ်စုံတစ်ရာရယ်၊ ငြိမ်ငြိမ်လေးနေပါ၊ ပြန်ပြီး ငြိမ်ငြိမ်လေးနေပါ။ မင်းက ဆို့တက်လာတော့ မျက်ရည်ကလည်း လိုက်စို့ချင်တယ်ကွယ်။

ကျွန်တော်က မျက်တောင်များကို ခတ်ပြီး မျက်ရည်ကို တားလိုက်သည်။ သက်ပြင်းကို ရှိုက်ပြီး ရင်တွင်းမှ ဆို့တက်ချင်သော အရာကိုလည်း တားလိုက်သည်။

ကျွန်တော်စီးလာသော ရထားပေါ်တွင် ကျွန်တော်နှင့် ရွယ်တူကောင်လေးတွေ ပါကြသည်။ အများကြီးပါကြသည်။

သူတို့ဘာလုပ်ကြသည်ကို ကျွန်တော်သိသည်။ သူတို့လည်း သူတို့အတိုင်းအတာနှင့် သူတို့ ရဲကြ စွန့်ကြရသည်ကို ကျွန်တော်နားလည်သည်။ သူတို့အထဲတွင် ကျွန်တော်နှင့် သိသူတွေပင် ပါကြသည်။ သူတို့သံသရာထဲတွင် ကျွန်တော်လည်း ဝင်လည်နိုင်သည်။ သူတို့လောက်တော့ ကျွန်တော်လည်း သတ္တိရှိသည်။

သို့ရာတွင် သူတို့သံသရာကို ကျွန်တော်မကြိုက်ပါ။ သူတို့သံသရာမျိုးမှာ ကျွန်တော် မလည်ချင်ပါ။ ထို့ကြောင့်လည်း ဤခရီးကို ကျွန်တော်ထွက်လာခဲ့သည်။

သိသောနေရာမှ မသိသောနေရာဆီ။

ကြွေသောရွက်ဝါတွေကို ကျွန်တော် ကြည့်မိသည်။

သူတို့လည်း တွယ်ရာမဲ့။ တွယ်ရာမဲ့ဆိုတော့ လေဆောင်ရာ လွင့်ကြရသည်။

သြော်…ဤရထားပေါ်မှ ကောင်လေးအများမှာလည်း လေဆောင်ရာ လွင့်နေကြသူတွေ။

ကျွန်တော်က လေဆောင်ရာ မလွင့်ချင်ပါ။ ကျွန်တော့်ကိုယ်ကျွန်တော် သစ်ရွက်မဟုတ်မှန်း သိသည်။ သစ်ရွက်မဟုတ်ပါပဲနှင့် လေဆောင်ရာ ကျွန်တော် လျှောက်လွင့်ရမည်လော။

ရထားကြီးက တငြိမ့်ငြိမ့်ခုတ်နေတုန်း၊ ကျွန်တော့်အင်္ကျီအိတ်တွင်းမှ စာလေးတစ်စောင်ကို ကျွန်တော် ယူဖတ်သည်။

"သမီးကို ခွင့်မလွှတ်နိုင်ပေမယ့် မြေးကိုတော့ သနားပါမေမေ။ ဒါဟာ

www.burmeseclassic.com

www.burmeseclassic.com


ကိုယ့်ကိုယ်ကိုယ် သေမယ်သိနေတဲ့ သမီးရဲ့ နောက်ဆုံး အသနားခံချက်ပါ"

မေမေ။ ကျွန်တော့်ကို သေခါနီးချိန်အထိ မျက်နှာတွင် သေရိပ်ကို နည်းနည်းမျှ ပြမသွားသည့်မေမေ။ တကယ်တော့ သူအားလျှော့ခဲ့သည်မှာ ကြာပြီ။ မေမေ သေခါမှ သည်စာလေးကို ခေါင်းအုံးအောက်မှာတွေ့ရသည်။

အကြိမ်ကြိမ် ဖတ်မိခဲ့ရသောကြောင့် စာတစ်ခုလုံးကို ကျွန်တော် အလွတ်ရမိလု ရှိနေပြီ။ သည် အဆုံးစာပိုဒ်ကိုတော့ အလွတ်ကောင်းကောင်း ရနေသည်။

သည်တိုင်းကြည့်တော့ မေမေက ဘွားဘွားကို တောင်းပန်ထားသည်။ ကျွန်တော့် စိတ်တွင်းတွင်တော့ မေမေက ကျွန်တော့်ကိုပါ တောင်းပန်သွားသည်။

မေမေမရှိတော့လျှင် ဘွားဘွားတို့ဆီသွားပါ။

မေမေ့ဆန္ဒ ။ မေမေ၏ သေခါနီး နောက်ဆုံးဆန္ဒ။

တဂျုံးဂျုံး တဒိုင်းဒိုင်းနှင့် ရထားကြီးက မြည်လာသည်။

အောက်တွင် သောင်ထိုး၍ ရေနည်းနေသော စစ်တောင်းမြစ်ကို တွေ့ရသည်။

ကျွန်တော်လာခဲ့ရာ မွန်ပြည်နယ်သည် ဟိုဘက်ကမ်းမှာ ကျန်ရစ်ပြီ။

ကျွန်တော်ကိုင်ထားသော စာရွက်ပေါ်တွင်တော့ မျက်ရည်ပေါက် အသစ်စက်စက်တစ်ပေါက်ကို တွေ့သည်။

ဩော်...ဘယ်အချိန်က ကျလိုက်ပါသနည်း။

ထိန်းထားလျက်က သူကျသည်။ ရထား တုန်ခါသောကြောင့် သူကျမည်။

*

# အခန်း (၃)

သည် တစ်ကြိမ်တွင်လည်း တံတားပေါ် ရထားဖြတ်မှ ကျွန်တော်လန့်နိုးလာသည်။

စစ်တောင်းတံတားပေါ်ဖြတ်စဉ်က မော်လမြိုင်–ရန်ကုန် ရထားကြီး တဂျုံးဂျုံး တဒိုင်းဒိုင်း မြည်သံကဲ့သို့ ယခု ဤမီးရထားကြီးကလည်း မြည်သောကြောင့်မူ မဟုတ်ပါ။

ရထားကြီးက ရွေ့သည်ဆိုရုံ လှုပ်လှုပ်လေးသွားနေသည်။

www.burmeseclassic.com

www.burmeseclassic.com


တံတားဆီမှရော၊ ရထားဘီးများဆီကရော တကျွီကျွီ ကြိတ်ခဲမြည်သံများ တော့ ပေါ်ထွက်နေသည်။

ကျွန်တော် လန့်နိုးခဲ့ရသည်မှာ လူတို့၏ အော်သံတွေကြောင့် ဖြစ်ပါသည်။

"ဘ၀သံသရာတံတား"

"ဟယ်...ရောက်ပြီလား"

"အေးဟေ့ ရောက်ပြီ၊ ဘ၀ သံသရာတံတား"

လူတွေက ကျွန်တော့်အနီးမှ တိုးဝှေ့သွားကြသည်။ အချို့က ကျွန်တော့်ဒူးနှင့် ပခုံးတို့ကို ဝင်တိုက်သွားကြသည်။

ကျွန်တော်က ပြတင်းဝနှင့်ကပ်နေသော ထိုင်ခုံနေရာတွင် ထိုင်ငိုက်လာခြင်း ဖြစ်လေသည်။

ပြတင်းမှနေပြီး တံတားကို ကျွန်တော်ကြည့်သည်။

စစ်တောင်းတံတားကဲ့သို့သော ဧရာမတံတားကြီးမဟုတ်ပါ။

သံတံတား သေးသေးသွယ်သွယ် ရှည်ရှည်တစ်ခုသာပါ။

ဟိုဘက် တောင်နံရံနှင့် သည်ဘက် တောင်နံရံကို ကူးဆက်ထားသည်။

သြော်...ဟိုးအနိမ့်အောက်မှာတော့ မီးရထားလမ်းတစ်ခု။

ကျွန်တော် သဘောပေါက်သွားသည်။ လမ်းတစ်လျှောက်၌ တောင်ကြီးတွေပေါ် မီးရထား၊ ဘယ်ပုံတက်လာခဲ့သည်ကို သတိရသည်။

တောင်နံရံစောင်းတစ်လျှောက် မြောင်းသွယ်တွေဝိုက်ပြေးလျက် တက်သည့်အခါ တက်သည်။ ပိတ်ဆီးနေသော တောင်သားထုတွင်း လိုဏ်တွင်း၍ ဖြတ်သည့်အခါ ဖြတ်သည်။ အလွန်မြင့်လွန်းသောကြောင့် အခြားနည်းမရှိသောအခါ လွန်ထိုး၍ တက်သည်။

ယခုသည် တောင်စောင်းမှ ဟိုတောင်စောင်း။ ခြားနေသော ချောက်ကြီးကို တံတားခင်း၍ ကူးသည်။

ဘ၀သံသရာ ရုပ်ရှင်ကားကို ကျွန်တော် ကြည့်ဖူးသည်။ ဤတံတားကို အသားပေး၍ ရိုက်ပြထားသည်။

သြော်... ယခု သူက ဘ၀သံသရာတံတားဟု နာမည်ကျော်ခဲ့ပြီ။

မြောက်ဘက်တောင်နံရံစောင်းတွင် ကားလမ်းရှိသည်။ သည်ကားလမ်းဘေးတွင် ကားတွေရပ်ထားပြီး လူတွေက အောက်ဆင်း၍ မီးရထားကြီး တံတားကူးနေသည်ကို အထူးအဆန်းအဖြစ် ကြည့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com


ရထားပေါ်မှ လူတွေကလည်း ကြည့်နေကြသည်။ တံတားကိုလော။ ဖြတ်ကူး နေသော ရထားကြီးကိုလော။

ဘဝသံသရာဆိုသည့်စကားကို ကျွန်တော်နားလည်သည်။ အခြားရွယ်တူ ကလေးတွေထက် ကျွန်တော် ပိုနားလည်သည် ထင်သည်။

ဖြစ်ချင်တာလည်း မဖြစ်ရပါ။ မဖြစ်ချင်တာလည်း ဖြစ်ရတာ။

သည်သီချင်းသံက နားမှာစွဲနေသည်။

ရထားကြီးက တံတားကို ကူးနေသည်။ ရထားပေါ်မှလူတွေကလည်း ကူးမှန်း မသိ လိုက်ကူးနေကြသည်။

ဘဝသံသရာတံတားကို ကူးနေကြသော မိမိတို့ ကိုယ်ကိုတော့ လူတွေ ကြည့်မိ ကြပါသလော။

ကျွန်တော်က မျက်လုံးများကို ညှစ်ပိတ်လိုက်သည်။

မျက်လုံးများကို ညှစ်ပိတ်ပစ်သောအကျင့် ကျွန်တော့မှာ ရနေပြီ။ မျက်လုံးများကို ညှစ်ပိတ်ခြင်းမှာ မျက်လုံးပိတ်ခြင်းသက်သက် မဟုတ်ပါ။ အဲသည်သဘောကို ကျွန်တော် သိသည်။ ကျွန်တော်သာလျှင် သိသည်။

ပိတ်ထားသော မျက်လုံးများတွင်တော့ အမြင်ရိပ်တွေ ပေါ်နေသည်။

ကျယ်ပြောသော သံလွင်မြစ်ကြီး။ သည် မြစ်ကြီးကို ကျွန်တော် ကူးခဲ့ရပြီ။

ရေနည်း၍ သောင်ထွန်းနေသော စစ်တောင်းမြစ်ကြီး။ သည်မြစ်ကြီးပေါ်မှ တံတားကြီးကိုလည်း ကျွန်တော်ကူးခဲ့ပြီ။

ပြာမှောင်သော တောင်တန်းကြီးများ။ လွန်ထိုးတက်ခဲ့သည့်အဆုံးက ခွေးရုပ်ဘုတာ။ တောင်မြင့်တွေက ဝိုင်းနေသည်။ တောင်နံရံတွေမှာက မြူတွေနှင့်။ တောင်ထိပ်မှာက တိမ်တွေနှင့်။

နောက်၊ နောက်တော့ ထင်းရှူးတောများ။ ကျွန်တော် မမြင်ဖူးသော ထင်းရှူး တောများ။

ယခုတော့ ဘဝသံသရာတံတား။ သည်ဘက်တောင်စောင်းမှသည် ဟိုဘက် တောင်စောင်း။ တံတားအောက်မှာက ချောက်ကြီး။ ချောက်ကြီးပေါ်က မြေပြင်မှာက ရထားလမ်းတစ်ခု။

ဘယ်တော့ ဆုံးမည်နည်း။ လမ်းက ဘယ်တော့ဆုံးမည်နည်း။

လမ်းဆုံးမှာက ဘာရှိမည်နည်း။

ကျွန်တော် မျက်လုံးများ ပြန်ဖွင့်လိုက်သောအခါ ရထားကြီးက ချောက်

www.burmeseclassic.com

www.burmeseclassic.com


အခြေမြေရှိ လမ်းပေါ်မှာ ပြေးနေပြီ။

ကျွန်တော်ရသော သီချင်းကြီးတစ်ပိုဒ်မှ သီချင်း စာသားများကို ကျွန်တော် အမှတ်ရသည်။

တစ်ဆင့်တက်သော်။ တစ်တောင်ကျော်။ တစ်မော်ငုပ်လျှိုး။ တစ်ချုံတိုး။ တစ်မိုးသောက်လျှင်။ တစ်နေဝင်။ တစ်ပင်မြိုင်ကြီး။ ဂနိုင်ဆီး။

ရထားကြီးက တောင်နံရံစောင်း တစ်လျှောက်တွေမှာ မြောင်သွယ်ကွေ့ဝိုက် လျက် ပြေးနေပြန်ပြီ။

ရထားလမ်းအနေအထားက မသိမသာ နိမ့်လျှောဆင်းနေသည်ကိုလည်း သတိထားမိသည်။

တောတို့၏အသွင်လည်း ပြောင်းပြန်ပြီ။

ထင်ရှူးပင်တွေချည်း မဟုတ်တော့။

ထင်းရှူပင်တွေမှာက အရွက်ဟုခေါ်နိုင်သော အရွက်စစ်စစ်မရှိ။ ဆူးချောင်းလေးတွေနှင့်တူသော အရွက်အချောင်းလေးတွေသာ ရှိသည်။ အဲသည် အရွက်ချောင်းလေးတွေက ရင့်ရင့်စိမ်းသည်။ သည်တော့ ထင်းရှူး တစ်ပင်လုံးကလည်း ရင့်ရင့်စိမ်းသည်။ ထင်ရှူးတော တစ်ခုလုံးကလည်း စိမ်း၍ မှောင်သည်။ အစိမ်းရောင်မှတစ်ပါး အခြားအရောင်မရှိ။

ယခု ပြန်ပေါ်လာသော တောတို့၏ အပင်တွေမှာက အရွက်တွေရှိသည်။ တွေ့နေမြင်နေကျ အရွက်မျိုးတွေ ရှိသည်။ သြော် ... အရောင်လည်း ရှိလေသည်။

ရထားကြီး ကပ်မြှောင်ပြေးနေသည့် သည်ဘက်တောင်မှာရော။ လျှိုချောက်ခြား သည့် ဟိုဘက်တောင်မှာရော။ တောတို့၌ အရောင်စုံနေသည်။

စိမ်းသော အရွက်များလည်း ရှိပါသေး၏။ ရွှေရောင်ဝင်းနေသော အရွက်များ လည်း ရှိသည်။ ပတ္တမြားရောင်ကဲ့သို့ ရဲရဲနီနေသော အရွက်များလည်း ရှိနေသည်။

တောတစ်ခွင်မှာ ရွှေလှုံ၊ ပတ္တမြားလှုံ့တို့ တောက်ညီးသည့် ပန်းချီမီးလှုံ့ကြီး ကဲ့သို့ လှပနေသည်။

ပန်းချီမီးလှုံ့တောတို့က ရုတ်တရက် ဆုံးသွားသည်။ ကောင်းကင်ကြီးက လည်း ဟင်းလင်းပွင့်သွားသည်။ မြေပြန့်ပြန့်ကြီးကလည်း ဘွားဘွား ဘယ်က ပေါ်လာသနည်း။

ရထားကြီးက မြေပြန့်ပြန့်တွင် ခုတ်မောင်းနေလေပြီ။ သူ့ကြည့်ရသည်မှာ

www.burmeseclassic.com

www.burmeseclassic.com


ပန်းအဝင်တွင် မောပန်းနေသည့်ကြားက ခြေကုန်ထပ်တင်သော အပြေးသမားနှင့် တူလှစွာ၏။

မြူပြာပြာနောက်ခံတွင် ရဲရဲနီအောင်ပွင့်နေသော ပေါက်ပင်များကို တွေ့ရသည်။ ဟိုးအဝေးဆီ၌ ပတ္တမြားပွင့်တွေကို ဆင်ထားသော လက်ပံပင်မြင့်မြင့်ကြီး တစ်ပင် ကိုလည်း လှမ်းတွေ့ရသည်။

ရထားပေါ်မှ လူတွေလည်း လှုပ်လှုပ်ရွရွ ဖြစ်လာကြသည်။

ရထားကြီး ဘူတာတစ်ခုတွင်းသို့ ဝင်လာသည်။

ရွှေညောင်။

သြော်... ခရီးတစ်တန် ဆုံးပြန်လေပြီ။

ဘူတာရုံဖြစ်သဖြင့် ခရီးသည်တွေအပြင် ကြိုကြ ဆိုကြသူတွေနှင့် စည်ကား ဆူညံနေသည်။

ကျွန်တော့်၌ ပစ္စည်းများများမပါ။ ပခုံးတွင် လွယ်ထားသော ပလတ်စတစ် အပေါ်စား ခရီးဆောင်အိတ်ဟောင်းလေးတစ်ခု၊ လက်တစ်ဖက်နှင့် ပွေ့ပိုက်ကိုင် ထားသည့် ဟောင်းနွမ်းနေသော ကတ္တီပါသား ပတ်အုပ်ထားသည့် အလိပ် တစ်လိပ်။ ဤနှစ်ခုပဲပါသည်။

ဘူတာရုံတွင်းမှ ကျွန်တော်ထွက်လိုက်သည်။

ကျွန်တော့်မျက်နှာတွင် ဘာပူပန်မှုကိုမှ ပြမနေဟု ကျွန်တော် ယုံကြည်သည်။ ပူပန်မှုကို မပြမိရန် ကျွန်တော်ကြိုးစားထားသည် မဟုတ်လော။

ကျွန်တော်က ဘတ်စ်ကားရှာကြည့်သည်။

ဘတ်စ်ကားနှင့်တူသည့်ကား တစ်စီးမျှမတွေ့။

တကွက်စီ အငှားကားလေးများကိုသာ တွေ့သည်။ အချို့က ဂျစ်ကား။ အချို့က ဆလွန်းကား။

ဂျစ်ကားတစ်စီးအနီးသို့ ကျွန်တော်ကပ်သွားသည်။

"တောင်ကြီးကို သွားသလား"

"သွားတာပေါ့၊ စီးလုံးယူမလား"

ပြောသူက အသားညိုသည်။ မြန်မာမျက်နှာပေါက်တော့ ရှိ၏။ သို့ရာတွင် အသံက ဝဲသည်။

ပြောဟန်ကလည်း နောက်တောက်တောက်။

"စီးလုံးမငှားနိုင်ပါဘူး၊ တစ်ယောက်တည်းလိုက်လို့ မရဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"လူပြည့်ရင်ရတယ်၊ စောင့်"

"တစ်ယောက် ဘယ်လောက်လဲ"

"ငါးကျပ်"

ကျွန်တော် ရင်ထိတ်သွားသည်။ မျက်လုံးလည်း ပြူးသွားမိ၏။

"ဟိုဒင်း ဒီမှာဘတ်စ်ကား မရှိဘူးလား"

အသံဝဲဝဲနှင့်သူက ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံးကြည့်သည်။ ခဏကြာမှ ဖြေသည်။

"ဘူတာမှာ ဘတ်စ်ကား မရှိဘူးကွယ့် ကလေး၊ ဘတ်စ်ကား စီးချင် ဟိုလမ်းမှာ သွားစီး၊ ကလော–တောင်ကြီးကားရှိတယ်၊ တစ်ကျပ်ပေးရတယ်၊ တစ်ကျပ်ကော ပေးစရာရှိလား လူကြီးလူကောင်း"

သူက ကျွန်တော့်ကို နောက်ချင်ဟန်တူသည်။ သို့ရာတွင် သူလမ်းညွှန်မှုပြုသည်ကို ကျေးဇူးတင်ရသေးသည်။

ကျွန်တော်က တည်ကြည်စွာ ဖြေသည်။

"ရှိပါတယ်၊ ခုလို ပြောပြတာ ကျေးဇူးတင်ပါတယ်"

ကျွန်တော်က လမ်းမဆီသို့ ထွက်လာခဲ့၏။

လမ်းမဘေးတွင် ကျွန်တော် ရပ်စောင့်နေသည်။

သြော်...အပြီးသတ်ကျတော့ လမ်းမဘေးမှာပါ၊ လမ်းမဘေးမှာသာပဲ။

ရွှေညောင် လွင်ပြင်ကြီးက ကျယ်သည်။ ကောင်းကင်ကြီးကလည်း ကျယ်သည်။

လမ်းဘေးမှ ကျွန်တော့်ကိုယ်လေးသည် သေးသွားသည် ထင်၏။

လွင်ပြင်ပတ်ပတ်လည်မှာတော့ တောင်တန်းကြီးတွေ ရှိနေသည်။

လွင်ပြင်က နွေစရိုက်ကိုပြပြီး အတန်လေး ပူအိုက်နေသည်။

သြော်... ချမ်းသည်ဟု ပြောကြသော ရှမ်းကုန်းပြင်မြင့်ပေါ်မှာလည်း နွေရှိနေ လေသည်။

မြူပြာပြာ လဟာနယ်ကို ဖြတ်ကျော်ပြီး အရှေ့ဘက်ဆီ ကျွန်တော်ကြည့် သည်။

အနောက်ဘက်က ကျွန်တော် လာသည်။ သည်တော့ တောင်ကြီးဆိုသည် က အရှေ့ဘက်မှာ ရှိမည်။

အရှေ့ဘက်က တောင်တန်းကြီးက ပိုမြင့်သည်။

www.burmeseclassic.com

www.burmeseclassic.com


မှိုင်းမှိုင်းဝေဝေနှင့် ပိုမြင့်သည်။

မှိုင်းမှိုင်းဝေဝေနှင့် ပိုမြင့်သော သည်တောင်တန်းကြီးဆီ ကျွန်တော် တက်ရပါလေဦးမည်။

*

## အခန်း (၄)

ရှမ်းပြည်နယ် ကောင်စီလမ်း။

လမ်း၏ လက်ယာဘက်ထိပ်မှာက ခံ့ညားထည်ဝါသော တိုက်ဖြူဖြူကြီးကို တွေ့ရသည်။ လက်ဝဲဘက်ထိပ်မှာက အဝါရောင် နှစ်ထပ် အဆောက်အအုံကြီး တစ်ခု။

အဆောက်အအုံနှစ်ခုလုံးအတွင်းမှာတော့ "တောင်ကြီး ကောလိပ်"ဟု ရေးထားသော ဆိုင်းဘုတ်ကြီးများ ရှိသည်။

အဆောက်အအုံနှစ်လုံး၏ ဝင်းစပ်တစ်လျှောက်မှာက ညီညာစွာ ကိုက်ညှိထားသည့် စည်းရိုးပင်တန်း ထူထူစိမ်းစိမ်းတွေ ရှိသည်။ ခရမ်းနုရောင် ပန်းလေးများ ပွင့်နေကြသည်။

လမ်းဘေးတစ်လျှောက်မှာက ပင်စည်ဖြောင့်ဖြောင့်နှင့် ဧရာမသစ်ပင်ကြီးတွေကလည်း ရှိနေသေးသည်။

ကျွန်တော်က လွယ်အိတ်လေးကို လွယ်မြဲလွယ်လျက်၊ လက်တစ်ဖက်ဖြင့် ကတ္တီပါ ပိတ်သားပတ် အလိပ်လေးကို ပိုက်မြဲပိုက်လျက်။

ဈေးအနီးရှိ ကားဆိပ်မှ ဤလမ်းထိပ်ရောက်ရန် အဝေးကြီး လျှောက်ခဲ့ရသည်။ လမ်းမကြီးက ပြေသယောင်ယောင် ရှိသော်လည်း အမှန်က ကုန်းတက်ခရီး။

အို...ဟောသည် လမ်းကလည်း ကုန်းတက်၊ သိသာထင်ရှားလှသော ကုန်းတက်။

ကျွန်တော့် တစ်ကိုယ်လုံးက နွမ်းနယ် နုံးချည့်နေသည်။

မနေ့ကရယ်၊ သည်နေ့ရယ် နှစ်နေ့၊ သည်နေ့တွေမှာ တစ်နေ့ထမင်း တစ်နပ်စီသာ ကျွန်တော် စားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


ကိုယ့်ဝမ်းဆာတာ ကိုယ်သိသပေါ့၊ သို့ရာတွင် ကိုယ့်ဝမ်းနာလည်း ကိုယ်သိရသည်။ သိရသေးသည်။

ကုန်းတက်လမ်းအတိုင်း ဖြည်းဖြည်း ကျွန်တော် လျှောက်လာခဲ့သည်။

ညာဘက်တွင် ထင်ရှူးတောကြီးကို တွေ့ရသည်။

ဘယ်ဘက်မှာကတော့ ဝင်းနှင့်ခြံနှင့် တစ်ထပ်တိုက်ပုလေးများ။

ဖြတ်လာခဲ့သော လမ်းဘေးတွေရှိ ညီညာသော ပင်လတ်၊ ပင်လှ၊ ပင်ပျို များကို သတိထားမိသည်။ အောက်အရပ်တွင် မတွေ့ဖူးသော အပင်တွေဖြစ်သော ကြောင့် ဘာပင်တွေမှန်း ကျွန်တော်မသိ။

တစ်မြို့လုံးမှာလည်း ဘာပန်းတွေဟု ကျွန်တော်မသိသော ပန်းတွေ ပွင့်နေသည်။

ပန်းတွေ၏ အရောင်က ပန်းနုသွေးအရောင်၊ အချို့က နီချင်သည်။ အချို့က မရမ်းရောင်ဘက်လုသည်။ ယေဘုယျကတော့ ပန်းရောင်၊ ပွင့်နေကြသည် ကလည်း အဆုပ်ဆုပ် အခိုင်ခိုင်။

ပန်းတွေကလည်း လှပါဘိ၊ မြို့ကလည်း လှပါဘိ။

စာဖတ်သော ကျွန်တော်က ဝတ္ထုတွေထဲမှာ တောင်ကြီးမြို့အကြောင်း ခဏခဏဖတ်ဖူးသည်။ ရှမ်းမြို့တော်။ ပန်းမြို့တော်။ သည်လိုရေးကြသည်။ ရှမ်းမြို့တော်၊ ပန်းမြို့တော်ဆီ စိတ်ကူးယဉ်ကြည့်ပြီး စိတ်ကူးနှင့် ခဏခဏ ကျွန်တော် ရောက်ဖူးသည်။

သြော်... ယခုတော့ တကယ်ရောက်နေပြီ။

နုံနုံချည့်ချည့် ဆင်းဆင်းရဲရဲ၊ စုတ်စုတ်ပြတ်ပြတ်၊ နွမ်းနွမ်းကြေကြေနှင့် ကျွန်တော်ရောက်နေပြီ။

အင်္ကျီဖြူဖြူလေးရယ်၊ ပုဆိုးစိမ်းလေးရယ်ကို တတ်နိုင်သမျှ ကျွန်တော် သပ်သပ်ရပ်ရပ် ဝတ်ခဲ့ပါသည်။ ကျွန်တော့်မေမေက စုတ်ချင်စုတ်ပါစေ။ ဟောင်း ချင်ဟောင်းပါစေ။ အဝတ်အစားကို အမြဲတမ်း သပ်သပ်ရပ်ရပ်ဝတ်မှ ကြိုက်သည်။

အစက ဘယ်လိုပင် သပ်သပ်ရပ်ရပ် ဝတ်ထားလင့်ကစား နှစ်ရက်ဆက် တိုက် မီးရထားစီးလာခဲ့ရသောကြောင့် ကျွန်တော့် အဝတ်အစားတွေက နွမ်းကြေ နေပြီ။ ဖုန်ထူသော နေရာမှာ ဖြစ်သောကြောင့်လည်း အင်္ကျီဖြူလေးက မဖြူတော့။

ကျွန်တော့်မျက်နှာသည်ပင် ဘယ်အသွင်ပေါက်နေလေမည် မသိ။

သြော်... လှပသော တောင်ကြီးမြို့သည် ကျွန်တော်တစ်ယောက်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com


အကျည်းတန် မဲ့တစ်ပေါက်စွန်းခဲ့လေပြီလော။

ကုန်းတက်လမ်းက တောင်ခြေတွင် ဆုံးပြီး လက်ယာဘက်သို့ ဆက်ကွေ့သွားသည်။ လက်ဝဲဘက်ဆီသို့ခွဲပြီး အနိမ့်တွင်း လျှောဝင်သွားသည့်လမ်းလည်း ရှိသည်။ တောင်ခြေက တောတွင်း ဝင်သွားသည့် လမ်းလည်းရှိသေးသည်။

လက်ယာဘက်မှာက ကျယ်ဝန်းလှသော ဝင်းကြီးတွင်း၌ နိုင်ငံခြား စာအုပ်များတွင် တွေ့ဖူးသော ဥရောပဆန်သည့် နှစ်ထပ်ဂေဟာကြီးတစ်ခုကို တွေ့ရသည်။

လက်ဝဲဘက်မှာက အိမ်တွေ၊ ဝင်းနှင့် ခြံနှင့် ဥရောပပုံပင် ဆန်ချင်သော အိမ်တွေ။

လှပသောမြို့။ ခမ်းနားသောရပ်ကွက်။ တင့်တယ်သော အိမ်တွေကြောင့် ကျွန်တော့် ခြေဆက်လှမ်းရန် တွန့်နေမိသည်။

လမ်းဘေးတွင်ရပ်ပြီး တောင်မြင့်ကြီးကိုမော့ကြည့်မိသည်။

မြို့ကိုကပ်ပြီး ဤသို့ စီးမိုးထားသည့် တောင်မြင့်ကြီးမျိုး ကျွန်တော် မမြင်ဖူး။

မြင့်သည်။ ခမ်းနားသည်။ ကြီးမားသည်။ လွှမ်းမိုးသည်။

တောင်ကြီးမြို့ပေါ် ရောက်ကတည်းက နွေသည် နွေမဟုတ် တော့သည်ကို ကျွန်တော် သတိပြုမိပြီးပြီ။

လေက အောက်အရပ်ဆောင်းဦးလေးက လေကဲ့သို့ အေးမြသည်။ လန်းဆန်း လတ်ဆတ်သော အတွေ့ခံစားမှုရှိသည်။ သိမ်မွေ့ထူးဆန်းသော သင်းရနံ့တစ်ခုလည်း ရှိနေသေးသည်။

သည်တောင်ခြေမှာက ပိုမိုအေးချမ်းသာယာသည်။

ဟုတ်ကဲ့။ နွေမရှိပါ။ အပြင်မှာ နွေမရှိတော့ပါ။

ကျွန်တော့်ရင်တွင်းမှ နွေကသာ ပိုပူလာသည်။

စုဆောင်းခဲ့ထားသမျှသော သတ္တိတွေလည်း ကုန်သွားပြီထင်သည်။

ကျွန်တော်က ကြီးမားမြင့်ထည် လွှမ်းမိုးထားသည့် တောင်မြင့်ကြီးကို လှမ်းကြည့်ပြီး စိတ်တွင်းမှ စကားပြောသည်။

"စီးပါ၊ မိုးပါ တောင်မြင့်ကြီးရယ်၊ ဒါပေမဲ့ မင်းက ငါ့အပေါ် ပြိုကျပြီး လွှမ်းဖုံးမှာ မို့လို့လား၊ ငါကလည်းသစ်ရွက်မဟုတ်ဘူး၊ လေတိုက်ရာလွင့်တဲ့ သစ်ရွက်မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



အိမ်နံပါတ်ကို ကျွန်တော်သိသည်။

ကျန်သေးသမျှ အားမာန်တွေကို စုစည်းပြီး အိမ်၏ ခြံဝတွင် ကျွန်တော် သွားရပ်သည်။

အမှန်က အိမ်မဟုတ်ပါ။ တိုက်ငယ်တစ်လုံးပါ။

ခေါင်မိုးနီနီက တြိဂံပုံ စောက်စောက်မြင့်မြင့် ဖြစ်သည်။ လေးထောင့်ပုံ မီးခိုးခေါင်းတိုင် နီနီလည်း ခေါင်မိုးမှ ထွက်နေသည်။

ခြံဝင်းဝမှ ကြည့်မိသော ကျွန်တော့် မျှော်လင့်ချက်တွေ ပျက်သွားသည်။

ခြံတွင်း၌ ကြိမ်ကုလားထိုင်ကြီးပေါ်တွင် ထိုင်နေသူက ဆံပင်ဝါဝါ အသားဖြူနီနီ နှင့် ဂါဝန်ဝတ် နိုင်ငံခြား အမျိုးသမီးတစ်ဦး။

မြက်ခင်းပေါ်၌ ရောင်စုံကွက်ကျား ဘောလုံးကြီးတစ်လုံးနှင့် ဆော့နေသူကလည်း ဂါဝန်ဝတ်ထားသည့် ဆံပင်ဝါဝါနှင့် မျက်နှာဖြူကလေးလေး တစ်ဦး။ သူ့အနီးမှာက ဆံပင် မည်းနက်သမျှ မျက်ခုံးမွေးများလည်းမည်းနက်ထူထဲသမျှ အသားဆွတ်ဆွတ်ဖြူလှသည့် ဥပဓိရုပ်ကောင်းလှသူ နိုင်ငံခြားသား ယောကျ်ား တစ်ဦး။

ကျွန်တော်က ခြံဝမှ အသာပြန်ဆုတ်ပြီး အိမ်နံပါတ်ကို ကြည့်သည်။

အိမ်နံပါတ်က မမှားပါ။

သြော်…သို့ရာတွင် နှစ်တွေက ကြာလှပြီ။ ဖြစ်ပျက်ခဲ့သည်က တကယ် တော့ ကျွန်တော့်ကိုပင် မမွေးရသေးသော ဟိုးအတိတ်ဆီက။

ရှည်လျားသော အချိန်များအတွင်း သည်မှာရောဘာတွေ ဖြစ်ခဲ့ပါသနည်း။ ဖြစ်ချင်တာတွေ ဖြစ်နိုင်သည်။

ကျွန်တော့်မျက်လုံးများမှာ ပြာဝေသကဲ့သို့ ဖြစ်လာသည်။ ခရီးတစ် လျှောက် ကျွန်တော် မျိုသိပ်ဖိနှိပ်ထားခဲ့ရသော ရင်တွင်းမှ တစ်စုံတစ်ရာကလည်း ကြွတက်ချင် လာသည်။

“နိုင် မင်း ဘာလုပ်မလဲ၊ ခု မင်း ဘာလုပ်မလဲ”

အသက်မဲ့သော အရုပ်လှုပ်သကဲ့သို့ ကျွန်တော် လျှောက်သည်။

တွယ်ရာမဲ့။ အပြီးသတ် ကျတော့တွယ်ရာမဲ့ပြီ။

ဘာတွေ ပြောပြော။ နောက်ဆုံးတော့ ဘဝဆိုသည် တွယ်ရာမဲ့သည့် သစ်ရွက် နှယ်ပါတကား။

သည်အတွေးက ကျွန်တော့်ကို တစ်မျိုးတစ်မည် လှုပ်နှိုးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


ဟယ်... သန်းခေါင်ထက် ဘာက နောက်ထပ် ပိုညနက်နိုင်ပါမည်နည်း။

ကျွန်တော်က ရှေးဦးစွာတွေ့သော ခြံဝတစ်ခုတွင်းသို့ ဝင်လိုက်သည်။

ခြံတွင်းမှာက သစ်သားအိမ်။ ရိုးရိုးနှစ်ထပ် သစ်သားအိမ်။

အိမ်ရှေ့မှာ ကျွန်တော် ရပ်လိုက်သည်။

လူရိပ် သူယောင်ကို မတွေ့သောကြောင့် ကျွန်တော်က ချောင်းဟန့် အသံပေးသည်။

"ဘယ်သူလဲ၊ ဘာကိစ္စလဲ ဪ"

အသံလေးက အိမ်တွင်းမှ မဟုတ်။

ခြံတစ်နေရာတွင် နှင်းဆီပင်များ ရှိနေသည်။ ပန်းနုရောင် ပန်းရင့်ရောင် နှင်းဆီပန်းကြီးတွေက လှိုင်လှိုင်ဝေဝေ ပွင့်နေသည်။

နှင်းဆီပန်းတွေကြားမှာ နှင်းဆီရောင် သူ့ကို တွေ့သည်။

ဝတ်ထားသော အင်္ကျီအရောင်ကလည်း နှင်းဆီအရောင်။

ထဘီကလည်း နှင်းဆီရောင်။ သူ့တစ်ကိုယ်လုံး နှင်းဆီရောင်။

ဆံပင်တွေက နက်မှောင်သည်။ မျက်ခုံးလေးတွေကလည်း နက်မှောင်သည်။ မျက်လုံးလေးတွေက ကြည်သည်။

လှပသော ကောင်မလေးတစ်ယောက်။

ကျွန်တော်နှင့် ရွယ်တူခန့်ဖြစ်သည်။

ကောင်မလေးက သူ့မျက်လုံး ကြည်ကြည်များနှင့် ကျွန်တော့်ကို စိုက်ကြည့်နေသည်။ အတန်ကြာမှ ပျော့ပျောင်းသော်လည်း ငြင်းပယ်ရိပ်ပါသော အသံလေးနှင့် ပြောသည်။

"လူကြီးတွေ မရှိဘူး"

သူ့စကား အဓိပ္ပာယ်ကို ရုတ်တရက်တော့ ကျွန်တော် နားမလည်။ သူ့ကိုသာ ပြန်ကြည့်နေမိသည်။

သူကထပ်ပြောသည်။

"လူကြီးတွေမရှိဘူး၊ သွား သွားဦးနော်"

သွားပါဦးတော့မှု မဟုတ်။ သွားဦးနော်။ အားနာဟန်လေးနှင့် ပြောနေသောကြောင့် စကားချင်းတော့ မတူ။ အဓိပ္ပာယ်ကမူ မခြားဟုထင်သည်။

ဤတစ်ကြိမ်တွင်တော့ ကျွန်တော့်ရင်တွင်းမှ တစ်စုံတစ်ရာသည် လည်ချောင်းဆီအထိ ဆို့တက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com


သူက ကတ်ကြေးလေးတစ်ခုကို ကိုင်ရင်း နှင်းဆီပန်းအိုးတန်း၏ တစ်ဖက်တွင် ရပ်နေသည်။

ကျွန်တော့်ကို ယဉ်ကျေးစွာနှင့် မောင်းထုတ်နေသော်လည်း သူ့မျက်နှာလေးက နူးညံ့သိမ်မွေ့သည်။ သြော်...အားနာတတ်၊ ကြင်နာတတ်သူလေး ဖြစ်ဟန်တူသည်။ ကျွန်တော့်ကို သွားပါဦးဟု မဆို။ သွား...သွားဦးနော်။

သူ့ဘက်သို့ ကျွန်တော် လျှောက်သွားသည်။

နာကြည်းစိတ်ကို မထိန်းနိုင်တော့ဘဲ မေးမိ၏။

"တို့ရပ်က ဒီလောက် စုတ်ပြတ်နေပြီလား"

"ဟင်...ဘာပြောတယ်"

"တို့ကို သူတောင်းစားထင်လို့ နင် မောင်းထုတ်နေတာ မဟုတ်လား"

သူမ မဖြေ။ မျက်လုံးလေးပြူး၍ ကျွန်တော့်ကို ကြည့်နေသည်။

ကျွန်တော်က ကျွန်တော့်ပုဆိုးစိမ်းလေးကို ကိုင်ပြပြီး ပြောသည်။

"တို့အင်္ကျီဖြူဟာ နွမ်းနေပါပြီ၊ ဟောဒီ ပုဆိုးလေးကလည်း နွမ်းပေမယ့် စိမ်းနေ တုန်းပါ။ နင် ကျောင်းမှာ ပုဆိုးစိမ်းဝတ်တဲ့ သူငယ်ချင်းတွေ ရှိမှာပေါ့၊ တို့ဟာ နင့် သူငယ်ချင်းတွေလိုပဲ ကျောင်းသားတစ်ယောက်ပါ။ ကျောင်းနေတဲ့ ကျောင်းသားတစ်ယောက်ပါ"

သည့်ထက် ကျွန်တော် ပိုမပြောနိုင်တော့ပါ။ မပြောလည်း မပြောချင်တော့ပါ။

နေရာမှလှည့်ပြီး ကျွန်တော်ထွက်လာခဲ့သည်။

ကျွန်တော့် ခြံပြင်အရောက်၌ နောက်မှ ပြေးလိုက်လာသော ခြေသံကို ကြားရသည်။

"ဒီမှာ ခဏ ခဏနေပါဦး"

ရပ်ပြီး ကျွန်တော်ကြည့်သောအခါ ပန်းရောင် ကောင်မလေးက ကျွန်တော့်ဆီ ချဉ်းကပ်လာသည်။

သူက ကျွန်တော့်ကို စကားမပြောသေးဘဲ စိုက်ကြည့်နေသည်။

သူ့အသားလေးက ဆွတ်ဆွတ်ဖြူတော့မဟုတ်။ ပြာပြာလတ်လတ်လေး။

ပြာလတ်မလေး၏ မျက်နှာသည် ပြုံးလာသည်။ ထူးဆန်းသည့် အေးချမ်းသော အပြုံး။

"တို့မဆင်မခြင်မှားသွားတယ်၊ တို့ခြံထဲကိုလာတာ ကိစ္စရှိသလား၊ တို့

www.burmeseclassic.com

www.burmeseclassic.com


ဘာကူညီရမလဲ”

အဲသည်လိုဆိုပြန်တော့လည်း ကျွန်တော် ဘာက စပြောရမှန်းမသိ။

“ပြောလေ၊ ပြောပါ”

“တို့ ဟိုဒင်း စုံစမ်းချင်လို့”

“ပြောလေ”

“ဟိုနားက အိမ်နံပါတ် (–)ကို တို့လာတယ်၊ အဲဒီမှာ မျက်နှာဖြူတွေပဲ တွေ့တော့တယ်”

“သြော်...သြော်၊ ဒေါက်တာ ကူရှုနီတို့ လင်မယားနေတယ်၊ စောစံထွန်းဆေးရုံကြီးမှာ လာတာဝန်ထမ်းနေတဲ့ ရုရှဆရာဝန်ကြီးပါ၊ သိပ်သဘောကောင်းတယ်”

“အဲဒီမှာ အရင်က နေတဲ့လူတွေကော”

“နာမည်က ဘယ်သူလဲ”

“ဦးဘိုးလွှမ်းနဲ့ ဒေါ်မင်းသုံ”

“အို...ဘိုးဘိုးလွှမ်းနဲ့ ဘွားဘွားသုံ”

“နင် သူတို့ကို သိတယ်ပေါ့”

ပြာလတ်မလေးက ခေါင်းညိတ်ပြသည်။

“သူတို့ ခုနင်က အိမ်မှာ မနေတော့ဘူးလား”

ပြာလတ်မလေးက စဉ်းစားသယောင် ပြုပြီးမှ ပြော၏။

“သူတို့က ကြီးကြပြီလေ၊ ဒီတော့ အဲဒီအိမ်ကို ရောင်းလိုက်ကြတယ်၊ ကြာလှပြီ၊ နင် မသိဘူးလား”

“ဘယ်လိုလုပ်သိမလဲ၊ တို့က အဝေးကြီးက လာရတာ”

“အဝေးကြီးက၊ ဘယ်ကလာတာလဲ”

“မော်လမြိုင်က”

“မော်လမြိုင်ကတောင်၊ နင် ဘာလာလုပ်တာလဲ”

“ဘိုးဘိုးနဲ့ ဘွားဘွားက၊ ငါ့ဘိုးဘိုးနဲ့ ဘွားဘွားပါ”

“ဘယ်လို၊ နင့် ဘိုးဘိုးနဲ့ ဘွားဘွား”

ကျွန်တော်က ဝမ်းနည်းစွာ ပြုံးမိ၏။

“ဒါပေမယ့် သူတို့ ငါ့ကို မသိပါဘူး၊ ငါ ရှိမှန်းတောင် သူတို့ သိမှာ မဟုတ်ဘူး”

www.burmeseclassic.com

www.burmeseclassic.com


"နင့်ကို မသိဘူး၊ ဒါဖြင့် နင်ဘာလို့ တစ်ယောက်တည်းလာတာလဲ၊ နင့်အဖေနဲ့ အမေတွေ မပါဘူးလား"

"ငါ့အဖေနဲ့ အမေတွေ မရှိတော့ပါဘူး"

ပြာလတ်မလေး၏ မျက်နှာမှာ အပြုံးလေး ပျောက်ကွယ်သွားသည်။

ပါးစပ်လေးဟ၍ ကျွန်တော့်ကို အတန်ကြာအောင် ငေးကြည့်နေသည်။

သက်ပြင်းချဟန်လေးပြုပြီး ပြာလတ်မလေးက မေးသည်။

"ဘိုးဘိုးနဲ့ ဘွားဘွားက နင့်ကို မမြင်ဖူးဘူးပေါ့နော်"

ကျွန်တော်က ခေါင်းညိတ်ပြ၏။

"နင်ကလည်း ဘိုးဘိုးနဲ့ ဘွားဘွားကို မမြင်ဖူးသေးဘူးပေါ့"

ဤသည်ကိုလည်း ကျွန်တော် ခေါင်းညိတ်ပြ၏။

ပြာလတ်မလေးက သက်ပြင်းချဟန်ပြုပြန်၏။

"တို့ တစ်ခုမေးမယ်နော်"

"မေးပါ"

"နင့် ဘိုးဘိုးနဲ့ ဘွားဘွားက နင့်ကို မသိလို့၊ ဟို ဟိုဒင်း၊ လက်... လက်မခံရင် နင် ဘာလုပ်မလဲ"

ကျွန်တော် ငိုင်သွားမိသည်။

လက်မခံလျှင်။ ကျွန်တော် အကြိမ်ကြိမ် တွေးမိသော အတွေး။

ကျွန်တော်က ပြာလတ်မလေးကို ပြုံးပြမိသည်။ ဘာကြောင့် ပြုံးမိသည်ကို လည်း ကိုယ့်ကိုယ်ကိုယ်မသိ။

"လက်မခံရင် ဘာလုပ်မလဲ၊ အဲဒါကို ငါ မသိဘူး၊ ငါသိတာတော့ တစ်ခုရှိတယ်လေ"

ပြာလတ်မလေး ဝင်မမေး။ အဖြေကို စောင့်နားထောင်ဟန်ဖြင့် ငြိမ်နေ၏။

"ငါက သစ်ရွက်မဟုတ်ဘူး"

"ဘာရယ်"

"ငါက လေတိုက်ရာလွင့်တဲ့ သစ်ရွက်မဟုတ်ဘူး"

ပြာလတ်မလေးက စိမ်းမှောင်မှောင်ရှိသော သူ့ မျက်ခုံးလေးကိုတွန့်ပြီး ကျွန်တော့်ကို အတန်ကြာ စိုက်ကြည့်နေသည်။

ခဏၥတွင် ပြုံးသည်။ အသံလေးထွက်အောင်လည်း ရယ်၏။

"နင် ဘာလို့ရယ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com


"နင် ပြောပုံကို ကြိုက်လို့၊ အဲဒါ ဝတ္ထုတွေထဲက ဇာတ်လိုက်တွေ ပြောတဲ့စကား"

"ငါ ဝတ္ထုထဲက ဇာတ်လိုက်မဟုတ်ဘူး"

ပြာလတ်မလေး ကျွန်တော့်ကို ဘာမျှ ပြန်မပြောတော့ဘဲ လက်ယပ်ပြ၍ သူ့နောက်သို့ လိုက်ခဲ့ရန် ခေါ်သည်။

ကျွန်တော်ကလည်း ဘာပြောရ ဘာလုပ်ရမှန်းမသိသောကြောင့် သူ့နောက်သို့ လိုက်သွားရ၏။

သူက ရေတိုင်လေးတစ်ခုဆီ ကျွန်တော့်ကို ခေါ်သွား၏။

"အဲဒီမှာ မျက်နှာသစ်၊ ငါ ဆပ်ပြာသွားယူပေးမယ်"

ပြာလတ်မလေးက အိမ်တွင်းသို့ ပြေးဝင်သွားသည်။

ကျွန်တော်က ရေတိုင်ကို ဖွင့်သည်။ ရေကိုမြင်သောအခါမှ လန်းဆန်းစိတ်တွေ ဘယ်က တိုးဝင်လာမှန်းမသိ။

ကျွန်တော်က မျက်နှာကို အားရပါးရ သစ်သည်။ လည်ကုပ်ကိုလည်း ရေစွတ်ထားသော လက်ဝါးနှင့်ရိုက်သည်။

ဆပ်ပြာခွက်လေးကိုင်ပြီး ပြာလတ်မလေး ပြန်ပေါ်လာသည်။

ကျွန်တော်က မျက်နှာကို ဆပ်ပြာမွှေးနှင့် တိုက်သည်။

မျက်နှာသစ်ပြီး သွားသောအခါ လက်များကို ဆပ်ပြာတိုက်၍ဆေးသည်။ မထူးပြီ ထင်သောကြောင့် ခြေထောက်များကိုပါ ဆပ်ပြာတိုက်ဆေးသည်။

ပြာလတ်မလေးက ဘာမျှမပြောဘဲ ကျွန်တော် လုပ်နေသည်ကို ဘေးမှ ရပ်ကြည့် နေသည်။ ကျွန်တော့်ခြေထောက် ဆေးနေစဉ် သေသေချာချာ ဂရုစိုက် ကြည့်နေမှန်း ကျွန်တော် သတိထားမိသည်။

အားလုံးပြီးသောအခါမှ ရေတိုင်မှရေကို လက်ခုပ်နှင့်ခံပြီး ကျွန်တော် တစ်ဝကြီးသောက်၏။

ရေလည်းဆာ၊ ထမင်းလည်းဆာနေသော ကျွန်တော့်ဝမ်းသည် အတန် သက်သာသွား၏။

ကျွန်တော်က ပလတ်စတစ် လွယ်အိတ်မှ ဇစ်ကို ဖွင့်ပြီး မျက်နှာသုတ်ပဝါ လေးထုတ်ယူ၍ မျက်နှာသုတ်သည်။ ဘီးလေးကိုလည်း အဆင်သင့် တွေ့သော ကြောင့် ခေါင်းမှ ဆံပင်များ သပ်ရပ်သွားအောင် လေးငါးချက် ဖြီးသည်။

ပြာလတ်မလေးက ရှေ့တည့်တည့်မှရပ်ပြီး ကျွန်တော်လုပ်နေသည်ကို

www.burmeseclassic.com

www.burmeseclassic.com


စိတ်ဝင် စားစွာ ကြည့်နေ၏။

အားလုံးပြီးသွားမှ ခေါင်းလေးကို တဆတ်ဆတ်ညိတ်ပြီး မှတ်ချက်ပြု၏။

"ကောင်းတယ်၊ နင့် မျက်နှာက ကျောင်းသားလေးနဲ့ တူသွားပြီ"

"သူတောင်းစားနဲ့ မတူတော့ဘူးပေါ့"

မချောလေး၏ မျက်နှာလေး တည်သွားပြီး ခပ်ပြတ်ပြတ်ပြော၏။

"အဲဒီစကား ထပ်မပြောပါနဲ့"

ကျွန်တော်က သူ့ကိုကြည့်သည်။ သူကလည်း ရဲရဲလေးပြန်ကြည့်နေပြီးမှ ပြုံးလျက် "လာ"ဟုခေါ်ကာ ခြံပြင်သို့ထွက်သည်။

"ဘယ်လဲ"

"နင့် ဘိုးဘိုးနဲ့ဘွားဘွားအိမ်ကို ငါ လိုက်ပို့ပေးမယ်"

"ဟင်... သူတို့အိမ် နင်သိတယ်"

ပြာလတ်မလေးက မဖြေဘဲ ပြုံးချိုချိုနှင့် ကျွန်တော့်ကို ကြည့်သည်။

မျက်စောင်းထိုးရှိ ခြံဝင်းတစ်ခုရှေ့တွင် ပြာလတ်မလေးက ရပ်လိုက်သည်။

အိမ်က နှစ်ထပ်သစ်သားအိမ် ခပ်နွမ်းနွမ်း ဖြစ်လေသည်။

ခြံတံခါးကြီးက ပိတ်ထားသည်။ ပြာလတ်မလေးက ပြော၏။

"အဲဒါ နင့် ဘိုးဘိုးနဲ့ဘွားဘွားရဲ့ အခု အိမ်"

*

# အခန်း (၅)

ပိတ်ထားသော ခြံတံခါးပေါ် မေးစေ့လေးကို ကျော်အောင် ခြေဖျား ထောက်၍ ပြာလတ်မလေးက ခေါ်သည်။

"ဘွားဘွားရေ၊ အန်တီ တင့်တင့်ရေ"

အိမ်ဆီမှ ထူးသံပေါ်မလာ။ ပြာလတ်မလေး သူ့အသံ စာစာချိုချိုလေးနှင့် ဆက်ခေါ်သည်။

"ဘွားဘွားသုံရေ၊ အန်တီတင့်တင့်ရေ"

အတန်ကြာမှ မေးသံပေါ်လာ၏။

"ဟေ... ဘယ်သူတုန်း"

"သမီးပါ၊ နှင်းမြစန္ဒာ"

www.burmeseclassic.com

"အေ၊ နှင်းလား၊ ခဏ ခဏ"

နှင်း နှင်းမြစန္ဒာ၊ လှပသော နာမည်လေးကို ကျွန်တော် စသိရသည်။

နှင်းမြစန္ဒာက ကျွန်တော့်ဘက် လှည့်ကြည့်သည်။

"မြင်လား၊ သူတို့က စည်းကမ်းကြီးတယ်၊ ခြံတံခါး အမြဲပိတ်ထား တယ်၊ နင် တစ်ယောက်တည်းဆို တံခါးဖွင့်ပေးမှာ မဟုတ်ဘူး၊ ဒါကြောင့် ငါ လိုက်ပို့ ပေးတာ၊ အေး...ဒါထက် နင့် နာမည် ဘယ်လိုခေါ်လဲ"

"နိုင်"

"မောင်နိုင်ပေါ့၊ ဟုတ်လား"

"မောင်နိုင်လည်း မဟုတ်ဘူး၊ ကိုနိုင်လည်း မဟုတ်ဘူး၊ နိုင် တစ်လုံး တည်း"

"တစ်လုံးတည်း၊ ဆန်းသားပဲ၊ တို့နာမည်က နှင်းမြစန္ဒာ၊ နှင်းလို့ တစ်လုံး တည်းနော်၊ အဲ နိုင်က ခေါ်နိုင်တယ်"

အိမ်တွင်းမှ မိန်းမရွယ်တစ်ဦး ထွက်လာသည်။ မျက်မှန်နှင့် အဘွားကြီး တစ်ဦးက အိမ်ပေါက်ဝမှ ရပ်ကြည့်နေသည်။

အန်တီတင့်တင့် ဆိုသည်မှာ ယခုထွက်လာသော မိန်းမရွယ်ပင် ဖြစ်ရမည်။

သြော်... အန်တီတင့်တင့်ဆိုသည် ရှိသေးကြောင့်၊ မေမေကလည်း ပြောပြ ဖူးလေသား။

အန်တီတင့်တင့်က ယူလာခဲ့သော သော့တံနှင့် သော့ဖွင့်၍ ခြံတံခါးဖွင့်ပေး သည်။

နှင်းမြစန္ဒာကို အာရုံ ပြုထားရာမှ အန်တီ တင့်တင့်က ကျွန်တော့်ဘက် တစ်ချက် ကြည့်သည်။

အမှတ်မထင်ပါ။ တစ်ခဏပါ။

ကျွန်တော့်ရင်မှာ ပြည့်လျှမ်းလာသည်။ ဝမ်းသာသကဲ့သို့လည်း ဖြစ်သည်။ ဆို့နင့်၍ ငိုချင်သကဲ့သို့လည်း ဖြစ်လာသည်။

အန်တီတင့်တင့်က ချောမောသော မိန်းမရွယ်တစ်ဦး။ ကျွန်တော့် မေမေနှင့် တူလှသော ချောမောသည့် မိန်းမရွယ် တစ်ဦး။

နှင်းမြစန္ဒာနှင့် ကျွန်တော်က အန်တီတင့်တင့်နောက်မှ လိုက်၍ အိမ်တွင်း သို့ ဝင်ခဲ့သည်။

အဘွားကြီးက ကုလားထိုင်အိုတစ်လုံးတွင် ထိုင်နေပေပြီ။

www.burmeseclassic.com

www.burmeseclassic.com


နှင်းမြစန္ဒာနှင့် အန်တီတင့်တင့်တို့လည်း ထိုင်ကြသည်။

ကျွန်တော်သာ မထိုင်ရဲ။

“ထိုင်လေ နိုင်”

နှင်းမြစန္ဒာက နူးညံ့ချိုသာစွာ ပြောသည်။ မျက်နှာလေးကလည်း အားပေး ပြုံးလေးကို ဆောင်ထားသည်။

နှင်းမြစန္ဒာနှင့် ယှဉ်လျက်ရှိသော ကုလားထိုင်တွင် ဖြည်းညှင်းစွာ ကျွန်တော် ဝင်ထိုင်သည်။

အဘွားကြီးက ကျွန်တော့်ကို မရယ်မပြုံးဘဲ စိုက်ကြည့်နေပြီးမှ မေးသည်။

“သူ ဘယ်သူလဲ နှင်းမြစန္ဒာ”

“သူ့နာမည် နိုင်တဲ့ ဘွားဘွား၊ သူ မော်လမြိုင်ကတောင် လာခဲ့ရတာ၊ အဝေးကြီးက လာခဲ့ရတာ၊ ဩော်...နိုင် ပြောပြလေ”

ပြောပြလေ။ နှင်းမြစန္ဒာက အားပေးပြုံးလေးနှင့် တိုက်တွန်းနေသည်။

ဟုတ်ကဲ့။ ကျွန်တော် ပြောပြရပါမည်။ တကယ်တော့လည်း ကျွန်တော့်မှာ များများပြောစရာ မရှိပါ။

အသံကို အတည်ငြိမ်ဆုံးထားပြီး ကျွန်တော်က ကြေညာရသည်။

“ကျွန်တော့်နာမည် နိုင်ပါ၊ မေမေ ဒေါ်သင်းမြတ်ရဲ့ သားပါ”

ဘယ်သူ့ဆီကမှ အသံမလာ။ အိမ်ကြီး တစ်ခုလုံးသည် သဘာဝမကျစွာ တိတ်ဆိတ်သွားသည်။

ဆိတ်ငြိမ်ခြင်းကို အဘွားကြီး၏ အသံက ဖြိုခွင်းလိုက်သည်။

“ဟင်...နင်က နင်က မိသင်းမြတ်သား၊ ဟုတ်လား”

အဘွားကြီး၏အသံက မာနေသည်။ ကျွန်တော့်မေမေ၏ နာမည်ရှေ့တွင် မိတပ် ခေါ်လိုက်ပုံကလည်း ကြင်ကြင်နာနာ မရှိလှ။

“ဟုတ်ပါတယ်၊ ကျွန်တော် မေမေ ဒေါ်သင်းမြတ်ရဲ့ သားပါ”

အဘွားကြီး၏ မျက်နှာတွင် မဲ့ပြုံးတစ်ပြုံး ပေါ်လာသည်။

“ကောင်းပြီ၊ မိသင်းမြတ်သားက တို့အိမ်ဘာလာလုပ်သလဲ”

အန်တီ တင့်တင့်ထံမှ “အို အမေ”ဟု သတိပေးသံ ထွက်လာသည်။

ကျွန်တော်က အိတ်တွင်းမှ စာအိတ်လေးကိုယူပြီး နေရာမှ ထ၍ အဘွားကြီးကို ရိုသေစွာပေးသည်။

အဘွားကြီးက မျက်နှာထား တင်းတင်းနှင့်ပင် စာကို လှမ်းယူသည်။

www.burmeseclassic.com

www.burmeseclassic.com


အဘွားကြီး စာဖတ်နေသည်ကို ရင်မှာ ထိတ်ရင်း ကျွန်တော်က ငေးကြည့်နေသည်။ ဖြူဝင်းစိုသော အဘွားကြီး၏မျက်နှာသည် တဖြည်းဖြည်း ညိုလာနေ၏။ ထို့နောက် ပြုံတော့မည့်မိုးပမာ မည်းလာ၏။

စာဆုံးသောအခါ၌ အဘွားကြီး၏ လက်များသည် ပေါင်ဆီသို့ ကျလာသည်။ စာရွက်သည်လည်း လက်မှနေ၍ ကြမ်းပြင်ဆီ ကျသွား၏။

အဘွားကြီးက လွတ်ကျသွားသော စာရွက်ကို ကောက်ယူရန် မကြိုးစား။ ဘာမျှလည်းမလုပ်။ ဘာမျှလည်း မပြော၊ ကျောက်ရုပ်ကြီးကဲ့သို့ ငြိမ်ထိုင်နေသည်။ စောစောက ညိုမည်းသွားသော မျက်နှာသည်သာ ယခု သွေးဆုတ်သကဲ့သို့ ဖြူရော်နေ၏။

ကြမ်းပြင်က စာရွက်ကို အန်တီ တင့်တင့်က ကောက်ယူဖတ်နေ၏။

"အင်း...ဟင်း ခု မိသင်းမြတ်ကော"

အဘွားကြီးက ကျွန်တော့်ကို မေးဟန်ထက် သူ့ဘာသာ ပြောဟန်ပေါ်နေသည်။

"ခု မိသင်းမြတ် မိန်းမ လိမ္မာကြီး၊ သေပြီပေါ့၊ ဟုတ်လား"

ကျွန်တော်က ဘာမျှမဖြေ။ ဖြေစရာလည်း မလိုဟု ထင်သည်။

"တော်တယ် အရုပ်ကတို့၊ သိပ်တော်တယ်၊ မိဘကို ပုန်ကန်သွားပြီးမှ လင်လည်းသေ၊ ကိုယ်လည်းသေမှ သားကို တို့ဆီလွှတ်လိုက်တယ်၊ ကောင်းပ ကောင်းပ၊ ဒီမှာဟေ့ သူငယ်"

ကျွန်တော့် ရင်တွင်းမှ စူးခနဲ ခံစားရသည်။

ဤသည်မှာ ကျွန်တော့်ဘွားဘွား။ ကျွန်တော် အားကိုးတကြီးနှင့် လာခဲ့သော ဘွားဘွား။ ကြိုဆိုပုံက စိမ်းကားလှ၏။ ငါ့မြေးဟု မခေါ်။ ဟေ့... သူငယ်။

"မင်းက တို့မြေးလို့ တို့ ဘယ်လိုယုံရမှာလဲ၊ ဒါတွေ ဖြစ်ခဲ့တယ်ဆိုတာလည်း အမှန်တွေပဲလို့ ဘယ်လို ယုံရမှာလဲ၊ မင်းကို ဘယ်သူက တို့ကို အလိမ်ခိုင်းလိုက်သလဲ"

ကျွန်တော့် မျက်နှာများမှာ ထူပူရှိန်းဖိန်းသွားသည်။ ရှက်ခြင်းနှင့် ဝမ်းနည်းခြင်း ရောလျှက် ကျွန်တော့်နှုတ်မှ ဘာစကားမျှ မထွက်နိုင်။

"မေမေ၊ ဒီမှာ ညီမလေးစာ ပါသားပဲ၊ လက်ရေးက ညီမလေး လက်ရေး"

အန်တီ တင့်တင့်က ဝင်ဖြေသည်ကို အဘွားကြီးက လက်မခံဘဲ လက်ကကာ

www.burmeseclassic.com


ပြ၏။

"တိတ်စမ်းတင့်တင့်၊ ညည်းက လက်ရေးဝိဇ္ဇာ၊ ပါရဂူလား၊ ဒီစာမျိုး ခေတ်သိတဲ့ ဘယ်သူမဆို ဝင်ရေးလို့ရတယ်၊ မာနကြီးတဲ့ မိသင်းမြတ်ဆိုတာ ကလည်း ဒီလို ဒူးထောက်အညံ့ခံမလား"

"ဒါပေမဲ့ မေမေ သူ သူ သေခါနီး ရေးသွားရှာတာ"

"သူသေပြီလို့ ညည်းကို ဘယ်သူပြောသလဲ"

အဘွားကြီးက ကျွန်တော့်ဘက် လှည့်ပြန်၏။

"ငါမေးတာကို ဖြေစမ်း"

ကျွန်တော် မဖြေတတ်။ ဖြေစရာလည်း မရှိ။

နှင်းမြစန္ဒာက ဝင်ပြောသည်။

"သူမလိမ်ဘူး ဘွားဘွား၊ လိမ်တဲ့လူဆို ဘွားဘွားတို့အိမ်ကို သိရမှာပေါ့၊ သူမသိဘူး၊ ဒေါက်တာ ကူရှုနီတို့ နေနေတဲ့ အိမ်ကို အရင်သွားတာ၊ အဲဒီမှာ မတွေ့လို့ နှင်းတို့အိမ် ဝင်စုံစမ်းလို့ နှင်းလိုက်ပို့တာ၊ သူ သူ ကျောင်းသားလေးပါ၊ အစစ်ပါ သူ မလိမ်ဘူး"

"တိတ်စမ်း နှင်းမြစန္ဒာ၊ နင့်ကို ငါ မမေးဘူးလေ၊ ဟေ့ သူငယ်ဖြေစမ်း၊ မင်းကို ဘယ်သူက လိမ်ခိုင်းလိုက်သလဲ"

ကျွန်တော်က ငိုက်ထားသောခေါင်းကို မော့လိုက်သည်။ တော်လောက်ပြီ ထင်ပါသည်။ ဇာတ်လမ်းလည်း ပြီးခဲ့ပြီ ထင်သည်။

အဘွားကြီးကိုကြည့်ပြီး တည်ကြည်စွာ ပြောမိသည်။

"ကျွန်တော့်ကို ဘယ်သူမှ လိမ်မခိုင်းဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီလောကမှာ ကျွန်တော့်ကို လိမ်ခိုင်းနိုင်တဲ့လူ မရှိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ လိမ်တာကို ကျွန်တော် မကြိုက်ဘူး၊ ကျွန်တော့်မေမေလည်း မကြိုက်ဘူး၊ မေမေက သစ္စာလို့ ခေါ်တယ်၊ သစ္စာရှိရင် ဘာကိုမှ ကြောက်ဖို့ မလိုဘူးတဲ့"

မေမေ့အကြောင်း ပြောတော့ ကျွန်တော်ရင် ပြန်ဆို့လာခဲ့သည်။ မျက်ရည်များလည်း စို့လာသည်။

"ကျွန်တော် မကြောက်ပါဘူး၊ ဘာကိုမှ မကြောက်ပါဘူး၊ ကျွန်တော် အခု ဒီလာတာလဲလေ မေမေ့စကားကို နားထောင်တာ၊ မေမေ သေခါနီး ပေးသွားတဲ့အမိန့်ကို ကျွန်တော်နားထောင်တာ၊ ခုတော့ ပြီးသွားပါပြီ"

ကျွန်တော်က နေရာမှထသည်။

www.burmeseclassic.com

www.burmeseclassic.com


မမျှော်လင့်ဘဲ ကျွန်တော့်ကို ဆွဲထားသူက အန်တီ တင့်တင့်။

"ကလေးရယ်၊ နေပါဦး၊ အန်တီ ပြောဦးမယ်"

အန်တီတင့်တင့်၏ မျက်လုံးတွေတွင် မျက်ရည်တွေ ဝဲနေသည်။ မျက်ရည်ဝဲလျက်က ကျွန်တော့်ကို ချော့မော့သည့်ဟန် အန်တီတင့်တင့်က ပြုံးပြ နေရှာသည်။

"အို…"

နှင်းမြစန္ဒာက အလန့်တကြားလေး အော်သည်။

သူ လက်ညှိုးလေးကလည်း အန်တီတင့်တင့်မျက်နှာကို ထိုးပြထား၏။

"ပါးချိုင့်လေး၊ အန်တီတင့်တင့်မျက်နှာမှာ ပါးချိုင့်လေး နှစ်ခုရှိတယ်၊ သူ့မှာလဲရှိတယ်၊ နှင်းတွေ့တယ်၊ နိုင် ပြုံးစမ်း၊ အန်တီတင့်တင့်ကို ပြုံးပြလိုက်စမ်းပါ"

အန်တီ တင့်တင့်၏မျက်နှာကို ကျွန်တော် ကြည့်သည်။ ပါးချိုင့်လေးနှစ်ခုကို ကျွန်တော် တွေ့ရသည်။ သြော်…အန်တီ တင့်တင့်မျက်နှာက ကြည့်လေလေ မေ့မေ့မျက်နှာနှင့် တူလာလေလေ။

နှင်းမြစန္ဒာ ခိုင်း၍တော့ မဟုတ်ပါ။ ကြင်နာသော မေမေနှင့်တူသည့် မျက်ရည်ဝဲ နေသူ ဤအမျိုးသမီးကို ကျွန်တော် နှုတ်ဆက်ရမည်။ သြော် ပြုံး၍သာပင် ကျွန်တော် နှုတ်ဆက်ရမည်။

ကျွန်တော့် မျက်လုံးများတွင် မျက်ရည်တွေ လျှံနေပြီဖြစ်ကြောင်း ကျွန်တော်သိသည်။ လျှံပါစေ။ လျှံချင်၍ လျှံသည်ကို ကျွန်တော်မတားနိုင်ပါ။ ပါးပြင်ဆီ စီးကျချင်လည်း ကျ ဘာဖြစ်သနည်း။

အို မျက်ရည်ဝိုင်းလျက် နောက်ဆုံးဖြစ်သော အပြုံးပြုံးပြနေသော မေမေ့ကိုသည်လိုပင် ကျွန်တော် ပြန်ပြုံးရခဲ့ဖူးသည် မဟုတ်ပါလော။

မျက်ရည်ဝဲသော အန်တီတင့်တင့်ကို ကျွန်တော်ပြုံး၍ နှုတ်ဆက်သည်။

အန်တီတင့်တင့်၏ လက်နှစ်ဖက်က ကျွန်တော့်ပခုံးပေါ် ကျလာသည်။ သူ့မျက်နှာလှလှက ကျွန်တော့် မျက်နှာပေါ် စီးမိုးလျက် ကြည့်နေသည်။

နောက်တစ်ခဏ၌ အန်တီတင့်တင့်သည် ကြမ်းပြင်ပေါ်သို့ ဒူးထောက်ထိုင်ကျ သွားသည်။ သူ့ကိုယ် အလေးချိန်ကြောင့် ကျွန်တော်လည်း ကြမ်းပြင်ပေါ်သို့ ထိုင်ကျ သည်။

ကျွန်တော်ကိုပွေ့ဖက်ပြီး အန်တီတင့်တင့်ငိုနေသည်၊ အန်တီတင့်တင့်ငိုတော့ ကျွန်တော်ပါ ရောငိုနေမိပါပကော၊

www.burmeseclassic.com

www.burmeseclassic.com


"တင့်တင့် ညည်းက ဘာဖြစ်ရတာလဲ"

အဘွားကြီးက အနီးတွင် မားမားလာရပ်ပြီး အန်တီတင့်တင့်နှင့် ကျွန်တော့်ကို ငုံ့ကြည့်နေသည်။

ကျွန်တော့်ကို တင်းအောင် ပွေ့ဖက်ရင်း ကျွန်တော့်မျက်နှာနှင့် သူ့မျက်နှာကို ကပ်ထားလျက် အန်တီတင့်တင့်က အဘွားကြီးကို မော်ကြည့်နေသည်။ ကျွန်တော်ကလည်း အန်တီတင့်တင့်ကို ပြန်ဖက်ရင်းက အဘွားကြီးကို အန်တီတင့်တင့်နည်းတူ ပြန်မော့ကြည့်နေမိ၏။

ကြမ်းပြင်သို့ ကျွန်တော်က ထိုင်ကျသွားစဉ် ကျွန်တော့်လွယ်အိတ်သည်လည်း ပခုံးမှ ပြုတ်ကျသွားသည်။ ကျွန်တော်ပိုက်ထားသော ကတ္တီပါပိတ်နှင့် လိပ်ထားသော အလိပ်လည်း ကြမ်းပြင်သို့လွတ်ကျခဲ့သည်။

အဘွားကြီးက ကျွန်တော်တို့ဆီမှ မျက်စိလွှဲပြီး ကျွန်တော့်ပစ္စည်းလေးတွေဆီ ကြည့်သည်။

ခဏတွင် အဘွားကြီးလည်း ကြမ်းပြင်သို့ ဒူးထောက်ထိုင်ချလိုက်၏။

သူက ချည်ထားသော ကြိုးစတို့ကို ကျင်လည်သွက်လက်စွာနှင့် ဖြေ၍ ကတ္တီပါစကို ခွာသည်။

အတွင်းမှ ရွှေဝါရောင်ရင့်ရင့် ပတ္တလားဆံများ ပေါ်လာသည်။

အဘွားကြီးက သွက်လက်စွာဖြင့် ဘယ်ဘက်ဆုံးမှ ပတ္တလားဆံပြားကြီး၏ ကျောဘက်အသားကိုကြည့်သည်။

သုံ...။

အနီရောင်ဖြင့် ရေးထားသည့် တစ်လုံးတည်းသော စာလုံးက ပေါ်လာသည်။

ကြမ်းပြင်၌ထိုင်ရင်း အဘွားကြီးက မတုန်မလှုပ်ရှိနေသည်။

ခဏအကြာတွင်ကား အဘွားကြီးထံမှ ဘာသံမျှ မထွက်လာသော်လည်း သူ့ကိုယ်က လှုပ်နေသည်။

ကျွန်တော်က ကိုယ့်အဖြစ် ကိုယ်မေ့ပြီး အဘွားကြီးကို ကြည့်နေမိသည်။

နှင်းမြစန္ဒာကလည်း ကျွန်တော့်အနီး၌ ဝင်ထိုင်လိုက်ပြီး ကျွန်တော့်လက်ကို သူ့လက်လေးနှင့်ကိုင်၍ တိုးတိုးပြော၏။

"ဘွားဘွားကြီး ငိုနေတယ်"

နှင်းမြစန္ဒာ၊ ကျွန်တော်နှင့် အန်တီတင့်တင့်တို့သည် တစ်ဦး လက်တွေ

www.burmeseclassic.com

www.burmeseclassic.com


တစ်ဦးဆုပ်ကိုင်ရင်းက ဘွားဘွားကြီးကို ကြောင်ကြည့်နေမိကြသည်။

ဘွားဘွားကြီး အသံက ထွက်လာသည်။

"သမီးမိုက်ရယ်၊ အပြီးသတ်ကျတော့ ညည်းက ဒီပစ္စည်း ငါ့ဆီပြန်ပို့တယ်ပေါ့"

ဘွားဘွားကြီးက ကိုယ့်ဘာသာကိုယ် တစ်ဦးတည်းစကားပြောနေ၏။

"ညည်း သစ္စာကြီးတယ်၊ အိမ်က ဘာပစ္စည်းမှ အဖိုးတန် ယူမသွားဘူး၊ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဆင်းသွားတယ်၊ ဒီပစ္စည်းကိုပဲ ညည်း ယူသွားတယ်၊ ညည်း စိတ်ကူးယဉ်တယ်။"

ဘွားဘွားကြီးအသံ၌ ဆို့နင့်နာကျင်မှု ပေါ်လွင်နေ၏။

"ညည်းက ခုလည်း စိတ်ကူးယဉ်ယဉ်နဲ့ လုပ်လိုက်ပြန်ပြီပေါ့၊ ညည်းတော့ ပြန်မလာဘူး မာနခဲမရယ်၊ ဒီပစ္စည်းတော့ ပြန်ပို့လိုက်တယ်၊ ပြီးတော့ ညည်းသား၊ ငါ့မြေးလေးကိုလည်း ငါ့ဆီလွှတ်လိုက်တယ်ပေါ့၊ ညည်း ညည်း တတ်နိုင်တယ်"

ဘွားဘွားကြီးက ကျွန်တော့်ဘက်သို့ လှည့်လိုက်သည်။

"မင်းက ငါ့မြေးဆိုတော့ ဒါကို တီးတတ်သလား"

ကျွန်တော် ခေါင်းညိတ်ပြမိ၏။

"တင့်တင့် လိုက်ခဲ့စမ်း"

ဘွားဘွားကြီးက အန်တီတင့်တင့်ကိုခေါ်ပြီး အိမ်တွင်းသို့ ဝင်သွား၏။

နှင်းမြစန္ဒာက ကျွန်တော့်ကို တိုးတိုးလေးပြော၏။

"နိုင် အားမငယ်နဲ့နော်၊ သူက ခုနင်က နိုင့်ကို ငါ့မြေးလို့ ခေါ်သွားပြီ"

ကျွန်တော်က ခေါင်းညိတ်ပြမိသည်။ ဘာကြောင့်မသိ။ ယခု ကျွန်တော့်ရင်က တည်ငြိမ်နေသည်။

ဘွားဘွားကြီးနှင့် အန်တီတင့်တင့်တို့က ခံ့ညားလှပသည့် ကျွန်းသားပတ္တလားအိမ်ကြီးတစ်ခုကို မ၍ ယူလာကြသည်။

ပတ္တလားဆံများကို ပတ္တလားအိမ်၌ ဘွားဘွားကြီးပင် ကျင်လည်စွာ တပ်ဆင်ခင်းသည်။

အားလုံးပြီးမှ လက်ခတ်လေးနှစ်ခုကို ကျွန်တော့်အား ပေးသည်။

ပတ္တလားနောက်၌ ကျွန်တော်က ကျကျနန တင်ပျဉ်ခွေထိုင်သည်။

လက်နွေးအောင် ခေတ္တအသံစမ်းပြီးမှ ကျွန်တော်က မေးသည်။

"ကျွန်တော် ဘာတီးရမလဲဘွားဘွား"

www.burmeseclassic.com

www.burmeseclassic.com


"ကြိုက်တာတီးပါ"

"ကျွန်တော် မေမေအကြိုက်ဆုံး သီချင်းကို တီးပြမယ်နော်၊ ဟေမာဝေဆာ ဆိုတဲ့ ပတ်ပျိုးကလေး၊ မင်းကြီးကတော်ခင်းဆုံ ရေးတာတဲ့၊ တောင်ကြီးမြို့ကို လွမ်းတိုင်း မေမေဆိုတီးပြတယ်။

ကျွန်တော်က ပတ်ပျိုးခံကို စတီးသည်။ စည်းနှင့်ဝါးကိုကိုင်လျက် ဘွားဘွားကြီးက ကျွန်တော့်အနီးတွင် ထိုင်နေသည်။

"ဟေမာ ဝေဆာ ဘွေချာစုံမြိုင်၊ တောတောင်ဂနိုင် အိုင်ထုံးအင်၊ ကျောက်စက်ကယ် ရေတံခွန်က၊ လျှောသွယ်ကျဆင်း"

စည်းနှင့်ဝါးကိုင်ပြီး ဘွားဘွားကြီးကဟုတ်တိပတ်တိကြီး လိုက်ဆိုနေသည်။

ဘွားဘွားကြီး၏အသံမှာ မကြည်မလင်တော့ပါ။ သို့ရာတွင် စည်းဝါး နိုင်ပြီး အဆိုပိုင်သောကြောင့် နားထောင်ကောင်းသည်။ ဘွားဘွားကြီး ဆိုနေ ဟန်မှာကလည်း ခံစားချက်အပြည့်ရှိနေသည်။

ကျွန်တော်က အားလုံးကို မေ့သွားသည်။ စိုးရိမ်ရသော အချိန်များ။ ပူဆွေးရသော အခါများ။ ပင်ပန်းရသော အခါများ နေရစ်ပြီ။

"ဖန်ခါ သံသာညှင်း၊ ချစ်တင်းခေါ်တ ငှက်မောင်နှံ၊ သွင် လေချို နေညိုချမ်း၊ သိုက်နန်းပေါ်မြင့်၊ ရွှေပြည်တော်ပြန်၊ လွမ်းစေဖို့ဖန်"

ရွှေပြည်တော်ပြန်။ သြော်...ယခု ကျွန်တော့်ကိုယ်ကိုလည်း ရွှေပြည် တော်ပြန်ဟု ခေါ်နိုင်ပြီလော။ ဟောသည် ဘွားဘွားကြီးတို့ အိမ်သည်လည်း ကျွန်တော်၏သိုက်နန်း ပေါ် မြင့်ဖြစ်ခဲ့လေပြီလော။

ကျွန်တော့်ရှေ့မှ ချောမောသော တင့်တင့်ဆိုသည့် ကျွန်တော့်အဒေါ်။ လှပသော ပြာလတ်မလေး နှင်းမြစန္ဒာတို့ကို ကြည့်ရင်း ကျွန်တော်အနှစ်သက်ဆုံး အပိုဒ်ကို ကျွန်တော်က ကြည်နူးသာယာစွာ တီးသည်။

"သစ်ဆန်းနွေဂိမှာန်မို့၊ သဇင်ကျန် ပင်ယံမြင့်မှာ၊ ဆင်တော်ရန် လင့် ညောင်း၊ ထုံကြိုင်စုံမြိုင်၊ ခွေယိုင်လျောင်း၊ နွဲ့နွဲ့နောင်းနောင်း၊ ပျောင်းပျောင်း ခွေယိုင်၊ ဖူးတံသွယ်လို့၊ နွယ်ယှက်ဆိုင်၊ ဂနိုင်တောလုံးလန်း၊ တောင်စဉ်နယ် ဝန်းယှက်တန်း"

သဖြန်နှင့် သီချင်းကို အဆုံးသတ်ပြီး ကျွန်တော်က လက်ခတ်လေးကို ချထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


လူကြီးနှစ်ဦးက ငြိမ်နေကြသော်လည်း နှင်းမြစန္ဒာက လက်ခုပ်လေးတီးပြီး ဩဘာပေး၏။

ကျွန်တော့်လက်တစ်ဖက်ကို ဘွားဘွားကြီး၏ လက်တစ်ဖက်က ဆုပ်ကိုင်လာသည်။

"ဘွားဘွားကြီး သီချင်းမဆိုတာကြာပြီ၊ အင်း...သမီးသွားကတည်းက ဆယ့်လေးနှစ်ကျော်ပြီထင်ရဲ့၊ ခုတော့ ဖွားဖွားပြန်ဆိုမိပြီ၊ ငါ့မြေးရယ်၊ လူကလေးရယ်"

ဘွားဘွားကြီး၏မျက်နှာကို ရုတ်တရက် ကျွန်တော်ကြည့်မိသည်။

ရုတ်တရက်ပင် ကျွန်တော့်မျက်လုံးမှ မျက်ရည်တစ်ပေါက် ခုန်ထွက်ကျလာ၏။

သည် မျက်ရည်ပေါက်၏အဓိပ္ပာယ်ကို ကျွန်တော်မသိပါ။

ကျွန်တော့်နားတွင်တော့ စကားတစ်လုံးက ပဲ့တင်ရိုက်နေ၏။

လူကလေး။

ဩော်... ဟုတ်သည်။ ဟုတ်တော့ပြီ။

ကျွန်တော်က သစ်ရွက်မဟုတ်။ လေတိုက်ရာ လွင့်ရမည့်သစ်ရွက်မဟုတ်။ မဟုတ်တော့။

ကျွန်တော်ကား...

လူကလေး။

*

## အခန်း (၆)

ဘွားဘွားကြီးတို့ အိမ်လေးက အရှေ့ဘက်သို့ မျက်နှာပြုထားသည်။ အိမ်အပေါ်ထပ် ဝရန်တာမှ ထွက်ကြည့်လျှင် လက်ယာဘက် စောင်းစောင်း တောင်တန်းမြင့် ကြီး၏ထိပ်ချွန်းချွန်းကြီးကို တွေ့ရသည်။

အိမ်လေးက သုံးပင်နှစ်ခန်း အိမ်မျိုးလေးဖြစ်သည်။ အပေါ်ထပ်ရော အောက်ထပ်ပါ အနံပေနှစ်ဆယ်၊ အလျားပေလေးဆယ်သာရှိသည်။ အမြင့်ကား အောက်အရပ် နှစ်ထပ် အိမ်များလောက်မမြင့်။ နည်းနည်းပိုပုသည် ထင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com


အောက်ထပ်မှကြည့်လျှင် အပေါ်ထပ် ကြမ်းခင်းက ခေါင်းထက် ဘာမျှမမြင့်။ အပေါ်ထပ်ကျတော့လည်း မျက်နှာကြက်က လူကြီးတစ်ယောက်ရပ်လျက် လက်ဆန့်လိုက်လျှင် တစ်ပေသာသာသာ လွတ်တော့မည် ထင်သည်။

အိမ်သာ၊ မီးဖိုချောင်၊ ထမင်းစားခန်းနှင့် ဧည့်ခန်းတို့က အောက်ထပ်တွင် ရှိသည်။ အိပ်ခန်းသုံးခန်းက အပေါ်ထပ်မှာ။

အိမ်ခေါင်းရင်းပိုင်းမှာက ဘိုးဘိုးကြီးအိပ်ခန်းနှင့် ဘွားဘွားကြီး အိပ်ခန်း ရှိသည်။ ခြေရင်းပိုင်းမှာက အန်တီတင့်တင့်၏အိပ်ခန်း။ ကျွန်တော့်အတွက်က အိပ်ခန်းသီးသန့်မရှိ။

အပေါ်ထပ် အိမ်ရှေ့ပိုင်းတွင်က ကြမ်းပြင် နေရာလွတ်များစွာ ရှိသေး သည်။

အန်တီတင့်တင့်နှင့် ကျွန်တော်တို့က ဗီရိုဟောင်းကြီးတစ်လုံးကို မနိုင့်မနင်း ရွှေ့ကြသည်။ အန်တီတင့်တင့်၏ အခန်းနံရံတစ်ဖက်နှင့် ဆက်လိုက်သောအခါ ကျွန်တော်အိပ်လျှင် ခေါင်းရင်းဘက်ဖြစ်မည့်ဘက်၌ အကာဖြစ်လာ၏။

"ဗီရိုထိပ်ကနေ ဒီဘက်နံရံဆီ ကြိုးသွယ်မယ်၊ နက်ဖြန်ကျမှ ပိတ်စတွေ ရှာပြီး အန်တီခန်းဆီးအကာလေး ချုပ်ပေးမယ်၊ နိုင့်အတွက် အိပ်ခန်းလေး ဖြစ်သွား တာပေါ့"

"အို...အိပ်ခန်းမရှိပေမဲ့ ကျွန်တော် အိပ်တတ်ပါတယ်"

"ဟုတ်ဘူးလေ၊ ကိုယ့်အခန်းလေးဖြစ်မှ သပ်သပ်ရပ်ရပ်ရှိမယ်၊ ဘွားဘွား ကြီးက သပ်သပ်ရပ်ရပ်ရှိမှ ကြိုက်တာ၊ ဘိုးဘိုးကြီးကိုတောင် ရှုပ်ရှုပ်ပွပွလုပ်လို့ ခဏခဏဆူတယ်"

"ဘိုးဘိုးကြီးက ဘာတွေ ရှုပ်ရှုပ်ပွပွလုပ်လဲ"

"သူ့ ကစားစရာတွေ"

"ဗျာ၊ ဘိုးဘိုးကြီးက ကစားစရာတွေရှိတယ်"

"ရှိတယ်၊ ကစားစရာ စာအုပ်တွေကော၊ အဲဒါတွေကို ဟိုချဒီချ လုပ်ထား ရင် ဘွားဘွားကြီးက ဆူပါလေရော"

"အန်တီ"

"ရှင်..."

"ဘိုးဘိုးကြီးက ဘာကစားလဲ"

"ပြန်လာရင် နိုင် တွေ့ရလိမ့်မယ်၊ အခုလည်း သူသွားကစားနေတာ၊

www.burmeseclassic.com

www.burmeseclassic.com


သြော်… နိုင်၊ ဘိုးဘိုးကြီးရဲ့ ကစားစရာတွေကို သွားမဆော့နဲ့နော်၊ ကိုင်တောင် ကိုင် မကြည့်နဲ့၊ မဟုတ်ရင် သူ နိုင်နဲ့ ရန်ဖြစ်လိမ့်မယ်”

ကျွန်တော့်စိတ်တွင်း၌ ဘိုးဘိုးကြီးဆိုတာကို ကြောက်ချင်သကဲ့သို့ ဖြစ်သွား သည်။

“ဘိုးဘိုးကြီးက ဟိုဒင်း…ဆိုး…ဆိုးသလား အန်တီ”

“ဆိုးတော့ မဆိုးပါဘူး၊ သူ သဘောကောင်းရင် သိပ်ကောင်းတယ်၊ အော်ပြီဆိုရင်တော့ သူ သိပ်အသံကျယ်တယ်၊ သူ တကယ်ပြန်အော်ရင် ဘွားဘွား ကြီး ပြိုင်မအော်နိုင်ဘူး၊ ဒါပေမဲ့ ဘိုးဘိုးကြီးက တစ်ခါနှစ်ခါပဲ အော်နိုင်တာ၊ ဘွားဘွားကြီးက ဗျစ်တောက် ဗျစ်တောက် အရှည်ကြီး လုပ်နိုင်တယ်၊ ခဏခဏ လည်း လုပ်နိုင်တယ်၊ အဲဒါကျတော့ ဘိုးဘိုးကြီး ဘယ်နိုင်မှာလဲ”

ကျွန်တော်က ခေတ္တငိုင်စဉ်းစားသည်။

“အန်တီ”

“ရှင်…”

“ဖေဖေကလေ မေမေ့ကို မအော်ဘူး၊ မေမေကလည်းလေ ဖေဖေ့ကို ဗျစ်တောက်ဗျစ်တောက် မလုပ်ဘူး”

အန်တီ တင့်တင့်က ကျွန်တော့်ကို တစ်ချက်စိုက်ကြည့်၏။

“အန်တီ ယုံပါတယ်၊ သူတို့ သိပ်…သိပ်ချစ်ကြတယ်”

အန်တီ တင့်တင့်က စကားကို မဆက်ချင်ဟန်ဖြင့် ခေတ္တဆိုင်းနေပြီးမှ “ကဲလာ…ခုတင်သွားသယ်ကြမယ်”ဟုဆိုသည်။

ဖြုတ်ထားသော တစ်ယောက်အိပ် ခုတင် အစိတ်အပိုင်းများကို ကျွန်တော်တို့ တူဝရီး သယ်ယူတပ်ဆင်ကြသည်။ ခုတင်ဆင်အပြီး၌ အန်တီ တင့်တင့်က ပြောသည်။

“အဲဒါ ညီ…ညီမလေး အိပ်ခဲ့တဲ့ ခုတင်”

“မေမေ့ ခုတင်”

အန်တီတင့်တင့်က ကျွန်တော့်ကို ကြည့်သည်။

ကျွန်တော်ကလည်း ငိုင်ငိုင်လေး စဉ်းစားသည်။

ဤအိမ်က မေမေ့မိဘများအိမ်။ သည်အိမ်မှာက မေမေနှင့် ပတ်သက်ဖူး ခဲ့သော ပစ္စည်းများ ကျန်နေဟန်ရှိသည်။ ယခု မေမေ့ခုတင်။ နောက်…ဘာတွေ ရှိဦးမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



အန်တီတင့်တင့်၏ လက်များက ကျွန်တော့်ပခုံးကို ဆုပ်ကိုင်လာသည်။

"အန်တီက မဆင်မခြင်ပြောမိတယ်၊ မေမေ့ကို သတိရပြီး နိုင် စိတ်ဆင်းရဲသွားသလား"

ကျွန်တော်က အန်တီတင့်တင့်၏ စီးမိုးနေသော မျက်နှာကို စိုက်ကြည့်မိသည်။

ကြည့်လေ အန်တီတင့်တင့်က မေမေနှင့်တူလေ။ မျက်တောင်ကော့ဝန်းသည့် မျက်သားပြာသော မျက်လုံးများတွင်လည်း မေမေ့၏ ကြင်နာမှုမျိုး ကျွန်တော်တွေ့ရသည် ထင်၏။

"မေမေ့ကို သတိရပါတယ်၊ ဒါပေမဲ့ အန်တီ"

"ဘာလဲနိုင်"

"အန်တီကလေ...မေမေနဲ့ သိပ်တူတာပဲ၊ ပြီးတော့လဲ"

"ပြီးတော့လဲ ဘာဖြစ်သလဲ"

"အန်တီ့ကိုလေ နိုင် ချစ်တယ်"

အန်တီတင့်တင့်က ကြမ်းပြင်တွင် ဒူးထောက်ထိုင်ချလိုက်ပြီး ကျွန်တော့်ကိုယ်ကို သူ့လက်များနှင့်ပတ်၍ ပွေ့ဖက်သည်။

"နိုင့်ကိုလည်း အန်တီချစ်ပါတယ်။ မြင်မြင်ချင်း ချစ်ပါတယ် သားလေးရယ်"

ကျွန်တော်ကလည်း အန်တီတင့်တင့်ကို တင်းကျပ်အောင် ပြန်ဖက်ထားမိသည်။

အို...စိတ်ချမ်းသာဘိသည်။ သည်လို စိတ်ချမ်းသာမှုမျိုး တစ်သက်ပြန်ရတော့မည်ဟု ကျွန်တော်မထင်ခဲ့။ မထင်ခဲ့။

"ကဲ...နိုင်၊ ကျန်တာ အန်တီ ဆက်လုပ်ထားလိုက်မယ်၊ နိုင်ရေသွားချိုးတော့၊ နွေဖြစ်ပေမဲ့ တောင်ကြီးမှာက နေမဝင်ခင်ရေချိုးမှ ကောင်းတာ၊ ခု နေဝင်ခါနီးပြီ၊ သွား မြန်မြန်ချိုး"

ရေချိုးရန် အောက်ထပ်သို့ ကျွန်တော် ဆင်းလာခဲ့သည်။

မီးဖိုချောင်တွင်းမှ ဘွားဘွားကြီး ထွက်လာသည်။

"ရေချိုးမလို့လား"

"ဟုတ်ကဲ့ ဘွားဘွား"

"နောက်နေ့ဆိုရင် ဒီထက် စောစောချိုး၊ အအေးမိမယ်၊ ရေကိုလဲ

www.burmeseclassic.com

www.burmeseclassic.com


ဖိမ်ဆွဲမချိုးနဲ့"

"ဟုတ်ကဲ့"

"ဝုန်းဝုန်းနဲ့လဲ မလောင်းရဘူး၊ ချေးစင်အောင် တွန်းရမယ်၊ လာစမ်း ဒီနား"

ကျွန်တော်က ဘွားဘွားကြီး အနီးကပ်သွားသည်။

ဘွားဘွားကြီးက ကျွန်တော့် နားရွက်များနောက်ကို စစ်ဆေးသည်။

"ခြေထောက်တွေ ပြစမ်း"

ကျွန်တော်က ခြေတစ်ချောင်းစီ ရှေ့ထုတ်ပြီး ပြရ၏။

ဘွားဘွားကြီး၏ မျက်နှာတွင် ကျေနပ်ရိပ် ပေါ်လာ၏။

"နားရွက်နောက်မှာ ချေးမရှိရဘူး၊ ခြေဖနောင့်ခွက် ခြေခုံတွေမှာလည်း ချေးမရှိရဘူး၊ လက်သည်းခြေသည်းတွေလည်း ညစ်ပတ်မနေရဘူး၊ ကြားလား"

"ဟုတ်ကဲ့ ဘွားဘွား"

"ရေချိုးရင်းချေးတွန်းရင် ခွက်ကို ကြမ်းပြင်ပေါ်မှာ မချရဘူး၊ ချေးတွန်းထားတဲ့ လက်နဲ့လည်း ရေခွက်ကို ပြန်မကိုင်ရဘူး"

"မေမေကလည်း အဲဒီလိုမလုပ်ရဘူး၊ ဒါပေမဲ့ ဘွားဘွားခုပြောတာ ကျွန်တော် ထပ်မှတ်ထားပါမယ်"

ရေချိုးခန်းတွင်း၌ ကျွန်တော်ရေချိုးသည်။ ဘွားဘွားကြီး ညွှန်ကြားချက်အတိုင်း ချိုးသည်။

ရေကအေးလှသည်။ နွေဖြစ်လျက်က ကျွန်တော် ဆတ်ဆတ်တုန်ချင်သည်။ သို့ရာတွင် နှစ်ရက် ရေမချိုးခဲ့ရသောကြောင့် အေးစိမ့်နေသည့်ကြားက ရေချိုး၍ ကောင်းသည်။

ရေချိုးခန်းတွင်းမှာပင် ကိုယ်ကို ရေစင်အောင် သုတ်ပြီး ပြန်ထွက်လာသောအခါ၌ ကျွန်တော့်ကိုယ်မှ နွမ်းနယ်မှုတွေ ပျောက်ပြီး လူမှာ လန်းဆန်းလာ၏။

ကျွန်တော် အဝတ်အစားလဲပြီးသောအချိန်၌ ကျွန်တော် အိပ်ရာခုတင်လေးကို အန်တီတင့်တင့်ခင်းကျင်း၍ ပြီးနေပြီ။

ခေါင်းအုံးစွပ်ဖြူဖြူ၊ အိပ်ရာခင်းဖြူဖြူ၊ ဇာခြင်ထောင်ဖြူလေးတွေနှင့် အိပ်ရာလေးက သပ်ရပ်သန့်ရှင်းသည်။ စောင်ဝါဝါလေးတစ်ခုကလည်း အိပ်ရာခြေရင်းပိုင်း၌ ခေါက်လျက် သပ်သပ်ရပ်ရပ်ပင် ရှိနေသည်။

"နိုင် မနက်ထပြီးရင်လေ၊ အိပ်ရာလေးက ခုလိုပဲ သပ်သပ်ရပ်ရပ်လေး

www.burmeseclassic.com

www.burmeseclassic.com



ရှိရမယ်နော်၊ ဘွားဘွားကြီးက ဒီလိုမှကြိုက်တာ၊ ဪ...ဟောဒီစားပွဲက အန်တီရော နိုင်ရော သုံးမယ်၊ သူ့ကိုလဲ သပ်သပ်ရပ်ရပ် ထားရတယ်"

အန်တီတင့်တင့်ကို ဆင်ခြေမပေးဘဲ ကျွန်တော်ခေါင်းညိတ်ပြသည်။ အမှန်က ကျွန်တော့်မေမေလည်း စည်းကမ်းကြီးသည်။ ဘာမဆို သပ်သပ်ရပ်ရပ် ရှိမှ။

သုံးပေ။ နှစ်ပေခန့်ရှိသော စားပွဲလေးက အိမ်ခြေရင်းပိုင်း နံရံပြတင်းနားတွင် ကပ်လျက်ရှိသည်။

ခေါင်းရင်းပိုင်းမှ စားပွဲကြီးတစ်လုံးကို ညွှန်ပြပြီး တင့်တင့်က ပြော၏။

"အဲဒီစားပွဲကြီးက ဘိုးဘိုးကြီးစားပွဲ၊ သူ့ပေါ်က ဟာတွေတော့ သွားမကိုင်နဲ့နော်၊ ဘိုးဘိုးကြီးက နေရင်းထိုင်ရင်း ပစ္စည်းပျောက်နေတတ်တာ"

"စိတ်ချပါအန်တီ"

"ကဲ...လာ၊ နေလဲဝင်ပြီ၊ ဘိုးဘိုးကြီးလည်း ပြန်လာခါနီးပြီ၊ နိုင် ထမင်းဆာနေပြီလား"

အမှန်က ကျွန်တော် ဆာနေပြီ။ သို့ရာတွင် ခေါင်းခါရ၏။

"ဘိုးဘိုးကြီး ပြန်ရောက်လို့ ရေချိုးပြီးရင် ထမင်းစားကြမယ်၊ ခုတို့ အောက်ဆင်းမယ်"

ကျွန်တော်တို့ အောက်ရောက်၍ မကြာမီမှာပင် ခြံဝအပြင်ဘက် မာဇဒါးဖင်မလီယာကား အပြာလေးတစ်စီး ဆိုက်လာ၏။

သော့ကိုယူပြီး အန်တီတင့်တင့်က သွက်သွက်လေး ထွက်သောကြောင့် ကျွန်တော်လည်း နောက်မှလိုက်ခဲ့သည်။

နေဝင်ခဲ့ပြီဖြစ်သော်လည်း ညနေ၌ အလင်းရောင် ရှိနေသေးသည်။

"အိုကေ...သင့်ခ်စ်ဖော်သဂိမ်း၊ ဆီးယူတူမောရိုး"

"သင့်ခယူ၊ သင့်ခယူ၊ ဆီးယူတူမော်ရိုလ်၊ ကိုယ့်လူ နက်ဖန်ကျ စောစောနော်၊ ဒီနေ့ထွက်တာ နောက်ကျတယ်၊ နိုင့်(သ်)ဂရင်းန် ရောက်တော့ တွင်း ကောင်းကောင်းမမြင်ချင်တော့ဘူး"

"ကြီးပြီကိုး သူငယ်ချင်းရဲ့၊ တွင်းကောင်းကောင်း မမြင်တော့တာ ဆန်းသလား၊ အဟတ်ဟတ်...ဟဲ"

"ဟော့...တို့ မျက်လုံးကောင်းသေးတယ်၊ မှောင်လို့၊ နက်ဖြန် စောစောလာခဲ့မယ်၊ ဝမ်းနဲ့ဝင်းက စိန်ခေါ်လိုက်တယ် မဟုတ်လား၊ နက်ဖြန် ဖိုးသမ်းမ်၊

www.burmeseclassic.com

www.burmeseclassic.com


ဝမ်းအင်န် ဝင်းဗားဆက်စ် လွှမ်း အင်န်ဖေ"

"အိုကေ၊ လွှမ်းအင်န်ဖေးလ်သာ မဖြစ်တမ်း ဟုတ်လား"

"မင်း ဘိုးအေမို့လို့ လွှမ်းအင်န်ဖေးလ်ဖြစ်ရမှာလား၊ နိမိတ် မရှိ နမာမရှိ"

"အိုကေ…အိုကေ၊ သင့်ခ်စ် အဂိန်းဖော်သဂိမ်းမ်၊ သင့်ခ်စ် ဖော်သလစ်ဖ်"

ကားတွင်းမှ အဘိုးကြီးတစ်ယောက်နှင့် မြေပြင်တွင် ရောက်နေသော အဘိုးကြီးတစ်ယောက်တို့ အင်္ဂလိပ်စကားနှင့် မြန်မာစကားရောကာ ကျွန်တော်နားမလည်သောအကြောင်းတွေ ပြောနေကြသည်။

ကားတွင် ထိုင်နေသော အဘိုးကြီးကိုတော့ မသိ။ မြေပြင်မှ အဘိုးကြီးကတော့ ကလေးကြီးတစ်ယောက်နှင့် တူနေသည်။

ဝတ်ထားပုံကို ကြည့်ပါ။ ကက်ဦးထုပ်က အနီနှင့် အဖြူကျား။ စပို့ရှပ်အင်္ကျီက အနီပင်။ အပေါ်မှ ထပ်ဝတ်ထားသော ဂျာကင်အင်္ကျီအဝါနု၏အိတ်နှင့် ရင်ဘတ်ပေါ်တွင် အရုပ်ကလေးနှင့် ပန်းပွင့်လေးပါသည်။ ဘောင်းဘီရှည်က အဝါရင့်။ စူနေသော ဗိုက်လုံးလုံးကြီး၌ တစ်ပိုင်းတစ်စ မြင်နေရသော ခါးပတ်ကလည်း အနီနှင့် အဝါစင်း။

ဝဝတုတ်တုတ် ကလေးကြီးကို ဘိုလိုဝတ်ပေးထားသည်နှင့် တူနေ၏။

အဘိုးကြီး သူငယ်ချင်းနှစ်ဦး အင်္ဂလိပ်လို တစ်ဝက်၊ မြန်မာလိုတစ်ဝက် နှိပ်၍ ကြိတ်နေကြစဉ် ကားနောက်ခန်း မှန်တံခါးကိုဖွင့်လျက် အန်တီတင့်တင့်က အစိမ်းရောင် အိတ်အရှည်ကြီး တစ်ခုကို မထုတ်ယူသည်။ ထို့နောက် ဖဝါးတွင် သံစူးပါသော ဖိနပ်တစ်ရံကိုလည်း ယူလိုက်၏။

အိတ်ရှည်ကြီးကို အန်တီတင့်တင့်က ပခုံးတစ်ဖက်၌ လွယ်သည်။ ဖိနပ်နှစ်ခုကိုမူ လက်တစ်ဖက်နှင့် ဆွဲထား၏။

ကျွန်တော်က အန်တီတင့်တင့်အနီး ကပ်သွားသည်။

"အဲဒီအိတ်ကြီးပေး၊ နိုင် လွယ်မယ်"

"အို လေးတယ်၊ နိုင် ကူချင်ရင် ရော့၊ ဘိုးဘိုးကြီး ဖိနပ်ကို ယူခဲ့"

"ဖိနပ်လဲ ယူမယ်၊ အိတ်ကြီးလည်း ထမ်းမယ်"

ဘာကြောင့်မသိ။ အန်တီတင့်တင့်အိတ်ကြီး လွယ်ထားသည်ကို ကျွန်တော်မကြိုက်။ စိတ်တွင်း၌ တစ်မျိုးကြီး ဖြစ်သည်။

ကျွန်တော်က အိတ်ကြီးကို အတင်းလုယူသည်။

"နိုင်…ဖြည်းဖြည်း၊ ပြုတ်ကျသွားဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အိတ်ကြီးကို ပခုံး၌ လွယ်ထမ်းလိုက်၏။ အိတ်ကြီးက အတန်တော့ လေးချင်သား၊ သို့ရာတွင် ကျွန်တော်နိုင်သည်။

"ပေး၊ နိုင့်ကို ဖိနပ်လည်း ပေးဦး"

"ဟင့်အင်း၊ အဲတာတော့ အန်တီကိုင်ခဲ့မယ်"

"အန်တီကလဲ ပေးပါလို့ဆို"

ကျွန်တော်တို့ တူဝရီး ဤသို့ လုနေကြစဉ် ကားလေးက ထွက်သွား၏။

သူ့ သူငယ်ချင်းကြီးကို လက် ခဏပြ နှုတ်ဆက်ပြီးနောက် အဘိုးကြီးက ကျွန်တော်တို့ဘက် လှည့်သည်။

"ဟဲ့...တင့်တင့်၊ ဒီချာတိတ်က ဘယ်ကလဲ"

ကျွန်တော့်စိတ်တွင်း၌ အမှတ်မထင်သော စိုးရိမ်စိတ်လေး ပေါ်လာပြန်၏။

အန်တီတင့်တင့်က ခေတ္တလေး ဆိုင်းနေပြီးနောက် ဖြေ၏။

"သူ့နာမည် နိုင်"

"ငါ နာမည်မေးနေတာ မဟုတ်ဘူး၊ ဘယ်ကလဲလို့ မေးနေတာ"

"ဟိုဒင်း၊ အိမ်က"

"အိမ်က၊ ဘယ်အိမ်ကလဲ"

"ဒီအိမ်က"

"ဘာ...ဒီအိမ်က၊ ငါ့အိမ်က"

"ဟုတ်တယ်၊ ဖေဖေ့အိမ်က၊ သူက ဖေဖေ့မြေး"

"ဟေ ငါ့မြေး"

အဘိုးကြီးက မျက်လုံးကြီးပြူးပြီး ကျွန်တော့်ကိုတစ်လှည့်၊ အန်တီတင့်တင့်ကိုတစ်လှည့် ကြည့်နေ၏။

"နေပါဦး၊ သူက ငါ့မြေးဖြစ်ရအောင် နင်က ဘယ်တုန်းက လင်ယူလိုက်လို့တုန်း"

မနေချင်တော့သောကြောင့် ကျွန်တော်က နေရာမှ ခွာကာ အိမ်ဆီသို့ အမြန်လျှောက်ခဲ့၏။ အိတ်တွင်းမှ တုတ်သံများ ခုန်ဆွ ခလောက်ဆံသံ ကြားရ၏။

"ဟ...ဟ အမယ်လေး၊ ဟေး...ဟေး ငါ့မြေး အကောင်"

အိမ်ပေါက်ဝမှ ကျွန်တော် လှည့်ကြည့်လိုက်သောအခါ လိမ့်လိမ့်ကွကွနှင့် အဘိုးကြီးက နောက်မှ ပြေးလိုက်လာ၏။

"အမာလေးလေး၊ ဂေါက်အိတ်ထမ်းပြီး မပြေးရဘူးကွ၊ ငါ့တုတ်တွေ

www.burmeseclassic.com

www.burmeseclassic.com


ပွန်းကုန်မှဖြင့်၊ အံမလေးလေး၊ ငါ့မြေးဆိုတဲ့ အကောင်ရယ်”

အဘိုးကြီးက အိတ်တွင်းမှ တုတ်တံတွေကို ချော်လဲသော ကလေးဘာဖြစ်သွားသနည်းဟု ရှုကြည့်သည့်ဟန် တယုတယ ကြည့်ရှုစစ်ဆေးနေသည်။

အန်တီတင့်တင့်က မီလိုက်လာပြီး “လာ…နိုင်၊ ဒီကိုယူလာ”ဟု ရှေ့ဆောင်ခေါ်ငင်သည်။

စိုးရိမ်သွားသော ကျွန်တော်က ခြေကိုဖွ၍ ရွရွလေးနင်းပြီး ဖြည်းဖြည်းလျှောက်လိုက်၏။

ဧည့်ခန်းတစ်ထောင့်၌ စွန်လွှတ်သော ရစ်လုံးအရှည်စားကြီးနှင့်တူသည့် စားပွဲဝိုင်းဝိုင်းတစ်ခုရှိသည်။ ထိပ်ပိတ်အဝိုင်းနှင့် အောက်ခံအဝိုင်းတို့တွင် အပေါက်လေးတွေရှိသည်။

“နိုင်က အိတ်ကို ကိုင်ထားနော်၊ မလဲစေနဲ့၊ လဲရင် ဘိုးဘိုးကြီးတက်သွားဦးမယ်”

ကျွန်တော်က အိတ်ကို သတိကြီးစွာနှင့် ကိုင်ထားသည်။

အန်တီတင့်တင့်က တုတ်ချောင်းတွေကို ထုတ်ယူပြီးစားပွဲဝိုင်းမှ အပေါက်လေးတွေ တွင်းသို့ တစ်ချောင်းစီ သွင်း၏။

ကျွန်တော်က အဘိုးကြီးဆီ ကြည့်၏။ သူက ဆက်တီ ကုလားထိုင်တစ်လုံးတွင် မောမောပန်းပန်းကြီး ထိုင်၍ ကျွန်တော်တို့ တူဝရီးကို မျက်လုံးကြီးများပြူးလျက် ကြည့်နေသည်။

ဂေါက်တုတ်တံပေါင်း ဆယ့်လေးချောင်းရှိသည်။ အတိုအရှည်ကားမညီကြ။ သံပြားအရွက်ရှိသော တုတ်ပေါင်းက ဆယ့်တစ်ချောင်း။ သစ်သားဘုကြီးတွေရှိသော တုတ်ပေါင်းက သုံးချောင်း။ သစ်သားဘုကြီးတွေရှိသော တုတ်တံများက ရှည်သည်။ အစက သစ်သားဘုကြီးတွေမှန်း ကျွန်တော်မသိ။ သူတို့တွင် စွပ်ထားသော သားရေတု ခေါင်းဆောင်းအိတ်လေးတွေကို အန်တီတင့်တင့်က ချွတ်လိုက်မှ မည်းပြောင်နေသော သစ်သားဘုကြီးတွေမှန်းသိသည်။ သားရေတု ခေါင်းဆောင်း အိတ်လေးများတွင် ၁၊ ၃၊ ၄ ဟု နံပါတ်တပ်ထားသည်။

အန်တီတင့်တင့် ပြောခဲ့သော စကားကို သွားသတိရသည်။ သူ့ကစားစရာများ။ ဘိုးဘိုးကြီး၏ ကစားစရာများ။

ကျွန်တော်တို့တူဝရီးအလုပ်ပြီးချိန်၌ပင် ဘွားဘွားကြီးက ဧည့်ခန်းတွင်းဝင်လာသည်။

www.burmeseclassic.com


အဘိုးကြီးက အသံမထွက်ဘဲ လက်ယပ်ပြ၍သာ ခေါ်၏။ ဘွားဘွားကြီး က သူ့အနီးသွားရပ်၏။

"ဘာလဲ"

အဘိုးကြီးဆီမှ အသံထွက်မလာသေး။ ကျွန်တော့်ဆီကိုသာ သူ့လက်ညှိုး ဝဝတုတ်တုတ်ကြီးနှင့် ညွှန်ပြ၏။ နှစ်လုံးဖြစ်နေသော မေးစေ့ကြီးနှင့်လည်း ထိုးပြနေ၏။

"သူ့ကို မေးတာလား၊ သူ...နိုင်"

"အာ...သူ့မေကလွှား၊ နာမည် မေးတာ မဟုတ်ဘူး သူ...သူ... ဘယ်သူလဲ"

"ကျုပ်မြေး"

"မင်းမြေး၊ မြတ်စွာဘုရား၊ မင့်မြေးဆိုတော့ ငါ့မြေးလို့ဆိုလိုလိုက်တာပေါ့"

"ရှင့်မြေး မဟုတ်လို့ ကျုပ်က ဘယ်လင် ရှိသေးလို့လဲ"

"အာ အာ မမင်းသုံးရယ်၊ မင်းက ကွက်ကျော် နှိပ်တယ်ကွယ်၊ ငါ ဘာမှ မစွပ်စွဲရသေးပါကလား၊ မင်းမြေး၊ ဒီတော့ ငါ့မြေး၊ အေး အေး ထားတော့၊ ဒါပေမဲ့ မင်းနဲ့ ငါ ဘယ်အချိန်က မြေးရလိုက်တာလဲ"

"ဒီနေ့"

"ဟေ"

"ဟုတ်တယ်၊ ဒီနေ့၊ ဒီနေ့ပဲ၊ မော်လမြိုင်က သူရောက်လာတာ"

"မော်လမြိုင်က ဘယ်သူ့ဆီက"

"ဘယ်သူ့ဆီကမှ မဟုတ်ဘူး"

"မြတ်စွာဘုရား၊ ဘယ်သူ့ဆီကမှ မဟုတ်ဘူး၊ အဲဒီစကား ငါ ဘယ်လိုလုပ် နားလည်ရမလဲ"

ဘွားဘွားကြီးက ရုတ်တရက် မဖြေ။ ကျွန်တော့်ဆီကို တစ်ချက်ကြည့်၏။ ထို့နောက်မှ လေးလေးဖြေ၏။

"သမီး သင်းမြတ်မရှိတော့ဘူး"

"သင်းမြတ် သမီး"

"ဟုတ်တယ်၊ ကျုပ်သမီး"

"အား...အား...မင့် သမီး၊ ငါ့သမီး"

"ပြီးတော့ သူ့ ယောကျ်ားလည်း မရှိတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com


"အဲ...ငါ့သမက်"

"ဘာပြောတယ်"

"အယ်...ဟိုဒင်း၊ မထူးတော့ပါဘူးကွာ၊ မြေးရပြီဆိုတော့ သမီးမှာ လင်ရှိတာ ဝန်ခံရပြီပေါ့၊ သမီးယောကျ်ား၊ မြေးရဲ့ အဖေဟာ သမက်၊ တခြား ဘယ်လို မှ ခေါ်လို့မရဘူး၊ ဟုတ်ပါစ"

ဘွားဘွားကြီးက မဖြေဘဲ မတုန်မလှုပ် ရပ်နေ၏။

"အရေးကြီးတာက မင်း ကျေနပ်ဖို့ပဲ၊ မင်း ကျေနပ်နေပြီပေါ့"

"ကျုပ် အားလုံး စစ်ဆေးပြီးပြီ၊ ကျုပ် ကျေနပ်တယ်၊ ဒါဟာ ကျုပ်မြေး"

"အေး ဒီတော့ တို့လည်း ကျေနပ်ပြီ၊ သူ အဲ ငါ့မြေးဆိုတဲ့ကောင်က မင့်မြေး၊ ဒီတော့ ငါ့မြေး"

"ကျေနပ်ရင် ရေချိုးဖို့ပြင်တော့၊ ကျုပ်တို့ ထမင်းဆာလှပြီ"

"ကောင်းပါပြီ၊ ကောင်းပါပြီ"

ဘွားဘွားကြီးက မီးဖိုချောင်ဆီ ပြန်ထွက်သွား၏။

ဘိုးဘိုးကြီးက လျှာထိုးဖိနပ်ကို အိမ်ပြင်တွင် ချွတ်ထားခဲ့သော်လည်း ခြေထောက်များတွင် စစ်သုံးခြေအိတ်တွေ ရှိနေတုန်း ဖြစ်၏။

သူက ကုန်းပြီး ခြေအိတ်ချွတ်ရန် ပြင်သည်။ ကုန်းသော သူ့ခါးကို သူ့ ဗိုက်ကြီးက ခံနေသောကြောင့် သူ့ပါးစပ်မှာ တအင်းအင်း တအဲအဲ အသံထွက် နေသည်။

ကျွန်တော်က ဘိုးဘိုးကြီးအနီး ဒူးထောက် ထိုင်ချပြီး ခြေအိတ်တစ်ဖက် ကို ဆွဲချွတ်ပေး၏။

"အဲ..."

ကျွန်တော်က နောက်တစ်ဖက်ကို ဆွဲချွတ်လိုက်ပြန်၏။

"အဲ အဲ ဒီလိုတော့လဲ လွယ်လွယ်လေး"

ဘိုးဘိုးကြီးက ကုလားထိုင်နောက်မှီတွင် ကျောကပ်လျက် ခြေနှစ်ချောင်း ဆန့်ထားရင်းက ကျေနပ်ဟန်နှင့် ဆို၏။

"နိုင် အမြဲချွတ်ပေးပါမယ်၊ စွပ်လဲ စွပ်ပေးပါမယ်"

"နေဦး၊ မင်း နာမည် ဘယ်သူ"

"နိုင်"

"မောင်နိုင်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ဘူး ဘိုးဘိုး၊ နိုင် တစ်လုံးတည်း"

"ဘိုးဘိုးကြီး၏ မျက်မှောင် ကြုတ်သွား၏။

"မင်းကို ဒီနာမည် ဘယ်သူပေးလဲ"

"မေမေ"

"သင်းမြတ်က... သမီးက"

ကျွန်တော်က ခေါင်းညိတ်ပြ၏။

ဘိုးဘိုးကြီး၏ မျက်နှာကြီးမှာ နွမ်းနွမ်းကြီး ဖြစ်သွား၏။

"အဲဒီလိုဆို သမီးက၊ သမီးက ငါ့ကို... ငါ့ကို မမေ့ဘူး"

"ခင်ဗျာ"

ဘိုးဘိုးကြီး၏ မျက်လုံးများတွင် မျက်ရည်တွေ ထွက်နေသည်။

ဘိုးဘိုးကြီးက သူ့ လက်ဖျံတုတ်တုတ်ကြီးများနှင့် သူ့ မျက်လုံးများကို ပွတ်ပစ်၏။

"အဲဒါ ငါ့နာမည်ဆိုတာ မင်းသိသလား"

ကျွန်တော်က ခေါင်းခါပြ၏။

"ငါ့နာမည်လဲ အစက နိုင်၊ မင်းလို တစ်လုံးတည်းတော့ မဟုတ်ဘူး၊ ဘိုးနိုင်၊ ဘိုးနိုင်"

ကျွန်တော် ခေါင်းညိတ် ပြပြန်၏။

"မင်း ဘွားအေနဲ့ လက်ထပ်ခါနီးမှ ဗေဒင်ဆရာက ဘိုးနဲ့နိုင်၊ ကြာသပတေးနဲ့စနေ မတွဲရဘူးတဲ့၊ ဓမ္မာဆိုလား၊ မာခဆိုလား ဖြစ်နေတယ်တဲ့၊ ငါကလည်း နိုင်ဆိုတာကို သိပ်ကြိုက်တယ်၊ အဲဒီ နိုင်နဲ့ပဲ ငါ မက်ဆိုပိုတေးမီးယားက ပြန်လာတာကွ၊ မင်း မက်ဆိုပိုတေးမီးယားဆိုတာ သိသလား"

ကျွန်တော် ခေါင်းခါပြပြန်၏။

"အား...ဘယ်သိမလဲ၊ ယူဖရေးတီးစ်နဲ့ တိုက်ဂါးရစ်(စ်) မြစ်နှစ်သွယ်ကြားမှာရှိတယ်၊ ဟိုး ရှေးရှေး၊ ဟိုး အဝေးကြီးထဲက ရှိတဲ့ တိုင်းပြည်၊ အခု အီရတ်လို့ခေါ်တယ်"

ကျွန်တော် ခေါင်းညိတ်ပြရပြန်၏။

"အဲ... ငါပြောတာ ဘယ်ရောက်သွားပြီလဲ၊ နေဦး၊ အဲ ငါကလည်း နိုင်ဆိုတာ သိပ်ကြိုက်တယ်၊ သတို့သမီးလောင်းက ဗေဒင်ဆရာကို ထောက်ခံတယ်၊ သတို့သမီးလောင်းဆိုတာ ဘယ်သူလဲ၊ မင်း သိလား"

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်က မရဲတရဲနှင့် တိုးတိုးပြောရ၏။

"ဘွားဘွားကြီး"

ဘိုးဘိုးကြီးကလည်း ကျွန်တော့်နည်းတူ လေသံကို နှိမ့်တိုးတိုး ပြော၏။

"အေး ဟုတ်တယ်၊ ဘွားဘွားကြီး မမင်းသုံ၊ သူက၊ နာမည်ပြောင်းပစ်တဲ့၊ ဒါနဲ့ ငါ အတော်စဉ်းစားလိုက်ရတယ်၊ ဒါပေမဲ့ ဘာရမလဲ၊ သဲကန္တာရထဲမှာ တောင် ခြင်ထောင်ငါးဖမ်းလာတဲ့ကောင်ကွ"

ဘိုးဘိုးကြီးက သူ့လက်ညှိုးကြီး တစ်ချောင်းနှင့် သူ့ခေါင်းကို ထိုးပြနေ၏။

"ငါ စဉ်းစားတော့ အဖြေရတယ်၊ နိုင်နဲ့ အဓိပ္ပာယ်တူတူက လွှမ်း၊ နိုင်တယ်ဆိုတာက လွှမ်းပစ်လိုက်တာ၊ ယူဆီး၊ လွှမ်းတယ်ဆိုတာကလဲ နိုင်ပစ်လိုက်တာ၊ သက်စ်သပ္ပိုင့်၊ ဒါနဲ့ ငါ့နာမည်ကို ဘိုးနိုင်ကနေ ဘိုးလွှမ်းလို့ ပြင်ပစ်လိုက်တယ်၊ ယူဆီး"

ကျွန်တော်က ခေါင်းတဆတ်ဆတ် ညိတ်ပြ၏။

"နောင်း၊ အဘိုးနာမည်က လွှမ်း၊ မြေး နာမည်က နိုင်၊ လွှမ်း အင်န်နိုင်၊ နိုင်အင်န်လွှမ်း၊ အိုး ဂေါ့(ဒ်)၊ ဟောဒီဝန်းဒါးဖူးလ်"

ဘိုးဘိုးကြီးက ပြုံးပြုံးကြီးနှင့် ကျွန်တော့်ကို စိုက်ကြည့်နေ၏။ ထို့နောက် သူ့လက်တစ်ဖက်ကို ကမ်းပေးသည်။

ဘာလုပ်ရမှန်း မသိသောကြောင့် ကျွန်တော်က ကြောင်ကြည့်နေသည်။

"ဒီအိမ်မှာ ယောက်ျားနှစ်ယောက် ရှိသွားပြီကွ၊ အဘိုးနဲ့မြေး၊ လွှမ်းအင်န်နိုင်၊ နိုင်အင်န်လွှမ်း၊ ကမ်းမွန်း၊ ရှိတ်က်ဟင်းဒ်"

ကျွန်တော်က ဘိုးဘိုးကြီး၏လက်ကို မရဲတရဲ လှမ်းကိုင်ရသည်။

ဘိုးဘိုးကြီးက ကျွန်တော့်လက်ကို ပြန်ကိုင်ပြီး လက်ဆွဲနှုတ်ဆက်သကဲ့သို့ အားရပါးရ လှုပ်ယမ်းခါ၏။

အိမ်နောက်ဘက်မှ ဘွားဘွားကြီး၏ အော်သံ ထွက်လာသည်။

"ကိုဘိုးလွှမ်း၊ ရေမချိုးသေးဘူးလား၊ ရေနွေးတွေ အေးကုန်ရင် ထပ်မနွေးပေးနိုင်ဘူး"

"အေးအေး... လာပြီဟ၊ လာပြီဟ"

ဘိုးဘိုးကြီးက ကျွန်တော့်ကို မျက်စိတစ်ဖက် မှိတ်ပြပြီး နေရာမှ ကွတ ကွတနှင့် ထပြေး၏။

ယခုအချိန်အထိ ဘေးမှ ငြိမ် ရပ်ကြည့်နေသော အန်တီတင့်တင့်၏

www.burmeseclassic.com

www.burmeseclassic.com


လက်တစ်ဖက်က ကျွန်တော့်ပခုံးပေါ် ရောက်လာ၏။

"နိုင် စာမေးပွဲတစ်ခု အောင်သွားပြီ"

*

## အခန်း (၇)

ထိုညက အိမ်ပေါ်ထပ်သို့ ကျွန်တော်တစ်ယောက်တည်း စောစော တက်ခဲ့သည်။

လူကြီးတွေ အနားယူရန် မတက်မီ အမှန်က ကျွန်တော် မတက်ဝံ့ပါ။ အန်တီတင့်တင့်က သွားနားချေတော့ဟု ဆိုသဖြင့်သာ ကျွန်တော်တက်ခဲ့ဝံ့ခြင်း ဖြစ်သည်။

အမှန်လည်း ကျွန်တော်နားချင်နေသည်။

ထမင်းတစ်နပ်သာစားခဲ့ရသော ရက်များ ကုန်ဆုံး၍ သည်ညစာထမင်းကို ကျွန်တော် မြိန်ယှက်စွာစားခဲ့သည်။ စားကောင်းလွန်းသောကြောင့် ပါးစပ်ကို ရပ်ထား၍ မရ။ အစားကြီးသော ကောင်လေးတစ်ကောင် ရောက်လာပြီဟု ဘွားဘွားကြီးတို့ထင်မှာကိုလည်း စိုးတော့စိုးသည်။ ထို့ကြောင့်လည်း ဟင်းခွက်ကို တစ်ခါထက် ဆက်မနှိုက်ဘဲ ထမင်းကိုသာ ဖိစားသည်။ ကျွန်တော် ဟင်းခွက် မနှိုက်ရဲမှန်း သိသောအခါ ကျွန်တော့်ပန်းကန်တွင် ဟင်းဖတ်နှင့် ဟင်းရည် နည်းသွားတိုင်း ဘွားဘွားကြီးက ထပ်ထည့်ပေးသည်။

ထမင်းစားပြီးသောအခါ၌ ကျွန်တော့်ဗိုက်မှာ လေးပြီး မျက်လုံးများက မေးချင်လာသည်။ ခရီးပန်းထားသောကြောင့် လူကလည်း နွမ်းနေ၏။

အန်တီတင့်တင့်က နားခိုင်းသောအခါ ကျွန်တော် ဟန်မဆောင်နိုင်တော့ဘဲ အိမ်ပေါ်ထပ်သို့ တက်လာခဲ့ခြင်း ဖြစ်သည်။

အိမ်ပေါ်ထပ်မှာ မီးဖွင့်မထား၊ မီးခလုတ်ရှိရာကို သိသော်လည်း ကျွန်တော် မဖွင့်။ ဖွင့်ရန်လည်း မလို။

နွေဦး၏လရောင်က အိမ်တွင်းသို့ အေးမြစွာ ထိုးဝင်လာနေသည်။

လရောင်လျှံပက်လာနေသောကြောင့် ကျွန်တော့် ခုတင်လေးမှ ခြင်ထောင်နှင့် အိပ်ရာခင်းဖြူဖြူတို့က ဖွေးဖွေးထင်နေသည်။

အိပ်ရာသည် နားနေအိပ်စက်ရန် ကျွန်တော့်ကို ဖိတ်ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com


အိပ်ရာလေးကို ငေးကြည့်ရင်း ကြည်နူးချမ်းသာစွာ ကျွန်တော် တွေးမိသည်။

အိမ်...။ အိမ်ဆိုသည်က နေထိုင်ရန်။ နားနေရန်။ အိပ်စက်ရန်။

လူမှာက အိမ်ရှိရမည်။ အိမ်ရှိမှ လူဖြစ်မည်။ သို့မဟုတ် နေစရာ၊ နားစရာ မရှိ။ သစ်ရွက်လို။ လေတိုက်ရာ လွင့်ရသဖြင့် သစ်ရွက်လို။

မော်လမြိုင်နေစဉ်က ကျွန်တော့်သူငယ်ချင်း ခရစ်ယာန် ကျောင်းသားများ ဆိုသော ဓမ္မတေး တစ်ပိုင်းတစ်စ ကျွန်တော် သတိရသည်။

"မြေခွေးမှာ တွင်းရှိသည်"

ဟုတ်သည်။ မြေခွေးမှာပင် နေစရာတွင်းရှိသည်။ ငှက်ကလေးများမှာလည်း အသိုက်ရှိသည်။

"ကျွန်ုပ်စိတ်တွင်း၌ ကိန်းဝပ်တော်မူပါ၊ ကိုယ်တော်ဖို့ အသင့် ပြင်ဆင်ပြီး"

ခရစ်တော် သခင်၏ ဂုဏ်ကျေးဇူးကို အောက်မေ့ပြီး မိခင်တို့၏ နှလုံးသား ကို သန့်စင်အောင် ပြုထားလျက် ကိုယ်တော် စံကိန်းတော်မူပါရန် ဆုတောင်းခြင်း ဟု ကျွန်တော့် သူငယ်ချင်းများက ရှင်းပြကြသည်။

ကျွန်တော်က ဗုဒ္ဓဘာသာ ဖြစ်ပါသည်။ သို့ရာတွင် ဤခရစ်ယာန် ဓမ္မသီချင်းလေးကို ကြိုက်သည်။

ခရစ်တော် သခင်က မေတ္တာရှင်။ ကရုဏာရှင်။ ကယ်တင်ရှင်။

ဤကဲ့သို့သော အရှင်မြတ်သည် သန့်ရှင်းသော၊ ဖြူစင်သော၊ ယဉ်ကျေးသော၊ မြင့်မြတ်သော နှလုံးသားမျိုး၌ ကိန်းဝပ်လိမ့်မည်။

ကျွန်တော့်၌ အိပ်ချင်စိတ်များ ခေတ္တပျောက်သွား၏။

ကျွန်တော်က အိမ်ရှေ့ဝရန်တာသို့ ထွက်လာခဲ့သည်။

အိမ်ရှေ့ ဝရန်တာဦး၌ ဘုရားစင် ဘုရားခန်းရှိသည်။ ဘုရားကျောင်းဆောင်တွင်းမှာက လျှပ်စစ်မီးသီးလေးတစ်လုံး ပူဇော်ထားသည်။

ကျွန်တော်က ဘုရားရှိခိုးသည်။

ဘုရားရှိခိုးအဆုံး၌ ကျွန်တော် ငယ်ငယ်ကတည်းက မေမေသင်ပေးခဲ့သော ဒေါင်းမင်း ပရိတ်ခေါ် မောရသုတ်ကို ရွတ်သည်။

အနက် အဓိပ္ပာယ်ကိုလည်း ကျွန်တော် အလွတ်ရသည်။

နေထွက်ချိန်တွင် အလောင်းတော် ဒေါင်းမင်းသည် နေမင်း၏ဂုဏ်ကို အောက်မေ့ပြီး နေမင်းကြီးကို ရှိခိုးသည်။ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်

www.burmeseclassic.com

www.burmeseclassic.com


ကိုလည်း အောက်မေ့ပြီး ဘုရား၊ တရား၊ သံဃာကိုလည်း ရှိခိုးသည်။ နေဝင်ချိန်မှာလည်း သည်အတိုင်း ။

ယခုကည…။ နေဝင်ချိန်။

ဣတိ၊ ဤသို့။ သောမောရော၊ ထိုဘုရားအလောင်း ရွှေဥဒေါင်းသည် ဣမံ ပရိတ္တံ၊ ဤအပေတယံ အစခံလျက် ဗြဟ္မမန္တန်တည်းဟူသော ပရိတ်တော်အရံအတားကို။ ကတွာ၊ ပြု၍၊ ဝါသံ၊ မွေ့လျော်ကိန်းစက် အိပ်တန်းတက်ခြင်းတည်းဟူသော သစ်ခက်နန်းစံနေခြင်းကို။ ကပ္ပယိ၊ ပြုတော်မူလေပြီ”

ပရိတ်တော်အဆုံး၌ ကျွန်တော်သည် နေရာမှမထမိသေးဘဲ ငြိမ်လျက်ထိုင်နေသည်။

ကျွန်တော်က မျက်စိများကို မှိတ်ထားသည်။

မျက်စိများကို မှိတ်ထားသော်လည်း စိတ်တွင်းမှာကတော့ မြင်နေရသည်။

ဖုံလုံးကြီးတွေ တထောင်းထောင်း တလိပ်လိပ်ထနေသော နွေ၏လယ်ကွင်းများ။

အရွက်ကြွေ၍ အရိုးတွေ ကျဲနေသော နွေကာလ၏ သစ်ပင်များ။

ဖြူမှုန်သော လဟာပြင်ပြာပြာမှာ လွင့်မျောနေသော ရွက်ဝါများ။

စစ်တောင်းတံတားကြီးနှင့် ရေနည်းသော မြစ်။

ဩော်…ဘဝသံသရာ တံတားနှင့် မြင့်မားပြာမှောင်သော တောင်တန်းကြီး များ။

ရွှေလှျံ၊ ပတ္တမြားလျှံတို့ တောက်ညီးသည့် ပန်းချီမီးလျှံကြီးနှင့် တူသော တောင်ပေါ်တောများ။

နောက် ထင်းရှူးတောနှင့် လှပသော ပန်းမြို့တော်။

ကျွန်တော့်ရင်မှာ ငြိမ်းချမ်းနေသည်။ ကျွန်တော် မြင်နေသော တောတောင် ရေမြေ အရိပ်များလည်း ပျောက်သွားသည်။

လင်းလင်းလဲ့လဲ့ အရောင်လေး တစ်ခုသာ ကျွန်တော် မြင်ရသည်။

အဲသည်ဟာက ကျွန်တော့်စိတ်ဆိုတာလား။ ကျွန်တော့်အသက်ဆိုတာလား။ ကျွန်တော့်နှလုံးသား ဆိုတာလား။

ဝန်းပတ်နေသော အပေါ်လွှာက မှန်သားလေးကဲ့သို့ မာမာလဲ့လဲ့ ကြည်ကြည်လေး။

အတွင်းသားက စုစုစည်းစည်း နူးနူးညံ့ညံ့ အေးအေးငြိမ်ငြိမ်။

www.burmeseclassic.com

www.burmeseclassic.com


သြော်...အသက်ရှူနေရသည်ကပင် ငြိမ်းအေးချမ်းသာနေသည်။

ကျွန်တော်က ဖြည်းညင်းစွာနေရာမှ ထလိုက်သည်။

အမှတ်မထင် ဝရန်တာ၌ ရပ်မိ၏။

အို...။

မျက်စောင်းထိုးရှိ အိမ်ဝရန်တာမှ ဘုရားခန်းဆီမှာလည်း မီးလင်းနေသည်။

တစ်စုံတစ်ယောက်တည်း ဘုရားရှိခိုးနေသည်နှင့် တူသည်။

လရောင်၌ သာမောလှပနေသော ညကို ကျွန်တော် ငေးကြည့်နေမိစဉ် ဖြူဖြူသဏ္ဍာန်လေးတစ်ခုက ဘုရားခန်းမှ ထွက်လာပြီး ကျွန်တော့်လိုပင် ဝရန်တာမှာ လာရပ်သည်။

သူ့ကို ကျွန်တော် မှတ်မိသည်။ ဖြူစင် ကြည်လင်သော လရောင်ကြောင့် ပိုမှတ်မိသည်။

နှင်း...။ နှင်းမြစန္ဒာ...။

နှင်းမြစန္ဒာကလည်း ကျွန်တော့်ကို မြင်သွားပုံရသည်။

သူက ကျွန်တော့်ကို လက်လေးပြ နှုတ်ဆက်တော့ ကျွန်တော်လည်း ပြန်နှုတ်ဆက်သည်။

သြော်...ကျွန်တော့်မှာ သူငယ်ချင်းပင် ရှိနေပြီ။

ကျွန်တော့် သူငယ်ချင်းက မိန်းကလေး။

နှင်းမြစန္ဒာ။ နာမည်လေးက လှသည်။ နာမည်လေးလိုပင် လှသော မိန်းကလေး။

ဟောသည် ပန်းမြို့တော်က ကျွန်တော့်ဘဝသစ် ပထမဆုံး စကားပြော သော မိန်းကလေး။

နှင်းမြစန္ဒာက ဝရန်တာတွင် ခဏသာ ရပ်နေပါသည်။ ကျွန်တော့်ကို လက်လေးပြ ထပ်မံနှုတ်ဆက်ပြီး အိမ်တွင်းပြန်ဝင်သွားသည်။

ညမှာ လရောင်နှင့် အရိပ်တွေသာ ကျန်နေသည်။

ထိုစဉ် သူတို့ကို ကျွန်တော် သတိပြုမိသည်။

ပိုးစုန်းကြူးလေးများ။

လရောင်မှာတော့ သူတို့ကို မတွေ့။ အရိပ်ကျရာ တွေမှာတော့ သူတို့ ရှိနေကြသည်။

လင်းတုံ၊ မှိတ်တုံနှင့်။

www.burmeseclassic.com

www.burmeseclassic.com


မြေမှာကပ်၍ လင်းတုံ၊ မှိတ်တုံ လုပ်နေကြသော ပိုးစုန်းကြူးလေးတွေက အများစု။

တစ်ကောင်တလေက အထက်သို့ မြင့်မြင့်ပျံတက်ပြေးနေသည်။

ကျွန်တော် ကြည့်နေရာမှာ တောင်ချွန်းမြင့်မြင့်ကြီးရှိသည့် ညတွင်ဖြစ်သောကြောင့် အရိပ်မြင့်မြင့်ကြီးနှင့် တူနေသည်။

အဲသည် တောင်ချွန်းမြင့်မြင့်ကြီး အပေါ်မှာက ကောင်းကင်ပြာပြာကြီး။

တောင်ချွန်းထိပ်တည့်တည့် ကောင်းကင်ပြာတွင် ကြယ်လေး တစ်လုံးကလည်းမှိတ်တုတ်မှိတ်တုတ်နှင့် မျက်တောင် ခတ်ပြနေသည်။

ကျွန်တော်က ပိုးစုန်းကြူးလေးများကို ပြန်ကြည့်သည်။

ပိုးစုန်းကြူးလေး တစ်ကောင်က သူများထက်ထူးပြီး အမြင့်ကြီး ပျံတက်နေ၏။

သူ ဘယ်လောက် အမြင့်အထိ ပျံတက်မည်နည်း။ ပျံတက်နိုင်သနည်း။

ကျွန်တော်သာဆိုလျှင်တော့ တောင်ချွန်းကြီးထိပ်အထိ ပျံတက်မည်။

ဟင့်အင်း ...။

မှိတ်တုတ်မှိတ်တုတ်နှင့် မျက်တောင်ခတ်ပြနေသော ကြယ်လေးဆီအထိ ပျံတက်မည်။

*

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း (၂)

# ချယ်ရီပွင့်သော အိပ်မက်ည

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"နိုင်...၊ ဘယ်ဘက်လျှောက်ကြည့်ချင်သလဲ"

နှင်းမြစန္ဒာက လူကြီးလေးတစ်ယောက်ကဲ့သို့ တည်ကြည်အေးချမ်းစွာ မေးသည်။

သူနှင့် ကျွန်တော်က ဤမြို့သို့ ကျွန်တော်စတင်ရောက်သည့် ညနေ၌ တောင်ချွန်းမြင့်မြင့်ကြီးကို ကျွန်တော် မော့ကြည့် စကားပြောခဲ့သော နေရာလေးတွင် ရပ်နေကြသည်။

"နိုင် ဘယ်သိမလဲ၊ နှင်း လျှောက်ချင်တဲ့ဘက် လျှောက်လေ"

နှင်းမြစန္ဒာက တောင်ဘက်သို့ချိုးသွားသော ကတ္တရာလမ်းတစ်လျှောက်ဆီ လက်ညှိုးထိုးပြသည်။

"ဟောဒီ ထင်းရှူးတောကြီးက ဘေးမဲ့တောဝိုင်းလို့ ခေါ်တယ်၊ လမ်းဟိုဘက်က ဝင်းကြီးက အိမ်တော်ဝင်း၊ ဒီလမ်းကနေ သွားရင် တောင်ခြေက ကပ်ပြီး ဟိုပုံးသွားတဲ့ ကားလမ်းမကြီးဆီ ရောက်တယ်"

"အဲဒီဘက်မှာ ဘာတွေရှိလဲ"

"အမြဲတမ်း ကောလိပ်အဆောက်အအုံကြီး ဆောက်နေတာရှိတယ်၊ ဂေါက်ကွင်းလည်း ရှိတယ်"

"ပန်းတွေ မရှိဘူးလား"

"ဘာတွေ..."

"ဝင်းနေ၊ ထိန်နေ၊ လှနေတဲ့ ပန်းတွေ"

"အဲဒီဘက်မှာက သစ်ပင်တွေပဲရှိတာ"

ကျွန်တော်က တောင်ချွန်းကြီးကို မော့ကြည့်ပြီး လက်ညှိုးထိုးပြမိ၏။

"နိုင်က အဲဒီထိပ်ကို တက်ချင်တာ"

"အိုး ခုချိန်တက်လို့ ဘယ်ရမလဲ၊ ထိပ်မရောက်ခင် မိုးချုပ်သွားမှာ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကနေ စီးပြီးကြည့်ရရင် ပန်းတွေပွင့်နေတဲ့မြို့က လှမှာပဲ"

"နိုင်က ပန်းတွေပွင့်နေတာပဲ ကြည့်ချင်တာပေါ့"

"အင်း… ကြည့်ချင်တာပေါ့၊ တစ်မြို့လုံး ပန်းတွေပွင့်နေတာ မတွေ့ဖူးဘူး"

နှင်းမြစန္ဒာက ပြုံးသည်။

"လာ၊ ဒါဖြင့် မီးတားလမ်းက သွားကြမယ်၊ ကျောက်တစ်လုံးကျတော့ မြို့ကို ကြည့်ပေါ့"

"ဘာလမ်း"

နှင်းမြစန္ဒာက တောင်ခြေတောတွင်း ဝင်သွားသော မြေလမ်းကို ညွှန်ပြ၏။

"မီးတားလမ်း၊ တောမီးလောင်ရင် တောင်ခြေနဲ့အိမ်တွေဆီ အလွယ်တကူကူးမလာအောင် ခြားထားတဲ့လမ်း၊ အခုတော့ တချို့က တစ်မျိုး ခေါ်နေကြတယ်"

"ဘယ်လိုခေါ်လဲ"

နှင်းမြစန္ဒာ၏ မျက်နှာလေးက တစ်မျိုးတစ်မည် မချိုမချဉ်လေးဖြစ်သွား၏။

"ပြောချင်ပါဘူး၊ ကဲလာ…သွားကြမယ်"

ကျွန်တော်တို့သည် တောတွင်းဝင်၍ မီးတားလမ်းအတိုင်း လျှောက်ကြသည်။

လမ်းဘေး တစ်ဖက်တစ်ချက်မှာက သစ်ပင်များရှိသည်။ အကိုင်းအရွက်များက အုပ်မိုးနေသောကြောင့် လမ်းပေါ်ကို နေရောင်မကျ။

ကျွန်တော်က မော်လမြိုင်မှ တောင်ဝိုင်း တောင်တန်းကြီးကို သတိရသည်။ တောင်ဝိုင်း တောင်တန်းကြီးပေါ်သို့ ဝါဆိုပန်းခူး တက်ကြသည်ကို အမှတ်ရသည်။ သို့ရာတွင် တောင်ဝိုင်းတောင်တန်းကြီးက တောင်ခေါင်းတုံး ဖြစ်လုနီးပြီ။ ခေါင်းပေါ်မှာ အုပ်မိုးနေသော သစ်ပင်ကြီးတွေ ရှားပြီ။ ယခုကဲ့သို့ နွေမှာဆိုလျှင် ချုံသာသာ အပင်တို့က စိမ်းပင် မစိမ်းချင်တော့။

သည်မှာကတော့ သစ်ပင်တွေက မြင့်ပြီး နေပြောက်မထိုး။ တကယ့်တောကြီးထဲတွင် လျှောက်နေရသည်။ သို့ရာတွင် သည်တောကြီးက မြို့နှင့်မဝေး။ သစ်ပင်များ ကြားအောက်ရှိ မြို့ကြီးကို ခဏခဏ ပြန်တွေ့နေရသည်။

လမ်းမှာက လူလည်းမပြတ်။ ပြေးလွှားဆော့ကစားသွားနေကြသော ကလေးအရွယ်များကို မကြာခဏ တွေ့သည်။ ဣန္ဒြေလေးနှင့် တွဲလျှောက်နေကြ

www.burmeseclassic.com

www.burmeseclassic.com


သော လူပျို အပျိုတစ်တွဲစ နှစ်တွဲစကိုလည်း တစ်ခါတစ်ခါ တွေ့ရသည်။

ကျွန်တော် သဘောကျသည်ကား နွယ်ပင်ကြီးများ ဖြစ်သည်။ သွယ်၍ ကျနေသော နွယ်ကြီးများကိုလည်း တွေ့ရသည်။ တစ်ပင်မှ တစ်ပင်ကူးလျက် ပုခက်ကဲ့သို့ ညွှတ်ဝိုက်ကျနေသော နွယ်ကြီးများလည်းရှိသည်။

ပထမတော့ ကျွန်တော်က ဣန္ဒြေလေးနှင့် လျှောက်သည်။ ကျွန်တော့်ဘေးမှ ပြာလတ်မလေးက ဣန္ဒြေကြီးလေသကိုး။ နောက်တော့ ကျွန်တော်က နွယ်ပင်ကြီးတွေကို ကြည့်သည်၊ နောက်တစ်ဆင့်ကျတော့ ခိုစီးကြည့်သည်၊ နောက်ဆုံးကျတော့ လွှဲ၍ရသောနွယ်ကို တွေ့လျှင် လွှဲစီးသည်။

နှင်းမြစန္ဒာက လူကြီးလေးကဲ့သို့ ကျွန်တော်လုပ်သည်ကို ဘေးမှ ပြုံးပြုံးလေးသာကြည့်နေသည်။ သူကတော့ မဆော့။

သူ့ ဣန္ဒြေကြောင့် ကျွန်တော် ရှက်ချင်သကဲ့သို့ ဖြစ်သွားသည်။ ကျွန်တော့် ကို မျောက်ရှုံးအောင်ဆော့သူဟု နှင်းမြစန္ဒာ ထင်သွားမှာစိုးသည်။

ကျွန်တော်က ဆက်မဆော့တော့ဘဲ ဣန္ဒြေနှင့် ပြန်လျှောက်သည်။

တစ်နေရာရောက်သောအခါ မြေပြင်မှ နှစ်ပေ သုံးပေကွာအထိ ကျဆင်းလျက် ဒန်းပမာဖြစ်နေသော နွယ်ကြီးတစ်ခုကို လှမ်းတွေ့ရသည်။ ကျွန်တော်တို့နှင့် ရွယ်တူမရှိတရှိ ကလေးသုံးဦးက နွယ်ကြီးကို ဒန်းစီးသကဲ့သို့ စီးနေကြရာမှ ထပြီး ရှေ့ဆက်သွားကြသည်။ မျက်နှာချင်းဆိုင်မှ ဣန္ဒြေရရ လျှောက်လာကြသော အတွဲတစ်တွဲကိုလည်း တွေ့ရသည်။

နွယ်ကြီးနားရောက်သောအခါ ကျွန်တော်က အကြံပြုသည်။

"နှင်း...ဒန်းစီးမလား"

"အိုး...ဘယ်သူက လွှဲပေးမှာလဲ"

"နိုင် လွှဲပေးမှာပေါ့"

နှင်းမြစန္ဒာက တစ်ချက် တွေတွေလေးဖြစ်သွားပြီးမှ ပြုံး၍ ဆို၏။

"ကျေးဇူးတင်ပါတယ်၊ နှင်းက ဒန်းမစီးချင်ပါဘူး၊ လမ်းလျှောက်ရတာပဲ သဘောကျနေတယ်"

ကျွန်တော်တို့သည် မျက်နှာချင်းဆိုင်မှလာသော အတွဲနှင့် ရင်ဆိုင်တွေ့ဖြစ် ကြပြီး ဆက်လျှောက်သည်။

အတန်လှမ်းခဲ့ကြပြီးမှ နှင်းမြစန္ဒာက နောက်သို့လှည့်ကြည့်ပြီးပြောသည်။

"မြင်လား"

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်လည်း နောက်သို့ လှည့်ကြည့်၏။

အပျိုမလေးက ဒန်းပမာဖြစ်နေသော နွယ်ပေါ်တွင် နေသည်။ လူပျိုကောင်လေးက ဖြည်းဖြည်းလွှဲပေးနေ၏။

"အဲဒါကြောင့် နှင်းရော ဒန်းစီးမလားလို့ နိုင်က မေးတာပေါ့၊ ကဲ အခု သူတို့စီးနေပြီ"

"သူတို့က လူပျိုနဲ့ အပျို"

"လူပျိုနဲ့ အပျိုမှ ဒန်းစီးရသလား၊ ခုနင်ကကောင်လေး စီးသွားတာ မတွေ့ဘူးလား"

"နှင်းနဲ့ နိုင်က ကလေးလေးတွေလည်း မဟုတ်ဘူး၊ လူပျို အပျိုလည်း မဟုတ်ဘူး"

"အဲဒီတော့"

"အဲဒီတော့ ဆက်လျှောက်၊ လမ်းလျှောက်မှာ ဆက်လျှောက်၊ ပန်းတွေပွင့်နေတာ ကြည့်ချင်တယ်ဆို"

မီးတားလမ်းလေးက တောင်ကျော တောတွင်းမှာ ဆင်းသည့်အခါ ဆင်းသည်။ မြင့်တက်သည့်အခါ မြင့်တက်သည်။ အမြွှာခွဲပြီး တောင်ပေါ်တက်သွားသည့် လမ်းကတက်သည်။

ရုတ်တရက် လမ်းသည် တောတွင်းမှ ထွက်လိုက်သကဲ့သို့ဖြစ်ပြီး အောက်၌ မြို့ကြီးက ဘွားဘွားပေါ်လာသည်။

လမ်းဘေး၌ရှိသော ကျောက်ဆောင်မြင့်မြင့်ကြီးတစ်ခုကို နှင်းမြစန္ဒာက ပြသည်။ ကျောက်ဆောင်ကြီးထိပ်တွင် စေတီသေးသေးလေးများရှိ၏။

"အဲဒါ ကျောက်တစ်လုံး"

ကျောက်ဆောင်ကြီး၏ အခြေတောင်စောင်း အစပ်တွင် ကျွန်တော်တို့ ထိုင်ကြသည်။

တောင်ကြီးဟုခေါ်သော ပန်းမြို့တော်ကြီးက အောက်တွင် ပန်းချီကားကြီးတစ်ချပ်ပမာ လှချင်တိုင်း လှပြနေသည်။

ကျွန်တော်က နှင်းမြစန္ဒာကို စကားမပြောမိ။ မမြင်ဖူးသော ရှုခင်းကျယ်ကို နှစ်သက်အံ့သြစိတ်နှင့် ငေးကြည့်နေမိသည်။

အတန်လေးကြာမှ မေးမိသည်။

"ပွင့်နေတဲ့ ပန်းရောင်ပန်းတွေက ဘာလဲ၊ ချယ်ရီပန်းဆိုတာတွေလား"

www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ဘူး၊ ဒီအချိန် ဘယ်မှာလာ ချယ်ရီပန်း ပွင့်မလဲ၊ ချယ်ရီက ဆောင်းတွင်းမှပွင့်တာ၊ ဒါတွေက ငုစပ်တွေ၊ ပင့်ခ်ကက်ဆီယာလို့ ခေါ်တယ်"

"နိုင် တွေ့ဖူးတဲ့ ငုဆိုတာက အဝါပဲ၊ ပြီးတော့ အပင်ကနေ ပန်းဆိုင်းကျသလို တွဲလောင်းကျနေတာ"

"ဒီက ငုစပ်တွေကတော့ ပန်းရောင်တွေပဲ၊ ပန်းရောင်မှ အမျိုးမျိုး၊ ပန်းရောင်နုနုလေးတွေရှိတယ်၊ ရင့်ရင့်လေးတွေ ရှိတယ်၊ ခရမ်းရောင်နဲ့ အနီလည်း ရှိသေးတယ်၊ ဒါပေမဲ့ အများစုက ပန်းရောင်တွေပဲ၊ ဒါကြောင့် ပင့်(ခ်)ကက်ဆီယာ လို့ ခေါ်ကြတာပေါ့"

"အား ... အား၊ ပန်းရောင် ကက်ဆီယာပေါ့"

"ဟုတ်တယ်၊ ချယ်ရီကလည်း ပန်းရောင်ပဲ၊ တောင်ကြီးမှာ ချယ်ရီပွင့်တာ သိထားတဲ့ လူတွေက နွေဒီကို ရောက်လာရင် ပင့်ခ်ကက်ဆီယာတွေကို ချယ်ရီ ထင်တတ်ကြတယ်၊ ချယ်ရီကြားရင် ငိုမလား မသိဘူး"

"ဘာပြုလို့"

"ချယ်ရီက ပိုလှတာကိုး"

"ဒီ့ထက် လှတယ်"

"သိဘူးလေ လူတွေက ချယ်ရီကိုသာ စာဖွဲ့ကြတာ မဟုတ်လား၊ ဝတ္ထုတွေထဲမှာလည်း ပါတယ်၊ သီချင်းတွေလည်း ရှိတယ်"

"ပင့်(ခ်)ကက်ဆီယာတွေကလည်း လှတာပါပဲ၊ ကိုယ် ကဗျာစပ်တတ်တဲ့ အချိန်ကျမှ ပင့်(ခ)ကက်ဆီယာတွေ အကြောင်း စပ်ပြမယ်"

"ဘာဖြစ်လို့"

"လှတာကိုး၊ ပြီးတော့ ချယ်ရီကို နိုင် မတွေ့ဖူးသေးဘူး၊ ပင့်(ခ်) ကက်ဆီယာက နိုင် အရင်ဆုံး တွေ့ဖူးတဲ့ တောင်ကြီးမြို့ကပန်း၊ သိပ်လှတဲ့ပန်း၊ ဩော်...နေဦး၊ တောင်ကြီးမှာ ကိုယ် စတွေ့ရသူကလဲ နှင်း၊ နှင်းကလည်း အဲဒီတုန်းက ပန်းရောင်လေးပဲ ဝတ်ထားတယ်၊ ဟုတ်ဘူးလား"

နှင်းမြစန္ဒာက ရယ်၍ ခေါင်းညိတ်ပြ၏။

"အဲ...အဲဒီလိုဆိုရင် နိုင် ကဗျာစပ်တတ်ရင် နှင်းကိုလည်း စပ်လိုက်မယ်၊ တကယ်"

"နှင်းကို ကဗျာစပ်မယ်၊ ဘယ်လိုစပ်မလဲ"

"အဲဒါတော့ မသိဘူးလေ၊ နောက်တော့ စပ်တတ်သွားမယ် ထင်တာပဲ၊

www.burmeseclassic.com

www.burmeseclassic.com


အဲဒီတော့ စပ်မယ်”

နှင်းမြစန္ဒာက ရယ်နေပြီး နောက်ကျောဘက်မှ တောင်တန်းကြီးဆီသို့ ညွှန်ပြ၏။

“အဲဒီ ပန်းလေးတွေလည်း ကြည့်ဦး”

သတိမမူ ဂူမမြင်။ ဤစကားက အလွန်မှန်သည်။

မြို့ပေါ်၌ ပွင့်နေသော ပန်းတွေကိုသာ ကျွန်တော်စိတ်စောနေမိသောကြောင့် တောင်ပေါ်မှပန်းတွေကို သတိမပြုမိ။

ယခုမှ တောင်ပေါ်တောတွင်းမှ ပန်းတွေကို မြင်ရသည်။ သူတို့ကလည်း ပန်းနုရောင်။ အဖြူရောင်ဘက် ကဲသည့် ပန်းနုရောင်။ ပွင့်ပြနေသော အပင်လေးတွေကလည်း မကြီးလှ။ မမြင့်လှ။ သြော် အရွက်ဟူသည်ကိုလည်း မတွေ့ရ။

“ဟုတ်ပါရဲ့၊ ပန်းရောင်နုနုလေးတွေပဲ၊ သူတို့က ဘာပန်းလဲ”

“စွယ်တော်”

“ဘာ... စွယ်တော်”

“ဟုတ်တယ်၊ ဘာပြုလို့လဲ”

“အောက်အရပ်မှာလည်း စွယ်တော်ရှိတာပဲ၊ စွယ်တော်ပန်းဆိုတာက အဖြူ”

“သိဘူးလေ၊ ခေါ်ကြတာပြောတာ၊ အချို့ကလည်း ဘွဲ့ချဉ်လို့ ခေါ်တယ်တဲ့”

“ဘွဲ့ချဉ်၊ နာမည်ကြီးကလည်း မလှလိုက်တာ”

“ပြုတ်တို့စားရတယ်၊ အရွက်နုလေးတွေဆိုရင် ဟင်းချိုချက်သောက်ရတယ်”

“အခု အရွက်တွေလဲ မရှိပါလား”

“နွေမို့ အကုန်ကြွေပြီလေ”

အရွက်ကုန်စင်အောင် ကြွေပြီးသော အပင်တို့ထက် လှလှပပ ပွင့်ပြနေသော ပန်းများကို ကျွန်တော်က စိုက်ကြည့်နေမိသည်။

တစ်တောင်ကြောလုံး အနှံ့ပွင့်၍ ပြနေကြလေသည်တကား။

“ဘွဲ့ချဉ်လို့ မခေါ်ချင်ပါဘူး၊ စွယ်တော်လို့ပဲ နိုင်က ခေါ်မယ်၊ ပင့်ခ်စွယ်တော်ပေါ့၊ ဟုတ်ဘူးလား”

နှင်းမြစန္ဒာက ပြုံးပြုံးလေး ခေါင်းညိတ်ပြ၏။

www.burmeseclassic.com

www.burmeseclassic.com


"အရွက်တွေလည်း မရှိဘဲ တစ်ပင်လုံး အပွင့်တွေချည်း ပွင့်ပြနေတော့ ဘာနဲ့ တူလဲ၊ သိလား"

"နှင်းက ဘယ်လိုလုပ် သိမလဲ"

"နိုင်လည်း ဘယ်သိမလဲ၊ ခုပဲ စိတ်ထဲမှာပေါ်လာတာ"

"စိတ်ထဲမှာ ပေါ်လာတာ"

"အင်း...အဲဒါ ကဗျာဆိုတာ ဖြစ်ရမယ်"

"ကဗျာ"

"ဥပမာတွေ၊ ဘာတွေခိုင်းတာ ကဗျာပေါ့"

"ဥပမာတွေ၊ ဘာတွေ"

"အင်း နိုင် ဥပမာပြောပြမယ်"

"ဘာ ဥပမာလဲ"

"တစ်ပင်လုံး ပန်းတွေပွင့်နေတာ၊ ဘာမှမရောဘူး ခြေဆုံးခေါင်းဆုံး ပန်းရောင်ပန်းပွင့်လေးတွေ ပွင့်နေတာ"

"ခြေဆုံးခေါင်းဆုံး ပန်းရောင်ပန်းပွင့်တယ်"

"အာ...နှင်းကလဲ၊ ဥပမာပြောတာ"

နှင်းမြစန္ဒာက သဘောမပေါက်ဟန်နှင့် မျက်မှောင်လေး တွန့်ပြီး ကျွန်တော့်ကို ကြည့်နေသည်။

ကျွန်တော်လည်း ခေါင်းကုတ်မိသည်။ ရင်တွင်း၌ ပေါ်လာသောအရာကို အဓိပ္ပာယ်ပေါက်အောင် မည်သို့ပြောရပါ့။

"ဒီလိုလေ၊ သစ်ပင်မှာ အရွက်မရှိဘူး၊ သူ့တစ်ပင်လုံး အပွင့်ချည်းပဲ၊ အဲဒါကို ခြေဆုံးခေါင်းဆုံး ပန်းပွင့်နေတယ်လို့ ပြောရင် ရမလား၊ ဟိုဒင်းလေ၊ အင်္ကျီကလည်းပန်းရောင် အပွင့်လေးတွေ၊ ထဘီကလည်း ပန်းရောင် အပွင့်လေးတွေ၊ ဟိုနေ့က နှင်းဝတ်ထားသလိုပေါ့၊ ခြေဆုံး ခေါင်းဆုံး၊ တစ်ကိုယ်လုံး ပန်းရောင်"

နှင်းမြစန္ဒာက ရယ်သည်။ ရယ်စရာ မဟုတ်သည်ကို ရယ်သောကြောင့် ကျွန်တော်က မကြိုက်။

"နှင်းက ဘာလို့ရယ်တာလဲ"

"ရယ်စရာ ကောင်းတာကိုး"

"ကဗျာဆိုတာကို မရယ်ရဘူး"

www.burmeseclassic.com

www.burmeseclassic.com


"ကဗျာ"

"ခက်တော့တာပဲ၊ ကဗျာတော့ ဟုတ်ချင်မှ ဟုတ်မှာပေါ့၊ ဥပမာ လှတာ တူတာကို ပြောတာ"

နှင်းမြစန္ဒာ၏မျက်မှောင်တွန့်လေး ပျောက်သွားသည်။ အပြုံးလှလှလေးမူ ကျန်နေ၏။

"အဲဒီလို ဝတ်ထားတော့ နှင်းက လှသလား"

"လှတယ်၊ သိပ်ကို လှတယ်"

"အခု ဒီလို ဝတ်ထားတော့ကော"

သည် ညနေမှာတော့ နှင်းမြစန္ဒာက အပြာနုရောင်အင်္ကျီနှင့် ထဘီကို ဝတ်ထားသည်။ ပိတ်သားက အပြာနုနု။ အပွင့်အခက်လေးတွေက နည်းနည်းလေးသာ ပိုရင့်သည့် အပြာနုနု။

"အခုလဲ လှတာပဲ"

"ခြေဆုံး ခေါင်းဆုံး"

"အင်း ခြေဆုံးခေါင်းဆုံး"

"အဲဒါ ဘာပန်းလဲသိလား"

"ဘာပြောတာလဲ"

"ပန်းပြာပြာ၊ ခြေဆုံးခေါင်းဆုံး ပွင့်တဲ့ ပန်းပြာပြာ"

"နိုင် ဘယ်သိမလဲ"

"နှင်း ပြမယ်"

"ဘယ်မှာလဲ"

"လမ်းကျတော့ ပြမယ်လေ၊ ပြန်ကြစို့"

"ပြန်မယ်၊ အစောကြီးရှိသေးတာ"

"တစ်ပတ်ကြီး ပြန်ရမှာ ကိုယ်တော်၊ နေဝင်သွားလို့ ပန်းတွေ မမြင်ရဘဲ ဖြစ်သွားလိမ့်မယ်"

"တစ်ပတ်ကြီး၊ အဲဒါက ဘာပြောတာလဲ"

"မြို့ထဲလမ်းတွေက ပတ်ပြန်မယ်လို့ ပြောတာ"

"မီးတားလမ်းက မပြန်တော့ဘူးလား"

"ညနေစောင်းသွားပြီ၊ ပြီးတော့ မြို့ထဲကလမ်းတွေကလည်း လှပါတယ်၊ နိုင်လည်း လမ်းတွေသိသွားအောင်"

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်က အနောက်ဘက်သို့ ကြည့်သည်။

ပန်းတွေ ပွင့်နေသော မြို့အပြင်ကြီးကို ဖြတ်လျက် မြို့အနောက်ဘက်မှ တောင်တန်းနိမ့်နိမ့်ကို တွေ့ရသည်။

နေလုံးကို မတွေ့ရတော့။ သို့ရာတွင် တောင်တန်းနိမ့် အထက်ကောင်းကင်မှာက ပန်းရောင်၊ လိမ္မော်ရောင်၊ ရွှေရောင်တွေ တောက်နေသေးသည်။

ကျွန်တော်က နှင်းမြစန္ဒာကို ကြည့်သည်။

ဟိုး... ကောင်းကင်ဆီမှလာသော ရွှေရောင်၊ လိမ္မော်ရောင်တွေ လာဟပ်နေ၍လောမသိ။ နှင်းမြစန္ဒာ၏ မျက်နှာလေးသာမက တစ်ကိုယ်လုံးက လှနေသည်။

ကျွန်တော်က သဘောကျပြီး ရယ်သည်။

"နိုင် ဘာရယ်တာလဲ"

"မြို့ထဲက လမ်းတွေမှာလည်း ပန်းတွေရှိတယ်ပေါ့"

"ရှိတယ်"

"မရှိလဲ ကိစ္စမရှိပါဘူး"

"ဘာပြုလို့"

"နိုင့်နားမှာ ပန်းရှိတယ်"

"ပန်းရှိတယ်၊ နိုင့်နားမှာ"

"ဟုတ်တယ်၊ လမ်းလျှောက်တတ်တဲ့ ပန်းပွင့် ကောင်မလေး"

နှင်းမြစန္ဒာက ပြုံးရင်းက ကျွန်တော့်ကို မျက်စောင်းထိုးသည်။

"နိုင်က နှင်းကိုပဲ မြှောက်ပြောနေတာပဲ"

"မြှောက်တာ မဟုတ်ဘူး"

"နို့...ဘာလဲ"

"ဥပမာပြောတာ"

"လာပြန်ပြီ ဒီဥပမာ"

ကျောက်တစ်လုံးရှိရာမှနေ တောင်ဆင်ခြေလျှော လမ်းမှာ ကျွန်တော်တို့ အောက်ဆင်းကြသည်။

အစကတော့ လမ်းပြပြီး နှင်းမြစန္ဒာက ရှေ့ဆောင်ဆင်းသည်။ တစ်နေရာတွင် နှင်းမြစန္ဒာ ခြေချော်လဲမည် ဖြစ်ရာ ကျွန်တော်က သူ့လက်လေးကိုဆွဲပြီး ထိန်းလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com


"နှင်းဖိနပ်လေးက ခုနည်းနည်းမြင့်နေတာကိုး၊ ခြေချော်မှာပေါ့"

"အစက တောင်ပေါ် လျှောက်မယ်မှ စိတ်မကူးဘဲဟာကို နိုင်က မီးတားလမ်းမှာ လျှောက်ချင်တယ်ဆိုလို့ ဟင်း"

လမ်းက မဆိုးပါ။ သို့ရာတွင် သဘာဝ တောင်ဆင်းလမ်းလေးဖြစ်သောကြောင့် သတိထားဆင်းရသော နေရာလေးတွေရှိသည်။ ထိုနေရာလေးတွေရောက်လျှင် ကျွန်တော်က အရင်ဆင်းပြီး နှင်းမြစန္ဒာကို လက်ကမ်းပေးသည်။ ကျွန်တော်ကမ်းပေးသော လက်ကို ဆုပ်ကိုင်အားပြုပြီး နှင်းမြစန္ဒာက ဆင်း၏။

တောင်အောက်ရောက်၍ မကြာခင် နှင်းမြစန္ဒာက ပတ်ဝန်းကျင်ကို လက်ညှိုးထိုးပြပြီး ပြော၏။

"အဲဒါ ကျားတွင်း"

"ကျားတွင်း ကျားရှိလို့လား"

"ကြဲကြဲဖန်ဖန်၊ ဘယ်ရှိနိုင်ပါ့မလဲ၊ ဟိုတုန်းကတော့ ရှိမလားမသိဘူး၊ ခုက အိမ်တွေက အများကြီး၊ ဟောဟိုမှာ အဲဒါက အမှတ် (၂) ဧည့်ရိပ်သာ"

မြေမြင့်လေးကို အနည်းငယ် တက်ကြပြီးနောက် ကျွန်တော်တို့သည် ကတ္တရာလမ်းပေါ် ရောက်လာကြသည်။

"ဧည့်ရိပ်သာဆိုတာ ဘာပြောတာလဲ"

"အစိုးရ အရာရှိတွေ တည်းတာလေ၊ ဟိုနားက အိမ်တော်ကြီးကို တွေ့တယ်မဟုတ်လား"

"အိမ်တော်ဝင်းလို့ နှင်းပြောတဲ့ထဲက ဗိုလ်လို အိမ်ကြီးဟာလား"

"ဟုတ်တယ်၊ လွတ်လပ်ရေး မရခင်တုန်းက အဲဒီမှာ ရှမ်းပြည်နယ်ကို အုပ်ချုပ်တဲ့ ကော်မရှင်နာမင်းကြီးနေတယ်တဲ့၊ လူတွေက ဒါကြောင့် အိမ်တော်လို့ နှုတ်ကျိုးပြီး ခေါ်နေကြတယ်၊ အခုလည်း သူလည်းဧည့်ဂေဟာပဲ၊ ဒါပေမဲ့ နိုင်ငံခြားကလာတဲ့ ဧည့်သည်တော်ကြီးတွေ ပုဂ္ဂိုလ်တွေကိုမှ ထားတာ၊ တရုတ်သမ္မတကြီး လူလျှောချီလာတုန်းက အဲဒီမှာ တည်းသွားတာ"

"ဟာ...ဒါဖြင့် သိပ်ကောင်းမှာနော်"

"သိပ်ကောင်း ပန်းခြံတွေကလည်း သိပ်လှ"

ကျွန်တော်တို့သည် အမှတ် (၂) ဧည့်ဂေဟာရှေ့မှ ဖြတ်လျှောက်လာကြသည်။

အမှတ် (၂) ဧည့်ဂေဟာကတော့ တစ်ထပ်တိုက် ဝါဝါရှည်ရှည်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သည်။

ခြံဝင်း အစပ် တစ်လျှောက်မှ မမြင့်မနိမ့် ပင်လတ်များကို ညွှန်ပြပြီး နှင်းမြစန္ဒာက ပြောသည်။

"အဲဒါ ချယ်ရီပင်တွေ"

"ချယ်ရီပင်"

"ဟုတ်တယ်၊ ချယ်ရီပင်တွေ ရှားသွားပြီ၊ ခုတ်ကြ ချိုးကြ၊ နှိပ်စက်ကြ တာကို၊ ဒီနားမှာရှိတယ်၊ ကောလိပ် အဆောက်အအုံနားမှာ ရှိတယ်၊ များများ စားစား လှလှပပ တန်းစီရှိနေတာကို ပြောတာ၊ တစ်ပင်ချင်း နှစ်ပင်ချင်းကတော့ ဟိုနားဒီနား ရှိနေသေးတာပဲ"

ပတ်ဝန်းကျင်ရှိ ခြံတွေတွင်း၌ ပင်မြင့်မြင့်တွေကလည်း ရှိသည်။ ထိုပင်များ ထက်၌မူ ပန်းရောင်ပွင့်တွေ ပွင့်နေကြသည်။ ပင့်(ခ်)ကက်ဆီယာခေါ် ပန်းရောင် ငုစပ်များ ဖြစ်ကြောင်း ကျွန်တော် သိနေပြီ။

လမ်းထိပ်ရောက်သောအခါ နှင်းမြစန္ဒာက အထက်တန်းကျောင်းကြီး တစ်ခုကို ပြသည်။

အဲဒါ အမှတ် (၂) အထက်တန်းကျောင်း၊ နိုင် တက်ရင် ဒီကျောင်းတက် ရမှာ"

"နိုင် တက်ရင်၊ နှင်းကကော ဒီကျောင်းမတက်ဘူးလား"

"နှင်းတို့ ကျောင်းက ဟိုကျောင်း၊ နှင်းတို့ ဝင့်ဝင့်တို့တက်တာ"

"ဝင့်ဝင့်"

"ဟုတ်တယ်၊ နှင်းရဲ့သူငယ်ချင်း"

ကျွန်တော် တက်ရမည်ဆိုသော အထက်တန်းကျောင်းကြီးက နှစ်ထပ်သစ် သားကျောင်းကြီး ဖြစ်လေသည်။ နှင်းမြစန္ဒာ ညွှန်ပြနေသော သူတို့ တက်သည်ဆို သော ကျောင်း၏အဆောက်အအုံကိုကား ကျွန်တော် မမြင်ရ။ မြင်ရသည်ကမူ ခေါင်မိုးချွန်ချွန်နှင့် ခရစ်ယာန် ဘုရားရှိခိုးကျောင်းကြီးတစ်ခု။

"အဲဒါက ဟိုဒင်း ချတ်ချ်ကြီး မဟုတ်လား"

"ဟုတ်တယ်လေ၊ အစက စိန့်အင်န်ကျောင်းလို့ခေါ်တယ်၊ အခုတော့ အမှတ်(၃) အထက်တန်းကျောင်းလို့ ခေါ်တယ်"

"နိုင်က နှင်းနဲ့ တစ်ကျောင်းတည်း တက်မှာ"

နှင်းမြစန္ဒာက ရယ်၏။

www.burmeseclassic.com

www.burmeseclassic.com


"အဲဒါဆို နိုင် ထဘီလေးဝတ်မှ"

"ဘာပြောတယ်"

"နှင်းတို့ကျောင်းက မိန်းကလေးကျောင်း၊ ယောကျ်ားလေးဆိုရင် ငါးတန်း အထိပဲထားတာ၊ ငါးတန်းပြီးရင် တခြားကျောင်းကို ပြောင်းရတယ်"

နှင်းမြစန္ဒာနှင့် ကျွန်တော်တို့သည် အမှတ် (၁) အထက်တန်းကျောင်းကြီး၏ အရှေ့ဘက်ရှိ လမ်းမှနေ၍ တောင်ဘက်သို့ လျှောက်လာခဲ့ကြသည်။

"ဒီလမ်းက ဇောတိကလမ်းလို့ခေါ်တယ်၊ တည့်တည့်ဆက်လျှောက်သွားရင် နှင်းတို့နေတဲ့ နေရာရောက်သွားမယ်၊ ဒါပေမဲ့ ဒီနေ့ နှင်းတို့ ရှုမျှော်ခင်းလမ်းက ပြန်ကြမယ်"

ကျွန်တော်တို့က ဆုံလာသော လမ်းမကြီးတစ်ခုအတိုင်း အနောက်ဘက်သို့ ချိုးသည်။ ထို့နောက် ပထမဆုံး ဦးတိုက်လာတွေ့သည့် လမ်းတစ်ခုအတိုင်း တောင်ဘက်သို့ ဆက်လျှောက်ကြသည်။

"အဲဒါ ရှုမျှော်ခင်းလမ်း"

နာမည်နှင့် လိုက်အောင်ပင် လမ်းတစ်လျှောက်က ရှုခင်းတွေ လှပသည်။

ခြံဝင်းတွေတွင်းက အပင်မြင့်မြင့်တွေတွင် ပန်းရောင်ကက်ဆီယာတွေ ထိန်နေကြသည်။ အနီးကပ်မြင်ရသောအခါမှ ခြားနားမှုလေးတွေကို ကျွန်တော် သတိပြုမိသည်။

အချို့ကက်ဆီယာတွေက ပန်းရောင်ရဲရဲဖြစ်သည်။ အချို့ကတော့ အဖြူဘက် များပြီး ဖျော့သည်။ အချို့ကတော့ ပန်းရောင်လွန်ပြီး နီချင်သည်။ အချို့က အကိုင်းမှနေ အညှာရှည်ရှည်ထွက်ပြီး ပွင့်ကြသည်။ အချို့ကတော့ အကိုင်းတွင် ကပ်ပြီး ပြွတ်သိပ်ပွင့်နေကြသည်။

"နှင်း"

"အင်"

"ဟိုပန်းကကော"

"ဘယ်ပန်းလဲ"

"နှင်းနဲ့တူတဲ့ပန်း"

"နှင်းတဲ့တူတဲ့ပန်း"

"ကြည့် လုပ်ပြီ၊ နှင်းပဲ ပြောတာပဲ၊ လမ်းကျရင်ပြမယ်ဆို၊ ခြေဆုံးခေါင်းဆုံး ပွင့်တဲ့ပန်းပြာပြာလေ"

www.burmeseclassic.com

www.burmeseclassic.com


"နိုင်က မမေ့ဘူးပေါ့"

"ဘာလို့ မေ့ရမှာလဲ"

"ဒါဖြင့် ကြည့် ဟောဟိုမှာ"

နှင်းမြစန္ဒာက ခြံတစ်ခု၏ထောင့်မှ သစ်ပင်တစ်ပင်ကို ညွှန်ပြသည်။

"အို"

ကျွန်တော်က အာမေဋိတ်သံပြုမိသည်။

အမှန်က နှင်းမြစန္ဒာ ညွှန်မပြဘဲ သူ့ကို ကျွန်တော်မြင်သင့်သည်။ ပင့်(ခ်) ကက်ဆီယာတွေက လွှမ်းလွှမ်းမိုးမိုး ဆွဲဆောင်နေသောကြောင့် ကျွန်တော် မျက်စိသျှမ်းခဲ့မိသည်နှင့် တူ၏။

သြော်...သူ့အရောင်က လှပင်လှငြားသော်လည်း မပလွှား။ မတောက်ကြွား။

အပြာမှ အပြာနုနုလေး။ အေးကြည်ရှင်းသန့်သည့် အပြာနုနုလေး။ ပွင့်နေသည်ကလည်း ပင်လုံးကျွတ်။ အပွင့်လေးတွေကို ကြည့်ရသည်ကလည်း နုနုနယ်နယ်။ ပိုးသားပိတ်ကားပန်းချီမှ ပိုးပွင့် ပိုးလွှာလေးတွေနှင့် တူလှစွာ၏။

သတိမူမိပြန်တော့လည်း ပိုးသားပြာနှင့်တူသော သည်ပန်းချီပင်များကို ဟိုမှာတစ်အုပ်၊ သည်မှာတစ်အုပ် တွေ့ရသည်။

ပင့်ခ်ကက်ဆီယာပင်တွေနှင့်ယှဉ်တော့ သူတို့အပင်လေးတွေက နိမ့်သောကြောင့် ဝင့်ဝင့်ကြွားကြွား မရှိသော သူတို့ကို ကျွန်တော် သတိမပြုမိခြင်းဖြစ်ပေလိမ့်မည်။

"လှလိုက်တာ နှင်းရယ်၊ ဘာပန်းတွေလဲ"

"ဂျက်ကရင်းဒါး"

"ဘယ်လို"

"ဂျက်ကရင်းဒါး၊ နှင်းဆီတို့ကတော့ ဒီလိုပဲခေါ်ကြတာပဲ၊ နွေဆိုရင် ပင့်ခ်ကက်ဆီယာတွေ ပွင့်တယ်၊ ဂျက်ကရင်းဒါးတွေ ပွင့်တယ်၊ ဒီလိုပဲ ပြောကြတယ်၊ ခုတော့ လူတွေက စိန်ပန်းပြာလို့ ခေါ်ကြတယ်"

"စိန်ပန်းပြာ"

"နားလည်တဲ့ လူတွေကတော့ ပြောတာပဲ၊ စိန်ပန်းနဲ့ စိန်ပန်းပြာဟာ ဘယ်လိုမှ မျိုးမတူဘူးတဲ့၊ အရွက်ချင်း ဆင်တာလေးပဲ ရှိတယ်တဲ့၊ ကျနော်တာ

www.burmeseclassic.com

www.burmeseclassic.com


အားလုံး ကွဲပြားတယ်တဲ့"

ကျွန်တော့် မျက်လုံးများက ပင်ခြေရှိ မြေဆီ ရောက်သွားသည်။

မြေပြင်မှာလည်း ပွင့်လွှာပြာပြာလေးတွေ ဖုံးနေသည်။

"ကြည့်စမ်းပါဦးနှင်းရယ်၊ အပင်ပေါ်မှာသာ လှတာမဟုတ်ဘူး၊ မြေကြီးပါ လှအောင် သူတို့ လွှမ်းထားတယ်၊ ချစ်စရာကောင်းလိုက်တာ၊ သနားစရာကောင်း လိုက်တာ"

"သနားစရာကောင်းတယ်"

"ဟင့်အင်း၊ နေဦး၊ စကားတစ်လုံး သတိရပြီ၊ သနားချစ်တဲ့၊ စိန်ပန်းပြာ လေးတွေကို နိုင်က သနားချစ်နဲ့ ချစ်လိုက်တာ"

"အို ဘာပြုလို့"

"နှင်းကလဲ နိုင်ပြောရင် ဘာပြုလို့၊ ဘာပြုလို့နဲ့ ဘာလို့မေးနေရတာလဲ"

"နိုင်က စကားအဆန်းတွေ ပြောတာကိုး"

"နိုင်ပြောတာ ဘာဆန်းလို့လဲ၊ စိန်ပန်းပြာလေးတွေက လှတယ်၊ ဒီတော့ ချစ်စရာကောင်းတယ်၊ မြေပေါ်ကြွေကျနေကြတာက သနားဖို့ကောင်းတယ်၊ မြေပေါ် ရောက်တော့လည်း အလှမပျက်ဘူးလေ၊ ဟိုဒင်း...ငိုတာတို့ မဲ့တာတို့လို အရုပ်ဆိုး မသွားဘူး၊ လှရက်ပဲ၊ မြေပြင်ကိုတောင် လှအောင် ဆက်လုပ်နေသေး တယ်၊ အဲဒီတော့ ချစ်စရာ သနားစရာပေါ့၊ ဟုတ်ဘူးလား"

နှင်းမြစန္ဒာက အသံလေးထွက်အောင် လှိုက်လှိုက်လှဲလှဲ ရယ်နေတော့ သည်။

သူရယ်သည်ကို မှုန်တေတေနှင့် ကြည့်နေသော ကျွန်တော့်ကို သတိပြုမိ သောအခါကျမှ အရယ်ရပ်သည်။

"နိုင် စိတ်မဆိုးနဲ့နော်၊ နှင်းရယ်တာက နိုင့်စကားက ရယ်စရာကောင်းလို့ မဟုတ်ဘူး၊ သဘောကျလို့၊ နိုင်ပြောတာကို သဘောကျလို့"

"တကယ်"

"တကယ်ပြောတာ၊ နိုင်ပြောတာက ဝတ္ထုထဲက ပြောသလိုပဲ"

"ဟွန်း လာပြန်ပြီ"

"အဲဒီလိုပြောရင် မကြိုက်ဘူးလား"

နှင်းမြစန္ဒာက မျက်လုံးလဲ့လဲ့လေးများနှင့် ကျွန်တော့်ကို စိုက်ကြည့်ပြီး မေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com


စိန်ပန်းပြာလေးလို လှနေသော သူ့ အသွင်လေးကြောင့် ကျွန်တော့်ရင်တွင်းမှ ဒေါသယောင်ယောင် ဘာယောင်ယောင်တွေ ပျောက်ပြေးသည်။

နှင်းက သဘောကျလို့ ပြောတာဆိုတော့ နိုင်က ဘယ်လိုလုပ် စိတ်ဆိုးမလဲ”

“စိတ်မဆိုးနဲ့၊ နှင်းက တကယ် သဘောကျတာ၊ နိုင်နဲ့ လမ်းလျှောက်ရတာလည်း ပျော်တယ်”

“အဲဒီလိုဆိုရင် ညနေတိုင်း လမ်းလျှောက်မယ်လေ”

“တကယ်နော်”

“တကယ်”

ကျွန်တော်တို့ ဆက်လျှောက်ကြပြန်သည်။

လမ်းဘေး၌ သစ်ပင်တစ်ပင်ကို တွေ့ပြန်ရာ နှင်းမြစန္ဒာက ပင်ခြေသို့ ပြေးဝင်သွားပြီး သစ်သီးလေးတွေ ကောက်ယူ၍ ကျွန်တော့်ဆီ ပစ်ပေး၏။

ကျွန်တော်က သစ်သီးလုံးလေးတွေကိုလည်း ကြည့်သည်။ သစ်ပင်ကိုလည်းကြည့်သည်။ စောစောက ချယ်ရီပင်နှင့် တူသယောင်ယောင်။

ကျွန်တော်လည်း သစ်ပင်ခြေရင်းသို့ ဝင်လိုက်၏။

သစ်ပင်ခြေရင်းတွင် အသီးစိမ်းစိမ်း ဝါဝါညိုညိုနီနီလေးတွေ တစ်ပုံကြီးရှိသည်။

နှင်းမြစန္ဒာက သစ်သီးလေးသုံးလုံး ရွေးကောက်ပြီး ကျွန်တော့်ကို ပေး၏။

“လာ...သွားကြမယ်”

လမ်းပေါ်ပြန်ရောက်မှ ကျွန်တော်က မေးသည်။

“အဲဒါ ချယ်ရီသီးလား”

“ဟော...မှားပြန်ပြီ”

“အပင်က ချယ်ရီနဲ့ တူတယ်လေ”

“အင်း... တူသလိုပဲ၊ ဒါပေမဲ့ မတူဘူး၊ ဟောဟိုမှာ ချယ်ရီပင် ယှဉ်ကြည့်”

မနီးမဝေးမှာက ချယ်ရီပင်တစ်ပင်ရှိသည်။

ယှဉ်ကြည့်ပါက အပင်နှစ်ပင်က မတူကြ။ ချယ်ရီပင်၏ အခေါက်မှာရော သည်အပင်၏အခေါက်မှာရော အကွက်လေးတွေပါသည်။ ချယ်ရီခေါက်က ပိုမိုတောက်ပပြီး အကွက်လေးတွေက ပိုလှသည်ဟု ကျွန်တော့်စိတ်တွင် ထင်သည်။ ချယ်ရီရွက်တွေက ပိုကျဲပြီး အကိုင်းတွေက ပိုနွဲ့နှောင်းသည်။ သည်အပင်က

www.burmeseclassic.com

www.burmeseclassic.com


အရွက်တွေက ပိစိမ်းပိစိတ်ပြီး ပိုအုပ်ကောင်းသည်။ ပင်လုံးရော အကိုင်းတွေပါ ပိုတုတ်ခိုင်သည်။

"အဲဒါ ဘာပင်လဲ"

"ပင်စိမ်းပင်"

"ဟာ...အောက်က ပင်စိမ်းပင်က သေးသေးလေး၊ တစ်တောင်လောက် လေး၊ ပျော့ပျော့လေး၊ ဟင်းထဲထည့်ခပ်ရင် ရတယ်၊ အသုပ်ထဲ ထည့်သုပ် ရတယ်"

"အဲဒါက ပင်စိမ်းတစ်မျိုး ဖြစ်မှာပေါ့"

ကျွန်တော်က လက်တွင်းမှ အသီးလေးတွေကို ကြည့်သည်။

"ဒါက ပင်စိမ်းသီး ဟုတ်လား"

"မန်းသီး"

"အန်"

"ပင်စိမ်းသီးတော့ ပင်စိမ်းသီးပဲ၊ ဒါပေမဲ့ ဒီအချိန်ရောက်ရင် မှည့်ပြီး ဖောင်းပြီး ညိုနေတာ၊ အသီးတိုင်း မန်းသီးမဟုတ်ဘူး၊ နှင်းက မန်းသီးရွေးကောက် ပေးတာ၊ လူများတွေက ကောက်သွားပြီနဲ့ တူတယ်၊ သုံးလုံးပဲရှိတယ်"

"အဲဒါ ဘာလုပ်ရလဲ"

"စားရတယ်"

"တကယ်"

နှင်းမြစန္ဒာက ကျွန်တော့်လက်တွင်းမှ ပင်စိမ်းသီးလေးတစ်လုံးကိုယူ၍ သူ့သွားဖြူဖြူလေးတွေနှင့် ကိုက်စားပြ၏။

ကျွန်တော်လည်း လိုက်ကိုက်စားသည်။

အသီးလုံးလေးတွေက လှသာလှသည်။ အလွှန်အသားကျစ်၍ မာသည်။ အရသာက ချဉ်ချဉ်ဖန်ဖန် ချိုတိုတို။

"ကြိုက်လားနိုင်"

"အင်း... တစ်မျိုးပဲ"

"နောက်တော့ ကြိုက်သွားမှာ၊ နိုင့်ကို တောင်ကြီးသားအစစ်ဖြစ်အောင် လုပ်တာ"

"ဘာပြောတယ်"

"ပင်စိမ်းသီးက တောင်ကြီးမှာ နှင်းတို့တွေရဲ့ သူငယ်ချင်းပဲ၊ ကလေးပေး ဘဝကတည်းက ပင်စိမ်းသီးတွေသီးရင် သိပ်ပျော်တာ၊ အသီးစိမ်းလေးတွေက

www.burmeseclassic.com

www.burmeseclassic.com


ပစ်ပေါက်ဆော့ကစားလို့ရတယ်၊ ဒီအချိန်ကျရင်တော့ မန်းသီး လုရှာစားကြတာ၊ စားနေကျဆိုရင် ကြိုက်တယ်"

ကျွန်တော်သည် ဆီးဖြူသီး စားဖူးသည်။ ဆီးဖြူသီးက စစားစဉ် ချဉ်ဖန်ခါးသည်။ သို့ရာတွင် စားရင်းက မရပ်ချင်အောင် ကောင်းလာတတ်သည်။

ပင်စိမ်းသီးကလည်း ထို့ အတူ။ စားစဉ် တစ်မျိုးလေး။ အချိုအရသာလေပါသည်ကမူ ထူးကဲ၏။ အသားက အတန်မာသဖြင့် ဝါးရသည်က သွားယားချင်သည်။ သို့သော် ဝါးရင်း အရသာရှိလာသည်။ သွားယားလာသည်ကပင် ခံစား၍ကောင်းလာ၏။

အတန်ကြာ လျှောက်လာမိကြပြီးသောအခါ ကျွန်တော်က ဝန်ခံ၏။

"နှင်းရေ"

"ဘာလဲနိုင်"

"နိုင် တောင်ကြီးသား ဖြစ်သွားပြီ ထင်တယ်"

"ဘာလို့"

"ပင်စိမ်းသီး ကြိုက်သွားပြီ"

နှင်းမြစန္ဒာကလည်း ပင်စိမ်းသီး ဝါးရင်းက ရယ်လျက်ဆို၏။

"နိုင် ငါးဉသီးစားရရင် ပိုသဘောကျသွားမှာ"

"ငါးဉသီး..."

"ဟုတ်တယ်၊ ဘွတ်(ရှ်)ဘယ်ရီလို့ခေါ်တယ်၊ ငါးဉလေးတွေ ပြုံစုသီးနေတာနဲ့တူလို့ ငါးဉသီးလို့ ခေါ်ကြတာ၊ သူတို့ကတော့ ချိုတယ်၊ တကယ့်ကို ချိုတယ်၊ လူကြီးတွေပါ စားတာ"

"ငါးဉသီးတွေက ဘယ်မှာလဲ"

"ချုံပင်လေးတွေ၊ ဟိုဘက်လွမ်းစေတီ တောင်ကုန်းဘက်မှာလည်းရှိတယ်၊ ဂေါက်ကွင်းဘက်မှာလည်း ရှိတယ်၊ ခုချိန်က ကောင်းကောင်းမမှည့်သေးဘူး၊ ဧပြီလလောက်ဆိုရင် ရွှမ်းပြီး မှည့်နေပြီ၊ အတော်ပဲ၊ အဲဒီကျတော့ ဝင့်ဝါတို့ကိုပါ ခေါ်ပြီး သွားကြမယ်"

"ဝင့်ဝါတို့..."

"ဟုတ်တယ်၊ ဝင်ဝ့ါရယ်၊ သူ့မောင်ဝမ်းကွဲ ဝင်းကြည်ရယ်"

"နှင်းရဲ့သူငယ်ချင်းတွေပေါ့"

"ဟုတ်တယ်၊ အစက နှင်းတို့သုံးယောက် ဒီလိုပဲ လျှောက်သွားလျှောက်

www.burmeseclassic.com

www.burmeseclassic.com


ဆော့ကြတာပဲ၊ ဟိုး တောင်ချွန်းကြီးပေါ်အထိ သွားကြတာပဲ”

“အခုတော့ကော…”

“အခုတော့လား၊ လူကြီးတွေက နှင်းတို့ကို ကြီးလာပြီတဲ့လေ၊ အဖော်မကောင်းဘဲနဲ့ လျှောက်သွားတာ မကြိုက်ဘူး၊ ဝင်းကြည်ကလည်း သူတစ်ယောက်တည်း မိန်းကလေးနှစ်ယောက်နဲ့ လျှောက်မသွားချင်ဘူးတဲ့၊ ဈေးကိုင်တယ်၊ အခု နိုင် ရှိပြီဆိုတော့ အဖော်ရပြီပဲ၊ ဝင်းကြည်က သဘောကောင်းတယ်၊ နိုင် ခင်သွားမှာပဲ”

“ဝင့်ဝါကကော”

“ဝင့်ဝါက”

နှင်းမြစန္ဒာက စကားမဆက်။ စဉ်းစားဟန် ငြိမ်နေသည်။

“ဝင့်ဝါက သဘောမကောင်းဘူးလား”

“ဝင့်ဝါက နည်းနည်းလေး မာနကြီးတယ်၊ ကြီးမှာပေါ့ သူ့အဖေက ပင်စင်စား အရေးပိုင်၊ ပြီးတော့ ဝင့်ဝါက သိပ်လှတယ်”

နှင်းမြစန္ဒာက ချက်ချင်းမဖြေ။ ချိုချိုချဉ်ချဉ် အပြုံးလေးနှင့် ကျွန်တော့်ကို ကြည့်နေပြန်၏။

“နှင်းက လှလို့လား”

“လှပါတယ်လို့ နိုင် ဘယ်နှစ်ခါ ပြောရမလဲ”

“အင်း ပင့်ခ်ကက်ဆီယာလိုပေါ့”

“ဘာရယ်”

“ချယ်ရီကို မမြင်ဖူးခင်တော့ ပင့်ခ်ကက်ဆီယာကို သိပ်လှတယ် ထင်မှာပေါ့၊ ချယ်ရီကို မြင်ဖူးသွားတော့ ပင့်ခ်က်ကက်ဆီယာက လှပါဦးမလား၊ ဩော် ဝင့်ဝါ ငယ်နာမည်ကလဲ ချယ်ရီတဲ့”

ကျွန်တော်က မျက်နှာကို တည်လိုက်ပြီး ပြော၏။

“နှင်းက ပင့်ခ်က်ကက်ဆီယာ မဟုတ်ပါဘူး”

“ဒို့…ဘာလဲ”

“စိန်ပန်းပြာ”

နှင်းမြစန္ဒာက ကျွန်တော့်ကို စူးစူးလေး စိုက်ကြည့်နေ၏။

“နိုင် ချယ်ရီကို မမြင်ဖူးသေးပါဘူး၊ မြင်ဖို့လည်း မလိုပါဘူး၊ စိန်ပန်းပြာတော့ မြင်ဖူးပြီးပြီ၊ သိပ်လှတယ်၊ ချယ်ရီလှချင်လည်း သူ့ဘာသာသူ လှပေါ့၊

www.burmeseclassic.com

www.burmeseclassic.com


ဘာဖြစ်သလဲ၊ စိန်ပန်းပြာကလည်း သူ့ဘာသာသူ လှတာပဲ၊ အဲဒီလိုပဲ၊ ဝင့်ဝါဆိုတာက ဘယ်လောက် လှလှ၊ မိုးပေါ်က ကျလာတဲ့ နတ်သမီးလေးလိုလှလှ၊ နိုင်တို့က ဂရုမစိုက်ပေါင်၊ နိုင်က နှင်းကိုပဲချစ်တယ်၊ နှင်းက နိုင့် သူငယ်ချင်း ပထမဆုံး သူငယ်ချင်း"

ကျွန်တော် ပြောနေသည်ကို နှင်းမြစန္ဒာက ချိုသလို ချဉ်သလို အပြုံးလေးနှင့် ကြည့်နေသည်။ ကျွန်တော် စကားဆုံးသောအခါ သူ့မျက်တောင်ကော့လေးများကို ပုတ်ခတ်ပုတ်ခတ် တစ်ချက်နှစ်ချက် လုပ်ပြီးနောက် မေး၏။

"နှင်းကို နိုင်က တကယ်ချစ်သလား"

"ချစ်ပေါ့၊ သိပ်ချစ်၊ ပြီးတော့ နှင်းက နိုင့် ကျေးဇူးရှင်"

"ဘာရယ်..."

"ကျေးဇူးရှင်၊ ဟိုနေ့ကလေ နှင်းနဲ့သာ နိုင် စမတွေ့ရင် နိုင် ဘာဖြစ်သွားမလဲ မသိဘူး၊ နိုင်က လာလမ်းကို ပြန်ရမှာ၊ ပြန်တော့လည်းလေ ပြန်စရာအိမ်မရှိဘူး"

နှင့် ချုပ်ကိုင်လာသည်။

"တော်တော့နိုင်၊ အဲဒီ ညနေကအကြောင်း ပြန်မပြောနဲ့"

"ဘာပြုလို့"

"နှင်း...နှင်း...ငိုချင်တယ်"

နှင်းမြစန္ဒာ၏ မျက်လုံးလေးများတွင် မျက်ရည်တို့ တကယ်ဝဲနေ၏။

"ဘာပြုလို့ နှင်းက ငိုချင်ရတာလဲ"

"နိုင့်ကို သနားလို့"

"သနားလို့..."

"ဟွန်း၊ စိတ်မဆိုးရဘူး၊ သနားတာ ဘယ့်နှယ်တတ်နိုင်မလဲ"

ကျွန်တော် ခေတ္တစဉ်းစားသည်။ ကျွန်တော့်ကို သနားသည်ဆိုလျှင် ကျွန်တော် မကြိုက်ပါ။

သို့ရာတွင် ကျွန်တော် ပြုံးရ၏။

"လူများက နိုင့်ကို သနားတယ်ဆိုရင် နိုင် စိတ်ဆိုးမှာပဲ နိုင်က... နိုင်က..."

"လေတိုက်ရာလွင့်တဲ့ သစ်ရွက်မဟုတ်ဘူး၊ ဟုတ်တယ်မဟုတ်လား"

ကျွန်တော် ရယ်ရ၏။

"ဇာတ်လိုက်..."

www.burmeseclassic.com

www.burmeseclassic.com


"ဘာပြောတယ်"

"ဓာတ်လိုက်၊ ဓာတ်လိုက်လို စကားပြောတဲ့ ဓာတ်လိုက်"

"ပြောပြန်ပြီ ဒီစကား"

"ပြောမှာပဲ၊ နှင်းကြိုက်လို့ပြောတာ၊ အဲဒီတုန်းက နိုင် ပြောတာလေ၊ နှင်း သိပ်သဘောကျသွားတာပဲ၊ နိုင့်ကို နှင်း မျက်နှာသစ်ခိုင်းတာ မှတ်မိလား"

"ဘာလို့ မမှတ်မိရမှာလဲ"

"အစကတော့လေ၊ ဘိုးဘိုးကြီးတို့အိမ်သွားရင် နိုင် သပ်ရပ်သွားအောင်လို့၊ အဲဒီတုန်းက နိုင့် မျက်နှာက ပေရေနေတယ်၊ မဟုတ်လား။ နိုင် ခြေဆေးတော့လည်း နှင်း သေသေချာချာ ကြည့်နေတာ၊ ခြေဆေးလိုက်တော့လေ နိုင့် ခြေသည်းလေး တွေက ပန်းရောင်ထနေတယ်၊ နှင်းသိသွားတာပေါ့"

"ဘာကိုလဲ"

"ကျောင်းသားလေးဆိုတာ၊ စည်းကမ်းရှိတဲ့ကျောင်းသားလေးဆိုတာ၊ ပြီးတော့လည်းလေ"

နှင်းမြစန္ဒာက စကားမဆက်ဘဲ မချိုမချဉ် လုပ်နေပြန်၏။

"ပြောလေ ပြီးတော့လည်း ဘာဖြစ်သလဲ"

"နိုင်က ချောတယ်၊ နှင်း ဓာတ်လိုက်ကချောတယ်"

"ဘာ နိုင်က ချောတယ်"

"ဝိမနေနဲ့၊ ကိုယ့်ကိုယ်ကို ချောတာ မသိဘူးလား"

"တို့ က မိန်းကလေး မဟုတ်ဘူး၊ ယောကျ်ားလေး ချောဖို့ မလိုဘူး"

"ဒါပေမဲ့ ချောတာက ချောတာပဲ"

"နှင်း မျက်စိထဲ ချောရင် ပြီးတာပဲ"

"နှင်းလည်း နိုင့် မျက်စိထဲ လှရင်ပြီးတာပဲ"

ဤအကြိမ်တွင်မူ ကျွန်တော်တို့ နှစ်ဦးလုံး အားရပါးရ လှိုက်လှိုက်လှဲလှဲ ရယ်ကြသည်။

ပျော်ပျော်ရွှင်ရွှင် စကားတပြောပြော လျှောက်လာကြသောကြောင့် လမ်းဆုံးသွားသည်ကို ဆုံးမှ ဆုံးမှန်းသိသည်။

လျှောက်လာခဲ့သော လမ်းက မည်မျှရှည်သည်မသိ။ ယခု လမ်းဆုံးကာမှ ရှမ်းကောင်စီလမ်းမပေါ် ပြန်ရောက်နေမှန်း သတိပြုမိသည်။

www.burmeseclassic.com

www.burmeseclassic.com


ချိန်းသံကြိုး ကြီးကြီးလေးတွေ ကာထားသည့် တံတိုင်းလမ်းဆုံအကွက်လေးတွင် ကျွန်တော်တို့ ရပ်လိုက်ကြသည်။

မြေပြင်၊ သစ်ပင်၊ တောနှင့် တောင်တန်းတစ်ကြောပေါ်၌ နေရောင်မရှိတော့။ သို့ရာတွင် မမှောင်သေး။

ကျွန်တော်က တောင်ချွန်းကြီးကို မော့ကြည့်သည်။

သည် တောင်ချွန်းကြီးက ထူးဆန်းသည်ထင်၏။ တောင်ကြီးကိုရောက်စ ညနေတည်းက ကျွန်တော့်ကို ဖမ်းစားသည်။ ယခုလည်း ဖမ်းစားနေ၏။

မြို့ပေါ်တွင် နေရောင်မရှိတော့သော်လည်း တောင်ချွန်းကြီး ထိပ်ဖျားကမူ ရွှေရောင်နေခြည်ကို ပြန်ဟပ် ထွန်းလင်းပြနေ၏။

မြင်းမိုရ်တောင်ကြီး၏ နံရံတစ်ဖက်သည် ရွှေရောင်လျှံနေသော ရွှေနံရံကြီးဟု ကျွန်တော်ကြားဖူးသည်။

လူမရောက် မြင်းမိုရ်တောင်ဟု ဆိုသောကြောင့် မြင်းမိုရ်တောင်ကြီး၏ ရွှေနံရံဆီသို့မူ ကျွန်တော်ရောက်နိုင်မည် မထင်။ ဟောသည် ယခု စီးမိုးနေသော ရွှေနံရံကြီးဆီသို့ကား ကျွန်တော်ရောက်ရမည်။

"နှင်း"

"အင်"

"ဟောဒီ တောင်ချွန်းထိပ်ကို နိုင် အရောက်သွားမယ်"

"တစ်ယောက်တည်း"

"တစ်ယောက်တည်း ဘာလို့ မသွားနိုင်ရမလဲ"

"နိုင်က လမ်းသိလို့လား"

"လမ်းဆိုတာ ရှာရင်တွေ့ရမှာပေါ့"

"နှင်းက လိုက်လမ်းပြဖို့ မလိုတော့ဘူးပေါ့"

ကျွန်တော် စကားမှားသွားသည်ကို အမှတ်ပြုမိပြီး ကျွန်တော် နောင်တရသွား၏။

"နိုင် တစ်ယောက်တည်း သွားရင် ရတယ်လို့ နိုင်က ပြောတာပါ၊ နိုင်တစ်ယောက်တည်း မသွားပါဘူး၊ နှင်းကိုပဲ ခေါ်သွားမှာပေါ့"

နှင်းမြစန္ဒာက ပြုံးတုံးတုံး မဲ့တဲ့တဲ့လေးနှင့် ကျွန်တော့်ကို ကြည့်နေ၏။

"နှင်းက နိုင့်ကို ဘာလို့ အဲဒီလို ကြည့်နေရတာလဲ"

"နိုင်က နှင်းကို ခေါ်သွားမယ်၊ နှင်းက လမ်းပြ မဟုတ်တော့ဘူးပေါ့၊

www.burmeseclassic.com

www.burmeseclassic.com


နိုင်က ခေါင်းဆောင်၊ နှင်းက နောက်လိုက်ဟုတ်လား”

“အာ… နှင်းကလဲ စကားအကျကောက်နေပြန်ပြီ၊ နှင်းက လမ်းပြပေါ့၊ လမ်းပြရှိတော့ သွားရတာ ပိုလွယ်တာပေါ့၊ ဒါပေမဲ့ နိုင်က ရှေ့ကပဲ သွားမှာပဲ”

“ဘာပြုလို့”

“အိုး…ဘယ်သိနိုင်မလဲ၊ အန္တရာယ်တွေ ဘာတွေရှိနိုင်တယ် မဟုတ်လား၊ ဒီတော့ နိုင်က ရှေ့ကသွားမယ်”

“နိုင်က သူရဲကောင်းကြီးပေါ့”

“အင်း…ဟုတ်တယ်”

မိုးချုပ်တော့မည်ဖြစ်သောကြောင့် နှင်းမြစန္ဒာနှင့် ကျွန်တော်တို့က အိမ်ပြန်လာကြသည်။

သတိပြုမိပြီဖြစ်သောကြောင့် လမ်းဘေးမှ စိန်ပန်းပြာပင်များကို ကျွန်တော်မြင်သည်။

အလင်းရောင် စပျောက်စ တောင်ကြီးမြို့၏ ညနေက ပြာရီဝေသည်။

စိန်ပန်းပြာတွေကလည်း နုနုပြာသည်။ အပင်ထက်မှာလည်း ပြာသည်၊ မြေပြင်လည်း ပြာသည်။

သြော်…ကျွန်တော့်ဘေးမှာကလည်း စိန်ပန်းပြာလို နုနုလှလှ ကောင်မလေးတစ်ဦး။

ကျွန်တော်က ခဏခဏ အိပ်မက်မက်တတ်သည်။ ကျွန်တော်မက်သော အိပ်မက်တွေကိုလည်း အသေးစိတ် ပြန်မှတ်မိတတ်သည်။

များသောအားဖြင့် ကျွန်တော်မက်သော အိပ်မက်တွေက လှပသည်။

တောတောင် ရေမြေတွေ။ ပန်းပင်တွေ။ ပန်းခင်းတွေ။ ပန်းဥယျာဉ်တွေ။ ပန်းကြဲသော လမ်းတွေ။

သည်ညနေမှာတော့…

အိပ်မက် မမက်ဘဲ အိပ်မက်ထဲတွင် လမ်းလျှောက်နေရသကဲ့သို့ ကျွန်တော်ခံစားနေရ၏။

*

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

အဲသည် အချိန်တည်းက ကျွန်တော်သည် စာဖတ်တတ်သော ကောင်လေး တစ်ကောင် ဖြစ်နေပါပြီ။

ဖေဖေနှင့် မေမေ့သား ကျွန်တော်ငယ်ငယ်ရွယ်ရွယ်နှင့် စာဖတ်တတ်သည်မှာ မဆန်းပါ။

ဖေဖေနှင့် မေမေတို့အိမ်က အဘက်ဘက်က ဆင်းရဲပါသည်။ မဆင်းရဲသည်က စာအုပ်။

ကျွန်တော်တို့အိမ်မှာက စာအုပ်တွေ အများကြီးရှိသည်။

ကျွန်တော် ငယ်ငယ်က ကစားစရာများများမရှိ။ ဖေဖေနှင့် မေမေက ကျွန်တော့်အတွက် ကစားစရာ ထူးထူးဆန်းဆန်းတွေ ဝယ်မပေးနိုင်ခဲ့ပါ။

ကန်တော့ပါရဲ့။ စာစောကမှ စာအုပ်များသည် ကျွန်တော့်အတွက် ကစားစရာများပါ။

ဟိုလှန်ကြည့်သည်။ သည်လှန်ကြည့်သည်။ ရောင်စုံ ပန်းချီများက ကျွန်တော့်စိတ်ကို ဖမ်းစားသည်။

စာမဖတ်တတ်ခင်ကတည်းက ပန်းချီများကို ကြည့်ကာ ဘာအဖြစ်အပျက်တွေနည်းဟု စိတ်ဝင်စားသည်။ စာလုံးပေါင်း ဖတ်တတ်စတွင်ကား ရင်ပိုခုန်ရသည်။ အဓိပ္ပာယ်တစ်စွန်းတစ်စကို နားလည်ပြီကိုး။ နားမလည်သော အပိုင်းတွေလည်းရှိသည်။ ထိုအခါမျိုးတွင် ကိုယ့်ဘာသာကိုယ် ဖြည့်တွေးယူပြီး စဉ်းစားရသည်က အရသာတစ်မျိုးရှိသည်။

စာဖတ်တတ်လာသောအခါတွင်ကား စာအုပ်များက ကျွန်တော့်သူငယ်ချင်းတွေ ဖြစ်လာသည်။ စာအုပ်နှင့် နေလျှင် တစ်နေကုန် ကျွန်တော်နေနိုင်သည်။

စာအုပ်တွေဆိုသော်လည်း မဂ္ဂဇင်းတွေနှင့် ဝတ္ထုတွေပါ။ ကျွန်တော် ငယ်ငယ်ရွယ်ရွယ်နှင့် စာဖတ်တတ်သော ကောင်လေးတစ်ယောက် ဖြစ်လာသည်ဆိုခြင်းမှာ ဝတ္ထုဖတ်တတ်သော ကောင်လေးတစ်ကောင်ဖြစ်လာခြင်းကိုသာ ကျွန်တော်ဆိုလိုပါသည်။

အဲ… ပတ္တလားတီးတတ်၍ သီချင်းများ ရသောအခါ၌ မဂ္ဂဇင်းများတွင် သီချင်းနှင့်တူသော စာလေးများကို တွေ့ရသည်။ သည်စာလေးတွေကို

www.burmeseclassic.com

www.burmeseclassic.com


ကဗျာဟုခေါ်သည်။ ကဗျာလေးများကိုလည်း ကျွန်တော် စမ်းစမ်းဖတ်သည်။

ဝတ္ထုတွေ၊ ကဗျာတွေထဲမှာ အိပ်မက်ဆိုသော စကားကို ခဏခဏ ကျွန်တော်တွေ့ရသည်။ သာယာကြည်နူးဖွယ်အဖြစ်လေးများကို အိပ်မက်လေးများဟု သူတို့ရေးတတ်ကြသည်။

သြော်…နှင်းမြစန္ဒာနှင့် ပန်းမြို့တော်က ပန်းပွင့်သော အပင်တွေကြားမှာ သွားကြရသော အချိန်လေးများကို အိပ်မက်လှလှလေးများဟု ကျွန်တော် မှတ်မိထားသည်။

အမှန်ဆိုတော့လည်း ဘိုးဘိုးကြီးနှင့် ဘွားဘွားကြီးတို့အိမ်သို့ ရောက်လာရခြင်းကိုပင် အိပ်မက်ဟု ကျွန်တော်ထင်ခဲ့သည်။ အိပ်မက်ဆိုးတစ်ခုမှ အိပ်မက်လှလှ တစ်ခုဆီ။ ဤအကြောင်း ကျွန်တော် ရှင်းပြပါမည်။

မေမေ့နောက်ဆုံးမှာကြားချက်ကို နာခံလျက် တောင်ကြီးမြို့ရှိ ဘိုးဘိုးနှင့် ဘွားဘွားထံလာခဲ့ရပါသည်ဟု ကျွန်တော်ဆိုခဲ့သည်။

ဤစကားသည် မှန်သင့်သမျှသာ မှန်ပါသည်။

မေမေကွယ်လွန်လျှင် ကွယ်လွန်ချင်း ကျွန်တော် တောင်ကြီးမြို့သို့ တက်လာခဲ့သည် မဟုတ်ပါ။

လူဆိုသည်မှာ ခက်ပါသည်။ ကျင်လည်ရာမှာ ပျော်မွေ့ပြီး ကျင်လည်ရာကို တွယ်တာတတ်ပါသည်။ ပျော်မွေ့ဖွယ်မရှိတော့သည့်အဖြစ် ရောက်နေသည့်တိုင် အောင် မိမိဖြစ်တည်ကျင်လည်နေရာ ပတ်ဝန်းကျင် လောကလေးကို အားကိုး တကြီး ကပ်မှီ ဖက်တွယ်နေချင်တတ်သည်။

ကျွန်တော့်ကို ရန်ကုန်မှာ မွေးခဲ့သည်ဆို၏။ ကျွန်တော် သုံးနှစ်သားကျမှ ဖေဖေနှင့် မေမေတို့ မော်လမြိုင်သို့ ပြောင်းလာခဲ့ခြင်း ဖြစ်သည်ဟု သိရသည်။ သို့ရာတွင် ရန်ကုန်ကို ကျွန်တော် မမှတ်မိ။ ကျွန်တော့်အာရုံ၌ ကျွန်တော့်ကို မွေးခဲ့ပါသည်ဟုဆိုသော ရန်ကုန်ကို မြင်သိကြည့်၍မရ။ ကျွန်တော်သိသည်က မော်လမြိုင်။ သြော်… မှုန်မှုန် မှေးမှေး ဘဝဦးအစကို ရေးရေးပြန်မှတ်မိလေ သမျှက မော်လမြိုင်။ မော်လမြိုင်မှလွဲ၍ အဘယ်တည်ရာ မှီရာကိုမျှ ကျွန်တော် မသိ။

မေမေ ကွယ်လွန်ပြီးသည့်နောက် ကျွန်တော်တို့ ငှားနေသော အိမ်လေးတွင် ကျွန်တော်ကပ်နေပါသေးသည်။ အိမ်ရှင်က မောင်းချသောအခါ အိမ်နီးပါးချင်း တစ်အိမ်၌ ကျွန်တော်ပြောင်းနေသည်။ အစတော့ သူတို့က သနားသယောင်။

www.burmeseclassic.com

www.burmeseclassic.com


ကြည်နှာသယောင်။ နောင်တော့မှ အိမ်ဖော်အစေခံ တစ်ယောက်ပမာ ပြုမူဆက်ဆံလာကြသည်။ နောက်ဆုံးမှာတော့ သူတို့ ခိုင်းလာကြသည်။ သူတို့ခိုင်းသည်ကို ဆက်လုပ်လျှင် ကျွန်တော့်ဘဝမှာ မီးရထားပေါ်တွင် တွေ့ခဲ့ရသော ကောင်လေးမျိုး အဖြစ်သို့ ရောက်တော့မည်ကို ကျွန်တော်သိသည်။

အဲသည် ဘဝမျိုးဆီသို့ အချိန်မရွေး ကိုယ့်ဘာသာကိုယ်သွား၍ရသည်။ သူတို့ခိုင်းမှမဟုတ်။ အခြားခိုင်းသူတွေ အများကြီးရှိသည်။ သို့သော် ဤဘဝမျိုးကို ကျွန်တော်မကြိုက်။

မော်လမြိုင်တွင် တစ်လခန့် ကုပ်ကပ်နေကြည့်ခဲ့ပြီးမှ တောင်ကြီးမြို့ဆီ ကျွန်တော် စွန့်ထွက်လာခဲ့ခြင်း ဖြစ်သည်။

စိတ်ပျက်အားငယ်ဖွယ်ရာတွေ ကြုံခဲ့ရပြီးမှ ဘိုးဘိုးကြီးနှင့် ဘွားဘွားကြီး အိမ်တွင် ကျွန်တော်စိတ်ချမ်းသာစွာ နေရသည်။

ဘွားဘွားကြီးက စည်းကမ်းကြီးသော်လည်း သူ့နည်းသူ့ဟန်နှင့် ကျွန်တော့်ပေါ် ကြင်နာသည်။ ဘိုးဘိုးကြီးက တစ်ခါတစ်ရံ ဂူးဂူးဝါးဝါး လုပ်တတ်သော်လည်း များသောအားဖြင့် ပျော်ပျော်နေတတ်ပြီး သဘောကောင်းသည်။ အန်တီ တင့်တင့်ကမူ ဆိုဖွယ်မရှိ။ ကျွန်တော်၏ မိခင်ရင်းပမာ ဖြစ်လာခဲ့သည်။

ကျွန်တော်ရောက်ပြီး၍ သုံးရက်အကြာ တစ်နေ့ခင်းတွင် ဘွားဘွားကြီးက ကျွန်တော့်အတွက် အင်္ကျီတွေ ညှပ်ပေးသည်။

ပြောင်လက်သော အိမ်ပေါ်ထပ် ကြမ်းပြင်ပေါ်တွင် အထုပ်ကြီးတစ်ထုပ်၊ ကတ်ကြေးတစ်လက်၊ ပေကြိုးတစ်ချောင်းနှင့် ဘွားဘွားကြီး အလုပ်များသည်။

အထုပ်တွင်းမှ ဧရာမအင်္ကျီကြီးတွေ ထွက်လာသည်။

ဘေးမှ ထိုင်ကြည့်နေသော ကျွန်တော့်ကို ဘွားဘွားကြီးကပြော၏။

"အဲဒါ နိုင့်ဘိုးဘိုး အင်္ကျီဟောင်းတွေ၊ လည်းပင်းကော်လာတွေ၊ လက်တွေ ဟောင်းနေပေမယ့် မြင်လား၊ အောက်ပိုင်းတွေက အကောင်းကြီး၊ အခိုင်ကြီး ရှိသေးတယ်"

လည်ပင်းကော်လာတွေမှာ ဖွာစုတ်နေသည်။ အင်္ကျီချိုင်းကြားနေရာတွေမှာက ရိပြဲနေသည်။ သို့ရာတွင် ရှည်လျားသော အင်္ကျီ အောက်ပိုင်းသားတွေက ဖြူဖြူစင်စင်နှင့် အကောင်းပကတိ ရှိနေသေးသည်။

"နိုင့် ကိုယ်လေးက သေးသေးပဲဟာ၊ ဟောဒီ အောက်ပိုင်းတွေက

www.burmeseclassic.com

www.burmeseclassic.com


ညှပ်ချုပ်ရင် အင်္ကျီကောင်းကောင်းတစ်ထည်ရတယ်၊ နိုင့် ဘိုးဘိုးက ပိတ်ဆို အကောင်းစားမှဝတ်တာ၊ ဟောဒါကတွီ၊ ဟောဒါက ဘိလပ်ပေါ်ပလင်အစစ်၊ ခုခေတ်ဒါမျိုးတွေ မရှိဘူး"

ကျွန်တော်က တွီတို့၊ ဘိလပ်ပေါ်ပလင်တို့ကို မသိပါ။ ကျွန်တော့်မှာက အဝတ်အစား များများမရှိ။ အဝတ်အစားသစ်ရလျှင် ပျော်ရမည်၊ ဘယ်လိုရရ။

"နိုင် ဘိုးဘိုးကြီးရဲ့ ပုဆိုးအဟောင်းတွလည်းအများကြီးရှိသေးတယ်၊ ဖလံနယ် ပုဆိုးဟောင်းတွေတောင် ရှိတယ်၊ ချွေးတယ်၊ ခုခေတ် မမြင်ဖူးကြတော့ဘူး၊ ကွင်းတွေ အနံတွေ ပြင်ချုပ်လိုက်ရင်၊ နိုင့်အတွက်လူများမဝတ်နိုင်တဲ့ ပုဆိုးကောင်း ကောင်းလေးတွေရမယ်"

တွီ၊ ဘိလပ်ပေါ်ပလင်၊ ဖလံနယ်ပုဆိုး၊ ခုခေတ်မရှိတာ။

ကျွန်တော်က ပြုံးပြီး ခေါင်းညိတ်ပြ၏။

ဘွားဘွားကြီးကလည်း ပြုံးပြုံးကြီးနှင့် အင်္ကျီတွေကို ကတ်ကြေးနှင့် ဖြတ်နေ၏။

ကျွန်တော့်ကိုယ်ကို ပေကြိုးနှင့်တိုင်းတာပြီး အင်္ကျီပုံကိုတော့ ဘွားဘွားကြီးက ညှပ်သည်။ ချုပ်ပေးရသူကတော့ အန်တီတင့်တင့်။

တစ်နေ့လယ် အန်တီတင့်တင့် စက်ချုပ်နေသည်ကို ကျွန်တော် ဘေးမှ ရပ်ကြည့်နေ၏။

"နိုင့်အတွက် အင်္ကျီပုံကောင်းကောင်းလေး အန်တီချုပ်ပေးမယ်နော်"

"အင်း...လက်မောင်းကျပ်ကျပ်လေးနဲ့"

အန်တီတင့်တင့်က စက်ချုပ်ခြင်းကို ခေတ္တရပ်ထားပြီး ကျွန်တော့်ကို ကြည့်သည်။

"ဒါတွေက နိုင် အိမ်နေရင်းဝတ်ဖို့ပါ၊ သွားရင်လာရင် ဝတ်ဖို့တော့ အသစ်လေးတွေ အန်တီ ဝယ်ပေးပါ့မယ်"

"အန်တီ ပိုက်ဆံကုန်မှာပေါ့"

"အန်တီ့မှာ တခြားသုံးစရာ မရှိပါဘူး"

"အန်တီ ပိုက်ဆံ ဘယ်ကရသလဲ"

အန်တီ တင့်တင့်က အပြုံးမပျက်သော်လည်း ရှင်းမပြချင်ဟန်နှင့် ဒီလိုပေါ့ ကွယ်"ဟု ဆိုသည်။

"နိုင် အင်္ကျီအသစ်တွေ ဘာတွေ မလိုချင်ပါဘူး၊ နိုင်အန်တီတို့နဲ့ နေရတာ

www.burmeseclassic.com

www.burmeseclassic.com


ပျော်တယ်”

အန်တီတင့်တင့်က ကျွန်တော့်ကို အတန်ကြာစွာစိုက်ကြည့်၏။

အန်တီတင့်တင့်၏ ပြုံးနေသော မျက်နှာမှ မျက်လုံးလှလှများတွင် မျက်ရည်ကြည်နေသည်။

“အန်တီလည်း ပျော်တာပါပဲကွာ”

ဤအိမ်တွင် ကျွန်တော် အမှန်ပျော်ပါ၏။ ကျွန်တော့်ကြောင့် အန်တီတင့်တင့် ပျော်သည်ဆိုသောကြောင့် ကျွန်တော်လည်း ဝမ်းသာသည်။

ကျွန်တော်ပျော်သော အိမ်လေးတွင် ကျွန်တော်သည် အသုံးဝင်သော ကောင်လေးတစ်ကောင် ဖြစ်အောင်လည်း ကြိုးစားနေသည်။

ဘွားဘွားကြီး ထမင်းဟင်းချက်လျှင် ဘေးမှ ကျွန်တော် ကူလုပ်ပေးသည်။ ငရုတ်သီး ကျွန်တော်ထောင်းပေးသည်။ ဟင်းရွက်ဆိတ်ပေးသည်။ စပါးလုံးရွေးပေးသည်။ ထမင်းရည် သွန်ပေးသည်။ အမှိုက်တောင်း သိမ်းပေးသည်။

ဈေးနှင့် အိမ်ကဝေးသည်။ ဈေးကို ဘွားဘွားကြီးသွားသည့်အခါ သွားသည်၊ အန်တီတင့်တင့်သွားသည့်အခါ သွားသည်။ ဘယ်သူသွားသွား ကျွန်တော်ကလိုက်ပြီး အပြန်တွင် ဈေးခြင်းတောင်း ကူဆွဲပေးသည်။

သည်ကြားထဲက ကျွန်တော့်မှာ အချိန်အားတွေ အများကြီး ရှိနေသေးသည်။

ကျွန်တော်က ခြံတွင်းမှာ မြက်ရှင်းသည်။ သစ်ပင်ပန်းပင်များကို ရေလောင်းသည်။ ဘာမျှ လုပ်စရာမရှိလျှင် အိမ်ပြတင်းမှန်လေးတွေကို ဖုန်မကပ်အောင် ကျွန်တော်တိုက်ပေးသည်။ ကျွန်တော် ရောက်စက ပြတင်းမှန်လေးတွေက မှုန်ညစ်နေသည်။ ယခု ကြည်နေကြပြီ။

သည်ဟာတွေ လုပ်ရ၍ ကျွန်တော်ပျော်သည်။ သည်အိမ်က ကိုယ့်အိမ်။ ကိုယ့်အိမ်ကအလုပ် ကိုယ်မလုပ်လျှင် မည်သူလုပ်မည်နည်း။

သြော်…တစ်ပါးသူအိမ်၌ မပျော်မရွှင် လုပ်ခဲ့ရဖူးသည်။ တစ်လခန့် လုပ်ခဲ့ရဖူးသည်။

ဘိုးဘိုးကြီးနှင့်လည်း မကြာခင်မှာ အလွန်ရင်းနှီးလာခဲ့သည်။

ဘိုးဘိုးကြီး ဂေါက်ကွင်းမှ ပြန်လာလျှင် ဂေါက်အိတ်သယ်ထမ်းခြင်းနှင့် ဖိနပ်ယူခြင်း အလုပ်ကို ယခု တစ်ယောက်တည်း ကျွန်တော် လုပ်ခွင့်ရပြီ။ ဂေါက်အိတ်ကြီးထဲမှ တုတ်တွေကို မလှုပ်စေဘဲ ညင်ညင်သာသာ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com


ထမ်းပြတော့ ဘိုးဘိုးကြီး ကျေနပ်သွားသည်။

ဂေါက်တုတ်တွေ ရွှံ့ပေလာလျှင် ယုယုယယ ရေဆေးပေးရသည်။ ပြီးတော့ ရေသုတ်ပေးရသည်။ အထူးသဖြင့် ဘုကြီးတွေ တပ်ထားသည်နှင့်တူသော ဂူဒီဟုခေါ်သည့် သစ်သားတုတ်ကြီးများကို ပိုယုယရသည်။ သူတို့ပေါ်၌ မှန်သားကျအောင် ဆေးသုတ်ထားရာ မပွန်းအောင်၊ အစင်းမထင်အောင် ဂရုစိုက်ရသည်။

ဂေါက်သီးလုံး ဖြူဖြူလေးတွေလည်း ရှိသေးသည်။ သူတို့ကိုလည်း ယုယုယယပင် ရေဆေးပေးရသည်။ ဆပ်ပြာလေးတိုက်။ သွားပွတ်တံဟောင်းနှင့် ဖွဖွရွရွလေးတိုက်။ မျက်နှာသုတ်ပဝါ အဟောင်းနှင့် ရေသွေ့အောင် သုတ်ပေး။ အားလုံးယုယုယယ၊ နုနုနယ်နယ်။

ဤသည်တို့ကို အစက အန်တီတင့်တင့်ပင် လုပ်ပေးရသည်။ အန်တီတင့်တင့် လုပ်ပေးသည်ကို ဘေးမှ ကူရင်းက ကျွန်တော် လုပ်တတ်ကိုင်တတ်သွားသည်။

ကျွန်တော်စလုပ်စက ဘိုးဘိုးကြီးသည် အနားမှ လာ၍ စိုက်ကြည့်နေသည်။ သူ့မျက်လုံးကြီးများက ပြူးနေပြီး သူ့မျက်နှာကြီးက စိုးရိမ်ပွေ့တွေ လွှံ့နေ၏။

ကျွန်တော်က သူ့ကစားစရာတွေကိုအထိအခိုက်မရှိစေဘဲယုယုယယ၊ နုနုနယ်နယ် လုပ်ကိုင်ပြမှ အောင့်ထားသော အသက်ကို လွှတ်သည့်ဟန်ဖြင့် သက်ပြင်းကြီးချ၍ ပြုံးသည်။

"ဒီတုတ်တွေက အိတ်က(စ်)သတ်တီးဝမ်းနိုင်ရ၊ အိတ်က(စ်)သတ်တီဝမ်း ဆိုတာ နိုင်သိလား"

"ဘယ်သိမလဲ ဘိုးဘိုးရ၊ နိုင်က ခုမှ ဂေါက်တုတ် မြင်ဖူးတာ"

"အိတ်က(စ်)သတ်တီဝမ်းဆိုတာက တုတ်တွေက ဘယ်လောက် ကောင်းတယ် ထင်သလဲ၊ လူကရိုက်ဖို့မလိုဘူး၊ တုတ်တွေက ဂေါက်သီးကို သူ့ဘာသာသူ ရိုက်သွားတာ"

"တကယ်"

"အဟဲ...တကယ်တော့ ဘယ်ဟုတ်မလဲ၊ ကြော်ငြာတာကို ပြောတာ၊ အဲဒီလောက်တောင် ကောင်းဆိုပဲ၊ ဆရာဝန်တစ်ယောက်ဆီက ငါးကောင်းလို့ ဘိုးဘိုးခြောက်ထောင်တည်းနဲ့ ရထားတာ၊ သူက ရိုက်တတ်စ၊ တုတ်က ကောင်းပြီး

www.burmeseclassic.com

www.burmeseclassic.com


လူကညံ့နေတာ၊ ဟိုဒင်း ဟိုပုံလို၊ ဘာတဲ့ ဥဒုမ္ဗရဒေဝီဆိုတာ နိုင် ကြားဖူးလား"

ကျွန်တော်က ခေါင်းခါပြ၏။

"ဟိုး...ရှေးရှေးတုန်းက ငပေါတစ်ကောင်ပေါ့ကွာ၊ တက္ကသိုလ်ပြည်ကို ရောက်သွားတယ်၊ တက္ကသိုလ်ပြည်ဆိုတာ တက္ကဆီလာကိုပြောတာ၊ တက္ကဆီလာ ဆိုတာ ဘာရတဝါသက ဂန္ဓာရတိုင်းမှာရှိတာ၊ ဘိုးဘိုးလည်း ရောက်ဖူးတယ်"

"ဘိုးဘိုးက တက္ကသိုလ်ပြည် ရောက်ဖူးတယ်"

"ရောက်ဖူးတာပေါ့၊ ဘိုးဘိုး မက်ဆိုပိုတေးမီးယားက အပြန်တုန်းက"

တက္ကသိုလ်ပြည်သို့ ရောက်ဖူးသည်ဆိုသော ဘိုးဘိုးကြီးအား ကျွန်တော်က တအံ့တသြ ကြည့်မိသည်။

"မက်ဆိုပိုတေးမီးယားကနေ တက္ကသိုလ်ပြည်ကို ဘိုးဘိုးဘယ်လိုလုပ် ရောက်သွားသလဲ"

"မက်ဆိုပိုတေးမီးယားကနေ တို့ မြန်မာပြည်ကို ချက်ချင်းမပြန်ရ သေးဘူးကွာ၊ ကရာချီမှာခဏနေကြရသေးတယ်၊ အဲဒီကနေ နော့(သ်)ဝက်စ်ဖရန် တီယာလို့ခေါ်တယ်၊ အဲဒီက ပက်ရှိဝါကို တို့သွားရတယ်၊ သောက်ကျိုးနည်းကွာ၊ ဝါဇီရီဆိုတဲ့ ကောင်တွေ ထချလို့ အင်္ဂလိပ်ကောင်တွေ မျက်လုံးပြူး၊ မျက်ဆံပြူး ဖြစ်ကုန်တာပေါ့၊ အာဖဂန်တွေနဲ့လည်း ချရသေးတယ်၊ အဲ အဲဒီတုန်းက ဘိုးဘိုး တက္ကသိုလ်ပြည်ကို ရောက်သွားတာ"

ကျွန်တော် ဘိုးဘိုးကြီးက လျှာဦးတည့်ရာ ပြောကောင်းကောင်းနှင့် ပြော နေသောကြောင့် သူ့မူလဆိုလိုရာအကြောင်းကို မေ့သွားပြီထင်၏။

ကျွန်တော်က သတိပေးရ၏။

"ဘိုးဘိုးပြောတဲ့ အိတ်က(စ်)သတ်တီဝမ်းနဲ့ ဟိုဒင်း ဘာဘာဒေဝီ၊ အဲဒါ ဘာပြောတာလဲ"

"အာ...အဟဲ၊ အဲဒါပေါ့၊ ခုနင်ကပြောတဲ့ ငပေါကို ဒိသာပါမောက္ခကြီးက သူ့သမီးနဲ့ ပေးစားလွှတ်လိုက်တယ်၊ သူ့သမီးက ဥဒုမ္ဗရဒေဝီလေ"

"ဟုတ်ကဲ့"

"ငပေါက ယောက္ခမကြီးကို ကြောက်လို့သာ ယူခဲ့ရတာ၊ မိန်းမကို ဟိုဒင်း...အဲ...ဟာဝါ"

ဘိုးဘိုးကြီးက အတန်ကြာ စကားရှာနေသည်။

"အဲအဲ မိန်းမကို ဘယ်လို၊ ဟိုဒင်း ချစ်ရကြိုက်ရမှန်းသိတဲ့ ကောင်းမျိုး

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပုံမပေါ်ဘူး၊ ဘိုးဘိုးက ဒါကြောင့် ဒီငနဲကို ငပေါလို့ခေါ်တာ၊ ယူဆီး”

ဘိုးဘိုးကြီးနှင့် စကားအများကြီး ပြောခဲ့ဖူးပြီဖြစ်သောကြောင့် ဘိုးဘိုးကြီး၏ “ယူဆီး”ကို ကျွန်တော် နားလည်ပြီ။ နားလည်လား၊ သိလားဟု အဓိပ္ပာယ်ရသည်။

ကျွန်တော်က “အိုင်ဆီး” ကြောင်း ခေါင်းညိတ်ပြ၏။

“ငပေါက ဥဒုမ္ဗရဒေဝီကိုခေါ်ပြီး သူ့တိုင်းပြည် ပြန်လာတယ်၊ လမ်းခရီး တောထဲမှာ ညရောက်တော့ မိန်းမကို ကျားကြောက်ရတယ်၊ ဆင်ကြောက်ရတယ်နဲ့ ဖြီးပြီး သစ်ပင်ပေါ်မှာတင်ထားတယ်၊ သူကတော့ အောက်ဆင်းပြီး ဆူးခက်တွေ ရှာပြီး သစ်ပင်ခြေရင်းမှာ စုပုံဝိုင်းထားလိုက်တယ်၊ ပြီးတာနဲ့ ငပေါက တစ်ချိုး တည်း လစ်တော့တာပဲ”

“ဟင် ဘာပြုလို့”

“မိန်းမ ဆင်းမလိုက်နိုင်အောင်လေ”

“ဟုတ်ဘူးလေ၊ သူက ဘာပြုလို့ လစ်ရတာလဲ”

ဘိုးဘိုးကြီးက သူ့ဘာသာသူ သဘောကျဟန် မျက်လုံးကြီးများပိတ် အောင် ရယ်နေသေး၏။

“မတန်လို့ နိုင်ရ၊ မတန်လို့”

“ခင်ဗျာ”

“မိန်းမက ဘုန်းရှိတယ်၊ ပြီးတော့ သိပ်ချောတယ်၊ ဘုရင်ကတော်ဖြစ်မယ့် မိန်းမ၊ ဒီ ငတိက ငပေါ၊ သူနဲ့ မတန်ဘူး၊ ဒါကြောင့် အကောင်းကို အကောင်းမှန်း မသိဘဲ စွန့်ပြေးတာ”

“အဲဒီမိန်းမ ဘာဖြစ်သွားသလဲ”

“တောကစားလာတဲ့ ရှင်ဘုရင်က တွေ့သွားလို့ နန်းတော်ထဲ ခေါ်သွားပြီး ရှင်ဘုရင်ကတော် လုပ်ပစ်လိုက်တာပေါ့၊ မိဖုရားကြီး ဖြစ်သွားတယ်”

“တကယ်”

“တကယ်၊ အဲဒီတုတ်တွေကလည်း ဥဒုမ္ဗရဒေဝီပဲ၊ ကမ္ဘာပေါ်မှာ အကောင်း ဆုံးတုတ်တွေ၊ ဟိုဆရာဝန်နဲ့ မတန်ဘူး၊ သူဘယ်လိုမှ ရိုက်လို့မရတာနဲ့ စိတ်ပျက်ပြီး လျှော့ဈေးနဲ့ ဘိုးဘိုးကြီးကို ရောင်းလိုက်တာ၊ ဘိုးဘိုးကြီးနဲ့တော့ ဖစ်(တ်)ပဲ၊ ဒီတုတ်ရပြီးမှ ဘိုးဘိုးကြီး ဟင်ဒီကက်(ပ်) လေးချက်ကျသွားတယ်၊ ဖလား နှစ်လုံးရတယ်”

www.burmeseclassic.com

www.burmeseclassic.com


ဟင်ဒီကက်(ပ်)ဆိုသည်ကို ကျွန်တော် နားမလည်သေးပါ။ ဖလားဆိုသည်က ဆုကိုပြောဟန်တူသည်။ ဖစ်(တ်)ဆိုသော စကားက အံကိုက်ဖြစ်သည်ဟု အဓိပ္ပာယ်ရသည်။

သြော်...အိတ်က(စ်)သတ်တီဝမ်းဆိုသည့် ဂေါက်တုတ်တွေက ဥဒုမ္ဗရဒေဝီ။ ဟိုဆရာဝန်က ငပေါ။ ဘိုးဘိုးကြီးက ရှင်ဘုရင်။

သြော်...ဘိုးဘိုးကြီးသည် သူ့ကစားစရာကြီးတွေကို ရှင်ဘုရင်က ဥဒုမ္ဗရဒေဝီကို မြတ်နိုးသကဲ့သို့ မြတ်နိုးပုံရသည်။

ကျွန်တော် ကိုယ်ချင်းစာတတ်ပါသည်။

မြတ်နိုးသောအရာကို ယုယုယယ ထားရသည်။

ကျွန်တော့် ပတ္တလားရွက်လေးတွေက ရွှေရောင်လက်ပြီး အလွန်လှပသည်။ ဤပတ္တလားရွက်လေးတွေ မပွန်းအောင် မပဲ့အောင် ကျွန်တော် အလွန်ဂရုစိုက်ယုယသည်။

ကိုယ်ချင်းစာမှုကြောင့် ဘိုးဘိုးကြီး၏ ကစားစရာများကို ကျွန်တော်က ရိုရိုသေသေ ယုယုယယ ဂရုစိုက် ကိုင်တွယ်သည်။

ဤအတွက် ဘိုးဘိုးကြီးက ကျွန်တော့်ကို ကျေနပ်သည်။

မည်မျှ ကျေနပ်သနည်းဆိုလျှင် တစ်နေ့၌ ကျွန်တော့ကို ဂေါက်ကွင်းဆီသို့ ခေါ်သွားသည်။

ဘိုးဘိုးကြီးနှင့် ဂေါက်ကွင်း လိုက်သွားမိသောကြောင့်

သြော်...ကျွန်တော်လည်း ကျွန်တော့် ဥဒုမ္ဗရဒေဝီကို တွေ့ရသည်။

တွေ့ရသည်၊ အင်း...ထင်သည်။

*

# အခန်း (၁၀)

တောင်ကြီး ဂေါက်ကွင်းကို တောင်တွေက ပတ်ပတ်လည် ဝိုင်းထားသည်။

အရှေ့ဘက်တွင် တောင်ချွန်းကြီးဆီမှ ဆက်၍ သွယ်လာသည့် တောင်မြင့်ကြီးရှိသည်။ တောင်မြင့်ကြီး၏ အခြေမှာက သစ်တောများ။ သစ်တောအစပ်တွင်က ဟိုပုံးဘက်သွားသော ကားလမ်း။

www.burmeseclassic.com

www.burmeseclassic.com



တောင်ဘက်မှာက သွယ်နိမ့်သော တောင်တန်းလေးတစ်ခု။ သည်တောင်တန်းကတော့ မထူ။ ကျောက်ထုတ် ကျောက်တူးထားသောကြောင့် ပေါ်နေသော နံရံနှင့် ကျောက်ဆောင် ကျောက်ဆွယ် ဖြူဖြူများကို မြေသားနီနီတွေနှင့် ရောလျက် တွေ့ရသည်။ ကျဲကျဲပေါက်နေသော ထင်းရှူးပင်များလည်းရှိသည်။ အဲသည်တောင်ဘက်တွင် ဆောက်လုပ်ဆဲ နှစ်ထပ်အဆောက်အအုံကြီး တစ်ခုကို တွေ့ရသည်။ နှင်းမြစန္ဒာပြောခဲ့သည့် ကောလိပ် အဆောက်အအုံကြီး ဖြစ်လိမ့်မည်။

အနောက်ဘက်မှာလည်း မမြင့်တမြင့် တောင်တန်းရှိနေပြန်သည်။ သည်တောင်တန်း နံရံမှာတော့ လူသွား ခြေလမ်းလေးများကို မြင်နိုင်သည်။ တောင်ခါးပန်းတွင် အိမ်လေးများလည်းရှိသည်။ တောင်ခြေတွင် ကားလမ်းတစ်ခုလည်း ရှိနေပြန်၏။ သည်ကားလမ်းက တောင်ဘက်သို့ ပြေးသွားပြီး တောင်ဘက်မှာ တောင်စွယ်နှင့် အနောက်ဘက်မှ တောင်တန်းတို့ဆုံရာ ထောင့်တွင်းသို့ ငုပ်ဝင်ပျောက်သွားသည်။

မြောက်ဘက်ကုန်းမြင့်ပြန့်ပြန့်ပေါ်မှာက ခေါင်မိုးနီနီနှင့် ဂေါက်ကလပ် အဆောက်အအုံရှိသည်။ သူနှင့် ယှဉ်ကပ်လျက် အနောက်ဘက်တွင် တောင်ကုန်းလုံးလုံးတစ်ခု ရှိနေသည်။ ဂေါက်ကလပ် တည်ရှိရာ ကုန်းမြင့်ပြန့်ပြန့်မှာ မူလက တောင်ကုန်းတစ်ခုပင် ဖြစ်ဟန်တူသည်။ အကြောင်းမူ တောင်ကြီး၊ ဟိုပုံးကားလမ်းမှ ခွဲထွက်လာသော မြေနီလမ်းသည် ကလပ်အဆောက်အအုံရောက်ရန် ကုန်းကို အတန်မော့၍တက်ရသောကြောင့် ဖြစ်လေသည်။

တောင်ဘက်သို့ မျက်နှာပြုထားသော ကလပ်အဆောက်အအုံရှေ့မှ ငုံ့ကြည့်လျှင် အောက်၌ အတန်ရှည်သွယ် ကျယ်ပြန့်သည့် စားပွဲခုံအပြင်ပမာ မြေအဆင့်ကို တွေ့ရသည်။ ဤမြေ ခုံပြင်အမြင့်၌ အတန်ကြီးမားသော ဂရင်းန်ဟု ခေါ်သည့် တွင်းစိန်ရာ မြက်နုခင်း ဗလီကွက်ကြီးတစ်ခုရှိသည်။

မြေခုံပြင် အမြင့်မှ တောင်ဘက်သို့ လည်းကောင်း၊ အနောက်ဘက်သို့ လည်းကောင်း လျှောဆင်းသွားသည့် ရှင်းထားသော ကွင်းရှည်ကြီးကြီးများ ရှိသည်။ ယင်းတို့ကား ဖဲယားဝေးဟုခေါ်သည့် ဂေါက်ရိုက်လှည့်လည်ရာ ကွင်းရှည် ကြီးများ ဖြစ်ကြသည်။

မော်လမြိုင်မှာ နေစဉ်က ဂေါက်ကွင်းကိုဖြတ်၍ ကျွန်တော်သွားဖူးသည်။ ဟိုမှာက ဂေါက်ကွင်းသည် အတန်မြေပြန့်သေးသည်၊ သည်မှာကတော့ ကုန်းလျှောများ၊ ကုန်းစောင်းများ၊ ကုန်းရိုးများပေါ်မှာ ဂေါက်ကွင်း ပြုလုပ်ထားကြ၏။

www.burmeseclassic.com

www.burmeseclassic.com


မည်သို့ဖြစ်စေ မြင်ကွင်းက ကျယ်ပြီး စိတ်လွတ်လပ်မှု ရှိသည်။ နွေဦးပင်ဖြစ်သော်လည်း သစ်ပင်များ၊ မြက်ပင်များက စိမ်းလန်းနေပြီး ရင်ကို အေးချမ်းသာယာစေသည်။

ဂေါက်ကလပ်တွင်းမှာရော၊ အပြင်မြေပြင်မှာပါ ဂေါက်သမားများနှင့် စည်ကားနေသည်။

လူတွေကလည်း အရွယ်စုံ။ ဘိုးဘိုးကြီးတို့လို အဘိုးကြီးတွေလည်း ပါသည်။ အဘိုးကြီး မဖြစ်တဖြစ် အရွယ်တွေနှင့် လူရွယ်လူလတ်တွေလည်း ပါသည်။ လူပျိုလူငယ်တွေလည်း ပါကြ၏။

အဝတ်အစားတွေကလည်း ရောင်စုံ။ အထူးသဖြင့် လူကြီးတွေနှင့် အဘိုးကြီးတွေကအရောင်နုနု လှလှလေးတွေ ရွေးဝတ်ကြသည်ထင်၏။ ကျွန်တော့် ဘိုးဘိုးကြီးကိုပင် ကြည့်ပါ။ ဦးထုပ်က အစိမ်းနုလေး။ စပို့ရှပ်အင်္ကျီလည်း အစိမ်းနုလေး၊ ဘောင်းဘီရှည်က အစင်းလေးတွေပါသည့် ညိုဝါနုနု၊ခါးပတ်မှာ ခေါက်သွင်းလျက် ခါးဘေးမှ ချထားသော မျက်နှာသုတ်ပဝါလေးကလည်း အစိမ်းနုလေး။

ဂေါက်ရိုက်ရန် စထွက်ရသောနေရာကို တီခုံဟုခေါ်သည်။ တီခုံဆိုသည်မှာ မြက်စိုက်မွေး၍ လွှမ်းပေးထားသော မြေခုံပြန့်ပြန့်ရှည်ရှည်တစ်ခု ဖြစ်သည်။ ဤမြေခုံပေါ်၌ တီဟုခေါ်သော ပလတ်စတစ် အချောင်းလေးကို စိုက်ရသည်။ ဤအချောင်းလေး၏ တစ်ဖက်ထိပ်က မြေတွင်းထိုးသွင်းနိုင်ရန် အချွန်ကလေးဖြစ်သည်။ အခြားတစ်ဖက်ထိပ်ကမူ ဂေါက်သီးလုံးတင်ရန် ခွက်သေးသေးလေးနှင့်တူသော ခေါင်းလေးရှိသည်။

ဂေါက်သမားလေးယောက်တစ်ဖွဲ့ အလှည့်ကျ ထွက်ကြရသည်။

မြေခုံမြင့်ကြီး၏အောက်ကွင်းရှည်ကြီးတွင် ဂေါက်သမားလေးဦးကစားနေ ကြသည်။ နောက်လိုက်ရမည့် အဖွဲ့မှတစ်ဦးက တီခုံပေါ်တွင် နေရာယူထားနှင့်သည်။ သူ့ရှေ့ တီခုံထက်စိုက်လျက်ရှိသော တီတံလေးပေါ်တွင် ဂေါက်သီးလုံး လေးက တင်လျက်။ သူကမူ စောင့်ရသည်ကို စိတ်မရှည်ဟန်ဖြင့် ကွင်းထဲမှ လူများကို ကြည့်လိုက်၊ သူ့သစ်သားတုတ်ကြီးကို လွှဲလိုက်၊ လေထဲတွင် အစမ်းရိုက် လိုက်နှင့် ဂနာမငြိမ်ဖြစ်နေသည်။

ကလပ်အဆောက်အအုံမှ တီခုံသို့ဆင်းလာချိန်၌ ဘိုးဘိုးကြီး၏လက်တွင်၌ ဝါးချောင်းလေးတွင် စက္ကူဖြူညှပ်ထားသော အလံလေးတစ်ခုပါသည်။ ကျန် ဂေါက်သမားများ၏ လက်တွင်လည်း အလံဖြူလေးတွေပါ၏။

www.burmeseclassic.com

www.burmeseclassic.com


တီခုံနားရောက်သောအခါ ဂေါက်အိတ်ကြီး၏ ဇစ်တပ်ဘေးခွဲအိတ်တွင်းသို့ ဘိုးဘိုးကြီးက အလံဖြူလေးကို တရိုတသေထည့်နေသည်။

အလှည့်ကျရန် စောင့်နေချိန်ဖြစ်သောကြောင့် ဘိုးဘိုးကြီးကို ကျွန်တော်က မေးကြည့်သည်။

"အဲဒီအလံလေးက ဘာလုပ်ဖို့လဲ ဘိုးဘိုး"

ဘိုးဘိုးကြီးက ဟက်ခနဲ တစ်ချက်ရယ်၏။

"အဟဲ၊ ဘိုးဘိုးကြီးသေရင် ဘိုးဘိုးကြီး မြေပုံပေါ်မှာ စိုက်ဖို့"

"အို"

"တကယ်သေမှာပြောတာ မဟုတ်ဘူး နိုင်ရ၊ ကစားရင်း အလကား အလကား သေရင်ပြောတာ"

"အလကား အလကား သေရင်"

ဘိုးဘိုးကြီးက ဘေးခွဲအိတ်တွင်းမှ အလံဖြူလေးကို ပြန်ထုတ်ပြ၏။

အလံဖြူလေးပေါ်တွင် "ဘိုးလွှမ်း"ဟု အမည်ရေးထားသည်။

"ဒီနေ့က တောနမင့်တ်နေ့၊ တောနမင့်တ်ဆိုတာ နိုင်နားလည်လား"

"ဟုတ်ကဲ့ ပြိုင်ပွဲ"

"အေး ပြိုင်ပွဲ၊ ပြိုင်ပွဲ ကစားနည်းတွေ အများကြီးရှိတယ်၊ စိတ်ဝင်စားအောင်လုပ်ထားတာပေါ့၊ ဒီနေ့ကစားနည်းကို ဆတ်ဒင်းဒက်သ် ကစားနည်း၊ အဲရုတ်တရက် ကောက်ကာငင်ကာ ကိစ္စချောတဲ့နည်း"

"ကောက်ကာ ငင်ကာ ကိစ္စချောတဲ့နည်း"

"အင်း...ဟုတ်တယ်၊ ဟင်ဒီကက်ပ် ဆိုတာကိုကော နိုင် နားလည်လား"

ကျွန်တော်က ခေါင်းခါပြသည်။

"ဟင်ဒီကက်ပ်ဆိုတာ အကျောပေးထားတာ၊ နိုင်မြအေးကို ကြားဖူးလား"

ကျွန်တော်က ခေါင်းညိတ်ပြ၏။

"မြအေးတို့က ပရို၊ ပရိုဆိုတာက သိပ်ကျွမ်းကျင်တဲ့လူ၊ သူ ဟင်ဒီကက်ပ်က သုည၊ ဂေါက်ဆယ့်ရှစ်ကျင်းရိုက်ရင် စုစုပေါင်း ၇၂ ချက်ရိုက်ရအောင် ဂေါက်ကွင်းတွေကို လုပ်ထားတာ၊ မြအေးတို့လိုပရိုက အကျောမရဘူး၊ ၇၂ ချက် အနည်းဆုံး ရိုက်နိုင်ရတယ်၊ ရိုက်စလူကို အကျော ၂၄ ချက်ပေးထားတယ်၊ သူက ၉၆ ချက်ရိုက်ရင် မြအေးနဲ့ သရေပဲ၊ အဲသူက ၉၅ ချက်ရိုက်နိုင်ရင် မြအေးကို

www.burmeseclassic.com

www.burmeseclassic.com


သူ နိုင်တာပဲ၊ ဘိုးဘိုးကြီးက ဟင်ဒီကက်ပ် ၁၄၊ အံမာ အစက ဘိုးဘိုးကြီးက ဟင်ဒီကက်ပ် နိုင်း ကိုး၊ ဆင်ဂယ်လ် ဟင်ဒီကက်ပါးခေါ်တယ်၊ သိပ်ဂုဏ်ရှိတာ၊ ဆင်ဂယ်လ် ဟင်ဒီကက်ပါးဖြစ်ဖို့ မလွယ်ဘူး၊ အခု အသက်ကြီးလို့ ကလပ်က ၁၄ ကို ပြန်ချပေးထားတာ။

"အား သဘောပေါက်ပြီ၊ ဘိုးဘိုးကြီးက ၈၆ ချက် ရိုက်နိုင်ရမယ်"

"ရိုက်တ်၊ အဲဒီလို ကိုယ့်သတ်မှတ်ချက်အတိုင်း ကိုယ်ရိုက်နိုင်တာကို ပါးရဲ ရိုက်နိုင်တယ်ခေါ်တယ်၊ ကိုယ့်စံအဆင့် ကိုယ်ရိုက်နိုင်တယ်လို့ ပြောတာ"

"ဟုတ်ကဲ့၊ အဲဒါနဲ့ ကောက်ကာငင်ကာ ကိစ္စချောတာ၊ အဲ... အဲဒါ ဘာလဲ"

"ခါတိုင်းကတော့ ပါးရဲရအောင်၊ ပါးရဲထက်နည်းအောင် ရိုက်ကြတာပဲ၊ ခုကစားနည်းမှာက ရိုက်သွား၊ ကိုယ့်ပါးရဲအကုန်နောက်ဆုံး ဂေါက်သီးကျတဲ့နေရာ ဟာ ကိုယ်သေတဲ့ ကိုယ့်မြေပုံပဲ၊ အဲဒီ နေရာလေးမှာ အလံလေး စိုက်ထား၊ နောက်က လိုက်လာတဲ့ လူတွေက ဘယ်သူတော့ ဒီနေရာမှာ သွားရှာလေပေါ့၊ အဲဒီလို ပြောကြတယ်"

ဘိုးဘိုးကြီးသည် မျက်လုံးများ ပိတ်အောင် ရယ်နေပြီးမှ သူ့အဖွဲ့ဝင်များ ဘက်သို့ လက်ညှိုးထိုးပြ၏။

သူ့အဖွဲ့တွင် သူ့ထက်ငယ်သော အဘိုးကြီးတစ်ဦးနှင့် လူရွယ်နှစ်ဦး ပါသည်။

ဘိုးဘိုးကြီးက ကျွန်တော့်ကို လေသံနှင့် တိုးတိုးပြော၏။

"သူတို့အားလုံး ဘိုးဘိုးကြီးထက် ငယ်တယ်၊ ဒါပေမဲ့ မယုံကြည့်၊ သူတို့အရင်ကိစ္စချောမှာ၊ ဘိုးဘိုးကြီးက အသက်ပြင်းတယ်"

ဘိုးဘိုးကြီးက အလံဖြူလေးကို ဘေးခွဲအိတ်တွင်း ပြန်ထည့်၏။

"ဘိုးဘိုးကြီး ...ဘိုးဘိုးဦးစံဖေက ဒီနေ့ ဘိုးဘိုးကြီးနဲ့ မရိုက်ဘူးလား"

ဦးစံဖေမှာ ဘိုးဘိုးကြီးကို နေ့စဉ် ဂေါက်ကွင်းသွားရန် ကားနှင့် လာခေါ်သော ဘိုးဘိုးကြီး၏ဘော်ဒါကြီးဖြစ်သည်။

"အပျော်ရိုက်ကြရင်သာ ကိုယ့်မိတ်ဆွေနဲ့ကိုယ် ရိုက်တာ၊ ပြိုင်ပွဲဆိုရင် တွဲချင်တဲ့သူနဲ့ မတွဲရဘူး၊ ကော်မတီက တွဲပေးတဲ့ လူတွေနဲ့သာ ရိုက်ရတယ်၊ ဂေါက်ရိုက်တယ်ဆိုတာ စည်းကမ်းကြီးတယ်"

ဘိုးဘိုးကြီးက ပြောရင်းက သတိရဟန်ဖြင့် သူ့ပါးစပ်နား လက်ညှိုး

www.burmeseclassic.com

www.burmeseclassic.com



ထောင်ပြ၍ မှာကြားသည်။

"ဂေါက်ရိုက်လှည့်ရင်း စကားမပြောရဘူး၊ ချောင်းမဆိုးရဘူး၊ နှာမချေရဘူး၊ ရိုက်နေတဲ့သူတွေရှေ့က လျှောက်မသွားရဘူး"

"ဘာပြုလို့"

"ရှိုးရှိုးလျှောက်နေရင်းတော့ ရပါတယ်လေ၊ ဒါပေမဲ့ တစ်ယောက်ယောက်က ရိုက်တော့မယ်လို့ ချိန်နေပြင်နေရင် ငြိမ်ငြိမ်လေး နေပေးရတယ်၊ ချောင်းတောင်မဆိုးရဘူး၊ ဖြစ်နိုင်ရင် အသက်တောင် အသံထွက်အောင် မရှူနဲ့၊ မှတ်ထားနော်"

"ဟုတ်ကဲ့"

"ဘိုးဘိုးကြီးရိုက်လိုက်တဲ့ ဂေါက်သီး ဘယ်နေရာကျတယ်ဆိုတာလည်း သေသေချာချာမှတ်ထား၊ ဂေါက်သီးပျောက်ရင် ဂေါက်သီးသာဆုံးတာမဟုတ်ဘူး၊ နှစ်ချက်ပေးရတယ်၊ သေရော"

"ဟိုထမ်းတဲ့ ကောင်လေးတွေက ကြည့်မထားဘူးလား"

"သူတို့လည်း ကြည့်တာပေါ့၊ နိုင်လည်း ကြည့်ပေး၊ မျက်လုံးနှစ်လုံးတိုးတော့ ပိုကောင်းတာပေါ့"

"ဟုတ်ကဲ့"

ကျွန်တော်တို့အဖွဲ့ ထွက်လှည့်ကျသောအခါ လေးယောက်တွင် ဘိုးဘိုးကြီးက နောက်ဆုံးမှ ရိုက်ရသည်။

ဘိုးဘိုးကြီးက ကျွန်တော့်နားအနီးကပ်၍ တိုးတိုးပြော၏။

"ဘိုးဘိုးကြီး နောက်ဆုံးမှ ရိုက်ရတာ သိလား"

"ဟင့်အင်း"

"ဘိုးဘိုးကြီး ဟင်ဒီကက်ပ်က အကောင်းဆုံးမို့"

"ခင်ဗျာ"

ဂေါက်မှာက စည်းကမ်းရှိတယ်၊ တော်တဲ့လူက နောက်ဆုံးမှ ရိုက်ရတယ်၊ ဟင်ဒီကက်ပ်ကောင်းတဲ့လူဟာ တော်သူပေါ့၊ ရှူး ရိုက်တော့မယ်၊ စကားမပြောနဲ့"

ကျန်သုံးဦး ရိုက်ပြီးသောအခါ ဘိုးဘိုးကြီးက တီခုံပေါ်တက်၍ ကျကျနန နေရာယူသည်။

အဖွဲ့တွင်းမှ လူငယ်တစ်ဦးက ပြော၏။

"အန်ကယ်လ်၊ ကဗျာလေးရွတ်ပြပါဦး"

"နိုးနိုး၊ နေရာမဟုတ်ဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com


ဘိုးဘိုးကြီးက ခြေကား၍ ရပ်သည်။ ထို့နောက် သစ်သားတုတ်ကြီးကို ကိုင်၍ ရှေ့ကိုကုန်းသည်။ တင်ပါးကြီးကနောက်သို့ ထွက်နေ၏။ ဗိုက်ကြီးက ရှေ့မှာ ဖောင်းနေ၏။ လက်ကြီးတွေကလည်း တိုတိုတုတ်တုတ်ကြီးတွေ။

ရိုက်ချရမည့် ဖဲယားဝေးကွင်းရှည်ကြီးဆီ ဘိုးဘိုးကြီးက တစ်ချက်ကြည့်၏။ ထို့နောက် ခေါင်းကို ငြိမ်ငြိမ်ထားပြီး ဂေါက်သီးလုံးလေးကို ကမ္ဘာ့ဗဟိုချက်ရှုသည့်နှယ် ခေတ္တစိုက်ကြည့်နေသေး၏။ ထို့နောက် ဂေါက်တုတ်ကြီးကို လွှဲသည်။

လူငယ်တွေလွှဲစဉ်က ခါးလေးတွေ ပျော့ပျော့ပျောင်းပျောင်းလည်း လှည့်သွားသည်ကို တွေ့ရသည်။ ဘိုးဘိုးကြီးကျတော့ ဗိုက်လုံးလုံးကြီးသာ လည်သွား၏။

ဂေါက်သီးကို ရိုက်လွှတ်ပြီးသောအခါ လူငယ်တွေကျတော့ ရှေ့သို့ ခါးပြန်လည်သွားပြီး တုတ်ကို ထမ်းလျက်ကြော့ကြော့ကော့ကော့ စတိုင်ကျကျ ကျန်ရစ်သည်။ ဘိုးဘိုးကြီးကျတော့ ခြေကားရား လက်ကားရားနှင့် ပုံပျက်ပန်းပျက်ကြီး ကျန်ရစ်၏။

ဘိုးဘိုးကြီး၏ ဂေါက်သီးလုံးသည် တည့်တည့်မထွက် ရိုက်ကွင်းရှည်ကြီး၏ ဘယ်ဘက်ဘေးမှ မြေရိုင်းမြေကြမ်းများဆီသို့ စွေစောင်း၍ ထွက်သွား၏။

ကျွန်တော်က စိုးရိမ်တကြီးနှင့် ဂေါက်သီးသွားနေသည်ကို ကြည့်၏။ ဘိုးဘိုးကြီးကလည်း မျက်လုံးပြူးလျက် ကြည့်နေ၏။

ဂေါက်သီးလုံးသည် ဘယ်သို့ စွေစောင်း သွားနေရာမှ ညာဘက်သို့ ပြန်ဝေ့ဝိုက်ဝင်လာပြီး ဖဲယားဝေး မြက်ခင်းပေါ်မှာ ကျ၏။

သည်တော့မှ သက်ပြင်းကြီးချပြီး ဘိုးဘိုးကြီး၏မျက်နှာပြုံးလာ၏။

စောစောတုန်းက ပါးစပ်ကို လက်ဝါးနှင့်ပိတ်၍ ရယ်ချင်မှုကို အောင့်ထားရဟန်တူသူ လူရွယ်တစ်ဦးက ယခုမှ မျက်နှာချိုချိုနှင့် ပြော၏။

"အန်ကယ်ကြီးရိုက်ပုံက ပညာပါပါပဲ"

"အေး ဝါရင့်ပြီကိုးကွ"

တီခုံမှ ဖဲယားဝေး ကွင်းတွင်းသို့ ဆင်းလာကြသောအခါ ကွတကွတနှင့် ဘိုးဘိုးကြီးက နောက်ဆုံးမှ ဖြစ်လေသည်။

ဘိုးဘိုးကြီးက ကျွန်တော့်ကို ပညာပေး၏။

"စောစောတုန်းက ဘိုးဘိုးကြီးက စလိုက်စ်နဲ့ ရိုက်တာ"

"စလိုက်စ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ဘယ်ထွက်ပြီးမှ ညာပြန်ဝင်လာတာကို စလိုက်စ်လို့ ခေါ်တယ်၊ ညာထွက်ပြီးမှ ဘယ်ကိုပြန်ဝင် လာတာကိုတော့ ဟွတ်ခ်လို့ခေါ်တယ်၊ စလိုက်စ် ထွက်အောင်၊ ဟွတ်ခ် ထွက်အောင်ခြေထောက်အနေအထား၊ လက်ကိုင်ကို ဆုပ်ထားပုံ ဆုပ်ထားနည်း၊ လိုသလိုပြုပြင် စီရင်တတ်ရတယ်"

"ဘာပြုလို့ တည့်တည့် မရိုက်တာလဲ"

"တည့်တိုင်း မကောင်းဘူး၊ ကြည့်...ဒီ ဖဲယားဝေးက ဒေါ့လက်ဂ်ကြီး"

"ဒေါ့လက်ဂ်"

"ခွေးခြေထောက် ခွေးခြေထောက်၊ ဖဲယားဝေးကြီး ခွေးခြေထောက်လို ကောက်နေတာကို ပြောတာ၊ ဘယ်ဘက်ကို ကောက်သွားတယ်၊ ကောက်နေတဲ့ ထောင့်ချိုးနားမှာ ဂေါက်သီးကျရင် ဒုတိယအချက် ဖြတ်ရိုက်တဲ့အချိန်မှာ လွယ်တယ်"

"ကျချင်တဲ့နေရာဆီ တည့်တည့်ရိုက်လွှတ်လို့ မရဘူး"

ဘိုးဘိုးကြီးက ရယ်ပြီး သီချင်းဆိုပြ၏။

"ဖြစ်ချင်တာလဲ မဖြစ်ရပါ၊ မဖြစ်ချင်တာလဲ ဖြစ်ရတာ၊ အဲ...ဘဝသံသရာ သီချင်း"

"အား အင်း အင်း"

"ဂေါက် ရိုက်ရတာကလဲ ဘဝလိုပဲ၊ တည့်တည့်ရိုက်မှ ကောက်ချင် ကောက်သွားတာ၊ ပြီးတော့တည့်တည့်ရိုက်ဖို့က အခက်ဆုံးပဲ၊ ကောက်ကောက် ရိုက်တာက အလွယ်ဆုံးပဲ၊ ဒါကြောင့် ဘိုးဘိုးကြီးက အန္တရာယ်ရှိတဲ့ဘက် တမင်ချိန်တယ်၊ သတ္တိတော့ ရှိဖို့ လိုတယ်နော်၊ ပြီးတော့ ကျွမ်းလည်း ကျွမ်းကျင်ရတယ်၊ အဲ...အန္တရာယ်ထဲ တည့်တည့်ချိန်ပြီး ကောက်ကောက်ရိုက်လိုက်တော့ ဟော မြင်လား၊ လိုချင်တဲ့နေရာရောက်နေပြီ၊ အဲဒါ ပညာ၊ ဂေါက်ကို ပညာနဲ့ ရိုက်ရတယ်"

ဖဲယားဝေးထဲတွင် ဘိုးဘိုးကြီး၏ ဂေါက်သီးမှာ နောက်ဆုံးမှ ဖြစ်နေ၏။

ဘိုးဘိုးကြီး၏ ဂေါက်ထမ်းသမားလေးက ဂေါက်သီးနားတွင် ဂေါက်အိတ် ကြီးနှင့် စောင့်နေ၏။

ဘိုးဘိုးကြီးက အမိန့်ပေး၏။

"အိုင်းယင်း ဖိုးပေးဟေ့"

အိုင်းယင်းဖိုး ဆိုသည်မှာ သံတုတ်နံပါတ်လေးကိုပြောမှန်း ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com


သိ၏။

ဖဲယားဝေးသည် ဘိုးဘိုးကြီး ပြောသကဲ့သို့ ခွေးခြေထောက်ကဲ့သို့ ကောက်နေသည်။ ကောက်သွားသော တစ်ဆစ်ချိုး၏ အဆုံးတွင် အလံစိုက်ထားသည့် မြက်ခင်းပြင်စိမ်းစိမ်းလေးကို လှမ်းမြင်ရသည်။

ဘိုးဘိုးကြီးက သံတုတ်နံပါတ်လေးနှင့် ရိုက်သည်။ ဂေါက်သီးသည် မြက်ခင်းစိမ်းဆီသို့ တည့်တည့်ထွက်သွားပြီး အစပ်၌ ကျ၏။

"အင်း ဒီလောက်ဆိုတော်ပြီ နိုင်ရ၊ ဖြစ်ချင်တာကတော့ ဖတ်ဆိုကပ်နေတာ"

"ဖတ်ဆို ကပ်နေတာ"

"သံတုတ်ဆိုတာ နံပါတ်ကြီးလေ တိုလေပဲ၊ တိုလေ တိကျလေပဲ၊ မြောက်မြောက်လည်းသွားတယ်၊ ဒီလောက်အဝေးဆိုရင် ဘိုးဘိုးကြီးငယ်ငယ်က အိုင်ယင်းဆဲဗင်းနဲ့ ရိုက်တာ၊ မြောက်သွားပြီး ဂရင်းန့်ပေါ်က အလံတိုင်နားကျပြီး ဖတ်ဆိုကပ်နေတာ"

ဘိုးဘိုးကြီးတို့အဖွဲ့မှ လူရွယ် တစ်ယောက်ရိုက်သည်မှာ မြောက်သွားပြီး မြက်ခင်းပေါ်မှာ ဖတ်ဆိုကပ်နေ၏။ ကျန်နှစ်ဦး၏ ဂေါက်သီးများကား ဘိုးဘိုးကြီး၏ ဂေါက်သီးကဲ့သို့ပင် မြက်ခင်းပေါ်မရောက်။ အစပ်မှာသာ ရှိနေကြ၏။

အစပ်မှာ ဂေါက်သီးရှိနေသူတွေ မြက်ခင်းပေါ် ရောက်အောင် တင်ကြသည်။ ကျန်နှစ်ဦး တင်ကြသည်မှာ ဝက်ချ်ဟု ခေါ်သော အတိုဆုံး သံတုတ်ဖြင့် ဖြစ်ကြသည်။ ဂေါက်သီးလုံးလေးတွေက မြောက်ပြီး မြက်ခင်းပေါ်တော့ ရောက်ကြပါ၏။ တွင်းအနီး မကပ်ကြ။

ဘိုးဘိုးကြီးက မြက်ခင်းကို သေသေချာချာ ရှုကြည့်စစ်ဆေးနေသည်။

မြက်ခင်းက အနည်းငယ် မို့မို့မြင့်မြင့်လေး ဖြစ်၏။

ဘိုးဘိုးကြီးက သံတုတ်ခုနစ်ကို ယူသည်။ ခြေဖဝါးနှစ်ခုကို ခပ်နီးနီးယှဉ်၍ ချထားသည်။ ဂေါက်သီးကို ဖဝါးနှစ်ခု၏ ဗဟိုတည့်တည့်ရှေ့တွင် ထား၏။ သံတုတ်ခုနစ်နှင့် စိတ်ရှည်လက်ရှည် ချိန်၏။

ဘိုးဘိုးကြီး ချိန်နေသည်က ကျန်လူတွေထက် ကြာ၏။

ဘိုးဘိုးကြီးက သံတုတ်အရွက်ကို အလွန်ညင်သာစွာ နောက်သို့ဆွဲပြီး အလွန်ညင်သာစွာပင် ရှေ့သို့ရိုက်လိုက်၏။

ဂေါက်သီးလေးသည် မြောက်ပြီး လေထဲတွင် ခရီးတစ်ဝက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်ခရီးတစ်ဝက်ကို မြက်ခင်းပေါ်တွင် လိမ့်လျက်သွား၏။

ဂေါက်သီးလေးသည် တွင်းဆီသို့ ဖြောင့်ဖြောင့်လေး လိမ့်သွား၏။

ကျွန်တော်က ရင်ဖို၍ ကြည့်နေသည်။ တလိမ့်…လိမ့်…လိမ့်။

မြတ်စွာဘုရား၊ ဘိုးဘိုးကြီး တော်လှပါတကား။

ဂေါက်သီးလေးက လိမ့်ပြီး ကျင်းထဲသို့ ဝင်သွား၏။

သူ့အဖော်တွေက လက်ခုပ်တီးကြသည်။

မြက်ခင်းစပ်တွင်ကား ဘိုးဘိုးကြီးက ဖိုးဝရုပ်ကြီး ကသကဲ့သို့ ခုန်ဆွ ခုန်ဆွ လုပ်နေ၏။ ပါးစပ်ကလည်း အော်သေး၏။

"ဘတ်ဒီ ဘတ်ဒီ"

ဘတ်ဒီဆိုသည် ဘာမှန်း ကျွန်တော်မသိ။ သို့ရာတွင် ဘိုးဘိုးကြီး ပျော်သဖြင့် ကျွန်တော်လည်း ပျော်၏။

"ဘိုးဘိုးကြီး၊ အဲဒါ ဘာဖြစ်သွားတာလဲ"

"ဘတ်ဒီ ရတာ"

"ဘတ်ဒီ"

"ရှူး စကားမပြောနဲ့တော့၊ သူတို့ပတ်တော့မယ်"

မြက်ခင်းပေါ်မှ လူသုံးယောက်သည် ပတ်တာဟုခေါ်သော တွင်းစိန်တုတ်ကိုယ်စီ ကိုင်ထားကြသည်။ တွင်းစိန်တုတ်သည် အတိုဆုံးတုတ်ဖြစ်သည်။ တုတ်အဆုံးတွင် သံအရွက်မဟုတ်ဘဲ သံတုံးတပ်ထားသည်။ သံတုံး၏မျက်နှာပြင် ကညီပြီး တည့်မတ်သည်။ ပုံသဏ္ဌာန်ကတော့ မျိုးစုံ။ အချို့က ကြေးစည် အသေးစားလေးနှင့် တူသည်။ အချို့က ကျင်တွယ်ကဲ့သို့ ဖြောင့်ဖြောင့်ရှည်ရှည်။ အချို့က အနားတစ်ဖက်ကို ဖြောင့်ဖြောင့် လှီးထားသော ဘဲဥပုံ။

မြက်ခင်းပေါ်၌ တွင်းနှင့်အဝေးဆုံး ဂေါက်သီးရောက်နေသူက စ,တွင်းစိန်ရသည်။ ထိုအခါ ကျန်သူများက ငြိမ်ငြိမ်လေး ရပ်နေကြရသည်။

ကျွန်တော်လည်း အသက်ပြင်းပြင်း မရှူဘဲ ဘိုးဘိုးကြီးနှင့်အတူ မြက်ခင်းဘေး ခပ်လှမ်းလှမ်းမှ ကြည့်နေ၏။

ကျန်လူနှစ်ဦးက နှစ်ချက်စီသွင်းမှ တွင်းဝင်သွား၏။

စောစောက နှစ်ချက်တည်းဖြင့် မြက်ခင်းပေါ်၌ ဂေါက်သီးဖတ်ဆိုကပ်နေသူက တွင်းနှင့်အနီးဆုံးဖြစ်သောကြောင့် နောက်ဆုံးမှ တွင်းစိန်သည်။

သူက ဂေါက်သီးလုံးအနောက်တွင် ဒူးထောက်ထိုင်ပြီး တွင်းဆီကြည့်

www.burmeseclassic.com

www.burmeseclassic.com


သည်။ တစ်ဖန် တွင်းဘက်သွားပြီး တွင်းမှနေ၍ ဂေါက်သီးဆီကြည့်သည်။

သူ့ကြည့်ရသည်မှာ သေရေးရှင်ရေးကိစ္စတစ်ခုကို ပြုလုပ်ရတော့မည်ကဲ့သို့ အသေအချာ ဂရုစိုက်နေဟန် ပေါ်နေ၏။

ဘိုးဘိုးကြီးက ကျွန်တော့်နားကပ်၍ တိုးတိုးပြောသည်။

"သူလည်း ဘိုးဘိုးကြီးလို ဘတ်ဒီရအောင် ကြိုးစားနေတာ"

အချိန်ယူ၍ အတန်ကြာ မြက်ခင်းကို လေ့လာနေပြီးမှ လူရွယ်သည် ဂေါက်သီးနောက်ရပ်လျက် တွင်းစိန်ရန် ချိန်သည်။

တွင်းစိန်တုတ်ဖျား သံတုံးလေးသည် နောက်သို့ သုံးကြိမ်မျှ ညင်သာစွာ လွှဲရမ်းနေပြီးမှ ဂေါက်သီးလုံးကို ရိုက်လိုက်၏။

ဂေါက်သီးလုံးနှင့် တွင်းမှာ လေးပေမျှသာ ဝေးသည်။

ဂေါက်သီးလုံးလေးက တွင်းဆီတည့်တည့်လိမ့်သွားသည်။

သို့ရာတွင် အရှိန်ကုန်သွားပြီး တွင်းနှုတ်ခမ်းမှ လက်သန်းတစ်လုံးအလိုတွင် ရပ်သွား၏။

လူရွယ်က ကျိတ်မနိုင် ခဲမရဟန်ဖြင့် လေကို လက်သီးနှင့် ထု၏။

ထိုနောက်မှ မရယ်မပြုံးနိုင်သော မျက်နှာဖြင့် ဂေါက်သီးလုံးလေးကို တွင်းထဲသို့ ခေါက်သွင်းလိုက်၏။

ဘိုးဘိုးကြီးက ဝေဖန်သည်။

"မောင်ညွန့်လှိုင်က ဂရုစိုက်လွန်းအားကြီးတာကိုး၊ အဲဒီလောက် အဝေး ဆိုရင် ရဲရဲရိုက်သွင်းရတယ်"

လူရွယ်ကတော့ ပြန်မပြော။ ဘိုးဘိုးကြီးထက်ငယ်သော အဘိုးကြီးက ပြော၏။

"ဂေါက်ရိုက်တာက ရည်းစားထားသလိုပဲ၊ နတ်ကြီးတယ်၊ နီးလေ၊ ကြောက်လေ၊ ဒူးတုန်လေပဲ"

သည်တော့မှ အားလုံး ရယ်ကြသည်။

မြက်ခင်းပြင်မှ ထွက်လာကြစဉ် ကျွန်တော်က မေးသည်။

"သူ ဘာဖြစ်သွားတာလဲ ဘိုးဘိုး"

"သူ ဘတ်ဒီမရဘဲ ဘွတ်ဂီပဲ ဖြစ်သွားတယ်"

"ခင်ဗျာ"

"ဒီဂရင်းန်က လေးချက်ဂရင်းန်၊ လေးချက်နဲ့ တွင်းထဲဂလောက်ဆိုကျ

www.burmeseclassic.com

www.burmeseclassic.com


အောင် ကြိုးစားရတာ၊ လေးချက်ရတာကို ဘွတ်ဂီလို့ခေါ်တယ်၊ လေးချက်တွင်းမှာ သုံးချက်နဲ့ ပြီးတာကို ဘတ်ဒီလို့ခေါ်တယ်၊ ဘိုးဘိုးကြီးလိုလေ၊ သူလည်း ဘတ်ဒီ သွင်းတာ လွဲသွားရှာတယ်၊ အဲဒါမျိုးဆို ငိုချင်တယ်နိုင်ရ"

မြက်ခင်းနှင့် မနီးမဝေးမှာက ထင်းရှူး တောအုပ်လေး ရှိသည်။

ဂေါက်ရိုက်မည့်သူများက အမှတ်(၂) တီခုံဆီ သွားကြ၏။ ကယ်ဒီဟုခေါ်သော ဂေါက်အိတ်ထမ်းသမားလေးများက ထင်းရှူးတောအုပ်လေး၏ အနောက်ဘက်ထိပ်တွင် နေရစ်ကြသည်။

သည်တစ်ခါ တီခုံထက်တွင် ပထမဆုံး ရိုက်သူမှာ ဘိုးဘိုးကြီးဖြစ်၏။

ဘိုးဘိုးကြီးသည် သစ်သားတုတ်ကြီးနှင့် မရိုက်ဘဲ သံတုတ်နှင့်သာ ရိုက်သည်ကိုလည်း တွေ့ရ၏။

ဘိုးဘိုးကြီး၏ ဂေါက်သီးက ဝေးဝေးသို့ သိပ်မရောက်။ ထင်းရှူးတောလေး၏ တစ်ဖက်ထိပ်အလွန် ဖဲယားဝေးထဲ၌ သာကျ၏။

သူ ရိုက်ပြီးနောက် ဘိုးဘိုးကြီးက ကျွန်တော့်ဆီ ကပ်လာ၏။

ကျွန်တော်က တိုးတိုးပင် မေး၏။

"ဘိုးဘိုးကြီးက ဘာလို့ သစ်သားတုတ်နဲ့ မရိုက်တာလဲ"

"တီခုံက ထွက်တာနဲ့ သစ်သားတုတ်နဲ့ပဲ ရိုက်ရမယ်လို့ တစ်ထစ်ချ မှတ်မထားရဘူး၊ ဦးနှောက်သုံးရတယ်၊ ဖဲယားဝေးကြီးကိုကြည့်၊ တွေ့တယ်မဟုတ်လား၊ တစောင်းကြီး"

သည်တော့မှ ကျွန်တော်သတိထားမိသည်။

အမှတ် (၂) ဖဲယားဝေးကြီးက တောင်စောင်းတစ်လျှောက်၌ ဖောက်ထားသည်။

ထင်းရှူးတောလေးရှိရာ မြောက်ဘက်ဆီမှ ကုန်းသည် တောင်ဘက်သို့ လျှောဆင်းနေ၏။ တောင်ဘက်အောက်ခြေ၌ လျှိုလေးတစ်ခုဖြစ်နေပြီး ချုံတွေ အပင်တွေနှင့် ရှုပ်နေ၏။ ကုန်းစောင်းသည် အရှေ့မှ အနောက်သို့ ပြေးနေပြီး တစ်နေရာတွင် ပြတ်သွားကာ ဟိုးအောက်ခြေ၌ မြေပြန့်ရှိနေ၏။

စောစောက ဘွတ်ဂီရသော လူရွယ်က သစ်သားတုတ်ကြီးနှင့် ရိုက်၏။

သူ့ဂေါက်သီးက အဝေးကြီးပြေးသည်။ ဖဲယားဝေးကြီး၏ ဗဟိုတွင် ကျသည်။ သို့ရာတွင် မြေမာနှင့်ထိ၍ ထောက်ခုံပြီး လျှိုတွင်းသို့ လိမ့်ဆင်းသွား၏။

လူရွယ်က အော်သည်။

www.burmeseclassic.com

www.burmeseclassic.com


"သွားပြီ၊ သွားပြီ ဟော့ကောင် လိုက်ပါဟ"

ထင်းရှူးတောထိပ်မှ သူ့ကယ်ဒီ ကောင်လေးသည် အိတ်ကြီး တစ်ဖက် ထမ်းလျက်နှင့် ကုန်းစောင်းအတိုင်း ဂေါက်သီးနောက် ပြေးလိုက်သည်။

"သူကယ်တော့ ဗလ အားကိုးတယ်၊ ဘိုးဘိုးကြီးက အသက်ကြီးလာတော့ ဉာဏ်အားကိုးတယ်၊ ဒီဖဲယားဝေးမျိုးမှာက ပြေးဖို့ထက် ဂေါက်သီးက ဖဲယားဝေးထဲမှာတွင် နေဖို့ အရေးကြီးတယ်၊ လျှိုတွေ၊ ချောက်တွေ၊ မြေကြမ်းတွေ ထဲကျသွားရင် ဒုတိယချက်ရိုက်ဖို့ မလွယ်တော့ဘူး၊ ဟိုးရှေ့မှာ ကုန်းဆင်းကြီး မြင်လား၊ ဒုတိယအချက်ကို ဘယ်လိုရိုက်ရိုက် အဲဒီကုန်းဆင်းတော့ ကျော်တာပဲ၊ ကျော်ရင် မဟာပထဝီမြေကြီးက သူ့ဘာသာသူ ဆွဲခေါ်သွားလိမ့်မယ်၊ အန္တရာယ် မရှိဘဲ ဂရင်းနား ရောက်သွားမယ်၊ ပြီးတော့ ဒီဂရင်းန်က ပါဖိုက်ငါးချက်ဂရင်းန်၊ သုံးချက်နဲ့ ဂရင်းန်ပေါ်ရောက်ရင် ပြီးတာပဲ၊ လောဘကြီးဖို့ မလိုဘူး"

ကျန်နှစ်ယောက်ကလည်း သစ်သားတုတ်ကြီးများနှင့်ပင် ရိုက်သည်။ တစ်ယောက်၏ ဂေါက်သီးက လူရွယ်ဂေါက်သီးနောက်လိုက်၍ လျှိုတွင်းဆင်းသည်။ ဘိုးဘိုးကြီးထက်ငယ်သော အဘိုးကြီး၏ ဂေါက်သီးက ဝဲလည်ပြီး ညာဘက်တွင်ရှိသော ထင်းရှူးပင်တွေကြားကျ၏။

တီခုံမှ ဘိုးဘိုးကြီး တစ်ဦးသာ ဣန္ဒြေရရ ကွတကွတ လျှောက်လာသည်။ ကျန်လူများက သူတို့ ဂေါက်သီးတွေရှိရာသို့ စိုးရိမ်တကြီး သွက်သွက် လျှောက်သွားကြ၏။

"ဒီတစ်ခါတော့ ဘိုးဘိုးကြီးက ဘာဖြစ်လို့ ပထမဆုံး ရိုက်ရတာလဲ"

"အဲဒါ အော်နာရတာ"

"ခင်ဗျာ"

"အော်နာ၊ အော်နာ၊ ဂုဏ်ပြုခံရတာ၊ တွင်းတစ်တွင်းပြီးရင် အဲဒီတွင်းမှာ အကောင်းဆုံးရိုက်တဲ့လူကို ဂုဏ်ပြုပြီး ပထမရိုက်ခွင့်ပေးရတယ်"

"ဟာ…ဒီလိုဆိုရင် ခုတွင်းမှာလည်း အော်နာရဦးမှာပဲထင်တယ်"

"ဟား ငါ့မြေးပါးစပ်က နိမိတ်ကောင်းစကားထွက်တယ်၊ ဟုတ်တယ်၊ ဘိုးဘိုးကြီး အော်နာချည်းရအောင် ရိုက်မယ်"

ဘိုးဘိုးကြီးနှင့် ကျွန်တော်တို့ ဤသို့လျှင် လေပေးဖြောင့်လျက် လာကြသည်။

ပြိုင်ပွဲတွင် ၁၈ ကျင်း ရိုက်ရသည်ဆို၏။ တောင်ကြီးဂေါက်ကွင်းက

www.burmeseclassic.com

www.burmeseclassic.com


ကိုးကျင်းသာရှိသည်။ ထို့ကြောင့် နှစ်ခါ ပတ်ရိုက်ကြရသည်။

ကိုးကျင်းပြည့်သောအခါ ကလပ်အဆောက်အအုံသို့ တစ်ပတ်ပြန်ရောက်ပြီး နားကြ၏။ လူကြီးတွေက ဘီယာသောက်ကြသည်။ ကျွန်တော်က အချိုရည်သောက်သည်။

ဂေါက်ကစားနည်းကို ကျွန်တော် အတော်နားလည်သွားပြီ။

ကျင်းကိုးကျင်း ရှိသည့်အနက် ပါဖိုက်ဟုခေါ်သော ငါးချက်နှင့် ပြီးရမည့်ကျင်းက နှစ်ကျင်း၊ ပါဖိုးဟုခေါ်သော လေးချက်နှင့်ပြီးရမည့်ကျင်းက ငါးကျင်း၊ ပါသရီးဟုခေါ်သော သုံးချက်နှင့်ပြီးရမည့်ကျင်းက နှစ်ကျင်း ရှိနေသည်။ ကျင်းတိုင်းကျင်းတိုင်းကို သတ်မှတ်ထားသည့် အချက်ရေအတိုင်း သို့မဟုတ်သည့်ထက်နည်းအောင် ကြိုးစားရိုက်ကြခြင်းဖြစ်သည်။ သတ်မှတ်ထားသည့်အတိုင်းရိုက်လျှင် ဘွတ်ဂီရသည်။ တစ်ချက်လျှော့ရိုက်လျှင် ဘတ်ဒီ။ တစ်ချက်များရိုက်လျှင် ဝမ်းအဘတ်ဖ်။ နှက်ချက်များရိုက်လျှင် တူးအဘတ်(ဖ) ဤသို့ခေါ်ကြသည်။ ဘွတ်တီနှင့် ဘတ်ဒီရကြိမ်က နည်းသည်။ ဝမ်းအဘတ်(ဖ်)တွေ၊ တူး အဘတ်(ဖ်)တွေကသာ များသည်။ သရီးအဘတ်(ဖ်) ဖြစ်သူပင် ရှိ၏။

လွယ်လွယ်ရိုက်မရအောင် လုပ်ထားသော စည်းကမ်းတွေနှင့် စီမံထားသော အခက်အခဲတွေကလည်းရှိသေးသည်။

ဖဲယားဝေး အပြင်ရောက်သွားလျှင် ဂေါက်သီးကို မထိရ၊ မတို့ရ၊ မရွှေ့ရ။ ချိုင့်ထဲ ရောက်နေ၍သော်လည်းကောင်း၊ သစ်ပင်ကြား ရောက်နေ၍သော်လည်းကောင်း၊ ကျောက်တုံးတွေ ခံနေ၍သော်လည်းကောင်း ရိုက်မရလျှင် တစ်ချက်ပေးပြီး ကျင်းမှ ဝေးရာဘက် ဘေးကင်းရာတွင် လက်နောက်ပြန်ဖြင့် ပခုံးပေါ်မှကျော်လျက် ဂေါက်သီးကို လွှတ်ချရသည်။ ကျရာနေရာမှ ပြန်ရိုက်ရ၏။

အောက်အော့(ဖ်)ဘောင်းဆိုသည်ကလည်း ရှိသေးသည်။ ဖဲယားဝေး၏ တစ်ဖက်ဖက်ကို အိုဘီဟု အင်္ဂလိပ်စကားလုံးအနီဖြင့် ဆိုင်းဘုတ်ပြ သတ်မှတ်ထား၏။ သည်ဘက်ထဲ ဂေါက်သီးကျသွားလျှင် အသားလွတ် နှစ်ချက်ပေးရသည်။

ဖြတ်ရိုက်ရ၊ ကျော်ရိုက်ရ၊ လွတ်အောင် ရှောင်ရိုက်ရသော စမ်းချောင်းလေးတွေ ကန်လေးတွေကလည်း ရှိသေး၏။ အဲသည်တွေထဲ ကျသွားလျှင်လည်း နှစ်ချက်ပေးထွက်ရသည်။

တွင်းစိန်သော မြက်ခင်းဘေးတွေတွင် ဘန်ကာဟုခေါ်သည့် သဲချိုင့်ထောင်ချောက်ကြီးတွေကလည်း ရှိသေးသည်။ သည်ထဲကျသွားလျှင် ထွက်အောင်

www.burmeseclassic.com

www.burmeseclassic.com


အရိုက်ရခက်သည်။ ရိုက်မည့်တုတ်နှင့် သဲပြင်ကို ချိန်နေတုန်း မထိရ။ ထိလျှင် နှစ်ချက် ပေးရပြန်သည်။

အချိုရည်သောက်ရင်းက ဂေါက်ကွင်းကြီးဆီ ကျွန်တော် မျှော်ကြည့်သည်။

သာယာသည်။ လှပသည်။ အပြစ်ကင်းသည်။

သို့ရာတွင် ဂေါက်သမားတစ်ဦးအတွက် ဘေးတွေ၊ အန္တရာယ်တွေ၊ အခက်အခဲတွေကလည်း ဒုနှင့်ဒေးပါတကား။

သည်ကြားထဲက သူတို့ဘကြောင့် ကစားကြပါသနည်း။

ကစားစဉ် စိတ်ညစ်ကြတာတွေ၊ စိတ်တိုကြတာတွေ၊ လူကြီးတန်မဲ့ ကလေးကြီးတွေလို ငိုတော့မည့် သဏ္ဌာန်တွေ အဲသည်ဟာတွေကိုလည်း တွေ့ရသည်။

သို့ရာတွင် သည်ကြားထဲက သူတို့ ကစားနေကြသည်။

အသည်းယားစရာ၊ စိတ်ဝင်စားစရာတွေလည်း ပါသည်။ အသည်းယားစရာလေးတွေကို လုပ်ချင်ကြသည်နှင့် တူသည်။ စိတ်ဝင်စားစရာကို လုပ်စမ်းကြည့်ရသည်ကိုလည်း ပျော်ကြဟန်တူသည်။

ဒုတိယအကြိမ် ကွင်းပြန်လှည့်ချိန်၌ ကစားနည်းကို နားလည်လာပြီဖြစ်သောကြောင့် ကျွန်တော် ပိုစိတ်ဝင်စားလာခဲ့ပြီ။ ဘိုးဘိုးကြီး၏ ရိုက်ချက်တွေက ကောင်းနေသောကြောင့် မျှော်လင့်ချက်တွေတက်ပြီး ကျွန်တော်ပါ ပျော်နေ၏။

ပထမသုံးကျင်းကား မထူးခြား။ စတုတ္ထကျင်းအနီးတွင်ကား အလံဖြူလေး တစ်ခုကို စတွေ့ရသည်။

ဤကျင်းမှ မြက်ခင်းမရောက်ခင်တွင် စမ်းချောင်းလေးတစ်ခုရှိသည်။ စမ်းချောင်းလေး၏ တစ်ဖက်ကမ်းမြေပြင်တွင် အလံလေးက စိုက်လျက်။

အားလုံးက အလံလေးပေါ်မှ အမည်ကို ဖတ်ကြည့်ကြ၏။

ဝင်းစိန်ဟု ရေးထားသည်၊

ဘိုးဘိုးကြီးက ဝမ်းနည်းဟန်လေသံနှင့် ညည်း၏။

"သြော်… ငယ်ငယ်ရွယ်ရွယ်နဲ့ မနှင်းစိန်မောင်လေး သွားရှာပေါ့"

ညည်းပြီးမှ ဘိုးဘိုးကြီးက တခွီးခွီးရယ်၏။

"မနှင်းစိန်မောင်လေး ဟုတ်လား ဘိုးဘိုးကြီး"

"အင်း အဟဲ၊ မနှင်းစိန်ဆိုတာ ဥစ္စာစောင့်"

www.burmeseclassic.com

www.burmeseclassic.com


"ခင်ဗျာ"

"မနှင်းစိန်တဲ့၊ ဒေးဗလိန်းငွေစိန်တဲ့၊ နိုင်ငံကျော် ဥစ္စာစောင့်တွေ၊ ဥစ္စာစောင့် တို့ တစ္ဆေတို့က ဖြူဖတ်ဖြူရော်နဲ့"

"အင်း…အင်း…"

"ဂေါက်သမားအသားဟာ နေလောင်ပြီး ညိုနီနေရတယ်၊ ဘိုးဘိုးကြီး အသားကိုကြည့်၊ ဝင်းစိန်က နွဲ့နွဲ့လေး၊ အသားကလည်း ဖြူဖတ်ဖြူရော်နဲ့၊ ဒါနဲ့ သူ့ကို မနှင်းစိန်မောင်လေးလို့ ဘိုးဘိုးကြီးတို့က နာမည်ပေးထားတာ"

မြက်ခင်းပြင်ပေါ်မှာလည်း အလံလေးတစ်ခုတွေ့ပြန်သည်။

ရှေ့ကျင်းရောက်ပြန်တော့လည်း အလံလေးတွေ တွေ့ရပြန်သည်။

ရှေ့ဆက်သွားလေ၊ အလံလေးတွေ များလာလေ ဖြစ်၏။

ပြီးခါနီး သုံးကျင်းအလိုတွင်ကား ကျွန်တော်တို့ အဖွဲ့တွင်းမှ နှစ်ယောက်ပင် ကိစ္စချောသွားကြပြီ။

ကျန်နေကြသည်က ဘိုးဘိုးကြီးနှင့် ကိုညွန့်လှိုင်ဆိုသော လူရွယ်။

ကျွန်တော်တို့အဖွဲ့က ဆယ့်ခြောက်ကျင်း ရိုက်ပြီးသွားပြီ။ နှစ်ကျင်းသာ ကျန်တော့၏။ ဆယ့်ခုနစ်ကျင်းတီခုံဆီ သွားကြရင်း ကျွန်တော်က မေး၏။

"ဘိုးဘိုးကြီး မသေသေးဘူးနော်"

မေးမိပြီးမှ မမေးကောင်းဟု ထင်မိကာ ကျွန်တော့်စိတ်တွင်း တစ်မျိုး ဖြစ်သွား၏။

"အင်း… မသေသေးဘူး၊ ဘိုးဘိုးက အသက်ပြင်းတယ်"

ဘိုးဘိုးကြီးသည် မြက်ခင်းကို လှမ်းကြည့်လိုက်ပြီးနောက် တွက်ပြနေ၏။

"ဆယ့်ခုနစ်ကျင်းက ပါသရီး၊ ဆယ့်ရှစ်ကျင်းက ပါဖိုက်၊ ဘွတ်ဂီကြီး ရိုက်တောင် ရှစ်ချက် ရိုက်ရမယ်၊ ဘိုးဘိုးကြီးမှာက ခြောက်ချက်ပဲ ကျန်တော့တာ၊ ဒီတော့ အင်း…သက်တမ်းမစေ့ဘဲ လမ်းခုလတ်တွင် ကိစ္စချောဖို့များနေတယ်"

"ဟင် အဲဒီလိုဆို ဘယ်လိုလုပ်မလဲ"

"ယောက်ျားတို့လုံ့လ သေခါမှလျှော့တဲ့နိုင်ရ၊ ဘိုးဘိုးကြီး ဘတ်ဒီချည်း ရိုက်ပစ်လိုက်မယ်"

ဆယ့်ခုနစ်တီခုံတွင် ကိုညွန့်လှိုင်က အော်နာရ၍ အလျင်ရိုက်သည်။

ပါသရီးကျင်းတွေက ခရီးတိုသည်။ တီခုံမှ တစ်ချက်တည်းနှင့် မြက်ခင်း ပေါ်အရောက် ရိုက်နိုင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com


ကိုညွန့်လှိုင်၏ ဂေါက်သီးက မြက်ခင်းမရောက်မီကျပြီး လိမ့်လျက် မြက်ခင်းရှိရာ မြေကမူ အစွန်း၌ ရပ်သွား၏။

ဘိုးဘိုးကြီးက သံတုတ်နံပါတ် ၅ ကို ကိုင်လျက် ခရီးအကွာကို ချိန်နေ၏။ ထိုနောက် မကြိုက်သည့်ဟန်ဖြင့် သံတုတ်နံပါတ် ၄ ကို လဲကိုင်၏။

ဘိုးဘိုးကြီးသည် သူ့ခေါင်းကြီးကို မြက်ခင်းဆီ ကြည့်လိုက် ဂေါက်သီးဆီ ကြည့်လိုက် သုံးလေးခါလုပ်နေ၏။ ခြေထောက်အနေအထားကိုလည်း နှစ်ကြိမ်ပြင်၏။

နောက်ဆုံးတော့ သူ့ဗိုက်ကြီးကို လှည့်လွှဲပြီး ဘိုးဘိုးကြီးက ရိုက်သည်။

ဂေါက်သီးက မြက်ခင်းဆီ တည့်တည့်သွားနေရာမှ တဖြည်းဖြည်း ညာဘက်သို့ ဝေ့ကွေ့၏။

"ဟကောင် တော်တော့လေ၊ တော်တော့ဟ"

လေကို ဖြတ်ပြီး ဘိုးဘိုးကြီးက သူ့ဂေါက်သီးကို လှမ်းအော် အမိန့်ပေးနေ၏။

ဂေါက်သီးက မနာခံ။ ဝေ့မြဲဝေ့ပြီး မြက်ခင်းဘေးရှိသဲထောင်ချောက်တွင်း ကျသွား၏။

ဘိုးဘိုးကြီးခမျာ လက်သီးကြီးဆုပ် မျက်လုံးကြီးပြူးလျက် ငေးကြည့်နေ၏။

ထိုနောက် ဘာမျှမပြောတော့ဘဲ စိတ်ဆိုးသော မျောက်ဝံကြီး တစ်ကောင်ကဲ့သို့ ကွတကွတ သုတ်သုတ်သုတ်သုတ်နှင့် ဂေါက်သီးရှိရာသို့ လျှောက်သွား၏။

သဲထောင်ချောက်ဘေးတွင် ဆင်းဒ်ဝတ်ချ်ဟု ခေါ်သော သဲတွင်းရိုက်တုတ်တိုကို ဘိုးဘိုးကြီးက ထုတ်ယူသည်။

ဂေါက်သီးအနီးတွင်ရပ်ပြီး ဆူးရှိသော သူ့ဖိနပ်ကြီးများကို သဲတွင်း အတန်မြုပ်အောင် ဖိနင်းသည်။

လက်ကောက်ဝတ်ကို ချိုးကာ ချိုးကာနှင့် ချိန်နေပြီးနောက် ဘိုးဘိုးကြီး ကရိုက်၏။

ရွှတ်...။

သံပြားရွက်က သဲတွင်းသို့ဝင်သွား၏။ ဂေါက်သီးလုံးက မထွက်။

"မိန်းမရှာ၊ အလကား သတ္တိမရှိဘူး၊ စကြောက်၊ ဖွတ်၊ ဘလက်ဒီဖူးလ်"

ဘိုးဘိုးကြီးက သူ့ကိုယ်သူ အားရပါးရ ကောင်းချီးပေးနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးကြီးက လက်ကောက်ဝတ်ချိုးကာ ချိုးကာနှင့်ချိန်နေသေး၏။

"ဟာ နင့်အမေကလွှား၊ သွားဟာ"

ဘိုးဘိုးကြီးက တအားရိုက်၏။

သဲတွေက ကော်ပက်လိုက်သကဲ့သို့ မြောက်တက်လာ၏။ သဲတွေနှင့်အတူ ဂေါက်သီးလည်း မြောက်တက်လာပြီး မြက်ခင်းပေါ် ကျ၏။ တွင်းနှင့်တော့ ဝေးသည်။

ဘိုးဘိုးကြီးက သူ့လက်ကြီးများကို ကြည့်၍ ကြိမ်းသည်၊

"စောစောက ဒီသတ္တိတွေ ဘယ်အမှေလင်ဆီ ရောက်နေရသလဲ"

အားရပါးရ ဒေါသတွေပေါက်ကွဲနေပြီးမှ ဘိုးဘိုးကြီးသည် သတိရဟန်ဖြင့် အဖော်များကို တောင်းပန်သည်။

"ဆောရီး ဆောရီး"

ကိုညွှန့်လှိုင်က အောက်တွင်ရှိနေသေးသော သူ့ဂေါက်သီးကို မြက်ခင်းပေါ်သို့ တင်၏။ ထိုနောက် အလံဖြူလေးကို ထုတ်ယူပြီး ဂေါက်သီးကျရာ၌ စိုက်လိုက်၏။

"ဟင်...မောင်ညွှန့်လှိုင်လဲ သေပြီလား"

သေသူက ဖြေ၏။

"ဟုတ်ကဲ့ သေပြီ"

ဘိုးဘိုးကြီး တစ်ယောက်တည်း တွင်းစိန်ရတော့၏။

နှစ်ချက်မှ ဘိုးဘိုးကြီး တွင်းဝင်သည်။

ဤကျင်းတွင် ဘိုးဘိုးကြီး ငါးချက်ကုန်သွားပြီ။

သူ့အဖော် အဘိုးကြီးက ပြော၏။

"ကိုဘိုးလွှမ်းက ဒီကျင်းတွင် ဖြုန်းပစ်တာကိုး"

"ဒါကြောင့် ပြောတာပေါ့၊ ဂေါက်ဆိုတာ မိန်းမနောက်ပိုး ရသလိုပဲ"

"ဘယ်လို...ဘယ်လို"

"တစ်သက်လုံး ပိုးလာတာဟုတ်လို့၊ လက်ထပ်မယ့်နေ့ကျမှ သူများနောက် လိုက်သွားတာ"

ဆယ့်ရှစ်တီခုံတွင် ဘိုးဘိုးကြီး တစ်ယောက်သာရိုက်ရတော့၏။

ဂေါက်သီးက ဖြောင့်ဖြောင့်ကြီး ပြေးပြီး အဝေးကြီး၌ ကျ၏။

"အင်း... ငြီးငြီးဆိုမှ ကောင်းနေပြန်ပါပြီ"

www.burmeseclassic.com

www.burmeseclassic.com


ဘယ်သူမှ မရိုက်ကြတော့ဘဲ ဖဲယားဝေးတွင် လမ်းလျှောက်ပြန်လာကြ၏။

"ဘိုးဘိုးကြီး ဘာလို့ ဆက်မရိုက်ကြတော့တာလဲ"

"တခြား ကစားနည်းမှာက ဆက် ရိုက်ရတယ်၊ ဒီကစားနည်းမှာက မရိုက်ရတော့ဘူး၊ လူသေတွေဖြစ်ကုန်ပြီ၊ လူသေတွေက ဆက်ရိုက်ရင် အားလုံး မနှင်းစိန် မောင်လေးတွေ ဖြစ်ကုန်မှာပေါ့"

သူ့ဂေါက်သီးအနီးရောက်သောအခါ ဘိုးဘိုးကြီးက အလံဖြူလေးစိုက်၏။

"ဘိုးလွှမ်းရေ နေခဲ့တော့၊ နေခဲ့တော့၊ အမျှ...အမျှ"

"ဟင်...ဘိုးဘိုးကြီးကလဲ နိမိတ်မရှိ နမာမရှိ"

"ကစားတာပဲနိုင်ရဲ၊ ဘိုးဘိုးကြီး တကယ် မသေပါဘူး၊ သေလည်း မသေချင်ပါဘူး"

ဘိုးဘိုးကြီးက ပြန်၍ ရယ်ရယ်မောမော ရှိနေပြီ။

ကျွန်တော်ကသာ စိတ်မကောင်း။ အလံဖြူလေးကို နှစ်ကြိမ်မျှ လှည့်ကြည့် မိ၏။

ကြံကြီးစည်ရာ ကစားကြသော လူကြီးများကိုလည်း အံ့ဩမိသည်။

ကလပ်အဆောက်အအုံသို့ ပြန်ရောက်ကြသောအခါ စောစောသေနှင့်ပြီး သူတို့သည် ပျော်ပျော်ပါးပါး ဘီယာထိုင်သောက်နေကြ၏။

ဘိုးဘိုးကြီးက သူ့ဘော်ဒါကြီး ဦးစံဖေ၏ ဝိုင်းတွင် သွားထိုင်၏။

"ဘီယာတစ်လုံးဟေ့၊ ဩော် နိုင်လဲ အချိုရည် တစ်လုံးသောက်"

လူကြီးတွေ၏ဘီယာဝိုင်းတွင် ကျွန်တော်မထိုင်သင့်ဟု ထင်သည်။ ထိုင်လည်း မထိုင်ချင်။

ကျွန်တော်က ကရင်မ်ဆိုဒါတစ်လုံးကို ယူခဲ့ပြီး ကလပ်ရှေ့သို့ ထွက်လာခဲ့သည်။

ကလပ်ရှေ့ပိုင်း စားပွဲများတွင်လည်း လူကြီးတွေ ရှိနေသောကြောင့် မျက်နှာစာရှိ အရံအတား အုတ်ခုံရှိုးလေးပေါ်ထိုင်ပြီး ကရင်မ်ဆိုဒါကို ကျွန်တော် ထိုင်စုပ်သောက်နေမိ၏။

နေကကျသွားပြီ။ ဖြူပြာပြာလေးတွေက မှုန်ရီနေသည်။

ဆယ့်ရှစ်ဂရင်းန်ဖဲယားဝေးဆီ၌ လူနှစ်ယောက်က ရိုက်ဆဲ။ ကျန်နှစ်ယောက်က သည်အတိုင်း လျှောက်လာနေကြ၏။

ရိုက်နေဆဲ နှစ်ယောက်အနက် တစ်ယောက်က ဖဲယားဝေးတွင်ပင်

www.burmeseclassic.com

www.burmeseclassic.com


အလံဖြူစိုက်ရသည်။ လူရွယ်တစ်ဦးကမူ ဆက်ရိုက်ရာ သူ့ဂေါက်သီးက မြက်ခင်းပေါ် ရောက်လာ၏။

ကလပ်၌ သေနှင့်သူများက လက်ခုပ်တီးပေးကြသည်။

သူက နှစ်ချက်နှင့် တွင်းဝင်သွား၏။ အလံဖြူမစိုက်သေး။

"ဘယ်နှစ်ချက် ကျန်သေးလဲ"

ဝိုင်းမေးကြသည်ကို သူက လက်ငါးချောင်း ထောင်ပြသွား၏။

"ဟာ ငါးချက်တောင်၊ ကပ်(ပ်)ရဖို့ သေချာနေပြီ"

ဆယ့်ရှစ်ကျင်းပြီးသော်လည်း လူရွယ်က မရပ်။ နံပတ် (၁) တီခုံသို့သွား၍ ဆက်ရိုက်ပြန်၏။ သူနှင့် အဖော်နှစ်ဦး လိုက်သွားကြသည်။

လူရွယ်ကို စိတ်ဝင်စားနေရာမှ ကျွန်တော်က ဘိုးဘိုးကြီး၏ ဂေါက်အိတ်ကို သတိရသည်။

ကလပ်အဆောက်အအုံ၏ အရှေ့ဘက်ဘေး၌ အုတ်ရေကန်တစ်ခုကို တွေ့ရသည်။

အုတ်ရေကန်တွင် ဂေါက်ထမ်းသမားလေးများက ဂေါက်တုတ်တွေ ရေဆေးနေကြ၏။ ဘိုးဘိုးကြီး၏ အိတ်ထမ်းသူ ကောင်လေးကိုပါ တွေ့ရသည်။

ကျွန်တော်က အချိုရည်ကို ကုန်အောင် အမြန်သောက်ပြီး အုတ်ကန်လေးဆီသွား၏။

ကောင်လေးက ဘိုးဘိုးကြီး၏ တုတ်တွေကို ယခုမှ ဆေးမည်ပြင်၏။

"မင်းမဆေးနဲ့ဟေ့၊ ငါဆေးမယ်"

"ခင်ဗျား ဘာပြုလို့"

ကောင်လေးက ကျွန်တော့်ထက်ပင် ငယ်သေးသည်။

"မင်းထမ်းရတာ မောနေပြီ၊ ပြီးတော့ အိမ်မှာ ငါ့ဘိုးဘိုးတုတ်ကို ငါအမြဲဆေးတာ"

ကောင်လေးက ဘာမျှ မကန့်ကွက်တော့။

"အဲဒီလိုဆိုရင် ကျွန်တော် မြေပဲဆားလှော် သွားဝယ်စားလိုက်ဦးမယ်"

"အေး...သွား သွား"

ကျွန်တော်က တုတ်ကောက်တွေကို စ၍ စနစ်တကျဆေး၏။ စမ်းချောင်းရေစပ် ကန်ရေစပ်တို့၌ ရိုက်ထားသဖြင့် အချို့တုတ်တွေမှာ ရွံ့တွေကပ်နေသည်။ မြေမှုန့်နှင့် သဲမှုန့်ကပ်နေသော တုတ်တွေလည်း ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com


ဝေါက်ထမ်းသမားလေးတွေ တုတ်ဆေးသည်ကို ကျွန်တော်ကြည့်၏။

ခများများကတော့ ဝတ်ကျောဝတ်ကုန်။ ရွှံ့တွေဘာတွေကို ဖယ်မပစ်။ ရေလောင်းပြီး ပွတ်ဆေးကြ၏။ သည်လိုဆေးလျှင် ဝေါက်တုတ်တွေ ပွန်းနိုင်သည်။ အစင်းထင်နိုင်သည်။

ကျွန်တော်က ရွှံ့ဖတ်တွေကို အလျင်ဖယ်ပစ်သည်။ မြေမှုန်တွေ သဲမှုန်တွေကို ပါးစပ်နှင့် မှုတ်ပစ်သည်။ စင်ကြယ်မှ ရေနှင့် ယုယုယယ တစ်ချောင်းချင်း ဆေးသည်။ ရေဆေးပြီးသောအခါ မျက်နှာသုတ်ပဝါ အဟောင်းလေးနှင့် ခြောက်သွေ့အောင်သုတ်ပြီးမှ ဝေါက်အိတ်တွင်းသို့ တုတ်တွေကို ညင်ညင်သာသာ ထည့်သည်။

တုတ်တွေအားလုံး ဆေးပြီးသောအခါ ကလပ်ဘေး နောက်ပိုင်းကျကျ တစ်နေရာတွင် ဆိုက်ထားသော ဦးစံဖေ၏ ကားဆီသို့ ဝေါက်အိတ်ကို ကျွန်တော် ထမ်းယူသွားသည်။

ပြိုင်ပွဲရှိသောနေ့ဖြစ်သောကြောင့် ဦးစံဖေက ကားကို ကိုယ်တိုင်မမောင်း။ ဒရိုင်ဘာပါလာ၏။

ဒရိုင်ဘာက ကားတံခါးကို ဖွင့်ပေးသည်။ ကျွန်တော်က ဝေါက်အိတ်ကို ကားပေါ်သို့ ကျကျနနတင်သည်။ ဝေါက်အိတ်လဲကျနိုင် မကျနိုင်ကို စစ်ဆေးပြီးမှ ကားတံခါးကို ကျွန်တော်ကိုယ်တိုင် ပိတ်၏။

ကားဆီမှ ခွာ၍ ကလပ်အဆောက်အအုံဘက်သို့ ပြန်လျှောက်မည်အပြု၌ ခေါ်သံကြားရ၏။

"ဟေ့ ဒီမှာ ကောင်လေး"

အသံလာရာဆီသို့ ကျွန်တော်လှည့်ကြည့်မိ၏။

မလှမ်းမကမ်း၌ ဖောက်စ်ဝက်ဂွန်း လိပ်ခုံးကား နက်ပြာရောင်အသစ်လေး တစ်စီး ရပ်ထားသည်။

ဆံပင်လည်ကုပ်ဝဲနှင့် ကောင်မလေးတစ်ကောင်က ကားကို မှီရပ်ရင်းက လက်ညှိုးလေးကွေး လှုပ်ပြလျက် ကျွန်တော့်ကို ခေါ်နေ၏။

သူ့ဆီသွားပြီး ရှေ့မှာ ကျွန်တော်ရပ်၏။

"ဘာလုပ်မလို့လဲ"

မချောလေး၏မျက်နှာလေးက ပြုံးချိုချို။ မျက်နှာပေးက ကလေးတစ်ယောက်ကို စကားပြောသည့် လူကြီးမျက်နှာထားမျိုး။

www.burmeseclassic.com

www.burmeseclassic.com


အင်း… လှတော့ အလွန်လှသည်။

ပုံပန်းကျနလှပသော ဂါဝန်ဝါဝါလေးကို ဝတ်ထားသည်။ လက်မောင်းသား၊ လည်ပင်းသားတွေနှင့် မျက်နှာလေးကလည်း ဝါဝါဝင်းသည်။

အနောက်ဘက်တောင်တန်းအောက်သို့ နေလုံးကျသွားပြီဖြစ်သောကြောင့် နေမင်း၏ ရွှေရောင်နေခြည်တွေ မရှိတော့ပြီ။

သည်ကြားထဲက မချောလေးတစ်ကိုယ်လုံးက ဝါဝါဝင်း အိသည်။

ပြုံးချိုချို ပြုံးလဲ့လဲ့နှင့်ပင် မချောလေးက ပြန်မေး၏။

"နင် ဂေါက်ထမ်းသလား"

ကျွန်တော့်စိတ်ထဲတွင် မခံချင်သကဲ့သို့ ဖြစ်သွား၏။ တစ်ပြိုင်နက်တည်းတွင် စီးစီးပိုးပိုးနိုင်သော ကလေးမကို ပြန်အရှုံးလုပ်ချင်စိတ်လည်း ပေါ်လာ၏။

"တို့ ဘာလုပ်နေတာကို နင် မြင်သားပဲ၊ မေးနေဖို့ လိုသလား"

"မှန်တယ်၊ မြင်တယ်၊ နင်လုပ်တာကိုင်တာကို သဘောကျလို့ တို့က ခေါ်တာ"

"ဘာလဲ၊ နင် ဂေါက်ရိုက်မလို့လား၊ နင့်ဂေါက်အိတ်ကို ငါ ထမ်းပေးစေချင်လို့လား"

မချောလေးက အလွန်သဘောကျဟန်နှင့် ရယ်၏။

"ငါတစ်နေ့ ဂေါက်ရိုက်ရမလားလို့ စဉ်းစားတယ်၊ အေး ငါ ဂေါက်ရိုက်ရင် နင့်လို စည်းကမ်းရှိတဲ့ ဂေါက်ထမ်းသမား လိုချင်သား"

ကျွန်တော်ကလည်း ပြုံး၏။

"အေး…ရိုက်တဲ့နေ့ ပြောပါ၊ အဲဒီတော့ ငါထမ်းပေးမယ်၊ ပိုက်ဆံမယူဘဲ အလကား ထမ်းပေးမယ်"

မချောလေး၏ မျက်နှာက တည်သွား၏။

"အဲဒါ ဘာစကားလဲ"

"စေတနာနဲ့ ပြောတဲ့စကား"

မချောလေးက ကျွန်တော့်ကို အကဲခတ်ဟန်ဖြင့် စူးစိုက်ကြည့်သည်။

မျက်လုံးလေးတွေက သွယ်သွယ်ဝန်းဝန်းနှင့် အချိုးကျကျကြီးမားလှပသည်။ မျက်သားတွေက ပြာသည်။ မျက်တောင်တွေက ကော့နေသေး၏။

"နင့်ကို စေတနာနဲ့ အလုပ်ကောင်းကောင်းပေးမလို့ ငါက စုံစမ်းတာ နင်က လူပါးဝစကား ပြောတယ်၊ လူကြီးလူကောင်းတွေနဲ့ ဆက်ဆံချင်ရင်

www.burmeseclassic.com

www.burmeseclassic.com


စကားကို ကောင်းကောင်း ပြောရတယ်၊ လူပါးမဝရဘူး”

မချောလေးက တည်တည်ခံ့ခံ့ဖြင့် ကျွန်တော့်ကို ဆုံးမနေ၏။

ကျွန်တော်က သည်မမချောလေးကို သဘောလည်းကျနေ၏။ မုန်းတုန်းတုန်းလည်း ဖြစ်လာသည်။

“တို့ လူပါးဝစကား ပြောတာမဟုတ်ဘူး၊ ပြောရိုးပြောစဉ် ပြောမိတာ၊ အဲဒါက လူပါးဝသလိုဖြစ်နေရင် ခွင့်လွှတ်ပါ၊ လူဆိုတာ လူပါးဝမှကောင်းတာ၊ တို့က ... စိတ်မဆိုးနဲ့ လူပါးဝချင်သူ”

မချောလေးက ကျွန်တော့်ကို စိုက်ကြည့်၏။ အတန်ကြာအောင် စိုက်ကြည့်၏။

ထိုနောက် ဘာမျှမပြောတော့ဘဲ ကားရှေ့ခန်းတွင် တက်ထိုင်၍ ကားတံခါးကို ဆောင့်ပိတ်သည်။ ပြီးတော့ ဘာမျှ မဖြစ်ခဲ့သည့်ဟန်။ ဘာကိုမျှ ဂရုမစိုက်သည့်ဟန်ဖြင့် ကားတွင်းမှ ကက်ဆက်ကိုဖွင့်လျက် ကျောက်ရုပ်လေးကဲ့သို့ ငြိမ်နားထောင်နေ၏။

ကျွန်တော်ကလည်း သူ့ကိုကျောခိုင်းပြီး ကလပ်အဆောက်အအုံဘက်သို့ ပြန်လာခဲ့သည်။

စိတ်တွင်းမှာတော့ တစ်မျိုးကြီး။

ဘိုးဘိုးကြီးပြောသော ဇာတ်လမ်းမှ ငပေါ်သည် ဥဒုမ္ဗရဒေဝီကို ကျောခိုင်း စွန့်ခွာစဉ်က ဤသို့ စိတ်တွင်းမှာ တစ်မျိုးကြီး ဖြစ်လေသလားမသိ။

မသိ။

*

# အခန်း (၁၁)

ပတ္တလားကို ကျွန်တော်က ညင်သာစွာ တီးနေ၏။ သီချင်းစာသားများကိုမူ အသံမထွက်ဘဲ စိတ်တွင်းမှသာ လိုက်ဆိုသည်။

“ပပငယ် ... ဝင်းဝင်း၊ မှန်ရဝေဆောင် ကိုယ်ရောင်တိုက်ခန်းလင်း”

စိတ်တွင်းမှ သီချင်းလိုက်ဆိုရင်းက အတွေးတွေကလည်း ဝင်လာသည်။

အမှန်က ဤသီချင်းသည် ကျွန်တော့်အကြိုက်ဆုံး သီချင်းမဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဤသီချင်းက မိန်းမတစ်ယောက်၏အလှကို ဖွဲ့ထားသည်။

မိန်းမတစ်ယောက်၏အလှကို ဖွဲ့ထားသော အခြားသီချင်းအများရှိသည်။ လက်သင်စ ကာလသားများကမူ ဤသီချင်းကိုသာ တီးကြသည်။ မင်ဒိုလင် တီးကြသော ကာလသားအများကို မော်လမြိုင်၌ နေစဉ်တုန်းက ပတ္တလားဖြင့် ခဏခဏ ကျွန်တော် တက်ပေးရဖူးသောကြောင့် ဤသီချင်းသည် ကျွန်တော့် အတွက် ရိုးနေ၏။

ကျွန်တော်က မိန်းမအလှကို ဖွဲ့ထားသော သီချင်းများကို မကြိုက်ပါ။ အင်း မကြိုက်တတ်သေးပါ။ ကျွန်တော် ကြိုက်သည်က ရာသီဖွဲ့။ တောတောင် ရေမြေ၊ ကြယ်တွေ လတွေ၊ ပန်းတွေ အရွက်တွေ အကြောင်းပါသည့် ရာသီဖွဲ့တွေ၊ ရာသီဖွဲ့တွေကိုခံစား၍ရသည်။ မိန်းမလှအဖွဲ့ကို ခံစား၍ မရသေး။

ပပဝင်းဝင်းဆိုသည်က မြမြမောင်းမောင်းဟူသော ရာသီဖွဲ့ကို လိုက်ထားသည်။ မြမြမောင်းမောင်းကို တီးတတ်တော့ ပပဝင်းဝင်းကိုလည်း တီးတတ်သည်။

ခါတိုင်းတော့ ကျွန်တော် မြမြမောင်းမောင်းကိုသာ တီးသည်။ ယခု ပပဝင်းဝင်းကို တီးနေမိသည်။

ပပဝတီ မင်းသမီးသည် မီးထွန်းမထားသော ခုနစ်ဆောင် တိုက်ခန်းကို သူကိုယ်ရောင်သက်သက်ဖြင့် လင်းစေသည်ဆို၏။

ယခု ဤသီချင်းကလည်း တိုက်ခန်းဆောင်ကို လင်းစေသည့် ကိုယ်ရောင် ရှိသော မိန်းမလှတစ်ယောက်အကြောင်းကို စပ်ထားသည်။

ယခုခေတ်တွင် ပပဝတီကဲ့သို့ ကိုယ်ရောင် တောက်သော မိန်းမရှိပါ သလား။ မရှိနိုင်။ ကျွန်တော်တော့ မတွေ့ဖူး။

သီချင်းရေးဆရာက မြှောက်ပြောနေသည်။ မိန်းမလှဖွဲ့ သီချင်းတိုင်းတွင် အမြှောက်ကလေးတွေ ပါသည်။ ဘာကြောင့် မြှောက်ကြရသနည်း။ ကာလသား တွေကလည်း မြှောက်သောသီချင်းကို ကြိုက်ကြသည်။ ကျွန်တော့်ဆီ သီချင်း လာတက်သော ကာလသားတစ်ဦးကို မြမြမောင်းမောင်းတက်ဖို့ ကျွန်တော် ပြောဖူးသည်။ သူက "မင့် မြမြမောင်းမောင်းကြီးက ဘာလုပ်ရမှာလဲကွ" ဟု ပြောသွားသည်။

တွေးကောင်းရင်းက ကျွန်တော် ကြောက်သွားသည်။ ဖေဖေက ရှေးစာဆို ကြီးတွေကို ရိုသေရန် ဆုံးမထားသည်။ ရှေးစာပိုဒ်ကို အမြှောက်စာဟု တွေးထင်မိ သော ကျွန်တော်သည် ရှေးစာဆိုကြီးတစ်ဦးကို ပြစ်မှား နေမိပါသလော။

www.burmeseclassic.com

www.burmeseclassic.com


သြော်...မြှောက်သည်မဟုတ်။ တင်စားသည် ဖြစ်မည်။ သီချင်းတွေ ကဗျာတွေက တင်စားရသည်။ ဥပမာခိုင်းရသည်။ ပုံဆောင်ရသည်။ သည်တော့ မှလည်း သီချင်းတွေ ကဗျာတွေက လှလာတတ်သည်။

အမှန်က စာထဲမှာ မိန်းမသားသည် တိုက်ခန်းကြီးတစ်ခု လင်းသွား အောင်တော့ ကိုယ်ရောင်တွေ ထွက်နေမည် မထင်။ အသားအရေတော့ လှမည်။ ရွှေရောင်ဝင်းဝင်းလေး။ သြော်... သူ့ကို ကြည့်ရမြင်ရသောအခါ ကိုယ့်စိတ်တွင်း မှာ လင်းနေမည်။ အခန်းကြီး လင်းသည် မလင်းသည် အပထား။ ကိုယ့်စိတ် တွင်းမှာ လင်းနေမည်။

မြတ်စွာဘုရား။ သည်သဘောကို ကျွန်တော် သိနေပါကလား။ ဘယ်တုန်း က ဘယ်မှာ။

"မြင်သူ မြင်သူဗျာဝေ၊ ကွဲကြေအံ့မဆုံး၊ တင်ကာ တင်ကာ သွင်မျက်ခုံး ခြယ်မင်ရောင် ပိတုန်းငယ်နှင့်၊ သန်းကာမှောင်၊ မျက်လုံးတော်ရောင်၊ သောက်ရှူး ကြယ်ညီနောင်၊ မြမျက်တောင် ကော့ကော့ရွှန်း၊ ကေသီမှာ ဒေဝီကျမ်းစာဝင်"

ဤသီချင်းမှ ဤအပိုဒ်လေးကိုတော့ ကျွန်တော်ကြိုက်သည်။ မျက်ခုံးလှ တာ။ မျက်လုံးတောက်တာ။ မျက်တောင် ကော့တာ။ ဆံပင်ကောင်းတာတွေကို စပ်ထားသည်။ အင်း... သည်အလှမျိုးတွေတော့ ကျွန်တော် တွေ့ဖူးသည်။ တကယ် တွေ့ဖူးသည်။

ဥပမာ...နှင်း...။ နှင်းမြစန္ဒာ။ ကျွန်တော့် စိန်ပန်းပြာ မင်းသမီးလေး။ ပြီးတော့... ပြီးတော့။

နေဝင်စ တစ်ညနေ။ ရွှေရောင်တွေ ငုပ်နေသည့် အချိန်။ သည်ကြားထဲက ဝင်းနေသည့် အခြားသော ရွှေမင်းသမီးလေးတစ်ယောက်။

အို...သူ့ကိုဘာလို့ သတိရရသလဲ၊ သူက ဘာဆိုင်လို့လဲ။ နှင်းနှင့် ဘာဆိုင် လို့လဲ။

"မျက်နှာပြင် စံလွတ်ကျွန်း ငွေလဝန်းပေါ်သည့် သွင်လေလေ့၊ ခြောက်ပါး ငယ်၊ ပြစ်လွတ်စင်"

သီချင်းက မဆုံးသေးပါ။ သို့ရာတွင် တော်လောက်ပြီ ထင်ပါသည်။ စကတည်းက ကျွန်တော်သည် မိန်းမလှဖွဲ့ကို တီးချင်သူမဟုတ်။

အိမ်ရှေ့ဘက်ဆီ မျက်နှာလှည့်ထားရာမှ ကျောဘက်သို့ ကျွန်တော်လှည့် လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အတွင်းခန်း လှေကားဦးက လင်းနေသည်။ အင်း...လင်းနေသည် ထင်၏။

လှေကားဦးတွင် ရပ်လျက် နှင်းမြစန္ဒာက ကျွန်တော့်ကို ပြုံးပြုံးလေး ကြည့်နေသည်။

"ဟင်... နှင်း၊ ဘယ်တုန်းက ရောက်နေလဲ"

နှင်းမြစန္ဒာက မဖြေဘဲ ပြုံးပြုံးလေးနှင့် လျှောက်လာပြီး ကျွန်တော့်နားတွင် ထိုင်၏။

"နှင်းရောက်နေတာကြာပါပြီ၊ နိုင် တီးတာ နားထောင်ကောင်းလို့ ငြိမ် နားထောင်နေတာ"

"နှင်းရေချိုးတုန်း ရှိမှာပဲဆိုပြီး နိုင်က ပတ္တလားတီးနေတာ"

"နှင်း ရေစောစောချိုးတယ်လေ၊ ဒီနေ့ နှင်းတို့ စောစောလမ်းလျှောက် ကြမယ်"

"ဘာပြုလို့"

"ဝင့်ဝါတို့နဲ့ ချိန်းထားတယ်၊ ခု ဝင့်ဝါတို့က နှင်းတို့အိမ်က စောင့်နေတာ၊ ဒီလိုမှန်းသိရင် ဝင့်ဝါကိုပါ ခေါ်ခဲ့တယ်"

"ဘာ ဒီလိုမှန်းသိရင်လဲ"

"နိုင် ပတ္တလားတီးနေမှန်းသိရင်၊ ဝင့်ဝါက အဆိုအက ဝါသနာပါတယ်၊ ကျောင်းကပွဲမှာဆိုရင် သူက မင်းသမီးပဲ၊ သူက သိပ်လှတယ် မဟုတ်လား"

"နှင်းလည်း မင်းသမီးလုပ်ရင် ရတာပေါ့"

"လုပ်ချင်ပါဘူး၊ စင်ပေါ်တက်ရမှာ နှင်းကရှက်တယ်၊ ကဲ ထတော့ ကိုယ်တော်၊ ဟိုက စောင့်နေတာ"

ကျွန်တော်က နေရာမှထပြီး နှင်းမြစန္ဒာနှင့်အတူ အောက်ထပ်ဆင်း၍ အိမ်ဘက် ကူးခဲ့သည်။

ခြံဝမှာ...။

ကျွန်တော့်ခြေလှမ်း တုံ့သွားသည်။

နှင်းကိုတွေ့ခဲ့သော နှင်းဆီပင်ကြားမှာ သူ့ကိုတွေ့သည်။ ကျွန်တော့် ဥဒုမ္ဗရဒေဝီလေးကို တွေ့သည်။

သည်တစ်ခါတော့ မြန်မာဆန်ဆန် ထဘီလေးကို ဝတ်ထား၏။ သို့ရာတွင် ထဘီလေးကလည်း ဝါဝါ။ အင်္ကျီလေးကလည်း ဝါဝါ။ သူ့အသားလေးပိုဝါဝါ။

www.burmeseclassic.com

www.burmeseclassic.com


ရွှေမင်းသမီးလေး။ မဟုတ်ပါ။ နေမင်းသမီးလေး။ နေနတ်နွယ် အလား ကွယ်။ ကျွန်တော်ရသော ဂီတနက်သန်ကိုစောငြိမ်း၏ သီချင်းတစ်ပိုဒ်က သည်လို တင်စားထားသည်။

သူ့အနီးတွင်က ကျွန်တော်နှင့် ရွယ်တူကောင်လေးတစ်ကောင် ရပ်နေ သည်။ ကောင်လေး၏ဆံပင်တွေက နက်မှောင်ပြီး သန်သည်။ အသားကလည်း ဖြူစင်လှလေရာ ဦးရေစပ်၊ နားထင်စပ်တွေက စိမ်းနေသည်။

လူချောလေးတစ်ယောက်ပင်။

နေမင်းသမီးလေးက မပြုံးမရယ်ဘဲနှင့် ကျွန်တော့်ကို တည်တည်လေး စိုက်ကြည့်နေ၏။

သူ့ကိုမြင်ရ၍ ကျွန်တော် အံ့အားသင့်သွားသော်လည်း သူကမူအံ့သြဟန် မပြ။

မင်းသမီးလေး တစ်ပါးကဲ့သို့ ဣန္ဒြေလေးကြီးကြီး။ တည်တည်လေး။

"နိုင် ဟောဒါ ဝင့်ဝါ၊ သူက ဝင်းကြည်"

နှင်းမြစန္ဒာက မိတ်ဆက်ပေးသောအခါ ကောင်လေးက ပြုံးပြသည်။ သူ့အပြုံးက သူ့နာမည်ကဲ့သို့ပင် ဝင်းကြည်၏။ စိတ်ရင်းကောင်းသော လူငယ် တစ်ဦးဟု မြင်မြင်ချင်း ကျွန်တော်ထင်မိသည်။

ဝင့်ဝါကမူ မပြုံး။ တည်တည်လေးပင် ခဏ စိုက်ကြည့်နေသည်။ မျက်လုံး လေးများကမူ တစ်စုံတစ်ရာ အဓိပ္ပာယ်ပြလျက် နောက်ပြောင် ရွှင်မြူးနေသယောင် ရှိ၏။

ခဏ၌သူ့လက်လေးက ရှေ့ထွက်လာ၏။

"လူပါးဝချင်သူကြီးနဲ့ သိရတာ ဝမ်းသာပါတယ်"

ကျွန်တော်ကလည်း အလွန်သဘောကျသွား၏။

ကမ်းပေးသော သူ့လက်ကလေးကို ဆွဲယူ လှုပ်ခါလျက် ပြန်ပြောသည်။

"လူပါးဝစကား မပြောတော့ပါဘူး၊ စာထဲက စကားတစ်ခုပြောမယ်၊ ဝမ်းသာပါတယ် ဝင့်ဝါ၊ ဟောဒီ ကမ္ဘာလောကကြီးဟာ ကျဉ်းကျဉ်းလေးပါ"

သည်အခါကျတော့ ဝင့်ဝါရယ်သည်။ အသံလေးများ ခစ်ခစ်ထွက်၍ ကိုယ်လေး သိမ့်သိမ့်ခါအောင် ရယ်သည်။

ကျွန်တော်လည်း ရယ်လိုက်ရပါ၏။

ပါးစပ်လေးဟလျက် ကြောင်ကြည့်နေရာမှ နှင်းမြစန္ဒာက ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် အဲဒါ ဘာပြောကြတာလဲ"

ဝင့်ဝါက ဆက်ရယ်နေ၏။ ကျွန်တော်က ရှင်းပြရသည်။

"ဝင့်ဝါနဲ့ နိုင်တွေ့ပြီးပြီ၊ ဘုတောင်နည်းနည်းကျပြီးကြပြီ၊ အမှန်က ဝင့်ဝါက စေတနာနဲ့ပြောတာလို့ နောက်တော့ နိုင် စဉ်းစားမိတယ်၊ နိုင်ကသာ ဟိုဒင်း...အဲ...နည်းနည်း လူပါးဝမိခဲ့တယ်"

ဝင့်ဝါဆီက မျက်စောင်းလေးတစ်ချက်ကို ကျွန်တော်တွေ့လိုက်ရသည်။ သို့ရာတွင် ဤမျက်စောင်းက မုန်းတီးသော မျက်စောင်းမျိုးတော့မဟုတ်။

မကျေနပ်သေးဟန်ဖြင့် နှင်းမြစန္ဒာက မေး၏။

"နိုင်နဲ့ ဝင့်ဝါက သိပြီးကြပြီပေါ့"

"ဟုတ်ဘူး၊ တွေ့ဖူးကြတာ"

"အင်းလေ၊ ဘယ်မှာ တွေ့ဖူးကြတာလဲ"

"ဂေါက်ကွင်းမှာ"

"အဲဒါ နှင်းကို ဘာလို့ပြန်မပြောလဲ"

"ဩော်...နှင်းရယ်၊ ဝင့်ဝါလို့ နိုင် ဘယ်လိုလုပ် သိမလဲ၊ ပြီးတော့ မိန်းကလေးတစ်ယောက်နဲ့ စကားများသလိုဖြစ်လာခဲ့တာ နိုင်က ပြန်ပြောပြရမှာလား၊ ရှက်စရာကြီး"

မမျှော်လင့်ဘဲ ဝင်းကြည်က ဝင်ထောက်ခံ၏။

"အစစ်ပဲ၊ မိန်းကလေးတစ်ယောက်နဲ့ ရန်ဖြစ်တာဟာ ရှက်စရာကြီး၊ ဆရာမတွေသိရင် အရိုက်ခံရတယ်၊ အိမ်က သိရင် အဆူခံရတယ်၊ ဒါပေမဲ့ နိုင်၊ မင်း သတိထား၊ ဝင့်ဝါက ခဏခဏ ရန်ဖြစ်တတ်တယ်"

"ဝင်းကြည်နော်၊ နင် ငါ့ကို နာမည်မဖျက်နဲ့"

ဝင်းကြည်က ဝင့်ဝါကို ပြန်မပြောဘဲ ကျွန်တော့်ကို မေး၏။

"ခုနက ပတ္တလားတီးသံ ကြားတယ်၊ မင်း တီးတတ်လား"

ကျွန်တော်က ခေါင်းညိတ်ပြ၏။

"အဲဒီလိုဆိုရင် မင်း ဝင့်ဝါနဲ့ တည့်မှာပါ၊ သူက အကဝါသနာပါတယ်"

ကျွန်တော်က ဝင့်ဝါကို ကြည့်သည်။ ဤတစ်ကြိမ်တွင် ဝင့်ဝါက ကျွန်တော့်ကို ပြုံးပြုံးလေး ပြန်ကြည့်နေ၏။

ထိုနေ့ညနေက ကျွန်တော်တို့လေးဦး အတူလမ်းလျှောက်ကြသည်။ လျှောက်သည်မှ အရှည်ကြီး လျှောက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com


သစ်တောကြိုးဝိုင်းဘေးရှိ လမ်းမှ သွားကြသည်။ ထိုနောက် တောင်ခြေရင်း၌ ကပ်လျက်ရှိသော လမ်းမှတစ်ဆင့် သွားပြီး ဟိုပုံးသွားကားလမ်းကို ကျော်ကြသည်။ ဆောက်လုပ်ဆဲ တောင်ကြီးကောလိပ် အဆောက်အအုံကြီး တစ်ဝိုက် လှည့်လည်ကြည့်ကြသည်။

မပြီးသေးသော အဆောက်အအုံကြီး၏ တောင်ဘက်ခပ်လှမ်းလှမ်းမှာက ထင်းရှူးတောလေး တစ်ခုရှိသည်။ ထိုထင်းရှူးတောလေး၏ အစပ်ဆီမှ စမ်းချောင်းသေးသေးလေးတစ်ခုသည် စီးကျလာနေ၏။

"ဟယ်…ကြည့်စမ်း၊ စမ်းချောင်းလေး၊ နွေမှာတောင် ရေရှိတယ်"

ဝင်းကြည်က ရှင်းပြ၏။

"ရေထွက်ကလေး၊ တို့ဆီမှာ ရေထွက်လို့ခေါ်တယ်၊ အဲဒါ ရေထွက်ဦးလေး တစ်ခုပေါ့"

"ရေထွက်ဦး၊ စကားလေးက လှတယ်"

"ဒီ ရေထွက်လေးက သေးသာသေးတာ၊ သူ့အောက် ဟိုမြောက်ဘက် တစ်လျှောက်မှာ ကန်လေးတွေ လာပေါ်နေတယ်၊ ပလက,က ဝန်ထောက်သားငါ့သူငယ်ချင်းက ပြောတယ်၊ ကောလိပ်အတွက် ရေရအောင် ဒီနေရာမှာ ဆည်လုပ်ပြီး ကန်ကြီးနှစ်ခု လုပ်မလို့တဲ့"

"တကယ်"

အိုး…ဘူဒိဇာကြီးတွေတောင် မှာထားပြီးပြီတဲ့"

"ဒီနေရာက သိပ်လှတာပဲ၊ ကန်ကြီးတွေနဲ့ဆို ပိုလှသွားမှာပေါ့"

"အင်း… ဟိုနားမှာ သိပ်လှပြီး သိပ်ကြောက်စရာ ကောင်းတဲ့ ကန်ရှိသေးတယ်"

ဝင်းကြည်က မြေနီရဲနီနီတွင် ကျောက်သားဖြူများ ပေါ်နေသော အရှေ့ဘက်ရှိ တောင်စွယ်ရိုးလေးဆီ ညွှန်ပြရင်း ပြော၏။

"ဘယ်လို…၊ ကြောက်စရာကောင်းတဲ့ကန်"

"အင်း သဲတွင်းလို့ခေါ်တယ်၊ အမှန်က ကန်ပါ၊ ကန်ဖြစ်နေတဲ့ တွင်း"

"သဲတွင်း၊ ကန်ဖြစ်နေတဲ့တွင်း"

နောက်နားတွင် ဝင့်ဝါနှင့် ကျန်နေသော နှင်းမြစန္ဒာက လှမ်းအော်သည်။

"ဝင်းကြည်၊ ဒါပဲနော်၊ နိုင့်ကို သဲတွင်းဆီ ခေါ်မသွားနဲ့"

"မခေါ်ပါဘူး၊ ပြောပြနေတာ"

www.burmeseclassic.com

www.burmeseclassic.com


"အို...ပြောပြဖို့လည်း မလိုပါဘူး"

"လိုတာပေါ့"

ဝင့်ဝါကလည်း ဝင်ပြော၏။

"ဟုတ်တာပေါ့ နှင်းကလေ၊ လိုတာပေါ့၊ နိုင်သိထားအောင်၊ ဝင်းကြည် ပြောပြလိုက်"

ကျွန်တော်ကလည်း စိတ်ဝင်စားလာ၏။

"အဲဒီ သဲတွင်းက ဘာဖြစ်လို့လဲ"

"လူစားလို့၊ ဘီလူးကန်လို့ ပြောကြတယ်"

"ဟုတ်လား၊ လာ သွားကြည့်ရအောင်"

"ဟင်း...နိုင်နော်၊ မသွားရဘူး"

"နှင်းကလေ၊ ဘီလူးကန်တို့၊ သူရဲကန်တို့ဆိုတာက ပုံတွေထဲမှာသာ ရှိတာ၊ အပြင်မှာ တကယ်မရှိဘူး"

"ဒါပေမဲ့ ဒီကန်က လူတကယ်စားတယ်"

"မော်လမြိုင် ကောလိပ်နားက လေယာဉ်ပျံကွင်း အရှေ့ဘက်မှာလည်း ကန်တစ်ကန်ရှိတယ်၊ လေယာဉ်ပျံကွင်း ဖောက်တုန်းက မြေတူးလို့ဖြစ်တဲ့ ကန်တဲ့၊ အဲဒီကန်ကိုလည်း လူစားတယ်ပဲ ပြောကြတယ်၊ အမှန်က ကန်က လူမစားတတ်ဘူး၊ လူတွေကသာ စည်းမရှိ ကမ်းမရှိ ကူးကြလို့၊ အဲဒီကန်မှာ နိုင် ခဏခဏ ရေကူးဖူးတယ်၊ နိုင် အသက်ရှင်လျက်ပါလား"

ကျွန်တော်က သဲတွင်းဆိုသည် ရှိရာဘက်သို့ သွားသောအခါ ဝင်းကြည်လည်း လိုက်လာ၏။

နှင်းမြစန္ဒာသည် ခေတ္တမူရပ်ကျန်ရစ်ပြီးနောက် ကျွန်တော်တို့နောက်သို့ လိုက်လာရာ နှင်းမြစန္ဒာနောက်မှ ဝင့်ဝါက တုံ့ဆိုင်းဆိုင်းလေး ပါလာ၏။

သဲတွင်းဟုသာခေါ်သည်။ အမှန်က ရှည်ရှည်သွယ်သွယ်ရှိသည့် ကန်တစ်ခု ဖြစ်သည်။ သဘာဝကန်ဟုလည်း ပြောရခက်သည်။ လူလုပ်ထားသောကန် ဟုလည်း မပြောနိုင်။

ကျောက်ထုတ် ကျောက်တူးရာမှ ဖြစ်နေသော ကန်ဖြစ်သည်။ သဘာဝ ကျောက်ဖြူကမ်းပါး ကမ်းခုံတွေရှိနေသောကြောင့် စိတ်ကူးကောင်းသော လူ့လက်ရာကန်တစ်ခုကဲ့သို့ ဆန်းပြားလှပသည်။ ရေစပ်၊ ရေလယ်တွင် ကျောက်ဆောင်၊ ကျောက်ကျွန်းလေးများရှိသည်။ ကန်ရေက ပန်းချီကားတွင်းမှ

www.burmeseclassic.com

www.burmeseclassic.com


ရေအရောင် လဲ့လဲ့ ပြာနေ၏။

ဩော်...လူစားသလား။ စားလားတော့ မသိ။ ကန်က လူ့စိတ်ကိုတော့ ဖမ်းစားသည်။ ဆင်းလှည့်ပါ။ ကူးလှည့်ပါဟု ဖိတ်ခေါ်သယောင်။

ကျွန်တော်က ဝင်းကြည်ကို မေး၏။

"မင်း ဒီကန်မှာ ကူးဖူးသလား"

ဝင်းကြည်က ဝင့်ဝါကို တစ်ချက် လှမ်းကြည့်ပြီး ဖြေ၏။

"သူငယ်ချင်းတွေနဲ့ နှစ်ခါလောက် ကူးဖူးတယ်၊ နောက် အန္တရာယ်ရှိမှန်း သိတော့ မကူးတော့ဘူး"

"အန္တရာယ် ဘာအန္တရာယ်လဲ"

"မြင်တယ်မဟုတ်လား၊ ကန်က ကူးချင်စရာလေး၊ ဒါပေမဲ့ သဲတွင်းရေမို့ သိပ်အေးတယ်၊ ခဏလေးနဲ့ ကြွက်တက်တတ်တယ်၊ ကြွက်တက်ရင် ရေဘယ်လောက်ကူးတတ်ကူးတတ် နစ်မှာပဲ"

"အင်း... ဖြစ်နိုင်တယ်"

"ဖြစ်နိုင်တာမဟုတ်ဘူး၊ ငါကိုယ်တိုင် ကြွက်တက်ဖူးတယ်၊ အစပ်မှာမို့ တော်တော့တာပေါ့"

"ရေက နက်သလား"

"အဲဒါ ဂွကျတာပေါ့၊ နက်တဲ့နေရာကနက်တယ်၊ တိမ်တဲ့နေရာက တိမ်တယ်၊ ကန်အောက် မျက်နှာပြင်က မညီဘူး၊ ဘယ်ညီမလဲ၊ ကန်တူးထားတာမှ မဟုတ်ဘဲ၊ ကျောက်တူးထားတာ၊ ပြီးတော့ လိုဏ်လိုဖြစ်နေတာလဲရှိသေးတယ်၊ ဟိုတစ်နှစ်က သေတဲ့လူက အဲဒီလိုဏ်ထဲ ဝင်သွားလို့၊ အင်းလေ မင်းပြောတာ မှန်တယ်၊ ကန်က လူစားတာမဟုတ်ဘူး၊ လူတွေက စည်းကမ်းမရှိတာ"

ကျွန်တော်တို့ရပ်နေရာတွင် ကျွန်တော်တို့မှတစ်ပါး လူသူမရှိ။ ဟိုးမြောက်ဘက် ဂေါက်ကွင်းဆီမှာတော့ ဂေါက်ရိုက်သူများရှိသည်။ ကျွန်တော်တို့ အနီးတစ်ဝိုက်တွင်တော့ တောင်စွယ်၊ တောချုံနှင့် အဲ လူစားသည်ဆိုသော ကန်။

နေရာလေးက လှလည်းလှသည်။ ဆိတ်လည်း ဆိတ်သုဉ်းသည်။

မိန်းကလေးနှစ်ဦးက ကျွန်တော်တို့ ယောကျာ်းလေးနှစ်ဦးအနီးသို့ တိုးကပ် လာကြသည်။

ဝင့်ဝါက ဝန်ခံသည်။

"ဝင်းကြည်၊ နင် ကြောက်စရာကောင်းတဲ့နေရာ ခေါ်လာပြီး ကြောက်

www.burmeseclassic.com

www.burmeseclassic.com


စရာကောင်းတာတွေ လျှောက်ပြောနေတယ်၊ ငါကြောက်လာပြီ”

“ဒါနဲ့ လောကကြီးမှာ ဘာမှ မကြောက်ဘူးဆို”

“အဲဒါက လူလူချင်းပြောတာ”

“လူလူချင်းတော့ မကြောက်ဘူး၊ နို့…ဘာကြောက်လဲ”

ဝင့်ဝါက မဖြေ။ သူ့မောင်၏လက်ကိုသာ ဆွဲသည်။

“လာ…၊ သွားကြမယ်၊ နှင်း… နိုင့်ကိုလည်း ဆွဲခေါ်”

နှင်းမြစန္ဒာက ကျွန်တော့်လက်ကို အသာအယာကိုင်သည်။

“သွားကြစို့နော်နိုင်၊ နှင်းလည်းကြောက်တယ်”

ကျွန်တော်က ရယ်ချင်၏။ သူတို့မိန်းကလေးတွေသည် ဘာမဟုတ်တာလေးနှင့် ကြောက်တတ်ကြသည်။ တစ်ပြိုင်နက်မှာ ညှိုးယောင်ယောင်ကြားက ချော့ပြုံးလေး ပြုံးပြနေသော နှင်းမြစန္ဒာကို သနားသည်။

ကျွန်တော်က နှင်းမြစန္ဒာ၏ လက်လေးကို ပြန်ဆုပ်ကာအားပေးရင်း ပြောရသည်။

“ဘာမှ ကြောက်စရာမရှိပါဘူးနှင်းရယ်၊ ကြောက်စရာမရှိတာ သက်သေပြဖို့ ဟိုးရေလယ်က ကျောက်ဆောင်ခေါင်းတုံးလေးပေါ် နိုင်ထိုင်ပြချင်လိုက်တာ”

“အိုး”

“ဒါပေမဲ့ နှင်း စိတ်မချမ်းသာတာ နိုင်မလုပ်ပါဘူး၊ လာ ပြန်ကြမယ်”

ကျွန်တော်တို့သည် ဂေါက်ကွင်းဘက်သို့ လျှောက်ခဲ့ကြသည်။

ကောလိပ်နယ်မြေနှင့် ဂေါက်ကွင်းမြေအစပ်မှာ လျှိုလေးတွေ၊ မြောင်းလေးတွေ ရှိသည်။ လျှိုလေးတွေ မြောင်းလေးတွေ တစ်လျှောက်မှာရော၊ ကုန်းပြင်တချို့နေရာတွေမှာရော ပုပုအုပ်အုပ်ချုံလေးတွေရှိသည်။

ဝင်းကြည်နှင့် ဝင့်ဝါတို့က ထိုချုံလေးတွေဆီ ပြေးသွားကြ၏။

နှင်းမြစန္ဒာကလည်း ကျွန်တော့်လက်ကို ဆွဲခါလျက် ပြော၏။

“နိုင်၊ မြန်မြန်လာ၊ အဲဒါ ငါးဥသီးပင်လေးတွေ”

ဝင်းကြည်နှင့် ဝင့်ဝါတို့က ချုံလေးတွေမှ အသီးလေးတွေကို ခူးကြ၏။ ခူးရင်းက ပါးစပ်တွင်းသို့လည်း သွင်းကြသည်။

ချုံမှ အရွက်လေးတွေတွင် အမွေးနုနုလေးတွေရှိသည်။ အရွက်အနားလေးတွေမှာက အတွန့်အချိုးလေးများ ရှိကြ၏။ အသီးလေးတွေမှာ အမှည့်ရောင် အဆုပ်လေးတွေ ဖြစ်သည်။ အဆုပ်လေးတစ်ခုတွင် ငါးဥလေးတွေနှင့်တူသော

www.burmeseclassic.com

www.burmeseclassic.com


အသီးလေးတွေ ပြွတ်စုနေသည်။ အသီးဥလေးတွေ အရောင်က ရွှေရောင်ဝါဝါဝင်း သည်။

"နိုင်...အရမ်းမခူးနဲ့၊ အသီးနုလေးတွေ ခူးမိရင် အလကား။ အရည် ရွှမ်းမှည့်နေတာလေးတွေ ရွေးခူးရတယ်"

နှင်းမြစန္ဒာက အသီးလေးတွေ ရွေးခူးပြီး သူ့လက်ခုပ်တွင်း၌ ထည့်သည်။ မှည့်ရွှမ်းနေသော အသီးလေးနှစ်ခုကို ကျွန်တော့်အား လှမ်းပေးသည်။

"ရော့နိုင်... မြည်းကြည့်"

နှင်းမြစန္ဒာပေးသော အသီးလေးတွေကို ကျွန်တော်စားကြည့်၏။

ချိုသည်။ အချဉ်အရသာလေးလည်း ငွေ့ငွေ့ပါ၏။ ရင်မှာ အေးသကဲ့သို့ လည်း ခံစားရ၏။

"ကောင်းလားနိုင်"

"ကောင်းတယ်၊ ကြိုက်တယ်"

"ရော့ ယူဦး"

နှင်းမြစန္ဒာက သူ့လက်ခုပ်လေးတွင်းမှ အသီးလေးတွေကို ကျွန်တော့် လက်ခုပ်အတွင်းသို့ ပြောင်းထည့်ပေး၏။

"အို...နှင်းကတော့ မစားဘူးလား"

"နှင်းက ခဏခဏ စားဖူးတဲ့လူ"

"အိုး... ဘာဆိုင်လို့လဲ၊ ရော့ နှင်းလည်းစား၊ နှင်းမစားရင် နိုင်လည်း မစားတော့ဘူး"

"အဲဒီလို နှင်းကို အနိုင်မကျင့်နဲ့လေ"

ကျွန်တော် စိတ်မကောင်းဖြစ်သွား၏။

"နိုင်က အနိုင်ကျင့်တာမဟုတ်ရပါဘူး၊ နှင်းက နိုင့်ကို စားစေချင်သလို နိုင်ကလည်း နှင်းကို စားစေချင်တယ်၊ အဲ ဒါ အနိုင်ကျင့်တာလား"

နှင်းမြစန္ဒာက ပြုံးလျက် ကျွန်တော့်ကို စိုက်ကြည့်ပြီးနောက် ကျွန်တော့် လက်ခုပ်တွင်းမှ ငါးဥသီးလေးတစ်လုံးကို ယူစားသည်။ သည်တော့မှ ကျွန်တော် ကလည်း တစ်လုံးစားသည်။

အမှန်က ချုံလေးတွေတွင် ငါးဥသီးမှည့်က များများစားစားရှိသည်မဟုတ်။ ရှိသမျှလေးတွေ ခူးစားကြပြီး ဂေါက်ကွင်းအမှတ် (၈) မြက်ခင်းနားမှ ဖြတ်လျှော ဟိုပုန်းကားလမ်းဆီသို့ ကျွန်တော်တို့ ပြန်တက်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com


အပြန်တွင် တောင်ခြေလမ်းမှမဟုတ်ဘဲ တောင်လုံးလုံးလေးကို အသွားလမ်း အပြန်လမ်း ပတ်ထားသည့် ဟိုပုန်းကားလမ်းအတိုင်း ပြန်ခဲ့ကြသည်။

အိမ်တော်ဝင်းအတွင်းမှ ဖြတ်လာကြပြီး နှင်းတို့ ခြံရှေ့ရောက်ကြသောအခါ နေကဝင်စပြုနေပြီ။

ကျွန်တော်က အကြံပြုသည်။

"နှင်းရေ၊ ဝင့်ဝါတို့အိမ်အထိ လိုက်ပို့ကြရအောင်"

"အင်း ကောင်းသားပဲ"

ဝင့်ဝါက ကန့်ကွက်၏။

"နေပါစေ၊ တို့ ပြန်ရဲပါတယ်"

"ပြန်ရဲတယ်ဆိုတာ သိပါတယ်၊ ဒါပေမဲ့ အတုံ့အပြန်ပေါ့"

"ဘာလဲ အတုံ့အပြန်"

"တို့ဆီကို ဝင့်ဝါတို့က လာတယ်မဟုတ်လား၊ ဝင့်ဝါတို့ ပြန်ရင် တို့ကလည်း လိုက်ပို့ရမှာပေါ့"

ဝင်းကြည်က ထောက်ခံ၏။

"ကောင်းတယ်၊ ကောင်းတယ်၊ အေးအေး ဆေးဆေးပေါ့၊ အမလေး ရေငတ်လိုက်တာ၊ နှင်းရေ... ရေတစ်ခွက်လောက်"

"လာလေ လိုက်ခဲ့၊ ဝင့်ဝါကော သောက်ဦးမလား"

"ဟင့်အင်း"

နှင်းမြစန္ဒာနှင့် ဝင်းကြည်တို့က ခြံတွင်းသို့ ဝင်သွားကြ၏။

ဝင့်ဝါက ကျွန်တော့်အနီးကပ်လာပြီး မေးသည်။

"အတုံ့အပြန်ဆိုတာ တကယ်ရှိသလား"

"ဘာမေးတာလဲ"

"ရှင်းရှင်းလေးမေးနေတာကို"

"ရှိတာပေါ့ ဝင့်ဝါရယ်၊ ဥပမာ ခင်ကြမင်ကြတာ၊ ခွင့်လွှတ်ကြတာ သည်းခံကြတာ"

"တော်တော့ ကြားဖူးတယ်"

ဝင့်ဝါက ကျွန်တော်အနီးကပ်ပြီး ဆုပ်ထားသောသူ့လက်လေးတစ်ဖက်ကို ဖွင့်ပြ၏။

နီရဲသော လက်ဝါးလေးပေါ်မှာက ငါးဥသီးလေးများ။

www.burmeseclassic.com

www.burmeseclassic.com


"ယူလေ ဘာကြည့်နေတာလဲ"

"ဟို...ဟိုဒင်း... ဝင့်ဝါ မစားဘူးလား"

"နှင်းက ကျွေးတုန်းကလဲ ဒီလိုပဲမေးသလား"

ဝင့်ဝါနှင့်ပြိုင်၍ ကျွန်တော်စကားအချေအတင် မပြောလို။ ခင်မင်စမှာ ပြန်ဘုဘောက်ဖြစ်မည်ကို ကြောက်၏။

ကျွန်တော်က သူ့ လက်ဝါးလေး လှလှလေးပေါ်မှ ငါးဥသီးလေးများကို ယူစားလိုက်၏။

သည်တော့မှ ဝင့်ဝါက အားရပါးရပြုံးပြီးဆို၏။

"အဲဒါလဲ၊ အတုံ့အပြန်"

"ဝင့်ဝါ ဘာပြောတာလဲ"

"ကြိုက်သလိုတွေးယူ"

ဝင့်ဝါတို့ကို ဇောတိကလမ်းသွယ်ပေါ်ရှိ သူတို့၏ တစ်ထပ်တိုက်ပြား လေးဆီသို့ ကျွန်တော်တို့ လိုက်ပို့ကြ၏။

စိန်ပန်းပြာတွေ ငုစပ်တွေနှင့် လှနေသေးသော လမ်းမှပြန်ခဲ့ကြစဉ် နှင်းမြစန္ဒာကမေး၏။

"နိုင် ပျော်ရဲ့လား"

"အိုး နှင်းနဲ့ လမ်းလျှောက်ရတိုင်း နိုင်ပျော်တဲ့ ဥစ္စာ"

"ဟုတ်ဘူးလေ၊ ဒီညနေ သူငယ်ချင်းတွေတိုးတာ"

"ပျော်တာပေါ့၊ ဒါပေမဲ့"

"ဘာလဲ၊ ဒါပေမဲ့"

"ဝင့်ဝါဟာ တော်တော်ထူးဆန်းတဲ့ ကောင်မလေးဖြစ်မယ် တူတာပဲ"

"ဟော နှင်းမပြောဘူးလား"

"ဘာလဲ"

"ဝင့်ဝါကိုတွေ့ရင် နိုင် စိတ်ဝင်စားသွားမှာပဲလို့"

"ဝင့်ဝါကို စိတ်ဝင်စားတာနဲ့၊ နှင်းထက်ပိုခင်တယ်လို့ နိုင်က ပြောလို့ လား"

"ဟင်း အဲဒီလို ဒေါသနဲ့ မပြောရဘူး"

ကျွန်တော်အသံက မာသွားခဲ့သည်။ နှင်းမြစန္ဒာက သတိပေးမှ ကျွန်တော် ရယ်ချလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com


မြို့ပေါ်မှာ နေရောင်ပျောက်သွားပြီ။ ထုံးစံအတိုင်း တောင်ချွန်းကြီးကမူ ရွှေရောင်ဝင်းနေသေး၏။

နှင်းမြစန္ဒာက တောင်ချွန်းကြီးဆီ လက်ညှိုးလေး ညွှန်ပြပြီး မေး၏။

"တောင်ချွန်းကြီးပေါ် နိုင်တက်ချင်တုန်းပဲလား"

"အင်း..."

"နိုင် တစ်ယောက်တည်းလည်း တက်မှာပဲလား"

"နှင်းနဲ့ နှစ်ယောက် တက်ချင်ပါတယ်လို့ ဘယ်နှစ်ခါ ပြောရမလဲ"

"ဝင့်ဝါတို့၊ ဝင်းကြည်တို့ ရှိလာတော့၊ တက်ကြရချိန် နီးပါပြီ"

ကျွန်တော်က တောင်ချွန်းကြီးကို မော့ကြည့်၏။

ခေတ္တသော် အားလုံးကို ကျွန်တော်မေ့သွား၏။ ဝင့်ဝါကိုကော၊ ဝင်းကြည်ကိုကော၊ နှင်းမြစန္ဒာကိုကော။

စိတ်တွင်းမှ ပြောမိ၏။

"ဟေ့...တောင်ချွန်းကြီး၊ နေနှင့်ဦး၊ မင်းကို ငါတစ်နေ့ တက်မယ်၊ မင်းထိပ်ကို ရောက်အောင်တက်မယ်"

*

# အခန်း (၁၂)

စနေလို၊ တနင်္ဂနွေလိုနေ့များ ရောက်တိုင်း တောင်ချွန်းကြီးပေါ် တက်လိုစိတ်များ ကျွန်တော့်တွင် အပြင်းအထန် ပေါ်၏။

သည်နေ့များတွင် တောင်ချွန်းကြီးပေါ်သို့ အပျော်တက်သူတွေ များကြ၏။

ကျွန်တော်တို့အိမ်မှာ တောင်ချွန်းကြီးအောက်တွင် ကပ်လျက်ရှိသောကြောင့် တောင်ချွန်းပေါ် တက်ကြသူများကို ကျွန်တော် မြင်ရသည်။

များသောအားဖြင့် တောင်ချွန်းပေါ် တက်ကြသူများမှာ ကလေးတွေ၊ ကျွန်တော်တို့အရွယ်တွေနှင့် ကျောင်းသူကျောင်းသားကြီးအရွယ် အပျို လူပျိုတွေ ဖြစ်ကြ၏။

သည်လိုဆိုပြန်တော့လည်း မော်လမြိုင်သို့ ပြန်လွမ်းသည်။

စနေ၊ တနင်္ဂနွေလို အားလပ်ရက်များတွင် မော်လမြိုင်တောင်တန်းတွေဆီ

www.burmeseclassic.com

www.burmeseclassic.com


လည်း လူစည်သည်။ ကျိုက်သလွန်တောင်ရိုး တောင်ဝိုင်းတောင်ခြေတို့ဆီ ဘုရားဖူး ထွက်ကြသည်။ အမှန်က ဘုရားဖူး၍ ကုသိုလ်ယူသူတွေလည်း ရှိကြသည်။ တောတောင်ရေမြေကို ချစ်သောလူသား သဘာဝကြောင့် တောရိပ် တောင်ရိပ်ဆီ အပျော်လာခိုသူတွေလည်း ရှိကြသည်၊

တောင်ချွန်းကြီးပေါ်မှာက စေတီတွေ ဘုရားတွေမရှိ။ သည်တော့ တောင်ချွန်းပေါ်တက်ကြသူများမှာ အပျော်တက်ကြသူများသာ ဖြစ်ဟန်တူကြ သည်။

သူတို့တက်ကြလျှင် တောင်ခြေတောများဆီမှလည်း ပျော်ရွှင်သောအသံ များကို ကြားကြရသည်။ ဟိုးတောင်ချွန်းထိပ်မှ မြို့ဆီသို့လှမ်းအော် အသံပြုကြ သည်ကိုလည်း ကြားကြရသည်။ တောင်ချွန်းထိပ်ဆီမှ အောက်ဆီသို့ လှမ်း၍ မှန်လေးတွေနှင့်လည်း ထိုးပြကြသည်။

အစက တောင်ချွန်းထိပ်ဆီမှ လက်လက်နှင့် မှန်ရောင်ကို ဘာလုပ်ကြ သည်မှန်းမသိ။ နှင်းမြစန္ဒာ ပြောပြမှ လှမ်းနှုတ်ဆက်ကြကြောင်း သိရသည်။ တောင်ခြေရှိ အိမ်များမှ ကလေးများ၊ လူငယ်များကလည်း ပြန်၍ တောင်ထိပ်ဆီသို့ မှန်နှင့် ထိုးပြကြသည်။

စနေတစ်နေ့တွင် တောင်ထိပ်မှ မှန်ထိုးပြနေကြသည်ကို အောက်မှနေ၍ ကျွန်တော်ကလည်း မှန်ပြန်ပြနေ၏။

နှင်းမြစန္ဒာက ကျွန်တော့် ခြံတွင်းသို့ ကူးလာ၏။

"ဒီနေ့ လူတွေအများကြီး တက်ကြတယ်နှင်း"

"အင်းလေ၊ မိုးလာခါနီးပြီကိုး"

"ဘယ်လို"

"မိုးရွာရင် လမ်းတွေကချော်ပြီး တက်လို့မကောင်းတော့ဘူး၊ ဒီတော့ လမ်းမချော်ခင် တက်ချင်သူတွေ တက်ကြတာပေါ့၊ အမှန်က ခုလိုနွေမှာ တက်ရ တာလည်း မကောင်းပါဘူး၊ အိုက်တယ်၊ ချွေးထွက်တယ်၊ မောတယ်၊ ရေလည်း ငယ်တယ်၊ ဆောင်းတွင်းမှ ကောင်းတယ်၊ ဆောင်းတွင်းဆို နိုင် ကြည့်၊ လူတွေ ခုထက် များတယ်၊ ချယ်ရီတွေပွင့်ချိန်ဆိုရင် တောင်ချွန်းပေါ်က ကြည့်ရင် မြို့က သိပ်လှတယ်"

"ခုလည်း စိန်ပန်းပြာတွေကို တွေ့ရမှာပေါ့"

"လာပြန်ပြီ စိန်ပန်းပြာ"

www.burmeseclassic.com

www.burmeseclassic.com


"နိုင် တောင်ထိပ်ရောက်ရင် စိန်ပန်းပြာကို မှန်နဲ့ထိုးပြီး နှုတ်ဆက်မယ်"

"စိန်ပန်းပြာကို"

"နှင်းကို ပြောတာ၊ နှင်းကို၊ နှင်းကလည်း ပြန်ပြီး မှန်ထိုးပြနော်"

"ဟင်...နိုင်က တစ်ယောက်တည်း သွားမလို့လား"

"အဖော်မရှိရင် တစ်ယောက်တည်း သွားရမှာပေါ့၊ နှင်းပဲ ပြောတယ်၊ မိုးကျတော့မယ်ဆို၊ လမ်းချော်မယ်ဆို၊ ဆောင်းတွင်းကျမှ တက်ကြမှာလား"

"ဘာဖြစ်လို့ လောနေတာလဲ"

"လိုင်းကြီးလှေအောက်၊ တောင်ကြီးဖဝါးအောက်တဲ့၊ နိုင့် ခြေဖဝါးတွေ ယားနေတယ်"

"ပြောပြန်ပြီ စကားဆန်းဆန်းတွေ"

"နိုင် ရေဗူး ဝယ်ထားတယ်"

"ဘာလုပ်ဖို့"

"နွေ တောင်ပေါ်တက်ရင် ရေငတ်တတ်တယ်၊ နှင်းပဲခုနင်က ပြောတာလေ"

နှင်းမြစန္ဒာက သက်ပြင်းလေးရှိုက်ပြီး ကျွန်တော့်ကို ကြည့်နေ၏။

အတန်လေးကြာမှ ပြော၏။

"ဝင့်ဝါတို့ကို နှင်း အဖော်စပ်ကြည့်ဦးမယ်"

"အို သူတို့ပါမှလား"

"သူတို့ပါတော့ ပိုကောင်းတာပေါ့"

ကျွန်တော် ဘာမျှ မပြောတော့။

သူတို့ပါလျှင်တော့ ပိုကောင်းသည်ပေါ့၊ သူမပါလျှင်လည်း...

ကျွန်တော်က ကျွန်တော့်အကြံနှင့် ကျွန်တော်ဖြစ်၏။

မိုးကျလျှင် လမ်းချော်မည်ဆိုသော နှင်းမြစန္ဒာ၏စကားကြောင့် ကျွန်တော့် သံန္နိဋ္ဌာန်က ပိုခိုင်မာသွား၏။

နောက်တစ်နေ့က တနင်္ဂနွေနေ့ဖြစ်၏။ မေလလည်း ဆန်းနေပြီ။ မော်လမြိုင်မှာဆိုလျှင်တော့ မေလဆန်းသည်နှင့် မိုးရွာတတ်သည်။ သည်မှာတော့ မသိ။ တိမ်တွေ အမြဲဖြတ်နေသည့် တောင်မြင့်ပေါ်မှာ ဖြစ်သောကြောင့် မိုးစောစော ရွာမည်ဆိုက ရွာနိုင်သည်။

တနင်္ဂနွေနေ့ ဘိုးဘိုးကြီး ဂေါက်ကွင်းသွားရန် ပြင်ဆင်ပေးပြီး ဘိုးဘိုးကြီး

www.burmeseclassic.com

www.burmeseclassic.com


တို့ ကားထွက်သည်နှင့် တစ်ပြိုင်နက် ကျွန်တော်လည်း တောင်ပေါ် တက်ရန် ပြင်သည်။

အမှန်က တောင်ပေါ်တက်ရန် အထူးပြင်ဆင်ရန် မလိုပါ။ မော်လမြိုင်တွင် နေစဉ်က တောင်ပေါ် ခဏခဏ တက်ဖူးသည်။ ဘာပစ္စည်း ကရိယာမှ မဆောင်ဘဲ ဆော့ရင်း ကစားရင်း တောင်ပေါ် ရောက်ရောက်သွားသည်။

ဟောသည်လို နွေမှာဆိုလျှင်တော့ ရေငတ်တတ်သည်မှာ အမှန်ပင် ဖြစ်သည်။ စိမ့်စမ်းမရှိလျှင် တောင်ပေါ်ဆိုသည်က ရေအလွန်ရှားသည်။

ဂေါက်ကွင်း ကယ်ဒီလေးတစ်ယောက်ဆီမှ စစ်သုံးရေဘူးလေး တစ်လုံးကို ဈေးချိုချိုနှင့် ကျွန်တော် ရထားသည်။ အမှန်ပြောရလျှင် လူကြီးတွေ၊ ဘတ်ဒီ၊ ဘွတ်ကီ ထိုးသည်ကို ဘေးမှ လောင်းရင်း ကျွန်တော် အနိုင်အဖြစ် ရထားသော ရေဘူး ဖြစ်၏။

ရေတိုင်တွင် ရေဘူးတွင်းသို့ ရေအပြည့် ကျွန်တော်ထည့်သည်။ ဘိုးဘိုးကြီး နှင့် ဂေါက်ကွင်းလှည့်လျှင် ဝတ်ရန် အန်တီတင့်တင့် ချုပ်ပေးထားသော ဘောင်းဘီ ရှည်ကလေးကို အသင့်ထုတ်ထားသည်။ ဘောင်းဘီအိတ်တွင်း သကြားလုံး သုံးလေးလုံး ထည့်၏။ အန်တီတင့်တင့်ပင် ဝယ်ပေးထားသော ကင်းဗတ်စ် ဖိနပ်ဖြူလေးကလည်း အောက်ထပ်မှာ အဆင်သင့်။ မျက်နှာသုတ်ပဝါလေး တစ်ခုကို ဂေါက်သမားတွေဟန် အတုခိုး၍ ခါးစောင်းမှာ ညှပ်ချသွားရန် စိတ်ကူးသည်။

ဘွားဘွားကြီးက သူ့အခန်းထဲတွင် တစ်ရေးတစ်မော အိပ်နေ၏။ အန်တီ တင့်တင့်က စားပွဲတွင် ထိုင်စာဖတ်နေ၏။

ကိစ္စမရှိ။ နွေဆိုသည်မှာ ငိုက်တတ်သည်။ တစ်အောင့်ကြာလျှင် အန်တီ တင့်တင့်လည်း ငိုက်၍ စာအုပ်ကိုင်ပြီး သူ့အခန်းတွင်း သူဝင်သွားလိမ့်မည်။ သည်တော့မှ

တောင်ခြေဆီမှ နေ့လယ်ပိုင်း တောင်တက်ကြသူ တစ်သိုက်၏အသံကို ကြားရသည်။

ကျွန်တော် အားမလို အားမရဖြစ်မိသည်။ အဲသည်လူတွေနှင့် ရောလိုက် သွားလျှင် လမ်းသိဖို့မလို။ တောင်ထိပ်သို့ ရောပါသွားမည်။

ကျွန်တော် အလစ်ချောင်းနေခိုက် အောက်ထပ်မှ နှင်းမြစန္ဒာ၏ ခေါ်သံကို ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com


"နိုင်ရေ… နိုင်"

ကျွန်တော်စိတ်ပျက်သွားသည်။ ကျွန်တော် အကြံပျက်တော့မည်။

ကျွန်တော်က အောက်ထပ်သို့ ဆင်းလာခဲ့၏။ ကျွန်တော့်နောက်မှာ အန်တီတင့်တင့်လည်း ပါလာ၏။

နှင်းမြစန္ဒာက လွယ်အိတ်ကလေးတစ်လုံးကို လွယ်ထား၏။ ကင်းဗတ်စ် ဖိနပ်ဖြူလေးလည်း စီးထား၏။ ခေါင်းမှာလည်း ခမောက်လှလှလေးတစ်လုံး ဆောင်းထား၏။

"ဟင်…နှင်း၊ ဘယ်သွားမလို့လဲ"

"တောင်ပေါ်တက်ကြမယ်လေ"

"တောင်ပေါ်"

"အင်းလေ၊ နို့ နိုင်ကပဲ တက်ချင်တယ်ဆို၊ ဝင့်ဝါတို့နဲ့ ချိန်းပြီးပြီ၊ မြန်မြန် အဝတ်အစားလဲ"

ကျွန်တော် အလွန် အံ့သြသွားသည်။ ဝမ်းလည်း အလွန်သာသွား၏။

ကျွန်တော်က အိမ်ပေါ်ပြေးတက်ပြီး အမြန်အဝတ်အစားလဲ၏။ ရေဘူး လေးကိုပါ လွယ်ပြီး အောက်ထပ်ဆင်းခဲ့၏။

အန်တီတင့်တင့်က ပြုံးကြည့်နေရာမှ ပြော၏။

"နှင်းတို့နဲ့ဆို ကောင်းတာပေါ့၊ အန်တီက နိုင်တစ်ယောက်တည်း စွတ် တက်သွားမှာ စိုးရိမ်တာ၊ ဒါပဲနော်၊ နေသိပ်မစောင်းခင် လူသူမပြတ်ခင် ဆင်းခဲ့ ကြရမယ်"

"စိတ်ချပါ အန်တီ"

နှင်းမြစန္ဒာက ကတိပြုရင်း ကျွန်တော့်ကို အဓိပ္ပာယ်ပါပါနှင့်လှမ်းကြည့်၏။

ကျွန်တော်ကလည်း ကတိပြု၏။

"အန်တီ့စကား နားထောင်ပါမယ်"

ကျွန်တော်တို့နှစ်ယောက် ထွက်ခဲ့ကြ၍ ခြံအပြင် တော်တော်ရောက်သော အခါ နှင်းမြစန္ဒာက ကိုယ်လေးလှုပ်အောင် ကျိတ်ရယ်၏။

"နှင်း ဘာရယ်တာလဲ"

"သူတော်ကောင်းလေး"

"ဘာရယ်"

"အန်တီ့စကား နားထောင်ပါ့မယ်တဲ့၊ သူတော်ကောင်းလေး၊ ဟွန်း

www.burmeseclassic.com

www.burmeseclassic.com


အစက တစ်ယောက်တည်း ခိုးတက်မလို့ မဟုတ်လား"

ကျွန်တော့်ပါးစပ် ပြဲသွား၏။

"နှင်း ဘယ်လိုလုပ်သိလဲ"

"ဗိုင်ဘရေးရှင်း"

"ဘာ"

"ဝတ္ထုတွေထဲမှာ ဖတ်ဖူးတာ၊ တုန်ခါလှိုင်း၊ နိုင့်စိတ်ထဲကဟာကို တုန်ခါလှိုင်းနဲ့ နှင်းသိတာ"

ကျွန်တော်က မယုံတစ်ဝက် ယုံတစ်ဝက်နှင့် နှင်းမြစန္ဒာကို ကြည့်သည်။ ကျွန်တော့်စိတ်ကို တုန်ခါလှိုင်းနှင့် နှင်းမြစန္ဒာ တကယ်သိနေပါသလော။

နှင်းမြစန္ဒာ ရှေ့ရှုသွားနေသော အရပ်ကိုလည်း ကျွန်တော် သတိပြုမိ၏။

ဝင့်ဝါတို့အိမ်ဘက်မဟုတ်။ တောင်ခြေဆီကိုသာ။

"အဲဒါ ဘယ်သွားမလို့လဲ"

"ကျားတွင်းဘက်"

"တောင်ချွန်းတက်မယ်ဆို"

"အဲဒီဘက်ကတက်မှ ပြေတယ်၊ နီးတယ်ဆိုပြီး တောင်ကို ကန့်လန့်ဖြတ်မတက်ရဘူး ကိုယ်တော်ရဲ့"

"ဝင့်ဝါတို့ကို ဝင်မခေါ်ဘူးလား"

"သူတို့ ကျောက်တစ်လုံးက စောင့်နေမယ်"

ကျွန်တော်တို့သည် တောင်ခြေတောတွင်း ဝင်မိကြပြီး လမ်းမြှောလေးများ အတိုင်း လျှောက်ကြသည်။

ကျွန်တော့်စိတ်တွင် ကျောက်တစ်လုံးသို့ ရောက်ရန် ကြာလှသည်ဟု ထင်၏။ ပတ်ဝန်းကျင်ကလည်း ကျွန်တော် မြင်ဖူးသော ပတ်ဝန်းကျင်မဟုတ်။

ကျွန်တော်တို့သည် အတန်မြင့်ရာ၌ မြေပြန့်ပြန့်လေးဖြစ်နေသော တစ်နေရာသို့ ရောက်လာကြ၏။ သည်နေရာမှာက ရေထွက်လေးတစ်ခု ရှိသည်။ ကျွန်တော်တို့အရင် ရောက်နေကြသူအချို့က ရေထွက်လေးတွင် ရေသောက်ကြပြီး တောင်ပေါ် ဆက်တက်ကြ၏။

ရေထွက်လေးဘေးမှ အုတ်တန်းလေးပမာဖြစ်နေသော ကျောက်တုံးတန်းလေးတွင် နှင်းမြစန္ဒာက ထိုင်သောကြောင့် ကျွန်တော်လည်း ထိုင်လိုက်၏။

"ဝင့်ဝါတို့က ဒီလာမှာလား"

www.burmeseclassic.com

www.burmeseclassic.com


"မလာဘူး၊ ဘယ်ကိုမှ မလာဘူး"

"ဘာပြောတယ်"

"ဝင့်ဝါကို တောင်ချွန်းပေါ်တက်ကြဖို့ နှင်းပြောကြည့်ပြီးပါပြီ၊ ဝင့်ဝါက စိတ်မပါဘူး၊ နွေကြီးတဲ့၊ အိုက်တယ်တဲ့၊ အင်းလေ…ဝင့်ဝါတို့က ကားရှိတော့ ဟိုပုံးရေထွက်တွေ ဘာတွေဆီသာ သွားမပေါ့ အမောခံ အအိုက်ခံပြီး၊ ဒီတောင်ချွန်းပေါ် ဘယ်တက်ချင်မလဲ၊ ဒီတော့ နှင်း ဘာလုပ်ရမလဲ"

နှင်းမြစန္ဒာ၏ မျက်နှာလေးသည် တည်သွား၏။ အနည်းငယ်လည်း ညှိုးသွား၏။

"နိုင်တစ်ယောက်တည်း တောင်ပေါ်ကို စွတ်တက်သွားမှာ နှင်းသိနေတယ်၊ ဟိုး…မော်လမြိုင်ကတောင် တောင်ကြီးကို စွန့်လာဝံ့တဲ့ နိုင်ဟာ ဒီတောင်ချွန်းပေါ် တစ်ယောက်တည်း တက်ရဲတာ နှင်းသိပါတယ်၊ ဒါပေမဲ့ ဘာဖြစ်လို့မှန်း မသိဘူး၊ နှင်း သိပ်စိတ်ပူတာပဲ၊ ဟို သဲတွင်းထဲ နိုင် သွားရေကူးမှာလဲ ပူတာပဲ"

"တောင်ချွန်းပေါ်မှာ ဘာအန္တရာယ်ရှိတာလိုက်လို့"

"အန္တရာယ်ဆိုတာ သိနိုင်မလား၊ ခြေချော်ကျနိုင်တယ်၊ ကြောင့်တွေဘာတွေ စူးနိုင်တယ်၊ သစ်ပင်တွေဘာတွေပါ လျှောက်တက်ရင် လိမ့်ကျနိုင်တယ်၊ မျက်စိလည်ပြီး လမ်းမှားနိုင်တယ်၊ တခြားယောကျ်ားလေးတွေနဲ့ စကားများပြီး ရန်ဖြစ်နိုင်တယ်"

ကျွန်တော်က အော်ရယ်သည်။ သူတို့ မိန်းကလေးတွေသည် ကြံကြံဖန်ဖန် ပူတတ်သည်။

နှင်းမြစန္ဒာက ကျွန်တော့်ကို စိမ်းစိမ်းလေး စိုက်ကြည့်၏။

"နိုင် မေးသလိုမေးမယ်၊ ဘာရယ်တာလဲ၊ ဒါ ရယ်စရာလား"

"ရယ်တာပေါ့၊ နှင်းက အဘွားကြီးလေးလို လိုက်ပူနေတာကိုး"

"နှင်း စေတနာကို နိုင်က စော်ကားတယ်ပေါ့"

ကျွန်တော် မျက်နှာပိုးသတ်လိုက်ရ၏။ ချော့ရန် သူ့လက်လေးကိုလည်း ဆုပ်ကိုင်လိုက်ရ၏။

"နိုင့်ကို အဲဒီလို မျက်မှောင်ကြုတ်ပြီး မပြောပါနဲ့၊ နိုင်ကြောက်တယ်၊ နှင်းကိုကြောက်ပါတယ်"

"နှင်းကိုကြောက်တယ်"

"ဟုတ်ဘူးလေ၊ နှင်း နှင်း စိတ်မကောင်း ဖြစ်သွားမှာ နိုင် ကြောက်တယ်"

www.burmeseclassic.com

www.burmeseclassic.com


နှင်းမြစန္ဒာ၏ မျက်နှာလေး ပြန်ကြည်သွား၏။

"ဇာတ်လိုက်"

"ထားပါ၊ နိုင် ဒီနေ့ တောင်ချွန်းပေါ်တက်မှာ နှင်း ဘယ်လိုလုပ် သိသလဲ"

"ဗိုင်ဘရေးရှင်းနဲ့ သိပါတယ်လို့ ပြောပြီးပါရောလား"

"တကယ်"

"တကယ်၊ ဒါပေမဲ့ ရေဘူးလေးထဲ ရေထည့်နေတာတွေ့တော့ ပိုသေချာသွားတာပေါ့"

ကိုယ့်ခေါင်း ကိုယ်ထုချင်မိသွားသည်။

ရေဘူးထဲ သောက်ရေအိုးမှ ရေထည့်လျှင် လူကြီးတွေ မြင်သွားမည်ကို ကျွန်တော် စိုးရိမ်ခဲ့သည်။ ထို့ကြောင့် ခြံတွင်းရှိရေတိုင်ကီမှသာ ထည့်ခဲ့ရာ ဤသည်ကို နှင်းမြစန္ဒာ မြင်သွားသည်။ ပိုင်လှသည်ဟု ကျွန်တော်လုပ်သော အလုပ်က ကျွန်တော့်လျှို့ဝှက်ချက်ကို ဖော်သွားသည်။

"နှင်းက သိပ်ဉာဏ်ကောင်းတာပဲ"

"ဉာဏ်ကောင်းရတာပေါ့၊ ကိုယ်တော် တစ်ယောက်တည်း တက်သွားမှာ စိုးရိမ်တော့ ကျွန်မဉာဏ်ကောင်းရတာပေါ့"

"အင်းလေ…၊ ခုတစ်ယောက်တည်း မတက်တော့ဘူး မဟုတ်လား"

နှင်းမြစန္ဒာက မျက်စောင်းလေးထိုးပြီး "သူတော်ကောင်းလေး"ဟုဆို၏။

တောင်ခြေဆီမှ လူငယ်လုံမငယ် တစ်သိုက် တက်လာကြပြန်၏။

နှင်းမြစန္ဒာက နေရာလေးမှထ၏၊

"ကဲ…သွားကြမယ်၊ ဒါပေမဲ့ နိုင် ကတိတစ်ခု အရင်ပေးရမယ်"

"ဘာလဲ"

"နောက်ကို တစ်ယောက်တည်း တောင်ချွန်းပေါ် မတက်ပါဘူးလို့"

"ပေးပါတယ်၊ နှင်းမပါဘဲ တောင်ချွန်းပေါ် နိုင် မတက်ပါဘူး"

"နောက် တစ်ခု ကျန်သေးတယ်"

"ကျန်သေးတယ်"

"အင်း"

"ပြော"

"သဲတွင်းဆီလည်း သွားရေမကူးပါဘူးလို့၊ သဲတွင်းဘက်ဆီတောင် မသွားပါဘူးလို့"

www.burmeseclassic.com

www.burmeseclassic.com



နှင်းမြစန္ဒာကို ကျွန်တော်က အံ့သြစွာ ကြည့်မိသည်။

ကျွန်တော့်စိတ်ကို ဗိုင်ဘရေးရှင်းနှင့် သူသိနေသည်ဆိုခြင်းမှာ အမှန်လော။

သဲတွင်းမှာ အနည်းဆုံးဝင်းကြည်နှင့်ဖြစ်ဖြစ် ရေသွားကူးကြည့်မည်ဟု ကျွန်တော် စိတ်ကူးထားသည်။

ကျွန်တော်က ရုတ်တရက် မဖြေသေးဘဲ နှင်းမြစန္ဒာ၏ မျက်နှာလေးကို ကြည့်သည်။

မြတ်စွာဘုရား။ မေမေ့ကို သတိရသည်။

နှင်းမြစန္ဒာ၏ မျက်နှာထား၊ အမူအရာ၊ မျက်လုံးအကြည့်တွေက ကျွန်တော့်မေမေနှင့် တူလှချည်ပါကလား။

ကျွန်တော်က လေးနက်စွာ ကတိပေး၏။

"ကောင်းပါပြီ၊ နိုင် ကတိပေးတယ်၊ သဲတွင်းဘက်ကို နိုင် မသွားပါဘူး၊ အဲဒီထဲမှာ ရေလည်း မကူးပါဘူး"

နောက်တက်လာသော အသိုက်ထဲတွင် နှင်းမြစန္ဒာ၏ အသိများ ပါသောကြောင့် သူတို့နှင့်ရောပြီး ကျွန်တော်တို့ ပျော်ပျော်ပါးပါး ဆက်တက်ခဲ့ကြသည်။

ရေထွက်လေးဆီမှနေ၍ တောင်ဘက်၌ရှိသော တောင်စောင်းလမ်းလေး အတိုင်း တက်ကြသည်။ တောင်စောင်းလမ်းလေးက မတ်သွားလိုက်၊ ပြေသွားလိုက်၊ မော့သွားလိုက်၊ ကွေ့သွားလိုက်ဖြင့် တဖြည်းဖြည်း မြင့်သွား၏။ သစ်ပင်ရိပ်တွေကောင်းသော်လည်း ခဏ၌ပင် ချွေးပြန်လာ၏။

အတန်ပင်မြင့်သော တောင်ထိပ်တစ်ခုတွင် ကျွန်တော်တို့ တစ်ခါနားကြသည်။

"ဒါလဲ တောင်ထိပ်ပဲနော်"

"အင်း...နွားလပို့ တောင်လို့ခေါ်တယ်"

"တောင်ချွန်း မရောက်သေးဘူးလား"

"မရောက်သေးဘူး၊ ဆက်တက်ရဦးမှာ၊ ဘာလဲ နိုင် မောနေပြီလား"

"အိုး၊ ဒီလောက်နဲ့ မောရမှာလား"

နွားလပို့တောင်ထိပ်မှနေ၍ ကျွန်တော်တို့ ဆက်သွားကြပြန်၏။

မော့လိုက်၊ ပြေလိုက်၊ ကွေ့လိုက်၊ မတ်လိုက်နှင့်ပင် သွားသော လမ်းတစ်နေရာအရောက်၌ နှင်းမြစန္ဒာက ပြသည်။

အနောက်ဘက်ဆီသို့ လျှောဆင်းနေသော တောတွင်းလမ်းလေးများ

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်ကြ၏။

"အဲဒီကနေ ဆင်းသွားရင် နှင်းတို့နိုင်တို့ အိမ်တွေနဲ့ ပိုနီးတယ်"

"ဟင်… ဒါဖြင့် ဘာလို့ အစကတည်းက ဒီကမတက်သလဲ"

"မတ်တယ် နိုင်ရ၊ သစ်တောဘက်က လူတွေနဲ့ ထင်းခုတ်တဲ့လူတွေ သွားကြတာ၊ နှင်းက နိုင့်ကို ပြေတဲ့လမ်းက ခေါ်လာတာ၊ အပြန်ကျ ဒီကနေ ဆင်းကြမယ်၊ အဆင်းကတော့ သက်သာတာပေါ့"

ကျွန်တော် သဘောပေါက်သွားသည်။ ဤနေရာမှ တက်လျှင်တော့ တောင်ကို ကန့်လန့်ဖြတ် တက်သကဲ့သို့ ဖြစ်သောကြောင့် ပင်ပန်းမည်။ ယခု ကျွန်တော်တို့က တောင်ခြေမှနေ၍ မြောက်သို့ အရင်ဆန်လာသည်။ ရေထွက် ကလေးမှ နေ၍ အလျားလိုက် အလိုက်သင့် တောင်ဘက်သို့ ပြန်စုန်နေသည်။

"အင်း နှင်းပါလို့၊ နိုင့်ဘာသာဆိုရင် အပေါ်ရောက်ပြီးရော၊ တွေ့တဲ့လမ်းက ဖြတ်တက်မှာ"

အဲဒီလိုဆိုရင် တောင်ပေါ်ကဆင်းလာပြီး နှစ်ရက်လောက် ကိုယ်တွေ နာနေလို့ လှုပ်နိုင်မှာ မဟုတ်ဘူး ကိုယ်တော်"

သည်ဘက်ကျတော့ တောင်က ပိုမြင့်လာသောကြောင့် လမ်းကလည်း ပိုမတ်လာသည်။

ကိစ္စမရှိ။ နှင်းမြစန္ဒာနှင့် ကျွန်တော်က မောလျှင် ထိုင်နားကြသည်။ စကားတွေ ပြောကြသည်။ အမောပြေလျှင် ခရီးဆက်ကြသည်။

တော်တော်လေးမြင့်သော လမ်းတစ်ချိုးကို တက်လိုက်ကြပြီးသောအခါ၌ နှင်းမြစန္ဒာက အော်သည်။

"ဟော ရောက်ပြီ"

တောင်ထိပ်တစ်ခုမှန်းတော့ သိသာသည်။ မြေက မကျယ်လှသော်လည်း အတန်လေးပြန့်သည်။ မမြင့်လှသော သစ်ပင်များကလည်း အုပ်မိုးနေသည်။

"ဟင် အောက်ကကြည့်တော့ ချွန်းချွန်းကြီး"

"အဲဒါက ကျောက်ဆောင်ကြီး၊ ဟိုမှာ"

ပြန့်သယောင်ရှိသောမြေမှ နောက်တစ်ဆင့် ခရီးတိုအတက်ကလေး တစ်ခုက ရှိနေသေးသည်။

သည်အတက်လေးကို တက်လိုက်မှ အမောက်ပမာဖြစ်ကာ လဟာပြင် တွင်းသို့လည်း ချွန်းထွက်နေသော ကျောက်ဆောင်ကြီးဆီရောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နိုင်၊ သိပ်အတင့်မရဲနဲ့နော်၊ အောက်မှာက ဘာမှမရှိဘူး၊ ချောက်ကြီး"

ကျောက်ဆောင်ကြီးအနားတွင် တွယ်ကပ်ပေါက်နေသော သစ်ပင်လေးများကို ဆွဲလျက် အမြင့်ဆုံးအထွတ်သို့ ကျွန်တော်တို့ တက်ခဲ့ကြ၏။

နှင်းမြစန္ဒာက ကျွန်တော့်လက်တစ်ဖက်ကို မလွှတ်ဘဲ ဆုပ်ကိုင်ဆွဲထား၏။

တောင်ချွန်းကြီးကို ဘိုးဘိုးကြီးတို့က စကားစပ်မိသောအခါတွင် "ခရက်" ဟု အင်္ဂလိပ်လိုခေါ်သည်။ ခရက်ခ် **(crack)** လော၊ ခရက်စ် **(Crest)** လောဟု ကျွန်တော် ကွဲကွဲပြားပြား မသိ။ ခရက်ခ်ဆိုသည်က အက်ရာအက်ကြောင်းဟု အဓိပ္ပာယ်ရသည်။ ကျောက်ဆောင်ကြီးမှာက အက်ရာအက်ကြောင်းတွေလည်း ရှိသည်။ ခရက်စ်ဆိုသည်က အမောက်။

ယခုမှ သဘောပေါက်သည်။ တောင်ချွန်းကြီးက အမောက်ကြီး။ တောင်ထိပ်မြေပြင်မှ မြင့်ချွန်းစွန်းထွက်နေသော ကျောက်သားအမောက်ကြီး။

သည် အမောက်ကြီးပေါ်မှ မြင်ရသော ရှုခင်းကလည်း အံ့မခန်း။

အောက်တည့်တည့်သို့ ငုံ့ကြည့်လျှင် ဘာမျှမရှိ။ လဟာပြင်ကြီး။

မျက်လုံးဆန့်၍မြို့ရှိရာသို့ ကြည့်လိုက်သောအခါ တောင်ကြီးတစ်မြို့လုံးကို မြင်နိုင်သည်။ သို့ရာတွင် အိမ်တွေခြံတွေက သေးသေးလေးတွေ ဖြစ်နေသည်။ ငုစပ်ပင်တွေ စိန်ပန်းပြာပင်တွေက ဥယျာဉ်တွင်းမှ ရောင်စုံ ပန်းပင်ပုလေးတွေ ထင်ရသည်။ လူတွေကိုလည်း အရုပ်သေးသေးလေးတွေပမာ မြင်ရသည်။

ထိုအချိန်တွင် ကျွန်တော်တို့အနီးတွင် အခြားသူများလည်း ရောက်လာကြ၏။ သူတို့က တောင်အောက်သို့ လှမ်းအော်အသံပြုနေကြ၏။

"နိုင်လည်း လှမ်းအော်ပါလား"

"ဘာပြုလို့"

"မေမေတို့ အန်တီတင့်တင့်တို့ ကြားအောင်"

"ကြားမလား"

"ဘယ်သူ့အသံမှန်းတော့ ဘယ်သိမလဲ၊ အသံတွေတော့ ကြားတာပေါ့"

"ဟုတ်လား၊ နိုင် အော်ကြည့်မယ်"

ကျွန်တော်က အခြားသူတွေနှင့် ရော၍ အော်သည်။

ခဏအကြာ၌ နှင်းမြစန္ဒာက ဝမ်းသာအားရပြောသည်။

"ဟော...ဟော...ဟိုမှာ မေမေ၊ ဟော... အန်တီ တင့်တင့်လည်း ထွက်လာပြီ၊ အော်... နိုင် အော်"

www.burmeseclassic.com

www.burmeseclassic.com


နှင်းမြစန္ဒာတို့ ခြံတွင်း၌ အမျိုးသမီးနှစ်ဦးကို တွေ့သည်။ အမှန်က သဲကွဲသည်မဟုတ်။ အစွဲအမှတ်နှင့် ပုံရိပ်ဖမ်းသိခြင်း ဖြစ်၏။

"နေဦး နိုင်၊ ရော့...ရော့"

နှင်းမြစန္ဒာက သူ့ ရှမ်းလွယ်အိတ်လေး အတွင်းမှ မှန်လေးတစ်ချပ်ကို ထုတ်ပေး၏။

ကျွန်တော်က အန်တီတင့်တင့်တို့ဆီ မှန်ထိုးပြ၏။

မကြာပါ။ အောက်မှလည်း ပြန်၍ မှန်ထိုးပြ၏။ အဝတ်အစားရောင် ကြောင့် အန်တီတင့်တင့်ဟု ကျွန်တော်ထင်သည်။

ကျွန်တော်က သဘောကျပြီး ပြော၏။

"နှင်းရေ၊ အန်တီတင့်တင့်က ပြန်မှန်ထိုးပြနေတယ်"

"အင်းလေ၊ ထုံးစံဟာ"

"ထုံးစံ"

"လူတိုင်းကိုတော့ ပြန်မှန်ထိုးမပြဘူးပေါ့၊ ကိုယ့် အိမ်သားထဲက တက်သွားရင်တော့ ပြန်ပြကြတာပေါ့၊ ဒီကလည်း တောင်ချွန်းပေါ် ကောင်း ကောင်းမွန်မွန် ရောက်သွားပြီလို့ သတင်းပို့တာ၊ အောက်ကလည်း ဝမ်းသာတဲ့ အကြောင်း ပြန်ပြောတာ"

"မှန်ထိုးပြနေတာ နိုင်တို့မှန်း သူတို့သိတယ်"

"ဒီလိုတော့ ဘယ်သိမလဲ၊ ဒီအချိန်တော့ သူတို့ရောက်သွားလောက်ပြီ၊ တို့အိမ်ဆီ မှန်ထိုးပြတာ သူတို့ပဲ ဖြစ်ရမယ်၊ အဲဒီလို သိတာ"

မကြာမီ အောက်မှ မှန်အပြ ရပ်သွား၏။ လူတွေလည်း အိမ်တွင်း ဝင်သွား ကြသည်။

နှင်းမြစန္ဒာကလည်း သူ့မှန်လေးကိုပြန်ယူပြီး ပြော၏။

"ကဲ...တော်ပြီ၊ ဆင်းကြမယ်"

"ခဏနေပါဦး နှင်းရယ်"

ကျွန်တော်က အနောက်ဘက်ဆီသို့ မျက်စိတစ်ဆုံး မျှော်ကြည့်သည်။

တောင်ကြီးမြို့၏ အနောက်ဘက်မှ တောင်တန်းနိမ့်များကို လွန်၍ အဝေးမှ လွင်ပြင်မြေကို မြင်ရသည်။ ထိုမှလွန်သော် ပို၍ဝေးသော အနောက်ဘက်ဆီမှ တောင်တန်းပြာကြီးများ အသွယ်သွယ် အထပ်ထပ်။ ဤအသွယ်သွယ် အထပ်ထပ် သော တောင်တန်းကြီးများက မိုးကုပ်စက်ဝိုင်း အစပ်ဆီအထိ စားပွဲခင်းထား

www.burmeseclassic.com

www.burmeseclassic.com


သကဲ့သို့ ဆက်သွား၏။

ကောင်းကင်မှာက တိမ်ဖြူတွေ ဖြည်းဖြည်းချင်းရွေ့လာ နေသည်။ အချို့တိမ်ဖြူတွေက ဝါဂွမ်းဆုပ်ကြီးများပမာ ကျွန်တော်တို့အောက်မှာ။ အဖော်ကွဲသည်နှင့်တူသော တိမ်တိုက်အပြတ်တချို့က တောင်တန်းကို တိုက်ရိုက်မဖြတ်ကျော်။ လျှိုမြောင် ချိုင့်ဝှမ်းအတိုင်း အလိုက်သင့် မျောသွားနေကြသည်။

အံ့မခန်း ဆန်းပြားကျယ်ဝန်းသော တောတောင်ရေမြေ ရှုခင်းပန်းချီကြီးကိုကြည့်ရင်း ကျွန်တော့်ရင်တွင်း၌ ထူးဆန်းစွာ ခံစားရသည်။

လွမ်းသည်လော။ မဟုတ်ပါ။ ကြည်နူးသည်လော။ ဟင့်အင်း မဟုတ်ပါ။

တောအထပ်ထပ် တောင်အထပ်ထပ်။ ကျယ်ဝန်းသည်။ ကြီးမားသည်။ မြင့်ကြွားသည်။ ဝေးခေါင်သည်။ ထုနှင့်ထည်နှင့်။ အင်နှင့်အားနှင့်။ ရိုးရိုးမြေပြင်မဟုတ်။ ရိုးရိုးတောင်တန်းမဟုတ်။ ကုန်းပြင်မြင့်ကြီး။

သည်ကုန်းပြင်မြင့်ကြီးကို ကျွန်တော် ဖြတ်လာခဲ့သည်။ ကျွန်တော်ဆိုသည်က သေးသေးလေး။ ကုန်းပြင်မြင့်ကြီးက အကြီးကြီး၊ အို...သြကာသလောကကြီးတစ်ခုလုံးက အကြီးကြီး။

ယခု ကျွန်တော်က အထက်၌ ဘာမျှမရှိတော့သော တောင်ထွတ်ပေါ်မှ သြကာသလောကကြီးကို ကြည့်နေသည်။

ကျွန်တော့်ခေါင်းထက်မှာတော့ ဘာမျှမရှိ။ ကျွန်တော့်မိတ်ဆွေ ကြယ်လေးတွေပင် မရှိ။ ကောင်းကင်ကြီးသာ။

နူးညံ့သော လက်ကလေးတစ်ဖက်က ကျွန်တော့် လက်မောင်းကို ဆုပ်ကိုင် လာသည်။

"နိုင်"

ကျွန်တော်လှည့်ကြည့်သောအခါ စိုးရိမ်သော မျက်နှာလေးနှင့် နှင်းမြစန္ဒာကို တွေ့ရသည်။

"နိုင် နိုင် ဘာဖြစ်သွားတာလဲဟင်"

"ဟင်၊ နိုင် ဘာဖြစ်လို့လဲ"

"နိုင့် မျက်နှာကြီးကလည်း တစ်မျိုးကြီးပဲ၊ မျက်လုံးတွေကလည်း မျက်တောင် မခတ်ဘူး၊ လူကလည်း ကျောက်ရုပ်ကြီးလို ငြိမ်နေတယ်၊ ဘာဖြစ်သွားတာလဲ"

ကျွန်တော်က ပြုံးလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com


"နိုင် ဘာမှ မဖြစ်ပါဘူး"

"ဟင်း... ညာတာ၊ ဖြစ်ပါတယ်"

"ဩော်...နှင်းကလဲ၊ မဖြစ်ပါဘူး ဆိုနေမှ၊ အဲ...နိုင် နည်းနည်း အတွေးလွန် သွားတယ်"

"ဘာ အတွေးလွန်တာလဲ"

"ခက်လိုက်တာ နှင်းရယ်၊ တွေးတယ်ဆိုတာကတော့၊ အဲ... တွေးတာပေါ့၊ အတွေးလွန်တယ်ဆိုတာက တွေးတဲ့ ဟိုဘက် ရောက်သွားတော့ ဘယ်လို ပြောရမှန်း မသိတော့ဘူး"

"ပြောပြန်ပြီ စကားဆန်းဆန်း၊ ကဲလာ ဆင်းကြမယ်"

ကျွန်တော်တို့သည် ကျောက်ဆောင် အမောက်ကြီးပေါ်မှ ဆင်းလာခဲ့ကြသည်။

တောင်ထိပ်မြေမှ အရိပ်ကောင်းရာ တစ်နေရာကို ရှာကြပြီး ထိုင်ကြ၏။

နှင်းမြစန္ဒာက သူ့အိတ်လေးတွင်းမှ အထုပ်ကလေးနှစ်ထုပ်ကို ထုတ်ယူသည်။

"ဘာတွေလဲ နှင်း"

"ထမင်းနဲ့ တို့ဟူးသုပ်၊ တို့ဟူးက အိမ်မှာ အဆင်သင့်ရှိပေလို့၊ ထမင်းချဉ်သွားဝယ်ချင်တာ၊ နှင်း ဈေးဘက်သွားနေတုန်း ကိုယ်တော်က အလစ်ထွက်သွားမှာစိုးလို့"

ဖက်နှင့်ထုပ်ထားသော ထမင်းတစ်ထုပ်ထဲမှ နှိုက်ပြီး ကျွန်တော်တို့ အတူစားကြသည်။

နှင်းမြစန္ဒာက ကျွန်တော့်ကို အကဲခတ်ဟန် ကြည့်ပြီး မေး၏။

"ရွံသလား"

"ဘာကိုလဲ"

"ဖက်တစ်ထုပ်ထဲက နှစ်ယောက် နှိုက်စားရတာ"

"နှင်း လက်လေးတွေက သန့်တယ်၊ ပြီးတော့ နှင်းကိုလည်း နိုင်က ခင်တယ်၊ ဘာလုပ်ရွံ့ရမှာလဲ၊ ပါးစပ်ထဲခွံ့ပေးတောင်စားမှာ"

"ပိုတာ"

"မပိုဘူး၊ မယုံစမ်းကြည့်"

ကျွန်တော်က ပါးစပ်ဟပေး၏။ အနည်းငယ်လေး တုံ့နေပြီးမှ နှင်းမြ

www.burmeseclassic.com

www.burmeseclassic.com



စန္ဒာက သူ့လက် သွယ်သွယ်လှလှလေးနှင့် ထမင်းတစ်လုတ်ခွံ့ပေးသည်။

ကျွန်တော်က အမူအရာ အပိုလုပ်၍ အားရပါးရ ဝါးစားပြသောအခါ နှင်းမြစန္ဒာသည် နှစ်ခြိုက်စွာ ရယ်၏။

ကျွန်တော်က တစ်ပြန် ပြန်ခွံ့ကျွေးသောအခါ နှင်းမြစန္ဒာက မျက်စောင်း လှလှလေးတော့ တစ်ချက်ထိုးသည်။ ငြင်းတော့ မငြင်းဘဲ စားသည်။

ပျော်ပျော်ပါးပါး ဤသို့စားကြပြီးနောက် ရေဘူးထဲမှရေကိုလည်း တစ်ယောက်တစ်လှည့် မော့သောက်ကြသည်။

ကျွန်တော်ယူလာသော သကြားလုံးလေးတွေ တစ်လုံးစီမြုံ့ရင်း သစ်ပင်ရိပ်အောက်တွင်ပင် ကျွန်တော်တို့ ခေတ္တဆက်နားနေကြသည်။

"နှင်းက ဉာဏ်သိပ်ကောင်းတာပဲ"

"ဘာ ဉာဏ်ကောင်းတာလဲ"

"ထမင်းယူခဲ့တာလေ၊ မနက်စာသာ စားခဲ့ပြီးတယ်၊ ဒီရောက်တော့ ဆာနေသား"

"စားလို့ကောင်းရဲ့လား"

"ကောင်းသမှ သိပ်ကောင်း၊ နှင်းယူခဲ့တာက နည်းတောင်နည်းနေသေး တယ်"

"မဝသေးဘူးပေါ့"

"အဲဒီလိုတော့ မဟုတ်ဘူးလေ၊ အဆာတော့ ပြေသွားတာပေါ့"

"တမင်အဆာပြေရုံ နည်းနည်းယူခဲ့တာ၊ ဗိုက်တင်းရင် မကောင်းဘူး၊ ဆင်းကြရဦးမှာ မဟုတ်လား"

"အင်း ...တစ်ရေးတစ်မော အိပ်လိုက်ရရင်"

"အိပ်မနေနဲ့ ကိုယ်တော်၊ လူများတွေ မရှိကြတော့ဘူး၊ လာဆင်းကြစို့"

"နှင်းက ကြောက်လို့လား"

"ဘာကြောက်စရာရှိလဲ၊ ဒါပေမဲ့ အန်တီတင့်တင့်မှာ လိုက်တယ် မဟုတ် လား၊ လူမပြတ်ခင် ဆင်းခဲ့တဲ့"

ကျွန်တော်လည်း အန်တီတင့်တင့်ကို ပေးခဲ့သောကတိကို သတိရ၏။

"ဟုတ်ပါရဲ့၊ နိုင်လည်း အန်တီတင့်တင့်စကားကို နားထောင်ပါ့မယ်လို့ ကတိပေးခဲ့တယ်၊ ကဲလာ ဆင်းကြမယ်"

နှင်းမြစန္ဒာ ပြခဲ့သော လမ်းခွဲလေးတွေ ရောက်သည်အထိ ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com


လာခဲ့သည့်အတိုင်း ပြန်ကြသည်။ လမ်းခွဲလေးတွေဆီ ရောက်သောအခါ ကျွန်တော်တို့ ဖြတ်ဆင်းကြသည်။

တောင်ကြောကို ခါးမှဖြတ်၍ ကန့်လန့်ဆင်းရသည်ဖြစ်သောကြောင့် အဆင်းလမ်းက စောက်သည်။ ခြေမြဲအောင်လည်း ဂရုစိုက်ရသည်။ အရှိန်လွန်ထိုးကျမသွားအောင်လည်း ဂရုစိုက်ရသည်။ တချို့နေရာတွေတွင် သစ်ပင်သစ်ကိုင်းတွေကို အားပြုဆွဲပြီး နောက်ပြန်ဆင်းရ၏။ တချို့နေရာတွေတွင် ထိုင်ပြီး တရွေ့ရွေ့ဆင်းရ၏။

ကျွန်တော်က ရှေ့မှဆင်းသည်။ အောက်တစ်ဆင့်မှနေ၍ နှင်းမြစန္ဒာဆီကို လက်ကမ်းပေးပြီး ကူညီရ၏။

သုံးနေရာလောက်တွင်မူ ဘာမျှ ကိုင်စရာ တွယ်စရာမရှိ။ အောက်၌ရှိနေသော သစ်ပင်ကြီးဆီ တည့်တည့်ချိန်ပြီး အရှိန်လွတ်ဆင်းလိုက်ရသည်။ သစ်ပင်ဆီရောက်မှ သစ်ပင်ကို ဆွဲအားပြု၍ အရှိန်ကို သတ်ရသည်။

ဤနေရာမျိုးတွင်တော့ နှင်းမြစန္ဒာက မြေကြီးတွင် ထိုင်လျက်သစ်ပင်နှင့် အနီးဆုံးရောက်အောင် ရွေ့ရွေ့လျောဆင်းသည်။ ကျွန်တော့် လက်လှမ်းမီရာရောက်မှ ရပ်လှမ်းသောအခါ သူ့ကိုယ်လေးကို ဆီးဖမ်းပြီး အရှိန်သတ်ပေးရ၏။

ခက်ခဲသည်တော့ မှန်၏။ သို့ရာတွင် ပင်ပန်းသည်ကို မသိဘဲ ကျွန်တော်တို့ အလွန်ပျော်ကြသည်။

တောင်ခြေရင်းရှိ မီးတားလမ်းအနီးသို့ ရောက်သောအခါတွင် ကျွန်တော့်ခြေတွေရော၊ လက်တွေပါ အလွန်ညောင်းနေသည်။ နှင်းမြစန္ဒာက သူ့ဒူးလေးတွေ မခိုင်တော့ဟုဆိုသည်။

မီးတားလမ်းဘေး သစ်ပင်ရိပ်တွင် ကျွန်တော်တို့ ထိုင်နားကြသည်။ ရေကိုလည်း တစ်ယောက်တစ်လှည့် မော့သောက်ကြပြန်သည်။ ကျန်သောသကြားလုံးလေးများကို စုပ်စားကြရင်းအပန်းဖြေကြ၏။

"နိုင် ဒီလမ်းကနောက်တစ်ခါ ဆင်းချင်သေးလား"

"အိုး ဆင်းမှာပေါ့၊ ဘာဖြစ်သလဲ"

"ပင်ပန်းတာကို မှတ်မသွားဘူးလား"

ကျွန်တော်က ရယ်မိ၏။

"ကြည့်...ရယ်ပြန်ပြီ"

"စဉ်းစားမိလို့ပါ၊ နှင်းက စကားဆန်းဆန်း ပြောတယ်လို့ ပြောဦးမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောမလို့လဲ"

"နိုင်စာအုပ်ထဲမှာ ဖတ်ဖူးတာ ပြောပြမယ်၊ တစ်ခုခုရအောင် တစ်ခုခု အမြဲပေးရတယ်တဲ့"

"နားမလည်ဘူး"

"လောကကြီးမှာ ဘာမှ အလကားမရဘူး၊ တစ်ခုခုကို လိုချင်ရင် တစ်ခုခုနဲ့ ရင်းရတယ်၊ အဲဒီစာအုပ်ထဲမှာ စာရေးဆရာကပြောတယ်၊ အရင်းဆိုတာ ရွှေတွေ၊ ငွေတွေ ပိုက်ဆံတွေမှ မဟုတ်ဘူးတဲ့၊ ကံဉာဏ်ဝီရိယဆိုတာတွေကလည်း အရင်းပဲတဲ့"

"အဲဒါနဲ့ ခု ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ နှင်းနဲ့နိုင်က ခရီးတိုတိုနဲ့ တောင်ခြေကို မြန်မြန်ရောက်ချင်တယ်၊ ဒါကြောင့် ခက်တဲ့လမ်းကနေ ဖြတ်ဆင်းတယ်၊ ဝီရိယရင်း လိုက်တာပေါ့၊ ဟုတ်ဘူးလား၊ ဒီတော့ ပင်ပန်းတယ်၊ ဒါပေမဲ့ ပျော်ဖို့လည်းကောင်းတယ်၊ ကိုယ်လိုရာလည်းရောက်တယ်၊ နှင်းက မှတ်သွားပလားလို့မေးတယ်၊ နိုင်က မမှတ်သေးဘူး၊ နောက်တစ်ခါတောင် ထပ်ဆင်းလိုက်ချင်သေးတယ်၊ ဒီဖြတ်လမ်းကနေ အပေါ်တောင် တက်လိုက်ချင်သေးတယ်၊ ဟိုဒင်းလေ၊ နိုင်တစ်ယောက်တည်း မဟုတ်ပါဘူး၊ နှင်းနဲ့"

သည်တော့မှ နှင်းမြစန္ဒာ၏ မျက်နှာလေးသည် ကြည်ဝင်းသွားသည်။

"နိုင် တကယ်တောင်ပေါ်ကို တစ်ယောက်တည်း မတက်တော့ဘူးနော်"

"မတက်ဘူးလို့ နှင်းကို နိုင် ကတိပေးပြီးပြီပဲ"

"နှင်းယုံပါပြီ၊ ဟိုရေကန်မှာလည်း သွားရေမကူးရဘူးနော်"

"လာပြန်ပြီ ဒီရေကန်၊ နိုင် မကူးပါဘူးလို့ ပြောပြီးပါရောလား"

နှင်းမြစန္ဒာက သက်ပြင်းလေးချ၏။ မျက်နှာလေးမှာလည်း ရိပ်ရိပ်ညှိုးပြီး တည်သွားသည်။

"နှင်း တစ်ခု ပြောပြမယ်နော်"

"ပြောလေ"

"နှင်းဒီနေ့ မလုပ်ချင်တာကို လုပ်ခဲ့ရတယ်"

"ဟင် ဘာကိုလဲ"

"အိမ်ကို လိမ်ခဲ့ရတာ"

"အိမ်ကို လိမ်ခဲ့ရတာ"

www.burmeseclassic.com

www.burmeseclassic.com


"နှင်းတို့ နှစ်ယောက်တည်းတက်မှာကို ဝင့်ဝါတို့ ပါတယ်လို့ လိမ်ခဲ့တာ၊ နှင်း နှင်း အိမ်ကို ဘယ်တုန်းကမှ မလိမ်ဖူးဘူး"

"အို နှင်းဘာလို့ အဲဒီလို လိမ်ရတာလဲ"

"နှင်း မလိမ်ချင်ပါဘူး၊ လိမ်တယ်ဆိုတာ မကောင်းဘူး"

နှင်းမြစန္ဒာ၏ မျက်နှာလေးမှာ ညှိုး၍ တည်နေရုံမက မျက်လုံးများတွင် မျက်ရည်မဝဲတဝဲ ဖြစ်နေသည်။

ကျွန်တော်လည်း စိတ်မကောင်း။ ဤလောက၌ ယခုအခါ မရှိတော့ပြီ ဖြစ်သော ကျွန်တော့်ဖေဖေနှင့် မေမေကလည်း လိမ်သည်ကို မကြိုက်။ ယခု မိန်းကလေးတစ်ယောက် ကျွန်တော့်ကြောင့် သူ့အိမ်ကို သူလိမ်ရပြီ။ ဖေဖေနှင့် မေမေ ဘာပြောမည်နည်း။

"နှင်း...နိုင် စိတ်မကောင်းလိုက်တာ၊ နိုင်ကြောင့် နှင်းလိမ်ရတာပေါ့"

မချိပြုံးလေးနှင့် နှင်းမြစန္ဒာက ပြော၏။

"ဟုတ်တယ်၊ နိုင့်ဆီက နှင်းကတိတစ်ခု လိုချင်လို့ "

"ပြောလေ၊ နောက်ထပ် ဘာကတိလဲ"

"နောက်ထပ် ကတိမဟုတ်ပါဘူး၊ ဒီလိုလေ၊ နိုင် တစ်ယောက်တည်း တောင်ပေါ်ကို တက်ချင်တက်ပါ၊ ဒါက သိပ်စိုးရိမ်စရာမကောင်းဘူး၊ ဟို...ဟို ရေကန်မှာတော့ ရေသွားမကူးပါနဲ့၊ အဲဒါကို တွေးမိရင် နှင်းစိတ်ထဲ သိပ်...သိပ် စိုးရိမ်တာပဲ၊ အဲဒီ ရေကန်ထဲမှာ နိုင်... နိုင် ရေနစ်တယ်လို့ နှင်း အိပ်မက် မက်တယ်၊ နှင်း ငိုလိုက်ရတာ၊ နိုင် အဲဒီကန်မှာ မကူးပါနဲ့နော်"

ကျွန်တော့်ရင်တွင်းမှာ ဆို့သွားသည်။ မျက်ရည်မဝဲတဝဲဖြစ်နေသော နှင်းမြစန္ဒာ၏ လက်လေးကို ဆုပ်ကိုင်လျက် ပြောမိ၏။

"နိုင်ထပ်ပြီး ကတိပေးတယ်၊ ဒီတောင်ပေါ်လည်း တစ်ယောက်တည်း မတက်ဘူး၊ ဟိုရေကန်မှာလည်း ရေမကူးဘူး၊ သြော် နေဦး၊ နိုင်သတိရပြီ"

သည်တစ်ခါတော့ နှုတ်ဖြင့် မမေးဘဲ မျက်တောင်ကော့များကို လှည့်၍ နှင်းမြစန္ဒာက ကျွန်တော့်ကို စူးစမ်းဟန်နှင့် ကြည့်နေသည်။

"နိုင် စောစောက ပြောခဲ့တာလေ၊ ရင်းရတာ၊ တစ်ခုခုလိုချင်ရင် ရင်းရတာ၊ လိမ်တယ်ဆိုတာ အကုသိုလ်၊ အကုသိုလ်ပျောက်အောင် ကုသိုလ် လုပ်ရမယ်၊ နိုင် ပြောတာနားထောင်၊ တကယ်ပြောနေတာ"

"နားထောင်နေတဲ့ဥစ္စာပဲဟာ"

www.burmeseclassic.com

www.burmeseclassic.com


"အင်းပါ၊ ဒီနေ့ကစပြီး နိုင်ရော နှင်းရော လူကြီးတွေကို မလိမ်ဘူး၊ နိုင်က နှင်းကိုလည်း မလိမ်ဘူး၊ အို တစ်လောကလုံးကို မလိမ်ဘူး၊ ဘယ့်နှယ်လဲ"

နှင်းမြစန္ဒာ၏ မျက်နှာလေးက တဖြည်းဖြည်း ပြန်ပြုံးပြီး ပြန်ကြည်လာ၏။

"နိုင် မေးနေတယ်၊ ဘယ့်နှယ့်လဲ"

"အင်းပါ"

"ဘာ အင်းပါလဲ"

"နိုင့်ကို နှင်း ယုံသွားပါပြီလို့ ပြီးတော့"

"ပြီးတော့ ဘာဖြစ်သလဲ"

"နှင်း သိပ်စိတ်ချမ်းသာသွားတယ်လို့"

မီးတားလမ်းအတိုင်း ကျွန်တော်တို့ ပြန်လာကြသည်။

ညောင်းနေသောခြေထောက်တွေက နားလိုက်မှ ပိုညောင်းပိုနာလာသည်။ ထို့ကြောင့် ကျွန်တော်တို့နှစ်ယောက် မပြေးနိုင်၊ မလွှားနိုင်၊ မဆော့မကစားနိုင်။

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးရင်း ဖြည်းဖြည်းမှန်မှန် ကျွန်တော်တို့ လျှောက်ကြ၏။

သို့ရာတွင် နှင်းမြစန္ဒာတော့ မသိ။ ကျွန်တော့်အတွက်မူ သည်နေ့ တစ်နေ့လုံးတွင် အိမ်အပြန် ခရီးလေးက ပျော်ဖွယ် အကောင်းဆုံး။

စိတ်ချမ်းသာဖွယ် အကောင်းဆုံး။

*

## အခန်း (၁၃)

နဂိုတည်းက တိမ်တို့အားတိုင်း ကျော်ကျော်ဖြတ်နေရသော မြေမြင့်အရပ်ဖြစ်လေသောကြောင့် မေလအဦးတွင် မိုးတစ်ခါ ရွာသည်။

မြန်မာလအားဖြင့် နယုန်လတွင် ရောက်လာသည်။ နယုန်မိုးပြေး မြက်သားမွေးဟူသော စကားကို ကျွန်တော်သိသည်။ ဟိုး...အောက်အရပ်မှာက မိုးလေး တစ်ဖြိုက် ရွာလိုက်လျှင် ခြောက်သွေ့ မွဲညိုနေသော မြေပြင်တွင် မြက်ညွန့်နုနုစိမ်းစိမ်းလေးတွေ ထွက်လာ၏။

တောင်ကြီးမြေက နွေခေါင်ခေါင် အခါမှာပင် မြက်တွေ သားမွေးရုံမက ပန်းရိုင်းတွေ မြေမှ ထပေါက်ကုန်သည်။

www.burmeseclassic.com

www.burmeseclassic.com


ခြံတွင်း ခြံစပ်၊ လမ်းဘေး မြေတွေတွင် ပန်းနုရောင် ခေါင်းလောင်း သဏ္ဍာန်ပန်းတွေ ထပွင့်ကြသည်။ အရောင်အသွေးက အောက်အရပ်မှ ဘောလုံးပန်းနှင့် ဆင်သည်။ မိုးခြိမ်းပန်းဟုခေါ်ကြောင်း သိရသည်။ အခြား အမျိုးအမည် မသိသော ပန်းပွင့်ရောင်စုံလေးများလည်း အနံ့ပွင့်လာကြသည်။ အရိုးနီသော မြင်းခွာပင်များလည်း သန်စွမ်းစိမ်းလန်းလာသည်။

ကျောင်းတွေ မဖွင့်သေးသော်လည်း ကျောင်းရုံးက ဖွင့်နေပြီဖြစ်သောကြောင့် ဘွားဘွားကြီးနှင့် အန်တီတင့်တင့်တို့က ကျွန်တော့်ကို အမှတ် (၁) အစိုးရ အထက်တန်းကျောင်းကြီးတွင် လိုက်အပ်ပေးကြသည်။ ဆရာမများမှာ အန်တီတင့်တင့်၏ သူငယ်ချင်းများဖြစ်သောကြောင့် ကျွန်တော့်ကို ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ကြိုဆိုလက်ခံကြသည်။

နှင်းမြစန္ဒာလည်း ကျွန်တော်တို့နှင့် လိုက်လာပြီး သူ့ကျောင်းဘက် သူသွား၍ သတင်းပို့ စာရင်းသွင်းသည်။

ကျွန်တော့်ကျောင်းတွင် ဝင်းကြည်ကိုလည်း လာစာရင်းသွင်းသည်ကို တွေ့ရ၏။ ဝင်းကြည်မှာ ကျွန်တော်နှင့် တစ်တန်းတည်းဖြစ်ကြောင်း သိရသောကြောင့် ကျွန်တော် ဝမ်းသာသွား၏။ သူ့ထံမှ ဝင့်ဝါလည်း ဟိုဘက်ကျောင်းတွင် စာရင်းလာသွင်းမှန်း ကျွန်တော် သိရ၏။

ကျွန်တော့်ကိစ္စများ ပြီးသောအခါ နှင်းမြစန္ဒာကို ဝင်ခေါ်ရန် ကျွန်တော်တို့ အမှတ်–၃ ကျောင်းကြီးဘက် လျှောက်လာခဲ့ကြသည်။

ဘွားဘွားကြီးနှင့် အန်တီတင့်တင့်တို့က ရှေ့မှသွားကြသည်။ ဝင်းကြည်နှင့် ကျွန်တော်ကနောက် မလှမ်းမကမ်းမှ လိုက်လာကြ၏။

ဝင်းကြည်က မေးသည်။

"ကျောင်းတက်ကြရင်လည်း မင်း ဒီလိုပဲ နှင်းမြစန္ဒာကို ဝင်ဝင်ခေါ်မှာပဲလား"

"တို့က အိမ်နီးချင်း၊ သူငယ်ချင်းလည်း သူငယ်ချင်း၊ ဝင်ခေါ်ရမှာပေါ့။ ကျောင်းတက်ရင်လည်း ကျောင်းပေါက်ဝအထိ လိုက်ပို့ပေးရမှာပေါ့"

"ငါ အဲဒီအလုပ်ကို စိတ်အပျက်ဆုံးပဲ"

"ဘာဖြစ်လို့"

"တချို့ကောင်လေးတွေက မိန်းကလေးဆို စချင်ကြတယ်၊ ငါကတော့ စတာလည်း မခံချင်ဘူး၊ ရန်လည်း မဖြစ်ချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ကားနဲ့ ကျောင်းမတက်ဘူးလား"

"တို့အိမ်တွေနဲ့ ကျောင်းက ဝေးမှမဝေးဘဲ၊ ဒီလိုပဲ လျှောက်လာကြတာပဲ"

"ဒီလိုဆို ဟန်ကျတာပေါ့၊ တို့လမ်းကြုံသားပဲ၊ အလာဆို မင်းတို့ကို တို့ ဝင်ခေါ်မယ်၊ အပြန်ဆို အတူတူပြန်ကြတာပေါ့"

"စတဲ့ကောင်လေးတွေနဲ့ တွေ့ရင်ကော"

"သည်းခံနိုင်တာမျိုးဆို သည်းခံလိုက်တာပေါ့၊ လွန်လာရင်တော့"

"မင်းက ချမှာပဲလား"

"လူတိုင်းဟာ ကိုယ့်ကိုယ်ကို ကာကွယ်ခွင့်ရှိတယ်"

"ဘာရယ်"

"ရန်ဖြစ်တာက တစ်ခု၊ ကိုယ့်ကိုယ်ကို ကာကွယ်တာက တစ်ခု၊ ငါလည်း ရန်တော့ မဖြစ်ချင်ပါဘူး"

"ငုံ့တော့မခံဘူး၊ ဟုတ်လား"

"အေး"

ဝင်းကြည်က စဉ်းစားသယောင် ခေတ္တငြိမ်နေပြီးမှ ပြော၏။

"ဝင့်ဝါက ပြောပြတယ်။ သူလည်း နှင်းမြစန္ဒာက ပြောပြတာတဲ့၊ မင်းက သိပ်သတ္တိကောင်းတာပဲတဲ့၊ မော်လမြိုင်ကနေ တောင်ကြီးကို တစ်ယောက်တည်း စွန့်လာတာတဲ့"

"သတ္တိဆိုတာ မဆန်းပါဘူး ဝင်းကြည်ရာ၊ မရှိမဖြစ်ရင် လူတိုင်းမှာ ရှိကြတာပဲ၊ မင်းမှာလည်း ရှိမှာပါပဲ"

"ငါ ကြောက်တော့ မကြောက်ပါဘူး၊ ငါ ပြောတာက ငါ ရန်မဖြစ်ချင်တာ"

"ငါလဲ ရန်မဖြစ်ချင်ပါဘူး၊ ရန်မဖြစ်ချင်တဲ့ မင်းနဲ့သူငယ်ချင်းဖြစ်ရတာ ငါ ကံကောင်းတာပေါ့။ တို့အချင်းချင်း ရန်မဖြစ်ဘူး၊ တခြားသူတွေနဲ့လည်း ရန်မဖြစ်ဘူး၊ ဒါပေမယ့် ခေါင်းငုံ့လည်း မခံဘူး၊ ဘယ့်နှယ့်လဲ"

"အေး၊ ဟေး...ဟေး မင်း ပြောတာ ငါ သဘောကျသွားပြီ။ ငါလည်း မင်းနဲ့ သူငယ်ချင်းဖြစ်ရတာ ဝမ်းသာပါတယ်။ နေဦး ငါပြောဦးမယ်"

ဝင်းကြည်က ရှေ့မှသွားနေသော ဘွားဘွားကြီးတို့ကို လှမ်းကြည့်၍ တိုးတိုးပြောသည်။

"တို့ သဲတွင်းမှာ ရေသွားကူးကြမလား"

www.burmeseclassic.com

www.burmeseclassic.com


"ဟာ... မင်း ပြောတာ နောက်ကျသွားပြီ"

"ဘာလဲ မင်း သွားကူးပြီးပြီလား"

"မဟုတ်ဘူး။ နှင်းက ငါ့ကို အဲဒီမှာ ရေသွားကူးမှာ သိပ်စိုးရိမ်တယ်၊ အဲဒီမှာ ရေးသွားမကူးပါဘူးလို့ ကတိတောင်းတာနဲ့ ငါ ကတိပေးလိုက်ရပြီးပြီ"

"အဲဒါ ခွကျတာပေါ့၊ သူတို့နဲ့ပေါင်းရတာ၊ မိန်းကလေးတွေဟာ ဟိုစိုးရိမ် ဒီစိုးရိမ်နဲ့"

အမှတ်-၃ ကျောင်းကြီးဆီ ရောက်လာသောကြောင့် ကျွန်တော်တို့ စကားပြတ်သွားကြသည်။

ဤကျောင်းကြီးက အုတ်နံရံကြီး ကာထားသည်။ ကျောင်းအဆောက်အအုံကလည်း တိုက်ဖြစ်သည်။ မြင့်မားသော ခေါင်မိုးချွန်နှင့် ဘုရားရှိခိုးကျောင်းကြီးလည်းရှိသည်။

ဘွားဘွားကြီးနှင့် ကျွန်တော်တို့ ယောက်ျားလေးနှစ်ယောက်က အပြင်တွင် နေရစ်ကြသည်။ ဂိတ်ဝတံခါးကြီးမှ အတွင်းသို့ အန်တီတင့်တင့် တစ်ယောက်တည်း ဝင်သွား၏။

ဝင်းကြည်က ရှင်းပြ၏။

"ဒီကျောင်းကို အစက စိန့်အင်း(စ်)လို့ခေါ်တယ်။ မစ်ရှင်ကျောင်း၊ မာသာကြီးတွေ၊ ဆစ်တာကြီးတွေ အုပ်ချုပ်တဲ့ မိန်းကလေးကျောင်း၊ ယောက်ျားလေးတွေဆိုရင် လေးတန်းအထိပဲ နေရတယ်၊ အစက ငါလည်း ဒီကျောင်းမှာ တက်တယ်"

"အာ... အာ ငါ မှတ်မိပြီ။ ရုပ်ရှင်တစ်ခုထဲမှာ တွေ့ဖူးတယ်။ ဇာတ်လိုက်ကိုမြတ်လေးကြီး ဟောဒီ ဘုရားရှိခိုးကျောင်းကြီးလည်း ပါတယ်"

ကျောင်းတွင်းမှ နှင်းမြစန္ဒာနှင့်ဝင့်ဝါတို့ အန်တီတင့်တင့်နှင့်အတူ ထွက်လာကြသည်။

ဘောလုံးကွင်းကြီး၏ အနောက်ဘက်လမ်းမှ ကျွန်တော်တို့ ပြန်လာခဲ့ကြသည်။

ဇောတိကလမ်းရှိ ဝင့်ဝါတို့ခြံအရောက်၌ လမ်းခွဲကြစဉ် နှင်းမြစန္ဒာက ဖိတ်ခေါ်သည်။

"ကျောင်းတွေလည်း မဖွင့်ခင်၊ မိုးတွေလည်း မသဲခင် တို့ လမ်းလျှောက်ကြဦးစို့၊ ညနေကို ဝင့်ဝါတို့ လာမလား"

www.burmeseclassic.com

www.burmeseclassic.com


"လာခဲ့မယ်လေ၊ ဘယ်ဘက်သွားကြမလဲ"

"လွမ်းစေတီဘက် သွားကြမယ်၊ ငါးဥသီးလေးတွေ ရှိဦးမလား၊ မပြော တတ်ဘူး"

ဝင့်ဝါက ကျွန်တော့်ဘက် တစ်ချက်ကြည့်ပြီးမှ ပြော၏။

"လွမ်းစေတီတောင်က နိမ့်နေလို့ နိုင်က တက်မှတက်ချင်ပါ့မလား"

အန်တီတင့်တင့်တို့ မမြင်အောင် နှင်းမြစန္ဒာက မျက်မှောင်လေးကြုတ်ပြီး ခေါင်းလေးမသိမသာ ခါပြသည်ကို ကျွန်တော် တွေ့လိုက်ရ၏။

ဝင့်ဝါက ရယ်ပြီးဖြေ၏။

"လာခဲ့မယ်လေ၊ မိုးမရွာရင် စောင့်နေ"

သူ ဖြေသည်က နှင်းမြစန္ဒာကို။ မျက်လုံးလေးများကမူ ကျွန်တော့်ကို ကြည့်လျက်။

ဝင့်ဝါက အရွက်စိမ်းသေးသေး စိတ်စိတ်လေးတွေပါသည့် ပန်းနုရောင် အင်္ကျီနှင့်ထဘီကို ဝတ်ထားသည်။ ဖြူဝင်းသော သူ့အသားလေးများကလည်း ပန်းနုရောင်ကို ရောင်ပြန် ပြန်လွှတ်နေသည်။

ကျွန်တော်တို့ချည်း ပြန်လာခဲ့ကြစဉ် နှင်းမြစန္ဒာက ဆို၏။

"ဟော... ကြည့်"

"ဘာလဲ"

"စိန်ပန်းပြာတွေ မရှိတော့ဘူး၊ ကက်ဆီယာတွေတော့ ကျန်သေးတယ်"

မှန်သည်။ စိန်ပန်းပြာပင်တွေပေါ်မှာ အပွင့်တွေ မရှိတော့။ ရွက်စိမ်းလှလှ လေးများသာ ရှိတော့သည်။ ငုစပ်ပင်တွေပေါ်မှာက ပန်းရောင်အပွင့် အဆုပ်တွေ ကျန်နေသေး၏။

"အပွင့်မရှိပေမယ့် အရွက်တွေနဲ့ စိန်ပန်းပြာပင်လေးက လှနေသားပဲ၊ အပွင့်တွေကုန်သွားရင် ငုစပ်အပင်တွေကကော ဆက်လှနေသေးသလား"

နှင်းမြစန္ဒာက မျက်မှောင်လေးတွန့်ပြီး ကျွန်တော့်ကို ကြည့်သည်။

မမျှော်လင့်ဘဲ အန်တီတင့်တင့်က ရယ်လျက် မှတ်ချက်ပြု၏။

"နိုင် ပြောတာ မှန်သဟေ့၊ နိုင်က ကဗျာစကားပြောတယ်၊ လောကဆိုတာ ကို အဲဒီလို ရှုတတ်ရတယ်"

"ခင်ဗျာ"

"ရှိနေတာကို ရှိနေတဲ့အတိုင်း မြင်ပြီးပြောတယ်၊ ဒါက ပြောရိုးပြောစဉ်

www.burmeseclassic.com

www.burmeseclassic.com


သဘော၊ ရှိနေတာရဲ့ဟိုမှာဘက် တစ်ခုခုကို လှမ်းမြင်ပြီးပြောတယ်၊ အဲဒါက ကဗျာရဲ့သဘော၊ အန်တီတို့က ကဗျာအမြင် ရှိနေပြီကိုး"

နှင်းမြစန္ဒာက မျက်မှောင်လေးကြုတ်လျက် အပြုံးလေးတစ်ဝက်နှင့် ညည်းညည်းလေးဆိုသည်။

"နိုင်က စကားဆန်းဆန်းတွေ ပြောတယ်၊ ဟော အခု အန်တီတင့်တင့်ကပါ ပြောပြန်ပြီ။ နှင်းတော့ ဘာမှနားမလည်တော့ဘူး"

"နားလည်လာမှာပေါ့ နှင်းရယ်၊ နှလုံးသားရှိရင် ကဗျာကိုရော၊ ကဗျာစကားကိုပါ နားလည်လာမှာပေါ့"

ကျွန်တော်က တည်တည်ငြိမ်ငြိမ်နှင့် ချောမောလှပသော အန်တီတင့်တင့်၏မျက်နှာကို အံ့သြစွာနှင့် ကြည့်မိ၏။

အန်တီတင့်တင့်၏ စကားများက နှင်းမြစန္ဒာ အတွက်သာမက ကျွန်တော့် အတွက်ပါ ဆန်းနေ၏။

ထိုနေ့က ညနေပိုင်းကျခါမှ တိမ်တွေတက်လာပြီး မိုးက မညို့တညို့ ရှိနေသည်။

ဝင့်ဝါက မိုးမရွာလျှင် လာခဲ့မည်ဟု ပြောသွားသည်။ ယခု မိုးရိပ်တွေ ရှိနေသောကြောင့် ဝင့်ဝါတို့ လာကြမည်မထင်။ ကျွန်တော်တို့လည်း လွမ်းစေတီဘက် လမ်းလျှောက်ဖြစ်ကြရမည် မထင်တော့။

မိုးညိုညို၊ မိုးရွာရွာ ထုံးစံအတိုင်း ဘိုးဘိုးကြီးကတော့ ဂေါက်ကွင်းသွားသည်။

သူ့သူငယ်ချင်းကြီး ကားအလာကိုစောင့်နေတုန်း ဘိုးဘိုးကြီးက ခြံတွင်း၌ သံတုတ်စမ်းသေးသည်။

"ဘိုးဘိုးကြီးတို့ ငယ်ငယ်တုန်းက သီချင်းတစ်ခုရှိတယ် နိုင်ရ"

"ဟုတ်ကဲ့"

"မိုးရွာရင် ရေချိုးမယ်၊ အမေလာရင် နို့စို့မယ်၊ အဖေလာရင် အုန်းသီးစားမယ်"

"နိုင်တို့လည်းဆိုတာပဲ ဘိုးဘိုးရ"

"အား... ဆိုတုန်းပဲလား။ ဘိုးဘိုးတို့တုန်းက ဟောဒီလို မိုးဦးပေါက်ဆိုဆိုတာ၊ မိုးရွာရင် မိုးရေလျှောက်ချိုးရတာ သိပ်ပျော်တာကိုး၊ ခုလဲ မိုးရွာရင် ဘိုးဘိုးကြီးတို့ ဂေါက်သမားတွေ သိပ်ပျော်တာ၊ ဘာဖြစ်လို့လဲ၊ ယူနိုး"

www.burmeseclassic.com

www.burmeseclassic.com


"ဟင့်အင်း"

"သံတုတ်ရိုက်လို့ သိပ်ကောင်းတယ်၊ ဒစ်ဗက်ပါအောင် ရိုက်လို့ရတယ်"

"ဒစ်ဗက်ဆိုတာ"

ဘိုးဘိုးကြီးက စကားရှာဟန် စဉ်းစားသည်။

ထိုနောက်မှ သူ့လက်တွင်းမှ ဝက်(ချ်)ခေါ် အမြောက်ရိုက်တုတ်တိုနှင့် မြေကြီးကို ရိုက်ပြ၏။

မြေပါးပါးတစ်လွှာကွာပြီး လေထဲမြောက်၍ ရှေ့မှာကျသည်။

"အဲ... အဲဒီ မြေအလွှာကို ဒစ်ဗက်လို့ခေါ်တယ်၊ ဒစ်ဗက်ပါအောင် ရိုက်တတ်မှ သံတုတ်ရိုက်တတ်တယ်လို့ခေါ်တယ်၊ သံတုတ်ရိုက်တတ်မှလည်း ဂေါက်ရိုက်တတ်တယ်"

"သံတုတ်ကို မြေကြီးပါအောင် ရိုက်ရမယ်ပေါ့"

"နီးနီး မြေကြီးပါတိုင်း ဒစ်ဗက်မှန်တာ မဟုတ်ဘူး၊ ဒစ်ဗက်က ဘောလုံး ရှေ့က မြေဖြစ်ရမယ်၊ တုတ်က မြေကြီးထဲဝင်သွားတဲ့အခါ ဘောလုံးကို ထိနှင့်ပြီး ဖြစ်ရမယ်၊ ဘိုးဘိုးပြမယ်"

ဘိုးဘိုးကြီးက ထီးတစ်ချောင်းနှင့် မြေမှာ မျဉ်းသားပြ၏။ မျဉ်းနောက် ကပ်၍ ဂေါက်သီးကို ချ၏။

"ကြည့် ဒစ်ဗက်မြေက မျဉ်းအရှေ့ကသာ ဖြစ်ရမယ်၊ နောက်က မဖြစ်ရဘူး"

"ဘာဖြစ်လို့"

"စပင်းန်ပါအောင်၊ စပင်းန်ဆိုတာ လည်တာ၊ ဂေါက်သီးလေးက ရှေ့ကနေ နောက်လည်ပြီး ထွက်သွားရမယ်၊ ဒါမှလည်း ကျတဲ့နေရာမှာ ဖတ်ဆို ကပ်နေတာ၊ စပင်းန်ပါအောင် ဒစ်ဗက်နှိုက်ရိုက်ရတယ်၊ အပေါ်ယံ ရှပ်မရိုက်ရဘူး၊ အဲဒရိုင်ဘာကြီးရိုက်ရင်တော့ ရှပ်ရိုက်ရတယ်၊ ဟိုဒင်း အဲအဲ မြတ်ဖုတ်ပေါ်က ရှဲဆိုရှပ်ရိုက်ရတယ်၊ အဟဲ...ဘိုးဘိုးမှာ ကဗျာရှိတယ်"

"ကဗျာ"

"အင်...ဟင့်"

"ဘိုးဘိုးက ကဗျာရတယ်"

"အကောင်းတွေတော့ မဟုတ်ဘူး၊ ဟာသတွေ"

www.burmeseclassic.com

www.burmeseclassic.com


"ဟာသတွေ"

"ဘိုးဘိုးကြီးက ဟိုကြည့် သည်ကြည့်လုပ်ပြီးမှ တိုးတိုးပြော၏။

"ဒီအိမ်မှာ ယောကျ်ားနှစ်ယောက်ပဲ ရှိတယ်၊ လွှမ်းအင်နိုင်၊ နိုင်အင်လွှမ်း၊ ယောကျ်ားချင်းမှ ပြောလို့ရတဲ့ ကဗျာတွေ ဘိုးဘိုးကြီး အများကြီးရတယ်"

"ယောကျ်ားချင်းမှ ပြောလို့ရတဲ့ကဗျာတွေ"

"အင်း... ဘိုးဘိုးရွတ်ပြမယ်၊ ဟိုးရှေးရှေးတုန်းက စာ"

"ရှေးရှေးတုန်းကစာ"

"ရှေးရှေးတုန်းက ပညာရှိက ရှင်ဘုရင်ရှေ့မှာ စပ်တဲ့စာ"

"ရှင်ဘုရင်ရှေ့မှာ"

"သက်စ်...ရိုက်တ် ဘယ်ဘုရင်လဲ မသိဘူး၊ ဘုရားဖူးသွားတယ်၊ ဘုရားရောက်တော့ ကြာပန်းတွေနဲ့ ကန်တော့တယ်၊ မကန်တော့ခင် ခါးတောင်းကျိုက်ထားတဲ့ သူ့ တောင်ရှည်ပုဆိုးက ခါးပုံစကြီးကို ဖြုတ်ချရတာပေါ့၊ အဲ...သူ့အနားမှာ ဖိုးသူတော်ဦးမင်းလား ဘယ်သူလား၊ ဘိုးဘိုး မမှတ်မိတော့ဘူး၊ စာဆိုကြီးတစ်ဦးပါတယ်၊ ပိုးအက်လောရီအိတ်(တ်)ပေါ့၊ အဲဒါ ရှင်ဘုရင်က သူဘုရားရှိခိုးပုံကို ကဗျာစပ်ခိုင်းတယ်၊ စာဆိုကြီးကလည်း ခဏနဲ့ ကောက်စပ်လိုက်တယ်၊ နိုင်ကြားဖူးလား"

"ဟင့်အင်း"

"ခါးတောင်းမြီး အသာဖြုတ်ပါလို့၊ ရတ်ခနဲအသာထိုင်၊ သူ့ဥစ္စာကြာငုံကြီး၊ နီးကာမှကိုင်တဲ့၊ အဟဲဟဲ"

ဘိုးဘိုးကြီးရယ်သဖြင့် ကျွန်တော်လည်း လိုက်ရယ်၏။

"သကြံန်မှာ နိုင်တို့ ရေပက်တဲ့ပွဲတတ်ရှိတယ် မဟုတ်လား၊ အဲဒါ အကြောင်းစပ်ထားတာလည်း ရှိသေးတယ်၊ ထုံးစံတဲ့ထုံးစံ၊ အဝဝင်အောင်သိပ်ပါလို့၊ နိပ်တဲ့အခါ အကုန်ဖိ၊ ရင်းထိမှတန်၊ အပေါက်လန်လန်၊ အတန်ကဒစ်ကြီး၊ ထွက်တဲ့ရေ ကုန်ခါမှ၊ သူ့ဟာကို အသာချွတ်တယ်၊ ပွတ်တဲ့ အဟီး၊ ယူဆီး၊ ဟာသကဗျာဆို တာမှာက ဒပ်ဘယ်လ်မီးနင်းန်၊ ဟို အဓိပ္ပာယ်နှစ်ခွ တွေပါတယ်၊ အဲဒါကြောင့် ရယ်စရာကောင်းတာ၊ ဒရိုင်ဘာ ရိုက်နည်းကိုလဲ အဓိပ္ပာယ်နှစ်ခွနဲ့ ဟာသဖြစ်အောင် စပ်ထားတာ"

ပြောရင်းက ဘိုးဘိုးကြီးသည် စိတ်ပါလာဟန်တူ၏။

မြေပြင်တွင် ကျွန်တော် အဆင်သင့်ထောင်လျက် ချပေးထားသော ဂေါက်

www.burmeseclassic.com

www.burmeseclassic.com


အိတ်တွင်းမှ ဒရိုင်ဘာခေါ် သစ်သားနံပါတ် ( )တုတ်ကြီးကို ဆွဲထုတ်၏။ တီတံတစ်ချောင်းကိုလည်းမြေမှာစိုက်၏။ တီတံပေါ် ဂေါက်သီးလုံးတင်ပြီး ခြေကားရပ်လျက် ကုန်း၍ တုတ်ကို ချိန်ရင်း ရှင်းပြသည်။

"ဒရိုင်ဘာရိုက်ရင် ခြေကို ပခုံးနဲ့အညီ ကားထားရတယ်၊ ဂေါက်သီးလုံးက ဘယ်တော့မှ ခြေနှစ်ချောင်းရဲ့အပြင်ဘက် မရောက်ရဘူး၊ ဒရိုင်ဘာရိုက်ရင်တော့ ဘယ်ဘက်ခြေမရဲ့ နောက်နားမှာ ထားရတယ်၊ ရိုက်ဖို့ နောက်လွှဲတဲ့အခါ တစ်ကိုယ်လုံးကို လိမ်ပြီး နောက်ကိုလှည့်ရတယ်၊ ခြေထောက်တွေကတော့ နေရာမရွှေ့ရဘူး၊ ဘယ်ဒူးလေးကတော့ အနောက်ဘက်ကို နည်းနည်းလေး ယိုင်လာမယ်၊ ညာခြေတော့ လုံးဝမလှုပ်နဲ့၊ အဲ...ရိုက်ချတဲ့အခါ ပေါက်တူးပေါက်သလို ဆောင့်လည်း မပေါက်နဲ့၊ အမှိုက်ကလော်သလို ပင့်ပြီးလည်း မကလော်ရဘူး၊ ဒစ်ဗက်လည်း မပါရဘူး၊ မြက်ဖုတ်ပေါ်ကနေ ရှဲဆို ရှပ်သွားရတယ်၊ ဒါမှ ပြေးတယ်"

ဘောင်းဘီဝတ်ထားသော ဖိုးဝရုပ်ကြီးနှင့် တူလှသည့် ကျွန်တော့်ဘိုးဘိုးကြီးက ကျကျနန ရှင်းပြနေ၏။ သို့ရာတွင် သူ ရှင်းပြနေသည်က ကဗျာမဟုတ်။ စကားပြေတွေ။

"အဲဒါနဲ့ ဘိုးဘိုးကြီး ကဗျာကကော"

"အဲဒါပြောတာပေါ့၊ ရိုးရိုးစကားနဲ့ပြောတော့ သိပ်ရှည်တယ်၊ မှတ်မိဖို့လဲ မလွယ်ဘူး၊ ကဗျာကတော့ နိုင် နားထောင်"

တင်ပါးကြီးကို နောက်ပစ်၍ ကိုယ်ကြီးကို ကုန်းကုန်းကွကွကြီးလုပ်လျက် အနေအထားဖြင့် ဘိုးဘိုးကြီးက ကဗျာရွတ်သည်။

"နှစ်ပေါင်ကြားမှာလဲ၊ အလုံးကို ငြိမ်ငြိမ်ထားပါလို့၊ အဖျားအတန် တုတ်ပါတဲ့၊ ကိုယ့်ဥစ္စာကြီးနဲ့ တည့်တည့်ချိန်၊ ခါးလေးကို လိမ်၊ ဖင်ပိန်ကိုလှည့်ပေး၊ ဆောင့်လဲမဆော်နဲ့၊ ပင့်လဲမကော်နဲ့၊ အဖုတ်ပေါ် အသာရှပ်လို့ ရိုက်တတ်မှပြေး"

သူ့ကဗျာအဆုံး၌ သူ့ဘာသာသူ သဘောကျပြီး မျက်လုံးကြီးများပိတ်အောင် ဘိုးဘိုးကြီးက ရယ်နေ၏။

အဓိပ္ပာယ်နှစ်ခွတွေကို အလွန်သဘောပေါက်သွားပြီ၊ ကျွန်တော်လည်း ရယ်၏။

"အဲဒီကဗျာ ဘိုးဘိုးကြီးစပ်တာလား"

"ဟုတ်ဘူး၊ ဂေါက်သမား စာရေးဆရာကြီးတစ်ဦး စပ်တာ၊ ကြိုက်တာနဲ့

www.burmeseclassic.com

www.burmeseclassic.com


ဘိုးဘိုးက လိုက်ရေးပြီး အလွတ်ကျက်ထားတာ”

“ဘိုးဘိုးကြီး ကဗျာတော့ ဝါသနာပါတယ်ပေါ့”

“အသည်းကွဲတာတို့၊ မျက်ရည်စို့တာတို့၊ မိုးလေးညိုလို့ ငိုချင်တာတို့၊ အဲဒီကဗျာမျိုးတော့ ဘိုးဘိုး ဝါသနာမပါဘူး၊ ဘိုးဘိုး ဝါသနာပါတာက ဟိုဒင်း ဝစ်တ်လို့ ခေါ်တယ်၊ အဲဉာဏ်ရွှင်တာ၊ အခိပ္ပာယ်နှစ်ခွထွက်အောင် ပြောတာဟာ ဉာဏ်ရွှင်တာပေါ့၊ အဲဒီကဗျာမျိုးတော့ ဘိုးဘိုးကြီးက ဝါသနာပါတယ်၊ အဲဒီ ကဗျာမျိုးတွေလည်း ဘိုးဘိုးကြီး အများကြီးရတယ်၊ နောက်တော့ ရွတ်ပြမယ်”

သူ့ မိတ်ဆွေ ဦးစံဖေ၏ ကားရောက်လာသောကြောင့် ဂေါက်အိတ်၊ ဖိနပ် စသည်တို့ကို ကျွန်တော်က တင်ပေးပြီးသောအခါ ဘိုးဘိုးကြီးတို့ ထွက်သွားကြ၏။

အချိန်က ညနေ လေးနာရီခန့်ရှိပြီ။ တိမ်တွေညိုပြီး မိုးပေါက်များပင် ကျလာ၏။

ကျွန်တော်က အိမ်အပေါ်ထပ်သို့ တက်လာခဲ့သည်။

ဘွားဘွားကြီးနှင့် အန်တီတင့်တင့်တို့က အိမ်အောက်ထပ် မီးဖိုချောင်တွင် ညစာချက်ပြုတ်နေကြသောကြောင့် အပေါ်ထပ်တွင် မည်သူမျှမရှိ။

မိုးတွေညိုနေသော ညနေသည် ဘာမျှ လုပ်စရာမရှိလျှင် အလွန်ပျင်းဖို့ ကောင်း၏။

ပတ္တလားလည်း မတီးချင်သောကြောင့် ကျွန်တော်က စာရေးစားပွဲမှာ ထိုင်သည်။

အမှန်က ဤစားပွဲမှာ အန်တီတင့်တင့်၏ စားပွဲဖြစ်သည်။ သည်စားပွဲမှာ အန်တီတင့်တင့် စာဖတ်သည့်အခါ ဖတ်သည်။ စာရေးသည့်အခါ စာရေးသည်။ သိုးမွေးထိုးသည့်အခါထိုးသည်။

စားပွဲနှင့်ကပ်လျက်ရှိသော မှန်ဗီရိုတွင်းမှာက စာအုပ်တွေရှိသည်။ မြန်မာဝတ္ထု၊ မဂ္ဂဇင်း၊ ကျမ်းတွေအပြင် အင်္ဂလိပ်စာအုပ်အများလည်းရှိသည်။

ရည်ရွယ်ချက် အထူးမရှိဘဲ အနီရောင်အဝတ်ဖုံး စာအုပ်ကြီးတစ်အုပ်ကို ထုတ်ကြည့်မိသည်။

စာအုပ်အရောင်နှင့်စာအုပ်ပေါ်မှ ရွှေရောင်တံဆိပ်ကြီးက ကျွန်တော့် မျက်စိကို ဆွဲဆောင်သောကြောင့် ဖြစ်၏။

တံဆိပ်ကြီးက အဝိုင်းကြီးဖြစ်သည်။ အဝိုင်းကြီးအတွင်း၌ ရွှေစာကြောင်း မျဉ်းတန်းတွေနှင့် ရွှေရောင်စာအုပ်ကြီးတစ်အုပ် ပါသည်။ ရွှေမင်အိုးကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ထိုအိုးတွင်း စိုက်ထားသော ရွှေငှက်တောင်တစ်ခုလည်း ပါသည်။ ရွှေဖောင်တိန်လိုလို စုတ်တံလိုလို နှစ်ချောင်းလည်းပါသည်၊ ရွှေစာအုပ်ကြီးအပေါ်မှ အနီရောင်ကွက်လပ်က အသည်းနှလုံးယောင်ယောင်၊ ပန်းချီဆေးစပ်ခွက်ယောင်ယောင် သဏ္ဌာန်ပေါ်နေ၏။

စာအုပ်နီကြီးက နှစ်လက်မခန့်ထူ၍ ခုနစ်လက်မခန့် ကျယ်ပြီး ကိုးလက်မခန့်ရှည်သည်။ စာအုပ်အနှောင့်တွင်လည်း ရွှေရောင်နှင့် ရိုက်ထားသော ကျွန်တော်အဓိပ္ပာယ်မသိသည့် အင်္ဂလိပ်စာလုံးများရှိသည်။

ကျွန်တော်က စာအုပ်ကြီးကို ဟိုလှန်သည်လှန် ကြည့်သည်။

ဩော်...ပန်းချီတွေပါသည်။ ဓာတ်ပုံတွေလည်းပါသည်။

အချို့ပန်းချီတွေက ရောင်စုံ။ အချို့ပန်းချီတွေက အဖြူနှင့်အမည်းသာ။ သို့ရာတွင် အားလုံးက လက်ရာအလွန်ကောင်းသည်။

ကျွန်တော့်ကို ဖမ်းစားသည့်ပန်းချီကားနှစ်ကားပါသည်။

တစ်ကားက ကျောက်ဆောင်မည်းမည်းကြီး။ ကျောက်ဆောင်မည်းမည်းကြီးအောက်မှာက ပင်လယ်လိုလိုဘာလိုလို။ ကျောက်ဆောင်မည်းကြီးအထက် နက်မှောင်သော ကောင်းကင်မှာက စွန်လိုလို လင်းတလိုလို ထိုးဆိတ်တော့မည့်ဟန် အရိပ်သဏ္ဌာန် ငှက်ကြီးတစ်ကောင်။

ကျောက်ဆောင်ကြီး၏ နံရံမှာက လူတစ်ယောက်။ မုတ်ဆိတ်မွေးရှည်ရှိသော်လည်း မျက်နှာက နုပျိုချောမောသည်။ အထူးသဖြင့် မျက်နှာထားက တည်ငြိမ်လှသည်။ ဖြစ်သမျှကို အရှုံးမပေးသော မျက်နှာထားမျိုး။ သူ့လက်နှစ်ဖက်က သူ့ခေါင်းပေါ်မှာ ကွေးဝိုက်ဝိုက်နှင့်။ လက်ကောက်ဝတ်များတွင်က သံကွင်းများ စွပ်ထားပြီး သံကွင်းများကို ကျောက်ဆောင်နံရံ အသားတွင် ထိုးစိုက်ထားသည်။

ဒုက္ခကြီးလှသည့် အကျဉ်းသမားပါတကား။

သို့ရာတွင် အဝတ်ပါးလေးတွေ မလုံတလုံနှင့် ကိုယ်လုံးကိုယ်ပေါက်ရော၊ ရုပ်ရည်ပါ လှပလှသည့် မိန်းမချော ခုနစ်ဦးက သူ့ကို ဝိုင်းရံလျက်။ သုံးဦးကဆိုလျှင် သူ့ကိုပွေ့ဖက်ယုယလျက်။ အားလုံး၏ မျက်လုံးများက ချစ်ခင်မှု၊ ကြင်နာမှု၊ နှစ်သက်မှုနှင့် ကရုဏာတရားကို ပြလျက်။

ဘယ်သူပါနည်း။ ဘာဖြစ်နေကြသနည်း။

အောက်၌ထိုးထားသော အင်္ဂလိပ်စာတန်းကို ဖတ်ကြည့်သည်။ ဟုတ္တိပတ္တိနားမလည်။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်က စာမျက်နှာများကို ဆက်လှန်သည်။

နောက်ပန်းချီတစ်ခုက ကျွန်တော့်စိတ်ကို ဖမ်းစားပြန်၏။

ဤပန်းချီကားကမူ ရိုးရိုးလေး သို့ရာတွင် ရိုးရိုးလေးနှင့်ပင် အသက်ဝင်လှ၏။

အနောက်နိုင်ငံ ရှေးမြို့တစ်မြို့၏ ကမ်းနားလမ်း ရှုခင်းဖြစ်သည်။

လမ်းပေါ်တွင် ချောမောလှပသော မိန်းမပျိုသုံးဦး လမ်းလျှောက် လာနေကြသည်။ ရှေ့က မိန်းမပျို နှစ်ဦးက အရပ်သွယ်သွယ်ပျောင်းပျောင်း၊ ကြော့ကြော့ရှင်းရှင်းနှင့် အရွယ်ကောင်း ရောက်ပြီးကြသူများ ဖြစ်ကြသည်။ အဝတ်အစားတွေကလည်း ဆန်းပြားသည်။ သူတို့နောက် ခြေတစ်လှမ်းအကွာမှာက နုနယ်ငယ်ရွယ်သူလေးတစ်ဦး။ ဝတ်စားထားပုံကလည်း ရိုးရိုးလေး။ ဆံပင်တွေကလည်း ရှည်သွယ်သော လှည်တိုင်လေးနောက်တွင် ရိုးရိုးလေးပင် ကျနေ၏။ မျက်နှာလေးက အပြစ်ကင်း သန့်စင်သည်။ သို့ရာတွင် ကိုယ်ဟန်အမူအရာလေးက မသိမသာ ဝမ်းမြောက်အံ့သြဟန်ကို ပြနေသည်။ တစ်နေရာကို ငေးစိုက်ကြည့်ရင်းက လှမ်းနှုတ်ဆက်တော့မည် ယောင်ယောင်။

မိန်းမပျိုလေးကြည့်ရာဆီမှာက လုလင်ပျိုတစ်ယောက်။ မျက်နှာသွယ်သွယ်နှင့် ချောမောသော သူကလည်း လမ်းထောင့် အုတ်ရိုးပေါ် လက်တစ်ဖက်တင်လျက် မိန်းမပျိုလေးကို ပြန်ငေးစိုက်ကြည့်နေသည်။ သူ့အသွင်မှာ ခြေတစ်ဖက်လှမ်းလျက်က ကျောက်ရုပ်ပမာဖြစ်နေသည်။ ဝတ်ရုံစကို အနည်းငယ်မလျက် ရင်ဘတ်တစ်ဖက်ထက် တင်ထားသော သူ့လက်ဝါးမှာ ရင်တွင်းမှ ခုန်တက်လာသည့် နှလုံးသားကို ဖိထိန်းထားရလေသည့် သဏ္ဌာန်။

သူတို့နှစ်ဦး၏ မျက်နှာများ။ မျက်လုံးများ။ အမူအရာများက သိမ်သိမ်မွေ့မွေ့နှင့် အသက်ဝင်လှသည်။

ဘယ်မှာနည်း။ ဘယ်သူတွေနည်း။

သက်ပြင်းရှိုက်ပြီး ကျွန်တော် အတွေးလွန်နေမိသည်။

သြော် စာမဖတ်တတ်ခင် ငယ်စဉ်တုန်းကလည်း မဂ္ဂဇင်းများမှ ပန်းချီတို့ကို ကြည့်ကာ ကျွန်တော် အတွေးလွန်ဖူးသည်။

ယခုလည်း ကျွန်တော် မည်မျှ အတွေးလွန်သွားသည်မသိ။ တခီခီရယ်သံလေးများကို ကြားရမှ လန့်သွားသည်။

လှေကားဆီသို့ လှမ်းကြည့်လိုက်သောအခါ မည်သူ့ကိုမျှ မမြင်ရ။

www.burmeseclassic.com

www.burmeseclassic.com


ခဏအကြာမှ ခေါင်းလေးနှစ်လုံး ပေါ်လာသည်။ ထိုနောက် မျက်နှာလေးနှစ်ခု။

နှင်းမြစန္ဒာနှင့် ဝင့်ဝါ။ သူတို့နောက်မှ ဝင်းကြည် လိုက်ပါလာ၏။

အပြင်ဘက်တွင် နေရောင်က ရွှေရောင်တောက်နေ၏။ ရွှေရောင်နေခြည်ထဲတွင် မိုးငွေမြားတံတို့ ကျဲကျဲလက်လက် တက်လာနေ၏။

နှင်းမြစန္ဒာက စပြောသည်။

"နှင်းတို့လာတာ မသိဘူး၊ ဘာတွေငိုင်တွေးနေတာလဲ"

"တွေးနေတာ မဟုတ်ပါဘူး၊ စာအုပ်ထဲက ပန်းချီတွေ ကြည့်နေတာ"

ဝင့်ဝါက ပြုံးနောက်နောက်နှင့် "အံ့မလေး၊ စာအုပ်ကြီးက နှစ်ပိဿာလောက် ရှိမယ်"ဟု မှတ်ချက်ချ၏။

"မိုးရွာနိုင်တာမို့ ဝင့်ဝါတို့လာမှာ မဟုတ်တော့ဘူး ဆိုပြီး နိုင်က စာအုပ်ကြည့်နေတာ"

ဝင်းကြည်က ဝင်ပြောသည်။

"အေး မင်းပြောတာ မှန်တယ်၊ မိုးရွာမှာမို့ မသွားဘူးလို့ ငါက ပြောတာ ဝင့်ဝါက မရွာပါဘူးဆို ထွက်လာတာ၊ ခု ရွာနေပြီ၊ တော်သေးတာပေါ့၊ ဒီရောက်မှ ရွာလို့"

"ကဲ–ဒါဖြင့် ခု ဘာလုပ်ကြမလဲ"

ကျွန်တော်က မေးရာ နှင်းမြစန္ဒာက ဖြေ၏။

"ဒီလိုလုပ်၊ နိုင်က ပတ္တလားတီး၊ ဝင့်ဝါက နားထောင်ချင်လို့တဲ့"

ကျွန်တော်က ဝင့်ဝါကိုကြည့်သည်၊ ဝင့်ဝါက ဟန်လုပ်၍ မငြင်း။ အတည်ပြုံးလေးနှင့် ကျွန်တော့်ကို တည့်တည့်ကြည့်နေ၏။

ဝင်းကြည်က ဝင်ထောက်ခံ၏။

"အား... အတော်ပဲ၊ မင်းက ပတ္တလားတီး၊ ဝင့်ဝါက ကလိမ့်မယ်၊ သူ ကောင်းကောင်းက, တတ်တယ်၊ ပြီးတော့သူက 'မယ်ကချင်'၊ ရက်ကော်ဒါနဲ့ တောင် အိမ်မှာ တစ်ယောက်တည်းက,တာ"

ဝင့်ဝါက ဝင်းကြည်ကို မျက်စောင်းတော့ ထိုးသည်။ ဘာမျှမကန့်ကွက်။

ကျွန်တော်က ပတ္တလားရှေ့မှာ သွားထိုင်ပြီး အသံစမ်းသည်။

"ခပ်တိုတိုတစ်ပုဒ်ပဲ တီးပြမယ်နော်၊ ဂန္ဓမာတောင်၊ ဘယ်သူဆိုတတ်လဲ၊ လိုက်ဆို"

www.burmeseclassic.com

www.burmeseclassic.com


အားလုံးက ခေါင်းခါပြကြ၏။

ဂန္ဓမာတောင်ဘွဲ့ကို ကျွန်တော့်ဘာသာ ဆိုတီး တီးပြရ၏။

ကျွန်တော် ဆိုတီးတီးနေသည်ကို ဝင့်ဝါက သေသေချာချာ ငြိမ်လျက် နားထောင်နေသည်။ မျက်နှာလေးက ဟိုဂေါက်ကွင်း၌ စတွေ့စဉ်က ပုံစံနှင့် မတူ။ ကြည်လင်ပြီး နူးညံ့သိမ်မွေ့နေ၏။

သီချင်းဆုံးသွားသောအခါ အားလုံးက လက်ခုပ်တီးကြ၏။

"မင်းလက်သံ သိပ်ကောင်းတာပဲ၊ သွက်လဲသွက်တယ်၊ ငါဂစ်တောင် မခေါက်ချင်တော့ဘူး"

"မင်းဂစ်ခေါက်သလား"

"အဟဲ...ဗျန်းဗျန်း...ဗျန်းဗျန်းပဲ လုပ်တတ်သေးတယ်၊ ဝင့်ဝါကတော့ ပီယာနို ကောင်းကောင်းတီးတတ်တယ်"

"ဝင့်ဝါ ပီယာနို တီးတတ်တယ်၊ သီချင်းကြီးတွေ တီးတတ်သလား"

"အင်္ဂလိပ်သီချင်းတွေပဲ တီးတတ်တယ်၊ ကာလပေါ်နည်းနည်းပါးပါး ရတယ်"

"သီချင်းကြီးတွေ ဘာလို့မသင်သလဲ"

"ဘယ်သူက သင်ပေးမှာလဲ"

ကျွန်တော် နားလည်သွားသည်။ သူတို့ မစ်ရှင်ကျောင်းတွေမှာက ပီယာနို သင်ပေးသည်။ အိမ်၌ ပီယာနို ထားနိုင်သော မျက်နှာကြီး သားသမီးတွေက သင်ယူကြသည်။ မြန်မာသီချင်းကြီး သီချင်းခန့် မတီးတတ်ကြသော်လည်း လက်ကျလက်န အလွန်လှကြသည်။

လူတစ်ကိုယ်၌ အလွန်စွဲလမ်း နှစ်သက်သော အာရုံရုပ်တစ်ခုခု ရှိကြမည်။ ငယ်စဉ်ကတည်းက ကျွန်တော်၌ စွဲလမ်းနှစ်သက်သော အာရုံရုပ်ပစ္စည်းတွေ ရှိသည်။ ကျွန်တော့် အာရုံရုပ် ပစ္စည်းတွေမှာ တူရိယာပစ္စည်းတွေ ဖြစ်သည်။

အထူးသဖြင့် ပီယာနိုခေါ် စန္ဒရားကြီးကို ကျွန်တော် နှစ်သက်သည်။

သပြေသီးမှည့်ရောင် စန္ဒရားကြီး။ ခလုတ်လေးတွေက ညီညီညာညာ စီစီတန်းတန်း ဖြူဖြူဖွေးဖွေးနှင့် ခလုတ်ဖြူတွေကြားက ခလုတ်နက်လေးတွေက လည်း လှလှပပ ညီညီညာညာ စီစီတန်းတန်းပင်။

မော်လမြိုင်မှာနေစဉ်က ဖေဖေ့မိတ်ဆွေ ဦးတင်အောင်ကြီး၏ တီးဝိုင်း၌ ကျွန်တော်လိုက်လိုက်ကူဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com


အမှန်က ဦးတင်အောင်မှာ ကိုယ်ပိုင်တီးဝိုင်းမရှိပါ။ ပီယာနို ပိုင်ဖို့ကား ဝေးပါဘိ။

သို့ရာတွင် ဦးတင်အောင်က ပီယာနို ကောင်းကောင်းတီးတတ်သည်။ မော်လမြိုင်ကောလိပ်က သူ့ကို ရုံးအလုပ်တစ်ခု ခန့်ထားပေးသည်။ ကောလိပ်အနုပညာအသင်းတွင် ဂီတသင်ပေးရသည်။ ပွဲများရှိလျှင် တီးဝိုင်းကို ခေါင်းဆောင်ရသည်။ ပွဲရှိမှ တီးဝိုင်းသားတွေကို ဦးတင်အောင်က ပုံကျခေါ်လေရာ သူနှင့်လိုက်၍ ကျွန်တော် မင်ဒိုလင် တီးဖူးသည်။ ခြောက်လုံးပတ် တီးဖူးသည်။ သည်တုန်းက ပီယာနိုကို ကျွန်တော် ဝင်နှိပ်ဖူးသည်။

ကျွန်တော်က ဝင့်ဝါကို ငေးကြည့်မိသည်။ အထူးသဖြင့် သူ့လက်လှလှလေးများကို ငေးကြည့်မိသည်။

ပီယာနို ခလုတ်လှလှလေးများပေါ်တွင် ဤလက်လှလှလေးများက ဘယ်လောက်များ ပိုလှလိုက်ပါမည်နည်း။

"ဝင့်ဝါက ဟိုဒင်း အင်တာနေရှင်နယ်လ် နုတ်(စ်)နဲ့ သင်ခဲ့တာပါနော်"

ဝင့်ဝါက ဖျတ်ခနဲတစ်ချက် ကျွန်တော့်ကိုကြည့်သည်။ ခဏကြာမှ ခေါင်းညိတ်ပြ၏။

"ဒီလိုဆိုရင် ဝင့်ဝါ ဖင်ဂါးရင်း ကောင်းမှာပေါ့"

ဤတစ်ကြိမ်တွင်မူ ဝင့်ဝါပြုံး၏။

"အင်တာနေရှင်နယ်လ် နုတ်(စ်)တို့၊ ဖင်ဂါရင်းတို့ကို နိုင်လဲ နားလည်တယ်ပေါ့"

ဝင့်ဝါပြောဟန်ကို ကျွန်တော် နှစ်သက်သွား၏။

နိုင်လည်း...။ နိုင်ကမဟုတ်။ နိုင်က နားလည်သလားဟု ဆိုလျှင်မူ အဓိပ္ပာယ်တစ်မျိုး ဖြစ်မည်ထင်သည်။

"ဗဟုသုတပါ ဝင့်ဝါ၊ ကြားဖူးနားဝ မှတ်ထားတဲ့ စကားလေးတွေ ဆိုပါတော့"

"ယူအာရ် ဗဲရီး မိုဒစ်(စ်)တ်"

ဝင့်ဝါက အင်္ဂလိပ်လို ပြောသည်။ လျှာနေလျှာထား အလွန်ကောင်းကြောင်း သတိပြုမိသည်။ ဘာဆိုလို လိုက်မှန်းတော့ ကျွန်တော်မသိ။

စိတ်မရှည်ဟန်လေးနှင့် နှင်းမြစန္ဒာက ဝင်ပြော၏။

"ဇာတ်လိုက်မင်းသားနဲ့ မင်းသမီးက အိုက်တင်ခံနေလိုက်ကြတာ၊

www.burmeseclassic.com

www.burmeseclassic.com


ပွဲကြည့်ချင်သူတွေ ဇက်ညောင်းပြီ၊ ကဲပါ နိုင်တီး၊ ဝင့်ဝါကနော်"

ကျွန်တော်က ဝင့်ဝါကိုမေး၏။

"ဝင့်ဝါ က,မလား"

"နိုင် ကြည့်ချင်သလား"

ကျွန်တော်က ခေါင်းညိတ်ပြ၏။

ဝင့်ဝါက ထိုင်ရာမှထပြီး ထဘီလေးကို ပြင်ဝတ်၏။

"ဝင့်ဝါ မြမန်းဂီရိနဲ့ ကတယ်၊ နိုင်တီးတတ်မှာပေါ့"

ကျွန်တော် ခေါင်းညိတ်ပြပြန်၏။

အမှတ်မထင်ဘဲနှင့် ထိုညနေက ဝိုင်းလေးမှာ စည်ပင်မြိုင်ဆိုင်၍ ပျော်ဖွယ်ကောင်းသည်။

ပထမသော် ကျွန်တော်က ဝင့်ဝါကနိုင်ရန် ထိန်းတီးရသည်။ စည်းဝါး တီးပေးမည့်သူ မရှိသောကြောင့် ဝင့်ဝါလည်း ကျွန်တော့် အရိပ်ခြည်ကို ကြည့်ကာ သတိနှင့် ကနေရသည်။

သိပ်မကြာလှပါ။ ဘွားဘွားကြီး တက်လာသည်။

ဝင့်ဝါက,နေသည်ကို ခေတ္တကြည့်နေပြီးနောက် ဘွားဘွားကြီးက စည်းနှင့် ဝါးကို ကောက်ကိုင်၏။ သီချင်းလည်းဆိုပေးသည်။ သည်တော့မှ ကျွန်တော်လည်း လွတ်လပ်စွာ တီးနိုင်သည်။ ဝင့်ဝါလည်း စိတ်တိုင်းကျ ကနိုင်သည်။

သြော်...စောစောကမူ ပီယာနို ခလုတ်လှလှထက်မှ ဝင့်ဝါ၏ လက်ချောင်းလှလှလေးများကို ကျွန်တော် စိတ်ကူးနှင့်သာ မှန်းကြည့်ခဲ့၏။

ယခုကား ပြေပြစ်လုံးဝန်းချောမွတ် သွယ်ပျောင်းသော ဝင့်ဝါ၏ လက်လေးများ လှုပ်ရှားဟန် အလှကိုသာမက အချိုးကျ နွဲ့နှောင်းသည့် ဝင့်ဝါ၏ တစ်ကိုယ်လုံး လှုပ်ရှားဟန်မှ တင့်တယ်ခြင်းကိုပါ မြင်ရသည်။

ကနေခိုက်၌ ဝင့်ဝါ၏ မျက်နှာလေးသည် လှလှပြုံးနေ၏။ ဤပြုံးနေသော မျက်နှာမှ မျက်လုံးကြည်ကြည်များက ကျွန်တော့်ထံ စူးစိုက်ထားသည်။

သည်မျက်လုံးလေးများက ကြည်လည်း ကြည်လင်သည်။ တောက်လည်း တောက်ပသည်။ ရဲလည်း ရဲဝံ့သည်။ တစ်စုံတစ်ရာသော စကားတွေကိုလည်း ဆိုနေသေး၏။

ဘုရား...ဘုရား။ နှင်းမြစန္ဒာပြောပြသော ချယ်ရီပန်းသည် ဤသို့ လှ၏ သလော။ ဤသို့သော စကားပြောတတ်ပါသလော။

www.burmeseclassic.com

www.burmeseclassic.com


မည်သို့ဖြစ်စေ ထိုညနေလေးက မမျှော်လင့်ဘဲ ပျော်ဖွယ်ကောင်းလှ၏။ ကြည်နူးဖွယ်ရှိလှ၏။

ထုံးစံအတိုင်းပင် ဝင့်ဝါတို့ပြန်သောအခါ နှင်းမြစန္ဒာနှင့် ကျွန်တော်တို့က လိုက်ပို့ကြသည်။

မိုးက မရွာတော့။ တိမ်ပင် မညိုတော့။

နေ့တာရှည်သော လများဆီ ရောက်ခဲ့ပြီဖြစ်သောကြောင့် ညနေ၏ မိုးကောင်းကင်တွင် ရွှေရောင်ခြည် အစအနများပင် ကျန်နေလေသေး၏။

လမ်း၌ ဝင့်ဝါက ပြော၏။

"ဝင့်ဝါကတာ နိုင် ကျေနပ်ရဲ့လား"

"အိုး ဘာပြုလို့လဲ၊ ကျေနပ်တာပေါ့"

"နိုင်က ကြည့်ချင်တယ်ဆိုလို့ ဝင့်ဝါက ပြတာ၊ နည်းနည်းလေးတော့ ရှက်တာပဲ သိလား"

"နိုင် နားလည်ပါတယ်"

"ဒါဖြင့်ရင် အတုံ့အလှည့် မှတ်မိတယ် မဟုတ်လား"

ကျွန်တော်က အပြည့်အဝ နားမလည်သောကြောင့် ဝင့်ဝါကို ကြည့်မိသည်။

"ဝင့်ဝါကို နိုင် သီချင်းကြီးတွေ သင်ပေးရမယ်"

"ဝင့်ဝါ တကယ်တတ်ချင်သလား"

"အင်း...တတ်ချင်တယ်၊ ဂီတနဲ့ ပတ်သက်ရင် ဝင့်ဝါ အကုန်တတ်ချင်တယ်"

"အဲဒီလိုဆိုရင် နိုင်ကလည်း အတုံ့အလှည့် ပြောရမယ်"

"ဘာလဲ..."

"နိုင့်ကိုလည်း ဝင့်ဝါ ပီယာနိုတီးတာ သင်ပေးရမယ်"

"စိန်လိုက်"

နှင်းမြစန္ဒာနှင့် စကားပြောလိုက်လာသော ဝင်းကြည်က ကျွန်တော်တို့ ပြောသံကို တစ်စွန်းတစ်စ ကြားဟန်ဖြင့်မေး၏။

"ဘာ စာချုပ်စာတမ်း လုပ်လာကြတာလဲ"

"သြော်...ငါက ဝင့်ဝါကို သီချင်းကြီး သင်ပေးမယ်၊ ဝင့်ဝါက ငါ့ကို ပီယာနို သင်ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com


"ဟယ်...တယ်ဟုတ်ပါလား၊ မင်းတို့ထဲငါရော မပါရဘူးလား"

ဝင့်ဝါက နှာခေါင်းလေး ရှုံ့ပြီး ပြော၏။

"နင့်ဂစ် ဗျန်းဗျန်းကြီးက ဘယ်နေရာက ဝင်ပါမှာလဲ"

"ဝင့်ဝါရယ်၊ ဂစ်ဗျန်းဗျန်းကြီးကလည်း လုပ်နိုင်တာတွေ အများကြီး ရှိပါတယ်"

"ဟုတ်ပါတယ် ဝင်းကြည်၊ မင်းကို ငါ ထောက်ခံပါတယ်၊ တို့ထဲ မင်းလည်းပါပေါ့၊ ငါလည်း ဂစ် ခေါက်တတ်ချင်ပါတယ်"

"တကယ်"

"တကယ်ပါ၊ ဝင့်ဝါပြောသလိုပဲ ဂီတနဲ့ ပတ်သက်လာရင် ငါလည်း အကုန်တတ်ချင်တယ်"

"အဲဒီလိုဆို ဟန်ကျပြီ၊ နေဦး၊ နှင်းမြစန္ဒာ ကျန်နေပြီ၊ ဒီလိုလုပ်၊ နှင်းက အဆိုသင်၊ နိုင်က သင်ပေးလိုက်"

နှင်းမြစန္ဒာက မျက်လုံးလေးပြူးပြီး ခေါင်းခါပြ၏။

"ဟင့်အင်း မဆိုချင်ဘူး"

"ဘာပြုလို့လဲ"

နှင်းမြစန္ဒာက မဖြေ။ ခေါင်းသာ ခါနေ၏။

"ဝင်းကြည်ရာ နှင်းကို ဆွဲမထည့်ပါနဲ့၊ နှင်းက ရှက်တတ်တယ်၊ သူ့ဘာ သာသူ နေပါစေ"

ဝင့်ဝါတို့အိမ်မှ ပြန်လာကြစဉ် နှင်းမြစန္ဒာနှင့် ကျွန်တော်တို့သည် စကားမပြောကြဘဲ အတန်ကြာ ငြိမ်လျှောက်လာကြ၏။

"နှင်း..."

"အင်..."

"ဘာပြုလို့ စကားမပြောတာလဲ"

"ဟော...ပြောင်းပြန်၊ စကားမပြောတာက နိုင်၊ နိုင့်မျက်နှာကြီးက အတွေးလွန်လာသလိုလိုကြီးပဲ၊ ဒါကြောင့် တွေးပါစေလို့ နှင်းက ငြိမ်ငြိမ်လေး လိုက်လာတာ"

ကျွန်တော်ရယ်၏။ အတွေးလွန်တတ်သော ကိုယ့်သဘာဝကို ကိုယ်သိ၏။

"အင်း အဟင်း၊ နိုင် စဉ်းစားလာတယ်"

"ဘာကိုလဲ"

www.burmeseclassic.com

www.burmeseclassic.com


"ထူးဆန်းတဲ့ ကံကြမ္မာကို"

"ပြော ပြန်ပြီ စကားဆန်း"

"စကားက မဆန်းပါဘူး၊ ကံကြမ္မာက ဆန်းတာ"

"ဘာဆန်းတာလဲ"

"နိုင်လေ ပီယာနို သိပ်တီးတတ်ချင်တာပဲ၊ ဂီတနားလည်တဲ့ လူကြီးတွေက ပြောတယ်၊ ပီယာနိုက အသံအစုံဆုံးပဲတဲ့၊ အသံရှာလို့ အကောင်းဆုံးပဲတဲ့"

"ဝင့်ဝါက တကယ်တီးတတ်တယ်၊ နိုင့်ကို သူသင်ပေးမယ် ပြောတယ် မဟုတ်လား၊ သူ တကယ်သင်ပေးမှာ၊ နှင်းရယ် သိပ် ဝမ်းသာတာပဲ"

"နှင်းက ဘာ ဝမ်းသာတာလဲ"

"နိုင်နဲ့ ဝင့်ဝါ ရင်းနှီးခင်မင်သွားတာကိုပေါ့၊ ဝင့်ဝါက နှင်းရဲ့ အချစ်ဆုံး သူငယ်ချင်းပဲ၊ နိုင့်ကိုလည်း နှင်းက သိပ်ခင်တာ၊ ဒါပေမဲ့ ဝင့်ဝါက ယောက်ျားလေး တိုင်းနဲ့ သိပ်တည့်တာ မဟုတ်ဘူး၊ အစက နှင်း ပူနေသေးတယ်၊ ဟော... အခုတော့ နိုင်နဲ့ ဝင့်ဝါ ရင်းနှီးခင်မင်သွားတယ်၊ ဝင့်ဝါက ယောက်ျားလေးတိုင်းကို ဒီလို မပေါင်းဘူး၊ ဒီတော့ နှင်း ဝမ်းသာတာပေါ့"

"နှင်း ဝမ်းသာရင် နိုင် စဉ်းစားလာတာ ပြောပြမယ်"

"ပြောလေ"

"ဝင်းကြည်ပြောသလိုပဲ နှင်းလည်း အဆိုသင်ပါလား"

"အို ဘာပြုလို့"

"နိုင်တို့အားလုံး တစ်ယောက်ကိုတစ်ယောက် အထောက်အကူပြုနိုင်တဲ့ ဝါသနာတူသူငယ်ချင်းတွေ ဖြစ်လာအောင်လေ"

"သီချင်းတော့ မဆိုပါရစေနဲ့လေ၊ နှင်း ရှက်ကို ရှက်တတ်လို့ပါ၊ ဒါပေမဲ့ ဝါသနာနဲ့ပဲ နှင်း ကူမယ်"

"ဘယ်လို ကူမှာလဲ"

"ဝင့်ဝါက,ရင်လေ နှင်းက လက်ခုပ်တီး အားပေးတယ်၊ နိုင့်ကိုလည်းနှင်း အားပေးမှာပေါ့"

"နိုင်က လူများလက်ခုပ်တီးပေးတာ ခံချင်တာမှ မဟုတ်ဘဲ"

"နို့... ဘာလို့ ဂီတဝါသနာပါလဲ"

"အဲဒါက ကိုယ်လုပ်ချင်တာ ကိုယ်လုပ်တာ"

"အင်းလေ၊ နိုင် လုပ်ချင်တာလုပ်ပေါ့၊ နှင်းက အားပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com


"ဘယ်လို အားပေးမလဲ"

"နားထောင်မယ်လေ၊ ဥပမာ နိုင်က အလွမ်းတီးရင် နားထောင်ပြီး နှင်းက လွမ်းပေးမယ်"

"အို... နိုင်က အလွမ်းမတီးချင်ပါဘူး၊ နှင်းကိုလည်း မလွမ်းစေချင်ပါဘူး"

"နို့... ဘာတီးမလဲ"

"အလှ"

"ဘာရယ်"

"သီချင်းတွေ၊ ဂီတတွေ၊ ကဗျာတွေ၊ စာတွေမှာ အလှတွေရှိတယ်တဲ့၊ ပြီးတော့ သီချင်းတွေ၊ ဂီတတွေ၊ ကဗျာတွေ၊ စာတွေကို အနုပညာလို့ ခေါ်တယ်တဲ့၊ အနုပညာဆိုတာ အလှဖန်တီးတာတဲ့၊ စာထဲမှာ နိုင်ဖတ်ဖူးတယ်၊ နိုင် အလှ ဖန်တီးချင်တယ်"

"အလှဆိုတာ ဖန်တီးလို့ ရသလား"

"အဲဒါကို နိုင် စဉ်းစားနေတာပေါ့၊ လှတာတွေဟာ သူ့ဘာသာသူ လှနေတာပဲ၊ ဘယ်သူက ဖန်တီးသလဲ"

"ဝင့်ဝါက လှတယ်၊ သူ့ဘာသာသူ လှတယ်"

"နှင်းလည်း လှတယ်၊ သူ့ဘာသာသူ လှတယ်၊ အား... နိုင် သဘောပေါက်သွားပြီ"

"ဘာကိုလဲ"

"နှင်း ကူညီရမှာလေ"

"ဘယ်လိုလဲ"

"လှပြ... လှပြ၊ သဘာဝအတိုင်းလှပြ၊ ဘာမှ မလုပ်နဲ့ လှတာမြင်ဖူးရင် လှတာပြောပြတတ်မှာပဲ၊ လှတာ ပြောပြတတ်တာဟာ အလှ ဖန်တီးပြတာ ဖြစ်လိမ့်မယ် ထင်တယ်၊ ဟုတ်ဘူးလား"

နှင်းမြစန္ဒာက ရယ်သည်။ အင်း... ရယ်တော့ ပိုလှသည်။

ဩော် ... ကသော ဝင့်ဝါလည်း လှလေသည်။

ထိုညက ကျွန်တော်သည် နေ့လယ်က ကြည့်ခဲ့သော စာအုပ်ကြီးထဲမှ ပန်းချီကို ပြန်ကြည့်သည်။

လမ်းချိုးလေးမှ မိန်းမပျိုနှင့် လုလင်ပျို။

www.burmeseclassic.com

www.burmeseclassic.com


သူတို့ကို ပြန်ကြည့်သည်။
အကြာကြီး ပြန်ကြည့်သည်။

*

## အခန်း (၁၄)

ပို၍ပို၍ ပျော်ရွှင်ဖွယ်ကောင်းသော ရက်များနှင့် လများကို ကျွန်တော် ဖြတ်သန်း ကုန်လွန်ခဲ့ရသည် ဆိုရပါမည်။

ကျောင်းတက်ရသည်ကပင် ပျော်ဖို့ကောင်းသည်။

အမှန်က ဘိုးဘိုးကြီးနှင့်ဘွားဘွားကြီးတို့ရှိရာသို့ ကျွန်တော်စွန့်လာခဲ့ခြင်း၏ အကြောင်းရင်းမှာ ကျောင်းတက်ချင်သောကြောင့် ဖြစ်ပါသည်။

ဘဝမှာ ထမင်းလေးတစ်ဆုပ် စားနိုင်လျှင် ပြီးစတမ်းဟုဆိုလျှင် ဖေဖေတို့ မေမေတို့ မရှိသည့်နောက်၌ မော်လမြိုင်တွင် ထမင်းရှာစားနည်း ကျွန်တော် အများကြီး တတ်ခဲ့ပါ၏။ ထမင်းစားနိုင်ရုံမက စိတ်လိုလိုက်ပြီး နှစ်ခြိုက်ဖွယ်ရာလေးများကို လျှောက်လုပ်နိုင်သော အခွင့်အလမ်းလေးများကိုလည်း ကျွန်တော် မြင်ခဲ့ပါ၏။

သို့ရာတွင် ကျွန်တော်က ကျောင်းပဲတက်ချင်သည်။ ပိုက်ဆံလေးတွေကို မကိုင်ချင်ပါ။ စာအုပ်လေးတွေကို ကိုင်ချင်သည်။ ကျောင်းမတက်ဘဲ၊ စာအုပ် မကိုင်ဘဲ အဖိုးတန်သောဘဝကို မရနိုင်ကြောင်း ကျွန်တော်နားလည်နေသည်။

ဩော်**...** ယခုတော့ ကျွန်တော် ကျောင်းတက်နေရသည်။ စာအုပ်လေးတွေ ကိုင်နေရသည်။

နံနက် ကျောင်းတက်ချိန် နီးပြီဆိုလျှင် ကျွန်တော်က ကျွန်တော်တို့အိမ် အထက်ထပ် ဝရန်တာ၌ ထွက်ရပ်၏။

ကျွန်တော်တို့ ယောကျ်ားလေးတွေ ကျောင်းတက်ရန် ပြင်ဆင်သည်က အလွန်မြန်သည်။

အင်္ကျီပုဆိုး အမြန်လဲ။ ဆရာမ အဆူမခံရရုံ ခေါင်းကို တစ်ချက်နှစ်ချက် ဖြီး။ ပြီးရော။

သူတို့ ကောင်မလေးတွေက ကြာသည်၊ သနပ်ခါးလိမ်းရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com


ပေါင်ဒါဖို့ရသေးသည်။ ခေါင်းလည်း မည်မျှကြာအောင် ဖြီးရသည်မသိ။

သူ ဖြီးလိမ်းပြီးပြီဆိုလျှင် နှင်းမြစန္ဒာက သူတို့ဝရန်တာ၌ ခဏလေး ထွက်ရပ်ပြသည်။ အားလုံးအဆင်သင့်ဖြစ်ပြီဟု အသိပေးခြင်းဖြစ်လေသည်။ ထိုအခါ လွယ်အိတ်လွယ်ပြီးအောက်ထပ်ဆင်း၍ ကျွန်တော်တို့ခြံဝတွင် ကျွန်တော်က စောင့်၏။ သူ့လွယ်အိတ်လေးလွယ်လျက် နှင်းမြစန္ဒာ သူ့အိမ်မှထွက်၍ ကျွန်တော်တို့ခြံဝ ရောက်လာသောအခါ နှစ်ယောက်တွဲ ကျောင်းဘက်သို့လာကြသည်။ ဇောတိကလမ်းရှိ ဝင့်ဝါတို့ ခြံဝရောက်သောအခါ ကျွန်တော်တို့ လေးယောက်ဖြစ်သွားကြသည်။

မိုးရွာသောအခါ မိုးရေစီးကြောင်းလေးတွေ ဖြစ်ပေါ်ပုံကို ကျွန်တော်ကြည့်ဖူး၏။

ပထမ မိုးရေစီးကြောင်းလေးတစ်ခုက တစ်နေရာမှစီးလာသည်။ လမ်းတွင် အခြားမိုးရေစီးကြောင်းလေးနှင့် ပေါင်းမိပြီး တစ်ကြောင်းတည်းအဖြစ် ဆက်စီး ပြန်သည်။ နောက်အခြား မိုးရေစီးကြောင်းလေးများနှင့် ပေါင်းမိပြန်သည်။ သည်လို နှင့် ပိုပိုကြီးမားသော ရေစီးကြောင်း ဖြစ်လာခဲ့သည်။ သြော်...စမ်းချောင်း၊ မြစ်ချောင်း၊ မြစ်ငယ်မြစ်ကြီးတို့ ဤပုံဖြစ်လာခဲ့ဟန်တူသည်။

ကျွန်တော့်ဘဝတွင် မမေ့နိုင်ဖွယ်ရာတွေ များစွာရှိသည်။ ယင်းတို့အနက် ကျွန်တော်တို့လေးဦး အတူတွဲကျောင်းတက်ခဲ့ရသည်ကို မမေ့နိုင်ဆုံး။ တစ်နေ့ လည်းမဟုတ်၊ တစ်လလည်းမဟုတ်၊ တစ်နှစ်လည်းမဟုတ်။ အကြာကြီး။

အကြာကြီးဆိုသည်မှာ ခုမှ ပြန်တွေးပြီး ပြောရခြင်း ဖြစ်သည်။ ထိုစဉ်တုန်း ကတော့ ကြာမှန်းမသိ။ မကြာမှန်းလည်း မသိ။

ကြီးကြီးကျယ်ကျယ်ပြောရလျှင် အဲသည်ဟာလေးကဘဝ။ တစ်နေ့နှင့် တစ်နေ့၊ တစ်လနှင့်တစ်လ၊ တစ်နှစ်နှင့် တစ်နှစ် ခြားနားမှု မရှိဘဲ နေထွက်နေဝင် သကဲ့သို့ ပုံမှန်ဖြစ်နေသောဘဝ။

ရေစီးကြောင်းလေးသည် ရေစီးကြောင်းလေးအဖြစ်သာ စီးနေမည်။ ရှေးကို သိမည်မဟုတ်။ ဖြစ်လာမည့် ချောင်းကြီးတွေ မြစ်ကြီးတွေကို သိမည်မဟုတ်။ အချိန်ဆိုသည်ကိုလည်း နားလည်မည် မဟုတ်။

သြော်... ပြန်တွေးမိတိုင်း ရေစီးကြောင်းလေးလို ဘဝကို လွမ်းမိသည်။

ကျောင်းအားရက်များတွင် ပတ္တလားရွက်လေးများကို ယူပြီး ဝင့်ဝါတို့ တိုက်သို့ ကျွန်တော်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပတ္တလားရွက်များကို ကုလားထိုင်နှစ်လုံးတွင် ချည်ပြီး ကျွန်တော်က တီး၍ သီချင်းတက်ပေးသည်။ ဝင့်ဝါက ပီယာနိုနှင့် လိုက်တီးသည်။ ကျွန်တော့် ပတ္တလားရွက်များမှာ "စီ"ကိုက် လုပ်ထားသဖြင့် ပီယာနိုနှင့် တွဲတီး၍ ရသည်။ စီကိုက်ဆိုသည်မှာ ကျွန်တော့်ပတ္တလားမှ သံမှန်သံနှင့် ပီယာနိုမှ "စီ"သံကို ကိုက်ညီအောင် လုပ်ထားခြင်း ဖြစ်လေသည်၊

အစတွင် အခက်အခဲလေးများ ရှိသော်လည်း "ထမ်းသံ"သဘော၊ "တျန့်သံ" သဘော "တျော့တျာ"သတ်ခြင်း သဘောတို့ကို ဝင့်ဝါနားလည်သွား သောအခါ ကျွန်တော်လည်း ပီယာနို ခလုတ်လေးတွေအကြောင်း နားလည်သွား သောအခါ အခက်အခဲ ထူးထူးခြားခြားမရှိတော့။

ဝင့်ဝါက ကျွန်တော့်ကို ပီယာနိုပြန်သင်ပေးသောအခါ၌မူ ကျွန်တော် အခက်အခဲ တွေ့သည်။

ပီယာနိုတီးတတ်ဖို့က လက်ချောင်းလေးတွေ သန်ရသည်။ ရိုးရိုးသန်ရုံမက လက်ချောင်းတစ်ချောင်းစီကိုသော်လည်းကောင်း၊ သဘာဝ၌တွဲလှုပ်မရှိသော လက်ချောင်းလေးတွေကို တွဲခိုင်း၍သော်လည်းကောင်း၊ သဘာဝ၌လုပ်လေ့မရှိ သော လှုပ်ရှားမှုလေးတွေကို လုပ်ခိုင်းရသည်က အလွန်ခက်သည်။ ဟိုးငယ်ငယ် ကလေးဘဝကတည်းက ဝင့်ဝါကဲ့သို့ လေ့ကျင့်ခဲ့ရလျှင် ပိုမြန်ပိုလွယ်သည်ဟု သိရသည်။

ကျွန်တော်က အလျှော့မပေးပါ။ ပီယာနိုနှင့်လည်း ကျင့်သည်။ အိမ်ပြန် ရောက်လျှင် ပျဉ်ပြားပေါ်တွင် မြေဖြူနှင့် ခလုတ်ပုံလေးတွေဆွဲပြီး အခြေခံ လက်ချောင်းလေ့ကျင့်မှုလေးတွေကို လုပ်သည်။ ကြာတော့ ကျွန်တော့်လက်ချောင်း လေးတွေ သန်လာပြီး ခိုင်းတိုင်းရလာ၏။

ကျွန်တော် ဝင့်ဝါတို့အိမ် သွားသောအခါ နှင်းမြစန္ဒာ လိုက်လာသည့် အခါ လိုက်သည်။ မလိုက်နိုင်သည့်အခါ မလိုက်။ များသောအားဖြင့် လိုက်သည် သာများ၏။

ဝင့်ဝါကို ကျွန်တော်သီချင်းတက်ပေးတိုင်း ဝင်းကြည်က သူ့ဂစ်ကြီးနှင့် ကြိုးစားလိုက်ကြည့်သည်။ ဝင့်ဝါက ဟောက်သောကြောင့် ဂစ်ကြီးကိုချပြီး ပီယာနိုမှ အသံများကို စာရွက်တစ်ရွက်နှင့် တတ်နိုင်သမျှ သင်္ကေတ လိုက်ရေး သည်။

"မင်းတို့သီချင်းကြီးတွေက နုတ်စ်နဲ့ လိုက်ရေးရတာ မလွယ်ဘူးကွ"

www.burmeseclassic.com

www.burmeseclassic.com


"အေး...ငါ့ဖေဖေလည်း ပြောဖူးတယ်၊ ဒါပေမဲ့ မော်လမြိုင်က ဦးတင်အောင်ကြီး တို့ကတော့ တစ်၊ နှစ်၊ သုံး၊ လေးတွေနဲ့ လိုက်ရေးတာရတယ်"

"အေး အဲဒီစနစ်ရှိတာ ငါလည်းကြားဖူးတယ်၊ မင်းတတ်သလား"

"ဟင့်အင်း"

"အေးလေကွာ၊ နုတ်စ်နဲ့ မှတ်လို့ရတာ လိုက်မှတ်မယ်၊ မရတာကို နားနဲ့မှတ်ထားမယ်၊ နှစ်ခုပေါင်းရင်တော့ တစ်ခုဖြစ်သွားမှာပဲ"

ဝင့်ဝါတို့ အဖေက ဥပဓိရုပ် ကောင်းလှသည်။ အသားက ဖြူဝင်းပြီး မျက်လုံးများက စူးရှတောက်ပသည်။ မဟာနဖူးကကျယ်ပြီး ဆံပင်များကမူ အနည်းငယ် ပါးနေပြီ၊ မေးရိုးများအကျ လှပခိုင်ခံ့သကဲ့သို့နှာတံက ပြတ်သား ပေါ်ထင်သည်။ အရပ်ကရှည်ပြီး ကိုယ်လုံးကိုယ်ထည်က ကျစ်လျစ်သပ်ရပ်သည်။ စကားနည်းပြီး မျက်နှာထားက ဣန္ဒြေကြီးသည်ဘက် လုနေ၏။ လူရိုသေ ခန့်ညား စေသော အမူအရာနှင့် ကြီးစိုးလွှမ်းမိုးတတ်သော ဟန်ပန်ရှိသော်လည်း ဝင့်ဝါကို အလွန်ချစ်ဟန်နှင့် အလိုလိုက်သော အသွင်ရှိ၏။

ဝင့်ဝါတို့အမေက ချောတုန်းဖြစ်သည်။ ဝတ်ပုံစားပုံ ဆင်ယင်ထုံးဖွဲ့ပုံ ခေတ်ဆန်သည်။ သွက်လက် ဖော်ရွေသမျှ ပျော်ပျော်နေတတ်ပြီး ခေတ်ကို အမြဲတမ်းမီအောင် လိုက်နိုင်သူ အမျိုးသမီးဟန်ပန် ထွက်နေ၏။ ဆူစရာရှိလျှင် ဆူတတ်ပြီး ကျွေးစရာရှိလျှင်လည်း ကျွေးတတ်သော ထက်မြက်သည့် အိမ်ရှင်မ တစ်ဦးဖြစ်၏။

ဝင့်ဝါတို့ တစ်ထပ်တိုက်မှာ ရှေးရိုးတစ်ထပ်တိုက်မဟုတ်။ အခန်းဖွဲ့ပုံ ပြတင်းပေါက် ဖောက်ပုံလှပသည့် စနစ်ကျ သစ်ဆန်းသော နောက်ဆုံးပေါ် တစ်ထပ်တိုက်မျိုး ဖြစ်သည်။ ဆောင်းတွင်းအတွက် ဧည့်ခန်းတွင် အလှပြဂုဏ်ယူ မွမ်းမံထားသည့် မီးဖိုရှိသည်။ နံနက်စောစော၌ နေရောင်ကောင်းကောင်းရနိုင်သော ဧရာမမှန်ပြားကြီးတစ်ပြားတည်း ကာထားသည့် ဝရန်တာ တစ်ဖက်လည်းရှိသည်။

ကြမ်းပြင်ကို ပါကေးခေါ် ပိတောက်သားတုံးအကွက်လေးတွေ ခင်းထားသည်။ ဖယောင်းအကောင်းစား တိုက်ထားသဖြင့် ဖိတ်ဖိတ်လက်နေသည်။ ဆိုဖာကြီးများကလည်း ချမ်းအေးသော တောင်ကြီးမြို့နှင့်လိုက်အောင် ငြိမ့်အိထူထဲ နွေးထွေးသည်။ ကြိမ်ကွက်ထိုးဆက်တီ ကုလားထိုင်များကလည်း မူလ ကျွန်းသားရောင် ဝင်းပြောင်နေ၏။ ကျွန်းစားပွဲ၊ ကျွန်းဗီရိုများကလည်း ဒေါင်းမြီးကွက်တွေ ထနေသည်။ ကုလားထိုင် နောက်မှီများ၊ ခန်းဆီးများကလည်း အဆင်အသွေး

www.burmeseclassic.com

www.burmeseclassic.com


လုပပြီး တစ်ခါလဲလျှင် အားလုံး အဆင်တူလဲတတ်ကြောင်း သတိပြုမိ၏။

အားလုံးထဲတွင် အလှအပ အခံ့ညားဆုံးက လင်းဘတ် အမျိုးအစား ပီယာနိုကြီး။ သပြေသီးမှည့်ရောင်တော့ မဟုတ်။ ကျွန်းရွှေဝါရောင် ဖိတ်ဖိတ်တောက်သည့် ပီယာနိုကြီး။

ကြဲကြဲဖန်ဖန်လည်း တွေးမိသည်။ စုတ်စုတ်ပြတ်ပြတ်နှင့် တောင်ကြီးမြို့သို့ စရောက်စဉ်က ဤအိမ်မျိုးရှေ့ ရောက်မိလျှင်၊ ကျွန်တော်စတွေ့သူကလည်း နှင်းမြစန္ဒာ မဟုတ်ဘဲ ဝင့်ဝါဖြစ်ခဲ့လျှင် ...။

သို့ရာတွင် ယခုအခါ၌ တောင်ကြီးမြို့တွင် နာမည်တစ်လုံးနှင့်နေသော ဦးဘိုးလွှမ်း၏ မြေးအဖြစ် ဤအိမ်၏ ဧည့်ခန်းဆောင်တွင် မျက်နှာမငယ်ရဘဲ ကျွန်တော် ရောက်ခွင့်ရှိနေလေသည်တကား။

ကျွန်တော့်ကျောင်းမှာလည်း ကျွန်တော်ပျော်သည်။

ကျွန်တော်ပြောခဲ့သကဲ့သို့ပင် ကျောင်းက ဆရာမများမှာ အန်တီတင့်တင့်၏ သူငယ်ချင်းများ ဖြစ်ကြသောကြောင့် အားလုံးနှင့် ကျွန်တော် ရင်းနှီးသည်။

ပြီးတော့ ကျွန်တော်က ပတ္တလား တီးတတ်သည်။

ကျွန်တော်တို့ကျောင်းက "ဘိုမဆန်"။ မြန်မာဆန်သည်။

မြန်မာ့ယဉ်ကျေးမှု အနုပညာများကို အားပေးသည်။

ကျွန်တော်တို့ကျောင်းမှ စာရေးကြီး၏ အမည်မှာလည်း ဦးတင်အောင်ပင် ဖြစ်လေသည်။

သူက ပတ္တလား၊ မင်ဒိုလင် ကောင်းကောင်း တီးတတ်သည်။ ကျောင်းစာရေးကြီး ဖြစ်သော်လည်း ကျောင်း၏ အနုပညာဆရာ လုပ်နေရသည်။

ကျွန်တော်တို့ကျောင်းတွင် ပွဲရှိသောအခါ သူက တီးဝိုင်းခေါင်းဆောင် လုပ်သည်။ အခြားကျောင်း၌ ကျောင်းသူလေးများကလျှင် အသံဖမ်းတိတ်ခွေမှ တေးသီချင်းနှင့် ကကြသည်။ ကျွန်တော်တို့ကျောင်းက ကျောင်းသူလေးများ ကကြလျှင် ဦးတင်အောင်၏ တီးဝိုင်းနှင့် အဟုတ်ကကြသည်။ ကျွန်တော်ရောက်လာသောအခါ ကျွန်တော်က ပတ္တလားတီးတတ်သောကြောင့် လွှဲနိုင်သဖြင့် ဦးတင်အောင်က မင်ဒိုလင်တို့ ဘာတို့ကို လွတ်လပ်စွာ တီးပေးနိုင်သည်။ အစကမူ သူတစ်ယောက် ဟိုဟာတီးလိုက် သည်ဟာတီးလိုက်နှင့် ဗျာများအောင် လုပ်ခဲ့ရ၏။

ကျောင်းအကျိုးကို ဆောင်နိုင်သော ကျောင်းသားလေးအဖြစ် ကျောင်းမှာလည်း ကျွန်တော်မျက်နှာပွင့်လန်းပါ၏။

www.burmeseclassic.com

www.burmeseclassic.com


ဤသို့လျှင် ပျော်ပျော်ရွှင်ရွှင်ဖြင့် အချိန်တွေသည် ကုန်မှန်းမသိ ကုန်ခဲ့သည်။

ထူးဆန်းသော အဖြစ်တစ်ခုကိုမူ ကျွန်တော်ရောက်ပြီး ပထမဦးဆုံး ချယ်ရီပွင့်သော အချိန်၌ ကြုံရသည်။

ဒီဇင်ဘာလအတွင်း နှင်းတွေဝေသော တစ်နံနက်ခင်းတွင် ကျွန်တော်တို့ အိမ်သို့ နှင်းမြစန္ဒာ အစောကြီး ကူးလာသည်။

မျက်နှာသစ်ပြီးစ ကျွန်တော်က အံ့သြလျက် မေးသည်၊

"ဟင် နှင်း၊ အစောကြီး၊ ဘာလာလုပ်တာလဲ"

နှင်းမြစန္ဒာ၏ မျက်နှာလေးက ကြည်သန့်နေသည်။ ဘာမျှ လိမ်းမထားရသေးသော ပါးပြင်လေးမှာလည်း အအေးဓာတ်ကြောင့် နှင်းဆီရောင် သမ်းနေသည်။ မျက်လုံးလေးများက တောက်ပနေပြီး တစ်စုံတစ်ရာသတင်းဦး ပေးတော့မည့်အသွင် ရွှင်ပြုံးနေ၏။

နှင်းမြစန္ဒာက ဘာမျှမပြောဘဲ ကျွန်တော့်လက်တစ်ဖက်ကို ဆွဲကာ အိမ်ရှေ့သို့ ခေါ်ခဲ့၏။

"ဟိုမှာ"

ကျွန်တော်တို့အိမ်နှင့် မျက်စောင်းထိုး၊ နှင်းမြစန္ဒာတို့အိမ်နှင့် တစ်အိမ်ကျော် ခြံဝင်းတစ်ခု၏ အစပ်၌ သစ်ပင်တစ်ပင်ရှိသည်။ ခါတိုင်းကတော့ ဤသစ်ပင်က သစ်ပင်သာ။ ဟိုတလောကဆိုလျှင် ဘာရွက်မျှမရှိ။

ယခုတော့ ပန်းချီပင် ဖြစ်နေသည်။

တစ်ပင်လုံးကို ပန်းနုရောင် အပွင့်လေးတွေက ဖုံးလွှမ်းထားသည်။ အချိုးကျကျ အုပ်အုပ်ဝန်းဝန်း ထွန်းထွန်းသစ်သစ်နှင့် လှပြနေသော ပန်းချီပင်။

စကားမပြောနိုင်ဘဲ ကျွန်တော်က ငေးကြည့်နေ၏။

"လှတယ်နော်၊ နိုင်..."

ကျွန်တော်က ခေါင်းညိတ်ပြ၏။

"အဲဒါ တစ်ပင်တည်း ရှိသေးတယ်၊ အများကြီး တန်းပေါက်နေတာက ပိုလှတယ်၊ နေဦး၊ ညနေကျ ကောလိပ်နား သွားကြည့်ကြမယ်"

ကျွန်တော်တို့အိမ်တွင်းသို့ ပြန်ဝင်လာသောအခါ အန်တီတင့်တင့်နှင့် မျက်နှာချင်းဆိုင် တွေ့သည်။

"နှင်းနဲ့ နိုင်၊ ဘာလုပ်ကြတာလဲ"

www.burmeseclassic.com

www.burmeseclassic.com


"ချယ်ရီတွေပွင့်ပြီ အန်တီ၊ နိုင်က ချယ်ရီပွင့်တာ မမြင်ဖူးသေးဘူး မဟုတ်လား၊ ဒါကြောင့် ချယ်ရီဦးပွင့်တာ နှင်းက ခေါ်ပြတာ"

ဘာကြောင့်မသိ ပြုံးနေသော အန်တီတင့်တင့်၏ မျက်နှာသည် ညှိုးလျော့ကျသွားသည်။

"သြော်... ချယ်ရီတွေ ပွင့်ပြန်ပြီပေါ့"

အန်တီတင့်တင့်၏ စကားသံမှာ ညည်းဟန် ပါသည်။ ပြီးတော့ စကားကိုလည်း ကျွန်တော်တို့ကို ပြောသည်မဟုတ်။ မျက်တောင်ကော့နှင့် မျက်လုံးလှလှကြီးများက အိမ်အပြင်သို့ ငေးကြည့်လျက်။

တစ်စုံတစ်ရာ ဆွေးမြည့်ခြင်းကို ပြနေသော မျက်လုံးလှလှကြီးများ။

ခဏသာပါ။

အန်တီတင့်တင့်၏ မျက်နှာက ပြန်ပြုံးလာသည်။

"ချယ်ရီတွေပွင့်တော့ ပျော်ကြတယ်ပေါ့၊ အန်တီတို့ ငယ်ငယ်တုန်းကလည်း ဒီလိုပဲ ပျော်ကြတာပဲ၊ သြော်...နှင်း၊ ကော်ဖီသောက်သွားနော်၊ လာ"

"တော်ပြီ အန်တီ၊ အိမ်မှာလည်း အဆင်သင့်၊ နိုင့်ကို ချယ်ရီပွင့်တာ ပြချင်တာနဲ့ ကူးလာတာ၊ ပြန်တော့မယ်"

နှင်းမြစန္ဒာ ပြန်သွားသောအခါ ကျွန်တော်တို့လည်း ထမင်းစားခန်းရှိ လက်ဖက်ရည်စားပွဲသို့ လာခဲ့ကြသည်။

ဘွားဘွားကြီး၊ အန်တီတင့်တင့်နှင့် ကျွန်တော်တို့က နံနက်ဆိုလျှင် ထမင်း ကြော်စားပြီး ကော်ဖီသောက်သည်။ ဘိုးဘိုးကြီးတစ်ယောက်သာ ပေါင်မုန့်မီးကင် ထောပတ်သုပ် စား၏။

ယခု ဘိုးဘိုးကြီး၏ လက်တစ်ဖက်က သတင်းစာကို ကိုင်ထား၏။ ပါးစပ်ကြီးများ ဖောင်းလျက်ပေါင်မုန့်မီးကင်ကို ဝါးနေ၏။ အခြားလက်တစ်ဖက်ဖြင့် ကော်ဖီ ပန်းကန်လုံးကို ပါးစပ်ဆီ ပို့နေရင်း တန်းလန်းမှရပ်၍ ပြောသည်။

"အေး... ဟေး၊ နှင်းမြစန္ဒာက ချယ်ရီပွင့်တာ လာပြောသလား၊ ဟုတ်လား"

"ဟုတ်ကဲ့ ဘိုးဘိုး"

"ဗဲရီးဂွဒ်၊ ဗဲရီးဆင်တီမင်တယ်လ်"

"အဲဒါ ဘာပြောတာလဲဘိုးဘိုး"

"ဟိုဒင်း... ယူဆီး၊ စိတ်...စိတ်ကူးယဉ်တာ၊ ချယ်ရီဦးတို့၊ ပိတောက်

www.burmeseclassic.com

www.burmeseclassic.com


ဦးတို့ ဟိုပန်းဦးတို့ ဒီပန်းဦးတို့က အချစ်ဦးလိုပဲ စိတ်ကူးယဉ်စေတတ်တယ်ကွယ့် နိုင်ရဲ့”

အန်တီတင့်တင့်က မျက်လွှာချသည်။ ဘွားဘွားကြီးကမူ ဘိုးဘိုးကြီးကို မျက်စောင်းထိုး ကြည့်၏။

“အချစ်ဦးဆိုတဲ့ စကားပါတာနဲ့ မင်းက ငါ့ကို မျက်စောင်းထိုးမကြည့်နဲ့ မမင်းသုံ၊ အလင်္ကာ ဖော့လ်စ် မိုဒစ်စတီတွေ၊ ဖော့လ်စ်မိုဒစ်စတီဆိုတာက ဟန်ဆောင်ထားတဲ့ ယဉ်ကျေးမှု၊ မင်းမြေး ဝတ္ထုတွေဖတ်နေတာ ငါတွေ့သားပဲ၊ ဝတ္ထုတွေထဲမှာ အချစ်ဦးတွေ၊ အချစ်နှောင်းတွေ၊ အချစ်သစ်တွေ၊ အချစ်ဟောင်းတွေ၊ အားပါးပါး အများကြီးပါတယ်၊ မင်းမြေး ဒါတွေဖတ်ပြီးပြီ၊ ဟုတ်ဘူးလား နိုင်”

ကျွန်တော်က ပြုံးနေရ၏။

“ဒီတော့ အဲ... သိပြီးသားကိစ္စတွေပါ၊ ငါက ငါ့မြေးကို အဖိုးတန်တဲ့ ဆုံးမစကားပြောမလို့၊ ဒီမှာနိုင်၊ အချစ်ဦးဆိုတာ ပန်းဦးလိုပဲ၊ ပန်းဦးလေးလည်း အစက လှလိုက်တာ၊ နောက်တော့ ဘာဖြစ်သွားလဲ၊ အမှိုက်ပုံးထဲ ရောက်သွားတာပဲ၊ အချစ်ဆိုတာလည်း နောက်တော့ အမှိုက်ပုံးထဲရောက်သွားတာပဲ”

ဘွားဘွားကြီးဆီမှ မျက်စောင်းကြီးတစ်ချက် ဘိုးဘိုးကြီးထံ ကျသွားပြန်၏။

“ဒီတော့ နိုင်၊ ကြီးလာရင် အချစ်ဦးတွေ ဘာတွေလုပ်ချင်လုပ်ပေါ့ကွာ၊ အချစ်ရူးတော့ မလုပ်နဲ့ကွ၊ အရူးတကာ့ အရူးတွေထဲမှာ အချစ်ရူးဆိုတာဟာ သောက်သုံးမကျဆုံးပဲကွ၊ မှတ်ထား”

ဘိုးဘိုးကြီးစကားက ရယ်ဖို့ကောင်းသောကြောင့် ရယ်ပြီး ကျွန်တော်က အန်တီတင့်တင့်ကို လှမ်းကြည့်သည်၊

အန်တီတင့်တင့်က ပြန်ပြုံးပြရှာပါ၏။

သို့ရာတွင် ကျွန်တော့် အန်တီတင့်တင့်ကို ကျွန်တော်သိသည်။

ခါတိုင်းဆိုလျှင် အန်တီတင့်တင့်၏ မျက်နှာက အလွန်အေးချမ်းပါ၏။ ပြုံးပြီဟေ့ဆိုလျှင်လည်း အပြုံးမှ အပြုံးအစစ်။ အလွန်လှပကြည်လင်သည်။

ယနေ့နံနက် တွေ့ရသော အန်တီတင့်တင့်၏ အပြုံးက ခါတိုင်း ကျွန်တော် တွေ့ဖူးသော အပြုံးမျိုးမဟုတ်။ မဟုတ်။

ထိုနေ့ညနေတွင် ချိန်းထားသောကြောင့် ဝင့်ဝါတို့လည်း လာသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ လေးယောက် ကောလိပ်လုပ်ထားသော ရှမ်းကောင်စီ အဆောက်အအုံကြီးရှေ့မှ ချယ်ရီပင်များ ပွင့်နေသည်ကို သွားကြည့်ကြသည်။ ထိုကမှတစ်ဖန် လွမ်းစေတီတောင်သို့ သွားကြပြန်သည်။

ရှမ်းကောင်စီလမ်းအတိုင်း တောင်ကြီး ဟိုပုန်းလမ်းမကြီးကို ကျော်ပြီး အနောက်ဘက်သို့ လာရသည်။ ကြီးမားသော "တောင်ကျောင်းကြီး"ဟု ခေါ်သော ဘုန်းကြီးကျောင်းဝင်းကြီးကို ကျော်လွန်သောအခါ ရေထွက်တစ်ခုသို့ ရောက်လာသည်။ ရေထွက်ကို လွန်သောအခါ တောင်ဘက်သို့ ချိုးသွားသည့်ကားလမ်းအတိုင်း မလိုက်ဘဲ အနောက်ဘက်သို့ ဆက်သွားရသည်။ တဖြည်းဖြည်း မြင့်တက်လာသော တောင်ဘက်လမ်းအတိုင်း ဆက်တက်လာသောအခါ လွမ်းစေတီတောင်ပေါ်သို့ ရောက်သည်။

လွမ်းစေတီတောင်မှာ တောင်ကြီးမြို့၏ အနောက်ဘက်တောင်တန်းမှ တောင်ကုန်းတစ်ခု ဖြစ်လေသည်။ မြို့သည်ဤအနောက်ဘက်တောင်တန်းနှင့် တောင်ချွန်းကြီးရှိသော အရှေ့ဘက် တောင်တန်းကြားတွင် တည်ထားခြင်း ဖြစ်လေသည်။

လွမ်းစေတီ တောင်စောင်းတစ်နေရာတွင် ထိုင်ကြပြီး ချယ်ရီတွေ ပွင့်နေသည်ကို ကျွန်တော်တို့ ကြည့်ကြ၏။

ချယ်ရီတွေက မြို့၏အရှေ့ဘက်ပိုင်းတွင် ပိုများသည်။

တောင်ကြီး ဟိုပုန်းလမ်းမကြီးကို အစပ်ထား၍ သည်ကမှ နေ၍ မြို့၏ သစ်ပင်များနှင့် အိမ်လှလှများသည် အရှေ့ဘက်တောင်တန်းပြာ မြင့်မြင့်ဆီ ပြေးပြန်ဆက်သွားသည်။

ခေါင်မိုးရောင်စုံ၊ စိမ်းမြသော သစ်ပင်သစ်အုပ်တို့နှင့် နဂိုကပင် ပန်းချီဆန်သော ရှုခင်းသည် ချယ်ရီတွေကြောင့် ယခုပိုလှနေသည်။

ဆောင်း၏ နှင်းမှုန်တွေက ပြာရီ ဝေနေသည်။ တောနှင့် တောင်တန်းတို့က မြမြမှောင်ချင်သည်။ ဤနောက်ခံတွင် ပင်လုံးကျွတ်ပွင့်နေသော ချယ်ရီတွေက ပန်းနုရောင် ထိန်ထိန်ညီညီ စည်စည်ဝေဝေဖြင့် ရပ်လုံးကြွ တန်းစီဝင့်ကြွား လှပြနေကြ၏။

နှင်းမြစန္ဒာက မေးသည်။

"စကားမပြောနိုင်တော့တဲ့ ဆရာကြီး၊ ဘယ့်နှယ်လဲ၊ ချယ်ရီ လှတာကို မြင်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com


နှင်းမြစန္ဒာက စ,သယောင် မေးသော်လည်း ကျွန်တော်က လေးနက်စွာ ဖြေမိ၏။

"စကတည်းက ချယ်ရီဟာ မလှဘူး၊ မလှနိုင်ဘူးလို့ နိုင်ကမှ မပြောခဲ့တာ"

ဖြူဝင်းသော အသားလေးထက် ဝင့်ဝါ၏ မျက်ခုံးလေးက စိမ်းနက်နက်လေးရှိသည်။ အဲသည် မျက်ခုံးစိမ်းနက်နက်လေး တစ်ဖက်ကို တွန့်မပြီး ဝင့်ဝါက ပြော၏။

"နိုင့်စကားက နှင်းပြောသလိုပဲ ကဗျာစကားဖြစ်နေပြန်ပြီ။ ကျွန်မတို့ ဉာဏ်မမီဘူးရှင့်။ အဲဒါ ဘာပြောတာလဲ"

ဝင်းကြည်က တဟားဟား ရယ်၏။

"ဟော့ကောင် နိုင်၊ ရှင်းမပြနဲ့၊ တစ်ခါတလေ ဒီကောင်မလေးတွေရှေ့မှာ သူတို့နားမလည်တဲ့ စကားတွေ ပြောပြောပေးရတယ်၊ ဒါမှ သူတို့ လေးစားတာ"

ဝင့်ဝါ၏ မျက်စောင်းတစ်ချက် ဝင်းကြည်ဆီ ရောက်သွား၏။

"မကြီးကျယ်နဲ့၊ နင်ကကော ခု နိုင်ပြောလိုက်တာ နားလည်လို့လား"

"နားမလည်ဘူးလေ၊ ဒါကြောင့် နင်တို့ဆို ပိုနားမလည်နိုင်ဘူးလို့ ငါကပြောတာ"

ဝင်းကြည်က သူ့ဘာသာသူ သဘောကျပြီး ဆက်ရယ်နေ၏။

"ဝင်းကြည်ရယ်၊ ဝင့်ဝါမေးတာ သဘာဝ ကျပါတယ်၊ ငါ့စကားက ခက်လို့လည်း မဟုတ်ပါဘူး၊ ကဗျာစကားလည်း မဟုတ်ပါဘူး၊ ငါက စကားစပ်နဲ့ ပြောတာ"

"ဘာ စကားစပ်နဲ့"

"အင်း စကားစပ်နဲ့ ပြောတာဆိုတော့ ရှေ့စကား မသိထားတဲ့လူက ဘယ်နားလည်နိုင်မလဲ"

"ဘာ...ရှေ့စကားလဲ"

"နွေတုန်းကလည်း စိန်ပန်းပြာတွေက လှတယ် မဟုတ်လား၊ ငါက ချီးမွမ်းတော့ နှင်းက ပြောတယ်၊ ချယ်ရီပွင့်တာ စောင့်ကြည့်ဦးတဲ့၊ ချယ်ရီက ပိုလှတယ်တဲ့၊ ဒီတော့ ငါက ပြောတယ်၊ ချယ်ရီလှချင်လည်း လှမှာပေါ့၊ ဒါပေမဲ့ စိန်ပန်းပြာလည်း သူ့ဘာသာသူ လှတယ်လို့၊ အဲ အဲဒါက စကားစပ်"

"ဟား...ဟား၊ စကားစပ်နှင့်တကွ ဖြေပါ၊ စာမေးပွဲမှာ မေးတာမျိုး ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com


"အေး..."

ဝင့်ဝါက ရယ်လိုက်ပြီး

"ကဲ... နားလည်ပြီ၊ ဒါပေမဲ့ ဖြေဦး၊ ခု ချယ်ရီပွင့်တာ မြင်ဖူးပြီ၊ စိန်ပန်းပြာနဲ့ချယ်ရီ၊ ဘယ်သင်းက ပိုလှသလဲ"

ဟု မေး၏။

ဝင့်ဝါ၏ မျက်လုံးလေးများက တောက်ပနေသည်။ မျက်လုံးလေးများတွင် နောက်ပြောင်ကျီစားလိုမှု သဘောလည်း မြူးဝင်နေသယောင်ရှိ၏။

ကျွန်တော်က ဘေး၌ ယှဉ်ထိုင်နေသော နှင်းမြစန္ဒာကို ကြည့်သည်။

နှင်းမြစန္ဒာက သူ့မျက်လုံးများကို အကြည့်မခံ။ မြေပြင်သို့ စိုက်ချ စ်၏။

"ကဲ...ခုမှ နိုင် ကဗျာစကားပြောမယ်၊ ကဗျာစကားလား၊ ဘာလားတော့ မသိဘူး၊ စာစကား၊ နိုင်စာထဲမှာ ဖတ်ဖူးတာ"

ဝင့်ဝါက ပြုံးပြုံးလေးပင် ခေါင်းညိတ်ပြ၏။

"အလှဆိုတာဟာတဲ့ ချိန်ခွင်နဲ့လည်းချိန်လို့မရဘူး၊ ပေတံနဲ့လည်း တိုင်းလို့မရဘူးတဲ့၊ ဒီတော့ တကယ်လှတာ နှစ်ခုကို ယှဉ်ပြီး ဘယ်ဒင်းက သာတယ်၊ ဘယ်ဒင်းက မမီဘူးလို့ ပြောလို့မရဘူးတဲ့၊ နိုင်တို့ နားလည်တဲ့ စကားနဲ့ပြောမယ်၊ မှိုတစ်ပိဿာနဲ့ ခဲတစ်ပိဿာ ဘယ်ဒင်းက လေးလဲဆိုတာလို မေးခွန်းထဲမှာ အဖြေက ပါပြီးပြီ၊ အတူတူပဲ၊ ဒီလိုပဲ စိန်ပန်းပြာလည်း လှတာပဲ၊ ချယ်ရီလည်း လှတာပဲ၊ လှတာတွေမြင်ဖူးတဲ့ကိုယ်က ကံကောင်းတယ်၊ နိုင် အဲဒီလိုပဲ တွေးတယ်"

ဝင့်ဝါနဲ့ နှင်းမြစန္ဒာက တစ်ဦးကိုတစ်ဦး ကြည့်ကြသည်။ ထိုနောက် ဘာကြောင့်မသိ ရယ်ကြ၏။

"ဘာ ရယ်ကြတာလဲ"

နှင်းမြစန္ဒာက မဖြေ။ ဝင့်ဝါကသာ ဖြေ၏။

"ပဏ္ဍိတ"

"ဘာရယ်"

"ပညာရှိလို့၊ နိုင်က ပညာရှိလို့"

အဖြေကို ကျွန်တော် မကျေနပ်လှပါ။ သို့ရာတွင် ကျွန်တော် ဆက်မမေးတော့။

လွှမ်းစေတီကုန်းမှ ဆင်းလာကြသောအခါ တစ်နေရာ၌ ဝင့်ဝါနှင့် နှင်းမြစန္ဒာတို့က ရှေ့ရောက်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com


ဝင်းကြည်က တိုးတိုးပြော၏။

"နိုင်မင်းက ပညာရှိပဲ၊ မင်းလို ငါစကားတတ်ချင်လိုက်တာ၊ ကောင်မလေး နှစ်ယောက်လုံး ကျေနပ်သွားကြတယ်"

"မင်း ဘာပြောတာလဲ"

"သူတို့ ဝတ်ထားတာကြည့်လေ"

ထိုအခါကျမှ ကျွန်တော် အထူးသတိပြုမိသည်။

တောင်ကြီး၏ ဆောင်းညနေက ချမ်းသည်။

ဝင်းကြည်က ဂျာကင်စွယ်တာ တစ်ခုကို ဝတ်ထားပြီး ကျွန်တော်က ဖလံနယ်ရှပ်အင်္ကျီလက်ရှည် ဝတ်ထား၏။

ဝင့်ဝါနှင့် နှင်းမြစန္ဒာတို့က သိုးမွေးစွယ်တာ အင်္ကျီလေးတွေ ကိုယ်စီနှင့်။

ဝင့်ဝါ၏ စွယ်တာလေးက ပန်းနုရောင်လေး။ နှင်းမြစန္ဒာ၏ စွယ်တာလေးက အပြာနုရောင်လေး။

"ဟာ အဲဒါ ငါသတိမပြုမိဘူး"

"ဒါပေမယ့် မင်းဖြေတာ ကောင်းပါတယ်၊ နို့မို့ရင်"

"ဘာဖြစ်လဲ"

"ငါ့နှမအကြောင်း ငါသိတယ်၊ သူ့ထက်သူများက လှတယ်လို့ မင်းသွားပြောမိရင် မင်းကို သူတစ်သက် ခွင့်လွှတ်တော့မှာ မဟုတ်ဘူး"

"ငါက ဝင့်ဝါကျေနပ်ပါစေလို့ ပြောတာ မဟုတ်ဘူးကွ"

"ပြောပါ ပြောပါ၊ အဲဒီ အပြောမျိုးတွေကြောင့် ဝင့်ဝါက မင်းကို အထင်ကြီးတာ ထင်တယ်"

"ဘာရယ်"

"မိန်းကလေးဆိုတာ ငါ့နှမပဲဖြစ်ဖြစ်၊ မင်းနှမပဲဖြစ်ဖြစ်၊ အရိပ်ကွ အရိပ်၊ အရိပ်လို သဘောထားရတယ်"

ဝင်းကြည်က ပါမောက္ခဟန်နှင့် ပြောသည်။

ထိုည။ ချယ်ရီပွင့်၍ လသာသောထိုညတွင်လည်း အရိပ်တစ်မျိုးကို ကျွန်တော် တွေ့လိုက်ရသည်။

စာကျက်အပြီး၌ ယခုအခါ ကျွန်တော်အသုံးပြုခွင့်ရထားသော ဘိုးဘိုးကြီး၏ စားပွဲမှ ကျွန်တော်ထလိုက်သည်။

ခြေရင်းဘက်စားပွဲမှာက အန်တီတင့်တင့် စာထိုင်ရေးနေသည်။ စားပွဲ

www.burmeseclassic.com

www.burmeseclassic.com


ပေါ်၌ ကြွေဖြူရောင်အဖုံးနှင့် အင်္ဂလိပ်စာအုပ်တစ်အုပ်ရှိနေကြောင်းလည်း ကျွန်တော် သတိပြုမိ၏။

ကျွန်တော်က ဘုရားရှိခိုးရန် ဝရန်တာသို့ ထွက်လာခဲ့သည်။

အပြင်မှာက လသာနေသည်။ နှင်းတွေ ဝေနေသောကြောင့် လရောင်ကလည်း မှုန်မှုန်ပြာပြာသာ လင်းနေ၏။

ဝရန်တာဆီမှာက ချမ်းသောကြောင့် ဘုရားခန်းအတွင်း အမြန်ဝင်မည်ဟု ကျွန်တော်ကြံထားသည်။

သို့ရာတွင် နံနက်က တွေ့ခဲ့ရသော ချယ်ရီပင်ကို သွားသတိရသည်။

ကြံကြံဖန်ဖန်လည်း သိချင်လာ၏။

လရောင်အောက်မှာ ချယ်ရီပွင့်တို့ မည်သို့ရှိနေမည်နည်း။

ကျွန်တော်က ချယ်ရီပင်ရှိရာသို့ လှမ်းကြည့်၏။

ပန်းနုရောင်ကိုတော့ မမြင်ရတော့။ သို့ရာတွင် အပွင့်တွေမှန်းတော့ သိသာ သည်။ သစ်ရွက်တွေနှင့် ခြားနားစွာ လရောင်ကို ဖြူဖြူဖျော့ဖျော့ရောင်ပြန် ဟပ်ပြနေကြသည်။

ချယ်ရီဟူသော အသိက ရှိနှင့်သဖြင့် ပန်းနုရောင်ကိုပဲ မြင်မိသယောင်ယောင်။

အစွဲ။ အင်း... အစွဲ။ သည်လိုပဲ ခေါ်ရမည် ထင်သည်။

ထိုအခိုက်တွင်ပင် ရိပ်ရိပ်လှုပ်ရှားသော သဏ္ဌာန်တစ်ခုကို ကျွန်တော် တွေ့လိုက်ရ၏။

မွန်းမတည့်တတည့်ဖြစ်နေသော လ၏အရောင်က ချယ်ရီပင်ဆီ အရှေ့ဘက်မှ ထိုးကျနေသည်။

ကျွန်တော် ပြောပြပြီးခဲ့သည့်အတိုင်း ချယ်ရီပင်က အိမ်ဝင်းတစ်ခု၏ အစပ် အတွင်းဘက်တွင် ရှိသည်။ ချယ်ရီကိုင်းများကမူ ခြံဝင်းအပြင်သို့ ထွက်နေ သည်။ သည်တော့ ချယ်ရီရိပ်ဟု ခေါ်နိုင်မည် ထင်သည်။

သူမျှားခြံစပ် ချယ်ရီပင်ရိပ်မှာ ဘာလုပ်နေပါသနည်း။ ပြီးတော့ ချမ်းချမ်း စီးစီး တောင်ကြီးမြို့၏ ညလယ်မှူးမှူးမှာ။

သဏ္ဌာန်က ချယ်ရီပင်ကို ကျောခိုင်းပြီး ကျွန်တော်တို့အိမ်ဘက်သို့ မျက်နှာမူထားသည်။

ကျွန်တော်က သူ့ကို စိတ်ဝင်စားပြီး စိုက်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com


သူကလည်း ကျွန်တော့်ကို မြင်သွားဟန်ရှိသည်။

သို့ရာတွင် သူက အရိပ်မှထွက်ပြီး လရောင်တွင် ရဲရဲရပ်လျက် ကျွန်တော်ရှိရာသို့ ကြည့်နေသည်။ အဲ ကြည့်နေသည်ဟု ကျွန်တော်ထင်သည်။

ကျွန်တော်က အိမ်တွင်း ပြန်ဝင်လိုက်၏။

"အန်တီ"

"ဩော်...နိုင်"

"လူတစ်ယောက်"

"လူတစ်ယောက် ဘယ်မှာလဲ"

"ဟို...ဟို ချယ်ရီပင်ရိပ်မှာ၊ နိုင်တို့အိမ်ဘက်ကို ကြည့်နေတာ"

အန်တီတင့်တင့်၏ သဏ္ဍာန်တစ်ခုလုံး ငြိမ်ကျသွားသည်။ ကျောက်ရုပ်တစ်ခုပမာ ငြိမ်ကျသွားသည်။ အကြာကြီး ငြိမ်ကျသွားသည်။

နောက်ဆုံးမှ သက်ပြင်း မသိမသာချ၍ ဆိုသည်။

"သူ့ဘာသာသူ ကြည့်တာ ကြည့်နေပါစေကွယ်"

"သူ...သူ...ဘာလုပ်ချင်လို့မှန်းမှ မသိဘဲ"

"သူဘာမှ မလုပ်ပါဘူးကွယ်"

"ခင်ဗျာ"

"မနက်က ဘိုးဘိုးကြီးပြောတာ မှတ်မိလား"

"အား ဟုတ်ကဲ့"

"ပိတောက်တို့ ချယ်ရီတို့က လူတွေပေါ်မှာ တစ်စုံတစ်ရာ လွှမ်းမိုးတတ်တယ်၊ ရှုးတာလို့ အန်တီကတော့ မပြောရက်ပါဘူး၊ ဒီတော့ လရောင်အောက်က ချယ်ရီပင်အောက်မှာ ရပ်ချင်သူတွေ ရပ်နေကြပါစေကွယ်"

ကျွန်တော်က အန်တီတင့်တင့်ကို အကဲခတ်ကြည့်သည်။

လှပသော အန်တီတင့်တင့်၏ မျက်နှာက ခါတိုင်းကဲ့သို့ပင် ပြန်လည်တည်ငြိမ်နေပြီ။ ခါတိုင်းထက်ပင် တည်ငြိမ်သည်ဟု ကျွန်တော်ထင်၏။

ကျွန်တော်က ဝရန်တာသို့ ပြန်ထွက်လာခဲ့သည်။

သူ...။ရှိနေသေးသည်။ ကျွန်တော်တို့အိမ်ဘက်ကိုပင် မားမားရပ်လျက် ကြည့်နေသည်။

သို့ရာတွင် မကြာပါလေ။ သူက ဖြည်းညင်းစွာဖြင့် လမ်းပေါ် တက်လာခဲ့သည်။ ကျွန်တော်တို့အိမ်ကို ကျောခိုင်းလျက် ဖြည်းညင်းစွာပင် တောင်ဘက်သို့

www.burmeseclassic.com

www.burmeseclassic.com


ထွက်ခွာသွားသည်။

သူ့အရပ်က ရှည်သည်။ လောင်းကုတ်ခေါ် ကုတ်အင်္ကျီရှည်ကို ဝတ်ထားသည်။ ခေါင်း၌လည်း ဦးထုပ်တစ်လုံး ဆောင်းထားသည်။ သက္ကလပ်ဦးထုပ်ဖြစ်ဟန် တူသည်။ သိပ်မသဲကွဲလှသော်လည်း ခြေလှမ်းပုံနှင့် ဟန်ပန်ကြောင့် ဘောင်းဘီရှည်နှင့် ရှူးဖိနပ်ဝတ်ထားသည်ဟု ကျွန်တော်ထင်သည်။

သြော်...သူ ဝတ်ဆင်ထားပုံက တောင်ကြီးလိုမြို့တွင် တွေ့ရတတ်သော လူကြီးလူကောင်းတစ်ယောက် ဝတ်ဆင်ပုံမျိုး။

သူ လျှောက်သွားပုံကလည်း လေးလေးပင်ပင်။ ဖြည်းဖြည်းညင်ညင်။
သူက ချယ်ရီပင်ရိပ်မှ ထွက်လာခဲ့သည်။ ထို့နောက်
နှင်းမှုန်တွေကြားတွင် တဖြည်းဖြည်း ပျောက်သွားသည်။
နောက်တစ်နေ့ နံနက်တွင် ခါတိုင်းထက်စောစော၍ ကျွန်တော် နိုးလာသည်။
ညက အဖြစ်ကို ကျွန်တော် မမေ့သေး။
အိပ်မက်တစ်ခုကဲ့သို့ ဖြစ်နေသည်။

ကျွန်တော်က လူးလဲထပြီး ဝရန်တာသို့ထွက်၍ ချယ်ရီပင်ဆီ ကြည့်မိသည်။

ချယ်ရီပင်အောက်မှာ မည်သူမျှမရှိ။

နံနက်စောစော၏ အလင်းရောင်တွင် ချယ်ရီတွေကလည်း အပြစ်ကင်းသန့်စင်စွာ နုလွင်ထွန်းသစ်ပြနေ၏။

လရောင်အောက်မှ ချယ်ရီပင်။ ချယ်ရီပင်အောက်မှ လူတစ်ယောက်။ နှင်းမှုန်ကြားတွင် ဖြည်းဖြည်း ပျောက်ကွယ်သွားသော လူတစ်ယောက်။

အို...ညက အိပ်မက်ပေလေလား။

ကျွန်တော့်မျက်လုံးများက ကျွန်တော်တို့ခြံတံခါးဆီသို့ ရောက်သွားသည်။

မြတ်စွာဘုရား။

တံခါးရွက်များထိပ်မှာက ချယ်ရီပန်းစည်းကြီးတစ်ခု...။ အလွန်လှပသော ပန်းစည်းကြီး။

လူကြီးတွေ မထကြသေး။

ကျွန်တော်က ခြေဖွနင်းပြီး အောက်ထပ်သို့ ဆင်းလာခဲ့သည်။

တံခါးကို မမြည်အောင်ဖွင့်၍ အပြင်သို့ ကျွန်တော်ထွက်လာခဲ့၏။

တံခါးတွင် ကြိုးနှင့်ချည်ထားသော ပန်းစည်းကြီးကို ကျွန်တော်ဖြုတ်

www.burmeseclassic.com

www.burmeseclassic.com


ယူသည်။

ပန်းစည်းကို ပန်းစည်းဖြစ်အောင် ပန်းရောင် ဖဲပြားနှင့် စနစ်တကျ လှလှပပ စည်းထားသည်။

စက္ကူဖြူဖြူ ရှည်ရှည်လေးပေါ်တွင် လက်ရေးလည်း မဟုတ်။ လက်နှိပ်စက်စာလုံးလည်း မဟုတ်။ ပုံနှိပ်စာလုံးနှင့် ရိုက်ထားသော စာတန်းလေးပါသည်။

**"အချိန်ဟူသည်–မေ့ကြောင်းမဟုတ်ပါ"**

မြတ်စွာဘုရား...။ အို...မြတ်စွာဘုရား...။

ကဗျာစကား။ နည်းနည်းလေးနှင့် စကားတွေ အများကြီး ပြောသည့်ကဗျာစကား။

ချယ်ရီပန်းစည်းကြီးကို ရင်မှာပိုက်ပြီး ကျွန်တော်က အိမ်ဘက် လှည့်လိုက်သည်။

အိမ်ဝမှာက အန်တီတင့်တင့် ရပ်နေသည်။

ပန်းစည်းပိုက်လျက် သူ့အနီးသို့ ကျွန်တော်ကပ်သွားသောအခါ အန်တီတင့်တင့်က တည်ငြိမ်စွာနှင့် တောင်းသည်။

"ပေး နိုင်...။ အဲဒီပန်းစည်း အန်တီ့ကိုပေး"

ကျွန်တော်က ပန်းစည်းကြီးကို ရင်မှာ ပိုကပ်ထားလိုက်ပြီး မေး၏။

"ဒီပန်းစည်းကို အန်တီ ဘာလုပ်မလဲ"

"ဘုရား တင်မယ်နိုင်၊ အန်တီဘုရားမှာ ကပ်ပေးပါမယ်"

"ဘုရားတင်မယ်"

"ဟုတ်တယ်၊ နှစ်တိုင်း အန်တီ ဘုရားကိုလှူတယ်"

"နှစ်တိုင်း"

အန်တီတင့်တင့်က အလွန်တည်ငြိမ်သော မျက်နှာထားဖြင့် ခေါင်းညိတ်ပြ၏။

အန်တီတင့်တင့်ကို ကျွန်တော် သိပ်ချစ်ပါသည်။ တစ်ပြိုင်နက်တည်းတွင် သိပ်လည်း ရိုသေလေးစားပါသည်။

ကျွန်တော့် အသိဉာဏ်က မေးခွန်းတွေ ဆက်မထုတ်ဘဲ အန်တီတင့်တင့်၏ အမိန့်ကို နာခံရန် သတိပေးနေ၏။

ကျွန်တော်က ရိုသေလေးစားစွာဖြင့် ချယ်ရီပန်းစည်းကြီးကို အန်တီတင့်တင့်အား ပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com


"အန်တီ"

"ရှင်"

"အဲဒီထဲက နိုင်ကိုရော ပန်းတစ်ခက်လောက် မပေးနိုင်ဘူးလား"

"ပန်းတစ်ခက်"

"အာ...အာ...မေ့သွားလို့ နှစ်ခက်"

အန်တီတင့်တင့်က ကျွန်တော့်ကို ချယ်ရီနှစ်ခက် ပြန်ပေးသည်။

"နိုင်ကကော ဘာလုပ်မလို့လဲ"

"ပေးဖို့၊ နှင်းအတွက် တစ်ခက်၊ ဝင့်ဝါအတွက် တစ်ခက်"

အန်တီတင့်တင့်က ကျွန်တော့်ကို အတန်လေးကြာအောင် စိုက်ကြည့်နေသည်။ ထိုနောက်မှ ပြုံးသည်။

ဤအပြုံးက ထူးခြားသည်။ ချစ်ခင်ကြင်နာမှုကိုလည်း ပြသည်။ တစ်စုံတစ်ရာသော သနားကရုဏာတစ်မျိုးကိုလည်း ပြနေသည်ထင်၏။

အန်တီတင့်တင့် အိမ်တွင်းပြန်ဝင်လာသောအခါ ခြံတွင်းမြေပြင်ပေါ် ချယ်ရီနှစ်ခက်နှင့် ကျွန်တော် ငိုင်ကျန်ရစ်သည်။

စိတ်တွင်းမှာက စနောင့်စနင်း။ တစ်စုံတစ်ရာ စနောင့်စနင်း။

သည် ချယ်ရီစည်းကို ဘယ်သူလာထားသနည်း။ သူ ဘာရည်ရွယ်သနည်း။

ထားတော့။ သည်ဟာတွေက နောင် သိအောင် လုပ်ယူ၍ ရသည်။ သိအောင်လုပ်ယူမည်ဟုလည်း ကျွန်တော် စိတ်ပိုင်းဖြတ်ပြီးပြီ။

"အချိန်ဟူသည် မေ့ကြောင်းမဟုတ်ပါ"

သည်စကားက ကျွန်တော့်ကို စိန်ခေါ်ပြီးနေပြီ။

ကဗျာစကားလည်း ဟုတ်သည်။ ပဟေဠိလေးလည်း ဟုတ်သည်။

ပဟေဠိဆိုသည်မှာ လျှို့ဝှက်မှုရှိသည်။ လျှို့ဝှက်မှုကို လျှို့လျှို့ဝှက်ဝှက် ဣန္ဒြေရရလေး စုံစမ်းမှသိနိုင်ကြောင်းကို ဘဝအတွေ့အကြုံလေးများက ကျွန်တော့်ကို စောစောစီးစီး သင်ပေးထားသည်။

သည်ကြားထဲက စိတ်တွင်းမှ စနိုးစနောင့်။

အန်တီတင့်တင့်က ချယ်ရီပန်းတွေကို ဘုရားတင်မည်ဟုဆိုသည်။

အမှတ်မထင် ဘုရားတင်မည့်ပန်းထဲမှ နှစ်ခက်ကို ကျွန်တော် တောင်းယူထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


တစ်ခက်က နှင်းအတွက်။ တစ်ခက်က ဝင့်ဝါအတွက်။

မြတ်စွာဘုရား . . .။ မလုပ်သင့် . . .။ မလုပ်သင့် . . .။

ကျွန်တော်က အိမ်တွင်းသို့ ပြေးဝင်လာခဲ့သည်။

မီးဖိုခန်း၌ အန်တီတင့်တင့်က ချယ်ရီပန်းတွေကို ရေဆေးနေသည်။

အမှန်က လှပသန့်စင်သော ချယ်ရီပန်းတွေကို ရေဆေးဖို့ မလို။

သို့ရာတွင် ဘုရားတင်မည့်ပန်းဆိုသည်က သန့်စင်နိုင်သမျှ သန့်စင်ရမည်။ စတိဖြစ်ဖြစ် ရေနှင့် သန့်စင်ပေးရမည်။

ကျွန်တော်ကလည်း ကျွန်တော့်ချယ်ရီပန်းလေးနှစ်ခက်ကို ရေဆေးပြီး အန်တီတင့်တင့်ကို ပေး၏။

"ဘာလုပ်တာလဲ နိုင်"

"ဘုရားပဲ တင်လိုက်ပါတော့ အန်တီ"

"ဟင် ဘာဖြစ်လို့လဲ"

"ဘုရားတင်မယ့်ပန်းကို နှင်း . . .နှင်းတို့ကို ကျွန်တော်မပေးချင်တော့ဘူး"

အန်တီတင့်တင့်ထံမှ မေးခွန်းတွေ မလာနိုင်မီ အိမ်ရှေ့ဆီသို့ ကျွန်တော် အမြန်ထွက်ခဲ့၏။

*

## အခန်း (၁၅)

ကျွန်တော့်၌ ကောင်းမကောင်းတော့ မသိ။ စရိုက်တစ်ခု ရှိသည်။

တစ်ခုခုမှာ ကျွန်တော်အာရုံကိုနှစ်ထားပြီဆိုပါက အခြားဘာကိုမှ မသိတော့။

ချယ်ရီပင်ရိပ်မှ အရိပ်ပမာလူကိုတွေ့ပြီးနောက် သုံးရက်မြောက်ညတွင် ဘိုးဘိုးကြီး၏ စားပွဲ၌ ကျွန်တော်စာထိုင်ကျက်နေသည်၊

ကျွန်တော်တကယ်စာကျက်ပြီဆိုလျှင် ဘာကိုမှ မသိတော့။

ထို့ကြောင့်လည်း စာတွေကို ကျွန်တော် အလွန် မှတ်မိသည်။

ကျက်ရသောစာကို မဆိုထားနှင့်။ ကျွန်တော်နှစ်သက်သော ဝတ္ထုတစ်ပုဒ်ကို ဖတ်မိလျှင် အကြောင်းအရာတစ်ခု၊ အဖွဲ့အနွဲ့တစ်ခု၊ စကားတစ်ခုသည် စာအုပ် ဘယ်နေရာက၊ စာမျက်နှာ၏ ဘယ်လောက်ခန့်တွင် ရှိနေမှန်း ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



မှတ်မိတတ်သည်။

ယခုလည်း ကျွန်တော့်ကျောင်းစာထဲမှာ ကျွန်တော့်အာရုံ နစ်နေသည်။

စိမ့်ချမ်းသော ဆောင်းလေအတွေ့ကြောင့် ကျွန်တော် ခေါင်းမော့လာသည်။

စာရွက်ဖြူဖြူတစ်ရွက်က လွင့်လာပြီး ကျွန်တော်နှင့် မနီးမဝေး ကြမ်းပြင်မှာ ကျလာ၏။

ဩော်...ဝရန်တာသို့ထွက်သော တံခါးတစ်ချပ်က အနည်းငယ် ပွင့်နေလေသည်။

စာမကျက်မီက ဝရန်တာသို့ ကျွန်တော် ထွက်ခဲ့သေးသည်။

တံခါးကို ကျွန်တော်ပင် ကောင်းကောင်း မပိတ်မိသလော။

အန်တီတင့်တင့် ဝရန်တာသို့ ထွက်သည်ဟုလည်း ရေးရေးထင်မိသည်။

ညက တိတ်ဆိတ်နေသည်။

အဲ...ဘိုးဘိုးကြီး၏ ပြတ်တောင်းပြတ်တောင်းဟောက်သံတော့ရှိ၏။

တံခါးပိတ်မည်ဟု နေရာမှ ကျွန်တော်ထသည်။

တံခါးဆီသွားစဉ် လွင့်ကျနေသော စာရွက်ကို အမှတ်မထင် ကျွန်တော် ကောက်ယူသည်။

**"တမ်းတမိခြင်း"**

စာရွက်ပေါ်မှ ဤခေါင်းစီးကို ကျွန်တော်အလျင် မြင်မိသည်။

အောက်မှာက ဝိုင်းစက်ညီညာသော လက်ရေးနှင့် ရေးထားသော စာကြောင်းလေးများ ရှိသည်။

သည်စာကြောင်းလေးများကို ကျွန်တော် ဖတ်ကြည့်သည်။

"မြေကြီးထဲမှာ
အေးစက်လို့နေပါပကော။

နှင်းထူထူတွေကလည်း
မင်းအပေါ်မှာ
ထပ်ထပ်ဆင့်လို့
မို့မြင့်ခဲ့ပါပကော။

အဝေး . . .

www.burmeseclassic.com

www.burmeseclassic.com


ဝေးလှတဲ့သေခြင်းရွာ
လိုက်ပါသွားခဲ့ရတော့
သုဉ်းဆိတ်တဲ့မြေပုံတွင်းမှာ
ကွယ်...
မင်း...
မင်းအေးစက်ခဲ့ပါပြီကော။

ငါ့ရဲ့
တစ်ဦးတည်းချစ်သူရေ
တို့တစ်တွေနှင့်တကွ
ရှိသမျှကို တိုက်စားပစ်တဲ့
အချိန်ဆိုတဲ့ လှိုင်းက
ခွဲပိုင်းပစ်လိုက်တော့
မင်းကိုချစ်ဖို့
ငါ မေ့လို့သွားပြီလား။

ခုအခါ
တစ်ယောက်တည်းရှိချိန်မှာ
အင်ဂိုရာပင်လယ်ကမ်းက
တောင်တန်းကြီးတွေပေါ်မှာ
ငါ့စိတ်ဟာ တဝဲရစ်ရစ်
မပျံ့ဖြစ်တော့ပါကလား။

တောချုံပြင်နှင့်
ဥရင်ကောက်ပင်တွေက
မမြင်အောင်ဖုံးထားတဲ့
မြင့်မြတ်တဲ့
မင်းရဲ့
နှလုံးသားရှိရာ
အဲသည်နေရာလေးမှာပဲ
ငါ့စိတ်တောင်ပံတွေဟာ

www.burmeseclassic.com

www.burmeseclassic.com


ထာဝရ...
အစဉ်ထာဝရ
သိမ်းရုပ်ရပြီလား။

မြေကြီးထဲမှာ
အေးစက်လို့နေပါပကောနော်။

ဒီဇင်ဘာဆိုတဲ့
ကြမ်းရိုင်းတဲ့လပေါင်း
ဟိုတောင်စောင်းညိုတွေကနေ
နွေဦးပေါက်ရာသီဆီ
အရည်ပျော်ပြီး
စီးဝင်ပြောင်းသွားကြတာလည်း
ဆယ့်ငါးကြိမ်ရှိပြီနော်။

ပြောင်းလဲခြင်းနှင့်
ခံစားခြင်းဒုက္ခ
သည်အချိန်များရဲ့
သည်မှာဘက်အထိ
မှတ်မိနေသေးတဲ့
အသက်ဝိညာဉ်ဟာ
သစ္စာ
အမှန်ကြီးပါတယ်။

ငယ်ငယ်တည်းက
သိပ်ချစ်ရသူရေ
လောကဒီလှိုင်းကြီးက
သယ်ဆောင်ရာ ပါလိုက်ရစဉ်..."

မြတ်စွာဘုရား။ ကဗျာတစ်ပိုဒ်ပါကလား။ မပြီးဆုံးသေးသော ကဗျာ တစ်ပိုဒ် ပါကလား။

ကဗျာရေးထားသော စာရွက်ပေါ်မှာပင် အခြားရေးခြစ်ထားသည်များ

www.burmeseclassic.com

www.burmeseclassic.com


ရှိနေသေးသည်။

ဥပမာ **Removed** ဟူသော အင်္ဂလိပ်စာလုံးကို ရေးထားသည်။ ရွှေ့ပြောင်းခံရသည်။ ဖယ်ရှားခံရသည်။ ကင်းပျောက်စေသည်။ သေခြင်းဆောင်ရာပါရသည်ဟု မြန်မာအဓိပ္ပာယ်များကို ရေးချထားသည်။ **Sever** ဟူသော အင်္ဂလိပ်စာလုံးလည်းရှိသည်။ ခွဲဖြတ်သည်။ ခွဲခြားသည်။ ခွဲခွာသည်။ ခွဲပိုင်းသည်ဟူသော မြန်မာအဓိပ္ပာယ်များလည်း ရှိနေသည်။ **all wearing** ဟူသော စကားအနီး၌ကား အားလုံးကို တိုက်စားပစ်တဲ့။ တို့တစ်တွေနှင့်တကွ ရှိသမျှကို တိုက်စားပစ်တဲ့ ဟူသော ဘာသာပြန်ချက် နှစ်ခုရှိနေသည်။

ကျွန်တော့် အာရုံကို အထူးဖမ်းသည်ကား စာရွက်အလွတ် တစ်နေရာတွင် အကြမ်းစီချထားသော စကားလုံးလေးများ ဖြစ်သည်။ ဂီတတွင်သုံးသော မျဉ်းကြောင်း အခန်းလေးတွေ ရှိသည်။ အဲသည် အခန်းလေးတစ်ခုတွင် စာလုံးလေးများကို ထည့်ထားသည်။ အချို့က စိပ်စိပ်။ အချို့ကကျဲကျဲ။

"မြေကြီးထဲမှာက တစ်ခန်း၊ အေးစက်လို့က တစ်ခန်း၊ နေပါပကော" က နှစ်ခန်းယူထားသည်။

ချက်ချင်း ကျွန်တော်သိသည်။ ကဗျာစာသားတွေကို စည်းလေးချက်နှင့် ပိုင်းထားသည်။

ဩော်...ကဗျာတစ်ခုလုံးကို စည်းနရီနှင့် အထူးပြုစီထားဟန်တကား။

ကျွန်တော်က အန်တီတင့်တင့်၏ စားပွဲဆီကို လှမ်းကြည့်သည်။

စားပွဲရှိ ကုလားထိုင်နောက်မှီကို မှီထိုင်လျက်နှင့် ခေါင်းလေးတစ်ဖက်စောင်းကျပြီး အန်တီတင့်တင့်က အိပ်ပျော်နေသည်။

စားပွဲပေါ်မှာက ကျွန်တော် မြင်ဖူးနေသော အဖြူရောင် ကြွေစက္ကူအဖုံးနှင့် အင်္ဂလိပ်ကဗျာစာအုပ် ရှိနေ၏။

ခြေကို ဖော့နင်းကပ်သွားပြီး ကဗျာစာရွက်ကို ကျွန်တော်က စားပွဲပေါ်မှာ တင်ထားလိုက်၏။

လှန်ထားသော ကဗျာစာအုပ်မှ စာမျက်နှာကိုမူ ကျွန်တော်ကြည့်ဖြစ်အောင် ကြည့်လိုက်သည်။

စာမျက်နှာထိပ်ဆုံးတွင် စာလုံးသေးသေးလေးဖြင့် **Emily Bronte** (၁၈၁၈–၁၈၄၈)ဟု ရိုက်ထားသည်။

အဲသည်အောက်တွင်ကား ကြီးသော ပုံနှိပ်စာလုံးစောင်းလုလုဖြင့် **Re-**

www.burmeseclassic.com

www.burmeseclassic.com



**membrance**ဟု ခေါင်းစီးရိုက်ထားသည်။

မှတ်မိခြင်း။ သည်လို တိုက်ရိုက်အဓိပ္ပာယ်ရှိသည်။ အို…တမ်းတမိခြင်း။ သည်လိုလည်း အဓိပ္ပာယ်ရနိုင်သည်။

ကျွန်တော် ကောင်းစွာ သဘောပေါက်သွား၏။

အန်တီတင့်တင့်သည် အင်္ဂလိပ် ကဗျာတစ်ပိုဒ်ကို ဘာသာပြန်ထားသည်။ ပြီးတော့ မပြီးသေး။

ခေါင်းလေးစောင်းလျက် အိပ်ပျော်နေသော အန်တီတင့်တင့်ကို ကျွန်တော် ချစ်ခင်မြတ်နိုးစွာ စိုက်ကြည့်နေမိသည်။

ချစ်ခင်မြတ်နိုးစွာ။ ဟင့်အင်း…။ မကပါ။

လေးစားစွာ။ လေးစားကြည်ညိုစွာ ကျွန်တော်စိုက်ကြည့်နေမိသည်။

ဂီတ၊ ကဗျာနှင့် စာပေကို ချစ်မြတ်နိုးသော အခြားသူနှစ်ဦးကိုလည်း လွမ်းလွမ်းဆွတ်ဆွတ် သတိရလာသည်။

ကျွန်တော့် ဖေဖေနှင့် မေမေ။

သူတို့ကတော့ မရှိတော့ပါ။ ဤလောကဝယ် မရှိတော့ပါ။

အန်တီတင့်တင့်၏ စားပွဲအနီးမှ ဖြည်းညင်းစွာ ကျွန်တော် ခွာခဲ့သည်။

ပွင့်နေသော တံခါးမှထွက်ပြီး တံခါးကို အသံမမြည်အောင် ကျွန်တော် စေ့ထားလိုက်သည်။

ဖလံနယ်အင်္ကျီသာ ဝတ်ထားသောကြောင့် ဝရန်တာ၌ ကျွန်တော် ချမ်းနေ သည်။

ကိစ္စမရှိပါ။ ချမ်းပါစေ။

နှင်းမှုန်သော ဆောင်းည။ လရောင်မှ ဖြူဖြူဝေဝေနှင့် ချယ်ရီပင်။ လူသူရှင်းသောလမ်း။ လူတို့အိပ်ပျော်နေကြသည့် အိမ်များ။

အားလုံးက သုဉ်းဆိတ်နေကြသည်။ ကိစ္စမရှိပါ။ သုဉ်းဆိတ်ပါစေ။

ကျွန်တော့်ရင်မှာ ပြည့်လျှမ်းနေသည်။ ပူနွေးသယောင်လည်း ရှိသည်။

လုံးစေ့ပတ်စေ့ မဟုတ်သော်လည်း အန်တီတင့်တင့် ဘာသာပြန်ထားသော ကဗျာမှ စကားလုံးအချို့ကို မှတ်မိနေသည်။

စကားလုံးတွေထက် သူတို့ခြယ်ပြသော ပန်းချီတစ်မျိုးကို ကျွန်တော့် မျက်စိတွင် မြင်နေရသည်။

နှင်းထုထုတွေ ဖုံးနေသော မြေပုံ့မိုမို့လေးတစ်ခု။

www.burmeseclassic.com

www.burmeseclassic.com


မြေပုံတွင်းမှ တစ်ယောက်သောသူ။ သို့ရာတွင် သူက ကြောက်စရာမကောင်းပါလား။ အရုပ်မဆိုးပါကလား။ ချစ်စရာပါလား။ လွမ်းစရာပါလား။

ပြီးတော့ တမ်းတနေရသူတစ်ယောက်။ သစ္စာကြီးသော တမ်းတနေရသူတစ်ယောက်။

စိတ်အတောင်ပံတွေ။ ဟုတ်လိုက်လေ။ စိတ်တောင်ပံတွေ စိတ်ဆိုသည်က ပျံချင်ရာ ပျံတက်သည်။ ပျံနိုင်သည်။

ခုတော့ **...** သူ။ စိတ်အတောင်ပံတွေကို ရုပ်သိမ်းလိုက်ပြီ။ တောချုံပြင်နှင့်ဒုရင်ကောက်ပင်တွေဖုံးထားသည့် နေရာလေးမှာ ထာဝရ ရပ်နားပြီး၊ စိတ်အတောင်ပံတွေကို ရုပ်သိမ်းလိုက်ပြီ။

ကြာခဲ့ပြီ။ ဒီဇင်ဘာဆိုသည့် ကြမ်းရိုင်းသည့်လတွေ။ ဆယ့်ငါးကြိမ်။ တောင်စောင်းညိုတွေကနေ နွေဦးပေါက် ရာသီဆီကို အရည်ပျော်ပြီး စီးဝင်ပြောင်းသွားကြသည်တဲ့ **...**။

ကဗျာစကား။ ထူးဆန်းသည့် ကဗျာစကား။ ကျွန်တော် မကြားဖူးသေးသော ကဗျာစကား။

သည်စကားကို ကျွန်တော်ကြိုက်သည်။ ဘာကြောင့်မှန်းတော့ ကျွန်တော်မသိ။ သို့ရာတွင် ကြိုက်သည်။

ကျွန်တော်လည်းသည်လို ပြောတတ်ချင်သည်။ ဘာကြောင့် မှန်းတော့မသိ။ ပြောတတ်ချင်သည်။

ပြောတတ်ချင်သည်။

ထိုညက ချမ်းသော၊ ဆိတ်သုဉ်းသော၊ ဝရန်တာမှာ ကျွန်တော်အကြာကြီးရပ်နေခဲ့သည်။

*

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း (၃)

# နွေအလှကို ဖမ်းယူခြင်း

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

ကျွန်တော့်လက်တွင်းမှာ ဝင်းကြည်၏ဂစ်တာကို ပွေ့ထားသည်။ လက်ချောင်းကလေးများက ဦးတည့်ရာသံစဉ်လေးတွေကို ခေါက်မိနေသည်။

ဂစ်တာကြိုးညှိနည်းက မင်ဒိုလင်ကြိုးညှိနည်းနှင့် မတူပါ။ ကြိုးညှိနည်းချင်း မတူတော့ တီးလုံးတီးကွက်လေးတွေကို ဖော်ရ နှိပ်ရသည်လည်း မတူပါ။

အစကတော့ တီးရသည်မှာ ခက်သည်။ နောက်တော့လည်း ဘယ်အသံဘယ်မှာရှိသည်ကို လက်ချောင်းလေးတွေက သိသွားတော့ အလိုက်သင့် တီးတတ်သွားသည်။

တူရိယာပစ္စည်းတိုင်း၌ ထွက်နိုင်သော ကိုယ်ပိုင် အလှသံရှိသည်။ ထိုသို့ရှိနေ၍လည်း ကမ္ဘာပေါ်၌ တူရိယာပစ္စည်းမျိုးစုံ ရှိနေရသည်။

ကျွန်တော်က မင်ဒိုလင်မှာလို မ'ထမ်း'ဘဲ ဂစ်တာနှင့် တစ်ခါတစ်ရံလုံးကောက်သန့်သန့်လေးတွေချည်း လိုအပ်သမျှ တီးရသည်ကို တစ်မျိုးတစ်ဖုံနှစ်သက်သည်။ ဘယ်သံကို အသားပေးပြီး နင့်နင့်အောအောလေး လုပ်ချင်သောအခါ လုပ်၍ရသည်ကို အထူးနှစ်သက်သည်။ တစ်ခါတစ်ရံ ရင်တွင်းမှ ခံစားမှုကလည်း နင့်နင့်အောအောလေး။

ယခုလည်း ရင်တွင်းမှာက နင့်နင့်အောအောလေး။ ထို့ကြောင့်လည်း နင့်နင့်အောအောသံစဉ်လေးတွေကို ကျွန်တော် လျှောက်တီးနေသည်။

ရှေ့ရှိ ကန်ကြီးမှာက ပြာလဲ့သောရေတွေ ပြည့်ဖြိုးနေသည်။

ကျွန်တော်က ကန်စောင်း ထင်းရှူးပင်တစ်ပင်ရိပ်မှာ ထိုင်လျက်။ ဝင်းကြည်က ထင်းရှူးပင်ကို မှီရပ်လျက်။

အရှေ့ဘက်တောင်တန်းရှိ တောတို့၌ ထင်းရှူးမဟုတ်သော သစ်ပင်တွေက ရွက်ဝါရွက်နီ နည်းနည်းကျဲကျဲ ထွန်းပြနေကြ၏။

သြော် ...တောင်ကြီးသော်မှ နွေသရုပ်ကို ရိပ်ရိပ်ပြနေလေသည်။

ဝင်းကြည်က စာရွက်ပေါ်မှ ကဗျာကို အသံထွက်၍ ဖတ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့အရပ်က ရှည်သွယ်ပြီး သူ့ကိုယ်လုံး ကိုယ်ပေါက်က ခါးသေး၊ ပခုံးကားပြီး ယောကျ်ားပီသသည်။ ဖြူဝင်းကြည်လင်သော မျက်နှာက ပိုချောလာ၏။

သူ့ကဗျာဖတ်သံ၌ ကျွန်တော်လိုမ့်နေသော ဂီတမှုအသံနှင့် စည်းနရီတို့ ခိုဝင်ပါနေသည်။

"ပန်းချီထူးနှင့် နွေဦးရေ
ဝါရွှေရွှေ ဟောဟိုတောက
ကြွေလွင့်သူရွက်နှင့်ရောလို့
မှုန်ပြာရီလေနယ်ကြောမှာ
မျောပျောက်တော့မလား ဖန်တီးရှင်။

မြိုင်ယံတော
ဥဩကို တမန်စေလို့
လာချေပြီ ကြော်ငြာစောပြီးမှ
ရောက်သောသည်ခါဝယ်တော့
ကျီစယ်လွန် ဘယ်သဘောပါလိမ့်
လောကကို လွှမ်းရုံတန့်လို့
ခရီးဆန့်မြန်လှထင်။

နယ်လှည့်ပြတဲ့ ဖန်တီးရှင်ရယ်
ဉာဏ်ကြီးသင်ခြယ်သမှု
ခင်တွယ်တာ ကိုယ်လေချစ်တာမို့
တစ်နှစ်ကြာ တည်နေပြပါလို့
မဖြစ်နိုင်ရာ ဆန္ဒမစောပါဘူး
ဖြစ်နိုင်မှာ တစ်ခုပြောလိုရဲ့
သဘောကတော့ ပြက္ခဒိန်
ပြပွဲချိန်သီသီခိုးလို့
ရက်တိုးမြှင့်ဖို့ တောင်းပန်ချင်
ပွဲစဉ်ပျက်မလား သင့်ခရီး။

မတားသာပါ

www.burmeseclassic.com

www.burmeseclassic.com


သွားမှာကို ဘယ်သူတားနိုင်လိမ့်
သနားကာထားချန်ဖြစ်တယ်ထင့်
ကျန်ရစ်မြေ နွေမဆိတ်ပါလား
နိမိတ်ပုံ တသီတတန်းရယ်နှင့်
စိတ်ဝိညာဉ်ပန်းချီခန်းမှာ
(နွေဦးရေ) လွမ်းပျော်မွေ့ကြီး။

ဝင်းကြည် ဖတ်နေသော အသံက တိတ်သွားသည်။ ကျွန်တော်ကသာ ဂစ်တာကို ဆက်ခေါက်နေ၏။

ဝင်းကြည်က ကျွန်တော့်ဘေးတွင် ဝင်ထိုင်၏။

"ကောင်းတယ်၊ သိပ်ကောင်းတယ်"

ကျွန်တော်က ဂစ်တာတီးနေသည်ကို ရပ်လိုက်၏။

"ငါ ကဗျာစပ်တိုင်း မင်းကကောင်းတယ်လို့ ပြောတာချည်းပဲ"

"ကောင်းလို့ ကောင်းတယ်လို့ ပြောတာပေါ့၊ ဒါပေမဲ့ ဟောဒီကဗျာက ပိုကောင်းတယ်၊ ခါတိုင်း ကဗျာတွေနဲ့ မတူဘူး၊ နိမိတ်ပုံလှတယ်၊ သင်္ကေတ ဖွဲ့စည်းမှုဆန်းတယ်၊ ခါတိုင်းလို နွေကြောင့်လွမ်းတယ်၊ ပန်းလေးတွေ ပွင့်လို့၊ သစ်ရွက်လေးတွေကြွေလို့ ချစ်သူကို သတိရတယ်ဆိုတာမျိုး မဟုတ်ဘူး၊ အင်းလေ မင်းနဲ့ငါ လေ့လာကြတဲ့ ကဗျာသစ်ကလည်း ဒါမျိုးတွေမဖွဲ့ချင်ကြတော့ဘူး မဟုတ်လား၊ ရိုးကုန်ပြီ"

ကျွန်တော်က ရယ်သည်။

"သိပ်မချီးမွမ်းနဲ့လေ၊ ငါတော်တာ မဟုတ်ဘူး၊ အတုခိုးစရာတွေ တွေ့လို့"

"အတုခိုးစရာတွေ"

"မင်းကို ငါပြောပြဖူးသားပဲ၊ အင်္ဂလိပ်ဘာသာ ရွန်တီရဲ့ကဗျာလေ၊ အဲဒီကဗျာကို တွေ့ချိန်မှာ အင်္ဂလိပ်ဘာသာ ရွန်တီ ဘယ်သူဆိုတာ မပြောနဲ့၊ သူ့နာမည်ကိုတောင် ငါမှန်အောင် အသံမထွက်တတ်သေးပါဘူး၊ ဒါပေမဲ့ ဟိုးတောင်ညိုစောင်းကနေ နွေဦးရာသီဆီ အရည်ပျော်ဝင်သွားတဲ့ ဒီဇင်ဘာလပေါင်း ဆယ့်ငါးကြိမ် ဆိုတာလေ၊ အဲဒီအဖွဲ့လေးကို ငါစွဲနေတယ်၊ ဒါမျိုး ငါ သိပ်ရေးတတ်ချင်တယ်၊ သိပ်လှတဲ့ ဥပမာလေးတစ်ခုလို့သာ အဲဒီတုန်းက နားလည်ထားမိတယ်၊ အခုတော့ မင်းရော ငါရော နားလည်ကြပြီ၊ အင်း မိတ်ချ် နိမိတ်ပုံတစ်ခု"

"ရှိနေသော အရာတစ်ခုကနေရတဲ့ ရှိနေသော ထိုအရာထက် ပိုစကားပြော

www.burmeseclassic.com


ပြတဲ့ နာမ်သဘောက ရေးပြလိုက်တဲ့ အာရုံပန်းချီရုပ်"

"အေး ဟုတ်တယ်၊ သူတို့ဆီမှာတော့ နှင်းတွေ၊ ဆောင်းလေကြမ်းတွေနဲ့ ဒီဇင်ဘာလဆိုတာဟာ ကြမ်းရိုင်းတဲ့လ၊ ရေတွေလည်းခဲလို့၊ ဒါပေမဲ့ နွေဦးပေါက် ရာသီလည်း ရောက်ရော၊ ရေခဲတွေပျော်ကုန်တယ်၊ နှင်းတွေလည်း ပျောက်ကုန် တယ်၊ အချိန်ဆိုတဲ့ သဘောဟာ တရွေ့ရွေ့ တရိပ်ရိပ်နဲ့ ပျောက်သုဉ်းသွားတာကို ပြောတယ်၊ ဒါပေမဲ့ အချိန်ရဲ့ ပျောက်သုဉ်းသွားခြင်း သဘောထက်လည်း တစ်စုံတစ်ရာ ပိုပြောနေတယ်၊ အဲဒါကိုတော့ ခံစားခြင်းနဲ့ သိလိုက်ရတယ်၊ အာရုံသိလွန်တဲ့ သိခြင်းနဲ့ သိလိုက်ရတယ်၊ အဲဒီတုန်းကတော့ မဟုတ်ဘူးလေ၊ အခုပြောတာ၊ ကဗျာဆိုတာ ဒါမျိုး လုပ်နိုင်ပါကလားလို့ သိလာတယ်"

"အေး...အဟေး၊ သိလာတယ်"

"နွေဦးကို ငါကြည့်တယ်၊ ကြည့်နေရင်း နွေဦးဟာ ဘာကြောလိုက်လို့လဲ ကွာ၊ ရွက်ဝါလေးတွေနဲ့အတူ လွင့်ပျောက်သွားတယ်၊ အရည်ပျော်သွားတာတော့ မဟုတ်ဘူးလေ၊ နွေဦးဟာ ဘယ်မှာ အရည်ပျော်နိုင်ပါ့မလဲ၊ မှုန်ပြာနေတဲ့လဟာ နယ်မှာပဲ ရိပ်ရိပ်ဝင်ပျောက်သွားတယ်၊ အဲဒါက ငါ ခံစားရတာလေ၊ အဲဒါလေး ငါစပ်မယ်ကြံတော့ အင်မလီဘရွန်တီယူပြတဲ့ နိမိတ်ပုံလေး ငါသတိရလာတယ်၊ ဒီလိုနဲ့ ငါ့ကဗျာရဲ့ ပထမပိုဒ် ဖြစ်လာတယ်"

ဝင်းကြည်က ခေါင်းညိတ်ပြ၏။

"အဲဒီလိုပဲ ငါ သဘောကျတဲ့ ကဗျာတစ်ပိုဒ်ရှိသေးတယ်၊ အဲဒါတော့ မင်းကို ငါမပြောပြရသေးဘူး၊ နှစ်ဆယ်ရာစုနှစ်ထဲက မော်ဒန်ကဗျာပါ၊ ကဗျာဆရာကြီးရဲ့ နာမည်ကတော့–

"ရပ်ဖ်ဟောဂျဆင်" **(Ralph Hodgson)**တဲ့။ ၁၉၆၂ ခုနှစ်ကမှ သူကွယ် လွန်သွားတာ၊ ပုံသဏ္ဌာန်ပိုင်းမှာတော့ ရှေးရိုးပုံသဏ္ဌာန်ကိုပဲ သူသုံးသတဲ့၊ စိတ်ဓာတ်နဲ့ အမြင်ကတော့ ခေတ်ပြိုင်တဲ့၊ ပြီးတော့ စာပေနယ်က ရှေးအကျဆုံး သင်္ကေတ စကားလုံးတွေကို သုံးပြီး ခေတ်ပြိုင်လောကကို ဘာသာပြန် ဖော်ထုတ် ကြည့်တတ်တယ်တဲ့၊ ငါကြိုက်တဲ့ သူ့ကဗျာ တစ်ပိုဒ်က "ဂျစ်ပဆီအဘိုးကြီး အိုအချိန်"တဲ့ အင်္ဂလိပ်လိုကတော့ **Time, You Old Gypsy Man**တဲ့"

"မင်း တော်တော် အင်္ဂလိပ်ကဗျာတွေ တတ်နေပါလား"

"လက်လှမ်းမီရာမှာ ရှိနေတာကိုး၊ မသိရင်မေးဖို့ အန်တီ တင့်တင့်က လည်း ရှိတယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com


"မင်းတို့ တူဝရီးဆန်းတယ်၊ အဒေါ်ကလဲ ကဗျာဆရာမ၊ တူကလဲ ကဗျာဆရာ"

"အန်တီ တင့်တင့် ကဗျာဆရာမဆိုတာတော့ ဟုတ်တယ်၊ ငါကတော့ ကဗျာဆရာ မဖြစ်သေးပါဘူး၊ ဟော့ကောင်၊ အန်တီတင့်တင့် ကဗျာဆရာမဆိုတာ ဘယ်သူ့ မင်းလျှောက်ပြောသေးသလဲ"

"ဘယ်သူ့ကိုမှ မပြောပါဘူးကွ၊ မင်းစကားကိုသာ ဆက်စမ်းပါ"

"ဒီကဗျာကို စဖတ်တော့ စကားလုံးလေးတွေက လွယ်တာမို့ မခက်သလိုပဲ၊ ဒါပေမဲ့ အချိန်ကို ဂျစ်ပဆီ အဘိုးကြီးလို့ ဘာကြောင့် သူ ခေါ်လိုက်သလဲ၊ အဲဒါကို နားမလည်ဘူး၊ တို့တိုင်းပြည်မှာက ဂျစ်ပဆီတွေမှ မရှိဘဲ၊ အန်တီတင့်တင့်ကို မေးကြည့်မှ သိရတယ်"

"အေး...ငါလည်း အဲဒီစကားကြားဖူးတယ်၊ ဘာမှန်းတော့ ရေရေရာရာ မသိဘူး"

"ဂျစ်ပဆီဆိုတာ လူမျိုးတစ်မျိုးပဲ၊ အစက ဂျစ်ပ်ဆီယင်လို့ခေါ်ကြသတဲ့၊ အဲဒီစကားကလည်း ရှေးစာလုံးပေါင်းနဲ့ အီဂျစ်ပ်ဆီယင် **(Egipeien)**လို့ ခေါ်တဲ့ စကားက ဆင်းသက်လာခဲ့တာတဲ့၊ မူလက သူတို့ကို အီဂျစ်ပြည်က လာတယ်ထင်လို့တဲ့၊ ဒါပေမဲ့ သူတို့ပြောတဲ့စကားက မြောက်ပိုင်းအိန္ဒိယမှာသုံးတဲ့ အလွန်ရှေးကျတဲ့ စကားတဲ့၊ အခုတွေ့ကြရတာကတော့ နက်မှောင်တဲ့ ဆံပင်နဲ့ ရင့်ညိုတဲ့ အသားရှိတဲ့ ကော့ကေးရှင်းမျိုးဝင် လူမျိုးတစ်မျိုးတဲ့၊ ထူးခြားတာက သူတို့ဟာ ဘယ်ပြည်၊ ဘယ်နိုင်ငံ၊ ဘယ်အရပ်မှာမှ အတည်တကျ မနေဘူး၊ တစ်နေရာက တစ်နေရာ အမြဲမပြတ် လှည့်ပတ်ပြောင်းရွှေ့သွားနေကြသတဲ့၊ သူတို့တွေဟာ ဂီတပညာရှင်တွေလည်းဖြစ်တယ်၊ ကလည်းကပြီး သီချင်းလည်း ဆိုကြတယ်၊ မျက်လှည့်လည်း ပြတတ်ပြီး ဗေဒင်လည်းဟောတတ်ကြတယ်၊ နယ်စုံလှည့်တဲ့ အနုပညာရှင်တွေ၊ ဒီလိုခေါ်ရင်ရမယ်"

ဝင်းကြည်က ခေါင်းညိတ်ပြ၏။

"ဟိုး ပဝေဏီထဲက ဥရောပရှခင်းမှာ သူတို့ရှိကြတယ်၊ တစ်ပြည်က တစ်ပြည် လှည့်လည်တဲ့ သူတို့ရောက်လာကြရင် မြို့တွေ ရွာတွေက ကလေးတွေ လူကြီးတွေဟာသိပ်ပျော်ကြတယ်၊ သူတို့က တီးမှုတ်ဖျော်ဖြေကြတယ်၊ သီဆိုကပြကြတယ်၊ သူတို့ ရောက်လာရင်ပွဲလေးတစ်ပွဲ ဖြစ်နေတာပေါ့၊ သူတို့ကို ခေါင်းဆောင်တဲ့ လူကြီးအိုအိုတစ်ယောက်လည်းပါတယ်၊ သူတို့ဟာ တစ်နေရာမှာ

www.burmeseclassic.com

www.burmeseclassic.com



ခဏပဲနေတယ်၊ ခေါင်းဆောင်အဘိုးကြီးက အမိန့်ပေးလိုက်တာနဲ့ စခန်းရုပ်ပြီး မဆုံးနိုင်တဲ့ ခရီးကို ဆက်ကြပြန်တယ်၊ အချိန်ကို ဟော့ဂျဆင်က သူ့ကဗျာမှာ ဂျစ်ပဆီအဘိုးကြီးလို့ ခေါ်လိုက်တယ်”

ကျွန်တော်က ခေတ္တနားပြီး မှတ်မိသော ပထမအပိုဒ်မှ အင်္ဂလိပ်စာသားများကို ရွတ်ပြသည်။

**"Time, you old gypsy man,**
**Will you not stay,**
**Put up your caravan**
**Just for one day?**

အင်္ဂလိပ်စကားလေးတွေက မခက်တော့ မင်း နားလည်မှာပါ ဝင်းကြည်။ အချိန်ဆိုတဲ့ ဂျစ်ပဆီ အဘိုးရယ်...တဲ့။ အဘိုးရဲ့ ဓာတ်အဖွဲ့ကြီး ဒီမှာ စခန်းချစိုက်ပြီး တစ်နေ့တည်းပါပဲတဲ့၊ ဘယ်ကိုမှ မရွှေ့မပြောင်းဘဲ နေစမ်းပါတဲ့၊ ရမလား ဝင်းကြည်”

ဝင်းကြည်က ရယ်နေ၏။

“ဟော့ဂျဆင်က ဆက် တောင်းပန်တယ်၊ ကျွန်တော့်ရဲ့ ဧည့်သည်တော်အဖြစ် နေစမ်းပါတဲ့၊ ဒီအလိုလေးများ ပြည့်ခဲ့ရင် ကျွန်တော့်မှာ ရှိတာတွေ အကုန်ပေးပါမယ်တဲ့၊ အဘိုးရဲ့ မြင်းပုလေးအတွက် အကောင်းဆုံး ငွေသားနဲ့ လုပ်ထားတဲ့ ချူလုံးလေးတွေ၊ အဘိုးအတွက်တော့ ရွှေသားဦးရစ်သရဖူကြီး တစ်ခုလေတဲ့၊ ပြီးတော့ ဒေါင်းကြီးတွေကလည်း အဘိုးကို ဦးညွှတ်စေရပါမယ်၊ ယောကျ်ားလေးတွေအားလုံးက သီချင်းတွေဆိုပြီး ချစ်စရာကောင်းတဲ့ မိန်းကလေးတွေကလည်း နွေဦးရာသီရဲ့ နှင်းဆီရိုင်းပွင့် ပန်းကုံးပန်းဆိုင်းတွေနဲ့ အဘိုးကို ကန်တော့ ပူဇော်စေရပါမယ်တဲ့၊ အချိန်ဆိုတဲ့ အဘိုးရယ်၊ ဘာဖြစ်လို့ အလောတကော သွားချင်ရတာလဲတဲ့၊ ဒီနေရာမှာတော့ ကဗျာဆရာက မျှော်လင့်ချက်ကြီးတဲ့ ကလေးငယ်တစ်ယောက်လို စကားပြောတယ်၊ အချိန်ဆိုတာကို မပြောင်းမရွှေ့ဖို့ လာဘ်ထိုးပြီး တောင်းပန်ချင်တာဟာ၊ အင်း... ကလေးတစ်ယောက်ရဲ့ အလုပ်ပဲ မဟုတ်လား”

ဝင်းကြည်က ကျွန်တော့်မျက်နှာကို ဖျတ်ခနဲကြည့်သည်။

“ငါ့အကြိုက်ဆုံး အပိုဒ်ကတော့ ကဗျာဆရာက ဒသနကို နိမိတ်ပုံပြ ပြောတဲ့ အပိုဒ်ပဲ”

“ဒသနကို နိမိတ်ပုံပြ ပြောတဲ့အပိုဒ်”

www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ်၊ သူက ဆက်ပြောတယ်၊ အဘိုးရယ်တဲ့၊ အရင်အပတ်က တော့ အဘိုးက ဘောဘီလုန်းမှာ၊ မနေ့ညကတော့ ရောမမှာ၊ ဒီနေ့ မနက်တော့ စိန့်ပေါအထွတ်လုံးလုံး ခုံးခုံးကြီးနဲ့ စိန့်ပေါနာရီ ဒိုင်ခွက်ကြီးအောက်မှာ ပါကလားတဲ့၊ အဘိုးက အဘိုးရဲ့ မြင်းဇက်ကြိုးကို တစ်ခဏလေးသာ သတ်တာပါ ကလား၊ တစ်ခဏမှာပဲ ခရီးလွှင့်ပြန်ပြီ၊ တခြား တစ်မြို့မြို့ဆီကိုတဲ့၊ မြန်လည်း မြန်လှချည်လား အဘိုးရယ်၊ အခုပဲ မမြင်မစမ်းနဲ့ သန္ဓေသားအိမ်တစ်ခုတွင်းမှာ၊ အဲဒီတစ်ခု သချိုင်းဂူထဲမရောက်ခင်၊ ဟော သန္ဓေသားအိမ် နောက်တစ်ခုထဲ အဘိုးရောက်နေပြန်ပါရောလားတဲ့"

ဝင်းကြည်က မရယ်မပြုံးနှင့် ကျွန်တော့်မျက်နှာကို တည့်တည့်ကြည့်ပြီး မေး၏၊

"မင်းဘာလို့ ဒါတွေ ပြောပြနေတာလဲ"

"ဩော်...ငါ့ကဗျာအကြောင်း ပြောပြနေတာလေ၊ ငါ့ကဗျာကို စပ်တဲ့ အခါမှာ ဟော့ဂျဆင်ရဲ့အချိန်ကို တောင်းပန်ပုံ ငါ သွားသတိရတယ်၊ အဲဒီ သဘောကို ငါ့ကဗျာရဲ့ ဒုတိယနဲ့ တတိယပိုဒ်တွေမှာ ငါ ထည့်ထားတယ်"

"ဒါတင်ပဲလား"

"မင်း ဘာမေးတာလဲ"

"စတုတ္ထအပိုဒ်လေ"

ကျွန်တော်က ငြိမ်နေ၏။

"လွမ်းပျော်မွေ့ကြီး၊ ဒီစကားကို ငါ သိပ်ကြိုက်တယ်၊ လွမ်းဆိုတဲ့ စကားကို အမြဲတမ်း ဝမ်းနည်းခြင်း၊ ဆွေးခြင်းနဲ့အဓိပ္ပာယ်တူထားလို့ မရဘူး၊ တ,သရိပ် တမ်းတရိပ်တော့ရှိမယ်၊ မမေ့နိုင်ခြင်းပေါ့၊ မမေ့နိုင်တိုင်း၊ တမ်းတတိုင်း ဝမ်းမနည်းပါဘူး၊ တစ်စုံတစ်ရာသော ပျော်မွေ့ဖွယ်ကိုပေးတဲ့ မမေ့နိုင်ခြင်း၊ တမ်းတ၊ တ,သခြင်း ဟုတ်တယ် မဟုတ်လား"

"မင်း နားလည်ရင် ပြီးတာပဲ"

"အေး သိပ်နားလည်တယ်၊ မင်းရဲ့ သတ္တိကိုလည်း ငါ ချီးကျူးတယ်"

"ငါ့သတ္တိ"

"ဟော့ ဂျဆင်က မဖြစ်နိုင်တာကို၊ အဲ...သူ့အကြောင်းနဲ့သူ တောင်းပန် တယ်၊ အချိန်ဆိုတာက ဘယ်မှာ ခဏဖြစ်ဖြစ်ရပ်နိုင်ပါ့မလဲ၊ မင်းကတော့ အချိန်ကို ရပ်ခိုင်းတာ မဟုတ်ဘူး၊ နွေဦးကို ခဏ အသက်ရှည်ခိုင်းတာ၊ ဒါက အဲ ဖြစ်နိုင်ခြေ

www.burmeseclassic.com

www.burmeseclassic.com


ရှိတယ်”

“အဲတာနဲ့ သတ္တိ ဘာဆိုင်သတုံး”

“နေဦးလေ၊ ဖြစ်နိုင်ခြေဆိုတာ ဖြစ်နိုင်တာတော့ မဟုတ်ဘူး၊ ဖြစ်ချင်လည်း ဖြစ်မယ်၊ မဖြစ်ချင်လည်း မဖြစ်ဘူး၊ ဟိုဒင်း… မျှော်လင့်ခွင့်တော့ ရှိတယ်”

ကျွန်တော်က ပြုံးနေ၏။

“မင်းက မျှော်လင့်တော့ မျှော်လင့်တယ်၊ မျှော်လင့်တာတွေဖြစ်ကို ဖြစ်လာပါစေလို့တော့ ဆုမတောင်းဘူး၊ ဖြစ်မလာပြန်တော့ မင်း ဝမ်းမနည်းဘူး၊ ဝမ်းမနည်းတဲ့အပြင် တစ်စုံတစ်ခုကိုတောင် ရလိုက်ပြီ၊ အဲ…လွမ်းပျော်မွေ့ကြီး၊ အေး…အဟဲ၊ လွမ်းပျော်မွေ့ကြီး”

ဝင်းကြည်က ရယ်နေသေး၏။ ရယ်၍ အားရမှ ရုတ်တရက် ကျွန်တော့် လက်ကို ကိုင်လှုပ်ပြီး မေးသည်။

“နိုင် မင်း ဘာခံစားနေရသလဲ”

“အိုး ခက်ပါဘိ၊ ငါ အချိန်အကြောင်းစပ်တာ”

“အေးလေ၊ ဘာလို့စပ်သလဲ”

“ဘာလို့စပ်သလဲ၊ ငါ ဘယ်လိုဖြေရမလဲ၊ ဒီလို ပြောကြရအောင်၊ အချိန်က စိတ်ဝင်စားစရာ မကောင်းဘူးလား၊ တို့ပတ်ဝန်းကျင်ကို ကြည့်စမ်း၊ ဟောဒီ ရေကန်ကြီးတွေကိုပဲကြည့်စမ်း”

“အင်း ဘာဖြစ်သလဲ”

“အထက်က ကန်ကြီးရယ်၊ အောက်က ကန်ကြီးရယ်၊ ဟိုး လေးနှစ်တုန်းကဆိုရင် တာရိုးမြင့်မြင့်ကြီးတွေနဲ့ ရေကန်ပြာပြာကြီး နှစ်ခု ဒီနေရာမှာ မရှိသေးဘူးနော်၊ သြော် မင်းပဲ ပြောခဲ့တာလေ၊ ဒီနေရာမှာ ဆည်ဖို့ပြီး ကန်လုပ်ဖို့ ဘူလ်ဒိုဇာကြီးတွေ ရောက်လာတော့မယ်ဆိုတာ၊ အဲဒီတုန်းကတော့ စမ်းချောင်းလေး၊ ရေထွက်လေးလို့ မင်း ပြောခဲ့တယ်၊ ခုတော့ ကန်ပြာကြီးတွေ”

ကျွန်တော်က ကန်ပြာကြီးတွေဆီကို ပြောရင်းက ကြည့်မိသည်။

မရှိရာမှ ရှိလာသောအရာများ။

အောက်ကန်ကြီး၏တာရိုးဘေး ရေပြင်အပေါ်ထက်တွင် ရေစုပ်စက်ရုံ အဆောက်အအုံလေးရှိသည်။ ကန်အခြေမှနေ၍ ရေပိုက်တစ်ခုက အနောက်ဘက် တောင်တန်းတောင်ကုန်းထိပ်သို့ တက်သွားသည်။ တောင်ကုန်းထက်မှာကား ဘိလပ်မြေနှင့် ဆောက်ထားသည့် အတန်ကြီးမားသော လေးထောင့်ပုံ ရေလှောင်

www.burmeseclassic.com

www.burmeseclassic.com


ကန်ရှိသည်။ အဲသည်ကမှ ရေပိုက်ကြီးတစ်သွယ်က ပြန်ဆင်းလာသည်။

ဟိုတုန်းကမူ ဆောက်လက်စဖြစ်သောကြောင့် အရုပ်ဆိုးသော အုပ်ပုံအစု အဝေးကြီးသည် ယခုအခါ ဝါဝင်းသစ်လွင်ခဲ့ညားသည့် ကောလိပ် အဆောက် အအုံကြီးအဖြစ် ပတ်ဝန်းကျင်အပေါ် စီးမိုးလျက် ရပ်တည်နေသည်။

ကောလိပ်ရှေ့မှ ကားလမ်းကျယ်သည် အရှေ့ဘက်ရှိ မြေမြင့်ကို မော့လျက် တက်သွားပြီး တောင်ကြီး ဟိုပုန်းလမ်းကို စိမ်းမြသော တောင်ရိပ်ခြေ၌ သွားဆုံသည်။

ဩော်...ဟိုတုန်းက လူပြတ်သော သဲတွင်းအနီးတွင်လည်း ယောကျ်ား လေး ကျောင်းဆောင်များကို မြင်နေရ၏။

"ဟော့ကောင် နိုင်၊ မင်း စကားကို ဆက်လေ"

"အချိန်က စိတ်ဝင်စားစရာကောင်းပါတယ်၊ သူက သူနဲ့အတူ ရုပ်သိမ်း သယ်ယူသွားတာတွေတော့ ရှိပါတယ်၊ အဲဒီအတွက်တော့ အင်း လွမ်းစရာပေါ့ကွာ၊ ဒါပေမဲ့ သူ ထားချန်ရစ်ခဲ့တာတွေလည်းရှိတယ်၊ ဥပမာ ဟောဒီကောလိပ်ကြီး၊ ဟောဒီက လှမ်းမြင်နေရတဲ့ လမ်း၊ ဟောဒီရေကန်ပြာကြီးတွေ"

"ဒါပေမဲ့ မင်းကဗျာက ပြောတဲ့ လွမ်းပျော်မွေ့ကြီးဆိုတာက ဒီလို ရုပ်ပစ္စည်းကြီးတွေ မဟုတ်တာ ငါ သိပါတယ်၊ အဲတာတွေက ဘာတွေလဲ၊ နွေဦးဆိုတာက ငါထပ်ပြောမယ်၊ နွေဦးမဟုတ်ဘူး၊ နွေဦးဆိုတာက မင်းရင်ထဲ ဘာတွေ ထားချန်ရစ်သလဲ"

"ဝင်းကြည်ရာ၊ အဲဒါတွေဟာ ဘာတွေမှန်းသိရင်၊ ငါ ကဗျာစပ်ပါတော့ မလား၊ စကားပြေနဲ့ပဲ လွယ်လွယ်ကူကူ ပြောတော့မှာပေါ့၊ အရာရာကို စကားပြေနဲ့ အဓိပ္ပာယ်ပြောလို့ရတယ်ဆိုရင် ကဗျာဆိုတာကော ဒီလောကမှာ ရှိပါတော့မလား"

ဝင်းကြည်က ရယ်သည်။ တစ်ခဏတွင် အရယ်ရပ်လိုက်ပြီး မျက်မှောင် ကြုတ်၏။ ထိုနောက် မျက်စိမှိတ်ပြီး သူ့ဂစ်တာကို တီး၏။

သံရိုးသံစဉ်မှ တစ်မူထူးခြား ကွဲပြားသည့် ဝဲဝဲနွဲ့နွဲ့ဂီတသည် လွမ်းဖွယ်ပေါ် ထွက်လာနေ၏။

ကားလမ်း ဟိုဘက်ထိပ်မှ ဗောက်စ်ဝက်ဂင် လိပ်ခုံးကား နက်ပြာရောင် လေးတစ်စီးသည် ဆင်းလာနေ၏။

ဝင်းကြည်က ဂစ်တာတီးနေခြင်းကို ရပ်လိုက်၏။

"ကြည့်...လိုက်ဖြစ်အောင် လိုက်လာကြပြန်ပြီ၊ တို့ ငါးဥသီး ရှုံကြဦး

www.burmeseclassic.com

www.burmeseclassic.com


မလား"

ကောလိပ်မြေနှင့် ဂေါက်ကွင်းနယ်စပ်လျှိုလေးတွေ၊ မြောင်လေးတွေတစ်လျှောက်မှာက ငါးဥသီးချုံလေးတွေ ယခုအထိ ရှိနေသေးသည်။

"ခူးကြတာပေါ့ကွာ၊ နွေဦးမှ မကုန်တတ်သေးတာပဲဟာ"

"အား အင်း...ဟုတ်တယ်၊ ကုန်သွားတောင်မှလဲ"

ဝင်းကြည်က စကားမဆက်ဘဲ ခေတ္တရပ်နေ၏။ ထိုနောက်မှ တည်တည်ကြီးဆို၏။

"နိုင်၊မင်းကဗျာကို ငါ နားလည်သွားပြီ"

ကျွန်တော်နှင့် ဝင်းကြည်တို့က ကန်စောင်းမှ ထလာခဲ့ပြီး ကောလိပ်အဆောက်အအုံကြီးဆီသို့ လျှောက်လာခဲ့ကြသည်။

ကားလေးက ကောလိပ်အဆောက်အအုံကြီးရှေ့မှာ ရပ်ထားသည်။

မြေပြင်မှာက စိန်ပန်းပြာလွဲ့လွဲ့ လှနေသည်။ သူ့ဘေးမှာ နွေဦးဖြစ်လျက်ချယ်ရီကလည်း တင့်တင့်ထွန်းဘိသည်။

သည်ခဏမှာတော့ လောကနှင့် ဘဝဆိုတာကို ကျေးဇူးတင် ကျေနပ်မိသည်။

အရွယ်တော်ရှန်းသစ်သည့် နှင်းမြစန္ဒာရော၊ ဝင့်ဝါပါ သည်နွေဦးမှာ လှချင်တိုင်း လှနေကြသည်။

# အခန်း (၁၇)

"ဂန္ဓမာ၊ စန္ဒာတောင်၊ လိုဏ်မုခ်နန်းမှာ၊ ဖူးပွင့်ကြတဲ့ ပန်းမာလာ၊ သင်းရနံ့ ကဖြာ၊ ငှက်ပေါင်းရယ်သာရကာ၊ ညံစာစာနဲ့၊ မြူးတူးပျော်ကြ ရှာ"

ဝင့်ဝါတို့နှင့် မြစန္ဒာတို့၏ကျောင်းမှ ဆရာမ ဒေါ်မူမူ၏အသံက ချိုမြကြည်လွင်သည်။ သြော် ဆရာမသာ လုပ်နေသည်။ အသံက အဆိုတော်လုပ်လျှင်နိုင်ငံကျော်နိုင်သော စံချိန်မှာရှိသည်။

လာကူသော ကျွန်တော်က ပီယာနိုကို ဆရာမ ဆိုကောင်းရုံတီးပေးပြီးမျက်လုံးများကမူ ဇာတ်ခုံထက်မှ ကိန္နရာနှင့် ကိန္နရီတို့ဆီ ကြည့်မိသည်။

ဝင့်ဝါရော၊ မမြသန်းပါ အကက ညက်ညောကြသည်။

ကလေးဘဝအလွန် ဟိုနှစ်များဆီကတည်းက ကခဲ့ကြသော ကကြိုးဖြစ်သောကြောင့် ပိုင်နိုင်ကျေညက်နေကြသဖြင့် ကဟန်တွေသပ်ရပ် လှပညက်

www.burmeseclassic.com

www.burmeseclassic.com


ညော နေကြသည်မှာမဆန်း။

ဆန်းသည်က အင်း၊ ကျွန်တော့်ရင်တွင်းမှာ ဆန်းနေသည်က အသွင်တွေ။

ကိန္နရာချောင်းခြားကြီးပတ်ပျိုးကို ငယ်ငယ်တည်းမှ ကျွန်တော် ရသည်။ သည်တော့ ဘလ္လာတိယ ဇာတ်လမ်းကိုသိသည်။ စာပေဝါသနာ ပါလာသောအချိန်တွင် ဘလ္လာတိယပျို့ကို မြည်းဖူးသည်။ ကိန္နရာ ကိန္နရီတို့၏ အချစ်ကိုလည်း နားလည်လာသည်။

မင်းဒိုလင်နှင့် ဒေါ်လှရွှေဆိုသော စန္ဒကိန္နရီသီချင်းကို ကျွန်တော် စတီးတတ်ခဲ့သည်။ ပီယာနို တီးတတ်လာသောအခါ စန္ဒကိန္နရီသီချင်းမှာ ကျွန်တော် အထူးပြုတီးသော သီချင်းတစ်ပုဒ် ဖြစ်လာခဲ့သည်။

စန္ဒကိန္နရီ ဇာတ်ကိုသာမက စန္ဒကိန္နရီပျို့ကိုပါ ဖတ်ဖူးခဲ့သည်။ သာမန်ဖတ်သည်မဟုတ်။ စာသားလေးတွေကိုပါ အလွတ်ရနေသည်အထိ ဖတ်သည်။

"မြိုင့်ယံတင့်မော၊ ရွက်ရင့်လျှော်က၊ တောလည်းမှောင်မှောင်၊ တောင်လည်းခွေခွေ၊ ရေလည်းလျှမ်းလျှမ်း၊ စမ်းလည်းစိမ့်စိမ့် ငြိမ့်ရရိမ့်တည့်"

တောတောင်ရေမြေ၏ သည်အလှဖွဲ့။

"လအရေးလို၊ မြသွေးခိုသည်၊ နဂိုရ်နွဲ့နွဲ့၊ နဂသွဲ့တွင်၊ မှဲ့မစွန်းပြောက်၊ သွန်း၍လှောက်သို့"

စန္ဒကိန္နရီမလေး၏ သည်အလှအဖွဲ့။

"ဆယ်ဆဆင့်နှောင်၊ မယ်နှင့်မောင်တို့၊ တောင်ဟိမဝါ၊ တက်စဉ်ခါလည်း၊ မောင်သာတစ်ဖက်၊ မယ် တစ်ဖက်နှင့် ရွှေလက်ဆွဲကိုင်၊ နွဲ့ကာယိုင်၏၊ မုခ်လိုဏ်ဂူဝ၊ တူရောက်ကြသော်၊ သူကရှေ့ဝင်၊ နန်းလေ့သွင်ဖြင့်၊ မယ်လျှင်နောက်က၊ ပါနေကျတည့်"

ကိန္နရာနှင့် ကိန္နရီမောင်နှံတို့၏ ချစ်ခြင်းမူဟန် အလှဖွဲ့။

"ချစ်ရည်မပြယ်၊ ဆွေသည်မယ်နှင့်၊ ကြည်ဖွယ် မရဲ၊ လည်ဝယ်ဆွဲလျက်၊ မခွဲဖူးပါ၊ သည်တစ်ခါဝယ်၊ သောင်သာစဲစဲ၊ သဲလွှလွှဥ်၊ ကွဲရတော့မည်"

ကိန္နရီမလေး၏ ရင်နင့်ဖွယ် အလွမ်းအလှဖွဲ့။

သည်အဖွဲ့တွေကို ကျွန်တော် အလွတ်ရနေ၏။

အချစ်။ မြတ်နိုးချစ်။

သည်စကားက ခံစားမှုများ ဝိုင်းလည်နေသော ကျွန်တော့်စိတ်ဗဟိုတွင် သီးခြားထင်လာ၏။

စန္ဒကိန္နရီဇာတ်သည် အလှပဆုံး မြတ်နိုးချစ်ဇာတ်လမ်းဟု ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com


ယုံသည်။

သည်အတွေးလေးတွေပေါ်ရင်း ကျွန်တော်က ပီယာနိုကို တီးနေသည်။ ဆရာမဒေါ်မူမူ၏ တေးသံကိုလည်း ကြားနေရသည်။

"သဲငွေသောင် သောင်ယံဦးမှာ၊ စန္ဒာ၊ စန္ဒီ ကိန္နရီတို့ပါ၊ ပန်းပေါင်းထွေလာ၊ ပြာရွှေနီဝါ၊ ဆင်မြန်းကာလဲ၊ ကခုန်မြူးတူးရှာ၊ နန်းမူနန်းရာ ဆန်းလှတာ၊ ရွှေလည်တွဲ၊ ချစ်ပွဲခံကာ ပျော်ကြရှာ"

ကိန္နရာ၏အမည်က စန္ဒာ။ ကိန္နရီမလေး၏အမည်က စန္ဒီ။

ဝင့်ဝါက ကိန္နရီမလေး စန္ဒီအဖြစ် ကနေသည်။ ဟိုးနှစ်များတည်းက စန္ဒီအဖြစ် ဝင့်ဝါအမြဲကခဲ့သည်။

အင်း။ အဲသည်တုန်းကတော့ ဘယ်သို့ ဆိုရပ့်။

အဲ ဖြည့်ကြည့်ခဲ့ရသည်။

စန္ဒီဆိုသည့် ကိန္နရီမလေးက စာတွင်လှသည်။ အလွန်လှသည်။ ကျွန်တော့် စိတ်တွင်းက နိမိတ်ရုပ်ပုံမှာလည်း အလွန်လှသည်။

သြော် ဟို ငယ်စဉ်တုန်းကတော့ ဝင့်ဝါမှာ အလှဖူး အလှပွင့်တွေ မစုံသေး။ အလှသွေး အလှရည်တွေ ရွှမ်းတန်သမျှ မရွှမ်းသေး။ အလှပန်းပု ရုပ်သွင်တွင် အကွေးအဝိုက်၊ အနိမ့်အရှိုင်း၊ အမြင့်အမိုတို့ မပီပြင်သေး။

ကနေသူလေးသည် စာထဲမှာဆိုသည့် ကိန္နရီလေးပါဟု လိုသည်ကို စိတ်နှင့် ဖြည့်ကြည့်ခဲ့ရသည်။

ယခုတော့။

ကျွန်တော်ဝင့်ဝါ။ အို . . . ဟင့်အင်း မဟုတ်ပါ။ ကျွန်တော့် စန္ဒကိန္နရီ။

အလှပေါင်းပြည့်ကြွယ်လျက် တင့်တယ် နေခဲ့ပါပြီကော။

ဝင့်ဝါ၏ တောင်ဆင်ခြေလျှော ပခုံးလေးများနှင့် ရွှေဝါနု ဖယောင်းလုံးချော လက်လေးများကလှသည်။ ကခြင်းဆိုသည်မှာ ပခုံးလေး၊ လက်လေးများကို လှုပ်ရှားမှုဖြင့် လှအောင် ပြုခြင်းဖြစ်လေရာ လှပြီးဖြစ်သော ဝင့်ဝါ၏ ပခုံးလေးနှင့် လက်များသည် ကနေတုန်းတွင် ပို၍ ပို၍ လှနေသည်။

အမြင့်အမို၊ အနိမ့်အရှိုင်း သဘာဝ ပန်းပုလက်ရာ အကွေးအဝိုက်တို့နှင့် ရင်နေခါးကျ၊ သွယ်နွဲ့လျသူကလေးတို့၏ သာမန် လှုပ်ရှားဟန်ကပင် လှပြီ ဖြစ်နေရာ ကိုယ့်ဟန်ကို တင့်တယ်ရန် ဖန်တီးသည့် ကခြင်းအမှုအရာကြောင့် ဝင့်ဝါ၏ တစ်ကိုယ်လုံးမှာ ရှုမငြီး၊ ရှုမရဲ၊ ရှုမဝ ရှိလှချေ၏။

စုံမြိုင်တွင် တူပြိုင်ချစ်ခြင်းကို သရုပ်ဖော်ဆဲဖြစ်သောကြောင့် ဝင့်ဝါ၏

www.burmeseclassic.com

www.burmeseclassic.com


မျက်နှာလေးက လန်း၍ ရွှင်သည်။ ညှို့၍ ငင်သည်။

ဘုရား...ဘုရား။ ဝင့်ဝါရေ သည်မျက်လုံးပြာတွေမှာ ချစ်လျှပ်ပန်းတွေ ဝင်းလက်ပြဖို့ ဘယ်တုန်းက ဘယ်မှာ ဘယ်နည်းနှင့် မင်းကလေး တတ်ခဲ့ပါသလဲ။

"ထိုစဉ်ခါ ဗာရာသနင်း၊ မင်းဗြဟ္မဒတ်၊ ဘုရင်ရာဇာ၊ တစ်ကိုယ်တည်းသာ၊ လေးတော်ထမ်းကာ၊ မြိုင်နန်းဟေမဝါရောက်လို့လာတာ၊ ကိန္နရီ၊ ကိန္နရာ၊ နှစ်ဖော်ယှဉ်ကာ၊ ပျော်ရွှင်နေတာ၊ မြင်လိုက်တဲ့အခါ၊ မင်းဘုရင်၊ အတင်းပင် မြိုင်နန်းသူ ကိန္နရီ၊ ဒေဝီခင်ရဲ့အပေါ်၊ မေတ္တာတော်မျှဖို့ ကြံတာ၊ သူ့လင်သက်ဝေ၊ ချစ်သူဆွေကို"

တေး၊ ဂီတနှင့် ကကြိုးတို့က ဇာတ်လမ်းကို ဆက်ပြောနေကြသည်။

ဗြဟ္မဒတ်ဘုရင်၏ လေးဒဏ်ကြောင့် ကိန္နရာဖို မြေမှာလဲရှာရသည်။

ကျွန်တော်က အချက်ပြသည့်အနေနှင့် ဝင်းကြည်ကို လှမ်းကြည့်သည်။

စည်းဝါးကိုစောင့်ပြီး ဝင်းကြည်၏ လျှပ်စစ်ကီရီယာစနစ် ထောက်ပံ့သော ဂစ်တာသံက ကြည်ကြည်နွဲ့နွဲ့ ဝဲဝဲလှိုက်လှိုက် ရှိုက်ရှိုက် ညည်းညည်းလေး ထွက်ပေါ်လာသည်။

ကျွန်တော်က ပီယာနိုကို နောက်ခံဂီတဖြစ်ရုံ ဖွဖွ နုနုလေးသာ တီးပေး၏။

"သြော်...ငွေမှုန်ကြဲ၊ သဲသောင်ယံမှာ၊ လောင်းမြတ်ကိန္နရာ၊ မြားနဲ့ခွင်းပါလို့၊ သူ့မယားမှာ၊ သောကမီးဖြာ၊ စီးကျမျက်ရည်ထွေထွေ၊ လင်ရွှေတုံးကို၊ မမုန်းဘူးသက်လျှာ၊ သြော်...ဆုံးပေါ့တစ်ခါ"

ဝင့်ဝါက လွမ်းခန်းဖွင့်ရသည်။

နူးညံ့သိမ်မွေ့သော အမူအရာ။ အားငယ်ဝမ်းနည်း ယူကျုံးမရသည့် ဟန်ပန်၊ ညှိုးနွမ်းကြေကွဲ လှိုက်လှဲ ဆွေးမြည့်သည့် မျက်နှာကလေးဖြင့် ဝင့်ဝါက ပိုင်ပိုင် သရုပ်ဆောင်နေ၏။

ပရိသတ်ကြီးကား ငိုင်နေ ငြိမ်နေကြသည်။

အို...။

စိတ်တွင်းမှ ကျွန်တော် ဆိုမိ၏။

ချစ်သူကို ရင်ခွင်မှာပွေ့ရင်း ဗြဟ္မဒတ်မင်း၏ သွေးဆောင်မှုကို ငြင်းဟန် သရုပ်ပြနေသော ဝင့်ဝါက ကျွန်တော် ထိုင်နေရာမှမဝေး။ သည်တော့ သူ့မျက်နှာလေးကို ထင်ထင်လင်းလင်း မြင်နေရသည်။

ဝင့်ဝါ ငိုနေသည်။ တကယ် ငိုနေသည်။ သူ့ ပါးပြင်လေးမှ မျက်ရည်စတွေ တကယ် စီးကျနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စိတ်တွေက အဝေးဆီ ရောက်သွားသည်။ အဝေးမှ ဟိုး… အတိတ်က အဝေးဆီ။

ကပိလဝတ်နေပြည်။

ဆွေတော် မျိုးတော်တွေကို တရားပြ ကယ်တင်ရန် ဘုရားသခင် ကြွရောက်ခဲ့ပြီ။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကိုယ်တိုင် ရွှေနန်းဉကင် ရာဇပလ္လင်ထက်၌ တင်လျက် ဘုရားရှင်ကို လုပ်ကျွေးပူဇော်ရာသို့ အလုံးစုံသော မောင်းမမိဿံ ခြွေရံကိုယ်လုပ်တို့ အုတ်အုတ်ကျက်ကျက် လာကြကုန်၍ ဘုရားရှင်အား ညွတ်တွားရိုကျိုး ရှိခိုးပူဇော်ကြကုန်သည်။

ယသောဓရာဗိမ္ဗာဒေဝီ တစ်ပါးသာ ပူဇော်ခြင်းငှာ ထွက်မလာ။

"အကယ်၍ အကျွန်ုပ် ကျေးဇူးရှိသည်ကို ထောက်မျှော်၍ သနားတော်မူပါလျှင် ကိုယ်တော်ဝင်၍ ကြွလာပါလိမ့်မည်၊ ဤသို့ ကြွလာမှ ပူဇော်ပါတော့မည်"

ယသောဓရာ၏ စကား။

ဘုရားရှင်လည်း ခမည်းတော် မင်းကြီးအား သပိတ်ကို ကမ်းတော်မူ၍ နှစ်ပါးသော အဂ္ဂသာဝကတို့ကို ခေါ်တော်မူ၍ ယသောဓရာ မင်းသမီး၏ နေရာတိုက်ခွင်သို့ ဝင်တော်မူသည်။

သြော်…ခင်းအပ်သော ရတနာသလွန်ထက်၌ စံတော်မူသည့် ဘုရားရှင်အား ယသောဓရာ ပူဇော်ပုံကို ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးက ဤသို့ ရေးခဲ့သည်။

"ထိုအခါ ယသောဓရာ မင်းသမီးသည်လည်း ပန်းကြီးခုံမင်စွာလာ၍ ခြေဖမျက်တော်ကို လက်ဖြင့်ပိုက်လျက် ဖမိုးတော်ထက်၌ မျက်နှာဦးခေါင်းကို ထား၍ ဖဝါးတော်မြတ်ကို နမ်းကာ နမ်းကာ ခြင်းရာစကား ဘယ်သည်များမှ မကြားနိုင်စွာ မျက်နှာမျက်ရည် မဆည်နိုင်ပြီး ဖြိုင်ဖြိုင်စီးလျက် သက်ကြီးရှိုက်ငင် ဘဝင်ပြောင်းပြန် လန်လုမတတ်ဆံဖြင့် ပွတ်သပ်ပါးဖြင့်အပ်၍ အထပ်ထပ် ရှိခိုးလေသတည်း"

ဆံဖြင့်ပွတ်သပ်၊ ပါးဖြင့်အပ်၍။

မျက်နှာမျက်ရည် မဆည်နိုင်ပြီးဖြိုင်ဖြိုင်စီးလျက်…။

ကျွန်တော့်စိတ် ဇဟိုလယ်၌ သီးခြားပေါ်လာသော နိမိတ္တ အာရုံရုပ်များ။

အလောင်းတော် တောထွက်ချိန်မှစ၍ ယသောဓရာဒေဝီ စောင့်ရှောက်

www.burmeseclassic.com

www.burmeseclassic.com


ထိန်းသိမ်းအပ်သော ဂုဏ်ကျေးဇူးတို့ကို ခမည်းတော်မင်းကြီးက ချီးကျူးလျှောက်ထား၏။ ဤတွင်

"ရှေးသောအခါ စန္ဒကိန္နရီဖြစ်သောအခါက ဆွေညာမိဘစောင့်သူမရှိဘဲလျက် မိမိကိုယ်ကို စောင့်သဖြင့် ကာလရှည်မြင့်စွာ ကြင်နာဖူးပြီ"ဟု နိဒါန်းပြကာ အတိတ်ဆောင်လျက် စန္ဒကိန္နရီဇာတ်ကို မြတ်စွာဘုရား ဟောကြားတော်မူသည်။

သြော်... ဖြူစင်ဖြောင့်မတ်သော မိမိကိုယ်ကို စောင့်သော သစ္စာ၊ မေတ္တာ၊ ကရုဏာ လွှမ်းခြုံအပ်သော ကြင်နာချစ်။ မြတ်နိုးချစ်။

အနောက်တိုင်း ယဉ်ကျေးမှုက အလွန်နောက်ကျသော အချိန်များကျခါမှ သိကြလေသော ကြင်နာချစ်။ မြတ်နိုးချစ်...။

သည်အချစ်ကို ဖွဲ့ပြသည့်ဇာတ်။ ကျွန်တော် အသည်းစွဲ မြတ်နိုးလှသည့် ဇာတ်။

ယခုအခိုက်အတန့်မှာတော့ ဝင့်ဝါသည် စန္ဒကိန္နရီ။

ကျွန်တော့်အနုပညာ သီးသန့်ကမ္ဘာမှ ကျွန်တော်မြတ်နိုးလှသော စန္ဒကိန္နရီ။

ကျွန်တော့်လက်များက ပီယာနိုကို တီးနေသည်။ ကျွန်တော့်စိတ်က လောကနှစ်ခုဆီ ကူးချီသန်းချီ။

သည်တွင် ဇာတ်သိမ်းခန်းလာသည်။

သစ္စာနှင့်မေတ္တာ အောင်ပွဲဝင်လျက် ကိန္နရာနှင့် ကိန္နရီတို့ ပျော်ရွှင်ကြည်နူးစွာ စန္ဒာတောင်သို့ အတူတွဲယှဉ်ပျံကြသည်။

ဝင့်ဝါ၏ မျက်နှာလေးမှာ ပြန်လည် ပြုံးရွှင်နေပြီ။ မျက်လုံးလေးများမှာလည်း ချစ်လျှပ်ပန်းတို့ ပြန်လက်ပြီ။ ညှိုးငင်သော အလှလည်း ပြန်အသက်ဝင်ပြီ။

သို့ရာတွင် ပါးပြင်မှာ မျက်ရည်စတွေနှင့်...။

ပြည်ဖုံးကားကြီး ကျသွား၏။

လက်ခုပ်သံများ ရှည်ကြာစွာ ကျန်ရစ်သည်။

ကျောင်းကပွဲအစီအစဉ်တွင် ဤကဇာတ်လေးက နောက်ဆုံးခန်း ဖြစ်လေသောကြောင့် ပရိသတ်တို့ထ,ပြန်သူ ပြန်ပြီ။

ခန်းမကြီး၏ တစ်ထောင့်တွင် ဆရာမများ၊ မိဘများ၊ သူငယ်ချင်းများ၏ အလယ် ဝင့်ဝါနှင့် နှင်းမြစန္ဒာတို့ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်နှင့်ဝင်းကြည်က တီးဝိုင်းတွင်သာ ငြိမ်ငြိမ်ဆက်ထိုင်နေကြ၏။

နှင်းမြစန္ဒာက လူတွေကြားတိုး၍ ကျွန်တော်တို့ဆီ ရောက်လာသည်။

“နိုင်ရော ဝင်းကြည်ရော ဝင့်ဝါက မပြန်ကြနဲ့ဦးတဲ့၊ ကားက နောက်တစ်ခေါက် ပြန်လာမယ်”

“ကောင်းပါပြီ၊ နှင်းတို့ ဝင့်ဝါတို့သာ ကိုယ့်ကိစ္စရှိရင် အေးအေးဆေးဆေး လုပ်ကြပါ၊ နိုင်တို့က လမ်းလျှောက်ပြန်သွားလဲ ရတာပဲ”

“ဟင်း...ဝင့်ဝါက မပြန်ရဘူးတဲ့၊ နှင်းကို တမင် ဒါ ပြောခိုင်းလိုက်တာ”

“ကောင်းပါပြီ၊ နှင်းတို့ ဝင့်ဝါတို့ သဘောပါ”

ခန်းမတွင်းမှ ဝင့်ဝါ၏ မိဘနှစ်ဦး။ နှင်းမြစန္ဒာ၏ မိခင်နှင့် အစ်မကြီးတို့ အပြင်ဘက်သို့ အတူထွက်သွားကြသည်။ သူတို့လက်များတွင် ဝင့်ဝါနှင့် နှင်းမြစန္ဒာတို့ ရခဲ့သော ဆုများ ထည့်ထားသည့် ဖဲကြိုးပတ်အထုပ်များကို ကိုင်သွားကြ၏။ သူတို့မျက်နှာများကလည်း ပြုံးရွှင်နေကြသည်။ သြော်... မိဘတို့ ဂုဏ်ယူဝင့်ကြွားကြသည့်အချိန်။

ဝင်းကြည်က ကျွန်တော့်အနီးကပ်၍ ညည်းသည်။

“ကွာ...၊ ဝင့်ဝါတို့ကလည်း ဘာတွေလုပ်နေကြသလဲမသိဘူး၊ မိန်းမလေး တွေကြားနေရတာ ကြောင်လိုက်တာ”

ကျောင်းသူများကလွဲ၍ အခြားပရိသတ်တွေ ကုန်လုပြီ။ ယောကျ်ားဆို၍ ကျွန်တော်တို့တီးဝိုင်းမှ လူလေးငါးယောက်သာ ကျန်တော့၏။

အပြင်ဘက်တွင်တော့ သြဂုတ်လ၏ မိုးက ညိုနေသည်။

“နေပါစေကွယ်၊ ဒါ သူတို့ရဲ့ နောက်ဆုံး နှုတ်ဆက်ပွဲ၊ သူငယ်ချင်းတွေ၊ ဆရာမတွေနဲ့ ပြောကြဆိုကြ၊ ပြောမဝဆိုမဝ ရှိကြမှာပေါ့၊ ပြီးတော့ ဝင့်ဝါက ကမယ်ဆိုရင် ဘာမှမစားတတ်ဘူး၊ အခု သူတစ်ခုခု စားနေမှာပေါ့”

“အာ...အေး...၊ အမယ်လေး၊ ငါလည်း ဆာလိုက်တာ”

ထိုစဉ် ဆရာမ ဒေါ်မူမူ ကပ်လာ၏။

“လာဟေ့၊ တို့ တီးဝိုင်းအဖွဲ့တွေ၊ နောက်တစ်ချီ စားကြရအောင်”

အခန်းတစ်ခု၏ သီးသန့်စားပွဲတွင် လက်ဖက်ရည်၊ မုန့်နှင့် သစ်သီးများ ပြင်ထား၏။

ကျွန်တော်တို့ အခန်းရှေ့အရောက်တွင် ဝင့်ဝါနှင့် နှင်းမြစန္ဒာတို့ ပေါ်လာကြ၏။

ဝင့်ဝါက ပြော၏။

www.burmeseclassic.com

www.burmeseclassic.com


"ဝင်းကြည်၊ အဖွဲ့သားတွေနဲ့ နင်နေခဲ့ဦး၊ နိုင်တော့ ခဏ..."

ဝင်းကြည်က တစ်ချက် မျက်မှောင်ကြုတ်၍ကြည့်သည်။ ဘာမျှတော့ မပြော။

ဘုမသိ ဘမသိနှင့် ကျွန်တော်က ဝင့်ဝါတို့နှစ်ယောက် နောက်လိုက်လာခဲ့သည်။

သူတို့နှစ်ယောက်က ကျွန်တော့်ကို ကျောင်းဂိတ်ဝဆီ ခေါ်လာခဲ့ကြ၏။

ဂိတ်ဝအပြင်လမ်းဘေး၌ ဝင့်ဝါ၏ကားလေး ဆိုက်ထား၏။ ဒရိုင်ဘာတော့မရှိပြီ။

ဝင့်ဝါက ကားသော့ကိုဖွင့်ပြီး ဒရိုင်ဘာထိုင်ခုံ၌ ဝင်ထိုင်၏။ တစ်ဖက်တံခါး ကို ဖွင့်ပေးပြီး ခေါ်၏။

"တက်လေ နိုင်"

"ဘယ်ကိုလဲ"

"မမေးနဲ့"

"အို"

ဝင့်ဝါက ကျွန်တော့်ကို စူးစူးစိုက်စိုက် ကြည့်နေသည်။

သည်မျက်လုံးများ၌ တစ်စုံတစ်ရာ ဝမ်းနည်းမှုကိုလည်း တွေ့သည်။ တစ်စုံတစ်ရာ မျှော်လင့်မှုကိုလည်း တွေ့သည်။ တစ်စုံတစ်ရာ သန္နိဋ္ဌာန်သဘောကိုလည်း တွေ့သည်။

ကျွန်တော်က နားမလည်နိုင်ဘဲ နှင်းမြစန္ဒာကို ကြည့်သည်။

သူကပါ ဝင် တောင်းပန်နေ၏။

"တက်လိုက်ပါ နိုင်ရယ်၊ ဝင့်ဝါက နိုင့်ကို ပြောစရာရှိလို့"

"နှင်းရော"

"နှင်း နေခဲ့မယ်၊ မကြာဘူး၊ ဝင့်ဝါက ဒီကိုပြန်လာမှာပါ"

သည် မိန်းကလေးနှစ်ဦး ဘာလုပ်ကြသည်ကို ကျွန်တော်မသိ။

သို့ရာတွင် သူတို့နှစ်ဦးလုံး၏ ဆန္ဒကို ကျွန်တော် မလွန်ဆန်နိုင်။

ကျွန်တော်က ဝင့်ဝါဘေးရှိ ထိုင်ခုံ၌ ဝင်ထိုင်သည်။

ဝင့်ဝါက ကားကို ကျင်လည်စွာ မောင်းထွက်လာခဲ့၏။

"ဘယ်လိုလဲ ဝင့်ဝါ"

"ဝင့်ဝါက,တာ နည်းနည်းပင်ပန်းပြီး ခေါင်းမူးလို့၊ လေကောင်းလေသန့် လွတ်လွတ်လပ်လပ် ခဏရှူချင်လို့၊ နိုင့်ကို အဖော်ခေါ်လာတာ"

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော် စိတ်အေးသွားသည်။

"ဒါများ ဝင့်ဝါရယ်၊ အလန့်တကြား"

"နိုင်က လန့်သွားတယ်"

"အာ… အာ…၊ အဲဒီလို မဟုတ်ဘူးလေ"

"ဒါဖြင့် ဘယ်လိုလဲ"

"ခက်လိုက်တာ ဝင့်ဝါရယ်၊ အံ့သြသွားတာကို ပြောတာ"

ဝင့်ဝါက ရယ်သည်။ စောစောကရှိနေသော ဘာမှန်းမသိသည့် တင်းအားတွေလည်း ပြေကုန်သည်။

ဝင့်ဝါက မြို့တွင်းလမ်းများကို ဖြတ်ကာ မြို့အနောက်ဘက်ပိုင်းသို့ မောင်းလာပြီး မြောက်ဘက်ရှိ ပြေသောလမ်းမှ လွမ်းစေတီတောင်တန်းဆီ တက်လာခဲ့၏။

တောင်တန်းရှိ မြေပြန့်သောတစ်နေရာတွင် ကားကို ဆိုက်လိုက်ပြီး ကားပေါ်တွင် ဆက်ထိုင်နေကြသည်။

အရှေ့ဘက် တောင်ချွန်းကြီးပေါ်တွင် တိမ်ဖြူတွေ ဖြတ်သန်းနေကြသည်။ တောင်တန်းတွေထိပ်နှင့် တောင်ကြားလျှိုများတွင် ဖြည်းဖြည်းလေးလေး ရွေ့နေကြသော မီးခိုးပြာရောင် တိမ်ပါးပါးများကိုလည်း တွေ့နေရသည်။

အနောက်ဘက် မိုးပြင်မှ ကိုယ်လုံးမပေါ်သော နေက ရွှေရောင်မဟုတ် ငွေရောင်ကိုဖြာထွက်ပေးနေ၏။

ငွေရောင်ဖြူသော မိုး၏ညနေစောင်း၌ တိုက်ခတ်နေသော လေက လန်းဆန်းရုံ အေးမြ ညင်သာသည်။

ကားတွင်းမှ လေမှာတော့ ဝင့်ဝါကိုယ်မှ မွှေးရနံ့များ ကြိုင်သင်းနေသည်။

"ဝင့်ဝါ"

"အင်"

"ဒီနေရာလေးက အေးချမ်းပြီး လူကို လန်းဆန်းစေတယ်နော်"

"အင်း"

"ကရတဲ့ ဝင့်ဝါမပြောနဲ့၊ တီးရတဲ့ နိုင်လည်း ငြီးစီစီနဲ့ ပန်းတာပါပဲ၊ အခုတော့ လန်းသွားတယ်လေ၊ ဒါပေမယ့် ကြာကြာမနေဘဲ ပြန်ကြရအောင်"

"ဘာဖြစ်လို့လဲ"

"ခက်ပါလား ဝင့်ဝါရယ်၊ လူအထင်လွဲကြမယ်၊ ဝင့်ဝါတို့ နိုင်တို့က ကလေးတွေ မဟုတ်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ်၊ ကလေးလေးတွေ မဟုတ်တော့ဘူး၊ လူကြီးဖြစ်ကြပြီ၊ ဒါကြောင့် လူကြီးစကား ပြောချင်လို့ နိုင့်ကို ဒီခေါ်လာတာ"

"ဘယ်လို"

"နိုင့် ဘဝလမ်းကြောင်းကို ရွေးချယ်လို့ ပြီးသွားပြီလား"

"ဘာပြောတယ် ဝင့်ဝါ"

"တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာတွေ ဖြည့်ပြီးပြီလား"

"နိုင် စဉ်းစားချင့်ချိန်နေတုန်းပဲ"

"နောက်ဆုံးပိတ်ရက် နီးနေပြီ နိုင်၊ ဒီလောက်တောင်ပဲ စဉ်းစားနေရသလား"

"ဘဝလမ်းကြောင်းလို့ စောစောက ဝင့်ဝါပြောခဲ့တယ်၊ မှန်တယ် ဝင့်ဝါ ဘဝလမ်းကြောင်းပဲ၊ အချို့ အခု အဓိပ္ပာယ်တူ ပြောနေကြတဲ့ အသက်မွေးဝမ်းကျောင်းဆိုတဲ့ ကိစ္စထက် ပိုမိုလေးနက်ကျယ်ဝန်းတဲ့ ဘဝလမ်းကြောင်း၊ဒါကြောင့်မို့ နိုင် သိပ်စဉ်းစားနေရတယ်"

"အသက်မွေးဝမ်းကျောင်းဆိုတာ ဘဝလမ်းကြောင်းပဲ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး ဝင့်ဝါ၊ ဘဝလမ်းကြောင်းမှာ အသက်မွေးဝမ်းကျောင်းမှု ကိစ္စဟာ အလွန်အရေးပါသော ကဏ္ဍက ပါတာကို နိုင် မငြင်းပါဘူး၊ ဒါပေမဲ့ အသက်မွေးဝမ်းကျောင်းမှုဆိုတာက အနိမ့်ဆုံးအဆင့် ထမင်းဝဝ စားနိုင်ဖို့ကိစ္စ၊ အမြင့်ဆုံးအဆင့် လောကရဲ့ ရုပ်ပိုင်းဆိုင်ရာ စည်းစိမ်တွေကို လက်လှမ်းမီသမျှ ခံစားဖို့ကိစ္စ၊ အဲဒါတွေက ပြဋ္ဌာန်းနေတယ်၊ ဘဝလမ်းကြောင်းဆိုတာက စိတ်အလိုဖြည့်မှု၊ စိတ်ကြည်နူးမှု၊ စိတ်ချမ်းသာမှု၊ နောင်တ ပူပန်မရှိမှု၊ လောကနဲ့ရော ကိုယ့်ကိုယ်နဲ့ကော ရန်ဖြစ်စရာမလိုဘဲ ငြိမ်းချမ်းနေမှု၊ အဲဒါတွေ ပြဋ္ဌာန်းနေတဲ့ သဘောကို ခေါ်တယ်၊ နိုင် လောကနဲ့ ရန်မဖြစ်ချင်ဘူး၊ အထူးသဖြင့် ကိုယ့်ကိုယ်နဲ့ ကိုယ် ရန်မဖြစ်ချင်ဘူး"

"ကိုယ့်ကိုယ်နဲ့ကိုယ် ရန်မဖြစ်ချင်ဘူး"

"ဟုတ်ပါတယ် ဝင့်ဝါ"

"အဲဒီစကား နားမလည်ဘူး"

"လူဆိုတာ အခက်သား ဝင့်ဝါ၊ လိုချင်တာတွေ အများကြီးရှိတယ်၊ ဆွဲဆောင်မှုတွေကလည်း အများကြီးရှိတယ်၊ လူ့စိတ်ကလည်း ကိုယ့်ကိုယ်ကို ပြန်လှည့် စားတတ်တယ်၊ အဲဒီအခါမှာ ဘဝလမ်းကြောင်းကို အလွယ်တကူ လွဲလွဲမှားမှား ရွေးချယ်မိတတ်ကြတယ်၊ ဒီလူမျိုးဟာ နောင်အခါမှာ နောင်တပူပန်နဲ့

www.burmeseclassic.com

www.burmeseclassic.com


ကိုယ့်ကိုယ်နဲ့ ကိုယ် တစ်သက်လုံး ရန်ပြန်ဖြစ်နေရတတ်တယ်"

"နိုင်က စာတော်တယ်၊ စာတွေလည်းအများကြီးဖတ်ထားတယ်၊ ပြီးတော့ သိပ်လည်း တွေးတတ်တယ်၊ နိုင့်ကို ဝင့်ဝါပြိုင်မငြင်းနိုင်ပါဘူး၊ ဝင့်ဝါ ရိုးရိုးလေးပဲ ပြောပြမယ်"

"ပြောပါ ဝင့်ဝါ"

"ဝင့်ဝါက ဆေးတက္ကသိုလ်ကို ရွေးတယ်၊ နှင်းက ပညာရေးတက္ကသိုလ်၊ ဝင်းကြည်လည်း ဟိုဟာဒီဟာတွေ လျှောက်ပြောနေပေမဲ့ အပြီးသတ်ကျတော့ အိမ်က လူကြီးတွေခိုင်းတဲ့အတိုင်းပဲ ဆေး၊ သွားနဲ့၊ အာရ်အိုင်တီကို ဦးစားပေး ရွေးလိုက် ရတာပဲ၊ ဝင့်ဝါ ပြောချင်တာကလေ"

ဝင့်ဝါသည် စကားမဆက်ဘဲ ရပ်ထား၏။

"ပြောလေ ဝင့်ဝါ"

"ဝင့်ဝါတို့ သူငယ်ချင်းလေးယောက် ကွဲမသွားစေချင်ဘူး"

ကျွန်တော် ငိုင်ကျသွား၏။ ကျွန်တော်လည်း မခွဲချင်ပါ။ ဝင့်ဝါ၊ နှင်းမြစန္ဒာ၊ ဝင်းကြည်တို့နှင့် ကျွန်တော် မခွဲချင်ပါ။

ကျွန်တော် ငိုင်နေသည်ကို ကြည့်ပြီး ဝင့်ဝါက ဆက်ပြော၏။

"နိုင်လည်း ခွဲချင်မှာမဟုတ်ဘူး၊ ဒါကို ဝင့်ဝါတို့သိပါတယ်၊ ဝင့်ဝါလေ ခုလို နိုင့်ကို မပြောချင်ပါဘူး၊ ဒါပေမဲ့လေ"

ဝင့်ဝါသည် ချိန်ဆဟန်နှင့် ခေတ္တဆိုင်းနေပြီး ဆက်ပြော၏။

"ဝင့်ဝါလေ ကနေတုန်းက သိပ်ဝမ်းနည်းလာတယ်၊ အစမှာ ပျော်ပျော် ရွှင်ရွှင် က,နေပေမဲ့ တော်တော်ကြာ ကိန္နရီ မောင်နှံ ခွဲရတော့မယ်၊ ဒါပေမယ့် ဒါက ဇာတ်၊ တော်တော်ကြာပြန်ပေါင်းရမယ်၊ တို့သူငယ်ချင်းတွေကတော့ တကယ် ခွဲကြရတော့မယ်၊ အဲဒါ သတိရပြီး ဝင့်ဝါ ငိုမိတယ်၊ နိုင် မသိဘူးလား"

"နိုင် မြင်ပါတယ် ဝင့်ဝါ"

"ကပြီး ဇာတ်ခုံနောက်ရောက်တော့ နှင်းလည်း ငိုနေတယ်၊ နှင်းနဲ့ ဝင့်ဝါ ဖက်ငိုကြတယ်၊ အဲဒီတုန်း ဝင့်ဝါ သတိရလာတယ်၊ ကံကြမ္မာကို စန္ဒကိန္နရီလေးက အရှုံးမပေးဘူး၊ သူ သစ္စာဆိုတယ်၊ အို ဝင့်ဝါတို့လည်း ဘာလို့ အရှုံးပေးရမှာလဲ"

လှပသော ငွေငန်းဖြူ လည်တိုင်လေးကို လှည့်ပြီး ဝင့်ဝါက ကျွန်တော့်ကို ကြည့်သည်။

"ဝင့်ဝါ ပြောနေတာကို နားလည်ရဲ့လား"

"ဆက်ပြောပါဦး ဝင့်ဝါ"

www.burmeseclassic.com

www.burmeseclassic.com


“နိုင့် အမှတ်က ဝင့်ဝါထက်တောင် ကောင်းသေးတယ်၊ ဒီတော့ ဆေးတက္ကသိုလ်ကိုပဲ လျှောက်ပါ၊ ဝင့်ဝါတို့ တစ်မြို့တည်း အတူတူကျောင်းတက်ရအောင်”

“ဝင့်ဝါ သတိလစ်နေတယ်၊ တောင်ကြီးကနေ ဆေးရတဲ့လူတွေက မန္တလေး ဆေးတက္ကသိုလ်ကို သွားကြရမှာ၊ ပညာရေးတို့၊ အာရ်အိုင်တီတို့ရတဲ့ လူတွေက ရန်ကုန်သွားကြရမှာ”

“သတိမလစ်ပါဘူး၊ အစတော့ နိုင် ပြောသလိုပဲပေါ့၊ နောက်တော့ လုံလောက်တဲ့အကြောင်းပြချက်ရှိရင် ရန်ကုန်ကို ပြောင်းလို့ ရတယ်တဲ့၊ မသကာ အဆောင်မရရုံဘဲ...တဲ့၊ ရန်ကုန်မှာလဲ ဝင့်ဝါတို့အိမ် ရှိသေးတယ်၊ အခု ဝင့်ဝါ မမတို့ နေနေတယ်၊ ဦးဝိစာရလမ်းပေါ်တွင်၊ အိမ်ကြီးက အကြီးကြီးပဲ၊ ခြံကြီး ကလည်း အကျယ်ကြီးပဲ၊ နိုင်လည်း ဝင်းကြည်နဲ့ အတူတူ လာနေနိုင်တာပဲ”

ကျွန်တော်က အတန်ကြာအောင် ငြိမ်နေမိသည်။

“စကားပြန်ဦးလေ နိုင်၊ ဘာပြုလို့ ငြိမ်နေရတာလဲ”

ကျွန်တော်က သက်ပြင်းကို မှုတ်လွှတ်လိုက်၏။

“ဝင့်ဝါရဲ့ စေတနာကို နိုင် နားလည်ပါတယ်၊ ဒါပေမဲ့ နှစ်ကြာတဲ့ ကျောင်း ကြီးတွေတက်ဖို့ဆိုတာက ငွေရေး ကြေးရေးလည်း တတ်နိုင်ရတယ်၊ အဲဒါလည်း ထည့်တွက်ရသေးတယ် ဝင့်ဝါ”

“ဘာလဲ ဘိုးဘိုးကြီးတို့က မတတ်နိုင်ဘူးလား”

“အိမ်မှာက ဘဏ်တိုးကရတဲ့ ပုံမှန် ဝင်ငွေလေးပဲရှိတယ်၊ ဒီဝင်ငွေကလည်း ဈေးကြီးတဲ့ တောင်ကြီးလိုမြို့မှာ မိသားစု စားလောက်ရုံလေး၊ နိုင် သိပ် သွားချင်တယ်ဆိုရင်တော့ ဘိုးဘိုးကြီးတို့က ပို့ပေးမှာပါပဲ၊ ဒါပေမယ့် နိုင်က မိသားစု ထမင်းစားတဲ့ထဲက ဝင်မနှိုက်ချင်ဘူး၊ အင်းလေ ကိုယ်က ဒီလိုင်းမှ ဒီလိုင်း၊ မရရင် မနေနိုင်အောင် တမ်းတ တပ်မက်နေတယ်ဆိုရင်တော့ တစ်မျိုးပေါ့”

“နိုင်က ဆရာဝန် မဖြစ်ချင်ဘူးလား”

ကျွန်တော်က ခေါင်းခါသည်။

“အင်ဂျင်နီယာကော”

ကျွန်တော်က ခေါင်းခါပြရပြန်၏။

“ဆန်းလိုက်တာ နိုင်ရယ်၊ နို့ ဒါဖြင့် ဘာဖြစ်ချင်သလဲ”

“မေးဖို့ လိုသေးသလား ဝင့်ဝါရယ်၊ နိုင် စာရေးဆရာ၊ ကဗျာဆရာပဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်တယ်”

“ဆရာဝန်၊ အင်ဂျင်နီယာ ဖြစ်ပြီးမှလည်း စာရေးဆရာ၊ ကဗျာဆရာ ဖြစ်နိုင်ပါတယ်”

“ဖြစ်နိုင်ပါတယ်၊ နိုင် ပြောတာ မှားသွားတယ်၊ နိုင်က အလွယ်တကူ ပြောမိတယ်၊ နိုင်က စာရေးဆရာ၊ ကဗျာဆရာသက်သက် ဖြစ်ချင်တာ မဟုတ်ဘူး၊ ဘယ်လို ပြောရပါ့မလဲ”

ကျွန်တော်က စဉ်းစားသည်။ တစ်ခါတစ်ရံ ကိုယ်ပြောချင်သည်ကို ကိုယ် သိသော်လည်း ရာခိုင်နှုန်းပြည့်အဓိပ္ပာယ်ပေါက်အောင် ပြောပြဖို့ စကားလုံးတွေ ရှာမရ။

အတန်လေးကြာမှ ကျွန်တော် ပြောပြနိုင်သည်။

“နိမိတ္တပုံရုပ်နဲ့ နိုင် ပြောပြမယ်”

“နိမိတ္တပုံရုပ်”

“ဝင့်ဝါလည်း စာတွေ ဖတ်သားပဲ၊ နိမိတ်ပုံဆိုတဲ့ စကားကို တွေ့ဖူးမှာပေါ့၊ နိမိတ္တဆိုတဲ့ မာဂဓဘာသာစကားမှာ အဓိပ္ပာယ်တွေ အများကြီးရှိတယ်၊ အကြောင်းတဲ့၊ တံဆိပ်အမှတ်အသားတဲ့၊ အတိတ်နိမိတ်တဲ့၊ အသွင်သဏ္ဌာန်တဲ့၊ နိုင်က အသွင်သဏ္ဌာန်ဆိုတဲ့ အဓိပ္ပာယ်မျိုးနဲ့ ပြောပြမယ်၊ စိတ်မျက်စိမှာ ပေါ်လာတဲ့ အသွင်သဏ္ဌာန်၊ ဝင့်ဝါ နားလည်လား”

“မင်တယ်လ်အင်းမိတ်ချ်လား”

“အားဟုတ်တယ်၊ မင်တယ်လ်အင်းမိတ်ချ် စိတ်တွင်းမှာပေါ်လာတဲ့ နိမိတ္တပုံရုပ်၊ လူဟာ အနာဂတ်မှာ ဖြစ်ချင်တာ၊ ဖြစ်လာစေချင်တာကို စိတ်ကူးတဲ့ အခါ ကြေးမုံပြင်မှာ အရိပ်တွေ ထင်လာသလို နိမိတ္တရုပ်လေးတွေ ထင်လာတယ်၊ နိုင်လည်းလေ အနာဂတ်မှာ ကိုယ်ဖြစ်လာချင်တာတွေကို နိမိတ္တပုံရုပ်လေးတွေ ဖော်ပြီး စိတ်ကူးကြည့်တတ်တယ်”

ဝင့်ဝါက ပြုံးပြုံးလေး ခေါင်းညိတ်ပြရင်း “ယုံပါတယ်” ဟု ဆို၏။

“တစ်ခါတလေ နိုင်လည်း ဆရာဝန်ဖြစ်ချင်သလိုလို၊ အင်ဂျင်နီယာ ဖြစ်ချင် သလိုလို၊ သိပ္ပံပညာရှင် ဖြစ်ချင်သလိုလို ခံစားမိဖူးတယ်၊ ဘာဖြစ်လို့လည်း ဆိုတော့ ဒီအလုပ်တွေဟာလည်းကောင်းတာပဲ၊ မြင့်မြတ်တာပဲ၊ အားကျစရာတွေပဲ၊ နိုင်လေ ကိုယ့်ကိုကိုယ် ဆရာဝန် နိမိတ္တပုံရုပ်လေးတွေ၊ အင်ဂျင်နီယာ နိမိတ္တ ပုံရုပ်လေးတွေ ဖော်ဖော်ကြည့်တယ်၊ နိုင်ငံခြားကို ပညာတော်သင်အဖြစ် ရောက်နေ ပုံတွေ၊ အိမ်နဲ့၊ ကားနဲ့၊ ခြံနဲ့ ပုံတွေ၊ အဲတာတွေတောင် ပါတယ်၊ စိတ်ကူးရတာ

www.burmeseclassic.com

www.burmeseclassic.com


မဆိုးပါဘူး၊ ဒါပေမဲ့ နိုင်တစ်ခု သိနေတယ်”

ဝင့်ဝါက ကျွန်တော့်ကို ကြည့်သည်။

“နိုင် ... မပျော်ဘူး”

“မပျော်ဘူး”

“ဟုတ်တယ်၊ အဲဒီနိမိတ္တပုံရုပ် လောကလေးမှာကို နိုင် မပျော်ဘူး၊ နိုင် ပျော်တာကလေ စာအုပ်တွေရယ်၊ စာလုံးတွေရယ်၊ ကြယ်တွေရယ်၊ လတွေရယ်၊ တောတောင် ရေမြေတွေရယ်၊ ပန်းတွေရယ်၊ သစ်ပင်တွေရယ်၊ နိုင်ရယ်၊ ပြီးတော့ စာတွေရယ်၊ ကဗျာတွေရယ်၊ ဂီတသံတွေရယ်၊ တစ်ခါတလေ တောင်ထွတ်ကြီး တစ်ခုထိပ်မှာ၊ နိုင့်နားမှာ ဘယ်သူမှ မရှိဘူး၊ ဘာမှ မရှိဘူး၊ အဲ ပိုးစုန်းကြူးလေးတွေ တော့ ရှိတယ်”

“ပိုးစုန်းကြူးလေးတွေ”

“ဟုတ်တယ်၊ သူတို့က အပေါ်ကို ပျံတက်နေကြတယ်၊ သူတို့ကို ဟိုး အမြင့်ကြီးက ကြယ်တစ်ပွင့်က မှိတ်တုတ်မှိတ်တုတ် လုပ်ပြနေတယ်၊ အဲဒီအချိန်မှာ နိုင် အဲ ... ပျော်တယ်လို့ ခေါ်ရမလား၊ စိတ်က ငြိမ်းပြီး၊ သိပ် ချမ်းသာနေတယ်”

“နိုင်ရယ်၊ နိုင့်ဟာက စိတ်ကူးမယဉ်လွန်းဘူးလား”

“မဖြစ်သေးတာကို ဖြစ်နေသလို နိမိတ္တပုံရုပ်လေးတွေ ဖော်ကြည့်တာဟာ စိတ်ကူးယဉ်တာဆိုရင် လူတိုင်းဟာ စိတ်ကူးယဉ်ကြတာပဲ၊ စိတ်ကူးယဉ်တာက အရေးမကြီးပါဘူး၊ စိတ်ကူးယဉ်မှု အခြေခံပြုထားတဲ့ ရွေးချယ်မှု စိတ်ရဲ့ တိမ်းညွတ်မှု၊ ရိုးရိုးစကားနဲ့ပဲပြောမယ်လေ၊ ဝါသနာ၊ ဝါသနာပါမှု”

“အဲဒါတော့ ဝင့်ဝါလည်းအနုပညာ ဝါသနာပါတာပဲ၊ ဒါပေမဲ့ အသက်မွေး ဝမ်းကျောင်းလမ်း ရွေးချယ်တာက တစ်ကိစ္စပဲ”

ကျွန်တော်က ခေါင်းခါပြမိ၏။

“ဝါသနာနဲ့ အသက်မွေးဝမ်းကျောင်းလမ်း ရွေးချယ်မှုဟာ တစ်ထပ် တည်း၊ တစ်သားတည်းဖြစ်သင့်တယ်လို့ နိုင်ကတော့ ထင်တယ်၊ အဲဒီလိုမဟုတ် ရင်တော့ နိုင် ပြောခဲ့သလိုပဲ၊ တစ်နေ့မှာ ကိုယ့်ကိုယ်နဲ့ကိုယ် ပြန်ရန်ဖြစ်နေရ လိမ့်မယ်”

“နိုင် ဆိုလိုတာက ဝင့်ဝါလည်း တစ်နေ့မှာ ကိုယ့်ကိုယ်နဲ့ကိုယ် ပြန်ရန်ဖြစ် ရမယ်၊ ဒီလိုလား”

“အို ...အို ဒီလိုတော့လည်း မဟုတ်ဘူးလေ၊ အပေါ်ယံဝါသနာနဲ့ ဆုတောင်း ဝါသနာဆိုတာက ကွဲသေးတယ်”

www.burmeseclassic.com

www.burmeseclassic.com



"နိုင့် ဝါသနာက ဆုတောင်းဝါသနာပေါ့ ဟုတ်လား"

"ဟုတ်တယ်လို့ နိုင် ထင်တယ်"

"ထင်တယ်"

"ဆုတောင်း ဝါသနာ ဟုတ်မဟုတ်ကတော့ အတိတ်ဘဝ လှမ်းမြင်နိုင်တဲ့ အဘိညာဉ်ရသူ အရိယာအရှင်မြတ်များမှ အသေအချာ ပြောနိုင်ကြမယ်၊ ဒါကြောင့် ထင်တာလို့ နိုင်က စကားရွေးသုံးခဲ့တာ၊ သြော်... နိုင် သိတာတော့ တစ်ခုရှိတယ်"

"ဘာလဲ"

ကျွန်တော်က သက်ပြင်းချ၏။ တစ်ချိန်က ရေးရေး ငွေ့ငွေ့သာ ရင်၌ရှိသော သည်ဆန္ဒကို ထင်ထင်ရှားရှား ကျွန်တော် သိသည်မှာ မကြာသေးပါ။

"ဘဝသမိုင်းကြွေးလို့ နိုင်က ခေါ်တယ်၊ ဒီကြွေးကို နိုင် ပြန်ဆပ်ရမယ်"

"ဘဝ သမိုင်းကြွေး"

ကျွန်တော်က ခေါင်းညိတ်ပြသည်။

"အဲတာကကော ဘာလဲနိုင်"

"အဲဒါကို နိုင် မပြောပါရစေနဲ့"

ကျွန်တော့်နှလုံးသားဗဟိုမှ နူးညံ့သော အပိုင်းက နာလာသည်ကို ကျွန်တော် သိသည်။ အပြင်မှ လွှမ်းအုပ်ထားသော အခွံကြည်ကြည်က တင်းမာလာ သည်ကိုလည်း ကျွန်တော် သတိပြုမိ၏။

ဝင့်ဝါ၏ နူးညံ့သော လက်ဖဝါးလေးတစ်ခုက ကျွန်တော့်ပခုံးပေါ် အသာကျလာသည်။

"နိုင်..."

"အင်..."

"နိုင်...နိုင်၊ ဘာဖြစ်သွားတာလဲဟင်"

"နိုင် ဘာဖြစ်လို့လဲ"

"အို ... နိုင့် မျက်နှာက တင်းတယ်၊ ပြီးတော့လည်း ငိုတော့မလိုကြီးပဲ၊ နိုင် ဘာဖြစ်သွားတာလဲဟင်"

ကျွန်တော်က ဝင့်ဝါ၏ မျက်နှာလေးကို ပြန်ကြည့်သည်။

မာနကြီးသည်ဟု တစ်ချိန်က ကျွန်တော်ထင်ခဲ့သော ဝင့်ဝါ၏ မျက်နှာ လေးက ယခု အပြစ်ကင်း သန့်စင်နူးညံ့နေသည်။ မှုန်ပြန်တို့ ခြယ်ထားသော်လည်း စောစောက မျက်ရည်၏ ခြေရာလက်ရာလေးများက ပါးပြင်မှာ ကောင်းကောင်း မပျောက်သေး။

www.burmeseclassic.com

www.burmeseclassic.com


သနောင့်သနားဖွယ်။ ချစ်ဖွယ်။ ဟင့်အင်း ...သနောင့် သနားဖွယ်။

"ဝင့်ဝါရေ... ကြာသွားပြီ၊ နိုင်တို့ ပြန်ကြရအောင်နော်"

ကျွန်တော့် ပခုံးထက်မှ ဝင့်ဝါ၏ လက်ကလေး ရုပ်သွားသည်။ ကိုယ်လေး မှာလည်း ကျွန်တော့်ဘက် ညွတ်နီးနေရာမှ ခွာ၍ မတ်မတ်လေး ဖြစ်သွားသည်။ ကျွန်တော့်ကို စိုက်ကြည့်နေသော မျက်လုံးလေးများက ဟိုအချိန် ဂေါက်ကွင်းမှာ စတွေ့ခဲ့သော မျက်လုံးလေးများနှင့် ပိုတူသည်။

"နိုင့်ကို အဲဒီလို မကြည့်ပါနဲ့ ဝင့်ဝါ၊ ဝင့်ဝါ စေတနာကို နိုင် နားလည်တယ်၊ ဝင့်ဝါကိုလည်း နိုင်သံယောဇဉ်ကြီးတယ်၊ ဝင့်ဝါ ထင်တာထက် ပိုကြီးတယ်၊ ခုနင်က သူငယ်ချင်းတွေ ခွဲရလိမ့်မယ်လို့ ဝင့်ဝါ ပြောခဲ့တယ်နော်"

ဝင့်ဝါက ဘာမျှမပြော။

"နိုင့် အတွက်တော့ ဝင့်ဝါတို့နဲ့ ဘယ်တော့မှ မကွဲပါဘူး၊ မျက်သားပေါ်က ရောင်ပြန်ပုံရုပ်ကတော့ ရှိချင်မှ ရှိမယ်၊ နိုင့် နှလုံးသားက မနောအကြည်မှာ ဝင့်ဝါတို့ရဲ့ နိမိတ္တပုံရုပ်ကတော့ အစဉ်ရှိနေမယ်၊ အချိန်တို့ နေရာတို့ဆိုတဲ့ သဘောတွေက ကင်းလွတ်ပြီး အစဉ်ရှိနေမယ်၊ မရှိတဲ့နေ့ဟာ နိုင် သေတဲ့နေ့ပဲ၊ ဒီစကားကိုတော့ မှတ်သွားပါ ဝင့်ဝါ"

ဝင့်ဝါ၏ မျက်နှာနှင့် ကိုယ်မှ တင်းအားရိပ်များ လျော့ကျသွား၏။

ခဏအကြာ၌မူ ဝင့်ဝါက ရယ်၏။

"ဘာလို့ ရယ်တာလဲဝင့်ဝါ"

"သြော်...နိုင့်ကို စိတ်ကူးယဉ်တယ်လို့ ဝင့်ဝါက ပြောမိတယ်၊ အမှန် ကတော့""

ဝင့်ဝါက ကားကို စက်နှိုးပြီး ဂီယာသွင်းသည်။

"ဆက်ပြောဦးလေ ဝင့်ဝါ"

ကားလေးကို တည်ငြိမ်စွာ မောင်းရင်း ဝင့်ဝါက ညည်းဟန်လေးနှင့် ဆို၏။

"အမှန်ကတော့ ဝင့်ဝါကသာ စိတ်ကူးယဉ်မိတာ၊ အဲဒါ ပြောမလို့"

*

ထိုညနေက ဝင့်ဝါနှင့် ဝင်းကြည်တို့က နှင်းမြစန္ဒာနှင့် ကျွန်တော်တို့ကို ကားလေးနှင့် အိမ်လိုက်ပို့ပေးသည်။

ကျွန်တော်က နှင်းမြစန္ဒာတို့အိမ်၌ ဆင်းနေခဲ့သည်။

ဝင့်ဝါတို့ ကားထွက်သွားသောအခါ နှင်းဆီပင်များရှိရာသို့ နှင်းမြစန္ဒာကို

www.burmeseclassic.com

www.burmeseclassic.com


ခေါ်ခဲ့ပြီး ကျွန်တော်က မေး၏။

"ဝင့်ဝါ ဘာပြန်ပြောခဲ့သလဲနှင်း"

"မစ်ရှင် ဖေးလ်ဒ်တဲ့"

"မစ်ရှင်၊ ဝင့်ဝါ ပြောခဲ့တာတွေကို နှင်းလည်း သဘောတူတယ်ပေါ့"

"တူ...တူတယ်၊ ဝင်းကြည်လည်း သဘောတူတယ်"

"ဒါဖြင့် နှင်းတို့ သုံးယောက် တိုင်ပင်ခဲ့ကြတာပေါ့"

"ဟင့်အင်း အဲဒီလိုတော့ မဟုတ်ဘူး၊ က,ပြီး ဆင်းလာမှ ရုတ်တရက် အဲဒီလိုလုပ်မယ်လို့ ဝင့်ဝါက ပြောတာ၊ ဝင့်ဝါအကြောင်း နိုင် သိသားပဲ"

"ဒါပေမယ့် နှင်းလည်း သဘောတူတယ်ပေါ့"

နှင်းမြစန္ဒာက ညှိုးငယ်သောအကြည့်လေးဖြင့် ကျွန်တော့်ကိုကြည့်ပြီး ခေါင်းညိတ်ပြ၏။

"ဒီစကားကို နှင်းလည်း ပြောခွင့် ရှိတာပဲ၊ ဘာလို့ နှင်းလည်းမပြောသလဲ၊ အနည်းဆုံး ဘာလို့ နှင်းမလိုက်ခဲ့သလဲ"

နှင်းမြစန္ဒာက မဖြေသေးဘဲ ငြိမ်လျက် ကျွန်တော့်ကို စိုက်ကြည့်နေသည်။ မျက်လုံးလေးများတွင် မျက်ရည်တွေ ဝဲနေ၏။

"နိုင်က နှင်းကို အပြစ်တင်နေတာလား"

"အို...မဟုတ်ရပါဘူး၊ ဒါပေမယ့် နိုင် သိချင်တယ်"

ခေတ္တလေး ဆိုင်းနေပြီးမှ နှင်းမြစန္ဒာက တိုးတိုးလေးပြော၏။

"နိုင့်ကို နှင်း...နှင်း...မပြော...မပြောဝံ့ဘူး"

"ဘာ...နိုင့်ကို နှင်းက ကြောက်တယ်"

နှင်းမြစန္ဒာက ခေါင်းညိတ်ပြ၏။

"နိုင့်ကို နှင်းက ကြောက်တယ်၊ နှင်းကြောက်အောင် နိုင်က ဘာတွေ လုပ်ဖူးလို့လဲ"

"အဲဒီလို အသံမာမာကြီးနဲ့ ပြောရင်...ဘာမှ နှင်း ဆက်မပြောတော့ဘူး"

ကျွန်တော် နောင်တရသွား၏။ ဟုတ်သည်။ ကျွန်တော့်အသံက မာနေသည်။

"စိတ်မဆိုးနဲ့နော် နှင်း၊ နိုင့်စိတ်တွေ နည်းနည်းလှုပ်ရှားနေတယ်၊ နှင်းကို နိုင် တောင်းပန်ပါတယ်၊ ဆက်ပြောနော်"

သည်တော့မှ နှင်းမြစန္ဒာ၏ မျက်နှာလေးတွင် ပြုံးရိပ်ဝင်လာသည်။

"နှင်းက ဘာ ဆက်ပြောရမလဲ"

www.burmeseclassic.com

www.burmeseclassic.com


"ဘာကြောင့် နှင်းက ဝင့်ဝါလို့ပဲ နိုင့်ကို မပြောလဲ"

နှင်းမြစန္ဒာက ညင်ညင်သာသာ အေးအေးလေး ဖြေသည်။

"နိုင် စိတ်ဆင်းရဲမှာစိုးလို့"

"ဘယ်လို"

"နှင်း သိတယ်လေ၊ နိုင် စိတ်ပြောင်းမှာ မဟုတ်ဘူးလို့"

"နှင်းက ဘယ်လိုလုပ် သိသလဲ"

"ပြောဖူးသားပဲ"

"ပြောဖူးတယ်၊ ဘယ်တုန်းက"

"ငယ်ငယ်တုန်းက"

မိုးဖွားလေးတွေ ကျလာ၏။

"ခေါင်းစိုမယ် နိုင်၊ အိမ်ပြန်တော့၊ နှင်းလည်း ဝင်တော့မယ်"

သူ့ဆံပင်လေးများထက် လက်ကလေးအုပ်ပြီး နှင်းမြစန္ဒာက အိမ်တွင်း ဝင်ပြေးသည်။

မိုးဖွားလေးတွေ ကျလာသည်မှာ မှန်၏။ သို့ရာတွင် ဤသည်ကို သက်သက်အကြောင်းပြပြီး နှင်းမြစန္ဒာ ဇွတ်စကားဖြတ်သွားသည်။

မိုးဖွားတွေ အောက်တွင် ဖြည်းဖြည်းလမ်းလျှောက်ပြီး အိမ်သို့ ကျွန်တော် ပြန်ခဲ့သည်။

ကျွန်တော့် ရင်တွင်း၌ ဂယက်လှိုင်းတွေ ထနေသည်။

တစ်ခု မဟုတ်။ နှစ်ခု။ မက

သုံးခု။

နှင်းမြစန္ဒာ ဘာပြောလိုက်သည်ကိုလည်း နားလည်လာသည်။

ဗိုင်ဘရေးရှင်း။

တုန်ခါလှိုင်း။ ဖြာထွက်ပျံ့နှံ့သည့်လှိုင်း။

နှင်းမြစန္ဒာ ဘယ်အကြောင်းနှင့် ဘယ်တုန်ခါလှိုင်းကို ဖမ်းမိပါသနည်း။

*

## အခန်း (၁၈)

ကျွန်တော် အိမ်ရှေ့ရောက်လာသောအခါတွင် ခြံတွင်း၌ ဆိုက်ထားသော ကားတစ်စီးကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com


ကားက လာနေကျ ဦးစံဖေ၏ ကားမဟုတ်။

ဂေါက်ကွင်းတွင် တွေ့ဖူးသော အရာရှိငယ်တစ်ဦးစီးသည့် ဩဇာ်စတင်ကားဟောင်းလေး ဖြစ်သည်။

ဩဇာ်…ဘိုးဘိုးကြီး ကြုံရာကားတစ်စီးနှင့် ဂေါက်ကွင်းမှ ပြန်လာဟန်တူသည်။

သို့ရာတွင် အချိန်က ခါတိုင်း ဘိုးဘိုးကြီးပြန်လာတတ်ချိန်ထက် စောနေသည်။

အိမ်ဝအရောက်တွင် ဘိုးဘိုးကြီး၏ အားရပါးရ ပြောသံကျယ်ကြီးကို ကြားရ၏။

"အန်ကယ့်လ်တုတ်တွေက ဥဒုမ္ဗရဒေဝီ ဟဲ ဟဲ၊ ပြောပြပြီးပြီ မဟုတ်လား၊ ဒီတော့ မောင်မြဆွေ သိပ် စဉ်းစားမနေနဲ့၊ လက်လွတ်သွားမှ နောင်တရ ဝမ်းနည်းနေဦးမယ်"

"ဒါပေမယ့် အန်ကယ့်လ် ဥဒုမ္ဗရဒေဝီကြီးက အပျိုမှမဟုတ်တော့တာ"

"ဘာကွ"

"အဟဲ၊ အန်ကယ်လ်နဲ့ပေါင်းသင်းလာတာ ဘယ်နှစ်နှစ် ရှိပြီလဲ"

"အာ…အာ…အဲ၊ ဒါပေမယ့် ငါ့တုတ်တွေက ရှင်ဘို့မယ်လို့လည်း ပြောနိုင်တယ်ကွ၊ မင်းဆက် ငါးသွယ်၊ ရှင်ဘို့မယ်၊ နန်းဝယ် တင်သည်သာ၊ အဲ… အဟဲ…ဟဲ"

ဘိုးဘိုးကြီးက ဧည့်ခန်းတွင် ထိုင်နေ၏။ ဂေါက်ဝတ်စုံနှင့် မဟုတ်။

ဖလန်နယ် လုံချည်နှင့်။ စပို့ရှပ်အင်္ကျီတော့ ဝတ်ထား၏။ မိုးအနည်းငယ် အေးသောကြောင့် ထင်သည်၊ ဆွယ်တာ တစ်ထည် ထပ်ဝတ်ထား၏။

ကျွန်တော်ဝင်လာသည်ကို မြင်သောအခါ ဘိုးဘိုးကြီးက အရယ်ရပ်ပြီး မျက်လုံးကြီးပြူးလျက် ကျွန်တော့်ကို ကြည့်နေ၏။ ဘိုးဘိုးကြီး ကြည့်ပုံမှာ တစ်မျိုးဟု ကျွန်တော် ထင်သည်။

ဦးမြဆွေက ဘိုးဘိုးကြီးနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ထိုင်နေ၏။

ဦးမြဆွေ၏လက်တွင်း၌ ဘိုးဘိုးကြီး၏ ဂေါက်တံတစ်ချောင်းကို ပေါင်ပေါ် တင်ကိုင်ထားသည်။

လူကြီးနှစ်ဦးကြားမှ ခါးညွတ်ကုန်းလျက်ဖြတ်ပြီး ထမင်းစားခန်းသို့ ကျွန်တော်လာခဲ့သည်။

အန်တီတင့်တင့်က ထမင်းစားပန်းကန်ပြားများကို အဝတ်ဖြူနှင့် ပွတ်

www.burmeseclassic.com

www.burmeseclassic.com


သုတ်လျက် စားပွဲပေါ်၌ ချနေသည်။

"ဘိုးဘိုးကြီး ဂေါက်ကွင်းမသွားဘူးလားအန်တီ"

"မသွားဘူး နိုင်"

"ဘာပြုလို့လဲ၊ နေမကောင်းဘူးလား"

"နေကောင်းပါတယ်၊ ဂေါက်တုတ်ရောင်းနေတာ"

"ဂေါက်တုတ်ရောင်းနေတာ"

"ဟုတ်တယ်၊ သူ ဂေါက်မရိုက်တော့ဘူးတဲ့၊ ဂေါက်ရိုက်တာ ပိုက်ဆံကုန်သတဲ့၊ အဲဒီကုန်မယ့် ပိုက်ဆံနဲ့ နိုင့်ကို သွားချင်တဲ့ တက္ကသိုလ်ကို ပို့မယ်တဲ့"

"အို:…"

အန်တီ တင့်တင့်က ပြုံးပြီး မှတ်ချက်ချ၏။

"နိုင့်ကို ဘိုးဘိုးကြီးက သိပ်ချစ်တာ"

ကျွန်တော် စကားမပြန်နိုင်၊ ကျွန်တော့်ရင်မှာ ဆို့နင့်နေ၏။ မျက်လုံးများ၌ မျက်ရည်တို့ စို့လာသည်ကိုလည်း သိ၏။

ဘိုးဘိုးကြီးတို့ထံမှ စကားသံများကို လှမ်းကြားနေရ၏။

"အေးလေ၊ မောင်မြဆွေ စဉ်းစားပေါ့၊ အိတ်စ်သတ်တီဝမ်းဆိုတာက ရဖို့ မလွယ်ဘူး၊ အသစ်စက်စက် ရနိုင်ရင်လည်း သောင်းဂဏန်းပေါ့၊ မောင်မြဆွေ တတ်နိုင်ရင်လေ"

"အာ သောင်းဂဏန်း ကျွန်တော် မတတ်နိုင်ပါဘူး"

"နေဦး ပြောပြဦးမယ်၊ ဟိုတစ်နှစ်က ပေါလ်ဟာနီ လာတယ်၊ အန်ကယ်က သူ့တုတ်တွေကို ကြည့်တယ်၊ ကမ္ဘာကျော် ဂေါက်ဆရာကြီးမို့ သူ့ဂေါက်တုတ်တွေဟာ ပုံနေတယ်ထင်တာ၊ အာပါးပါး၊ အဟောင်းတွေ ပါတယ်ကွ၊ အန်ကယ်က စပ်စုပြီး မေးကြည့်တော့ ဟောင်းပေမယ့် သူ့လက်တွေ့တဲ့ တုတ်တွေတဲ့၊ ငယ်ချစ်တွေ၊ ငယ်ချစ်တွေ၊ ခုနင်က ပြောတဲ့ ရှင်ဘို့မယ်၊ ဂေါက်တုတ်ဆိုတာ သစ်တာဟောင်းတာ အရေးမကြီးဘူး၊ ကိုယ်လက်တွေ့ရဲ့လား၊ ကိုယ်နဲ့ အထိုင်ကျရဲ့လား၊ ဒါက အရေးကြီးတယ်၊ ကုမ္ပဏီတစ်ခုက လက်ဆောင်ပေးတဲ့ တုတ်အသစ်ကြီးကို စိတ်နာပြီးဂျက်နစ်ကလော့စ် လွှင့်ပစ်ဖူးတယ်"

"ဟုတ်ကဲ့၊ ကျွန်တော် တစ်ရက်လောက် စဉ်းစားပါရစေဦး"

"စဉ်းစားပါ၊ စဉ်းစားပါ၊ တုတ်ဝယ်မှားရင် မယားယူမှားသလိုပဲ၊ အေး ဟေးဟေး"

ဦးမြဆွေပြန်ရာ ဘိုးဘိုးကြီးက ခြံတွင်းသို့ လိုက်ပို့၏။

www.burmeseclassic.com

www.burmeseclassic.com


ခြံတွင်းမှ ဘိုးဘိုးကြီး ပြန်တက်မလာ။

ပြတင်းမှ ကျွန်တော် ထွက်ကြည့်မိသည်။

ဘိုးဘိုးကြီးကို ခြံတွင်းမှာ တွေ့ရသည်။

ဦးမြဆွေ၏ကားကတော့ မရှိပြီ။

ဘိုးဘိုးကြီးက ခြံတွင်းမှာ လမ်းလျှောက်နေသည်။ လက်တစ်ဖက်မှာက သံတုတ်တစ်ချောင်းကို ကိုင်ထားသည်၊

ပထမတွင် သံတုတ်ကို တုတ်ကောက်ပမာ ကိုင်၍ လျှောက်သည်။

ခြံထောင့် တစ်နေရာရောက်သောအခါ ရပ်နေ၏။ အကြာကြီး ရပ်နေ၏။ ထိုနောက်မှ သံတုတ်ကို စနစ်တကျ ပြန်ကိုင်ပြီး ကိုယ်ကို ကုန်း၍ မြေကြီးကို ရိုက်သည်။ မြေလွှာ တစ်ဖတ်က လွင့်သွားပြီး ခြံစည်းရိုးကို သွားမှန်သည်။

ဘိုးဘိုးကြီးက ဒစ်ဗက်ဟု သူခေါ်သော မြေကြီးမှ တုတ်ချက်ရာကို စိုက်ကြည့်နေသည်။ ထိုနောက် သံတုတ်အရွက်ကို ကြည့်သည်။ သံတုတ်ရွက်ပေါ်မှ မြေစမြေမှုန်များကို ယုယညင်သာစွာ ဖယ်ပစ်သည်။

သက်ပြင်းရှူဟန် ဘိုးဘိုးကြီး၏ ရင်ဘတ်ကြီး မြင့်တက်သွားသည်။

ခေါင်းကြီးကိုလည်း ဖြည်းညင်းစွာ ခါနေ၏။

ဥဒ္ဓမ္မရဒေဝီ။ ရှင်ဘို့မယ်။

ကျွန်တော်က ချက်ချင်း စိတ်ဆုံးဖြတ်လိုက်ပြီး ခြံတွင်းသို့ ဆင်းခဲ့၏။ မျက်နှာကိုလည်း ရွှင်ရွှင်ထားပြီး ဘိုးဘိုးကြီးအနီးသို့ ကပ်လာခဲ့၏။

"ဘိုးဘိုးကြီးက ရှင်ဘို့မယ်ကို ရောင်းထုတ်တော့မလား"

"အား ... အဟင်း ... အဟေး"

"ဒါပေမယ့် ဘိုးဘိုးအသက်က ခုနစ်ဆယ့်ငါးနှစ်လဲ မပြည့်သေးဘူး"

"ဘာကွ"

"ဘိုးဘိုးကြီး ပြောဖူးတယ်လေ၊ ဂေါက်လောကက ဗက်တာရင် ဆိုတာ၊ ကျွမ်းကျင်သူ လက်ဟောင်းကြီးတွေ၊ အသက်ကြီးပေမယ့် အတွေ့အကြုံကြီးသူ ဘိုးဘိုးကြီးကပြောတယ်၊ လူကြီး သူမ အားကစားသမားတဲ့၊ ဟုတ်တယ် မဟုတ်လား"

"အင်း ... အင်း"

"အသက် ခုနစ်ဆယ်အထိ ကစားနိုင်တဲ့ ဗက်တာရင်ရှားတယ်တဲ့၊ ဘိုးဘိုးကြီးကတော့ အနည်းဆုံး ခုနစ်ဆယ့်ငါးနှစ်၊ ဖြစ်နိုင်ရင် အသက်ရှစ်ဆယ်အထိ ကစားပြပြီး ဗက်တာရင် စံချိန်ချိုးမယ်တဲ့၊ ငါ့နာမည် ဘိုးလွှမ်းတဲ့"

www.burmeseclassic.com

www.burmeseclassic.com


ဘိုးဘိုးကြီး ငိုင်နေ၏။ ဘာမျှ ပြန်မပြော။

“နိုင်ကတော့လေ၊ ဘိုးဘိုးကြီးကို စံချိန်ချိုးစေချင်တယ်”

ဘိုးဘိုးကြီး မလှုပ်။

“နိုင့်ကြောင့် ဘိုးဘိုးကြီး ရည်မှန်းချက် ဖျက်ပစ်ရတယ်ဆိုရင် နိုင် တစ်သက် စိတ်ကောင်းတော့မှာ မဟုတ်ဘူး၊ သိလား”

“နိုင့်ကြောင့်လို့ ဘယ်သူပြောသလဲ”

ဤအသံကမူ ကျားကြီးဟိန်းသံနှင့် တူနေ၏။

ကျွန်တော်က ဘိုးဘိုးကြီး၏ လက်ဖျံတုတ်တုတ်ကြီးကို ဆုပ်ကိုင်လိုက်သည်။

“နိုင် ရိပ်မိတာပေါ့၊ ဟောဟိုမှာ သွားထိုင်ရအောင်၊ ဘိုးဘိုးကြီးနဲ့နိုင် တိုင်ပင်စရာ ရှိတယ်”

“တိုင်ပင်စရာရှိတယ်”

“ရှိတယ်၊ ဇက်တာရင်အဖြစ်နဲ့”

“ဇက်တာရင်”

“ဟုတ်ကဲ့၊ ဘဝဇက်တာရင်အဖြစ်”

“ဘဝဇက်တာရင်”

ကျွန်တော်က ပြုံးပြီး ခေါင်းညိတ်ပြ၏။

ဘိုးဘိုးကြီးကို ခြံတွင်းရှိ ခုံတန်းရှည်လေး တစ်ခုဆီ ကျွန်တော် ဆွဲခေါ် လာခဲ့သည်။

ခုံတန်းပေါ် ထိုင်မိကြမှ ဘိုးဘိုးကြီးက စပြောသည်။

“နိုင် ပြောတာ ဆန်းတယ်၊ ဘဝဇက်တာရင်၊ ဘိုးဘိုးကြီးတစ်ခါမှ မစဉ်းစားမိသေးဘူး၊ ဘဝမှာ ကျဆုံးသွားတဲ့ လူတွေရှိတယ်၊ ဘဝက အဲ… ကက်ဇူး အဲလ်တီတွေ ယူဆီး”

ကျွန်တော် ခေါင်းညိတ်ပြ၏။

“အဲ…နိုင်ပြောသလို ဘဝ ဇက်တာရင်တွေလည်း ရှိတယ်၊ သူတို့က မသေဘူး၊ ဘယ်တော့မှ မသေဘူး၊ စာရှိတယ်၊ ဓားနဲ့ထိုး၊ ဓားကျိုးလို့ လှံချွေ၊ ပြောင်နာဂ်ံဆင်များ မင်းတောင်၊ နင်းလို့ မသေ၊ ကုန်းမှာတစ်ထွေ၊ ရေမှာတခြား၊ ပဒုမ္မာရွှေကြာပန်းလို၊ လန်းတဲ့ ယောကျ်ား၊ ဟား… ဟား၊ အေး… အေး”

“ဘိုးဘိုးကြီးလည်း မက်ဆိုပိုတေးမီးယားမှာ မသေခဲ့ဘူး၊ ဘာတဲ့၊ ဟိုင်ငင်း အနောက်မြောက်နယ်ခြားဒေသ”

www.burmeseclassic.com

www.burmeseclassic.com



"နော့ဝ် ဝက်စ်တ် ဖရန်တီယာ"

"အဲ... အဲဒီမှာလည်း မသေခဲ့ဘူး"

ဘိုးဘိုးကြီးက ပြုံးပြုံးကြီး ခေါင်းညိတ်ပြ၏။

"ဘိုးဘိုးကြီး"

"ဟေး..."

"မြန်မာပြည် ပြန်ရောက်တော့ ဘာဖြစ်သလဲ၊ အဲတာတွေ ပြောပြဦးမယ်ဆို"

"အား...နိုင်က နားထောင်ချင်လို့လား"

"သိပ် နားထောင်ချင်တာပေါ့"

"ဘိုးဘိုး ဘယ်သူ့ကိုမှ မပြောပြရသေးဘူး"

"ခု နိုင့်ကို ပြောပြလေ"

"မျက်နှာဖြူကောင်တွေကို ဘိုးဘိုးကြီးက ဆလံမပေးချင်တော့ဘူး"

"ဟုတ်ကဲ့"

"ဘိုးဘိုးကြီးက မက်ဆိုပိုတေးမီးယား လိုက်သွားတော့ ကိုးတန်းအောင်ပြီးပြီ၊ ပြန်လာရင် ကော်မရှင်ရမလားလို့၊ ကင်းစ်ကော်မရှင် နားလည်လား"

ကျွန်တော်က ခေါင်းခါပြ၏။

"အဲဒီတုန်းက မြန်မာပြည်ရော၊ ကုလားပြည်ရော အင်္ဂလိပ်အောက်မှာ နိုင်ရ၊ အင်္ဂလိပ်စစ်တပ်မှာ အရာရှိနှစ်မျိုးရှိတယ်၊ မျက်နှာဖြူ အရာရှိတွေကို ကင်းစ်ကော်မရှင်လို့ ခေါ်တယ်၊ ကင်းဆိုတာက ဘုရင်၊ အင်္ဂလိပ်ဘုရင်၊ ကော်မရှင်ဆိုတာက ဟိုဒင်း၊ အဲခန့်ထားတာ၊ ဘုရင်က ခန့်ထားတာ၊ မျက်နှာညို မျက်နှာမည်း အရာရှိတွေကို ဗိုင်ဆရွိုင် ကော်မရှင်လို့ ခေါ်တယ်၊ ဗိုင်ဆရွိုင်ဆိုတာ အိန္ဒိယဘုရင်ခံချုပ်ကိုခေါ်တာ၊ အဲ သူက ခန့်ထားတာ၊ ယူဆီး"

ကျွန်တော်က ခေါင်းညိတ်ပြ၏။

"ကင်းစ်ကော်မရှင်က မြင့်တယ်၊ အခွင့်အရေး ပိုကောင်းတယ်။ ဗိုင်ဆရွိုင်ကော်မရှင်က နိမ့်တယ်၊ တက်လမ်းလည်း သိပ်မရှိဘူး။ လူတန်းစားခွဲထားတာ၊ အဲဒါကို တို့မျက်နှာညို မျက်နှာမည်းတွေက မကြိုက်ဘူး၊ ကုလားထဲက လက်တစ်ဆုပ်စာလောက် ကင်းစ်ကော်မရှင်ရတဲ့ လူတော့ ရှိပါရဲ့၊ မြန်မာထဲကတော့ တစ်ယောက်နှစ်ယောက်လောက်ပဲရှိတယ်၊ ဒီတော့ ကုလားပြည်မှာ ပွစိပွစိ ဖြစ်နေတယ်၊ ပထမကမ္ဘာစစ်ဖြစ်တော့ ကုလားစစ်သားတွေ အများကြီး အင်္ဂလိပ်တွေ သုံးရတယ်၊ အဲ...အဲဒီမှာ "အစ်ဆလင်တန် ကော်မရှင်"တို့ "မွန်တော့ဂူခင်းမ်

www.burmeseclassic.com


ဖို့ဒ်" ကော်မရှင်တို့ ပေါ်လာတာပဲ"

"အရာရှိတွေလား"

"ထက်သရီး၊ ဘယ်ကလာ အရာရှိတွေရမလဲ၊ မျက်လှည့်အဖွဲ့တွေ"

"မျက်လှည့်အဖွဲ့တွေ"

"အေး... ဟေး ဟေး၊ အင်္ဂလိပ်ဆိုတဲ့ ကောင်တွေက မျက်လှည့်တော်တယ်ကွ၊ ကိုလိုနီတွေမှာ ပွစိပွစိ လှုပ်တုတ်လှုပ်တုတ်ဖြစ်လာရင် နိုင်ပုံမပေါ်ရင် ဘိလပ်ကနေ ချွေးသိပ်ဖို့အဖွဲ့ တစ်ဖွဲ့ လွှတ်လိုက်တာပဲ၊ ဟို လိုက်စုံစမ်း၊ ဒီလိုက်စုံစမ်း၊ ပြီးတော့ အကြံဉာဏ်ပြုတဲ့ အစီရင်ခံစာဆိုတာ ရေးကြတာပဲ၊ ချွေးသိပ်မယ့်၊ လူကြားကောင်းတဲ့ အကြံဉာဏ်တွေ ဘာတွေပေးကြတာပေါ့၊ အသေးအဖွဲ လိုက်လျောမှုလေးတွေ ဘာတွေပေးကြတယ်၊ ဒီကောင်တွေ လူလည်ကွ"

ဘိုးဘိုးကြီးသည် စဉ်းစားသယောင် ငြိမ်နေသည်။ တစ်စုံတစ်ရာကို ရေတွက်သည့်ပမာ သူ့လက်ချောင်းတုတ်တုတ်ကြီးများကို ချိုးလျက် ရေတွက်နေသည်။

"အင်ဆလင်တန် ကော်မရှင်က ၁၉၁၂ မှာ လာတာ၊ ဘိုးဘိုး မမီဘူး၊ မွန်တေဂုတို့ လာတာက ၁၉၁၇ ခုနှစ်မှာ၊ နောက်တစ်နှစ်ကျတော့ သူတို့ အစီရင်ခံစာ ထွက်လာတယ်၊ အဲဒီကျတော့ ဘိုးဘိုးကြီး အိန္ဒိယမှာရှိတယ်၊ သူတို့က ကိုလိုနီတွေမှာရှိတဲ့ အထက်တန်းအရာရှိ သုံးဆယ့်သုံးရာခိုင်နှုန်းကို ဘိလပ်က စစ်တဲ့ စာမေးပွဲအောင်ရင် တိုင်းရင်းသားတွေထဲက ခန့်ဖို့၊ တချို့တလေကိုလည်း လက်အောက်ဝန်ထမ်းထဲကနေ တိုးမြှင့်ခန့်ထားဖို့ စတာတွေ အကြံပေးကြတယ်၊ ဒါ အစိုးရအရာရှိအားလုံးအတွက် ပြောတာ၊ စစ်တပ်မှာတော့ (၁၉၁၈) ခုနှစ်တည်းက ပညာအဆင့်အတန်းမီရင် မျက်နှာညိုမျက်နှာမည်းတွေကို ဘိလပ်က "ဆင်းဒ်ဟားစ်တ်" စစ်တက္ကသိုလ် တက်ခိုင်းပြီး ကင်းစ်ကော်မရှင်ပေးတယ်၊ အဲဒါကို တိုက်ရိုက်ရွေးတာ ခေါ်တယ်၊ တချို့တလေကိုတော့ တိုက်ရည်ခိုက်ရည် ကြည့်ပြီး အောက်အဆင့်ကနေ ရာထူးတိုးပေးပြီး ကင်းစ်ကော်မရှင်ပေးတယ်၊ သိပ်အသက်ကြီးတဲ့ လူတွေကိုတော့ အွန်နရဲရီ ကင်းစ်ကော်မရှင်ဆိုတာ ပေးတယ်၊ ဟိုဒင်း ဂုဏ်...ဂုဏ်...ဂုဏ် ဘာဖြစ်သလဲ"

"ဂုဏ်ထူးဆောင်လား"

"ရိုက်တ်၊ ဂုဏ်ထူးဆောင် ကင်းစ် ကော်မရှင်ပေးတယ်၊ နောက်တော့ အကြာကြီးနေမှ"

www.burmeseclassic.com

www.burmeseclassic.com


ဘိုးဘိုးကြီးသည် သူ့လက်ချောင်းကြီးများကို ချိုး၍ ရေတွက်နေပြန်၏။

"အဲ...နောက်တော့ (၁၉၃၂) ကျမှ အိန္ဒိယမှာတွင် ဒရဒ္ဒွန်းဆိုတဲ့ စစ်တက္ကသိုလ်တစ်ခု ထောင်ပေးတယ်၊ အဲဒီက ဆင်းတဲ့ လူတွေကိုလည်း ကင်းစ်ကော်မရှင်ပေးတယ်"

"ဘိုးဘိုးကြီးက ၁၉၃၂ ခုအထိ အိန္ဒိယမှာ နေခဲ့တာပေါ့ ဟုတ်လား"

"ဟုတ်ဘူးလေ၊ ဘိုးဘိုးကြီးက ၁၉၂၀ တည်းက ပြန်လာတာ၊ အဲဒီမှာနေတုန်းက အင်္ဂလိပ်တွေ မျက်လှည့်ပြတာ တွေ့ဖူးခဲ့တာ၊ မျက်လှည့်ပြတာကို ခံတဲ့လူလည်း ခံတယ်၊ မခံတဲ့လူလည်း မခံဘူး၊ မဟတ္တမဂန္ဒီတို့၊ စီအာရ်ဒတ်စ်တို့ ၊ မိုတီလာနေရူးတို့၊ အံမယ် သူတို့က "ဆွရာဂျ"ဆိုတာလုပ်နေတယ်ကွ"

"အဲဒါက ဘာလဲ"

"ဆယ့်လ်ဖ်ရူးလို့ ခေါ်တယ်၊ ကိုယ်ပိုင်အုပ်ချုပ်ရေးပေါ့ကွ၊ အင်္ဂလိပ်ကို ဆလံမပေးဘူးပေါ့၊ ဘိုးဘိုးကြီးက သိပ်သဘောကျသွားတယ်၊ ကုလားအမည်းတွေကတောင် ကုလားအဖြူတွေကို ဆလံမပေးချင်တော့ဘူး၊ ဘိုးလွမ်းကကော ဘာဖြစ်လို့ ဆလံပေးရမှာလဲ၊ ယူ အန်ဒါ စတင်းဒ်"

ကျွန်တော် ခေါင်းညိတ်ပြ၏။

"ဟေဟေး၊ သောက်ကျိုးနည်းကွာ၊ တို့မြန်မာပြည်မှာလည်း ကုလားဖြူကို ဆလံမပေးတဲ့လူတွေ ပေါ်နေပြီ"

"မြန်မာတွေ"

"ဟင်...ဟင်း၊ ပထမ သပိတ်ကြီး မှောက်တဲ့လူတွေ၊ သူတို့က ကျွန်ပညာ ရေးတဲ့၊ အင်္ဂလိပ်ကျွန် မလုပ်ဖူးတဲ့"

ကြားဖူးသော သမိုင်းဖြစ်သောကြောင့် ကျွန်တော်က ခေါင်းတဆတ်ဆတ် ညိတ်ပြ၏။

"ဘိုးဘိုးကြီးက အဲဒီတုန်းက ငယ်သေးတယ်၊ နိုင်ငံရေးလည်း သိပ်နားမလည်ဘူး၊ ကင်းစ် ကော်မရှင် ရရင်တော့ မဆိုးဘူး၊ ကိုယ်လည်း ဆလံအပေးခံရမယ်၊ ဒါလောက်ပဲတွက်တယ်၊ ဒါပေမယ့် သူတို့က ဘိုးဘိုးကြီးတို့ကို ကင်းစ်ကော်မရှင် မပြောနဲ့ ဗိုင်ဆရွိုင် ကော်မရှင်တောင် မပေးဘူး၊ အဲသူတို့ ဖွဲ့ပေးထားတဲ့ ပုလိပ်အဖွဲ့ထဲ ဝင်ရင်တော့ အရာရှိလေး ဘာလေးဖြစ်တယ်၊ ဒါပေမဲ့ ဘာထူးသလဲ၊ ကိုယ့်အထက်မှာ ဆလံပေးရမယ့် မျက်နှာဖြူတွေ၊ ကပြားတွေ၊ ဘိုကြက်ချေးတွေ အများကြီးပဲ၊ ဒီတော့ ဘိုးဘိုးကြီးက စဉ်းစားတယ်၊ မျက်နှာဖြူကောင်တွေကို ဆလံမပေးရတဲ့ အလုပ်ဘာရှိသလဲ၊ အဲ ရုံးမင်းဖြစ်ရင် ဆလံမပေး

www.burmeseclassic.com

www.burmeseclassic.com


ရဘူး၊ သူ့ကိုသာ လူများက ဆလံပေးရတာ"

"ရှုံးမင်း"

"ရိုက်တ်၊ မက်ဂျစ်စကြိတ်၊ တရားသူကြီးတို့ စက်ရှင်မင်းကြီးတို့၊ အဲ... ဆလံမပေးရတဲ့ အလုပ်တစ်ခုလည်းရှိသေးတယ်၊ လော်ယာ လော်ယာ"

"ခင်ဗျာ"

"ရှေ့နေတို့၊ ဝတ်လုံတို့၊ အံမယ် သူတို့ကျတော့ စွာလဲ စွာသကွ"

"ဟုတ်ကဲ့"

"ခက်တာက ရှုံးမင်းဖြစ်ဖို့၊ လော်ယာဖြစ်ဖို့က စာတတ်ရတယ်ကွ၊ ဒါနဲ့ ဘိုးဘိုး အင်္ဂလိပ် စစ်တပ်ကထွက်ပြီး ဆယ်တန်းဝင်ဖြေတယ်၊ စုထားတဲ့ ငွေလေး ဘာလေးလည်းရှိတော့ ဆယ်တန်းအောင်အပြီးမှာ ကောလိပ်ဆက်တက်တယ်၊ အိုင်အေလဲအောင်ရော ပိုက်ဆံလည်း မရှိတော့ဘူး"

"ဟင်"

"ပိုက်ဆံနည်းနည်းပါးပါးတော့ ကျန်သေးတာပေါ့ကွာ၊ ဒါနဲ့ ဘိုးဘိုးကြီး ရှေ့နေစာမေးပွဲ ဝင်ဖြေပြီး ရှေ့နေလုပ်တယ်၊ အထက်တန်းရှေ့နေ၊ မဆိုးဘူးကွ၊ အဲ...ကံဆိုးချင်တော့ ကြိုက်တဲ့မိန်းမ တွေ့ရောကွာ"

"ခင်ဗျာ"

"နိုင့် ဘွားဘွားကြီးလေ၊ ဘွားဘွားကြီးက မင်းကတော် လုပ်ချင်တယ်၊ သူတို့အမျိုးက ဘုရားထူးခံမျိုးတဲ့၊ သောက်ကျိုးနည်းကွာ၊ နိုင့်ကို ဘိုးဘိုးကြီး ပြောတာ မှတ်မိလား"

"ဘာလဲ ဘိုးဘိုးကြီး"

"အရူးတကာ့အရူးထဲမှာ အချစ်ရူးဟာ သောက်သုံးမကျဆုံးပဲဆိုတာ"

"အား အင်း မှတ်မိတယ်"

"ဘိုးဘိုးကြီးလည်း ရူးဖူးတာပဲ နိုင်ရ၊ ရူးဖူးလို့ ဒီစကားပြောတာပေါ့၊ ယူဆီး၊ ဘိုးလွှမ်း ဘိုးလွှမ်း၊ အဲ...ဘိုးနိုင် ဘိုးနိုင်နဲ့ မမင်းသုံကိုတော့ အရှုံးပေးခဲ့ရတယ် မောင်၊ အဲဒီတုန်းက ဘိုးဘိုး ခုနင်ကပြောခဲ့တဲ့ မွန်တေဂူချမ်းဖို့ဒ် အစီရင်ခံစာတို့၊ နောက် ၁၉၂၄ ခုနှစ် လီးကော်မရှင် အစီရင်ခံစာတို့အရ ကုလားပြည်နဲ့ မြန်မာပြည်မှာ တိုင်းရင်းသားတွေထဲကနေ အုပ်ချုပ်ရေး အရာရှိတွေ တိုးခန့်နေတယ်၊ အိုင်အေအောင်ထားတာကော၊ မက်ဆိုပိုတေးမီးယား လိုက်ဖူးတာရော ပြပြီး ဘိုးဘိုးကြီး ဝင်လျှောက်တော့ သပြုသီးမြို့ပိုင်ရတယ်"

"သပြုသီးမြို့ပိုင်"

www.burmeseclassic.com

www.burmeseclassic.com


"အဟဲ လက်ထောက်မြို့ပိုင်ကို ပြောတာ၊ လက်ထောက်ကို အင်္ဂလိပ်လို ဒက်ပျူတီးလို့ခေါ်တယ်၊ ဒက်ပျူတီကို မြန်မာတွေက အနီးစပ်ဆုံး အသံထွက်လိုက်တော့ သပြေသီးဖြစ်သွားတာပေါ့၊ အရင်တုန်းက အဲဒါမျိုးတွေ အများကြီးရှိတယ်၊ စမော်ကော် တရားသူကြီးတို့၊ ကော်လိုက်တော်အရာရှိတို့၊ ရေစစ်စလီ အရာရှိတို့၊ ပြီစီဒင်တို့၊ အခုလည်း ဘိုးဘိုးကြီးက သပြေသီးမြို့ပိုင်၊ အဟဲ...ဟဲ...ဟဲ"

နောက်ပြောသော အမည်တို့မှာ ဘာတွေမှန်း မသိသော်လည်း ဘိုးဘိုးကြီး ပြောပုံမှာ ရယ်ဖွယ်ကောင်းသောကြောင့် ကျွန်တော်လည်း လိုက်ရယ်၏။

"သပြေသီးမြို့ပိုင်ကနေ မြို့ပိုင်၊ မြို့ပိုင်ကနေ နယ်ပိုင် အဲ...နယ်ပိုင်လည်း ဖြစ်ရော ပြုတ်ရော"

"ခင်ဗျာ"

"အဲဒီတုန်းက မြို့ပိုင်တွေ၊ နယ်ပိုင်တွေ၊ အရေးပိုင်တွေ စတဲ့ အရာရှိတွေ နယ်လှည့်ရင် တည်းတဲ့ ဘိုတဲဆိုတာ ရှိတယ်၊ တချို့က မင်းတဲလို့လည်း ခေါ်တယ်"

"ဧည့်ရိပ်သာလိုဟာမျိုးလား"

"အား ဟုတ်တယ်၊ တစ်နေ့မှာ ဘိုးဘိုးကြီးက တာဝန်နဲ့ နယ်လှည့်ရင်း ဘိုတဲမှာ တည်းနေတယ်၊ ဒီဘိုတဲက တစ်ဘက်ဒီစတြိတ် ဟိုဒင်း ခရိုင်လို့ခေါ်တယ်၊ ခရိုင်ဆိုတာက မြို့နယ်ထက်ကြီးတယ်၊ ခရိုင်ကိုအုပ်ချုပ်တဲ့လူကို အရေးပိုင်လို့ အဲဒီတုန်းက ခေါ်တယ်၊ လွတ်လပ်ရေးရပြီးတော့ ခရိုင်ဝန်လို့ ခေါ်တယ်၊ အင်္ဂလိပ်လိုတော့ ဒီစီလို့ ခေါ်တယ်၊ ဒိစကြိတ် ကော်မရှင်နာပေါ့"

"ဟုတ်ကဲ့"

"ဘိုးဘိုးကြီးတည်းတဲ့ ဘိုတဲက ပဲခူးရိုးမအစပ်မှာရှိတော့ အမဲလိုက်တဲ့ မျက်နှာဖြူအရာရှိတွေ လာလာတည်းလေ့ရှိတယ်၊ အဲဒါ ဟိုဘက် ဒိစတြိတ်က မျက်နှာဖြူအရေးပိုင် ဒီစီက အမဲလိုက်ဖို့ရောက်လာတယ်၊ ဘိုးဘိုးကြီးက အရင်ရောက်နှင့်တော့ အကောင်းဆုံးအခန်း ယူထားတာပေါ့၊ အဲဒါ အဲဒီ ဒီစီက ဘိုးဘိုးကြီးကို အခန်းရွှေ့ခိုင်းတယ်၊ ဘိုးဘိုးကြီးက ဘာဖြေတယ် မှတ်သလဲ"

"ဟုတ်ကဲ့"

"ဂိုးတူဟဲလ်လို့"

"ခင်ဗျာ"

"ငရဲပြည်ကိုသွားလို့၊ အဲဒါ အင်္ဂလိပ်လို ဖင်ခေါင်းမကျယ်နဲ့လို့ ပြောလိုက်တာ၊ အဟက်...ဟက်ဟဲ"

www.burmeseclassic.com

www.burmeseclassic.com


"အဲ ဒီတော့"

"စကားများကြတာပေါ့၊ သူက ဘိုးဘိုးကြီးကို ဒမ်ဘလဒ်ဒီဖူလ်းလို့ အော်တယ်"

"အဲဒါ ဘာပြောတာလဲ"

"ဒမ်ဆိုတာက ကျိန်ဆဲတာ၊ ဘလဒ်ဒီဆိုတာလည်း ဆဲတာ၊ ဖူးလ်ဆိုတာကလည်း ဆဲတာ"

"အဲဒီတော့"

"ဘိုးဘိုးကြီးက သူတို့စစ်တပ်ထဲ နေလာတာ၊ ကောင်းကောင်း ပြန်ဆဲတာပေါ့၊ ယူဂေါ့ဒ်ဒင်မ်ဘတ်စတတ်ဒ် လို့၊ ဟား … ဟား … ဟား"

"အဲဒါကကော"

"နိုင်ရ၊ မဆဲချင်နေ ဆဲရင် နာအောင် ဆဲတတ်ရတယ်၊ ဂေါ့ဒ်ဒင်မ်ဒ်ဆိုတာက ဘုရားသခင် ရှုံ့ချ ပစ်ပယ်ထားတယ်လို့ အဓိပ္ပာယ်ရတယ်၊ ဘတ်စတတ်ဒ်ဆိုတာက မိမစစ်ဖမစစ်က မွေးထားတာလို့ အဓိပ္ပာယ်ရတယ်၊ ဒီကောင်တွေ သိပ်နာတဲ့စကား၊ တိုက်ဆိုင်ချင်တော့ ဒီကောင်က ဘိလပ်မှာ မွေးတဲ့ကောင်မဟုတ်ဘူး၊ ကုလားပြည်မှာ မွေးတဲ့ကောင်၊ ဒီကောင်တွေ ဘယ်လောက်လူတန်းစား ခွဲတယ်မှတ်သလဲ၊ မျက်နှာဖြူချင်း တူတာတောင်မှ ဘိလပ်မှာမွေးတဲ့ကောင်နဲ့ ကျွန်လုပ်ထားတဲ့ နိုင်ငံမှာ မွေးတဲ့ကောင်ဆိုပြီး ခွဲခြားတာ"

"အဲ ဒီတော့"

"ငနဲက ဘိုးဘိုးကို လက်သီးနဲ့ ထိုးတယ်"

"အို …"

"ဘယ်ရမလဲ၊ ဘိုးဘိုးက ဘောင်စင်လည်းတတ်တယ်၊ ဘောလုံးလည်း ကန်ဖူးတယ်၊ သူထိုးတာကိုရှောင်ပြီး ငနဲသားခွဆုံကို ခြေဖျားနဲ့ ခတ်လိုက်တာ ဟား … ဟား၊ ငနဲမတ္တာဘင် ဖြစ်သွားတာပေါ့"

"ခင်ဗျာ"

"နိုင်က မော်လမြိုင်ကလာတာပဲ ဒီဘက်ကမ်းကို ဘာခေါ်လဲ"

"မုတ္တမ"

"အဟဲ မုတ္တမကို အင်္ဂလိပ်တွေက မတ္တာဘင်လို့ ခေါ်တယ်နိုင်ရ"

ကျွန်တော် ခေတ္တစဉ်းစားယူရ၏။

သဘောပေါက်၍ ကျွန်တော်ရယ်သောအခါ ဘိုးဘိုးကြီးလည်း လိုက်ရယ်၏။

www.burmeseclassic.com

www.burmeseclassic.com


"အဲဒီနောက်တော့ကော"

"လက်အောက်ကလူတွေ ဝင်ဖျဉ်ကြ ဆွဲကြလို့ လူချင်းကွဲသွားတာပေါ့ နောက်တစ်နေ့မနက်ကျတော့ ရုက်လို့ထင်တယ်၊ ငနဲက အစောကြီး မြို့ပြန်သွားတယ်၊ ဘိုးဘိုးကြီးကတော့ အေးအေးဆေးဆေးပဲ၊ ကိုယ့်ကိစ္စပြီးမှ ကိုယ့်မြို့ပြန်လာခဲ့တယ်၊ မကြာပါဘူးကွာ၊ အင်ကွာရီ ကော်မရှင်ဆိုတာ လာတော့တာပဲ"

"စုံစမ်းစစ်ဆေးရေးအဖွဲ့ပေါ့၊ ဟုတ်လား"

"ဟုတ်တယ်"

"အဲဒီတော့"

"ထုံးစံအတိုင်း နည်းနည်းတော့ ကြာတာပေါ့၊ ပြီးတော့မှ ဘိုးဘိုးကြီးကို အပြစ်ရှိတယ်ဆိုပြီး ရာထူးတစ်ဆင့်လျှော့ပြီး တောကျတဲ့ မြို့တစ်မြို့ကို ရွှေ့ပစ်တယ်၊ တစ်နှစ် ကောင်းကောင်းမွန်မွန် နေထိုင်ရမယ်လို့လည်း သတိပေးတယ်၊ ဘိုးဘိုး ဘာလုပ်တယ်ထင်သလဲ"

"ပြောပြလေ"

"အလုပ်က တစ်ခါတည်း ထွက်လိုက်တယ်၊ မမင်းသုံကို သူ့မိဘတွေဆီ ခဏပြန်ပို့ထားပြီး ဘိုးဘိုးက ကောလိပ် ပြန်တက်တယ်၊ ဘီအေအောင်တော့ ဘီအယ်လ်ပြန်ဆက်တက်ပြီး ဘိုးဘိုးသိပ်လုပ်ချင်တဲ့ ရှေ့နေလုပ်တယ်၊ ဘွဲ့ရပြီးပြီဆိုတော့ ဝတ်လုံတော်ရလို့ ခေါ်တယ်၊ အောင်မြင်ပြီး နာမည်ကြီးမှ မမင်းသုံကို သူ့မိဘတွေဆီက ပြန်ခေါ်ရတာ"

"အဲဒါတွေ လုပ်တော့ ဘွားဘွားကြီးက ဘာမှမပြောဘူးလား"

"ဒီတစ်ခါတော့ မပြောဘူးကွ၊ အားတောင် အားပေးသေးတယ်၊ အဲဒီလိုဆိုတော့လည်း နိုင့် ဘွားဘွားကြီးက မဆိုးဘူး၊ သူ့မှာလည်း ဇာတိမာန်ဆိုတာ ရှိတယ်"

ကျွန်တော်လိုချင်သော အကွက်ဆီ ရောက်လာပြီဖြစ်သောကြောင့် ကျွန်တော်က မေး၏။

"ဘိုးဘိုးကြီးက သိပ် သဘောကောင်းတာပဲ၊ ဘဝလမ်းကို ပစောက်ကွေ့ ပြန်ကွေ့တာနော်"

"ဘာရယ်၊ ဘာကွေ့"

"ယူဘန်း(န်)"

"ယူဘန်း(န်)၊ အေး ဟေး ဟေး၊ ယူဘန်း(န်)၊ ကွေ့ရတာ တွေ့ကာ မလွယ်ဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com


"ဒါပေမဲ့ အဲဒီနောက်ပိုင်းမှာ ဘိုးဘိုးကြီး ကိုယ့်ဘဝနဲ့ကိုယ် ပြန်ရန်ဖြစ်မိသေးသလား"

"ဘာပြောတယ်"

"ကိုယ်ရွေးချယ်လိုက်တဲ့ဘဝကို မကျေမနပ် ဖြစ်ပြီး မှားလေခြင်းဆိုတဲ့ နောင်တ၊ ငါ့ကိုယ်က အသုံးမကျတာ၊ ဘယ်သူမပြု၊ မိမိမှု၊ ငါ့ထိုက်နဲ့ငါ့ကံ၊ ငါခံဆိုပြီး ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေမိရတဲ့အဖြစ်၊ အဲဒါမျိုး ဘိုးဘိုးကြီး ကြုံရသလား"

ဤမေးခွန်းကိုမူ ဘိုးဘိုးကြီးက မျက်လုံးကြီးပြူးပြီး သူ့ဝသီအတိုင်း အင်္ဂလိပ်ဘာသာစကားနှင့် ငြင်းပယ်၏။

"အိုး နိုး၊ နဲဗား"

"ဘိုးဘိုးကြီး ရွေးလိုက်တဲ့ ဘဝမှာ ဘိုးဘိုးကြီးပျော်တယ်ပေါ့–

"အို ပျော်၊ သိပ်ပျော်၊ ဘိုးလွှမ်းတို့ အိုမှန်းတောင် မသိလိုက်ဘူး၊ ယူနိုး"

"ဘိုးဘိုး"

"ဟင်း"

"ဘိုးဘိုးကြီးလို နိုင်ဖြစ်ချင်တယ်"

"နိုင်ကလဲ ဝတ်လုံဖြစ်ချင်တာပဲလား"

"ဟင့်အင်း"

"ဆရာဝန်ရော"

ကျွန်တော်က ခေါင်းအသာ ခါပြ၏။

"အေ၊ ဆရာဝန်မဖြစ်ချင်ဘူး၊ အခု လူတွေက ဆရာဝန် သိပ်ဖြစ်ချင်ကြတာ၊ နေဦး၊ ဘိုးဘိုးပြောဦးမယ်၊ မင်း ဟို ကောင်မလေး ဘယ်သူ"

ကျွန်တော်က ဘိုးဘိုးကြီးကို စိုက်ကြည့်သောအခါ ဘိုးဘိုးကြီးက သူ့လက်တုပ်တုပ်ကြီးများကို ကသည့်ဟန် ချိုးပြ၏။

"ဝင့်ဝါလား"

"အေး ... အဟေး ဝင့်ဝါ၊ သောက်ကျိုးနည်း သူ့နာမည်ကလဲ၊ အဲ ... အဲဒီကောင်မလေးအဖေနဲ့ ဟိုတစ်နေ့ကတွေ့တယ်၊ သူက နိုင့်ကို ဆေးတက္ကသိုလ် လွှတ်ပါလားတဲ့၊ ဘိုးဘိုးကြီးတို့ မတတ်နိုင်ရင် သူ့သမီး သူငယ်ချင်းမို့ သူလဲ တတ်နိုင်သမျှ ကူညီပါ့မယ်တဲ့၊ ပညာတော်တဲ့ကလေးကို သူ အားပေးချင်သတဲ့"

ဘိုးဘိုးကြီးက မျက်တောင် ပုတ်ခတ်ပုတ်ခတ် လုပ်ပြီး ကျွန်တော့်ကို စိုက်ကြည့်နေသေး၏။

www.burmeseclassic.com

www.burmeseclassic.com


"ဒေါင်ရီ ယူဆီး"

"ခင်ဗျာ"

"ဒေါင်ရီ၊ ဒီ...အို...ဒဗ္ဗယ်ယူ...အာရ်...ဝိုင်၊ နိုင် ဒီစကား မကြားဖူးဘူးလား"

"ဟင့်အင်း"

"ကုလားတွေ အားကြီးလုပ်တယ်ကွ၊ ကုလားပြည်တုန်းက ဒီစကား ခဏခဏ ကြားဖူးတယ်၊ အစက အဲဒါ ကုလားစကားလို့ထင်တာ၊ နောက်မှ အင်္ဂလိပ်စကားမှန်း သိတာ၊ အား၊ ပြင်သစ်မှာလဲ ဒီစကားရှိတာပဲ၊ သူတို့ အကုန်လုံး လုပ်တယ်၊ ဒေါင်ရီလုပ်တယ်"

"အဲဒါ ဘာလုပ်တာလဲ"

"ဒေါင်ရီဆိုတာ သူတို့ ဥရောပမှာတော့ လက်ထပ်ရင်လင်ဖို့ မိန်းမက သယ်ယူလာတဲ့ ပိုက်ဆံတို့၊ ခနစည်းစိမ်တို့ကို ခေါ်တာ၊ ကုလားပြည်မှာတော့ သမီး လက်ထပ်ရင် သမက်အတွက် မိန်းကလေးဘက်က ပေးရတဲ့ ပိုက်ဆံကွ၊ အံမာ တို့ မြန်မာပြည်ကိုတောင် ကူးစက်လာသေးတယ်၊ ဘိုးဘိုးကြီးတို့ငယ်ငယ်က အိုင်စီအက်စ်ဆိုတာတွေ ခေတ်စားတယ်၊ အရေးပိုင်လောင်းတွေပေါ့ နိုင်ရ၊ အဲဒါ အိုင်စီအက်စ်လောင်းတွေကို သူဌေးတွေက ငွေနဲ့ပေါက်ဝယ်ပြီး သမီးနဲ့ ပေးစားကြတာ"

"အဲဒါနဲ့ ခုနင်က ဘိုးဘိုးပြောတာနဲ့ ဘာဆိုင်လို့တုန်း"

"ဆိုင်တယ်လေကွ၊ ဘိုးဘိုးတို့ ငယ်ငယ်က သီချင်းရှိတယ်၊ ကိုဘီအေ မြို့အုပ်လောင်းရယ် တုတ်တစ်ချောင်းနဲ့ လမ်းကို လျှောက်တယ်၊ ခေါင်းပေါင်းစ ရှည်လွန်း ရှည်လွန်းတယ်၊ အဟဲ အဲဒီလို၊ ဘီအေအောင်ဖို့က ကောလိပ်သွား ရတယ်၊ ဉာဏ်ကောင်းစာတော်ပြီး ဆင်းရဲတဲ့လူကို ချမ်းသာတဲ့လူက ပိုက်ဆံ ထောက်ပြီး ကောလိပ်တက်စေတယ်၊ မြို့အုပ် ဖြစ်လာတော့ သမီးနဲ့ပေးစားပြီး သမီးကို မြို့အုပ်ကတော်လုပ်စေတယ်"

ဘိုးဘိုးကြီး ပြောနေသည်ကို ကျွန်တော် နားလည်လာသည်။

မျက်နှာကို တည်တည်ထားပြီး ကျွန်တော် ငြိမ်နေ၏။

ဘိုးဘိုးကြီးက လေသံလျှော့ပြီး ဆို၏။

"ဆောရီး၊ နိုင့် ကောင်မလေး အဖေကို ဘိုးဘိုးက ဒီလိုတော့ မစွပ်စွဲပါဘူးလေ၊ ဖြစ်တတ်တဲ့ သဘာဝတွေကို ပြောပြတာ၊ ခုခေတ်လူတွေက ဆရာဝန် မက်တယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com


"နိုင် ဆရာဝန် မလုပ်ဘူးလို့ ဖြေပြီးပြီ"

"အင်ဂျင်နီယာကော"

"ဟင့်အင်း"

"ဘာလဲ၊ နှင်းမြစန္ဒာက ကျောင်းဆရာမလုပ်မယ် ပြောတယ်၊ နိုင်ကလဲ ဒီကောင်မလေးနဲ့ အတူတူဘီအီးဒီ သွားတက်မလို့လား"

"ဘိုးဘိုးကြီး"

"ဟေ"

"ဝင့်ဝါတို့ နှင်းတို့က နိုင့် ကောင်မလေးတွေ မဟုတ်ဘူး"

"နို့ ဘာလေးတွေလဲ"

"သူငယ်ချင်းတွေ၊ နိုင့် သူငယ်ချင်းတွေ"

"အား...အား"

"သူငယ်ချင်းတွေဖြစ်ဖြစ်၊ ကောင်မလေးတွေဖြစ်ဖြစ်၊ နိုင့် ဘဝလမ်းကြောင်းကို ရွေးချယ်တဲ့ နေရာမှာ သူတို့မပါဘူး"

"ဘယ်လို ဘယ်လို"

"ဘိုးဘိုးကြီးပဲ ပြောခဲ့တယ်လေ၊ အရူးတကော့ အရူးမှာ အချစ်ရူးဟာ အသုံးမကျဆုံးဆို"

"အား...အင်း...ဟုတ်တယ်"

"ပြီးတော့ ဘိုးဘိုးကြီးက ကိုယ်ရွေးချယ်ခဲ့တဲ့ ဘဝမှာ ကိုယ်ပျော်တယ်တဲ့၊ အိုမှန်းတောင် မသိလိုက်ဘူးတဲ့၊ ဒါတောင် ဘိုးဘိုးက နောက်ကျမှ ပစောက်ကွေ့ကွေ့ခဲ့ရတာနော်"

"အင်း...အင်း"

"နိုင်ကတော့ နောက်ကျမှ ပစောက်ကွေ့၊ ပြန်မကွေ့ချင်ဘူး၊ စတည်းက တည့်တည့်ဖြောင့်ဖြောင့် သွားမယ်"

"နေဦးလေ၊ နိုင်က ဘာဖြစ်ချင်တာလဲ"

"စာရေးဆရာ၊ ကဗျာဆရာ"

ဘိုးဘိုးကြီးသည် ထိုင်ရာမှ ထမရပ်ရုံတစ်မည်၊ ကျွန်တော့်ကို တုန်လှုပ်စွာ ကြည့်၏။

"ဘာပြောလိုက်တယ်"

"စာရေးဆရာ၊ ကဗျာဆရာ"

ဘိုးဘိုးကြီးက ယူကျုံးမရသည့် ဟန်မျိုးနှင့် ကျွန်တော့်ကို စိုက်ကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com


ပြီးမှ မေးသည်။

"နိုင် တကယ် ပြောနေတာလား"

"တကယ် ပြောနေတာ"

"အဲဒီ...အဲဒီ လမ်းဟာ တည့်တည့်ကြီး ဖြောင့်ဖြောင့်လျှောက်သွားရင် ချောက်ထဲကို တည့်တည့်ကြီးဖြောင့်ဖြောင့် ကျသွားနိုင်တာ နိုင် သိရဲ့လား"

"ခေတ်ကြီးက ပြောင်းခဲ့ပါပြီ ဘိုးဘိုး၊ တစ်ခုတော့ရှိတယ်လေ၊ နိုင့်မှာ မပြည့်စုံခင်၊ နိုင့်ရည်ရွယ်ချက် လမ်းမပေါ်မှာ နိုင် ခြေမချနိုင်ခင်၊ ဘိုးဘိုးတို့က နိုင့်ကို ဒီလမ်းပေါ်က မောင်းမချရင်"

ဘိုးဘိုးကြီးက ကျားဟိန်းသံကဲ့သို့ အော်၏။

"ငါ့မြေးကို ငါက ဘာလို့ မောင်းချရမှာလဲ"

ကျွန်တော်က ငြိမ်ငြိမ်ရပ်ပြီး ဘိုးဘိုးကြီးကို ကြည့်နေသည်။

ဘိုးဘိုးကြီးက တုန်တုန်ယင်ယင်နှင့် နေရာမှထသည်။ ခုံတုန်းရှည်မှ ဝေးရာ ခြံစပ်ဆီသို့ လျှောက်သွားပြီး ကျွန်တော့်ဘက် ကျောခိုင်းလျက် ရပ်နေ၏။

ကျွန်တော်ကလည်း နေရာတွင် ရပ်လျက် ဘိုးဘိုးကြီး၏ ကျောပြင်ကြီးကို ကြည့်နေသည်။

အတန်ကြာမှ ဘိုးဘိုးကြီးက ကျွန်တော့်ဘက် ပြန်လှည့်လျှောက်လာ၏။

ဘိုးဘိုးကြီး၏ လက်တစ်ဖက်က ကျွန်တော့်ပခုံးကို ကိုင်လာ၏။

ဘိုးဘိုးကြီး၏ မျက်လုံးများတွင် မျက်ရည်တွေ ပြည့်နေ၏။

"နိုင် နိုင်က ဘာလို့ ဒီစကားကို ပြောရတာလဲ"

ကျွန်တော်က မဖြေ။

"အဲဒီကိစ္စမှာ ဘိုးဘိုးမပါပါဘူးကွာ၊ မမင်းသုံခေါင်းမာတာ၊ သူ့မှာက အဲဒီတုန်းက မင်းကတော်အစွဲ မကုန်သေးဘူးကွ၊ သမီးတွေကို မင်းကတော်ပဲ သူ ဖြစ်စေချင်တယ်၊ အဲဒီတော့ အဲဒီတော့"

ဘိုးဘိုးကြီး စကားမဆက်နိုင်။ အတန်လေးကြာမှ ဝမ်းနည်းသံကြီးနှင့် ဆို၏။

"ဒါတောင် မိသင်းမြတ်ကို တို့နှင်မချပါဘူးကွာ၊ နိုင့်အမေ ငါ့သမီးကလဲ ခေါင်းမာတယ်၊ သူ့ဘာသာသူ အိမ်ပေါ်က ဆင်းသွားတာပါ၊ သူ့ဘဝကို သူ ရွေးသွားတာပါ။"

ဘိုးဘိုးကြီး ဤမျှ စိတ်ထိခိုက်သွားလိမ့်မည်ဟု ကျွန်တော် မထင်ခဲ့။ ယခုတော့ ကျွန်တော်လည်း စိတ်မကောင်း။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်က ဘိုးဘိုးကြီး၏ လက်ကို ကိုင်၍ စိတ်ပြေအောင် ပြောရသည်။

"နိုင် စကားမှားသွားတယ် ဘိုးဘိုး၊ ဟုတ်တယ်၊ မေမေ့ကို ဘိုးဘိုးကြီးတို့ အိမ်ပေါ်က မောင်းချတာ မဟုတ်ပါဘူး၊ ဖေဖေနဲ့မေမေက သူတို့ဘဝ သူတို့ ရွေးသွားတာပါ၊ ဒါပေမယ့် ဘိုးဘိုးပြောသလိုပဲ၊ သူတို့ဘဝက မအောင်မြင်ခဲ့ပါဘူး၊ မအောင်မြင်ဘူးဆိုတာထက် ပိုက်ဆံ မချမ်းသာခဲ့ဘူး၊ ဆင်းရဲခဲ့တယ်၊ အဲဒီလို ပြောရမယ်"

"ဒါကို နိုင် သိတယ်ပေါ့"

"သိပါတယ် ဘိုးဘိုး"

"သိရဲ့သားနဲ့ ဘာလို့ ဒီဘဝမျိုးကို နိုင် ရွေးချယ်မှာလဲ"

"အဲဒါကို နိုင် မပြောပြတတ်ဘူး၊ နိုင်သိတာ တစ်ခုရှိတယ်၊ ဖေဖေနဲ့မေမေ မြတ်နိုးတာကို နိုင် မြတ်နိုးတယ်၊ ဖေဖေ မအောင်မြင်ခဲ့တဲ့နေရာမှာ နိုင် အောင်မြင်အောင် လုပ်မယ်၊ နိုင် အောင်မြင်ရမယ်လို့လည်း ယုံကြည်တယ်၊ နိုင့်မှာ ဘိုးဘိုးကြီးလိုပဲ သတ္တိရှိတယ်၊ ပြီးတော့ ခေတ်ကြီးကလည်း ပြောင်းသွားပြီလို့ နိုင် ယုံတယ်"

"နိုင် ဒီစကားပြောတာ နှစ်ခါ ရှိပြီ၊ အဲဒါ ဘာပြောတာလဲ"

"စာရေးဆရာတွေ၊ ကဗျာဆရာတွေ၊ အနုပညာရှင်တွေမှန်သမျှ ဆင်းရဲတယ်၊ ငတ်တယ်ဆိုတဲ့ ခေတ်ကြီးဟာ ကုန်သွားပြီထင်တယ်၊ မချမ်းသာ တောင်မှ လူတန်းစေ့စေ့ တင့်တင့်တယ်တယ်လေး နေနိုင်ကြပြီထင်တယ်၊ အင်း… ကိုယ်ကလဲတော်အောင် ကြိုးစားရင်ပေါ့လေ"

"နိုင်က ကြိုးစားမယ်ပေါ့"

နိုင် အမြဲကြိုးစားနေတာ"

"ဒါဖြင့် နိုင် အခု ဘာလုပ်မလဲ"

"တောင်ကြီး ကောလိပ်မှာတင် မြန်မာစာ အဓိကယူပြီး နိုင် တက်မယ်၊ ပြီးတော့ အိမ်မှာ အန်တီတင့်တင့်ဆီကလည်း နိုင် အများကြီး သင်ယူစရာတွေ ရှိတယ်"

"တင့်တင့်က နိုင့်ကို ဘာသင်ပေးနိုင်လို့လဲ"

"အများကြီး သူ သင်ပေးနိုင်တယ်၊ အင်္ဂလိပ် ကဗျာ၊ စာပေ၊ သမိုင်း၊ ဖိလိုဆိုဖီ"

"တင့်တင့်က ဒါတွေ တကယ်တတ်လို့လား"

"တတ်လို့ သူ ဟိုဒင်း အပျိုကြီး လုပ် နေနိုင်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com


"ဘာဆိုင်လို့လဲ နိုင်ရ"

"ဘဝမှာ တစ်ကိုယ်တည်း နေနိုင်သူဟာ နှလုံးသား ပျော်မွေ့ဖို့ ကျက်စားစရာ နယ်မြေတစ်ခုခု ရှိရတယ်"

"ဘာပြောတယ် နိုင်"

"ပြီးတော့ ဘဝမှာ ဘာဖြစ်ခဲ့ ဖြစ်ခဲ့၊ အစားထိုး မြတ်နိုးစရာ အလှတစ်ခုခုကို ပိုင်ထားရသေးတယ်"

"နိုင် ဘာတွေ လျှောက်ပြောနေတာလဲ"

"နိုင် ဖတ်ဖူးတဲ့ ဘဝဆိုင်ရာ ဖီလိုဆိုဖီကို ပြောပြတာ"

"အဲဒါတွေလဲ မိတင့်က သင်ပေးတာလား"

"တစ်စိတ် တစ်ဒေသမှန်ပါတယ် ဘိုးဘိုးကြီး"

"နိုင်"

"ခင်ဗျာ"

"ဘိုးဘိုးကြီး ရှုးချင်သွားပြီ"

ဘိုးဘိုးကြီးက သူ့လက်ဝါးတစ်ဖက်ကို သူ့နားထင်နားကပ်၍ ပတ်ချာလှည့်ပြသည်။

"မရှုးချင်ပါနဲ့ ဘိုးဘိုးကြီးရယ်၊ စိတ်ချမ်းသာပါ၊ ဝေါက်တုတ်တွေလည်း မရောင်းပါနဲ့ ၊ ဝေါက်ဆက်ရိုက်ပါ၊ ဟောဒီ တောင်ကြီးမြို့က သိပ်လှတယ်၊ ဘိုးဘိုးကြီးရဲ့ အိမ်ကလည်း သိပ် ပျော်စရာကောင်းတယ်၊ နိုင် ဒီမှာပဲ ဘိုးဘိုးကြီးတို့နဲ့ ပျော်ပျော်ကြီးနေပြီး ကျောင်းတက်မယ်"

"နိုင် တကယ် ဆုံးဖြတ်ပြီးပြီပေါ့"

"ဆုံးဖြတ်ပြီးပါပြီ"

"နောက်ကို နောင်တ မရပါဘူးလို့ သေချာတယ်ပေါ့"

"နောက်ကို နောင်တရမှာကို ပူပန်ပြီး လျှောက်တွေးနေရင် ပစ္စုပ္ပန်မှာ ကိုယ်မှန်တယ် ထင်တာကို လုပ်စရာ ဘာကျန်တော့မှာလဲဘိုးဘိုး"

ဘိုးဘိုးကြီးက အံ့သြဟန်နှင့် ပါးစပ်ကြီးဟ၍ ကျွန်တော့်ကို စူးစိုက်ကြည့်နေ၏။

"နိုင်"

"ခင်ဗျာ"

"အဲဒီစကားကို ဘိုးဘိုးကြိုက်သွားပြီ၊ နိုင့်လိုတော့ ဘိုးဘိုးမပြောတတ်ဘူး၊ ဒါပေမယ့် ခု စဉ်းစားကြည့်တယ်၊ ဘိုးဘိုးလည်း ငယ်ငယ်တုန်းက အဲဒီလို

www.burmeseclassic.com

www.burmeseclassic.com


တွေးဖူးတယ်၊ နိုင် ယုံရဲ့လား”

“ယုံပါတယ် ဘိုးဘိုး”

“ဘိုးဘိုးကြီး လူများ မလုပ်တာတွေကို လျှောက်လုပ်တယ်၊ သောက်ကျိုး နည်း ဒုက္ခတွေလည်း တွေ့တာပဲ၊ သုခတွေလည်းတွေ့တာပဲ၊ အဲ အဲ–နိုင်ပြောသလို ဘိုးလွှမ်းတို့ ကိုယ့်ဘဝနဲ့ ကိုယ် ရန်မဖြစ်ဘူးကွ၊ နိုး နဲဗား”

“တစ်ခုလဲ ကျန်သေးတယ်”

“ဘာလဲ”

“ဘိုးဘိုး ခုနက ဆိုပြတဲ့ သီချင်းလေ၊ ဓားနဲ့ထိုး၊ ဓားကျိုးလို့လှံခွေ၊ ပြောင်နာဂိံဆင်များ မင်းတောင်၊ နင်းလို့မသေဆိုတာ”

“အေး အဟေး၊ မသေဘူးကွ”

“နိုင်လဲ မသေဘူးဘိုးဘိုး၊ တစ်နည်းအားဖြင့် ဖေဖေတို့ မေမေတို့ မပြီးပြတ်ခဲ့တဲ့ အလုပ်ကို ဆက်လုပ်ရမှာမို့”

ကျွန်တော် ဤတစ်ကြိမ်တွင် စကားမဆက်နိုင်တော့၊ ကြီးမားနှင့်သီးသော ခံစားမှုတစ်ရပ်က ကျွန်တော့်ရင်ကို ဆို့ပိတ်လာ၏။

“ဘာဖြစ်သလဲနိုင်၊ ပြောလေ ဆက်ပြော”

“နိုင့် ...နိုင်ဖေဖေနဲ့ မေမေလည်းမသေ၊ မသေဘူး”

အိမ်တွင်းသို့ဝင်ပြီး အိမ်ပေါ်ထပ်သို့ ကျွန်တော်ပြေးတက်ခဲ့၏။

ဝရန်တာတွင် ရပ်မိတော့ သူ့ကို မြင်ရသည်။

တောင်ချွန်းကြီး။

မြို့ပေါ်တွင် မှောင်ရိပ်မိုးနေပြီ။ မိုးကာလ၏ နောက်ကျဝင်သော နေရောင် ကြောင့် တောင်ချွန်းကြီးနံရံက ရွှေရောင်ဝင်းပြနေ၏။

တောင်ချွန်းကြီး ထိပ်တည့်တည့် မိုးတိမ်မကင်းသည့် ကောင်းကင်တွင် ကြယ်တစ်လုံးက ရှိနေ၏။

သြော်... ဘဝရည်မှန်းချက်က ဟောသည် တောင်ချွန်းကြီးထက်ပင် ကြီးနေလေမည်လား။ ဘဝပန်းတိုင်ဆိုသည်ကလည်း ဟိုးက ကြယ်လောက်ဝေး နေမည်လား။

ကောင်းကင်ကြီး၊ တောင်ချွန်းကြီးတို့နှင့် ယှဉ်တော့ ကျွန်တော့်ကိုယ်က ပိုစုန်းကြူးလေးလောက်သာ ရှိတော့သည်ဟု ကျွန်တော် ခံစားရသည်။

သို့ရာတွင် ပိုးစုန်းကြူးဘဝကို ကျွန်တော် ရွေးလိုက်ပြီ။

သည်တော့ နိုင်၊ ပျံတက်၊ မင်းပျံတက်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ကျွန်တော် အရသာခံတတ်လာသဖြင့် ချစ်မြတ်နိုးသော ဂျွန်ကိ(တ်)(စ်) **(John keats)**၏ ကမ္ဘာကျော် "အလှပစ္စည်း" **(A Thing of Beauty)**ဟူသည့် ကဗျာက ဆိုခဲ့သည်။

A thing of beauty is a joy for ever;
Its loveliness increases; it will never
Pass into nothingness; but still will keep
A bower quiet for us, and a sleep
Full of sweet dreams, and health, and quiet breathing.
Therefor, on every morrow are we wreathing
A Flowery band to bind us to the earth
Spite of despondence, of the inhuman dearth
Of noble natures, of the gloomy days,
Of all the unhealthy and o'er-darkened ways
Made for our searching: Yes, in spite of all,
Some shape of beauty moves away the pall
From our dark spirits. Such the sun, the moon,
Trees old and young, sprouting a shady boon
For simple sheep; and such are daffodils
With the green world they live in, and clear rills
That for themselves a cooling covert make
Gainst the hot season; the mid-forest brake,
Rich with a sprinkling of fair musk-rose blooms:
And such too is the grandeur of the dooms
We have imagined for the mighty dead;
All lovely tales that we have heard or read:
An endless fountain of immortal drink,
Pouring unto us from the heaven's brink.

**အလှစာတိ်**

ကိန်းဝပ်နေတဲ့ အရာတစ်ခုဟာ
ထာဝရ ပျော်ရွှင်မှုရဲ့
အကြောင်းဆု ဖြစ်လေတယ်။

www.burmeseclassic.com

www.burmeseclassic.com


အလှသဘောဟာ
ဘယ်သောအခါမှ
သုဉ်းသုညဘဝဆီကို
လျှောကျပြောင်းပျက်
ဆင်းသက်မသွားဘူး
ဆက်လက်လို့သာ
သာယာငြိမ်းဆိတ်
ကွန်းညိုရိပ်ကို
ချွေးသိပ်ခိုနားဖို့ တို့တွက်တာ
အလှခမျာ ဖန်တည်ဆောက်လို့
စောင့်ရှောက်ထိန်းပေးနေတယ်။
သြော် သာယာတဲ့ အိပ်မက်
စိတ်လက်ချမ်းမြေ့
သိမ်မွေ့တဲ့ အသက်လေညင်းညင်းနှင့်
အိပ်ပျော်ခြင်းဆိုတဲ့ မင်္ဂလာကိုလည်း
အလှဟာ ဆောင်ကြဉ်းပေးတယ်။
အဲသည်လို ဆိုပြန်လေတော့
ဒီကမ္ဘာမြေနှင့် တို့မခွဲဘဲ
မြဲစွဲအောင် နှောင်ချည်ထုံးထားဖို့
ပန်းကုံးကြိုးတစ်နွယ်ကို
တို့များရယ်လေ နံနက်တိုင်း
ရစ်ဆိုင်းကျစ်ခွေမိကြတယ်။
အားငယ်စိတ်ပျက်ရခြင်း
သက်ညှာမှုကင်းတဲ့ခေါင်းပါးပြတ်လပ်မှု
မြင့်မြတ်တဲ့ လူ့သဘာဝတရား
စိတ်အားညှိုးဖွယ်အခါရက်တွေ
ပေရေညစ်ပတ်
အမှောင်ခာတ် အဆမတန် လွှမ်းနေတဲ့
တို့များရဲ့ စူးစမ်းရေးလမ်းတွေ
အင်း...အဲသည် အနိဋ္ဌာရုံကြမ်းကြမ်းတွေကြားက

www.burmeseclassic.com

www.burmeseclassic.com


အလှတရားရဲ့ သဏ္ဌာန်အဆင်းတစ်ခုဟာ
အလင်းကွယ်နေတဲ့ တို့ဝိညာဉ်ထက်က
အသုဘစောင်ဖျင်လွှာကို
ဖယ်ခွာလှန့်ပစ်ပေးတယ်။
ဒီလိုပဲလေ
နေတွေ၊ လတွေ
ပင်အိုတွေ၊ ပင်ပျိုတွေက
သာမညသိုးသတ္တဝါ
ခများသူ့အတွက် အညွန့်အညှောက်တွေနှင့်
ဆုလာဘ်ဘုံလေးပေါက်ပေးကြတယ်။
အဲဒီလိုပဲလေ
သူတို့နေတဲ့ စိမ်းကမ္ဘာမြသွေးနှင့်
ဒက်ဖဒေး ဂမုန်းပန်းလေးတွေမှာရော၊
နွေပူပူမှာ
ကိုယ့်ဘာသာကိုယ်အေးဖို့
ကိုယ်မွေးထုတ်ထားတဲ့
ချုံပုတ်အကာအလွှမ်းနှင့်
စမ်းလဲ့လဲ့လေးတွေမှာရော၊
ဖွေးဖွေးနှံ့နှံ့
ကြဲဖြန့်ထားဟန်မျိုးနှင့်
ကတိုးနှင်းဆီ အရိုင်းပွင့်တွေ
ဝေနေဝင်းနေတဲ့
မြိုင်တွင်းစံပင်ပျပ်တောလေးတွေမှာရော၊
အလှသဘောဟာ
လှသောဓမ္မတာအတိုင်း ရှိနေတယ်။
ဒီအတိုင်းပဲနောက်အလှတစ်မျိုး၊
ကြမ္မာဆိုးကြားက ခမ်းနားမြင့်မြတ်မှုအလှ
ဧရာမပုဂ္ဂိုလ်တို့ရဲ့ မဟာမရဏသေခြင်း
တို့စဉ်းစားစိတ်ကူးပြီး
ခံစားကြည့်မိဖူးကြတယ် မဟုတ်လား

www.burmeseclassic.com

www.burmeseclassic.com


တို့ကြားဖူးဖတ်ဖူးခဲ့ကြတဲ့
ချစ်စရာ့ပုံဇာတ်လမ်းလေးတွေလေ၊
အဲဒီအလှတွေကလည်း
ဘယ်ကာလမှ ခန်းခြောက်မသွားဘဲ
ကောင်းကင်ဘုံ ဟိုအဖျား
နှုတ်ခမ်းသား အနားရစ်ကနေ
တို့တစ်တွေဆီကိုထာဝရ
လျှံကျစီးဆင်းလာနေတဲ့
သေခြင်းမဲ့စေတဲ့ စမ်းမြယဉ်
နတ်ရေစင်ယမကာထူးရဲ့
စိမ့်ဦးအစဖြစ်တော့တယ်။

ဤကဗျာကို ဖတ်မိလေတိုင်း ကျွန်တော်ရွေးချယ်လိုက်သော ဘဝ၏ အဓိပ္ပာယ်ကို ကျွန်တော်ပိုမို နားလည်လာသည်။

သြော်…ဂျွန်ကိ(တ်)(စ်)၊ သူ့ ဤကဗျာက ကမ္ဘာကျော်သည်။ အလှ အကြောင်းကို ထပ်ဖြည့်ပြောစရာမရှိအောင် သူပြောသွားသည် ဆိုကြသည်။

ကျွန်တော်က တစ်မျိုးလည်း နားလည်မိသေးသည်။

သူက လှသည် အလှနှင့် ဘယ်ကဲ့သို့နေကြောင်း ရှင်းပြသွားသည် ထင်သည်။ အလှနှင့် မနေတတ်သေးသူကိုလည်း နေတတ်သွားအောင် သူက သင်ပေးခဲ့သည်ထင်သည်။

နှင်းမြစန္ဒာက ရန်ကုန် ပညာရေးတက္ကသိုလ်ဆီသို့၊ ဝင်းကြည်က ရန်ကုန် စက်မှုတက္ကသိုလ်ဆီသို့၊ ဝင့်ဝါက ကျောင်းတွေ ပထမ စဖွင့်ဖွင့်ချင်း မန္တလေး ဆေးတက္ကသိုလ်၊ နောက်မကြာမီ ရန်ကုန်ဆေးတက္ကသိုလ်(၁)ဆီသို့ ထွက်ခွာသွားကြသည်။

သူငယ်ချင်းတွေ သွားကြသည်ဆိုတော့ မြို့မှာကျန်နေသော ကျောင်းနေဖက်တွေက ဘူတာရုံသို့ လိုက်ပို့ကြသည်။

ဝင့်ဝါက ကိုယ်ပိုင်ကားဖြင့် မန္တလေးသို့ သွားသဖြင့် သူ့အိမ်သို့သာ ကျွန်တော်တို့ သွား၍ နှုတ်ဆက်ခွဲခွာကြသည်။

နှင်းမြစန္ဒာနှင့် ဝင်းကြည်တို့က ရန်ကုန်သို့၊ မီးရထားနှင့် သွားသောကြောင့် ရွှေညောင်ဘူတာသို့၊ ကျွန်တော်တို့ လိုက်ပို့ကြသည်။

ဝင်းကြည်က သိပ်စကားမပြော။ နှုတ်ခမ်းကို စေ့စေ့ထားသည်။ မျက်ရည်

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းသော မျက်လုံးများမှ မျက်တောင်ကော့များကို အထပ်ထပ်ပုတ်ခတ်ရင်း နှင်းမြစန္ဒာကတော့ မျက်နှာလေးကို ဖွတ်ပြုံးထားသည်။

မီးရထားကြီး ထွက်သွားပြီး နှင်းမြစန္ဒာ လှမ်းပြနေသည့် လက်ကိုင်ပဝါဖြူလေး ပျောက်သွားချိန်၌ သူတကာတွေထက် ဦးအောင်ဘူတာရုံမှ ကျွန်တော်ထွက်လာခဲ့သည်။

တောင်ကြီးသို့ ပြန်လိုက်သွားရန် ကားကြုံအများရှိသည်။

သို့ရာတွင် ကျွန်တော်က ဘူတာရုံမှ ခြေကျင်လျှောက်ထွက်ခဲ့ကာ ကလော တောင်ကြီး လမ်းဘေးမှာဘတ်(စ်)ကားသွားစောင့်သည်။

ကောင်းကင်ပြာကြီး၊ လွင်ပြင်ကျယ်ကြီး၊ တောင်တန်းမြင့်ကြီးများ။

သူတို့နှင့်ယှဉ်တော့ လူဆိုသည် ကျွန်တော်က သေးသေးလေး။

တစ်ယောက်တည်း။ တောတောင်မှထွက်၍ တောတောင်ဆီ ပြန်ဝင်သွားသော လမ်းမ၏ဘေးမှာ။

တစ်ယောက်တည်း။

သည်ဒေသဆီ စရောက်ခဲ့သော ညနေကအဖြစ်ကို ကျွန်တော် ပြန်သတိရသည်။ အို...သည်တုန်းက ခံစားမှုမျိုးကို ရုတ်တရက် ပြန်လွမ်းသကဲ့သို့ ဖြစ်သောကြောင့် ကားကြုံတွေနှင့် မလိုက်ဘဲ သည်လမ်းမဘေးဆီ ကျွန်တော်တမင် ထွက်လာခဲ့သည်။

ကျွန်တော့်စိတ်မှာ လွမ်းရိပ်တွေညို့နေသည်။

နှင်းမြစန္ဒာကို လွမ်းသည်။ ဝင့်ဝါကို လွမ်းသည်။ ဝင်းကြည်ကိုလည်း လွမ်းသည်။

သို့ရာတွင် လွမ်းသည့်ကြားက ကျေနပ်နေမိသည်။

ဆိတ်သုဉ်းခြင်းကို သတိပြုမိနေဆဲမှာပင် လွတ်လပ်မှုတစ်မျိုးကိုလည်း ခံစားနေရသည်။

ဩော် တွယ်တာမိသောအရာတွေ၊ ဘယ်လောက်ခိုင်မြဲပါသလဲ။

ဟောသည် ကောင်းကင်ကြီး။ ဟောသည်လွင်ပြင်ကျယ်၊ ဟောသည် တောင်တန်းပြာကြီးများ။

အဲသည်ဟာတွေလောက် ခိုင်မြဲပါသလား။

တစ်ယောက်တည်း၊ တစ်ယောက်ဆိုမှ တစ်ယောက်တည်း။ ကောင်းကင်၊ လွင်ပြင်၊ တောတောင်ရေမြေတွေနှင့် ဘယ်လောက်နေတတ်သနည်း။

လွမ်းငွေ့လေးတော့ ရှိမည်လေ။ နှလုံးအကြည်မှာ လွမ်းရသော အာရုံရိပ်

www.burmeseclassic.com

www.burmeseclassic.com


လေးတွေလည်း ရှိနေမည်လေ။

ရှိပါစေ။

တစ်ယောက်တည်း လောကမှာ ဘယ်လောက်နေတတ်သနည်း။

ဘာနှင့် နေမည်နည်း။

သြော်...ဘာကြောင့်ကော နေမည်နည်း။

ချုချုချာချာ ဘတ်စ်ကားအိုတစ်စီး၏ နောက်ပိုင်းတွင် ထိုင်လိုက်လျက် ဆန့်ကျင်ဘက်အရပ်ဆီ ပြေးသွားနေသော ကတ္တရာလမ်းကို စိုက်ငေးကြည့်ရင်း နွေဦးတုန်းက စပ်မိသော ကိုယ့်ကဗျာကို ကိုယ် ပြန်သတိရနေသည်။

"မတားသာပါ

သွားမှာကို ဘယ်သူတားနိုင်လိမ့်

သနားကာ ထားချန်ဖြစ်တယ်ထင့်

ကျန်ရစ်မြေ နွေမဆိတ်ပါလား

နိမိတ်ပုံ တသီတတန်းရယ်နှင့်

စိတ်ဝိညာဉ် ပန်းချီခန်းမှာ

(နွေဦးရေ) လွမ်းပျော်မွေ့ကြီး"။

*

ကိုယ်ဝါသနာပါရာ ဘာသာကို ကိုတ်စိတ်ကြိုက်လောဘတကြီး သင်ကြား လျက် တောင်ကြီးကောလိပ်တွင် တက်ခဲ့ရသော အချိန်များကို "လွမ်းပျော် မွေ့ကြီး"ဟု စိတ်၌ ကျွန်တော်ခံစားရသည်။

ဝါသနာပါရာကို သင်ကြားနေရသဖြင့် ကျောင်းတက်နေရခြင်းမှာ ဝတ္တရားတစ်ခု မဟုတ်လေတော့။ ပျော်ရွှင်ရာ ဘဝတွင် မွေ့ပျော်ကျင်လည်ရ ခြင်းသာ ဖြစ်ခဲ့သည်။ စာကျက်ရခြင်းမှာလည်း စာမေးပွဲအောင်ရန် စိတ်ကိုချုပ်တည်း အားထုတ်ရသော အလုပ်တစ်ခု မဟုတ်တော့ဘဲ ပြည့်လိုရာကို ဖြည့်ရသော ပါရမီအားသစ်ခြင်း ဖြစ်လာသည်။

ကျွန်တော်ပြည့်လိုသော ဖြည့်စရာတွေကလည်း အများကြီး။

ကောလိပ်က ငယ်သဖြင့် ဆရာ ဆရာမတွေနှင့် ခင်မင်ရင်းနှီးမှု ရရှိရန်က လွယ်ကူသည်။ မိမိ သိလိုရာကို အတန်းတွင်းသာမက ဌာနရုံးခန်းနှင့် နေအိမ် အထိ လိုက်မေးနိုင်သည်။

ဟိုစာဖတ် သည်စာဖတ်လုပ်သော ကျွန်တော်က–

**A true university is a collection of books.**

www.burmeseclassic.com

www.burmeseclassic.com


"တက္ကသိုလ်စင်စစ် တစ်ခုဟူသည်မှာ စာအုပ်အစုပေါင်း တစ်ခုဖြစ်၏"

ဟူသော စကားတစ်ခုကို ကိုယ်တွေ့ဖူးရာ ထိုစကားကို အလွန်ကြိုက်မိသည်။ စကား၏ အဓိပ္ပာယ်ကိုလည်း နားလည်သည့်အတိုင်း တဲ့တိုးယူထားမိသည်။

မိမိထက် တတ်ကျွမ်းသောဆရာဆရာမများနှင့် တွေ့ကာမှစာအုပ်အစုအပေါင်းဆိုသည်မှာ ထင်တာထက် ကြီးမှန်းသိလာသည်။ အကြောင်းအရာတစ်ခုကို ရှုထောင့်အသွယ်သွယ်မှ ရေးထားသော စာအုပ်တွေ အများကြီးရှိမှန်းသိလာသည်။ ပြဿနာတစ်ရပ်ကို နည်းအမျိုးမျိုးနှင့် ချဉ်းကပ်သုံးသပ်၍ ရကြောင်း နားလည်လာသည်။ ပြီးနေပြီ၊ ပြတ်နေပြီ၊ ပြည့်စုံနေပြီ ထင်ထားသော သဘောတစ်ခုကို တစ်စုံတစ်ယောက်က ဝေဖန် ဆွေးနွေးပြခါမှ ငုပ်နေသော အစတွေ၊ မြုပ်နေသော အမြစ်တွေ၊ ဖုံးနေသော အနှစ်တွေ၊ ဖြာနေသော အခက်တွေ၊ နွယ်နေသော အဆက်တွေ၊ ဖုနေသော အထစ်တွေ၊ ရှုပ်နေသော အထုံးတွေ ရှိနေသေးကြောင်း သတိပြုမိလာသည်။

ကျွန်တော်၏ ကျေးဇူးရှင် ဆရာတစ်ဦးက ဆိုသည်။

"တို့ အလုပ်က ပညာဆိုတာ ဟောဒါပဲကွယ့်ဆိုပြီး ဇွန်းလေးနဲ့ ခွံ့ကျွေးတာ မဟုတ်ဘူး တပည့်ရဲ့၊ အဲဒီလို ခွံ့ကျွေးလို့ရတဲ့ ပညာလည်းမရှိဘူး၊ ရှိသမျှ ပညာကို ဇွန်းလေးထဲ အကုန်ပါအောင် လုပ်တတ်တဲ့ အစွမ်းတန်ခိုးလည်း တို့မှာ မရှိဘူး၊ တို့အလုပ်က မင်းတို့ရဲ့ အသိဉာဏ် မိုးကုပ်စက်ဝိုင်းကို ကျယ်သည်ထက်ကျယ်အောင် ချဲ့ပေးတာ"

အသိဉာဏ် မိုးကုပ်စက်ဝိုင်း။ ဤစကားကို ကျွန်တော်ကြိုက်သည်။

မိုးကုပ်စက်ဝိုင်း ဘယ်မှာ အဆုံးသတ်မည်နည်း။ မသိနိုင်။

အသိဉာဏ်မိုးကုပ်စက်ဝိုင်း။ သူ့နယ်နိမိတ်အဆုံးကို ပို၍ မသိနိုင်။

ကိုယ့်တာဝန်က ကိုယ့်အသိဉာဏ် မိုးကုပ်စက်ဝိုင်းကြီး ကျယ်နိုင်သမျှ ကျယ်လာရန် ကြိုးစားရေးသာ။

ထို့ကြောင့် ကျွန်တော်က စာတွေကို လောဘတကြီး သင်ယူသည်။

ကျွန်တော့်အတွက် စာသင်ခန်းမှာ ကျောင်းတွင်မက အိမ်တွင်ပါ ရှိနေသည်။

ကျွန်တော် ဖော်ပြပြီးခဲ့သည့်အတိုင်း အန်တီတင့်တင့်၏ ကိုယ်ပိုင်စာကြည့်တိုက်လေးတွင် ကဗျာစာအုပ်တွေ စုံသည်။ အင်္ဂလိပ်ကဗျာစာအုပ်တွေ၊ မြန်မာကဗျာစာအုပ်တွေအပြင် အင်္ဂလိပ်ဘာသာနှင့် ရေးထားသော ကဗျာကျမ်းတွေ

www.burmeseclassic.com

www.burmeseclassic.com


ရှိသကဲ့သို့ မြန်မာကဗျာကျမ်းတွေနှင့် ပါဠိအဘိဓာန်တွေရှိသည်။

အန်တီတင့်တင့်သည် ဘီအေတန်း၌ "ထရစ်ပယ်လ် လစ်တရေးချား" **(triple literature)** ယူခဲ့သည်ဆို၏။ ပါဠိစာပေ၊ မြန်မာစာပေ၊ အင်္ဂလိပ်စာပေ တို့ကို ဘာသာတွဲသုံးရပ်အဖြစ် သင်ယူခြင်းကို ထရစ်ပယ်လ် လစ်ထရေးချားယူ သည်ဟုခေါ်ကြောင်း အန်တီတင့်တင့်က ရှင်းပြသည်။

ကျွန်တော်က အန်တီတင့်တင့်ကို အားကျသည်။ ကျွန်တော်လည်း အနည်းဆုံး စာပေသုံးမျိုးလောက် တတ်ချင်သည်။

ယခု ကျွန်တော်က မြန်မာစာ အဓိကယူသည်။ အရှေ့တိုင်းဘာသာဟု ခေါ်သောပါဠိစာပေကို သမိုင်း၊ ဒဿနိကဗေဒတို့နှင့်အတူ သာမညဘာသာအဖြစ် ယူထားလေရာ စာပေနှစ်မျိုးကို ကျွန်တော် သင်ယူနေသည်ဟု ဆိုနိုင်သည်။ ကျွန်တော် တက္ကသိုလ်ရောက်သောနှစ်က အင်္ဂလိပ်ဘာသာကို အဓိကဘာသာ အဖြစ် ပြန်မပေးသေးချေ။ မယူမနေရ အင်္ဂလိပ်ဘာသာကိုတော့ သင်ယူရသည်။ သို့ရာတွင် အများနှင့်ဆိုင်သော ဤအင်္ဂလိပ်ဘာသာ သင်ကြားရေး၌ အများ အတွက် အသုံးဝင်သော ဘာသာစကားပိုင်းကိုသာ ဦးစားပေးသည်။ လစ်တရေး ချားဟုခေါ်သော စာပေသက်သက်အပိုင်းကို ဦးစားမပေး။

ကျွန်တော်က ကျောင်း၌ သင်ပေးသော အင်္ဂလိပ်စာကိုလည်း မပေါ့မလျော့ ဘဲ ဂရုတစိုက် သင်ယူသည်။ အန်တီတင့်တင့်ထံမှလည်း အင်္ဂလိပ်ကဗျာနှင့် စာပေတို့ကို စိတ်ဝင်စားစွာသင်ယူသည်။ ကျွန်တော် အချစ်မြတ်နိုးဆုံးဖြစ်သော မြန်မာစာပေကိုတော့ အိမ်မှာရော ကျောင်းမှာပါ သာမန် သင်ယူရုံမကဘဲ အာဟာရပမာ မှီဝဲသည်။

အာဟာရ၊ အင်း...စာပေဟူသည်က အာဟာရ။ နာမ်၏အာဟာရ။

ဂျွန်ကိ(တ်) (စ်)ကတော့ စာပေ အားလုံးအတွက် ဤသဘောကို ဆိုခဲ့ သည်။

"ကောင်းကင်ဘုံ ဟိုအဖျား
နတ်ခမ်းသားအနားရစ်ကနေ
တို့တစ်တွေဆီကို ထာဝရ
လျှံကျစီးဆင်းလာနေတဲ့
သေခြင်းမဲ့ စေတဲ့ စမ်းမြယဉ်
နတ်ရေစင်ယမကာထူးရဲ့
စိမ့်ဦးအစ"

www.burmeseclassic.com

www.burmeseclassic.com


သြော်…သည်လိုမျိုး စမ်းမြယဉ်မှ နတ်ရေစင်ကို သောက်သုံးကြရသဖြင့် ဤလောကတွင် ကဗျာဆရာတွေ ရှိနေသည်ထင်သည်။ လွမ်းပျော်မွေ့ဖွယ် ဘဝကို ရွေးချယ်ပြီး အသစ်ဖြစ်သော နတ်ရေစင် စမ်းမြမြတို့ဖြင့် လောကကို ဆက်လက် အလှဆင်နိုင်သွားကြသည် ထင်သည်။

နှင်းမြစန္ဒာတို့၊ ဝင့်ဝါတို့၊ ဝင်းကြည်တို့နှင့် ခွဲခွာရပြီးနောက် တစ်လကျော် ခန့် အချိန်တွင် တောင်ကြီးမြို့၌ ချယ်ရီတွေ ဝင်းထိန်လာသည်။

ချယ်ရီပွင့်သော သည်အချိန်မှာတော့…

လွမ်းပျော်မွေ့ဖွယ် ကျွန်တော့် စိတ္တဇကမ္ဘာဝယ်

လွမ်းရသည့်ဘက်မှ နှင်းမှုန်လေးတွေ ပိုဖွေးနေကြောင်း၊ အမှန်ကို ကျွန်တော် ဝန်ခံပါသည်။

*

# အခန်း (၂၀)

အပြင်ဘက်တွင် ဆောင်းလေက အတန်ပြင်းပြင်းလေး တိုးတိုက်နေ၏။

အိမ်အပေါ်ထပ်သို့ အအေးဓာတ် စိမ့်ဝင်နေသောကြောင့် ဆွယ်တာ လက်ရှည်ထူထူကို နွေးနွေးထွေးထွေး ဝတ်ထားလျက်က ကျွန်တော့်ကိုယ်မှာ အနည်းငယ် ချမ်းနေသည်။

ဘိုးဘိုးကြီး၏စားပွဲတွင် ကျွန်တော်က စာထိုင်ဖတ်နေသည်။

ကျောင်းစာမဟုတ်ပါ။ ရေးက ကဗျာလည်း မဟုတ်ပါ။

ကျွန်တော့်လက်တွင်း၌ ကိုင်ထားသည်က မဂ္ဂဇင်းစာအုပ်တစ်အုပ် ဖြစ်သည်။ မဂ္ဂဇင်းတောင်မှ အသစ်မဟုတ်။ လွန်ခဲ့သော သုံးနှစ်က မဂ္ဂဇင်း အဟောင်း တစ်အုပ်။

သြော်…လွန်ခဲ့သော သုံးနှစ်ကျော် ချယ်ရီပွင့်ချိန်တစ်ညက အန်တီ တင့်တင့် တစ်ပိုင်းတစ်လက်စ ဘာသာပြန် စပ်ထားသည့် အင်မလီ ဘရွန်တီ၏ ကဗျာကို ကျွန်တော် အမှတ်မထင်တွေ့ခဲ့ရသည်။ ထိုညမှစ၍ ကျွန်တော့်ဘဝသည် ပြောင်းမှန်းမသိ ပြောင်းသွားခဲ့သည်။ ပြောင်းသွားသည် ဆိုခြင်းထက် မှုန်ရီမှုန်ဝါး ဖြစ်နေသော ရွေးချယ်လိုသည့် လမ်းသည် ပြတ်သားထင်ရှားသွားသည်ဆိုလျှင် ပိုမှန်ပေသည်။

ထိုညကမူ လေတိုက်၍ လွင့်ကျထားသော ကဗျာစာရွက်လေးကို

www.burmeseclassic.com


အန်တီတင့်တင့်၏ စားပွဲပေါ်၌ရှိသေစွာ ကျွန်တော် ပြန်တင်ထားခဲ့သည်။

အန်တီတင့်တင့် ဘာကြောင့် ဤကဗျာကို ဘာသာပြန်မှန်း ကျွန်တော် မသိ။ ဤအကြောင်းနှင့် ပတ်သက်၍လည်း ဘာမျှ ကျွန်တော် မစပ်စု။

တည်ငြိမ်လှပ ချောမောသော အန်တီ တင့်တင့်၌ ဘဝ၏ လျှို့ဝှက်ချက်တွေရှိမှန်း ကျွန်တော်ရိပ်မိသည်။ သည်လျှို့ဝှက်ချက်တွေကို ကျွန်တော် မသိချင်ပါ။

ကျွန်တော်၏ ချစ်လှစွာသော အန်တီတင့်တင့်သည် နက်နဲသော ကဗျာတွေကို ဘာသာပြန်စပ်နိုင်မှန်း သိသဖြင့် ကျွန်တော် ဝမ်းသာခဲ့သည်။ အန်တီတင့်တင့်ကဲ့သို့ ကျွန်တော်လည်း စပ်တတ်ချင်သည်။

အဲသည် ညက ခံစားမှုနှင့် ဆန္ဒက ဤမျှသာ။

နောက် နှစ်လခန့်အကြာ၌ ယခု ကျွန်တော် ကိုင်ထားသော မဂ္ဂဇင်းကို အန်တီတင့်တင့်၏ စားပွဲပေါ်မှာ ကျွန်တော်တွေ့သည်။ မဂ္ဂဇင်းအတွင်း၌ အင်မလီဘရွန်တီ၏ကဗျာကို ဘာသာပြန်ကြောင်း ဝန်ခံဖော်ပြထားသည့် "တမ်းတမိခြင်း" ကဗျာရှည်ကို ကျွန်တော်ဖတ်ရသည်။ ဘာသာပြန်သူ၏ ကလောင်အမည်ကလည်း လှပပြီး အဓိပ္ပာယ်ရှိနေသည်။ "နွေ့နှင်းရည်"

သတိမူမိမှ မြူကိုမြင်လေသည်။

မဂ္ဂဇင်း၏ ပထမစာမျက်နှာ၌ "မေတ္တာလက်ဆောင်"ဟု မင်ပြာရိုက် စာတန်းပါသည်။ "ဆရာမနွေ့နှင်းရည်သို့" ဟုလည်း ညွှန်းထားသည်။

အန်တီတင့်တင့်၏ ဗီရိုတွင်း၌ မဂ္ဂဇင်းတွေ ရှိသေးသည်။ သိပ်အများကြီး တော့မဟုတ်။ သို့ရာတွင် အားလုံး၌ မေတ္တာလက်ဆောင်ဟူသော စာတန်းပါသည်။ အားလုံး၌နွေ့နှင်းရည်၏ ကဗျာ သို့မဟုတ် ဝတ္ထုတို တစ်ပုဒ်ပုဒ် ပါသည်။

ဤမဂ္ဂဇင်းတွေက စာတိုက်မှ အိမ်သို့ရောက်ရောက်လာခြင်း မဟုတ်။ မြို့တွင်းမှ အန်တီတင့်တင့် ယူယူလာသည်။ ကျွန်တော်က အန်တီတင့်တင့် "သီတဂူ" ဒေါ်သောင်းတို့ဆိုင်မှ ဝယ်လာခဲ့သည့် ထင်၏။

ဤမဂ္ဂဇင်းများကို ကျွန်တော်လည်း မှန်မှန် ဖတ်သောကြောင့်နွေ့နှင်းရည်ကို ကျွန်တော် ရင်းနှီးပြီး ဖြစ်သည်။ အလွမ်းဝတ္ထုလေးတွေကို ကြိုက်သော ကျွန်တော်က ဆွေးမြည့်မြည့်လေး ရေးတတ်သော နွေ့နှင်းရည်၏ ဝတ္ထုလေးများကို ကြိုက်သည်။ ဖွဲ့ပုံစပ်ပုံ တစ်မျိုးဖြစ်သော နွေ့နှင်းရည်၏ ကဗျာလေးများကိုလည်း နှစ်သက်သည်။

"တမ်းတမိခြင်း"ကဗျာကမူ ကျွန်တော့်မျက်လုံးများကို ဖွင့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်အတွက် အင်္ကျီလှလှလေးတွေ၊ ပုဆိုးလှလှလေးတွေကို အန်တီတင့်တင့် ဝယ်ဝယ်ပေးခဲ့သည်ကိုလည်း ကျွန်တော် သတိရသည်။ အန်တီတင့်တင့် ငွေတွေ ဘယ်က ရသနည်း။

ယခုတော့ အားလုံးရှင်းသွားသည်။

ဟိုးတစ်ညက ကျွန်တော်တွေ့ခဲ့ရသည်က တစ်ပိုင်းတစ်စ မပြီးပြတ်သေးသည့်ကဗျာ။

ယခု ဤမဂ္ဂဇင်းထဲမှာက ပြီးပြည့်စုံသော ကဗျာတစ်ပုဒ်။

မဂ္ဂဇင်းမှ ကဗျာကိုတွေ့ရသော နေ့၏ညတွင် စာရေးနေသော အန်တီတင့်တင့်၏ ရှေ့စားပွဲတစ်ဖက်တွင် ကျွန်တော်ဖြည်းလေးညင်သာစွာ သွားထိုင်သည်။

အလွန်ရှည်သမျှ ကော့သော မျက်တောင်ကြီးများကို ပင့်လှန်လျက် ပြုံးပြီး အန်တီတင့်တင့်က ကျွန်တော့်ကို ကြည့်သည်။

ခဏဘဲ့ပင် အန်တီတင့်တင့်၏ အပြုံးပျက်သွားသည်။

"ဟင်...နိုင်၊ မျက်ရည်တွေနဲ့၊ ဘာဖြစ်သလဲ"

"ဝမ်းသာ ဝမ်းနည်း ဖြစ်မိလို့ပါအန်တီ"

"ဝမ်းသာ ဝမ်းနည်း"

"ဖေဖေနဲ့ မေမေကို သတိရတယ်"

"အို...သားရယ်"

"ဖေဖေရှိရင်လေ၊ သူ့ကဗျာတွေကို နိုင့်ကိုပြမှာပဲ၊ သူ့ကဗျာတွေကို နိုင်ကလည်း ချစ်ပါတယ်ဆိုရင် သူ...သူ ဘာပြောမလဲ"

အန်တီ တင့်တင့်က ကြင်နာသော မျက်လုံးများနှင့် ကျွန်တော့်ကို စိုက်ကြည့်နေသည်။ ဘာမျှတော့ ပြန်မပြော။

"အဲဒါ တွေးမိတော့ နိုင် ဝမ်းနည်းတယ်၊ ဒါပေမယ့် အခု သူက ရှိလာတယ်၊ သူက နိုင့် အနားမှာ၊ သူ့ကြောင့် နိုင် ဝမ်းသာချင်တယ်"

"သူ"

ကျွန်တော်က လက်တွင်းမှ မဂ္ဂဇင်းကို ဖွင့်ပြီး ကဗျာ၏ အထက်မှ "နွေ့နှင်းရည်"ဟူသော စာကြောင်းကို လက်ညှိုးနှင့်ထောက်ပြသည်။

အန်တီတင့်တင့်က ကျွန်တော့်ကို အတန်ကြာလေး စိုက်ကြည့်နေပြီးမှ သူ့ပင်ကို ဟန်အတိုင်း အေးချမ်းစွာမေးသည်။

www.burmeseclassic.com

www.burmeseclassic.com


"သူ ဘယ်သူဆိုတာ နိုင် သိသွားပြီပေါ့"

ကျွန်တော်က ခေါင်းညိတ်ပြသည်။

"ဒါပေမယ့် သူက သူ့ကို ဘယ်သူမှ မသိစေချင်ဘူး နိုင်"

"ဘာပြုလို့လဲ ဟင်"

"အနှောင့်အယှက်မရှိဘဲ သူ အေးအေးချမ်းချမ်း နေချင်တယ်ကွယ်"

"အို... သူ့ကို နိုင် အနှောင့်အယှက် မပေးပါဘူး၊ နိုင်ကလေ၊ သူ့ကိုချစ်တာ၊ နိုင် သိတာကိုလေ နိုင့် စိတ်ထဲထားပြီး ဝမ်းသာချင်တာ၊ ဖေဖေနဲ့ မေမေ မရှိတော့ဘူး၊ ဒါပေမယ့် သူရှိတယ်၊ နွေ့နှင်းရည် ရှိတယ်၊ ရှိတာမှ နိုင့် အနားမှာ၊ အို နိုင် ပြောတာ အန်တီနားလည်မှာ မဟုတ်ပါဘူး"

ကျွန်တော့်အသံ၌ ငိုသံပါသွား၏။

အန်တီတင့်တင့်၏ လက်တစ်ဖက်က စားပွဲပေါ်တွင် တင်ထားသော ကျွန်တော့် လက်ဝါးတစ်ဖက်ကို အသာအယာ အုပ်မိုးဆုပ်ကိုင်လာ၏။

နူးညံ့စွာပြုံးပြီး အေးချမ်းစွာ ပြော၏။

"အန်တီ နားလည်ပါတယ်"

"တကယ်"

"တကယ်ပါသားရယ်၊ ဩော်...နိုင့်ကို တစ်ခါက အန်တီ ပြောခဲ့တာ မှတ်မိလား"

"ဘာလဲ အန်တီ"

"နိုင့်ကို ကျောင်းသွားအပ်ပြီး အပြန်လမ်းမှာ ပြောခဲ့တာလေ၊ နိုင့်မှာ ကဗျာအမြင်ရှိတယ်လို့၊ မှတ်မိလား"

"အား...မှတ်မိတယ်"

"နိုင်က ကဗျာလည်း ဝါသနာပါတယ်ပေါ့"

ကျွန်တော်က ခေါင်းကိုနှစ်ကြိမ်မက ညိတ်ပြသည်။

"နိုင့်ကို အန်တီ ကဗျာသင်ပေးပါမယ်၊ သင်ပေးတယ်ဆိုတာ ထက် ကဗျာအကြောင်းတွေ ပြောပြောပြမယ်၊ နိုင် နားထောင်ချင်သလား"

"သိပ်...သိပ်...နားထောင်ချင်တာပဲ"

"ကောင်းပြီ၊ ဒါပေမယ့် အန်တီ ထပ်ပြောမယ်၊ နွေ့နှင်းရည်ဟာ အနှောင့်အယှက် မရှိဘဲ၊ အေးအေးချမ်းချမ်းနေချင်တယ်၊ အဲဒါကိုကော နားလည်သလား"

"နား နားလည်တယ်၊ နွေ့နှင်းရည်ဟာ ဘယ်သူလို့ လျှောက်မပြောရဘူး၊ ပြီးတော့ဟိုဟာ ဒီဟာတွေလည်း လျှောက်မမေးရဘူး"

www.burmeseclassic.com

www.burmeseclassic.com


အန်တီတင့်တင့်က တစ်ချက်လေး မျက်မှောင်ကြုတ်၍ ကျွန်တော့်ကို ကြည့်သည်။ သို့ရာတွင် ခဏ၌မူ ရယ်ပြီးဆို၏။

"ဟုတ်တယ်၊ နိုင် နားလည်တယ်၊ ဟိုဟာ ဒီဟာတွေ လျှောက်မမေးရဘူး"

ကြာခဲ့ပြီ။

သို့ရာတွင် ယခု ဤစကားကို ပြန်အမှတ်ရနေမိသည်။

ကျွန်တော်က အလွတ်ရနေပြီဖြစ်သော "တမ်းတမိခြင်း" ကဗျာကို အစမှအဆုံး ပြန်ဖတ်သည်။

ငယ်စဉ်တုန်းကမူ အမှန်က ကဗျာကို ကဗျာအဖြစ်ပဲ ဖတ်သည်။ နှစ်သက်သော စာသားလေးများ၊ ပေါ်ထင်လာသော အာရုံပုံရိပ်များ၊ ဆောင်ပို့ပေးလိုက်သော ခံစားမှုများ၊ ဒါတွေကို တတ်နိုင်သမျှ အရသာခံပြီး ဖတ်သည်။

ယခုတော့ "ရှာဖွေ" ရင်း ဖတ်သည်။ အင်မလီဘရွန်တီ တကယ်က ဘာပြောနေသနည်း။ သြော်...နွေ့နှင်းရည်ကကော ဘာပြောချင်သနည်း။

"မြေကြီးထဲမှာ
အေးစက်လို့နေပါပကော။
နှင်းထူထူတွေကလည်း
မင်းအပေါ်မှာ
ထပ်ထပ်ဆင့်လို့
မို့မြင့်ခဲ့ပါပကော။
အဝေး...
ဝေးလှတဲ့သေခြင်းရွာဆီ
လိုက်ပါသွားခဲ့ရတော့
သုဉ်းဆိတ်တဲ့ မြေပုံတွင်းမှာ
ကွယ်...
မင်း...
အေးစက်ခဲ့ပါပြီကော။
ငါ့ရဲ့
တစ်ဦးတည်းသောချစ်သူရေ
တို့တစ်တွေနှင့်တကွ
ရှိသမျှတွေကို တိုက်စားပစ်တဲ့

www.burmeseclassic.com

www.burmeseclassic.com


အချိန်ဆိုတဲ့ လှိုင်းက
ခွဲပိုင်းပစ်လိုက်တော့
မင်းကိုချစ်ဖို့
ငါမေ့လို့သွားပြီလား။ ။

ခုအခါ...
တစ်ယောက်တည်းရှိချိန်မှာ
အင်ဂိုရာပင်လယ်ကမ်းက
တောင်တန်းကြီးတွေပေါ်မှာ
ငါ့စိတ်ဟာ တဝဲရစ်ရစ်
မပျံဖြစ်တော့ပါကလား။
တောချုံပြင်နှင့်
ဒုရင်ကောက်ပင်တွေက
မမြင်အောင်ဖုံးထားတဲ့
မြင့်မြတ်တဲ့
မင်းရဲ့
နှလုံးသားရှိရာ
အဲသည်နေရာလေးမှာပဲ
ငါ့စိတ်တောင်ပံတွေဟာ
ထာဝရ
အစဉ်ထာဝရ
သိမ်းရုပ်ရပြီလား။ ။

မြေကြီးထဲမှာ
အေးစက်လို့နေပါပကောနော်။
ဒီဇင်ဘာဆိုတဲ့
ကြမ်းရိုင်းတဲ့လပေါင်း
ဟိုတောင်စောင်းညိုတွေကနေ
နွေဦးပေါက်ရာသီဆီ
အရည်ပျော်ပြီး
စီးဝင်ပြောင်းသွားကြတာလည်း
ဆယ့်ငါးကြိမ်ရှိပြီနော်။

www.burmeseclassic.com

www.burmeseclassic.com


ပြောင်းလဲခြင်းနှင့်
ခံစားခြင်းဒုက္ခ
သည့်အချိန်များရဲ့
သည်မှာဘက်အထိ
မှတ်မိနေသေးတဲ့
အသက်ဝိညာဉ်ဟာ
သစ္စာ
အမှန်ကြီးပါတယ်။ ။

ငယ်ငယ်ကတည်းက
သိပ်ချစ်ရသူရေ
လောကဒီလှိုင်းကြီးက
သယ်ဆောင်ရာပါ လိုက်ရစဉ်
ငါကမင်းကို
မေ့သွားတယ်ဆိုလျှင်
ငါ့ကို ခွင့်လွှတ်ပါ။

မညှာတမ်းစိတ်ကို
စည်းကမ်းပိုပိုချထားတဲ့
ငါ့ရဲ့ ...
တစ်ပါးသော ဆန္ဒတွေ
ဝေမှောင်အုံ့ပျ
အသိရခက်တဲ့
ငါ့ရဲ့...
အခြားသော မျှော်လင့်ခြင်းတွေ...
မင်းကို မှုန်ဝါးသွားစေပေမယ့်
မင်းအပေါ် မတရားမှု
လုံးဝမပြုတဲ့
ငါ့ရဲ့...
အခြားသော မျှော်လင့်ခြင်းတွေပါ။
သည်သင်းတွေက စုပြုံပြီး
ငါ့ကိုဝိုင်းအုံတိုက်နေကြတယ်။ ။

www.burmeseclassic.com

www.burmeseclassic.com


ငါ့ကောင်းကင်မှာ
တစ်စုံတစ်ရာအခြား
တစ်ပါးသောနေမင်းက
လင်းမလာခဲ့ပါဘူး။

ငါ့တွက်တာ
တစ်စုံတစ်ရာအခြား
တစ်ပါးသောဘယ်ကြယ်ပွင့်မှ
ဝင့်မလက်ခဲ့ပါဘူး။
အထက်ဘုံကဆင်းလာတဲ့
ဝမ်းမြောက်ခြင်းသောမနသသိမ္ဓေ
ပီတိဝေတဲ့သုခ
ငါ့ဘဝတစ်ခုလုံး ချမ်းသာသမျှ
ချစ်လှစွာသော မင်းဆီကသာ
အားလုံးငါရခဲ့တယ်။
အဲသည်သုခ
ချမ်းသာသမျှတွေ
ခု ကျတော့မင်းနှင့်အကုန်
မြေပုံတွင်းဆီ
ကွယ်...ပါသွားခဲ့လေပြီကော။ ။
ဒါပေမဲ့
ရွှေအိပ်မက်တို့ရဲ့နေ့များ
ပျက်စီးသွားပြီးတဲ့အခါ
စိတ်ပျက်ခြင်း ဆိုတာတောင်
အဖျက်ဆောင်သော သတ္တိစွမ်း
ကုန်ခန်းသွားလေတဲ့နောက်
ဝမ်းမြောက်ခြင်းရဲ့ပစ္စယ
ထောက်ပံ့ခြင်းကို မရရှိစေ
ဘဝဖြစ်တည်မှုကို
ဘယ်လိုယုယုယယနှင့်

www.burmeseclassic.com

www.burmeseclassic.com


ဂရုစိုက်ထားပြီး
အားဖြည့်ကျွေးမွေး
ပြုစုပေးနိုင်တယ်ဆိုတာ
ငါ ပညာရလာခဲ့တယ်ကွယ်။ ။

အင်း…သည်တော့မှပဲ
တုစ္ဆဖြစ်တဲ့
ဇောဆန္ဒရဲ့ မျက်ရည်တွေကို
ငါ ဆည်ထိန်းခဲ့တယ်။
ကလေးငယ် ငါ့ဝိညာဉ်က
မင်း ဝိညာဉ်ကို လွမ်းတသသနှင့်
တမ်းတနေတဲ့ အာလယကို
တစ်စတစ်စ နို့ဖြတ်လို့
အပြီးသတ် လမ်းလွှဲပေးခဲ့ရတယ်။
ငါ့ဘဝရဲ့ ဂူပမာမက
ဖြစ်နှင့် ပြီးရတဲ့ မင်းဂူတွင်းဆီ
အမြန်လိုက်ဆင်းချင်နေတဲ့
ငါ့ဝိညာဉ်ရဲ့ပူဆာခြင်းကိုလည်း
တင်းတင်းကြီး ငါငြင်းရတယ်။ ။

အဲသည်လို ထိန်းချုပ်ရပေမဲ့
ငါ့ရဲ့ဝိညာဉ်ကို
စွမ်းအင်တွေညှိုး
တန်ခိုးတွေပြယ်အောင်
ငါရယ်မလုပ်ရဲဘူး။
သည်လိုပဲ တစ်ခါ
ငါဟာလည်း
သညက္ခန္ဓာရဲ့ နာကျင်မှုက
ဘဝမေ့အောင်
သယ်ဆောင်ရာနောက်
ကောက်ကောက်ပါပြီး

www.burmeseclassic.com

www.burmeseclassic.com


ကိုယ့်ဘာသာအလိုလိုက်
မမိုက်ရဲပြန်ဘူး။
သြော်…အမြိုက်ရည်သံဝေဂကို
တစ်ဝကြီး သောက်ခဲ့ပြီးမှ
သာရအနှစ်
ဗလာဖြစ်တဲ့ လောကကမ္ဘာကို
ခိုလှုံရာအဖြစ်တွေးပြီး
ဘယ်မှာလာ ငါရွေးနိုင်တော့မှာတဲ့လဲ”။ ။

ကျွန်တော်က မဂ္ဂဇင်းကိုပိတ်လိုက်ပြီး စဉ်းစားသည်။

အင်မလီဘရွန်တီ ဘာပြောသနည်း။

တမ်းတမိခြင်း၊ ဟုတ်ကဲ့ ကဗျာအမည်က တမ်းတမိခြင်းဟုဆိုထားသဖြင့် တမ်းတမိခြင်းအကြောင်းကို စပ်ထားသည်ပေါ့။

သို့ရာတွင် သူ့ကဗျာက လွမ်းရခြင်းတွေ၊ မမေ့နိုင်ခြင်းတွေ၊ တသအောက်မေ့ရခြင်းတွေနှင့် မရပ်၊ မဖောက်ပြန်တာတွေ၊ သစ္စာမပျက်တာတွေ၊ မေတ္တာမရွေ့တာတွေ အဲဒါတွေနှင့်လည်း ပတ်ချာလည်မနေ။

သူ့ကိုတော့ ချစ်သူလူသားသဘာဝနှင့် တမ်းတမိသည်။ အဲသည် တမ်းတမိသည့် အကြောင်းလေးကို ပြောသွားရင်းက မိမိ၏စိတ်အကြောင်းကိုလည်း ပြောသွားသည်။

“…မညှာတမ်းစိတ်ကို
စည်းကမ်းပိုပိုချထားတဲ့
ငါရဲ့…တစ်ပါးသော ဆန္ဒတွေ
ဝေမှောင်အုံ့ပျ
အသိရခက်တဲ့
ငါ့ရဲ့…အခြားသော မျှော်လင့်ခြင်းတွေ…”

မြတ်စွာဘုရား။ ဤစကားတွေကို လူတစ်ယောက်အနေနှင့် ပြောသလော။ ကဗျာဆရာမတစ်ယောက်အနေနှင့် ပြောသလော။

ချစ်သူကို မြှုပ်ထားသည့်ဂူ။ အစကတော့ မိမိ၏ဂူပမာ ဖြစ်နေသည်။ အားလုံး၊ အားလုံးသွားပြီလေ။ ဘာမျှ မရှိတော့ဘူး။ ဘာမျှ မကျန်တော့ဘူး။ သည်တော့ သည်ဂူဟာ ကိုယ့်ဘဝကိုလည်း မြှုပ်လိုက်ရသည့်ဂူ။ အို ကိုယ့်ဂူပင်ဖြစ်အောင် ကိုယ့်ဘဝကို မြှုပ်လိုက်သည့်ဂူ။ သည်ဂူတွင်းကို အမြန်လိုက်ဆင်းချင်သည်။

www.burmeseclassic.com

www.burmeseclassic.com


သို့ရာတွင် မြတ်စွာဘုရား။ သည်စိတ်မျိုး ပေါ်စေသည့် ဝိညာဉ်ကို အင်မလီဘရွန်တီက ကလေးငယ်နှင့်တူသောဝိညာဉ်ဟု ခေါ်ခဲ့သည်။ အဲသည် ကလေးငယ် ဝိညာဉ်၏ ကလေးဆန်သော တောင့်တမှုကို ကလေးနို့ဖြတ်သကဲ့သို့ အစားထိုးအစာကျွေးပြီး လမ်းလွှဲ၍ အာလယ ပြတ်စေခဲ့ရသည်ဟု ဆိုသည်။

ရွှေအိပ်မက်တို့၏ နေ့များ ပျက်စီးသွားခဲ့သည်ကို တွေ့ခဲ့သည်။ အဖျက် ဆောင်သော သတ္တိစွမ်းရှိသည့် စိတ်ပျက်အားငယ်မှုကိုလည်း သိခဲ့သည်။

သို့ရာတွင် ဝမ်းမြောက် ပျော်ရွှင်မှု၏ ပစ္စယ အထောက်အပံ့မရတော့ဘဲ လျက်က ဘဝဖြစ်တည်မှုကို ဆက်လက်ပြီး ဘယ်လိုစောင့်ရှောက်ယုယ ဂရုစမ္မနှင့် မွေးမြူသွားနိုင်သည် ဆိုသည့်ပညာကို ရရှိခဲ့သည်ဟု အလေးအနက်ဆိုထားသည်။

အဲသည်လို ပညာရထားတော့

"သညက္ခန္ဓာရဲ့ နာကျင်မှုက
ဘဝမေ့အောင်
သယ်ဆောင်ရာနောက်
ကောက်ကောက်ပါပြီး
ကိုယ့်ဘာသာအလိုလိုက်
မမိုက်ရဲပြန်ဘူး"

ဟု ထိန်းချုပ်နိုင်ရုံမက...

"ဩော် အမြိုက်ရည် သံဝေဂကို
တစ်ဝကြီး သောက်ခဲ့ပြီးမှ
သာရအနှစ်
ဗလာဖြစ်တဲ့လောကကမ္ဘာကို
ခိုလှုံရာအဖြစ်တွေးပြီး
ဘယ်မှာလာ ငါရွေးနိုင်တော့မှာတဲ့လဲ"

ဟု ဒဿန တစ်ရပ်ကို ရဲရဲဆိုသည်။

ကျွန်တော် ကြက်သီးထမိသည်။

အင်မလီဘရွန်တီ။ တမ်းတမိပါသည်ဆိုသော ချစ်သူကို သူမို့ ဤစကား ပြောဝံ့သည်။

ဩော်...ဇောဆန္ဒ၏မျက်ရည်တွေကိုပင် တုစ္ဆဟုသူခေါ်ခဲ့သည်။ တုစ္ဆ ဟူသည်က အချည်းနှီး...။

ဇောဆန္ဒ၏ လွမ်းမျက်ရည်ကို အချည်းနှီးဟု ပြောဝံ့သူ။

www.burmeseclassic.com

www.burmeseclassic.com


ဤသတ္တိတွေက ဘယ်ကလာသနည်း။

သြော်...နွေ့နှင်းရည်ကကော ဘာကြောင့် ဤကဗျာကို ဘာသာပြန်ရသနည်း။ ဘယ်သူ့ကို ဘာပြောချင်သနည်း။

ကျွန်တော်က နေရာမှ ထလိုက်ပြီး နားစွင့်ကြည့်၏။

စောစောက အန်တီတင့်တင့် ဘုရားခန်း ဝင်သွားသည်ကို ကျွန်တော်တွေ့သည်။

ယခု အန်တီတင့်တင့်၏ ဘုရားရှိခိုးသံကို ကျွန်တော်မကြား။

ကျွန်တော်က ဝရန်တာဆီသို့ ထွက်လာခဲ့ပြီး ဝရန်တာဦးရှိ ဘုရားခန်းတွင်းဆီ ကြည့်သည်။

မီးလုံးပြာပြာလေးတစ်ပွင့်ကြောင့် ဘုရားခန်းတွင်းမှာ လဲ့လဲ့လင်းနေသည်။

ပုဆစ်တုပ်ကာ ဘုရားစင်ရှေ့တွင်ထိုင်လျက် အန်တီတင့်တင့်က ကျောက်ရုပ်လေးပမာ ငြိမ်သက်နေ၏။

ကျွန်တော်က ခြေကိုဖွနင်းပြီး ဘုရားခန်းပြင်ဘက် ဝရန်တာတွင်ရပ်သည်။

ဟိုး...တစ်ချိန်တုန်းကလိုပင် လကသာနေသည်။ ဟိုးတစ်ချိန်တုန်းကလိုပင် လရောင်၌ပွင့်နေသော ချယ်ရီပင်ကို မြင်ရသည်။ ဟိုးတစ်ချိန်တုန်းကလိုပင်။

သူက ချယ်ရီပင်အောက်မှာ ရပ်နေသည်။

သူ...။ သူ့ကို မမြင်သည်မှာ ကြာပြီ။

လွန်ခဲ့သော သုံးနှစ်က သူ့ကို ဤချယ်ရီပင်အောက်မှာတွေ့ခဲ့သည်။ နောက်တစ်နေ့နံနက်တွင် ခြံတံခါးရွက်များ ထိပ်၌ ချယ်ရီပန်းစည်းကြီး တစ်ခုကို တွေ့သည်။

သူ့ကို ကျွန်တော် မမေ့ပါ။ သူ့ကို စတွေ့ပြီး ချယ်ရီမတုံးမချင်း ဤချယ်ရီပင်ဆီ ကျွန်တော် ထွက်ထွက်ကြည့်ခဲ့သေးသည်။ သူ့ကို မတွေ့တော့ပါ။ နောက်နှစ်ချယ်ရီပွင့်ချိန်၌လည်း သူ့ကို ကျွန်တော် ထွက်ကြည့်သည်။ သူ့ အရိပ်အယောင်ကိုမျှ မတွေ့။ နံနက်၌လည်း ခြံတံခါးထိပ်တွင် ချယ်ရီပန်းစည်းကြီးကို မတွေ့ရ။

သူ သုံးနှစ်တိတိ ပျောက်နေခဲ့သည်။ ယခု သူပြန်ပေါ်လာပြန်ပြီ။

မြတ်စွာဘုရား။ သူ...သူ...လူ ဟုတ်ပါရဲ့လား။

သူ့ကိုတွေ့ပြီး၍ မကြာမီ၊ ချယ်ရီပန်းစည်းကိုလည်းတွေ့ပြီး၍ မကြာမီ အန်တီတင့်တင့် ဘာသာပြန်ထားသော အင်မလီဘရွန်တီ၏ ကဗျာကို ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com


တွေ့ခဲ့ရသည်။

"မြေကြီးထဲမှာ
အေးစက်လို့နေပါပကော။
နှင်းထူထူတွေကလည်း
မင်းအပေါ်မှာ
ထပ်ထပ်ဆင့်လို့
မို့မြင့်ခဲ့ပါပကော"

ကဗျာက ဤသို့စဖွင့်ထားသည်။

အို…သူ လူဟုတ်ပါရဲ့လား။ မြေကြီးထဲမှာ အေးစက်လို့ နေရာက ထလာသူပေလော။ မသိနိုင်သော ပရလောကမှ စည်းကမ်းတစ်ခုက သူ့ကို သုံးနှစ်တစ်ခါမှ မြေကြီးထဲမှထလာခွင့် ပေးလေသလော။

တစ်စုံတစ်ရာက ကျွန်တော့်ကို စိန်ခေါ်နေလေသည်။

ကျွန်တော်က ခြေသံမထွက်စေဘဲ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

အောက်ထပ် အိမ်တံခါးကိုလည်း အသံမမြည်အောင်ဖွင့်ပြီး စေ့ထားလိုက်၏။

ကျွန်တော်တို့ ခြံဝတံခါး အနီး ထောပတ်သီးပင်ရိပ်မှ ကျွန်တော် ငြိမ်သက်စွာ လှမ်းကြည့်သည်။

ချယ်ရီပင်ရိပ်မှာ ရပ်နေသေးသော သူ့ကို တွေ့ရသည်။

ကျွန်တော်က ပြုံးမိသည်။

အမှန်မှာ မြေကြီးထဲမှာ အေးစက်လို့ နေရာမှ ထလာသူတွေရှိကြောင်းကို ကျွန်တော်မယုံပါ။ သည်တော့ ကြောက်လည်း မကြောက်ပါ။ သြော် သူသည် ချယ်ရီပန်းစည်း လာချထားသူဖြစ်လျှင် သာ၍ပင် ကြောက်ဖို့မကောင်းပါ။

ထောပတ်သီးပင်ရိပ်မှ အတန်လေးကြာအောင် ကျွန်တော်က သူ့ကို ကြည့်နေသည်။

တစ်ခါတုန်းကကဲ့သို့ပင် သူက ချယ်ရီပင်ရိပ်မှ ထွက်သည်။ ကျွန်တော်တို့ အိမ်ဆီ တစ်ချက် ငေးကြည့်ပြီးနောက် တစ်ခါတုန်းကကဲ့သို့ပင်သူက တောင်ဘက်သို့ဖြည်းညင်းစွာ လျှောက်ပြန်သည်။

ကျွန်တော် ဘာလုပ်မည်ကို ကျွန်တော်က ဆုံးဖြတ်ပြီးနေပြီ။

ကျွန်တော်တို့ ခြံတံခါးက သော့ခတ်ပိတ်ထား၏။

ကိစ္စမရှိပါ။ ကျွန်တော်က ခြံတံခါးကို အလွယ်တကူ ကျော်ပြီး ခြံပြင်

www.burmeseclassic.com

www.burmeseclassic.com


ထွက်၍ သူ့နောက်ကို လိုက်သည်။

လက သာနေသော်လည်း နှင်းမှုန်လေးတွေကလည်း ရှိနေ၏။

ညက ချမ်းနေသော်လည်း ဆွယ်တာထူထူ ဝတ်ထားမိသောကြောင့် အချမ်းဒဏ်ကို ကျွန်တော် ခံနိုင်သည်။

သူကတော့ တစ်ချိန်တုန်းကကဲ့သို့ပင် သိုးမွေး ကုတ်အင်္ကျီရှည်ကို ဝတ်ထားသည်။

သူက လေးလေးမှန်မှန် လျှောက်နေသည်။ သူ့ထက်စာလျှင် ကျွန်တော် လျှောက်သည်က အနည်းငယ် ပိုမြန်သည်။

သူ့ထံမှ ချောင်းဆိုးသံကို ကြားရသည်၊ ပထမသော် တစ်ခါ နှစ်ခါ။

အိမ်တော်ဝင်းအဝအနီး အရောက်တွင် သူ လမ်းလျှောက်ခြင်း ရပ်သွားပြီး အဆက်မပြတ် ချောင်းဆိုးနေတော့၏။

ကျွန်တော်က သူ့အနီးသို့ ကပ်သွားမိ၏။

"ချောင်း သိပ်ဆိုးနေတယ်၊ နေမကောင်းဘူးလား"

သူက ခေတ္တ ချောင်းဆိုရပ်သွားပြီး ကျွန်တော့်ကို ကြည့်သည်။ ထိုနောက် ခေါင်းခါပြ၏။

ဓာတ်တိုင်မှ မီးရောင်ကြောင့် သူ့မျက်နှာကို ကျွန်တော် ကောင်းစွာ တွေ့ရသည်။

အို...သူက လှချောတစ်ဦး။ မွန်မွန်ရည်ရည်နှင့် ခံ့ခံ့ချောသူတစ်ဦး။ ယခုမှ ရုတ်တရက် တွေ့ရသူ ကျွန်တော့်အား ကြည့်ပုံမှာလည်း တည်ငြိမ်ပြီး နူးညံ့သိမ် မွေ့သည်ဟု ကျွန်တော် ခံစားရ၏။

သူက ချောင်းဆက်ဆိုးနေပြန်၏။

"အန်ကယ်လ်ချောင်းဆိုတာ အဆက်မပြတ်ဘူး"

ချောင်းဆိုးအရပ်တွင် သူက ပြုံး၏။

"ခုမှ ကောက်ကာငင်ကာ ဆိုးတာပေါ့ကွယ်"

"ဒါဖြင့် ကောက်ကာငင်ကာ အဆုတ်အအေးမိသွားသလား၊ တောင်ကြီး ဆောင်းတွင်းမှာ ပေါ့လို့ မရဘူးနော်"

သူက ချောင်းဆိုခြင်းနှင့် ရယ်ခြင်း ရောလျက် ပြော၏။

"မပေါ့ပါဘူးကွယ်၊ ပြီးတော့ တောင်ကြီးကို အန်ကယ်လ်ခဏခဏ ရောက်ဖူးပါတယ်"

"ရန်ကုန်ကလား"

www.burmeseclassic.com

www.burmeseclassic.com


သူက ခေါင်းညိတ်ပြ၏။

"အင်းလေ၊ ခု အအေးမိပြီ၊ အိမ်ကို မြန်မြန် ပြန်ရောက်တာ ကောင်းတယ်"

"နေတဲ့နေရာက နီးနီးလေးပါ"

"နီးနီးလေး၊ ဘယ်မှာလဲ"

"အိမ် မဟုတ်ပါဘူးလေ၊ ဟိုတယ်မှာပါ"

"စထရင်းဒ် ဟိုတယ်လား"

သူက ခေါင်းညိတ်ပြပြီး ချောင်းဆိုးပြန်၏။

"အို...ဒါဖြင့် လာလာ၊ ဟောဒီ အိမ်တော်ဝင်းအတွင်းက ဖြတ်ပြန်လို့ရတယ်၊ ပိုနီးတယ်"

ကျွန်တော်က သူ့လက်ကို ဆွဲခေါ်မိသည်။ သူ့လက်တွေက ပူနေသည်။

"ကိစ္စမရှိပါဘူးကွယ်၊ အန်ကယ်လ် သွားတတ်ပါတယ်"

"အန်ကယ်လ်လက်တွေ ပူနေတယ်၊ ချောင်းလဲဆိုးနေတယ်၊ ကျွန်တော် လိုက်ပို့ပေးမယ်၊ ကျွန်တော်က သက်သက်လမ်းလျှောက်ထွက်လာတဲ့လူ၊ ကိစ္စမရှိဘူး၊ ပြီးတော့ စထရင်းဒ်မှာ ညတာဝန်ယူတဲ့ စောဘဖြူက ကျွန်တော့် သူငယ်ချင်း၊ သူနဲ့လည်း တွေ့ရတာပေါ့"

"စောဘဖြူနဲ့ သူငယ်ချင်း၊ ဒီက တူမောင်ကလည်း ကောလိပ်ကျောင်းသားလား"

"ဟုတ်ကဲ့၊ မြန်မာစာ အဓိက ယူပါတယ်၊ စောဘဖြူကတော့ သတ္တဗေဒ ယူတယ်၊ သူ့ကို ကျွန်တော်တို့ အားလုံးခင်မင်ပြီး အဲ... ဘယ်လိုပြောရမလဲ၊ ဟိုဒင်း ချီးမွမ်း ဂုဏ်ယူကြတယ်"

သူက ကျွန်တော့်ကို တစ်ချက် စိုက်ကြည့်ပြီး ခေါင်းညိတ်လျက် ဆိုသည်။

"အန်ကယ်လ် နားလည်တယ်"

အိမ်တော်၏ မြောက်ဘက်ဂိတ်တံခါးက ပိတ်မထား။

သူနှင့် ကျွန်တော်က အိမ်တော်ရှေ့မှ ဖြတ်ပြီး လာခဲ့ကြသည်။

အိမ်တော်၏ တောင်ဘက်ကပ်လျက်ရှိသော စားမြိန်ရိပ်သာ အဆောက်အအုံရှေ့အရောက်၌ သူက မေးသည်။

"တူမောင်က ညကို လမ်းထွက်ထွက် လျှောက်သလား"

"ညတိုင်းတော့ မဟုတ်ပါဘူး၊ ချယ်ရီတွေကလည်း ပွင့်နေမယ်၊ လကလည်း သာနေမယ် ဆိုရင်တော့ တစ်ညတလေ ကျွန်တော် ထွက်ထွက်လျှောက်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com


"မချမ်းဘူးလား"

"ချမ်းပါတယ်၊ ဒါပေမယ့် ချယ်ရီကလည်း ချမ်းတဲ့အချိန်မှ ပွင့်တယ်၊ လဆိုတာ ကလည်း ညကျမှ သာတယ်"

ယှဉ်လျှောက်နေရာမှ သူက ကျွန်တော့်ကို ငဲ့စောင်းကြည့်ပြီး ဆိုသည်။

"ရွေးစရာ မရှိတော့ဘူးပေါ့"

ကျွန်တော်က ပြုံးမိသည်။ သြော်...သူလည်း တွေးခေါ်တတ်လေသည်။

"ဟုတ်ကဲ့...ရွေးစရာမရှိဘူး"

သူက အတန်ကြာငြိမ်နေပြီးမှ အေးချမ်းစွာဆို၏။

"အင်း...အန်ကယ့်လ်မှာလည်း ရွေးစရာမရှိဘူး"

ကျွန်တော်က သူ့ကို ကြည့်မိသည်။ သူက အသာအယာ ရယ်သည်။ ရယ်ရင်းက ချောင်းဆိုးပြန်၏။

စထရင်းဟိုတယ်ဝင်းအတွင်းသို့ကျွန်တော်တို့ ရောက်လာကြသည်။

"အထဲဝင်လိုက်ခဲ့ပါလား၊ ကော်ဖီပူပူနွေးနွေး တစ်ခွက်သောက်သွားလေ"

ကျွန်တော်က အိမ်အောက်ထပ်တံခါးကို စေ့ထားခဲ့ရသည်ကို သတိရသည်။ ပြီးတော့ အန်တီတင့်တင့် တရားထိုင်ရာမှ ထလာခဲ့လျှင်။

"တော်ပါပြီခင်ဗျာ၊ ကျေးဇူးတင်ပါတယ်၊ ညနက်ပြီ၊ ကျွန်တော်က လျှောက်ရဦးမယ်"

"စောဘဖြူကို ဝင်မတွေ့တော့ဘူးလား"

"မတွေ့တော့ဘူး၊ တွေ့ရင် စကားကောင်းမိတော့ သူစာကျက် ပျက်မယ်၊ သူ့အတွက် အချိန်တွေဟာ အဖိုးတန်လှပါတယ်"

"ကောင်းပြီလေ၊ အန်ကယ့်လ်ကို ဂရုတစိုက် လိုက်ပို့တာ ကျေးဇူးတင်ပါတယ်၊ အင်း ...အင်း မြတ်စွာဘုရား၊ အန်ကယ်လ်ဖျားချင်နေတယ်"

"နွေးအောင်နေလိုက်ပါ အန်ကယ်လ်၊ ဆေးလည်း သောက်လိုက်ပါ၊ ဆေးတွေ ဘာတွေပါရဲ့လား"

"မပါဘူး၊ ဒါပေမယ့် ဟိုတယ်မှာ ရနိုင်ပါတယ်၊ ဂွတ်ဒ်နိုက်တ်၊ သြော်... ဒါထက် တူမောင့်နာမည်က"

"နိုင်"

"ကိုနိုင်ပေါ့"

"ဟင့်အင်း၊ နိုင် တစ်လုံးတည်း"

"ကောင်းပြီ၊ ဂွတ်ဒ်နိုက်တ် နိုင်"

www.burmeseclassic.com

www.burmeseclassic.com


"ဂွတ်ဒ်နိုက်တ် အန်ကယ်လ်"

ကျွန်တော်က လာလမ်းအတိုင်း ပြန်လာခဲ့သည်။

ညက တိတ်ဆိတ်နေသည်။ နှင်းမှုန်တွေကြောင့် လရောင်က ဖြူဖြူ ရော်ရော်နိုင်သည်။ လူသူအရိပ်အယောင်ဟူ၍လည်း တစ်ယောက်မျှမရှိ။ သြော်... ချမ်းကလည်း ချမ်းသေးသည်။

ကမ္ဘာသေ။ ဤစကားက ကျွန်တော့် နှုတ်ဖျားတွင် ပေါ်လာသည်။

လူသူမဲ့သော၊ တိတ်ဆိတ်သော၊ ဖြူရော်သော၊ ဆိတ်သုဉ်းသော ပတ်ဝန်း ကျင်ကို ကမ္ဘာသေဟု တင်စားရေးကြသည်ကို ကျွန်တော် ဖတ်ဖူးသည်။

ကမ္ဘာသေနှင့်တူသော ပတ်ဝန်းကျင်၌ လမ်းလျှောက်နေရသူများ ဤလောကတွင် ရှိကြသည်။

အင်မလီဘရွန်တီပြောသကဲ့သို့ ဝမ်းမြောက်ခြင်း၏ ပစ္စယထောက်ပံ့ခြင်း ကို မရရှိတော့သည်တိုင်စေ၊ ဘဝဖြစ်တည်မှုကို ဂရုစမ္မထားပြီး အားဖြည့်ကျွေးမွေး ပြုစုထားနိုင်သူများ ဖြစ်ဟန်တူသည်။

စေ့ထားသော အိမ်အောက်ထပ်တံခါးကို ချက်ချပိတ်ပြီး အိမ်ပေါ်ထပ်သို့ ကျွန်တော်တက်လာခဲ့သည်။

အကယ်၍ အန်တီတင့်တင့် မေးလျှင်လည်း ကျွန်တော့်၌ ဖြေစရာရှိသည်။

လရောင်၌ ချယ်ရီပွင့်နေပုံကို လိုက်ကြည့်သည်။

လရောင်၌ ဆင်ခြေကို ကျွန်တော် သဘောကျပြီး ပြုံးမိ၏။

ဟုတ်ကဲ့၊ လရောင်၌ ချယ်ရီပွင့်ပုံကို ကျွန်တော်လိုက်ကြည့်ခဲ့ပါ၏။ အဲသည်ထက် ကမ္ဘာသေ၌ ချယ်ရီပွင့်ပုံကို လိုက်ကြည့်ခဲ့သည်ဆိုလျှင် ပိုမှန်လေမည် လား။

ကျွန်တော် အိမ်အပေါ်ထပ်ရောက်ချိန်၌ အန်တီတင့်တင့်က ဘုရားစင်ရှေ့ တွင် ကျောက်ရုပ်လေးကဲ့သို့ ထိုင်နေဆဲ...။

ကျွန်တော်ဘာသာ ကျွန်တော် အမျိုးအမည် မသိသောသက်ပြင်းကိုချပြီး ဝရန်တာမှနေ၍ ချယ်ရီပင်ကို ကြည့်မိသည်။

လရောင်က ချယ်ရီပင်ပေါ်မှာ ကျနေသည်။

သို့ရာတွင် လရောင်က ချယ်ရီပွင့်နေသည်ကို သိမည်မဟုတ်။ ချယ်ရီပွင့် တွေကလည်း လ,ရောင်ကို သိမည်မဟုတ်။

ကမ္ဘာသေ။ ဟင့်အင်း။ ကမ္ဘာ ဆိုသည်က သေလည်းမသေပါ။ ရှင်လည်း မရှင်ပါ။ သိခြင်းမရှိသော အရာမှာ သေခြင်းရှင်ခြင်း ရှိပါသလား။

www.burmeseclassic.com

www.burmeseclassic.com


ဇီဝဗေဒ သိပ္ပံကပြောသော သေခြင်းရှင်ခြင်းမျိုးမဟုတ်ဘူးလေ။

သိခြင်းရှိသော လူ၏သေခြင်းရှင်ခြင်းမျိုး။

လူသည် ဘာနှင့် ရှင်နေပါသနည်း။

ဘုရားစင်ရှေ့၌ ကျောက်ရုပ်လေးပမာ ထိုင်နေသော အန်တီတင့်တင့်က ဘာကို သိနေပါသနည်း။

သူ့မှာလည်း ရွေးစရာမရှိဘူးဟု ဆိုခဲ့သူ လူတစ်ယောက်လည်း ယခု ဘာလုပ်နေမည်နည်း။

ထိုခဏ၌ ကျွန်တော်ပင်လျှင် ဝမ်းနည်းသယောင်ယောင် ဖြစ်မိသည်။

သြော်...ယခုအချိန်၌ နှင်းမြစန္ဒာ ဘာလုပ်နေမည်နည်း။ ဝင့်ဝါကော။ ပြီးတော့ ဝင်းကြည်ကော။

လသာသည်ကို ချယ်ရီမသိ။ ချယ်ရီပွင့်နေသည်ကို လက မသိ၊

တစ်ခါတစ်ရံ လူတွေရော၊ တစ်ယောက်ကိုတစ်ယောက် သိကြပါသည် လော။

သိကြမည် မထင်။

အင်း... ကိုယ့်ကိုယ်ကိုယ်တော့ သိကြမည်။ အနည်းဆုံး ကိုယ့်ခံစားမှု ကိုတော့ ကိုယ်သိကြမည်။

သည်လောက်ဆိုလျှင်ပဲ စိတ်ဝိညာဉ်၏ စွမ်းအင်တွေ မညှိုး၊ တန်ခိုးတွေ မပြယ်ဟု ထင်သည်။

ထင်သည်။

*

# အခန်း (၂၁)

တောင်ကြီးကောလိပ်၌ အဲသည်တုန်းက သီးသန့်စာကြည့်တိုက် အဆောက်အအုံ မရှိသေး။ ကျောင်းကြီး၏ အောက်ထပ်ခန်းမရှည်တစ်ခုကို စာကြည့်တိုက် လုပ်ထားသည်။

စာကြည့်တိုက်မှူး ဆရာ ဦးကနေဒီတာပနှင့် ကျွန်တော်က ခင်သည်။

ရှေးယခင်က ကောလိပ်အသေးလေးများတွင် စာကြည့်တိုက်မှူး မရှိဟု ဆိုသည်။ ဝါသနာပါသော ဆရာတစ်ဦးကသာ စေတနာ့ဝန်ထမ်း စာကြည့်တိုက်မှူး

www.burmeseclassic.com

www.burmeseclassic.com


လုပ်ခဲ့ရသည်ဆို၏။

ယခုအချိန်တွင်ကား စာကြည့်တိုက်မှူး သီးသန့်ခန့်ပေးထားသည်။ စာကြည့်တိုက်ဝန်ထမ်းများတော့ မရှိသေး။

ကျွန်တော်က စာကြည့်တိုက်၌ ပျော်သည်။ ဆရာ ဦးကနေဒီတာပနှင့် ခင်သောကြောင့် အားလပ်ချိန်လေးများတွင် ဆရာ့ကို သွားကူညီလုပ်ကိုင် ပေးသည်။

ဆရာ့ဦးဆောင်မှုဖြင့် စာအုပ်အမျိုးအစားတွေကို ခွဲခြားသည်။ နံပါတ်တွေ တပ်သည်။ အညွှန်းကတ်ပြားလေးတွေ စီသည်။ စာအုပ် လာငှားသူတွေအတွက် စာအုပ်ရှာပေးသည်။

စာအုပ်တွေကို ဒသမစနစ်ဖြင့် အမျိုးအစား ခွဲခြားပြီး အစီအစဉ် ကျကျနန ထိန်းသိမ်းထားသည်။ ထိုစနစ်ကို "ဒူးအီစနစ်"ဟု ခေါ်သည်။ ကမ္ဘာကျော် စာကြည့်တိုက်မှူးကြီး "မယ်လ်ဗီးလ်ဒူးအီ" **(Melvil Dewey)** တီထွင်ခဲ့သော စနစ်ဟု သိရသည်။

ဆရာ့ကို ကူညီ လုပ်ကိုင်ပေးသည်သာ ဆိုသည်။ အမှန်က ဆရာ့ထံမှ အဖိုးတန်သော ပညာတွေရသည်။ စာပေ၌ မွေ့လျော်သောသူသည် စာကြည့်တိုက် ပညာကိုတော့ တီးမိ ခေါက်မိထားလျှင် ကောင်းသည် ထင်၏။ အနည်းဆုံး ကိုယ်လိုရာကို ကိုယ် အလွယ်တကူ စနစ်တကျ ရှာတတ်မည်။

ပညာရသောကြောင့်လည်းကောင်း၊ စာအုပ်တွေကြားမှာ နေရသည်ကို နှစ်သက်၍လည်းကောင်း၊ မတွေ့ဖူး မမြင်ဖူးသေးသော စာအုပ်သစ်တွေကို ဦးဦးဖျားဖျား တွေ့ခွင့်မြင်ခွင့် ကိုင်တွယ်ရသောကြောင့်လည်းကောင်း၊ သင်တန်း အား အချိန်များ၌ ကျွန်တော်သည် စာကြည့်တိုက်သို့သာ ရောက်နေတတ်၏။

သူနှင့် တွေ့ပြီးသော နောက်တစ်နေ့နေ့လယ်တွင် ဆရာခိုင်းထားသော ကြောင့် စာအုပ်သစ်များ၏ ရှေ့ဆုံးမျက်နှာတွင် ကျွန်တော်က ကောလိပ်တံဆိပ် ကို ရိုက်ပြီး စာရင်းနံပါတ်ကို ရေးနေသည်။

ကျွန်တော့်သူငယ်ချင်း စောဘဖြူက စာကြည့်တိုက်တွင်းသို့ ဝင်လာသည်။

"လာဟေ့ စောဘဖြူ၊ စာအုပ်ငှားမလို့လား"

"ဟုတ်ဘူး၊ မင်းကို လိုက်ရှာနေတာ"

"ငါ့ကို လိုက်ရှာနေတာ"

"အေး"

စောဘဖြူသည် ရန်ကုန်မှဖြစ်သည်။ ကျွန်တော့်လိုပင် မိဘ မရှိ။ သူ့

www.burmeseclassic.com

www.burmeseclassic.com


အစ်ကိုက ရန်ကုန် စထရင်းဒ်ဟိုတယ်ကြီးတွင် အလုပ်သမား ဖြစ်သည်။ စောဘဖြူ ဆယ်တန်းအောင်သောအခါ ရန်ကုန်တက္ကသိုလ်တွင် မတက်ဘဲ တောင်ကြီးကော လိပ်တွင် လာတက်သည်။ အကြောင်းမှာ တောင်ကြီးစထရင်းဒ် ဟိုတယ်တွင် ညပိုင်း ဝိတ်တာ အလုပ်ရသောကြောင့် ဖြစ်သည်။ စောဘဖြူက နေ့တွင် ကောလိပ် တက်သည်။ ညတွင် ဝိတ်တာလုပ်သည်။ တောင်ကြီးစထရင်းဒ်ဟိုတယ်မှာ ဧည့် များသည် မဟုတ်သောကြောင့် ဝိတ်တာလုပ်ရင်း စောဘဖြူ စာကျက်နိုင်သည်။ သူ့မှာ အလုပ်ရှိသောကြောင့် ပညာသင်ထောက်ပံ့ကြေးမလျှောက်။ အခြားလိုသူ တစ်ဦးဦး ရပါစေဟု သူက စေတနာထားသည်။ ဤအချက်ကို သိသောကြောင့် ကောလိပ်ကျောင်းအုပ်ကြီးက စပြီး ဆရာ ဆရာမများက စောဘဖြူကို ချီးမွမ်း ကြသည်။ အလုပ်ဟူက ဂုဏ်ရှိစွဟူသော ဆောင်ပုဒ်ကို လက်တွေ့ကျင့်သုံးသည့် အပြင် သဘောထားလည်းကြီးသည့် လူရည်ချွန် လူရည်မွန်ဟု သူ့ကို ဘွဲ့ပေးထား ကြ၏။

စောဘဖြူက ကွန်တော် တံဆိပ်နှိပ်နေသော စားပွဲအနီးသို့ ကပ်လာခဲ့၏။

"နိုင် မင်းညက ဟိုတယ်ရှေ့ ရောက်လာသေးတယ်ဆို"

"အေး မင်းကို ဘယ်သူပြောလဲ"

"ဆရာ ဦးသန့်မွန်ပဲပေါ့"

"ဦးသန့်မွန်"

"အေးလေ၊ လမ်းလျှောက်ရင်း သူနေမကောင်းတာမို့ မင်းက ဟိုတယ် အထိ လိုက်ပို့ပေးတယ်ဆို"

"အား ဟုတ်တယ်၊ ဒါပေမယ့် သူ့နာမည်ကို ငါ မသိဘူး"

"အေး မင်းရဲ့နာမည် မသိတဲ့ မိတ်ဆွေကြီးကို ဆေးရုံပို့ထားရပြီ"

"ဘာပြောတယ်"

"ညက သူခေါ်လို့ သူ့အခန်း ငါသွားရသေးတယ်၊ ကိုယ်တွေပူပြီး ချောင်းဆိုးလို့ ငါ ဆေးတွေ ယူပေးခဲ့ရသေးတယ်၊ ဒါတောင် မနက် မိုးမလင်း သေးဘူး အပြင် ပြန်ထွက်တယ်၊ သူ့လက်ထဲမှာလည်း ချယ်ရီပန်းစည်းကြီး တစ်စည်းနဲ့"

"ချယ်ရီပန်းစည်းကြီး တစ်စည်းနဲ့"

"ဟုတ်တယ်၊ ကိုရစ်ချမွန်ဒ်က ခူးပြီး စည်းပေးထားတာတဲ့၊ ကိုရစ်ချမွန်ဒ် ကို သိတယ် မဟုတ်လား"

ကိုရစ်ချမွန်ဒ် ဆိုသည်မှာ ဘောင်းဘီဝတ် မဒရတ်စီအနွယ်တစ်ဦးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ စောဘဖြူတို့ထက် အဆင့်ကြီးသော ဝိတ်တာတစ်ဦး ဖြစ်လေသည်။

ကျွန်တော်က ခေါင်းညိတ်ပြသောအခါ စောဘဖြူက ဆက်ပြော၏။

"ငါက သူ့ကို ဒီနှစ်မှ တွေ့ဖူးတာပါ၊ ကိုရစ်ချမွန်ဒ်ကတော့ ပြောတယ်၊ ဦးသန့်မွန်ဟာ ဒီလိုပဲ လာတတ်သတဲ့၊ သူလာတဲ့ အချိန်တိုင်းကလည်း ချယ်ရီပွင့်ချိန်တဲ့၊ မနက် မိုးမလင်းခင် ချယ်ရီပန်းတစ်စည်း သူ့အခန်းကို သွားသွားပို့ရသတဲ့၊ သူကလည်း ပန်းစည်းပိုက်ပြီး ဟိုတယ်က အစောကြီးထွက် ထွက်သွားတတ်သတဲ့၊ တို့ ဘယ်လိုပြောမလဲ၊ အဲ...စိတ်ကူးယဉ် ကဗျာဆန်တဲ့လူ၊ ဟုတ်တယ် မဟုတ်လား"

"လောကမှာ ပန်းတွေကိုချစ်တဲ့ လူတွေရှိတယ်၊ ချယ်ရီကလည်း ချစ်စရာကောင်းတဲ့ပန်းပဲ၊ သူ ချယ်ရီကိုချစ်လို့ ဖြစ်မှာပေါ့"

"အေး ဟုတ်တယ်၊ တချို့နိုင်ငံတွေမှာ ချယ်ရီပွင့်မှာ စောင့်ကြည့်နေကြပြီး၊ ပွင့်ပွင့်ချင်း ချယ်ရီ ဘလော့ဆင်မ် ပွဲတော်တွေ ဘာတွေလုပ်ကြသတဲ့"

"အေး... ငါလည်း ကြားဖူးတယ်၊ ဒါထက် မင်းဘာလို့ ငါ့ကို လိုက်ရှာတာလဲ၊ ဒီအကြောင်း ပြောပြချင်လို့လား"

"ဟုတ်တယ်၊ ဦးသန့်မွန်က ခု ဆေးရုံမှာ နေခဲ့ရတယ်လေ၊ အခြေအနေက သိပ် ဆိုးတာတော့ မဟုတ်ဘူး၊ ဒါပေမယ့် ဂရုမစိုက်ရင် သိပ်ဆိုးသွားနိုင်တယ်၊ ဒါကြောင့် ဆရာဝန်ကြီးတွေက ဟိုတယ်ကို ပြန်မလွှတ်ဘဲ ဆေးရုံမှာ ခေါ်ထားလိုက်ကြတယ်"

"စပ်စံထွန်းမှာလား"

"ဟုတ်တယ်၊ အဲဒါ မင်းသွားကြည့်ပါလား"

"ဟင်"

"သူ့ကြည့်ရတာ တောင်ကြီးမှာ ရင်းရင်းနှီးနှီး မိတ်ဆွေရှိပုံ မပေါ်ဘူး၊ တစ်ရပ် တစ်ကျေးမှာ တစ်ယောက်တည်း ဆေးရုံ တက်ရတယ်ဆိုတာ၊ ဟိုဒင်း အားငယ်ဖို့ ကောင်းမလားလို့"

ကျွန်တော် ခေတ္တငိုင်လျက် စဉ်းစားသည်။

တောင်ကြီးမှာ ရင်းရင်းနှီးနှီး မိတ်ဆွေရှိပုံမပေါ်။ တစ်ရပ်တစ်ကျေးမှာ တစ်ယောက်တည်း ဆေးရုံတက်ရတယ်ဆိုတာ။ ဤစကားတွေက ကျွန်တော့်ရင်ကို လာခိုက်သည်။

"မင်းပြောတာ မှန်တယ် စောဘဖြူ၊ ငါ သွားကြည့်မယ်၊ မင်းကိုလည်း ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com


ထိုနေ့က ကျောင်းစောစောဆင်းပြီး ကျွန်တော် ရေမိုးချိုး အဝတ်အစားလဲသည်။ နှင်းမြစန္ဒာတို့ ခြံမှ နှင်းဆီပန်းတွေခူးပြီး နှင်းဆီပန်းစည်းလေးတစ်ခု ပြုလုပ်၍ စပ်စံထွန်း ဆေးရုံကြီးဆီ လာခဲ့သည်။

သူ့ကို သီးသန့် အခန်းလေးတစ်ခု၌ ထားသည်။

ခေါင်းအုံးကိုမှီလျက် ကိုယ်ကို တစ်ဝက်လှဲ တစ်ဝက်ထိုင် အနေအထားနှင့် စာဖတ်နေသောသူက အံ့အားသင့်သည့်ဟန်ဖြင့် ကျွန်တော့်ကို ကြည့်၏။

သို့ရာတွင် နှင်းဆီပန်းစည်းကို ကျွန်တော်က လှမ်းပေးသော အခါ၌ကား အေးချမ်းတည်ငြိမ်စွာ လှမ်းယူပြီး ရှုမွှေး၏။

"သင်းလိုက် မွှေးလိုက်တာနော်၊ ခေါင်းထဲမှာ ကြည်ပြီး လန်းသွားတယ်"

"နှင်းဆီပန်းကို ကြိုက်သလား"

"ပန်းတိုင်းကို ကြိုက်ပါတယ်၊ နှင်းဆီနဲ့ကိုတော့ အကြိုက်ဆုံးပဲ၊ နိုင်က သိပ်စိတ်ကူးကောင်းတာပဲ"

ကျွန်တော့်နာမည်ကို ရင်းရင်းနှီးနှီး ခေါ်သောကြောင့် ကျွန်တော် သဘောကျသွားသည်။ ကျွန်တော် ယူလာသော လက်ဆောင်ကို ချီးမွမ်းသောကြောင့်လည်း စိတ်ချမ်းသာသွား၏။

"ဆရာဝန်ကြီးတွေက ဘာပြောသလဲ"

"ရိုးရိုးအအေးမိတာပါ၊ အခြေအနေ ဆိုးမသွားအောင် သူတို့က အကာအကွယ်ပြုတဲ့ အနေနဲ့ ခေါ်ထားတာ၊ ကိုယ်ကလည်း ဟိုတယ်မှာတည်းနေတာ မဟုတ်လား၊ ဟိုတယ်မှာ ဖျားနေတာ မကောင်းဘူး၊ ကူးစက်နိုင်တဲ့ အအေးမိတာမျိုးဆိုရင် ဟိုတယ်ကလည်း ကြိုက်မှာ မဟုတ်ဘူး"

"အခု သက်သာလား"

"ချောင်းဆိုးရပ်သွားတယ်၊ ကိုယ်ပူတာနဲ့ နုံးတာရယ်၊ ကိုက်တာ ခဲတာရယ်လောက်ပဲ ကျန်နေတယ်၊ သူတို့ သိပ်ဂရုစိုက်ပါတယ်"

ကျွန်တော်က သူ့ဘေး မွေ့ရာပေါ်၌ချထားသော စာအုပ်ကို ကြည့်မိ၏။

"စာဖတ်ရင်တော့ ခေါင်းကိုက်မှာပေါ့"

"စာဖတ်တာ မဟုတ်ဘူး၊ ကဗျာဖတ်တာ"

"ခင်ဗျာ"

"စာဖတ်ရင်တော့ ခေါင်းကိုက်တာပေါ့၊ ကဗျာဆိုတာက ခေါ်ရာကို မျှောလိုက်ရုံပဲ၊ မပင်ပန်းလှပါဘူး"

"အန်ကယ်လ်က ကဗျာဝါသနာပါသလား"

www.burmeseclassic.com

www.burmeseclassic.com


"အား ဖတ်ဖို့၊ အရသာခံဖို့ဝါသနာပါတာ"

"စပ်ဖို့ကော"

"စိတ်မကူးရဲဘူးနိုင်"

"ခင်ဗျာ"

"ကဗျာစပ်ဖို့ဆိုတာက ပါရမီပါရတယ်၊ ပြီးတော့ လူများမသွားရဲဘဲ စကြဝဠာတစ်မျိုးဆီ စွန့်သွားရဲရတယ်"

"လူများမသွားရဲတဲ့ စကြဝဠာတစ်မျိုးဆီ"

"ဟုတ်တယ်၊ သွားရဲရုံမကဘူး၊ အဲဒီမှာနေလည်းနေရဲရမယ်၊ အဲဒီမှာ တွေ့တာ တွေ၊ ရတာတွေ၊ ခံစားရတာတွေကို ပြန်ပြောတတ်ရမယ်၊ အန်ကယ်လ် ဒီလောက် မစွမ်းဘူး၊ မိန်းမတစ်ယောက်လောက်တောင် မစွမ်းဘူး"

"မိန်းမတစ်ယောက်လောက်တောင် မစွမ်းဘူး"

"ဥပမာ အင်မလီဘရွန်တီ ဆိုပါတော့"

"ခင်ဗျာ၊ အင်မလီ ဘရွန်တီ"

သူက ခေါင်းညိတ်ပြပြီး စဉ်းစားသယောင် ခေတ္တငြိမ်နေသည်။

"ဆေးရုံ ခုတင်ပေါ် ရောက်နေချိန်မှာ ခါတိုင်း မစဉ်းစားမိတာတွေကို စဉ်းစားမိတယ်၊ ခုလို အာဂန္တု အဖျားမျိုး မဟုတ်ဘဲ ဒီလောကကို စွန့်ခွာရတော့မယ့် ရောဂါမျိုးနဲ့ ဆိုပါတော့၊ နိုင် မလာခင်လေးမှာ အင်မလီဘရွန်တီရဲ့ လတ်စ်လိုင်းစ် **(Last lines)**ကို ပြန်ဖတ် ကြည့်နေမိတယ်"

"လတ်စ်လိုင်းစ်"

"တိုက်ရိုက်ဘာသာပြန်ရင်တော့ နောက်ဆုံးဝါကျများလို့ အဓိပ္ပာယ်ရတယ်၊ ဆီလျော်အောင် ပြောရရင်တော့၊ ဘဝနိဂုံးချုပ် နှုတ်ဆက်တေး၊ အဲဒီလို အဓိပ္ပာယ်ရတယ်"

"ဘဝ နိဂုံးချုပ် နှုတ်ဆက်တေး"

"အင်မလီဘရွန်တီဟာ ငယ်ရွယ်တုန်းလို့ ဆိုနိုင်တဲ့အသက်သုံးဆယ်မှာ ကွယ်လွန်ခဲ့တယ်၊ သူ့ကိုယ်သူ သေမှာကို သိနေပြီး ဆရာဝန်လာတဲ့အခါ အိပ်ရာထဲမှာ မတွေ့ဆုံဘူး၊ အိပ်ရာကထ၊ လှလှပပ ဝတ်စား ပြင်ဆင်ပြီးမှ ဆရာဝန်ကို စမ်းသပ်စစ်ဆေးခွင့်ပြုသတဲ့၊ သေခါနီးအထိ တည်ငြိမ်ခဲ့ခိုင်မှုကို ပြသွားသတဲ့၊ သူ့ဘဝနိဂုံးချုပ် နှုတ်ဆက်တေးက အစပိုဒ်ကို အန်ကယ်လ် သိပ်ကြိုက်တယ်"

သူက အင်္ဂလိပ်ဘာသာနှင့် ရွတ်ပြသည်။ သူ့အသံထွက်က လှပပီသပြီး သူ ရွတ်ပြဟန်၌ ရစ်သင်မ်ပါမှန်း ကျွန်တော် သတိပြုမိသည်။

www.burmeseclassic.com

www.burmeseclassic.com


**'No coward soul is mine,**
**No trembler in the world's**
**storm-trouble sphere.**
**I see Heaven's glories shine,**
**And faith shines equal,**
**arming me from fear.**

ဦးသန့်မွန်က ခေတ္တနားပြီးမှ ဆက်ပြော၏။

"အန်ကယ်လ် ကဗျာကို ကဗျာနဲ့ ဘာသာ မပြန်တတ်ဘူး၊ နားလည်သလို ပြောပြမယ်၊ ငါ့ ဝိညာဉ်ဟာ သူရဲဘောကြောင်သူမဟုတ်ဘူး၊ မုန်တိုင်းတွေ ထန်နေတဲ့ လောကကမ္ဘာရဲ့ အဝန်းအဝိုင်းမှာ ဆတ်ဆတ်တုန်နေသူလည်း မဟုတ်ဘူး၊ ကောင်းကင်ဘုံက သုခမင်္ဂလာရောင်ခြည်တွေ ကွန့်မြူးနေတာ ငါ မြင်ရတယ်၊ အဲဒီ ရောင်ခြည်တွေနဲ့ မခြား အကြောက်တရားကို ရင်ဆိုင်ဖို့ ငါ့ကို လက်နက် အင်အား ဖြည့်ပေးတဲ့ ယုံကြည်မှု သဒ္ဓါရောင်ခြည်တွေ အပြိုင် ကွန့်မြူးနေတာလဲ ငါမြင်ရတယ်တဲ့"

စကားအဆုံး၌ သူက အသာအယာ ရယ်လိုက်ပြီးမှ "အန်ကယ့်လ်မှာ အဲဒီလောက် သတ္တိမရှိဘူး"ဟု ဆိုသည်။

"အန်ကယ်လ်က အင်မလီဘရွန်တီကို ကြိုက်တယ်ပေါ့"

"သူ့စိတ်ဓာတ်ကို ကြိုက်တယ်၊ အထူးသဖြင့် သူ့မက်ဆစ်ဂျီ၊ အဲ... ဆောင်ပါး၊ လူတွေဆောင်ဖို့ သူပါးတဲ့ ဆောင်ပါး၊ အဲဒီဆောင်ပါးကို ကြိုက်တယ်"

"သူ့ဆောင်ပါးက ဘာလဲ အန်ကယ်"

"လေထန်ကုန်းမှာတောင် အလှရှိသတဲ့"

"ခင်ဗျာ"

"ခက်ထန်တဲ့၊ ကြမ်းတမ်းတဲ့၊ သုဉ်းဆိတ်တဲ့ နေရာမှာတောင် လူဟာ နေတတ်ရင် နေပျော်ပါသတဲ့ကွယ်၊ သူကတော့ နေပြသွားတယ်၊ အင်း အဟင်း နေစရာ အဖြစ်နဲ့ တမင်ရွေးချယ်သွားတယ်"

"တမင် ရွေးချယ်သွားတယ်"

"သူ့မှာ ဖန်တင်မ်သင်း်င် **(phantom Thing)**လို့ သူခေါ်တဲ့ အရိပ် အယောင်ရှင်ရှိကြောင်း သူ ဝန်ခံသွားတယ်၊ အဲဒီ အရိပ်အယောင်ရှင်ဟာ သူ့ကျွန်လည်းဖြစ်၊ သူ့ဘဝ အဖော်လည်းဖြစ်ပြီး၊ သူ့အရှင်သခင်လည်း ဖြစ်တယ်လို့ သူဆိုခဲ့တယ်၊ အဲဒီအရိပ်အယောင်ရှင်ကို သူ့အကြောင်း ပြောပြပါလို့ သူက ဆိုရတယ်၊ ပြောပြလိုက်စမ်းပါတဲ့"

www.burmeseclassic.com

www.burmeseclassic.com


**'...radiant angel, speak and say**
**Why I did cast the world away.**
**Why I have persevered to shun**
**The commom paths that others nun.**
**And on a strange road journeyed on,**
**Heedless alike of wealth and power**
**of glory's wreath and pleasure's flower'**

ဤတစ်ကြိမ်တွင် သူက ဘာသာပြန် မပြတော့ဘဲ"နိုင် နားလည်တယ် မဟုတ်လား"ဟု အေးချမ်းစွာ မေးသည်။

"အကြမ်းဖျင်းတော့ နားလည်တယ်၊ အန်ကယ်လ် ဘာသာပြန်ပြဦးလေ"

"အန်ကယ်လ်က ဒါတွေ ရွတ်ပြနေတာ နိုင် မပျင်းဘူးလား"

"မပျင်းဘူး အန်ကယ်လ်၊ နိုင်လည်းကဗျာဝါသနာပါတယ်"

"ဪ...ဟုတ်သားပဲ၊ နိုင်က မြန်မာစာ အဓိကယူတာ အန်ကယ်လ် မေ့သွားတယ်"

သူက မွေ့ရာပေါ်မှာ စာအုပ်ကို ကောက်ယူသည်။

မြတ်စွာဘုရား။ ကြွေရောင်စက္ကူထူအဖုံးနှင့် ဤစာအုပ်က အိမ်မှာရှိသည်။ အန်တီ တင့်တင့်မှာ ရှိသည်။

**A Treasury of Great Poems Volume 2**

မဟာကဗျာ ဘဏ္ဍာတိုက် (အတွဲ-၂)။

သူက စာအုပ်ကို ဖွင့်လျက်ကြည့်ရင်း ဘာသာပြန်ပြသည်။

"ကိုယ်ရောင်ဖြာတဲ့ နတ်တမန်ရယ်တဲ့၊ (သူ အရိပ်အယောင်ရှင်ကို ပြောတာ)၊ ဟောဒီကမ္ဘာလောကဆိုတာကို ဘာကြောင့် ငါ စွန့်ပစ်ခဲ့တယ်ဆိုတာ နှုတ်ပိတ်မနေဘဲ ပြောပြလိုက်စမ်းပါ၊ အများသူတကာတွေ လျှောက်ကြတဲ့ လမ်းရိုးလမ်းကြောင်းကို ဘာကြောင့် ခွဲသန်သန်နဲ့ ငါငြင်းဆန် လွှဲရှောင်ရတယ်ဆိုတာလည်း ပြောပြလိုက်စမ်းပါ၊ ပြီးတော့ ဥစ္စာဓနနဲ့ တန်ခိုးသြဇာတွေ၊ အောင်ဆုပန်းကုံးနဲ့ စိတ္တသုခ ပန်းမာလာတွေ၊ ဒါတွေ အားလုံးကို တစ်ပြေးညီပမာမပြု၊ ဂရုမထားဘဲ လူမသွားဖူးတဲ့ လမ်းစိမ်းမှာ ဘာကြောင့် ငါ ခရီးကြမ်းနှင်နေတယ်ဆိုတာကိုလည်း ပြောပြလိုက်စမ်းပါတဲ့"

သူ့အသံက သိမ်မွေ့ချိုသာသည်။ နက်မှောင်ထူထဲသော မျက်ခုံး၊ ကြည်လင်သန့်စင်သော မျက်လုံး၊ ဖြူဝင်းသောအသားရေနှင့် သူ့ဥပဓိရုပ်က ကောင်းလှသည်။ ကဗျာကို ဘာသာပြန်ပြနေဟန်မှာလည်း သက်သက်သာသာ

www.burmeseclassic.com

www.burmeseclassic.com


ချောချောမွတ်မွတ်နိုင်လှသည်။

"အန်ကယ်လ်"

"အင်"

"အန်ကယ်လ် ကဗျာ မစပ်တတ်ဘူးသာ ဆိုတယ်၊ အန်ကယ်လ် အခု ဘာသာပြန်ပြသွားတာ သိပ်သက်သာတာပဲ၊ သိပ်လင်း ချောမွတ်တာပဲ"

ဤသည်ကိုတော့ သူက ရယ်ပြီးဆို၏။

"ဒါကတော့ ဟိုဒင်း၊ အန်ကယ့်လ်အလုပ်ကို"

"အန်ကယ့်လ်အလုပ်"

"လစ်ထရေးချာ သင်တုန်းက တက္ကသိုလ်မှာ အန်ကယ်လ် အင်္ဂလိပ်ကဗျာ သင်တယ်"

"အခုကော အန်ကယ်လ်"

"အခုကတော့ သတင်းစာ အယ်ဒီတာ တစ်ယောက်ပါ"

ကျွန်တော်က ဆက်မေးချင်သေးသည်။ သို့ရာတွင် သူ့အကြောင်း ပြောရာ၌ သူ့အမူအရာတွင် စိတ်ထက်သန်မှု မရှိဟန်ကို ကျွန်တော် သတိပြုမိသည်။

ကျွန်တော်က စကားလမ်းကြောင်း လွှဲပစ်ရ၏။

"အန်ကယ်လ်ဆိုလိုတာက လေထန်ကုန်းနဲ့တူတဲ့ဘဝကို အင်မလီ ဘရွန့်တီက တမင် ရွေးချယ်သွားတယ် ဟုတ်လား"

"နှင်းဆီတောကို ပယ်ပြီး ခယောင်းတောကို ရွေးတာမျိုး၊ မြကျွန်းသာကို စွန့်ပြီး လေထန်ကုန်းကို ရွေးတာမျိုး၊ အဲဒါမျိုးတော့ မဟုတ်ဘူး၊ အဲဒါမျိုးဆိုရင်တော့ လူ့သဘာဝကို လွန်တာမို့ ချီးမွမ်းစရာ မဟုတ်ဘူး၊ အကြောင်းအပေါင်းတွေကြောင့် လေထန်ကုန်းမှာ ကျင်လည်ရတယ်၊ မိမိကျင်လည်ရတဲ့ ဘဝ ပတ်ဝန်းကျင်မှာ အလှကို တွေ့အောင်ရှာတတ်ပြီး အဓိပ္ပာယ်ရှိတဲ့ အသက်ရှင်နေမှုနဲ့ နေတတ်နေထိုင်တာကို အန်ကယ်လ်ပြောတာ"

"ဟုတ်ကဲ့၊ သူ့ သူ့ အရိပ်အယောင်ရှင်ကကော"

"ဘာမေးတာလဲနိုင်"

"ဟိုဒင်းလေ၊ အရိပ်ထင်ရင် အကောင်ရှိရမှာပေါ့၊ ဟုတ်ဘူးလား"

ဦးသန့်မွန်က ကျွန်တော့်ကို တစ်ချက် စိုက်ကြည့်နေပြီးမှ အသာအယာ ရယ်၏။

"အင်မလီ ဘရွန့်တီရဲ့ အရိပ်အယောင်ရှင်ဟာ ဘယ်သူလဲလို့ သူတောသန

www.burmeseclassic.com

www.burmeseclassic.com


လုပ်လိုက်ကြတာ တစ်ပုံကြီးပဲ၊ ဒါပေမယ့် ဘယ်သူမှ ဘာမှ ခိုင်ခိုင်လုံလုံ မပြောနိုင်ကြပါဘူး၊ ဒါပေမယ့် နိုင်ပြောတာလေ အန်ကယ်လ်သဘောကျတယ်၊ အရိပ်ထင်ရင် အကောင်ရှိရမှာပေါ့၊ အန်ကယ်လ်တစ်ခုတော့ တွေးမိတယ်”

ကျွန်တော်က သူ့ကိုကြည့်သည်။ သူက လေးနက်စွာ တွေးဟန်ငြိမ်နေ၏။

“နိုင်…ဇိနတ္ထပကာသနီကျမ်းကို ဖတ်ဖူးလား”

“ဖတ်ဖူးတယ် အန်ကယ်လ်”

“အရှင်မဟာကဿပ အလောင်း ပိပ္ပလိသေဌေးနဲ့ သေဌေးမ ရွှေရုပ်လိုလှတဲ့ ဘဒ္ဒကာပိလာနီတို့အကြောင်း ဖတ်ဖူးမှာပေါ့”

“ဖတ်ဖူးတယ်၊ သိပ်လည်းကြိုက်တယ်”

“ဝိသာခ သေဌေးနဲ့ ဓမ္မဒိန္နာ သေဌေးမတို့အကြောင်းကော”

“အဲဒါလည်း ဖတ်ဖူးတယ်၊ ကြိုက်တာပဲ”

“ဘာကို ကြိုက်သလဲနိုင်”

“ဟိုဒင်း အံ့သြဖို့ ကောင်းတယ်”

“ဘာက အံ့သြဖို့ ကောင်းတာလဲ”

“သူတို့ ပါရမီတွေလေ”

သူက ခေါင်းညိတ်၏။

“ဟုတ်တယ်၊ သူတို့ပါရမီတွေ၊ အံ့သြဖို့ကောင်းတယ်၊ အားကျဖို့လဲကောင်းတယ်၊ အထူးသဖြင့် သူတို့ရဲ့ နှလုံးသား”

“ခင်ဗျာ”

“မိဘတွေ ဇွတ်ပေးစားတာကြောင့် ယူခဲ့ကြရပေမယ့် ပိပ္ပလိနဲ့ ဘဒ္ဒကာပိလာနီတို့ဟာ နှစ်ကိုယ်ကြားမှာ သူ့ပန်းကုံး ကိုယ့်ပန်းကုံးခြားပြီး အိပ်စက်ကြတယ်၊ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးကတော့ ဟောဒီလို ရေးတယ်၊ သင်၏ ပန်းကုံးညှိုးက သင် ရာဂစိတ် ဖြစ်သည်ကို သိရလတ္တံ့၊ ငါ့ပန်းကုံးညှိုးခဲ့မူကား ငါ ရာဂစိတ် ဖြစ်သည်ဟူ၍ သိဘိလော့၊ ရာဂကြူးသော သတ္တဝါကို စွန့်ခွာစတမ်း၊ ဘယ်ပန်းကုံးမှ မညှိုးခဲ့ဘူး၊ မိဘတွေ ကွယ်လွန်တဲ့အထိ ဒီလိုပဲ သူတို့နေခဲ့ကြတယ်၊ မိဘတွေ မရှိတော့တဲ့နောက်မှ သူတို့ နှစ်ဦးဟာ စည်းစိမ်ချမ်းသာတွေကိုစွန့်ပြီး ရဟန်းဝတ် တောထွက်လာခဲ့ကြတယ်၊ ဟုတ်တယ်နော်”

ကျွန်တော်က ခေါင်းညိတ်ပြ၏။

“တစ်နေရာကျတော့ နှစ်ဦးသား လမ်းခွဲကြရတယ်၊ ခွဲခါနီးမှာ ရပ်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com


ပိပ္ပလိမထေရ်ရဲ့ ခြေကို ဘဒ္ဒကာပိလာနီကဖက်တယ်၊ လက်ယာရစ် သုံးပတ် လည်ပြီးတော့လည်း ရိုသေစွာ ရှိခိုးတယ်၊ ပြီးတော့ ပြောခဲ့တယ်၊ အန်ကယ်လ် ကြိုက်တာမို့လို့ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးရဲ့ စာကို အလွတ် ကျက်ထားတယ်”

သူက ခေတ္တလေးသာ စဉ်းစားပြီး ချောမွတ် ညင်သာစွာ ရွတ်ပြ၏။

“မြတ်နိုးစုံမက်စွာကမ္ဘာတစ်သိန်း၏ အထက်က တူစုံဖက်၍ ငှက်ပင်ဖြစ်သော်လည်း သစ်တစ်ကိုင်းဖျား နားပါရကြောင်းဖြင့် ဆုပန်တောင်းကာ ကြင်နာကျွမ်းဝင်ခဲ့ကြသော မိတ္တသန္ထဝ အဖြစ်သည် စင်စစ် ယနေ့ပျက်ချေပြီ၊ ဤအရာတွင် အရှင်တို့ကား ယောကျ်ားဖြစ်၍ လက်ယာအရပ်မည်ချေသည်၊ လက်ယာလမ်းမဖြင့် ကြွတော်မူ၊ ကျွန်ုပ်တို့ မိန်းမသည် လက်ဝဲအရပ် မည်ရကား လက်ဝဲလမ်းဖြင့် သွားပါအံ့ဟုဆို၍ မငိုမယို တစ်ကိုယ်တည်းသာ သွားကြ၏”

သူက ကျွန်တော့်ကို အေးချမ်းစွာ ကြည့်ပြီးနောက် မေး၏။

“နိုင်၊ ဒီစာဟာ ကဗျာတစ်ပုဒ်ဆိုတာ သတိပြုမိလား”

“အား...ဟုတ်တယ်၊ ဟိုဒင်း...ဖရီးဗာ့စ် **(Free verse)** လွတ်လပ်ကဗျာဟန်”

“ဩော်...နိုင်က ဖရီးဗာ့စ်ကိုတောင် နားလည်တာကိုး၊ ဟုတ်တယ်၊ ဖရီးဗာ့စ်၊ အဲဒါထက် အကြောင်းအရာကလည်း ပလေတိုးကြီးတောင် အံ့ဩမယ့် အလှဆုံး ကဗျာအလှ”

“အလှဆုံး ကဗျာအလှ”

“ခေါ်မစာပေတွေက ပက်ရှင် **(Passion)** လို့ခေါ်တဲ့ ရာဂချစ်တွေကို ဖွဲ့လေ့ရှိတယ်၊ ဥရောပအလယ်ခေတ်ကျတော့ ရိုမင်းတစ်ခ် လတ်ဖ် **(Romantic Love)**လို့ခေါ်တဲ့ မြတ်နိုးချစ်အကြောင်း ဖွဲ့လာကြတယ်၊ မြတ်နိုးချစ်ဆိုတာဟာ ရာဂချစ် မဟုတ်ဘူး၊ ချစ်တော့ ချစ်တယ်လေ၊ ဒါပေမယ့် ပူလောင်တဲ့ နောက်ကျိတဲ့ ရာဂမဟုတ်ဘူး၊ ရာဂကို ပုထုဇဉ် သတ္တဝါတိုင်းရဲ့ အကြမ်းစား ဝေဒနာလို့ ခေါ်ကြရအောင်၊ လူမှာကျတော့ ပုထုဇဉ်ဘဝမို့ တာတွယ်တဲ့၊ နှောင်ဖွဲ့တဲ့ သံယောဇဉ် အခိုးအငွေ့တွေက ရိပ်ရိပ်တော့ ကျန်သေးတယ်၊ ဒါပေမယ့် သန့်စင်တဲ့ မွန်မြတ်တဲ့ မေတ္တာစာတ်တွေ၊ ကရုဏာစာတ်တွေကလည်း ယှဉ်ဖက် လွှမ်းမိုးကြီးစိုးလာတယ်၊ ဩော်...ဒါကြောင့်လည်း ဘဒ္ဒကာပိလာနီက မြတ်နိုးစုံမက်စွာ၊ ကြင်နာ ကျွမ်းဝင်၊ မိတ္တသန္ထဝဆိုတဲ့ စကားတွေကို သုံးခဲ့တာပဲ”

“မိတ္တသန္ထဝဆိုတာက ဘာပြောတာလဲ”

www.burmeseclassic.com

www.burmeseclassic.com


"ကျိုးသဲလေးထပ် ဆရာတော်ဘုရားကြီးက လောကာမိသဆိုတဲ့ စကားနဲ့ ခွဲခြားပြဆိုတဲ့ စကားကွယ့်...နိုင်၊ အဲဒီစကားကိုလည်း ရှေ့နားလေးမှာ ဆိုခဲ့တယ်၊ ပိပ္ပလိ လုလင်နဲ့ ဘဒ္ဒကာပိလာနီတို့ဟာ မိဘနှစ်ပါးတို့ရဲ့ စကားကို မပယ်ရှားသာတာမို့ လင်မယားအမည်သာ ခံယူကြတယ်၊ ဒါပေမယ့် လောကာဖြင့် ရောယှက်လျက် နှစ်သက်ခြင်းကို မပြု...တဲ့၊ အာမိသဆိုတဲ့ စကားက ခံစားခြင်း၊ ပျော်မွေ့ခြင်း၊ ကိလေသာကာမဂုဏ်လို့ အဓိပ္ပာယ်တွေရတယ်၊ လောကာမိသဆိုတာ လောကမှာ အဖိုအမ သူတကာတွေ လုပ်နေကြတာမျိုးပေါ့ကွယ်၊ မိတ္တသန္ထဝဆိုတာကတော့ အဆွေခင်ပွန်းအဖြစ် ပေါင်းသင်းခြင်းကို ခေါ်တာ၊ အသန့်စင် အမွန်မြတ်ဆုံး ပေါင်းသင်းခြင်းပေါ့၊ နှလုံးသား ကမ္ဘာမှာ သံယောဇဉ်ရိပ် သံယောဇဉ်ငွေ့တွေဟာ တဖြည်းဖြည်းနဲ့ ပျောက်ကွယ် သန့်စင်သွားလိုက်တာဟာ၊ နောက်ဆုံးတော့ ဘာကျန်သလဲ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ– ဒီတရားတွေပဲ ကျန်တော့တယ်၊ သြော် ဒါကြောင့်လည်း နောက်ဆုံး ခွဲခွာချိန်မှာ ဘဒ္ဒကာပိလာနီဟာ ပိပ္ပလိရဲ့ ခြေကိုတော့ မြတ်နိုးချစ်ခင်စွာဖက်ပြီး နှုတ်ဆက်တယ်၊ ပြီးတော့ မငိုမယို တစ်ကိုယ်တည်းသာ သွားကြတယ် နိုင်၊ သူတို့ ဘယ်ကို သွားကြသလဲ၊ သိလား"

"ခင်ဗျာ"

သူက ပြုံးသည်။ ဤအပြုံးမှ အဓိပ္ပာယ်အားလုံးကို ကျွန်တော် နားမလည်။ ပြုံးရင်းက လေးလေးညင်ညင် သူပြော၏။

"**မျက်ရည်လောကများ၏ ဟိုမှာဘက်ဆီ** သူတို့ သွားကြတယ်"

"ခင်ဗျာ မျက်ရည်လောကများ၏ ဟိုမှာဘက်ဆီ"

"အနောက်နိုင်ငံ စာပေတွေက လောကာမိသ အချစ်မျိုးတွေကိုပဲ ဖွဲ့ကြတယ်၊ အလွန်ဆုံး မြတ်နိုးချစ်လောက်ကိုသာ ဖွဲ့ပြကြတယ်၊ သူတို့သိကြတာကလည်း ဒီအချစ်မျိုးတွေသာပဲကို။ မျက်ရည်လောကများရဲ့ ဟိုမှာဘက် ရှိတာကို သူတို့ မသိဘူး၊ အဲဒီဘက် ရောက်သွားသူတွေရဲ့ နှလုံးသားက ကရုဏာ၊ မုဒိတာ ဥပေက္ခာဆိုတဲ့ တရားတွေကိုလည်း ကုန်ကုန်စင်စင် မသိကြဘူး၊ သိသင့်သလောက်တော့ သိကြပါတယ်လေ၊ ဒါပေမယ့် ကုန်ကုန်စင်စင် မသိကြသေးဘူးလို့ အန်ကယ်လ်တော့ ထင်တယ်"

"အား ကုန်ကုန်စင်စင်၊ အန်ကယ်လ် ပြောတာ ကျွန်တော် နားလည်ပါတယ်"

"တရားမျှတအောင် ပြောရရင်တော့ လူသားဟာ လူသားပဲ၊ လူသားရဲ့

www.burmeseclassic.com

www.burmeseclassic.com


စိတ်သန္တာန်မှာ ဘယ်ခေတ်မှာပဲဖြစ်ဖြစ်၊ ဘယ်မှာပဲနေနေ၊ အပ်(ပ်)ဝါဒ်ထရင်း(ဒ်) **upward trend** လို့ခေါ်တဲ့ အမြင့်လောကဆီ အာရုံအညွှန့် လှမ်းတက်ချင်တဲ့ ဗီဇ စရိုက်လေးတွေရှိကြတယ်၊ ဘဒ္ဒကာပိလာနီတို့ရောက်တဲ့ အဆင့်မျိုး မဟုတ်ပေမယ့်တစ်စွန်းတစ်စ ငွေ့ငွေ့ကိန်းနေတဲ့ စရိုက်ပါရမီပေါ့၊ သြော်...ဘဒ္ဒကာပိလာနီကလည်း ဝန်ခံသားပဲ၊ ကမ္ဘာတစ်သိန်းအထက်က ဖြည့်ခဲ့ရတဲ့ပါရမီတဲ့၊ ပါရမီဆိုတာ နေ့ချင်းညချင်း တစ်ဘဝ နှစ်ဘဝချင်း မပြည့်နိုင်ပါ ဘူးနိုင်"

"အဲဒါကိုလည်း နိုင် နားလည်ပါတယ်"

"အမြင့်လောကဆီ အာရုံအညွှန့် လှမ်းတက်ချင်တဲ့ ဗီဇစရိုက်ကို ထူးချွန်တဲ့ကဗျာဆရာ၊ ဆရာမတွေမှာ မကြာခဏ အန်ကယ်လ် သတိပြုမိတယ်၊ သူတို့က အလှရှာသူတွေ မဟုတ်လား၊ လောကာမိသ အလှမျိုးလောက်နဲ့ သူတို့ မတင်းတိမ်ချင်ကြဘူး"

ငြိမ်နားထောင်နေရာမှ အင်မလီဘရွန်တီ၏ကဗျာမှ စာသားများကို ကျွန်တော် သွားသတိရမိသည်။

"မညှာတမ်းစိတ်ကို
စည်းကမ်းပိုပိုချထားတဲ့
ငါ့ရဲ့တစ်ပါးသော ဆန္ဒတွေ
ဝေမှောင်အုံ့ပျ
အသိရခက်တဲ့
ငါ့ရဲ့အခြားသော မျှော်လင့်ခြင်းတွေ"

သည်အပိုဒ်။ နောက်...

"သညက္ခန္ဓာရဲ့ နာကျင်မှုက
ဘဝမေ့အောင်
သယ်ဆောင်ရာနောက်
ကောက်ကောက်ပါပြီး
ကိုယ့်ဘာသာအလိုလိုက်
မမိုက်ရဲပြန်ဘူး"

ပြီးတော့...

"သြော်...အမြိုက်ရည်သံဝေဂကို
တစ်ဝကြီးသောက်ခဲ့ပြီးမှ
သာရအနှစ်

www.burmeseclassic.com

www.burmeseclassic.com



ဗလာဖြစ်တဲ့လောကကမ္ဘာကို
ခိုလှုံရာအဖြစ်တွေးပြီး
ဘယ်မှာလာ ငါ ရွေးနိုင်တော့မှာတဲ့လဲ”

သူက ပြုံးလျက်နှင့် ရုတ်တရက်မေးသည်။

“နိုင် ဘာဖြစ်လို့ ငိုင်သွားတာလဲ”

“ဩော်...ဟိုဒင်း၊ အင်မလီဘရွန်တီ အကြောင်းကို စောစောက အန်ကယ်လ်ပြောပြခဲ့တယ်၊ နိုင်လည်း တမ်းတမိခြင်းဆိုတဲ့ သူ့ကဗျာကို ရတယ်”

“တမ်းတမိခြင်း”

“ဟုတ်ကဲ့ သူ့ကို အန်ကယ်လ်ပြောတဲ့ ပါရမီ စရိုက်မျိုးရှိသူလို့ ပြောနိုင်မယ် ထင်တယ်နော်”

သူက ခေါင်းညိတ်ပြ၏။

“ဒါပေမယ့်၊ အန်ကယ်လ် သူ့အရိပ်အယောင်ရှင်ကကော ကျွန်တော်တို့ စပြောကြတာ အရိပ်အယောင်ရှင်အကြောင်းလေ”

သူ မပြုံးတော့ဘဲ သက်ပြင်းချ၏။

“အချစ်ဆိုတဲ့ သဘောဟာ ဆန်းတယ်နိုင်၊ ရိုးရိုးအချစ် သဘောကပဲ ဆန်းလှပြီ၊ မေတ္တာကဲလွှမ်းတဲ့ အချစ်သဘောက ပိုင်ဆိုင်လိုမှု ကင်းတာမို့ ပိုဆန်းတယ်၊ နိုင်ပြောသလိုပဲ၊ အရိပ်ထင်တာဟာ အကောင်ရှိလို့ပေါ့၊ အကောင် မရှိဘဲ ဘယ်မှာလာ အရိပ်ထင်နိုင်ပါ့မလဲ၊ ဒါပေမယ့် သူကလည်း လောကာမိသကို ထိပ်တန်း မတင်ဘဲ အနည်းဆုံး မိတ္တသန္ထဝကို တန်ဖိုးထားတဲ့ လူဆိုရင် သူ ဘာလုပ်မလဲ”

ကျွန်တော်က မဖြေဘဲ သူ့ကို စိုက်ကြည့်နေ၏။

သူက သူ့ဘာသာ သူဖြေ၏။

“ချစ်သူရဲ့ဆန္ဒ၊ ဗီဇစရိုက်ကို သိပြီးတဲ့နောက် ကဗျာဇော စေတနာ အကြောင်းဖြစ်ရုံဘဝမျှကိုသာ သူရွေးချယ်ရောင့်ရဲပြီး အရိပ်အယောင်ရှင်အဖြစ် အဝေးကသာ ပါရမီဖြည့်ပေးနေရရှာမပေါ့၊ တခြား ဘာများ လုပ်နိုင်မှာတဲ့လဲ”

သူ့စကားများကို တစ်လုံးချင်း ကျွန်တော်က လိုက်ပြောမိသည်။

“ကဗျာဇော စေတနာအကြောင်းဖြစ်ရုံ၊ ဘဝ အရိပ်အယောင်ရှင်အဖြစ် အဝေးကသာ ပါရမီဖြည့်ပေးနေတယ်”

သူက ပြုံးလျက်သာ ကျွန်တော့်ကို ကြည့်နေ၏။

“အန်ကယ်လ်”

www.burmeseclassic.com

www.burmeseclassic.com


"ပြောပါနိုင်"

"ပိပ္ပလိနဲ့ ဘဒ္ဒကာပိလာနီတို့ဟာ ကမ္ဘာတစ်သိန်း အထက်တည်းက ကြင်နာကျွမ်းဝင်ခဲ့ကြတယ်၊ မိတ္တသန္ထဝနဲ့ နေခဲ့ကြပေမယ့် အဲဒီ ရှေးဘဝတွေမှာ သံယောဇဉ်ကတော့ ရှိမှာပဲ၊ ဘာကြောင့်လည်းဆိုတော့ သူတို့ အရိယာတွေမှ မဟုတ်ကြသေးဘဲ ဟာကိုး၊ ဂေါတမမြတ်စွာဘုရား သာသနာတော် ပစ္ဆိမပွန်ဘဝ ကျမှ အရိယာအရှင်၊ အရိယာအရှင်မ ဖြစ်တော်မူကြတာ မဟုတ်လား"

"မှန်ပါတယ်နိုင်"

"သံယောဇဉ်ကို အရိယာတွေသာ ပယ်သတ်တော် မူနိုင်တယ်၊ ဒါတောင် အောက်မဂ်ဖြစ်တဲ့ သောတာပန်ဘဝမှာ သံယောဇဉ် ဆယ်ပါးအနက်က ဒိဋ္ဌိ၊ ဝိစိကိစ္ဆာနဲ့ သီလဗ္ဗတာ ပရာမာသ သံယောဇဉ်သုံးပါးကိုသာ ပယ်သတ်နိုင်တာ"

"အလို...နိုင်က အဘိဓမ္မာ သင်္ဂြိုဟ်တွေပါ သိနေပါကလား၊ အင်း... အင်း ပါရမီရှင်ကြီးတွေ ဖြစ်ပေမယ့် အရိယာမဖြစ်ခင် ပုထုဇဉ်ဘဝမှာ သံယောဇဉ် တွေ ရှိကြပါသေးတယ်"

"တစ်နည်းဆိုတော့ ဒုက္ခသစ္စာကြီးတွေနဲ့ နေနေကြရဦးမယ်"

"ဘယ်လို...ဘယ်လို"

"ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခောတဲ့၊ ချစ်နှစ်လိုအပ်သော သတ္တဝါသင်္ခါရ တို့နှင့် ကွေကွင်းကင်းကွာ ရှောင်ခွာဖဲကြဉ် မပေါင်းယှဉ်ရခြင်းသည်လည်း ဆင်းရဲ ၏ ...လို့ဓမ္မစကြာ တရားတော်က ညွှန်ပြထားတယ်၊ ဒီတော့ လောကမိသာနဲ့ပဲ ချစ်ချစ်၊ မိတ္တသန္ထဝသဘော ပြဋ္ဌာန်းပြီးပဲချစ်ချစ်၊ ချစ်သူနဲ့ ကွေကွင်းကင်းကွာ ရှဲခွာ ဖဲကြဉ် မပေါင်းယှဉ်ကြရရင် သံယောဇဉ် အငုတ်အမြစ် ရှိနေကြသမျှ ဆင်းရဲကြမယ်၊ ပြောင်းပြန် ပြန်တွေးရင်တော့ ချစ်သူချင်း မကွေမကွင်း ပေါင်းသင်း ချင်ကြမယ်၊ မဟုတ်ဘူးလား အန်ကယ်လ်"

သူ ငိုင်ကျသွား၏။ တစ်ခဏအကြာ၌ ရယ်သည်။ အတန်ကြာအောင် ရယ်သည်။

"ဘာဖြစ်လို့ ရယ်တာလဲ အန်ကလ်"

"နိုင့်မေးခွန်းကို အန်ကယ်လ် သဘောကျလို့ပါ"

"နိုင့် မေးခွန်းကို သဘောကျတယ်"

"ဟုတ်ပါတယ် နိုင်၊ ပြီးတော့ အန်ကယ်လ် ဖြေပါတယ်"

"ခင်ဗျာ"

"အန်ကယ်လ် မငြင်းနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com


"ခင်ဗျာ"

"သံယောဇဉ် အငုတ်အမြစ် ရှိနေကြသမျှ ချစ်သူချင်း မကွေမကွင်း ပေါင်းသင်းချင်ကြမယ်၊ အင်း... အန်ကယ်လ် မငြင်းနိုင်ပါဘူး နိုင်"

သူ့ဆီက ကျွန်တော် ပြန်လာချိန်၌ နေဝင်သွားခဲ့ပြီ။

ဆောင်းဖြစ်သောကြောင့် ညအမှောင်ကျချိန်က စောသည်။

လမင်းကလည်း တောင်ချွန်း တောင်တန်းကြီး နောက်မှ ကျော်တက် မလာသေး။

အမှောင်ဦး၏ နှင်းမှုန်များကြားတွင် တောင်ကြီးမြို့ ချယ်ရီပင်များမှ ချယ်ရီပန်းတို့၏အလှကို ကျွန်တော် ထင်ထင်ရှားရှား မတွေ့ရ။

အိမ်ပြန်ရောက်သောအခါ၌ကား ဘုရားခန်းတွင် မီးပြာပြာလေး လင်းနေသည်။

ဘုရားစင်ထက်မှာ ချယ်ရီတွေ လှနေ၏။ လန်းလည်းလန်းနေ၏။

ဘယ်သူ့ ချယ်ရီပန်းနည်း။ မေးရန်မလိုပါ။

ဘယ်သူ ဘုရားတင်ထားသနည်း။ ဤသည်ကိုလည်း မေးရန်မလိုပါ။

စကားတစ်ရပ်ကသာ ကျွန်တော့်နားတွင် လွှမ်းလွှမ်းဆွတ်ဆွတ် ပဲ့တင် ထပ်နေ၏။

"အန်ကယ်လ် မငြင်းနိုင်ပါဘူး နိုင်"

*

# အခန်း (၂၂)

ထိုနှစ် ငုစပ်တွေ ချယ်ရီနေရာယူ၍ စိန်ပန်းပြာတွေ သိမ်သိမ်မွေ့မွေ့ပွင့် သော နွေဦး ကျောင်းပိတ်ချိန်၌ နှင်းမြစန္ဒာသာ တောင်ကြီးမြို့သို့ ပြန်လာသည်။ ဝင့်ဝါနှင့် ဝင်းကြည်တို့က ပြန်မလာကြ။

ဦးဝိစာရလမ်းရှိ သူတို့ခြံကြီးရှေ့ သင်္ကြန်မဏ္ဍာပ်၌ ရေသဘင်ရှိမည်ဖြစ် ကြောင်း၊ မဏ္ဍာပ်၏လှပျိုဖြူယိမ်းကို ဝင့်ဝါဦးဆောင်က,မည်ဖြစ်ကြောင်း၊ ဝင်းကြည်ကလည်း တီးဝိုင်း၌ ပါကြောင်း၊ သင်္ကြန်ပြီးမှ ဝင့်ဝါတို့၊ ဝင်းကြည်တို့ တောင်ကြီး ပြန်တက်လာကြမည်ဖြစ်ကြောင်း နှင်းမြစန္ဒာက ကျွန်တော့်ကို ရှင်းပြသည်။

"နှင်းကိုတောင် မပြန်ဖို့ သူတို့က ဆွဲသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်လား၊ မန္တလေးသင်္ကြန်တို့၊ ရန်ကုန် သင်္ကြန်တို့က တစ်မျိုးစီ ပျော်ဖို့ကောင်းတယ်လို့ ပြောကြတယ်၊ နှင်း ဘာပြုလို့သူတို့နဲ့ မနေခဲ့လဲ"

"ဟိုဒင်း နှင်းက လူများအိမ်မှာ မနေတတ်ဘူး၊ ပြီးတော့"

"ပြောလေ၊ ပြီးတော့ ဘာဖြစ်သလဲ"

"ဘယ်လိုပြောရမလဲ၊ တောင်ကြီးကို မီ...မီပါ့မလား"

"တောင်ကြီးသင်္ကြန်ကို..."

"ဟုတ်ဘူး"

"နို့ ဘာလဲ"

"နွေဦးကို"

"နွေဦးကို"

"နွေဦးပန်းချီလေ၊ တောင်ကြီးမှာပြတဲ့ နွေဦးပန်းချီ"

ကျွန်တော်က နှင်းမြစန္ဒာကို ကြည့်သည်။ နှင်းမြစန္ဒာက ငယ်စဉ်တုန်းက ကဲ့သို့ပင် မချိုမချဉ် ပြုံးနေ၏။

တောင်ကြီးမြို့မှ ရန်ကုန်တက္ကသိုလ်များဆီ သွားတက်ကြသူ အများ ရှိကြသည်။

စီးပွားရေးတက္ကသိုလ် သွားတက်နေသော သူငယ်ချင်းမြခိုင်ထံမှလည်း ဝင့်ဝါ၏ သတင်းများကို ကြားရ၏။

"ကဗျာဆရာ၊ ရှင်ဘုရင်ကို ပါဠိလို ဘယ်လိုခေါ်လဲ"

"ရာဇလို့ ခေါ်တယ်"

"ဘုရင်မကိုကော၊ မိဖုရားကို ပြောတာ မဟုတ်ဘူး၊ သူ့ဘာသာ ဘုရင် လုပ်နေတဲ့ ဘုရင်မကို"

"ရာဇိနီလို့ ခေါ်တယ်"

"အဲ ဘုရင်တကာရဲ့ ဘုရင်ကျတော့ကော"

"ရာဇာဘိရာဇာလို့ ခေါ်တယ်၊ အများသိကြတဲ့ အသုံးကတော့ ဧကရာဇာ၊ ဧကရာဇ်လို့ တို့မြန်မာလို ခေါ်တယ်"

"ဒါဖြင့် ဘုရင်မတကာရဲ့ ဘုရင်မကိုကောကွာ"

"မင်း ကြံကြံဖန်ဖန်မေးတယ်၊ 'မေထရိအာခီ' **(matriarchy)** လို့ ခေါ်တဲ့ မိန်းမသားဘုရင်စနစ်ဟာ ကမ္ဘာမှာ ပျောက်ကွယ်ခဲ့တာ ကြာပြီမို့ ဘုရင်မ ဆိုတာတောင် တော်တော်ရှားပြီး လက်ချိုးရေတွက်လို့ ရတယ်၊ ဘုရင်မ တကာရဲ့ ဘုရင်မ ဆိုတာကတော့ မရှိသလောက်ပဲ၊ အဲ...'အင်ပရက်စ်' **(Empress)** ကို

www.burmeseclassic.com

www.burmeseclassic.com



ကေရီလို့ခေါ်တာတော့ရှိတယ်၊ မင်း ဘာလို့ ဒါတွေ လျှောက်မေးနေတာလဲ”

“အဟင်း…ကေရီဆိုတဲ့ စကားလုံးက လှတယ်၊ ဝင့်ဝါနာမည်နဲ့ လိုက်တယ်”

“ဘာကွ”

“ကေရီ ဝင့်ဝါ၊ ဟော့ကောင်နိုင်၊ မင်း စိတ်မဝင်စားဘူးလား”

“ဘာကိုလဲ”

“ဝင့်ဝါကိုလေ”

“ဝင့်ဝါနဲ့ပတ်သက်ပြီး၊ ငါ့မှာ စိတ်ဝင်စားခြင်း၊ စိတ်မဝင်စားခြင်း ဆိုတာတွေ မရှိဘူး”

“ဘယ်လို…ဘယ်လို”

“ဝင့်ဝါဟာ ငါ့သူငယ်ချင်း၊ ဒီလိုပဲ နှင်းမြစန္ဒာဟာလည်း ငါ့သူငယ်ချင်း၊ သူငယ်ချင်းတွေအတွက် အစဉ်ညွှတ်နေတဲ့ မေတ္တာက ရှိတယ်၊ ဒါကို စိတ်ဝင်စားတာလို့ ခေါ်ရင်၊ အေး…ငါ စိတ်ဝင်စားတယ်၊ စိတ်တွေ ထွေလီကာလီနဲ့ ဟိုလျှောက်တွေး ဒီလျှောက်တွေး၊ တွေးတာကို စိတ်ဝင်စားတာလို့ ခေါ်ရင်တော့ ငါ့မှာ ဒါမျိုး စိတ်ဝင်စားမှု မရှိဘူး”

မြခိုင်က အားရပါးရ ရယ်လိုက်ပြီးမှ ဆို၏။

“ဒါမျိုး ကြီးကြီးကျယ်ကျယ်လေး မကြားရတာကြာပြီမို့ စတာပါနိုင်၊ ငါက အကောင်းပြောမလို့ပါ”

“ပြောပါ၊ ငါ နားထောင်နေတယ်”

“ဒီလိုကွ၊ မင်းတို့ နယ်ကောလိပ်တွေတော့ မသိဘူး၊ ရန်ကုန်ကတက္ကသိုလ်တွေမှာက ကွင်းန်ရွေးတာ ခေတ်စားနေတယ်”

“ကွင်းန်ရွေးတာ”

“ဟိုးရှေးက တို့ကြားဖူးတဲ့ မယ်တက္ကသိုလ် ရွေးတာလို အဖွဲ့နဲ့ အခမ်းအနားနဲ့တော့ မဟုတ်ဘူး၊ မယ်သစ်လွင်လေးတွေ ရောက်လာရင် ဒီနှစ်တော့ ဘယ်သူက အလှဆုံးပဲဆို အများသူငါ ကြားပါးစပ်နဲ့ သတ်မှတ်ရွေးချယ်ကြတာ၊ မေဂျာစနစ်ရှိတဲ့ တက္ကသိုလ်မှာ မေဂျာအလိုက် ကွင်းန်၊ အဲ… အလှဘုရင်မ ပေါ်လာတယ်၊ တခြားတက္ကသိုလ်တွေမှာလည်း တက္ကသိုလ်အလိုက် ကွင်းန်တွေ ပေါ်လာတာပဲ”

“တို့ကောလိပ်မှာတော့ အဲတာမျိုး မရှိသေးဘူး”

“အဲဒါ…ဆေးတက္ကသိုလ်မှာ ဝင့်ဝါက ကွင်းန် ဖြစ်လာတယ်၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com


ဝင့်ဝါရဲ့ အလှဂုဏ် သတင်းက တခြားတက္ကသိုလ်တွေဆီပါ လွှမ်းကျော်လာတယ်၊ ကျော်မှာပေါ့၊ ဝင့်ဝါက လှရုံမကဘူး၊ အကလည်း ကောင်းတာကိုး၊ ရန်ကုန်ရောက်လာတာ ဘာမှ မကြာသေးဘူး၊ အနုပညာအသင်း စင်မြင့်တွေမှာ ဝင့်ဝါက ရွှေမင်းသမီးလေး ဖြစ်နေပြီ၊ ကွင်းန်တွေထဲမှာတော့ ဝင့်ဝါက ထိပ်ပေါ့၊ ဒါကြောင့် ဝင့်ဝါကို ဧကရီလို့ ငါက ပြောတာ"

ကျွန်တော်က ဘာမျှမပြော။ စိတ်အာရုံမှာတော့ စန္ဒကိန္နရီအသွင် ဝင့်ဝါ နောက်ဆုံး ကသွားသည်ကို မြင်ယောင်လာသည်။

အဲဒီတုန်းကတည်းက ဝင့်ဝါလှသည်။ သိပ်လှသည်။ ပင်ကို အလှနှင့် အနုပညာအလှ ပေါင်းဖက်မိသော် အလှကြိုက်သူများက ဧကရီဟု ခေါ်ကြသည်မှာ မဆန်း။ ထို့ကြောင့်လည်း ကမ္ဘာ၌ ကွင်းန်တို့၊ စတားရ်တို့စသော စကားတွေ ရှိနေရသည်။

မြခိုင်က မေးသည်။

"ဟေ့ကောင်၊ မင်း ဘာငိုင်သွားတာလဲ"

"မငိုင်ဘူး၊ စဉ်းစားတာ"

"စဉ်းစားတာ"

"ဟုတ်တယ်၊ သမ္ပတ္တိဆိုတဲ့ တရားကို စဉ်းစားတာ"

"သမ္ပတ္တိဆိုတဲ့ တရား"

"ဝိပတ္တိတရား၊ သမ္ပတ္တိတရားတို့ ဘုရားရှိခိုးတဲ့အခါမှာ ဝိပတ္တိတရား လေးပါး၊ ဗျသနတရား ငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ လို့ ဆုတောင်းကြတယ် မဟုတ်လား"

"အေး ဟုတ်တယ်"

"ဝိပတ္တိတရားဆိုတာက မပြည့်စုံတာ၊ ချို့တဲ့တာ၊ ဆင်းရဲတာ၊ သမ္ပတ္တိတရားဆိုတာက ပြည့်စုံတာ၊ ချမ်းသာတာ၊ အောင်မြင်တာ၊ ကျက်သရေရှိတာ၊ တင့်တယ်တာ၊ အင်္ဂလိပ်လိုတော့ **Pros perity , Success, Glory, Magnificence Beauty**လို့ အဓိပ္ပာယ် အများကြီးပေးတယ်၊ ဘယ်လောက်လေးနက်တဲ့ စကားဖြစ်တယ်ဆိုတာ ခန့်မှန်း သိနိုင်တယ်၊ ငါတစ်ခုပြောမယ်၊ မင်းက ကြီးကြီးကျယ်ကျယ်တွေ ပြောတယ်လို့တော့ မနောက်နဲ့နော်"

"ပြောပါကွာ၊ မနောက်ပါဘူး"

"ဝိပတ္တိတရားတို့၊ သမ္ပတ္တိတရားတို့ကို တို့ငယ်ငယ်တည်းက ကြားဖူးကြတယ်၊ ဒါပေမယ့် ဘယ်လောက် အဓိပ္ပာယ် နက်ရှိုင်းတဲ့ စကားတွေမှန်း

www.burmeseclassic.com

www.burmeseclassic.com


မသိကြဘူး၊ အခု ပါဠိယူရတော့မှ ဆရာ၊ ဆရာမကြီးတွေ ရှင်းပြလို့ သိရတယ်၊ ဝိဘင်းပါဠိ တော်ကြီးဆိုတာ ရှိတယ်၊ အဲဒီပါဠိတော်ကြီးမှာ ကံတို့ရဲ့ အကျိုး ပေးဟန်၊ မပေးဟန်ကို မြတ်စွာဘုရားက အကျယ်ဝေဖန်ဟောကြားထားတော်မူတယ်၊ ငါ ကိုယ်တိုင်တော့ မဖတ်ဖူးသေးဘူး၊ ဒါပေမယ့် အနှစ်အသား သဘောလောက်တော့ မှတ်သားဖူးပြီ”

“အနှစ်အသားသဘော”

“အေး အချို့ အကုသိုလ်ကံတွေဟာ သမ္ပတ္တိနဲ့ ကြုံကြိုက်တဲ့အခါ အကျိုး ပေးခွင့် မရကြဘူး၊ ဝိပတ္တိနဲ့ ကြုံကြိုက်တဲ့အခါ အကျိုးပေးကြတယ်၊ ဒီလိုပဲ အချို့ ကုသိုလ်ကံတွေဟာ ဝိပတ္တိနဲ့ ကြုံကြိုက်တဲ့အခါ အကျိုးပေးခွင့် မရဘဲ သမ္ပတ္တိနဲ့ ကြုံကြိုက်တဲ့အခါ အကျိုးပေးကြတယ်၊ ဒီတော့ ဝိပတ္တိတရားဟာ ကြောက်စရာ ကောင်းသလောက်သမ္ပတ္တိ တရားဟာ အားကိုးအားထားဖွယ် ကောင်းလှတယ်၊ သမ္ပတ္တိတရားကလဲ လေးပါးရှိတယ်၊ ဂတိသမ္ပတ္တိတဲ့ လူနတ် ဗြဟ္မာဆိုတဲ့ ကောင်းသော ဘဝကို ရထားတာကို ခေါ်တာ၊ ဥပဓိ သမ္ပတ္တိတဲ့၊ လှပတဲ့ ရုပ်အဆင်းအင်္ဂါနဲ့ ပြည့်စုံတာ၊ ကာလသမ္ပတ္တိတဲ့၊ မင်းကောင်း လူကောင်း တွေဖြစ်ရာ ခေတ်ကာလကောင်း၊ ပယောဂသမ္ပတ္တိတဲ့၊ ကောင်းသောလုံ့လ ပယောဂ အသိလိမ္မာနဲ့ ပြည့်စုံတာကို ပြောတာ၊ အဲဒီ သမ္ပတ္တိတရားတွေနဲ့ ပြည့်စုံ နေရင် အကုသိုလ်ကံတွေ အရမ်းဝင်နှိပ်စက်လို့ မရဘူး၊ ကုသိုလ်ကံတွေ ပြည့်ပြည့်ဝဝ ထက်ထက်သန်သန် အကျိုးလာပေးတယ်”

မြခိုင်က ငြိမ်နားထောင်နေရာမှ မျက်မှောင်တစ်ချက် ကြုတ်ပြီး မေး၏။

“နေဦးကွာ၊ တို့ ပြောနေတာက ဝင့်ဝါလှတဲ့အကြောင်း၊ ဗဲရီးလိုက်တ် ဆပ်ဂျက်၊ မင်းက သိပ်လေးနက်တဲ့ ပါဠိတော်တွေဆီ ဘာကြောင့် ခေါ်သွားရ တာလဲ”

“ဝင့်ဝါလှတယ်၊ ဒီတော့ တို့ ဘာလုပ်ရမလဲ၊ တို့ ဝမ်းမြောက် ရွှင်လန်း ကြရုံပေါ့”

“ဘာရယ်၊ ဝင့်ဝါလှတာနဲ့ တို့က ဝမ်းမြောက်ရွှင်လန်းကြရမယ်”

“နို့ ဘာလုပ်မလဲ၊ မျက်ရည်ကျကြမလား၊ ငိုကြမလား၊ ရင်ပူကြမလား၊ ရင်လောင်ကြမလား”

“အာ . . . အာ . . . အာ”

“လှတာကို လူတိုင်း နှစ်သက်ကြတယ်လေ၊ ဒါပေမယ့် ဘယ်လို နှစ်သက်ကြ တာလဲ၊ ကာမအာရုံအဖြစ် နှစ်သက်ကြမှာလား၊ အဲဒီလိုဆိုရင်တော့

www.burmeseclassic.com

www.burmeseclassic.com


ရင်ပူကြရလိမ့်မယ်၊ သြော် ဥပဓိသမ္ပတ္တိနဲ့ ပြည့်စုံလှပေတယ်လို့ မုဒိတာတရား ထားတတ်ရင် စိတ်ချမ်းသာမယ်၊ ရင်အေးမယ်"

"မင်းကတော့ အဲဒီလို စိတ်ထားတယ်ပေါ့"

"အေး အဲဒီလောက်နီးပါး ထားနိုင်တယ်"

မြခိုင်က ကျွန်တော့်ကို စိုက်ကြည့်နေသေး၏။ ထိုနောက်မှ မျက်နှာပိုးသတ်လိုက်ပြီး ပြောသည်။

"မင်းအကြောင်းသိပြီးမို့ မင်းစကားကို ငါ ယုံပါတယ်နိုင်၊ ဒါပေမယ့် ငါ ပြောချင်တာက တစ်ခု"

"ဘာလဲ"

"ဝင့်ဝါကို အခု ယောကျ်ားလေးတွေ ဝိုင်းနေတယ်၊ သူတို့က ဥပဓိသမ္ပတ္တိကို မုဒိတာဖြစ်ပြီး ဝိုင်းနေကြတာမဟုတ်ဘူး၊ ပြီးတော့ သူတို့က မင်းတို့ ငါတို့လို လူများစုထဲက လူတန်းစားမဟုတ်ဘူး၊ ပြည့်စုံကြတယ်ကွာ၊ လိုတာကို ပေးနိုင်ကြတယ်ကွာ၊ လိုတာကိုလည်း ရအောင်ယူတတ်သကွာ၊ တို့နယ်က တောသားတွေလို စိတ်ကူးမယဉ်တတ်ဘူး၊ အလွန်လက်တွေ့ဆန်ပြီး အဲ ...ကျွမ်းလည်း ကျွမ်းကျင်ကြတယ်"

ဤစကားကိုမူ အတန်လေးကြာအောင် စဉ်းစားပြီးမှ ကျွန်တော်ဖြေသည်။

"မင်း တစ်ခု သတိလစ်နေတယ်"

"ဘာလဲ"

"ဝင့်ဝါကလည်း မင်းတို့ ငါတို့လို လူများစုထဲက လူတန်းစားမဟုတ်ဘူး၊ သူလည်း ပြည့်စုံပါတယ်ကွာ၊ လိုတာကိုပေးနိုင်တယ်ဆိုတဲ့ စကားကိုတော့ ငါ မသုံးလိုဘူး၊ ဒါပေမယ့် ဝင့်ဝါမှာလည်း လိုတာကို ရအောင်ယူနိုင်တဲ့ အရည်အချင်း ရှိပါတယ်"

"ဒါပေမယ့် သူက မိန်းကလေးကွ"

"မိန်းကလေးတွေအပေါ် လှည့်စား အနိုင်ယူလူလည်လုပ်လို့ရတဲ့ ခေတ်ကြီး ကုန်သွားပြီလို့ ငါထင်တယ်"

ဝင့်ဝါအကြောင်း မြခိုင်နှင့် ကျွန်တော် ဆွေးနွေးကြသည်မှာ ဤတွင် ပြတ်သွားကြသည်။

သို့ရာတွင် နှင်းမြစန္ဒာထံမှလည်း ဝင့်ဝါအကြောင်း တစ်မျိုးတစ်ဖုံ ကျွန်တော် ကြားရပြန်၏။

မြခိုင်နှင့် ဆွေးနွေးစဉ်က ကျွန်တော် ကြီးကြီးကျယ်ကျယ်တွေ ပြောခဲ့

www.burmeseclassic.com

www.burmeseclassic.com


မိသည်။ ပြောနေစဉ်တုန်းကမူ ကိုယ့်စကားတွေကို ကိုယ်ယုံနေသည်။ နောင်ပြန်စဉ်းစားမှ တစ်ဝက်တစ်ပျက် အမှန်တရားတွေကို ပြောမိခဲ့ပါကလားဟု ကိုယ့်ကိုယ်ကိုယ် သိသည်။ အကြောင်းမှာ မြခိုင်၏စကားတွေက ကျွန်တော့်ရင်မှာ တစ်စုံတစ်ရာ ခံစားမှုကို ထားချန်ရစ်သည်။ ဝမ်းနည်းသယောင်ယောင်။ ဘာယောင်ယောင်။

သြော် ...နွေကျောင်းပိတ်၍ ပြန်ဆုံကြလျှင် သူငယ်ချင်းလေးဦး ခါတိုင်းကဲ့ သို့ပင် ခင်ခင်မင်မင် အတူတွဲတွဲ။

မျှော်လင့်ခြင်းများ။

ယခုတော့ နှစ်ဦးက ပြန်မလာကြ။ တစ်မျိုးကြီး။ ကျွန်တော့်ရင်တွင်းမှာ တစ်မျိုးကြီး။

ပြန်လာသောသူ တစ်ဦးနှင့်ပင် ရှေးယခင်ကလောက် ကျွန်တော် တပူးတွဲတွဲမလုပ်။

အင်း ... ဆင်ခြင်ရသည်။

ငယ်စဉ်ကလေးဘဝတွေတုန်းကတော့ စိန်ပန်းတွေပြာသော သည်လိုနွေဦးမျိုးတွင် နှင်းမြစန္ဒာနှင့် ကျွန်တော်တို့ တောင်ကြီးမြို့တစ်မြို့လုံး သွားချင်ရာ သွားကြသည်။ သြော် ...တောင်ချွန်းကြီးထိပ်သို့ပင် နှစ်ယောက်အတူတက်ကြသည်။ ထမင်းတစ်ထုပ်တည်းမှ နှစ်ယောက်အတူနှိုက်စားကြသည်။ တစ်ယောက်ကို တစ်ယောက် ထမင်းခွံ့ကြသည်။

ယခုတော့ သည်ဟာမျိုးတွေ မလုပ်နိုင်။ မလုပ်သင့်။ မလုပ်သင့်ဟု ကျွန်တော်ထင်သည်။ တောင်ချွန်းကြီးထိပ် တက်ရန်မဆိုထားနှင့်။ တောင်ခြေမီးတားလမ်းတွင် လျှောက်ရန်ကပင် မသင့်။ မီးတားလမ်းကို ယခု “ချစ်သူလမ်းကြား”ဟု ခေါ်နေကြသည် မဟုတ်လော။

ကျွန်တော် ဝမ်းနည်းမိသည်။ လူပျိုနှင့် အပျို။ ကမ္ဘာဦးတည်းက ရှိနေသော အမှန်တရားနှစ်ခု။ ချစ်သူတွေ ဖြစ်မှ တွဲကြရမည်လော။ သြော် ... အခြားနည်း ချစ်ခြင်းဖြင့် ချစ်လျက်ကော မတွဲကြရဘူးလော။

အခြားနည်း ချစ်ခြင်း။ အဲဒါကလည်း ဘာပါနည်း။ သည်ချစ်ခြင်းမျိုး ရှိသည်ကိုကော ယုံကြပါမည်လော။

ကျွန်တော်တို့ အိမ်တွေနှင့် မဝေးရာ အိမ်တော်အနီး တောင်ခြေလမ်းဆုံ အထိတော့ နှင်းမြစန္ဒာနှင့် ကျွန်တော်တို့ ညနေတိုင်း လမ်းလျှောက်ကြသည်။

အိမ်က လူကြီးတွေနှင့် အိမ်နီးပါးချင်းတွေက ငယ်စဉ်ကတည်းက သည်

www.burmeseclassic.com

www.burmeseclassic.com


နေရာလေးတွင် သည်လို လျှောက်ကြသော နှင်းမြစန္ဒာနှင့် ကျွန်တော်တို့ကို တွေ့နေမြင်နေကျဟု လက်ခံထားကြမည်ဖြစ်ကြောင်း ကျွန်တော် ယုံကြည်သည်။

ငယ်စဉ် ကတည်းက လျှောက်ရိုးလျှောက်စဉ်ဖြစ်သောကြောင့်လည်း ကျွန်တော့်ရင်တွင် လိပ်ပြာသန့်သည်။

ဧပြီလလယ် တစ်ညနေ လမ်းလျှောက်ကြရင်း နှင်းမြစန္ဒာက လွှတ်ခနဲ ဆိုသည်။

"ငါးဥသီးလေးတွေ မှည့်ချိန်ရောက်ပြီနော်"

"ဟုတ်ပါရဲ့၊ နိုင်က မေ့နေတယ်"

"ငါးဥသီးလေးတွေကို နိုင်က မေ့နေတယ်"

နှင်းမြစန္ဒာ၏ မေးပုံလေးမှာ တစ်မျိုးလေးဖြစ်၏။

"ဟိုဒင်းလေ၊ မေ့တယ်တော့ မဟုတ်ပါဘူး၊ နိုင်တို့လေးဦး ပြန်ဆုံကြရင် ကောလိပ်ဘက်သွားပြီး ငါးဥသီးခူးကြမယ်လို့တောင် စိတ်ကူးထားတာ"

"ဝါ့ဒ်စ်ဝတ်သ်လိုပေါ့၊ ဟုတ်လား"

"ဘယ်လို"

**'My heart leaps up when I behold**
**A rainbow in the sky.'**

ကျွန်တော် မျက်လုံးပြူးမိသည်။ နှင်းမြစန္ဒာက သဘာဝဓမ္မစာဆိုကြီး ဝီလျံ ဝါ့ဒ်စ်ဝတ်သ်၏ ကျော်ကြားလှသော ကဗျာကို ရွတ်ပြနေသည်။

"ဆိုလေ နှင်း၊ ဆက်ဆို"

နှင်းမြစန္ဒာက ရယ်၏။

"အဲဒီလောက်ပဲရတာ၊ ရှေ့ဆက် မရတော့ဘူး၊ **The Child is father of the man** အဲဒီစကားပဲ မှတ်မိတော့တယ်၊ မိန့်ခွန်းတစ်ခုမှာ ပညာရေးစိတ်ပညာပါမောက္ခက ထည့်ပြောသွားလို့၊ အဆုံးသတ် စကားလေးလည်း ကြိုက်တယ်၊ ဒါပေမယ့် နှင်းအလွတ်မရဘူး"

ကျွန်တော်ချစ်သော ကဗျာဆရာကြီး၏ ရိုးရိုးလေးနှင့် အဓိပ္ပာယ်လေးနက် လှပသော ကဗျာဖြစ်သောကြောင့် ကျွန်တော်ကမူ အလွတ်ရ၏။

**'The Child is father of the Man;**
**And I could wish my days to be**
**Bound each to each by natural piety'**

နှင်းမြစန္ဒာက ပြုံးပြုံးလေးနှင့် ခေါင်းညိတ်ပြ၏။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အင်း၊ ဟုတ်တယ်၊ အဲဒီအပိုဒ်"

"နှင်းက ဘာလို့ ဒီကဗျာကို သတိရတာလဲ"

"ဝါ့ဒ်စ်ဝတ်သ်က လူကြီးဖြစ်လာပေမယ့် မမေ့နိုင် မမှုန်းနိုင်သေးတဲ့ ကလေးဘဝက မြတ်နိုးချစ်ခင်ခဲ့တဲ့ အတွေ့အကြုံလေးတွေကို စပ်တာမို့လား၊ အပြစ်ကင်းစင်တဲ့ ရင်ခုန်မှု၊ ဟုတ်တယ်မို့လား"

"ဟုတ်တယ်လေ၊ ဒီတော့"

နှင်းမြစန္ဒာက ရယ်ပြန်၏။

"နိုင်က ငါးဥသီးခူးကြတာကို ပြောတယ် မဟုတ်လား၊ ဝါဒ်စ် ဝတ်သ်သာ တောင်ကြီးမှာ ငါးဥသီး ခူးဖူးရင် သူ့ကဗျာထဲမှာ သူထည့်စပ်မှာပဲ၊ အဲ**ဧ**အဲဒီလို နှင်းက တွေးမိလို့ပါ"

နှင်းမြစန္ဒာ ပြောပုံလေးကြောင့် ကျွန်တော်လည်း လိုက်ရယ်၏။

"နိုင်တို့ ငါးဥသီး သွားခူးကြမလား"

နှင်းမြစန္ဒာက ဖျတ်ခနဲ လှဲ့လှဲ့တစ်ချက် ကျွန်တော့်ကို ကြည့်သည်။

"နိုင်က သွားချင်လို့လား"

"နိုင့်ကို မမေးနဲ့၊ နှင်းသွားချင်သလား"

နှင်းမြစန္ဒာ၏ မျက်စောင်းလေးထိုးခြင်းကို ကျွန်တော် ခံလိုက်ရသည်။

"မဝိနဲ့ကိုယ်တော် ဝါဒ်စ်ဝတ်သ်ရဲ့ ကဗျာကို ရွတ်ပြနေတယ် မဟုတ်လား"

နှင်းမြစန္ဒာနှင့် ကျွန်တော်တို့က ရှမ်းကောင်စီလမ်းအတိုင်း ဆင်းလာခဲ့ကြသည်။

ယခုအခါတွင် ဟီးနိုးခေါင်းတို ဘတ်စ်ကားကြီးများက ကောလိပ်အထိ ပြေးဆွဲနေကြသည်။

ကောလိပ်ကျောင်းသူများ၏ ပင်လုံကျောင်းဆောင်ရှေ့ မှတ်တိုင်၌ ကျွန်တော်တို့ ကားတက်စီးပြီး လိုက်လာခဲ့ကြ၏။

ကောလိပ် အဆောက်အအုံကြီးရှေ့၌ ဆင်းကြပြီး ဂေါက်ကွင်းတွင်းရှိ စမ်းချောင်းငယ်ဘေးမှ ငါးဥသီး ချုံပုလေးများဆီ ကျွန်တော်တို့ ဆက်လျှောက်ကြသည်။

ငါးဥသီးလေးများက ရှိနေကြသည်။ နှင်းမြစန္ဒာ ပြောသကဲ့သို့ မှည့်လည်း မှည့်နေကြပြီ။

ငါးဥသီးလေးများခူးပြီး ကျောင်းကြီးဘက်သို့ ကျွန်တော်တို့ ပြန်လာ

www.burmeseclassic.com

www.burmeseclassic.com


ကြသည်။

ကျွန်တော်က တစ်နှစ်၌ ဝင်းကြည်နှင့် ကျွန်တော်တို့ ထိုင်ခဲ့ကြသော ကန်စောင်းမှ ထင်းရှူးပင်ရိပ်သို့ နှင်းမြစန္ဒာကို ခေါ်လာခဲ့သည်။

ထင်းရှူးပင်ရိပ်တွင် ကျွန်တော်တို့ ထိုင်ကြသည်။

ငါးဥသီးလေးများကို နှင်းမြစန္ဒာက သူ့ လက်ကိုင်ပဝါလေးနှင့် ထုပ်ထားသည်။ ယခု လက်ကိုင်ပဝါလေးကို ဖွင့်ဖြည်ပြီး ရဲရဲနီသော သူ့လက်ဖဝါးလေးပေါ်၌ တင်ကိုင်ထား၏။

ငါးဥသီးလေးများကို စားကြရင်း အတန်ကြာ စကားမပြောကြဘဲ ကျွန်တော်တို့ ပတ်ဝန်းကျင်ကို ငေးကြည့်ကြ၏။

တစ်ချိန်တုန်းကကဲ့သို့ပင် အရှေ့ဘက်တောင်တန်းရှိ တောတို့၌ ထင်းရှူးမဟုတ်သော သစ်ပင်တွေက ရွက်ဝါရွက်နီတွေကို ထွန်းပြနေသည်။

နှင်းဟုခေါ်ခေါ်၊ မြူဟုခေါ်ခေါ်ခေါ်နိုင်သော ငွေရိပ်ပြာပြာကလည်း တော တောင်ရောင်စုံနှင့် ကောင်းကင်ပြာကို ဆက်စပ်ပေးထားသည်။

လေနုနုက လူကို လန်းဆန်းရုံ အေးအေးညင်းညင်း တိုက်လာနေသည်။ တောနံ့၊ တောင်နံ့နှင့် ပန်းနံ့တွေ ပေါင်းစပ်ပေါ်သည့်မြေမြင့်ဒေသ၏ ငွေရနံ့ကလည်း သန့်သန့်ကြည်ကြည်လေး သင်းနေသည်။

နေရောင်ကပင် ယဥ်သောနုသော ရွှေရည်တစ်မျိုးအဖြစ် မြေဆီသို့ လှလှပပ ကျလာနေသည်။

ငွေဦး ...။

ငွေဦး ဟူသည်က လှပသည်။ မြန်မာပြည်၏ဘယ်အရပ်မှာမဆို လှပသည်။ ကျွန်တော်ဖတ်ဖူးသမျှ တစ်ကမ္ဘာလုံး၌လည်း ငွေဦးသည် လှပသည်။

တောင်ကြီး၏ ငွေဦးကတော့ ကျွန်တော့်စိတ်တွင်း၌ အလှဆုံးဟု ထင်သည်။

"နှင်း ပြောတာ ဟုတ်တယ်၊ မီပ့ါမလား"

"ဘာရယ်"

"မီပါ့မလား၊ တောင်ကြီးရဲ့ ငွေဦးအလှကို မီကြပါ့မလား၊ ပြန်ရောက်စက နှင်းပဲ ပြောခဲ့တာလေ"

"အလို ဘာစိတ်ကူးပေါက်ပြီး ခုမှ နှင်းကို ထောက်ခံရတာလဲ"

"ခုမှ ထောက်ခံတာ မဟုတ်ပါဘူး၊ ငွေဦးဟာ နိုင့်အတွက် လှပါတယ်၊ အမြဲလှပနေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com


"နှမြောလောက်အောင် လှပနေတယ် ဆိုပါတော့"

"ဘာရယ်"

"နွေဦးလေ ပစ္စုပ္ပန်ကနေ ပျောက်ကွယ်သွားတာကို နှမြောမိအောင်လေ"

"ဘယ်လို...ဘယ်လို"

နှင်းမြစန္ဒာ၏ မျက်နှာလေးတွင် မချိုမချဉ်အပြုံးလေးကို တွေ့ရပြန်သည်။

သို့ရာတွင် ခဏဌပင် နှင်းမြစန္ဒာက အပြုံးကို ရပ်လိုက်ပြီး တည်တည်လေး ပြော၏။

"နားထောင် နှင်းကဗျာတစ်ပုဒ် ရွတ်ပြမယ်၊ နွေဦးကို နှမြောတသတဲ့ ကဗျာ"

"နွေဦးကို နှမြောတသတဲ့ ကဗျာ ဟုတ်လား"

"နှင်းကတော့ အဲဒီလိုပဲ နားလည်ထားတယ်လေ၊ နားထောင်ကြည့်"

ရှေ့တစ်ခွင်မှ နွေဦး၏ ရှုခင်းဆီ မျက်လုံးလေးများကို လှမ်းပို့လျက် နှင်းမြစန္ဒာက ကဗျာတစ်ပိုဒ်ကို ရွတ်ပြသည်။

"ပန်းချီထူးနှင့် နွေဦးရေ
ဝါရွှေရွှေ ဟောဟိုတောက
ကြွေလွင့်သူ ရွက်နှင့်ရောလို့
မှုန်ပြာရီလေနယ်ကြောမှာ
မျောပျောက်တော့မလား ဖန်တီးရှင်"

ကျွန်တော်က အစသော် အံ့သြစွာနှင့် နှင်းမြစန္ဒာကို ငေးကြည့်နေသည်။ တစ်ခဏဌမှု ထူးဆန်းသော နှင်းမြစန္ဒာ၏ အမူအရာလေးက ကျွန်တော့်ကို ဖမ်းစားသည်။

ကဗျာကို ရွတ်နေဆဲတွင် နှင်းမြစန္ဒာက ကျွန်တော့်ကို မကြည့်။ ကျွန်တော် အနီး၌ ရှိနေသည်ကိုပင် သတိပြုဟန် မပြ။

နွေဦး၏ ပန်းချီကို ငေးရင်းသာ ကဗျာကို ရွတ်နေသည်။ တိုးတိုး ညင်သာစွာဖြင့် မိမိတစ်ကိုယ်တည်း ညည်းသယောင် ရွတ်နေ၏။

နှင်းမြစန္ဒာ၏ အသံလေးက ချိုလွင်သာယာသည်။ ကဗျာရွတ်သံ၌ အဖွဲ့တွင်က စည်းနရီလည်း ဝင်နေ၏။

".........
မတားသာပါ
သွားမှာကို ဘယ်သူ တားနိုင်လိမ့်

www.burmeseclassic.com

www.burmeseclassic.com


သနားကာ ထားချန်ဖြစ်တယ်ထင့်
ကျန်ရစ်မြေ နွေမဆိတ်ပါလား
နိမိတ်ပုံ တသီတတန်းရယ်နှင့်
စိတ်ဝိညာဉ် ပန်းချီခန်းမှာ
(နွေဦးရေ) လွမ်းပျော်မွေ့ကြီး ...''။

ကျွန်တော်တို့ နှစ်ဦးလုံး ခေတ္တငြိမ်နေကြသည်။

ခဏကြာမှ နှင်းမြစန္ဒာ၏ မျက်လုံးလေးများက ကျွန်တော့်ကို ကြည့်သည်။

နှင်းမြစန္ဒာ၏ မျက်နှာလေးက ပြုံးနေသည်။ စောစောတုန်းက မချိုမချဉ် ပြုံးလေးမျိုးမဟုတ်တော့။ ယခု အပြုံးလေးက နူးညံ့သည်။ သိမ်မွေ့သည်။ တည်ငြိမ်သည်။ အလို...လွမ်းဖွယ်လည်း ရှိသည်။

လွမ်းဖွယ်အပြုံး။ အို... သည်စကားအသုံးသည် မှန်ကန်ပါ၏လော။

ကျွန်တော်က သက်ပြင်းကို ချမ်းသာစွာချပြီး ပြောသည်။

''ကောင်းတယ် နှင်းရယ်၊ ကျေးဇူးတင်တယ်''

''ဝန်ခံတယ်ပေါ့''

''ဘာလဲ နှင်းရယ်''

''ဒီကဗျာကို နိုင် စပ်တယ်ဆိုတာ''

''နိုင် အစကတည်းက ဖုံးကွယ်ထားလိုစိတ် မရှိခဲ့ပါဘူး''

''ကြွားတယ်ထင်မှာ စိုးတယ်ပေါ့''

ကျွန်တော်က နှင်းမြစန္ဒာကို ကြည့်သည်။ သည်မိန်းကလေး ကျွန်တော့် စိတ်ကို ဘယ်လိုသိနှင့်...သိနှင့်နေသနည်း။

''နိုင်စပ်တဲ့ ကဗျာမှန်း နှင်း ဘယ်လိုလုပ် သိသလဲ''

''နှင်းတို့ တက္ကသိုလ်မှာ ကဗျာချစ်တဲ့လူတွေရှိတယ်၊ မိုး...မဂ္ဂဇင်းက ကဗျာကို အသားပေးတယ် မဟုတ်လား၊ အထူးသဖြင့် မျိုးဆက်သစ်လို့ သူတို့ ခေါ်တဲ့ ကလောင်သစ်တွေကို နေရာပေးတယ်၊ မတ်လထုတ် မဂ္ဂဇင်းက ဖေဖော်ဝါရီလ မကုန်ခင်က ထွက်တယ်လေ၊ နိုင့် ကဗျာက မျက်နှာဖုံးကဗျာအဖြစ် ပါလာတော့ ကဗျာချစ်တဲ့လူတွေ ဂရုပြုမိကြပြီး ဆွေးနွေးကြတယ်၊ သူတို့ပြောတာ နှင်းပြောပြမယ်နော်''

''ပြောပါ နှင်း''

''ပုံသဏ္ဌာန်ဟောင်းနဲ့ အတွေးသစ်ဟာ များသောအားဖြင့် ပဋိပက္ခဖြစ်ကြ တယ်တဲ့၊ ဒါပေမယ့် ဒီကဗျာမှာတော့ သဟဇာတ၊ သမူဟဖြစ်နေတယ်တဲ့၊

www.burmeseclassic.com

www.burmeseclassic.com



"မြတ်သူဦး"ကို စောင့်ကြည့်ကြရမယ်တဲ့၊ နိုင်...ကလောင်နာမည်လေးကလည်း လှတယ်၊ ဘယ်လို ရွေးထားတာလဲ"

"မေမေ့နာမည်ရယ်၊ ဖေဖေ့နာမည်ရယ်ကို ဦး နဲ့တွဲထားတာပါ၊ ဦးဆိုတာကို အနွယ်အညွှန့် အဓိပ္ပာယ်အဖြစ် နိုင်က ယူထားတယ်"

"နိုင့် ဖေဖေနဲ့ နိုင့် မေမေကို နိုင် သိပ်ချစ်တာပဲနော်"

ဤအမေးကို ကျွန်တော် မဖြေပါ။ ဖြေဖို့လည်း မလိုပါ။

ကျွန်တော့်စိတ်ကို ရိပ်မိဟန်ဖြင့် တစ်ချက်လေးသာ စိုက်ကြည့်ပြီးနောက် နှင်းမြစန္ဒာက စကားဆက်သည်။

"နှင်းလည်းလေ ဒီကဗျာလေးကို သိပ်ကြိုက်တယ်၊ ဘာဖြစ်လို့လည်း မသိဘူး၊ တောင်ကြီးကို သိပ် ပြန်အောက်မေ့တယ်၊ ပြီးတော့ နိုင် ယုံပါ့မလား"

"ဘာကိုလဲ နှင်း"

"ဒီကဗျာကို နိုင် စပ်တာများလားလို့ နှင်း ထင်...ထင် မိတယ်"

"အို...တကယ်"

"ဟိုဒင်းလေ၊ အသေအချာကြီးတော့ မဟုတ်ဘူး၊ နိုင်စပ်ရင်လည်း ဒီကဗျာ မျိုးလေး ဖြစ်မှာပဲလို့ အဲ...အဲဒီလို စိတ်ထဲပေါ်လာတာ"

"အား... အား... နိုင် နားလည်တယ်"

"ဒါနဲ့ ဒီကို မပြန်ခင် ဝင့်ဝါတို့၊ ဝင်းကြည်တို့နဲ့ တွေ့တယ်၊ ပြောပြီးပြီ မဟုတ်လား၊ သူတို့က သူတို့နဲ့မှ အတူပြန်ဖို့ ဆွဲကြတယ်၊ နှင်းက တောင်ကြီးရဲ့ နွေဦးလေးကို လွတ်သွားမှာစိုးတဲ့အကြောင်း ပြောရင်းက ခုနင်က ကဗျာလေးကို ရွတ်ပြမိတယ်၊ အဲဒီမှာ သိရတာပဲ၊ ဝင်းကြည်ကပြောတယ်၊ ဒီကဗျာကို နိုင်စပ်တာတဲ့၊ မနှစ်က နှင်းတို့တွေ အားလုံးခွဲရခါနီးမှာ နိုင်စပ်တာတဲ့"

ကျွန်တော်က ရယ်သည်။ ကိုယ့်ရယ်ခြင်းမှာ အဓိပ္ပာယ်မရှိလှကြောင်းလည်း ကိုယ့်ဘာသာသိသည်။

"နိုင် ဘာလို့ရယ်တာလဲ"

"သြော်...လူတစ်ကိုယ် အကြိုက်တစ်မျိုး၊ ဒါကို တွေးမိလို့ ရယ်တာပါ"

"အဲဒါကကော ဘာပြောတာလဲ"

"နှင်းက တောင်ကြီးနွေဦးကို ပြန်လွမ်းတယ်၊ သူတို့ကတော့ ရန်ကုန်သင်္ကြန်ကို ပျော်တယ်၊ လူတစ်ကိုယ် အကြိုက်တစ်မျိုးပေါ့၊ ဟုတ်ဘူးလား"

"အဲဒီလိုတော့ မပြောပါနဲ့"

"နိုင်က ဘာပြောလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com


"နိုင်ပြောပုံက ဝင့်ဝါတို့ကို အပြစ်တင်လိုက်သလိုကြီးပဲ"

"နိုင် အပြစ်တင်တာ မဟုတ်ပါဘူး၊ လူ့သဘာဝတွေရဲ့ ခြားနားခြင်းကို ပြောပြတာ"

နှင်းမြစန္ဒာသည် မရယ်မပြုံးဘဲ ကျွန်တော့်ကို စိုက်ကြည့်ပြီး ရုတ်တရက် တည့်တည့်ကြီး မေးသည်။

"နိုင် ကျန်တဲ့ယောကျ်ားလေး သူငယ်ချင်းတွေက ဝင့်ဝါအကြောင်း ဘာပြောကြသလဲ"

ကျွန်တော်မဖြေ။

"ဘာပြောကြမယ်ဆိုတာ နှင်းသိပါတယ်၊ ဒါပေမယ့် နိုင် သိဖို့က ဝင့်ဝါဟာ အမြဲတမ်း **(Centre of attention)** လူတို့ရဲ့ ဂရုပြုမိခြင်းရဲ့ ဗဟို၊ အဲဒီလိုပြောရမယ် ထင်တယ်၊ တစ်နည်းအားဖြင့် ဆွဲဆောင်နိုင်စွမ်းပေါ့၊ သူ့ကုသိုလ်၊ သူ့ပါရမီနဲ့ သူဖြစ်နေတာ၊ လူတိုင်းလူတိုင်း ကလေးဘဝတည်းက ဂရုပြုမိခြင်းရဲ့ ဗဟို ဖြစ်ချင် ကြတာချည်းပဲတဲ့၊ ဖြစ်ချင်သလို ဖြစ်လာသူနဲ့ မဖြစ်ရသူ၊ ဒါပဲ ကွာကြတယ်၊ ဝင့်ဝါကတော့ ကုသိုလ်ထူးသူ၊ နိုင် ဘာပြောချင်လဲ"

ကျွန်တော် ကောင်းကောင်း ဝင့်လည်သည်။ မြခိုင်ကို ဤသဘောမျိုးပင် ကျွန်တော် တရားဟောခဲ့သည် မဟုတ်ပါလော။

ကျွန်တော် ဘာမျှမပြောဘဲ ငြိမ်နားထောင်နေသည်။ ဝင့်ဝါအကြောင်း နှင်းမြစန္ဒာထံမှလည်း သိချင်နေသည်။

"ပြီးတော့ ဝင့်ဝါတို့က အစကတည်းက ချမ်းသာကြတယ်၊ ဘယ်လိုပြော ရမလဲ၊ မျက်နှာကြီးမျိုးတွေ၊ ဝင့်ဝါက လှလည်းလှသေးတယ်၊ အနုပညာမှာလည်း ထူးချွန်တယ်၊ ဆေးတက္ကသိုလ် ကျောင်းသူလဲ ဖြစ်တယ်၊ ဒီတော့ ရန်ကုန်မှာ ဝင့်ဝါမျက်နှာကြီးတယ်၊ မျက်နှာပွင့်လန်းတယ်၊ အဲဒါဆန်းသလား၊ ဒါပေမယ့် သူငယ်ချင်းချင်းမို့ နှင်းသိတယ်၊ ဝင့်ဝါဟာ သူ့ကိုယ်သူ ထိန်းသိမ်းတတ်တဲ့ မိန်းကလေး၊ စိတ်အားလည်းကြီးတယ်၊ နှင်းတို့ထက် စိတ်အားကြီးတယ်၊ ဒီနေရာ မှာတော့ အတူတူပဲ၊ နိုင်လည်း စိတ်အားကြီးတာပဲ"

"အလို...နိုင်က ဘယ်ကပါလာရပြန်တာလဲ"

"စိတ်အားကြီးတာကို ပြောတာ၊ ဒါပေမဲ့ နိုင် မပူနဲ့ ဝင့်ဝါပြန်လာမှာပါ၊ သူလည်း တောင်ကြီးရဲ့ နွေဦးကို ချစ်ပါတယ်၊ သူ ခုချက်ချင်း ပြန်မလာတာ ကတော့"

တစ်မျိုးဖြစ်သော မာန်လေးနှင့် သွက်သွက်ပြောနေရာမှ နှင်းမြစန္ဒာသည်

www.burmeseclassic.com

www.burmeseclassic.com


စကားရပ်သွား၏။

"ပြောလေ၊ သူ ဘာလို့ ချက်ချင်း ပြန်မလာတာလဲ"

"အင်း...၊ အဟင်း...၊ တစ်ယောက်ယောက်ကို သူ ဆန္ဒပြတာ ဖြစ်မှာပေါ့"

"ဘယ်လို ဘယ်လို"

"ဝင့်ဝါဟာ စိတ်အားကြီးတယ်လို့ နှင်း ပြောခဲ့တယ်မဟုတ်လား၊ သူက သူလိုချင်တာဆိုရင် ရမှ၊ သူဖြစ်ချင်တာဆိုရင် ဖြစ်မှ၊ သူ့တိုက်တွန်းချက်ကို နိုင်က ပယ်လိုက်တော့ သူဘယ်လောက် စိတ်ထိခိုက်သွားမလဲ၊ နိုင်သိရဲ့လား"

ကျွန်တော်က မျက်နှာကို အတည်ငြိမ်ဆုံးထားပြီး ဖြေရသည်။

"နိုင် ရိပ်မိပါတယ်၊ ဒါပေမယ့် တစ်နေ့မှာ သူ နားလည်သွားပါလိမ့်မယ်"

"အခုလည်း သူ နားလည်နေပါတယ်"

"ဘယ်လို"

"နိုင့်ကဗျာအကြောင်း ပြောကြတုန်းက သူ မှတ်ချက်ပေးတယ်၊ အဲဒါဟာ သူ ရွေးချယ်တဲ့ ဘဝတဲ့၊ ပြီးတော့ ချက်ချင်း စကားပြင်တယ် မဟုတ်ဘူးတဲ့ သူ့ ဆုတောင်းဘဝတဲ့၊ နိုင်...ဝင့်ဝါက ပြုံးပြီးပြောတာ၊ ဒါပေမယ့် အဲဒီအချိန်မှာ သူ့ မျက်လုံးလေးတွေမှာ မျက်ရည်ဝဲနေတယ်"

နေလုံးက ငုပ်ဝင်သွားပြီ။ ပြာဝေသော နွေပန်းချီသည် မှုန်မှုန်ရီရီလေး ဆက်လှနေ၏။

အရှေ့ကုန်းမြင့်မှ ဘတ်စ်ကားကြီးက ပြေးဆင်းလာနေ၏။

"ဟော...ကားလာပြီ၊ နောက်ဆုံးကားလား မသိဘူး၊ ပြန်ကြစို့နှင်း၊ သြော်... နှင်းရေ၊ သိပ်ကျေးဇူးတင်တာပဲ"

"ဘာကိုလဲ"

"နှင်း ပြောပြတာတွေ ကိုလေ၊ သြော်...သူငယ်ချင်းတွေက နိုင့်ကို နားလည်ကြသားပဲ၊ နောင်ကို ဒီ့ထက်ပိုနားလည်ကြရင် နိုင် ပိုကျေးဇူးတင်ရမယ်"

"ဘာကို ဒီ့ထက် ပိုနားလည်ရမှာလဲ"

"အလှကို လိုက်ဖမ်းယူနေသူတစ်ယောက်အကြောင်းကိုလေ၊ အခု နိုင်က နွေရဲ့အလှကို ဖမ်းယူပြတယ်၊ ဒီအလှဟာ များစွာသော အလှတွေအနက်က တစ်ခုသော အလှသာပါ၊ တခြားအလှတွေ ရှိသေးတယ်၊ နိုင်က ဆက်ဖမ်းရဦးမယ်၊ ပိုးစုန်းကြူးလေးလို"

"ပိုးစုန်းကြူးလေး..."

www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ်၊ ကောင်းကင်အမြင့်က ကြယ်ကို ဖမ်းယူဖို့ ပျံတက်နေတဲ့ ပိုးစုန်းကြူးလေး"

"ကြံကြံဖန်ဖန်နိုင်ရယ်"

"ကြံကြံဖန်ဖန်...၊ အင်း... ကြံကြံဖန်ဖန်၊ ဒါပေမယ့် အဲဒါကို နိုင် ပြောတာ မဟုတ်ဘူး၊ ရှယ်လီပြောတာ၊ တစ်နေ့မှ သူပြောတာကို နှင်းတို့ကို နိုင် ပြောပြမယ်၊ အခုတော့ ပြန်ကြစို့ နှင်း၊ နောက်ကျလို့ အိမ်က စိတ်ပူနေကြမယ်"

*

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)

# ဝမ်းမြောက်ကြည်နူးမှု အကြောင်းတရား

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

'Last week in Babylon,
Last night in Rome,
Morning, and in the crush
Under Paul's dome:
Under Paul's dial
You tighten your rein
Only a moment,
And off once again:
Off to some city
Now blind in the womb,
Off to another
Ere that's in the tomb.

Time, you old gypsy man,
Will you not stay,
Put up your caravan
Just for one day"
“ဟိုအပတ်တုန်းက
ဘေဘီလုံမှာ
ကုန်ဆုံးသွားတဲ့ညက
ရောမဆီမှာ
ဒီမနက်ကျတော့
တပ်မက်မှုလျှပ်တစ်ပြက်ဇောကြောင့်
ပေါ(လ်)ရဲ့ အမိုးခုံးခုံးလုံးလုံးကြီးနှင့်
ပေါ(လ်)ရဲ့ နာရီဒိုင်ခွက်ကြီးအောက်မှာ၊
အသာခဏ မြင်းဇက်သတ်ပြီးမှ

www.burmeseclassic.com

www.burmeseclassic.com


မရပ်မနား အသင်ဆက်သွားပြန်တယ်။
မနားတမ်း ပေါ့နော်၊
သြော်…မမြင်မစမ်းနှင့်
ဝမ်းဗိုက်တစ်ခုထဲတွင်သာ
ရှိနေရှာသေးတဲ့တစ်မြို့မြို့ဆီ။
အဲဒီမြို့…
သင်္ချိုင်းမြေမို့မို့အောက်
မရောက်မီ သင်ခွာလှမ်း
နောက်မြို့သစ်တစ်စခန်းဆီ
ကြွမြန်းတော်မူပြန်တယ်။ ။
အချိန်ဆိုတဲ့
အဘိုးအို ဂျစ်ပဆီကြီးရယ်
သင့်ခရီးဖော် နောက်ပါများနှင့်
တစ်ထောက်ကလေး နားမနေနိုင်ဘူးလား။
များများမဟုတ်ဘူးလေ တစ်ရက်…။
တစ်ရက်တည်းပါ။

ကျွန်တော် ဝင်းကြည်ကိုပြောပြခဲ့ဖူးသော ဟော့ဂျဆင်၏ ကဗျာဖြစ်ပါသည်။ လူသားကို တစိမ့်စိမ့် စိတ္တဇတစ္ဆေအခြောက် ခံရစေသော ခေတ်သစ်ကဗျာဟု ဆိုကြသည်။

သြော်…အချိန်ဆိုသည့် မမြဲသောတရား။ သည်တရားက သူ ရွေ့လျားသွားစဉ် ကြိုတင်မသိနိုင်၊ မမြင်နိုင်သော အခြားတရားတွေကိုလည်း သယ်လာသည်။ အဲသည် အခြားသော တရားတွေကမူ သူတို့၏ အကျိုးအပြစ်ကို ချန်ထားရစ်သည်။

ကံနှင့် ကံ၏အကျိုး။

သည်လိုပဲသာ ကျွန်တော်မြင်မိသည်။

တောင်ကြီးကောလိပ်မှ ဒုတိယနှစ် အောင်သောအခါ မန္တလေးတက္ကသိုလ်သို့ ကျွန်တော် ဆက်သွားသည်။

ဤသည်မှာလည်း ကျွန်တော့်ရွေးချယ်မှု။

နှင်းမြစန္ဒာ ပြောခဲ့သည့်အတိုင်း ထိုတစ်နှစ် နွေ၏နောက်ပိုင်းရက်များတွင် ဝင့်ဝါနှင့် ဝင်းကြည်တို့ တောင်ကြီးသို့ ပြန်လာခဲ့ပါ၏။ ကျွန်တော်တို့ သူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com


လေးဦး ရေးတုန်းကကဲ့သို့ပင် ပျော်ပျော်ရွှင်ရွှင်၊ ခင်ခင်မင်မင်၊ ရင်းရင်းနှီးနှီး ဆက်နေကြသည်။

သည်လိုဆိုပြန်တော့ ဟော့ဂျဆင်၏ ကဗျာကို ကျွန်တော်ခေတ္တမေ့ထား လိုက်သည်။ ကလေးဘ၀နှင့် လူကြီးဘ၀။ လူကြီးဘ၀အထိ သယ်ဆောင်လာခဲ့သော ကလေးဘ၀မှ ကြည်နူးသာယာဖွယ်ကလေးများ။ ဤသည်တို့ကို ဖွဲ့စပ်သည့် ဝါဒ်စ်ဝတ်သ်၏ ကဗျာလေးကိုသာ မကြာခဏ ရွတ်မိ၏။

**'My heart leaps up when I behold**
**A rainbow in the sky:**
**So was it when my life began:**
**So is it now I am a man;**
**So be it when I shall grow old,**
**Or let me die!**
**The Child is father of the Man**
**And I could wish my days to be**
**Bound each to each by natural piety."**

သည်အတိုင်း ရွတ်မိရုံမက။ ဘာသာလည်း ပြန်မိသည်။

"ကောင်းကင်ထက်
သက်တံရောင်စုံမြင်သောအခါ။

နှလုံးရယ် စွေ့ခုန်တက်
နှစ်သက်မိရင်တွင်းမှာ။

ငယ်စဉ်ကသည်နည်း
ကြီးတော့လည်း သည်လို
အိုသည့်တိုင် သည်ပုံပဲ
အမြဲတမ်းရှိချင်လှ
မရှိက သေချင်တာ
ပျင်းစရာဤဘဝ။

ကလေးရွယ် ပုဗ္ဗဂ်မ
လူ့နှောင်းဘ၀ရဲ့ ဖခင်ပါ
ထာဝစဉ် နှောင်သွယ်ယှက်လို့

www.burmeseclassic.com

www.burmeseclassic.com


ကိုယ့်ဘဝရက်များ သစ္စာနှယ်
မပျက်ပြယ် အလှပန်း
ဆက်လန်းစေချင်စွ။

သက်တံရောင်စုံ။ ကောင်းကင်မှ သက်တံရောင်စုံ။ ဘဝမှ သက်တံရောင်စုံ။

သက်တံရောင်စုံဆိုသည်က မမြဲပါ။ သို့ရာတွင် လှသည်။ ရှိနေသော ခဏလေးအတွင်းမှာတော့ နှလုံးရယ် ဆွေ့ခုန်တက်အောင် လှသည်။

သက်တံရောင်စုံ ဘဝလေး၌ နှစ်သက်စွာနေရင်းက နှစ်နှစ်ဆိုသော အဘိုးကြီး ဂျစ်ပဆီက မနားတမ်း ရွေ့ပြောင်းသွားသည်။

ကျွန်တော် တတိယနှစ်ကို ရန်ကုန်တက္ကသိုလ်၌ ဆက်တက်ရန် ဝင့်ဝါနှင့် ဝင်းကြည်တို့က တိုက်တွန်းသည်။ ဤအကြံမ်၌ သူတို့နှစ်ယောက်ကို နှင်းမြစန္ဒာ ကပါ ထောက်ခံသည်။

သို့ရာတွင် ကျွန်တော်က မန္တလေးတက္ကသိုလ်သို့သာ သွားသည်။ တောင်ကြီး ကောလိပ်ကဲ့သို့ ဆက်သွယ်ထားသော ကောလိပ်မှ ဒုတိယနှစ် အောင်လာသူများသည် မန္တလေးတက္ကသိုလ်၌ အခက်အခဲမရှိဘဲမှုအရ အဆောင် နေရာရကြသည်။ ပြီးတော့ မဟာဝိဇ္ဇာတန်း တက်ခွင့်ရရန် မှန်းထားသော ကျွန်တော်က မိမိ၏အရည်အချင်းကို သိရှိရင်းနှီးပြီးဖြစ်သည့် တက္ကသိုလ်၌သာ ဆက်တက်လိုသည်။ အရေးအကြီးဆုံး အကြောင်းတစ်ခုကား ယဉ်ကျေးမှု မြို့တော်ကြီး၌ ကျွန်တော် ကျင်လည်ဖူးချင်သည်။

ကျွန်တော် ရွေးချယ်ခဲ့သော ဘဝ၌ စိတ်ဆင်းရဲဖွယ်ကို ကျွန်တော် မတွေ့ ခဲ့ပါ။

ဟော့ဂျဆင်က အချိန်ဆိုသည့် ဂျစ်ပဆီ အဘိုးအို အနည်းဆုံး တဒင်္ဂ တပ်မက်ဖောနှင့် သူ့မြင်းဇက်ကို ခဏသတ်ရှုမောခဲ့ရသည့် မြို့တော်ကြီးများ အကြောင်းပြောခဲ့သည်။ မန္တလေး ရွှေမြို့တော်၌ ဤဂုဏ်မျိုးရှိသည်ဟု ကျွန်တော် ယုံကြည်သည်။

ထူးထူးဆန်းဆန်း။ မန္တလေး၏ သဘာဝ ပတ်ဝန်းကျင်ကိုလည်း ကျွန်တော် ချစ်မိသည်။

တောတောင်ရေမြေ။ စာပေတွေမှာက ဤစကားလုံး တွဲသုံးတတ်သည်။ နေရာတိုင်းမှာ တောတောင်ရေမြေ မပြည့်စုံပါ။

www.burmeseclassic.com

www.burmeseclassic.com


အချို့နေရာတွင် မြေတော့ရှိသည်။ တောမရှိပါ။

အချို့နေရာတွင် မြေနှင့်တောတော့ရှိသည်။ တောင်မရှိပါ။ အချို့နေရာတွင် မြေ၊ တောနှင့် တောင်တို့တော့ရှိသည်။ ရေသို့မဟုတ် ရေအဖြစ် စာဖွဲ့လောက်သည့် မြစ်ကြီးချောင်းကြီး မရှိပါ။

မန္တလေးကတော့ ဤသဘာဝအလှအင်္ဂါ အားလုံးနှင့် ပြည့်စုံသည်။

ကျွန်တော် ကြီးပြင်းခဲ့ရာ ဒေသများက မိုးကောင်းပြီး ဆယ့်နှစ်ရာသီ စိမ်းလန်းသော သစ်ပင်များပေါက်ရာ ဒေသများဖြစ်သည်။ သစ်ပင်ကြီးများက ကြီးလွန်းပြီး မိုးကာလများတွင် ကပ်ပါးပင်ရှုပ်သော ပင်စည်တွေနှင့် အရုပ်ဆိုးချင်သည်။ နွေဆိုလျှင်လည်း ဘုရားစူးလွတ်ရုံ ရွက်ဝါကြွေသည်။

မန္တလေးမှ သစ်ပင်အများက ကျွန်တော့်အမြင်တွင် ယဉ်ပြီး ပန်းချီဆန်သည်။ စာဥ္စသာ တွေ့ဖူးသော ထနောင်း၏ တင့်လှပေဟန်ကို ကျွန်တော်ကိုယ်တွေ့ မြင်ရသည်။ တမာတွေကလည်း ရွက်ကြွေပြီဆိုလျှင် ရွှေအိုမဟုတ်။ ရွှေညိုမဟုတ် ရွှေဝါမှ ရွှေဝါစစ်စစ်၊ ရွှေလွှာကို ဝေဝေကြီလွင့်ပြတတ်သည်။

သြော်…နွေ…။ ကျွန်တော်ချစ်သော နွေဦး။ ကျောင်းကြီးမပိတ်မီတွင် မန္တလေး နွေဦးက နွေဦးဆိုသည်မှာ သည်ပုံဟေ့ဟု ဆိုသကဲ့သို့ အင်္ဂါစုံအောင်လှပြတတ်သည်။

နှင်းကြွင်း၊ မြူ၊ မြူခိုး၊ မင်းလွင် သူတို့ကလည်းရှိသည်။ လေပြည်၊ လေညင်း၊ လေရူး၊ လေပွေ သူတို့လည်းရှိသည်။ လေကိုလိုက်၍ ရှင်ဥတ္တမကျော် ရွက်ကြွေနည်းနှင့် ကြွေသော ရွက်ဝါမျိုးလည်း ရှိသည်။ တဖြုတ်ဖြုတ်နှင့် ပြုတ်ပြသော ရွက်ဝါတွေလည်း ရှိသည်။ တသဲသဲတရှဲရှဲနှင့် ညကိုချောက်ချားစေ၍ ကြွေသော ရွက်ဝါတွေလည်း ရှိသည်။ အရိုးကျဲကျဲ၊ အကိုင်းမွဲမွဲနှင့် သစ်ပင်များ၊ ပုရစ်ငုံပုရစ်ဖူး၊ ရွက်နုရွက်ကျင်နှင့် သစ်ပင်များ၊ သူတို့လည်း ရှိကြသည်။

သြော်…နွေဦး၏ဝိညာဉ်။ ဝါဒ်စ်ဝတ်သ် ပြောသော "ခရီးလှည့်သည့်အသံ"။ ဥသြ။ သူကလည်း ရှိသေးသည်။

ဆယ့်နှစ်ရာသီ စိမ်းလန်းလျက် ပန်းရောင်စုံနှင့် ပန်းမြို့တော်ဖြစ်ကာ သူ့နည်းနှင့်သူလည်း လှသော တောင်ကြီးဆီသို့ "မြေနီခင်တန်း"လေးတွေနှင့် ယှဉ်သော မိတ္ထီလာနယ်ကိုဖြတ်ပြီး ကျွန်တော် ပြန်တက်လာတိုင်း အညာနွေပန်းချီက ကျွန်တော့်မျက်လုံးများတွင် ကိန်းခိုပါလာသည်။ ဥသြသံက ကျွန်တော့်နားတွင် သညကွန္ဒာလှိုင်းပဲ့တင်ပြုလျက် ပါလာခဲ့သည်။

သြော်…ဘယ်မှာမဆို အလှချစ်တတ်သူအတွက် အလှသဘောသည်

www.burmeseclassic.com

www.burmeseclassic.com



လှသော ဓမ္မတာအတိုင်း ရှိနေလေသည်။

မန္တလေးတက္ကသိုလ် မြန်မာစာဌာနတွင် ပညာဆည်းပူးရသည်မှာလည်း စိတ်ချမ်းသာဖွယ် ကောင်းလှ၏။

ဤဌာနကြီး၌ အံ့ဖွယ်သော အစဉ်အလာကောင်းတစ်ခုရှိသည်။ မိမိရင်ခွင်သို့ ရောက်လာမည့် မြန်မာစာ ထူးချွန်သူများကို ဂရုတစိုက်ကြိုဆိုနေခြင်းပင် ဖြစ်သည်။

တစ်ခေတ်တုန်းက မက်ထရစ် စာမေးပွဲ၌ မြန်မာစာတော်လှသော ကျောင်းသားတစ်ဦးကို အဲသည်အခါက ဒီဂရီကောလိပ်အဆင့်၌သာ ရှိသေးသော မန္တလေးကောလိပ် မြန်မာစာဌာနက သတိပြုမိသည်။ စာစစ်ဌာနအရ မန္တလေးကောလိပ်သို့ ရောက်လာရမည့် ကျောင်းသားမှန်း သိသောကြောင့် ဆရာဆရာမများက မျှော်နေကြသည်။ တက္ကသိုလ်များဖွင့်သော အခါ၌ကား ထိုကျောင်းသားသည် ရောက်မလာ။ မနေနိုင်သော ဆရာဆရာမများ စုံစမ်းသည့်အခါ ဝေးသီခေါင်သော တောရွာလေးမှ ဆင်းရဲသော ကျောင်းသားလေးသည် တက္ကသိုလ်သို့ မလာနိုင်ကြောင်း သိကြရသည်။ ဆရာ ဆရာမများက ဝိုင်းဝန်းထောက်ပံ့ ကူညီကြပြီး သူ့ကို ကောလိပ်၌ တက်စေကြသည်။ သူကလည်း ကြိုးစားရာ ဘွဲ့ဒီဂရီရရှိရုံမက နိုင်ငံကျော် ကဗျာဆရာဖြစ်လာခဲ့သည်။

ပုံပြင်ဆန်လှသော အစဉ်အလာကောင်းတစ်ခု ဖြစ်ပါသည်။

ကျွန်တော်သည်လည်း မန္တလေး တက္ကသိုလ်သို့ ရောက်ချိန်၌ ကလောင်နာမည်အသင့်အတင့်ရှိသော ကဗျာဆရာ ပေါက်စဖြစ်နေရာ ဆရာဆရာမများက ကျွန်တော့်ကို ချစ်ချစ်ခင်ခင် ပျူပျူငှာငှာ ကြိုဆိုလက်ခံကြသည်။ ပညာအရာဆိုသည်မှာ အဆုံးရှိလေခဲရကား ကျွန်တော်မသိသေးသော အရာတို့ကို ဆရာဆရာမများထံမှ အသစ်ထပ်သိရသည်။ ဝေဝေဝါးဝါး သိခဲ့ရသည်တို့က ထင်ထင်လင်းလင်းရှိလာပြီး၊ ထင်ထင်လင်းလင်း သိပြီးသည်တို့ကိုလည်း အခြေအမြစ်နှင့်တကွ ခိုင်ခိုင်မာမာ ပြတ်ပြတ်သားသား သိလာသည်။

မူလက စာပေကို အနုပညာရှုထောင့်တစ်ခုတည်းမှ ရှုကြည့်ပြီး ကျွန်တော်မြတ်နိုးခဲ့ခြင်းဖြစ်သည်။ ယခု ဆရာ ဆရာမများ၏ ကျေးဇူးကြောင့် စကောလားရှစ်ပ် **scholarship**ရှုထောင့်မှလည်း ရှုကြည့်တတ်လာသည်။ စကောလားရှစ်ပ်ဆိုသည်မှာ မှန်ကန်တိကျမှု၊ ဝေဖန်နှိုင်းဆပိုင်းခြား သုံးသပ်နိုင်မှု၊ တစ်စုံတစ်ရာအကြွင်းအကျန်မရှိအောင် စေ့စပ်သေချာမှုဟူသော ဂုဏ်ရည်တို့နှင့် ပြည့်စုံသည့် စနစ်ဖွဲ့စည်းမှုရှိသော အသိပညာကို ခေါ်သည်။ စာပေကို အနုပညာ ရှုထောင့်မှ

www.burmeseclassic.com

www.burmeseclassic.com


ရောာ၊ အသိပညာရှုထောင့်မှပါ ရှုကြည့်တတ်ရန် ဆရာ ဆရာမများက သင်ကြား ပေးကြသည်။ အနုပညာ ရှုထောင့်ပိုင်း၌ အားသန်ပြီး ဖြစ်နေသော ကျွန်တော့်အား အသိပညာပိုင်းကို ပိုဖိသင်ပေးကြသည်။

ကျွန်တော်၏ အချစ်ဆုံးဆရာကြီး တစ်ဦးကမူ တည့်တည့်ပင် ဆုံးမ၏။

"ကဗျာဆရာဆိုတာက ပိုးအက်တစ်လိုင်းဆင်စ် **poetic License**လို့ ခေါ်တဲ့ သဘာဝမဲ့ဟာ အချက်အလက်သဘောနဲ့ စာပေထုံးနည်း စည်းကမ်း တွေက တစ်ခါတစ်ရံ သွေဖည်ပိုင်ခွင့် ရချင်ကြတယ်၊ တခြားလိုချင်တဲ့ လိုင်းဆင်စ် တွေလည်းအများကြီး ရှိကြသေးသပေါ့ကွယ်၊ အေး ပိုးအက်တစ်လိုင်းဆင်စ်ပဲ လိုချင်လိုချင်၊ တခြားဘာလိုင်းဆင်စ်ပဲ လိုချင်လိုချင် ပိုးအက်တစ်(စ်)**poetics** ကိုတော့ အရင်ပိုင်အောင် လုပ်ထားတပည့်ရေ၊ ပိုအက်တစ်(စ်)ဆိုတာ ပညာ၊ ကဗျာ သဘောတရားပညာ၊ အနုပညာတွေ အခြေပြုထားရတဲ့ အသိပညာ"

အာစရိယဂုဏော အနန္တော၊ လူအာစရိယတွေ သာမက တက္ကသိုလ်ဟု နာမပညတ် သမုတ်အပ်သော အာစရိယကြီး၏ ကျေးဇူးဂုဏ်သည် ကြီးပါဘိခြင်း။

သြော်...မန္တလေးမြို့တော်ကြီးကိုယ်၌ကလည်း ကျေးဇူးကြီးလှသည့် တက္ကသိုလ်ကြီး၊ မြန်မာ့ယဉ်ကျေးမှုစစ်စစ်များ၏ တက္ကသိုလ်ကြီး၊ ဤမြို့တော် ကြီး၏ ကျေးဇူးကို နောင်၌ ကျွန်တော်ပြောပြစရာရှိပါသည်။ ယခုမူ အချိန်ဟူသော ဂျစ်ပဆီအဘိုးကြီးအကြောင်း ကျွန်တော် ဆက်ပြောချင်ပါသည်။

"ဟို အပတ်တုန်းက
ဘောဘီလုံးမှာ
ကုန်ဆုံးသွားတဲ့ညက
ရောမဆီမှာ။"

ဟော့ဂျဆင်၏ ကဗျာမှ ဤစာပိုဒ်ကို ဖတ်မိတိုင်း ကျွန်တော် ဆရာကြီး အမိန့်ရှိခဲ့သည့် ပိုးအက်တစ်လိုင်းဆင်စ်ခေါ် ကဗျာ၏ အထူးအခွင့်ယူမှုကို သတိရသည်။

ဘောဘီလုံးအင်ပိုင်ယာကြီးက ခရစ်မပေါ်မီနှစ် (၂၇၀၀)ခန့်တွင် ပေါ်ထွန်း ခဲ့ပြီး ခရစ်မပေါ်မီနှစ် (၅၃၈)၌ ပျက်သုဉ်းသွားသည်။ ရောမအင်ပိုင်ယာကြီးက အထွတ်အထိပ် ရောက်ချိန် ဩဂတ်စတက်စ် ဧကရာဇ် လက်ထက်မှ စယူလျှင် ခရစ်မပေါ်မီနှစ် (၂၇)နှင့် ခရစ်ပေါ်ပြီးနှစ် (၃၉၅)ကြား၌ ပေါ်ထွန်းခဲ့သည်။ ပေါ်ထွန်းခဲ့ချိန်ချင်း ယှဉ်လျှင် နှစ်ပေါင်းနှစ်ထောင်ခြောက်ရာကျော် ကြာအောင်ငင်း ခြားနားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


နှစ်ပေါင်း နှစ်ထောင်ခြောက်ရာကျော်။ ဤမျှကြာညောင်းသော အချိန်ကို ဟော့ဂျဆင်က "ဟိုအပတ်က" ဟု ခုနစ်ရက်မျှ ပမာ သုံးခဲ့သည်။

စကားတန်ဆာ။ ဟုတ်ကဲ့။ အရစ္စတိုတယ်လ်က "စကားတန်ဆာတို့၏ ဘုရင်" **(King of figure)** ဟု ခေါ်ခဲ့သော မက်တဖား **(Metaphor)** ကို သူ့ကဗျာ တစ်ပုဒ်လုံးမှာ သုံးထားသည်။ မက်တဖားဟူသည်က ဥပမာနှင့် ဥပမေယျတို့ကို "နှယ်" တွေ၊ "ပမာ"တွေ၊ "ကဲ့သို့" တွေသုံးပြီး ခွဲခြားပြမနေတော့ဘဲ ဥပမာကိုပင် ဥပမေယျလား တင်စားပြောဆိုခြင်း ဖြစ်လေသည်။ ကျွန်တော်တို့၏ အရှင်မဟာရဋ္ဌသာရကလည်း "ချစ်စထုံးနှောင်၊ ပျော်ရအောင်" ဟုလည်းကောင်း၊ အရှင်တေဇောသာရကလည်း "ရှင်သာရခိုင်တန်ဆောင်လော"ဟူ၍လည်းကောင်း၊ ဦးပုညကလည်း "အတိုင်အ(လှဲ့)၊ ဂျင်ပဲ့ချင်း ပေါက်ကြစို့"ဟု မက်တဖားတွေကို သူ့နေရာနှင့်သူ အံဝင်ခွင်ကျ သုံးသွားကြသည်။

သြော်... သူတို့က ပိုးအက်တစ်စ်ပိုင်ကြတော့ ပြောတတ်သုံးတတ်ကြလေသည်။

ဟော့ဂျဆင်က မက်တဖားနည်းသုံးပြီး ကဗျာ၏ အထူးအခွင့်ကို ယူမှန်းမသိ ယူသွားသည်။

တစ်နည်း ဆိုပြန်တော့လည်း လူ့သမိုင်းကြီး ːတစ်ခုလုံးနှင့် ယှဉ်တော့ အနှစ် နှစ်ထောင့်ခြောက်ရာ ဆိုသည်မှာ ဘာမျှ မရှိ။ စကြဝဠာ သက်တမ်းနှင့် ယှဉ်ပြန်လျှင်မူ အင်း...ရေပွက်ပမာ။

ကျွန်တော့်အတွက်လည်း နောက်ထပ်နှစ်နှစ်ဟူသော အချိန်သည် ရွှေဦးအလုပန်းချီပမာ "မှုန်ပြာရီလေနယ်ကြောမှာ မျောပျောက်"သွားပြန်သည်။

မှုန်ပြာရီလေနယ်ကြော။ မှန်လှလေသည်။

ရွှေဦးတော့ မဟုတ်ပါ။ တောင်ကြီးမြို့၏ ဆောင်းဦး၊ ထိုတစ်ညနေက နှင်းတို့ကြောင့် ပြာပြာဝေဝေ ရီရီမှုန်မှုန်ဖြစ်နေသည်။

အောင်စာရင်းတွေ ထွက်ပြီးစ ဖြစ်သည်။ ကျွန်တော်က စတုတ္ထနှစ်အတန်းကို ဂုဏ်ထူးတွေ တသီတတန်းနှင့် အောင်သည်။

မဟာဝိဇ္ဇာတန်း တက်ခွင့်ရရန် ကျိန်းသေပြီဖြစ်သောကြောင့် ကျွန်တော် စိတ်ချမ်းသာနေသည်။

"သည်ဆောင်းဟေမန်၊ မြောက်ပြန်လေညင်း ဆော်တယ်ကို၊ နတ်တော်ပြာသို ခွာညိုတည့် နှင်းဖုန်ဖုန်"

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်က ပတ္တလားတီးပေးနေသည်။ အနီးရှိ ဖျာလေးပေါ်တွင် ခါးလေးကို မတ်မတ်ထားပြီး မကျုံ့လွန်း မယုံ့လွန်း တင့်တင့်တယ်တယ် ပုဆစ်လေးတုပ်ကာ စည်းကိုင်လျက် နှင်းမြစန္ဒာက သဇင်ပန်းဘွဲ့ကို ဆိုနေ၏။

လမ်းလျှောက်ကြရန် ဝင့်ဝါနှင့်ဝင်းကြည်တို့ ရောက်မလာကြမီ ကျွန်တော် တို့နှစ်ဦးက စောင့်ရင်း တီးမှုတ်သီဆိုနေကြခြင်း ဖြစ်လေသည်။

ကျွန်တော်က အကျေနပ်ကြီး ကျေနပ်နေသည်။

ဟိုး ငယ်စဉ်က နှင်းမြစန္ဒာကို သီချင်းဆိုသင်ရန် ကျွန်တော် တိုက်တွန်းရာ မအောင်မြင်ခဲ့။ ယခု ပညာရေး တက္ကသိုလ်မှာက ဘက်စုံဖွံ့ဖြိုးရေး အစီအစဉ်ဖြင့် ဂီတသင်တန်းရှိသည်။ နှင်းမြစန္ဒာက သီချင်းကြီးအဆိုတတ်ရန် သင်ယူသည်။ ရိုးရာယဉ်ကျေးမှု တေးဂီတဆိုသည်မှာ ကလေးတွေကို ပြုစုပျိုးထောင်ပုံသွင်းကြရသည့် ဆရာ၊ ဆရာမတို့ စနစ်တကျ တတ်အပ်သည့် ပညာဖြစ်လေသည်။ ဤသည်ကို သိသောကြောင့် ရက်တတ်သည့်ကြားက သီချင်းကြီး အဆိုသင်ခဲ့သည်ဟု နှင်းမြစန္ဒာက ရှင်းပြခဲ့သည်။

နှင်းမြစန္ဒာ၏ အသံလေးက ချိုးလွင်ရုံမက သီချင်းဆိုသူတိုင်း၌ မရှိသော ရက်ဇနင့်စ် **(Resonance)** ခေါ် အရည်အသွေးတစ်မျိုးရှိသည်။ ရက်ဇနင့်စ်ဆိုသည်က လည်ချောင်းမှလာသော အသံကို ပိုမိုလှပအောင် အားဖြည့်ပေးသည့် မိတ်ဖက်ပြုတုန်ခါလှိုင်းဖြစ်သည်။ ကမ္ဘာကျော် ဆပရာနိုး **(Soprano)** အဆိုတော် အမျိုးသမီးကြီး တစ်ဦးက ရက်ဇနင့်စ်သည် ဦးခေါင်းရိုးတွင်းမှ လာသည်ဟု ပြောဖူး၏။

မည်သည်က လာလာ။ ရက်ဇနင့်စ်ရှိသော နှင်းမြစန္ဒာ၏ အသံလေးက အင်း...လှသည်၊ ဤအသံမျိုးက နိုင်ငံကျော် အဆိုတော်ဖြစ်စေနိုင်သည့် အသံမျိုး ဖြစ်လေသည်။ သို့ရာတွင် လူပုံအလယ် စင်မြင့်ပေါ်သို့ တက်လိုသော ဆန္ဒ၊ နှင်းမြစန္ဒာ၌မရှိ။ အလွန်ဆုံး ဒေါ်မူမူကဲ့သို့ သူ့ ကျောင်းသူကျောင်းသားများ အတွက်သာ သီဆိုသည့် ကျောင်းတွင်း အဆိုတော်သာ ဖြစ်လိမ့်မည်။ သြော် ဤမျှဆိုလျှင်ပင် မဆိုး...။

ကျွန်တော်တို့ သီချင်းမဆုံးမီ ခြံတွင်း၌ ကားဆိုက်သံကြားရသည်။ မရှေးမနှောင်းပင် အမောတကော ခေါ်သံကို ကြားရသည်။

"ကြီးကြီးသုံ၊ ကြီးကြီးသုံ"

"ဟေး၊ ဘယ်သူတုံးဟေ့"

"ကျွန်တော်တို့ပါ၊ ဂေါက်ကွင်းက"

www.burmeseclassic.com

www.burmeseclassic.com


"ဂေါက်ကွင်းက ဘာကိစ္စပေါ်လာသလဲဟေ့"

"ဟိုဒင်း အန်ကယ်လ်၊ အန်ကယ်လ်လွမ်းရယ်"

နှင်းမြစန္ဒာနှင့် ကျွန်တော်တို့က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိပြီး မတိုင်ပင်ဘဲနေရာမှ ပြိုင်တူထ၍ အောက်ထပ်သို့ ဆင်းလာခဲ့ကြသည်။

ကြဲကြဲဖန်ဖန်လည်း ပူမိသည်။ ဤအရွယ်ကြီးကျမှ ဘိုးဘိုးကြီး မည်သူနှင့် ရန်ဖြစ်သနည်း။

အောက်ထပ်၌ ဘွားဘွားကြီးက မျက်လုံးကြီးပြူးလျက် လူရွယ်နှစ်ယောက်ကို ကြောင်ကြောင်ကြီးကြည့်နေ၏။ အန်တီတင့်တင့်က ဘွားဘွားကြီး၏ပခုံးကို ဖက်ထားသည်။ အန်တီတင့်တင့်၏ မျက်နှာမှာ တည်ငြိမ်သော်လည်း အလွန်ဖြူရော်နေ၏။

ကျွန်တော်က မေးသည်။

"ဘိုးဘိုးကြီး ဘာဖြစ်လို့လဲ"

အန်တီတင့်တင့်က မျက်ရည်ဝိုင်းလျက် ဖြေသည်။

"ဘိုးဘိုးကြီးကို စဝ်စံထွန်းဆေးရုံကြီးဆီ ပို့ ပို့လိုက်ကြရတယ်တဲ့ နိုင်"

"ဟင် ဘာပြုလို့"

ဂေါက်သီးရိုက် အဝတ်အစားနှင့် လူရွယ်တစ်ဦးက ဖြေသည်။

"စထရုတ်ခ်၊ ဂရင်းန်ပေါ်မှာ ကျင်းစိန်ခါနီး မှောက်လျက်လဲကျသွားတာ"

...............

...............

...............

*

# အခန်း (၂၄)

လူ့ဘဝဟူသည်မှာ လိုချင်ခြင်း၊ မလိုချင်ခြင်း၊ ချစ်ခြင်း၊ မုန်းခြင်း၊ ပေါင်းသင်းခြင်း၊ ခွဲခွာခြင်း၊ သုခ၊ ဒုက္ခ၊ ရယ်ခြင်း၊ ငိုခြင်း၊ ဣဋ္ဌ၊ အနိဋ္ဌတွေနှင့် ယှက်စပ် တည်ဆောက်ထားသော ဇာတ်လမ်းတစ်ခုသာဖြစ်ကြောင်း ကျွန်တော် သိသည်မှာ ကြာပြီ။ အဲသည် ဘဝဇာတ် အင်္ဂါရပ်တွေအနက် လိုချင်ရာ ဣဋ္ဌ ပုံနိမိတ်လေးတွေကိုသာ အသားပေးတင်ပြ၍ အနုပညာဇာတ်အိမ်ဖွဲ့သော အမှန်တရားသဘောမှ သွေဖည်ကင်းလွတ်သည့် အနုပညာပစ္စည်း တစ်ခု ဖြစ်လာ

www.burmeseclassic.com

www.burmeseclassic.com


သည်။ မလိုချင်ရာ အနိဋ္ဌ ပုံနိမိတ်တွေနှင့်ချည်း ဇာတ်အိမ် ဖွဲ့မိပြန်တော့လည်း ဘဝဟူသည် သည်ပုံမျိုးချည်းလားဟု စဉ်းစားတတ်သူတို့က မေးခွန်းထုတ်လေမည်။

ကျွန်တော်တို့၏ ဗုဒ္ဓဘာသာတရားကမူ ဘဝကို မှန်ကန်စွာ ကြည့်တတ်ရန် လောဓံတရားဟူသည့် မျက်နှာမလိုက်၊ ဘက်မလိုက်သော ဓမ္မ(ဝါ)ဓမ္မတာ သဘောကို ပြည့်စွန်ဆုံးမထားသည်။

လောကဓံတရားတွေကြားမှ လူ။ မလွတ်နိုင်၊ မရှောင်နိုင်၊ မတိမ်းနိုင်။ သည်တရားတွေ လာလျှင် လူက မည်သို့ရင်ဆိုင်ကြမည်နည်း။

ခေါမတွေက သူတို့ပြဇာတ်ကြီးတွေတွင် မျက်နှာမလိုက်၊ ဘက်မလိုက်သော သဘောတစ်ခုကို သူတို့ သိသမျှ တင်ပြခဲ့သည်။ သူတို့၏ ထရက်ဂျဒီ **(Tragedy)**ခေါ် အနိဋ္ဌာရုံပြဇာတ်ကြီးများတွင် ဖိတ်တ် **(fate)**ဟု သူတို့ခေါ်သော ကြမ္မာဆိုးက ဇာတ်ဆောင်တွေအပေါ်မှာရော၊ ဇာတ်လမ်းဇာတ်ကြောင်းကိုပါ မညှာမတာ ရက်ရက်စက်စက် စီရင်သည်။ နှလုံးသား အသေကြီးနှင့် မထောက်မညှာ ကရုဏာမရှိ၊ မျက်နှာမလိုက်၊ ဘက်မလိုက် စီရင်မှု ဤသဘောကို “ရီမော့စ်လက်စ် ဝတ်ကင်းအော့ဖ်ဖိတ်တ်” **(remorseless working of fate)** ဟု ခေါ်ကြသည်။ “ကြမ္မာဆိုး၏ အဗျာပါရဓမ္မတာ”ဟု ဘာသာပြန်ရမည် ထင်သည်။

ထရက်ဂျဒီ ပြဇာတ်ကြီးများမှ ဇာတ်ဆောင်များသည် ဧရာမပုဂ္ဂိုလ်ကြီးများဖြစ်ကြသည်။ ဤသို့လျှင် ဧရာမပုဂ္ဂိုလ်ဖြစ်ရန်လိုကြောင်း အရစ္စတိုတယ်လ်က ထောက်ပြခဲ့သည်။ သူ့အဆိုအရ “မြင့်မြင့်မှကျမှ ဇာတ် နာမည်” ဟူသတည်း။ ဧရာမ ပုဂ္ဂိုလ်ကြီးတွေ ဧရာမ ဒုက္ခတွေ့ပြီး ဧရာမသေခြင်းမျိုးနှင့် သေသေပြတော့ အင်း ဂျွန်ကိ (တ်စ်)ပြောသော ဧရာမပုဂ္ဂိုလ်တို့၏ မဟာ မရဏသေခြင်း။

ဤပုဂ္ဂိုလ်ကြီးတွေက ကြမ္မာဆိုးကို မည်သို့ ရင်ဆိုင်ကြသနည်း။

ရဲရဲဝံ့ဝံ့ မတုန်မလှုပ်ရင်ဆိုင်ကြသည်။ “နင်လည်းကြမ္မာဆိုး၊ ငါလည်း လူဟေ့”ဟု ဒူးမတုပ် မာန်မချဘဲ ဖြစ်လာသမျှကို နောင်တပူပန်ကင်းစွာ ဂုဏ်ရှိရှိ သိက္ခာပြည့်ပြည့်နှင့် ခံယူကြသည်။

သြော်…ဤသည်ကိုလည်း ဂျွန်ကိ(တ်စ်)က ကြမ္မာဆိုးကြားက ခမ်းနားမြင့်မြတ်မှု အလှဟုဆိုခဲ့သည်။ ဤအကြောင်းတွေကို ဖွဲ့ဆိုပြသော ဂန္ထဝင်စာကြီးတွေကိုလည်း “သေခြင်းမဲ့စေတဲ့ စမ်းမြယည်၊ နတ်ရေစင် ယမကာထူးရဲ့၊ စိုဖြိုး အစဖြစ်တော့တယ်”ဟု ဘဝအင်အား၏ မြစ်ဖျားခံရာအဖြစ် ဂုဏ်ဖွင့်ပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်က အနောက်နိုင်ငံသား မဟုတ်ပါ။ ခေါမဂ္ဂဇင်တွေကိုလည်း ကြီးမှသာ ဖတ်ဖူးပါသည်။

ကျွန်တော့်ဘဝအင်အား မြစ်ဖျားခံရာက ငါးရာ့ငါးဆယ် ဇာတ်တော်ကြီး များသာ ဖြစ်ပါသည်။ အထူးသဖြင့် ဆိုရလျှင် ဇာတ်ကြီးဆယ်ဖွဲ့ ဖြစ်ပါသည်။

ကျွန်တော် အလှဆုံးထင်ပြီး အနှစ်သက်ဆုံး ဇာတ်တော်ကြီးမှာ "သုဝဏ္ဏသာမ"ဇာတ်တော်ကြီး ဖြစ်ပါသည်။

သူတို့ဆီက ဇာတ်လမ်းတွေဆိုလျှင် များသောအားဖြင့် ပက်ရှင် **(Passion)** ခေါ် ရာဂတွေများသည်။ အသိမ်မွေ့ဆုံးဆိုလျှင်တောင်မှ ရိုးမင်းစ် **(romance)** ခေါ် မြတ်နိုးချစ်လောက်သာ။

သည့်ထက်မြင့်မြတ်သော ချစ်ခြင်းမေတ္တာ မရှိဘူးလော။

ရှိသည်။ ကျွန်တော်တို့စာပေတွေမှာ အထူးတလည်ထင်ထင်ရှားရှား ရှိသည်။

ဩော်... ဦးသန့်မွန် ပြောပြခဲ့သော မိတ္တ သန္တဝ ပြဋ္ဌာန်းသည့် အချစ်မျိုး။ မိမေတ္တာ၊ ဘမေတ္တာ၊ သားသမီးမေတ္တာဆိုသည့် အချစ်မျိုး။

ဤအချစ်နှစ်မျိုးလုံးကို သုဝဏ္ဏသာမ ဇာတ်တော်တွင် အံ့ဖွယ်ရာ တွေ့ရသည်။ ဒုကုလနှင့် ပါရိကတို့၏ ချစ်ခြင်းမေတ္တာမှာက မိတ္တသန္တဝ ပြဋ္ဌာန်းလေသည်။ သုဝဏ္ဏသာမ၏ ချစ်ခြင်းမေတ္တာက စံပြဖြစ်သော သားသမီး မေတ္တာ။

ကိုယ့်အဖြစ်လေးနှင့်တူသယောင်ရှိလေ၍လော မသိ။ စာပေသဘော တရားတွေ ဘာတွေညာတွေ မသိခင် ကတည်းက သုဝဏ္ဏသာမဇာတ်ကို ကျွန်တော်နှစ်သက်သည်။ နှလုံးကြည်နူး၍ မျက်ရည်ဝဲလုအောင် ကျွန်တော် နှစ်သက်သည်။

"ဤဒုက္ခကား သံသရာ၌ ကျင်လည်သော ယောကျ်ားတကာတို့ ခံရမြဲ တည်း"

မြားဒဏ်ခံနေရစဉ် သုဝဏ္ဏသာမက ပိဋိယက္ခ မင်းကြီးကို ပြောသော စကား ဖြစ်လေသည်။ ဤစကားသည် ကျွန်တော့်အတွက်တော့ ဘဝအင်အား၏ မြစ်ဖျားအစ ဖြစ်နေခဲ့သည်မှာ... အင်း...ကြာပြီ။

လောကဓံတရားကို သဘာဝကျကျ လက်ခံယူသော သုဝဏ္ဏသာမ ကိုလည်း အလွန်သဘောကျသည်။

မြွေဟောက် မှုတ်ခံရသဖြင့် မျက်မမြင် ဖြစ်သွားကြရရှာသော မိဘနှစ်ပါး

www.burmeseclassic.com

www.burmeseclassic.com


ကို တွေ့သည့် ခဏ၌ သုဝဏ္ဏသာမသည် ငိုလည်းငို၏။ ရယ်လည်း ရယ်၏။

မိဘနှစ်ပါး၏ အဖြစ်ဆိုးကို မြင်တွေ့ရသဖြင့် လူသားပီပီ ငိုကြွေးမိရှာသည်။ မိဘနှစ်ပါးကို အားရပါးရ လုပ်ကျွေးပြုစုဖို့အခွင့်ကို မြင်သဖြင့်လည်း ရယ်လေသည်။

ဟယ်...လောကခံ တိမ်တိုက်။ သင့် မှောင်မိုက်မှု အနားအရေးက ငွေနားအကွပ်ကို ငါမြင်၏။ ဤသို့ ကျွန်တော် တွေးယူမိသည်။

လူ၊ လူသား။ မဟာပုရိသ။

ကျွန်တော်သည် မဟာပုရိသ မဟုတ်ပါ။ သို့ရာတွင် ကျွန်တော်လည်း ကျွန်တော့်အတိုင်းအတာနှင့် ငိုဖွယ်ရယ်ဖွယ်ကို တစ်ပြိုင်နက် ကြုံတွေ့ခဲ့ရပါ၏။

စပ်စံထွန်းဆေးရုံကြီးမှ ဆရာဝန်ကြီးများက ဘိုးဘိုးကြီး၏ အသက်ကို သေမင်းထံမှ လု၍ ကုသပေးကြသဖြင့် နှစ်ပတ်ခန့်အကြာ၌ ဘိုးဘိုးကြီး ဆေးရုံမှ ဆင်းရသည်။ သို့ရာတွင် ဘိုးဘိုးကြီး၏ ခြေတစ်ဖက်က ဆွဲနေပြီး လက်တစ်ဖက်ကလည်း မသန်တော့။ လျှာက လေးပြီး စကားပြောလျှင် အနည်းငယ် လုံးထွေးသည်။

ဘိုးဘိုးကြီး၏ ခန္ဓာကိုယ်ကြီးကမူ တုတ်ခိုင် ကြီးမားဆဲ။

ထိုင်ရာမှ လှဲအိပ်ရန် ခက်သည်။ အိပ်ရာမှ ထထိုင်ရန်ကား ပို၍ခက်သည်။ ရေချိုးရန်၊ အိမ်သာတက်ရန်ကား အခက်ဆုံးဖြစ်၏။

ကျွန်တော်တို့အိမ်၏ ရေချိုးခန်းနှင့် အိမ်သာက အောက်ထပ်မှာ ရှိသည်။ ထို့ကြောင့် အောက်ထပ်တွင် အခန်းတစ်ခုထပ်ဖွဲ့ပြီး ဘိုးဘိုးကြီးအတွက် အိပ်ခန်းလုပ်ပေးရသည်။ ကျွန်တော့်ခုတင်ကိုလည်း အောက်ထပ်ရွှေ့ပြီး ဘိုးဘိုးကြီး၏ အခန်းအနီးတွင် နေရာချထားရသည်။ ဤသို့ဖြင့် ညရေးညတာကိစ္စများတွင် ဘိုးဘိုးကြီးကို အလွယ်တကူ ကျွန်တော်ပြုစုစောင့်ရှောက်နိုင်သည်။

အမှန်ကား နေ့ရောညပါ ဘိုးဘိုးကြီးကို ကျွန်တော် ပြုစုစောင့်ရှောက်သည်။ အန်တီတင့်တင့်မှာ သမီးမိန်းကလေးဖြစ်သောကြောင့် နေရာတကာ ပြုစုစောင့်ရှောက်ရန် မတင့်တယ်။ ဘွားဘွားကြီးမှာလည်း ကြီးပြီ ဖြစ်သောကြောင့် ဘိုးဘိုးကြီး၏ ရောမခန္ဓာကိုယ်ကြီးကို ထူရ၊ ထိန်းရ၊ တွဲရ၊ မ,ရသည်မှာ မလွယ်။ စိတ်အလိုမကျလျှင် ဘိုးဘိုးကြီးက ဟိန်းတတ်ဟောက်တတ်သေး၏။

ကျွန်တော်နှင့်တော့ အစစအရာရာ အဆင်ပြေသည်။ အကြောင်းမှာ ဘိုးဘိုးကြီး၏ စိတ်ကို ကျွန်တော်သိသောကြောင့်ဖြစ်၏။

အိမ်ပြန်ရောက်စ တစ်နေ့လယ်တွင် အိပ်ရာထက်လှဲနေရာမှ ဘိုးဘိုးကြီးက

www.burmeseclassic.com

www.burmeseclassic.com



ထရန်ကြိုးစားရာ မရဘဲ ယက်ကန် ယက်ကန် ဖြစ်နေ၏။ နံနက်က ဤသို့ဖြစ်နေသောကြောင့် သွားပွေ့ထူပေးသော ဘွားဘွားကြီး အဟောက်ခံရခြင်းကို ကျွန်တော် မှတ်မိသည်။

ဘိုးဘိုးကြီးအနီးတွင် ကျွန်တော်က တည်တည်ငြိမ်ငြိမ် သွားရပ်ပြီး သူ့ရင်ဘတ်ကြီးအပေါ်နား၌ ကျွန်တော့်လက်တစ်ဖက်ကို တောင့်လျက် ဆန့်တန်းပေးသည်။

"ဘာလုပ်တာလဲနိုင်"

"ဘိုးဘိုးကြီးမှာ အားတွေအများကြီး ရှိသေးတာပဲ၊ ဆွဲကိုင်စရာရှိရင် အသာထနိုင်တယ် မဟုတ်လား"

"ဒါပေ့ါ"

"ဆွဲလေ"

ဘိုးဘိုးကြီးက ကျွန်တော့်လက်ကိုဆွဲ၍ထသည်။ ထိုအခါမှ ကျွန်တော်က အခြားလက်တစ်ဖက်ဖြင့် သူ့ကျောပြင်ကြီးကို ထိန်းလျက် မသိမသာ ထူပေးသည်။

"သင့်ခရနိုင်၊ ယူအာရ် မိုင်ကွမ်းမရိတ်တ်"

"ခင်ဗျာ"

"ကွမ်းမရိတ်ဆိုတာ မသိဘူးလား"

"သိပါတယ်၊ ရဲဘော်ရဲဘက်"

"သက်စ် ရိုက်တ်၊ တိုက်ပွဲဆိုရင် ဒဏ်ရာရသူရှိတယ်"

"ဟုတ်ကဲ့"

"အဲဒီအခါမှာ ရဲဘော်ရဲဘက်ချင်း လေးလေးစားစား ကူညီကြတယ်၊ ဒုက္ခိတမို့ သနားလို့ မဟုတ်ဘူး၊ ယောကျ်ားချင်း သနားဖို့ မလိုဘူး၊ ယူဆီး"

"ဟုတ်ကဲ့"

"ဘိုးဘိုးကြီးကို မသနားရဘူး"

"ခင်ဗျာ""

"သေမင်းနဲ့ ဘောက်စင်ချတာ၊ သူ့နောက်ကောက်မထိုးနိုင်ပါဘူး၊ အဲအဟဲ ဘိုးလွှမ်းကို သူ တီကေအိုလောက်နဲ့ပဲ နိုင်တာ"

"တီကေအို"

"ယက်စ်...တက်ကနီကယ်လ် နောက်ကောက်၊ ယူအန်ဒါစတင်း"

"ဟုတ်ကဲ့ ဒိုင်ပွဲရပ်"

www.burmeseclassic.com

www.burmeseclassic.com


"အင်း...အဲဒီလိုပြောနိုင်တယ်၊ ဒါတော့ အချိန်တန်ရင် ဂျူးလူးဝစ်(စ်) လည်း ကြိုးဝိုင်းအပြင် ထွက်ရတာပဲ၊ ဘိုးလွှမ်းလည်း ကြိုးဝိုင်းအပြင်ထွက်ရတာ ဆန်းသလား"

"မဆန်းပါဘူး၊ အသက်ပြင်းတဲ့ ဇက်တာရင်"

"အား... နိုင်မမေ့ဘူး၊ ဟုတ်တယ်၊ အသက်ပြင်းတဲ့ ဇက်တာရင်"

ဟုတ်ကဲ့ ... အသက်ပြင်းသော ဇက်တာရင်ကြီးကို ပြုံစုစောင့်ရှောက်ရသည်မှာ မလွယ်ပါ။ နဂိုရှိရင်းစွဲမာန်က မကျသေးသည့်အပြင် လုပ်ချင်တာလေးတွေကို လုပ်၍ မရသဖြင့် စိတ်တိုမှုကလည်းရှိသေးသည်။

အင်္ဂလိပ်စကားတွင် ဒီပလိုမစီ **diplomacy**တို့တက်ခ် **tact**တို့ ဆိုသော စကားတွေ ရှိသည်။ တစ်ပါးသူနှင့် ဆက်ဆံရာ၌ လိုရာရရှိအောင် ပရိယာယ်တွေ ဥပါယ်တွေ ကြွယ်ဝပြည့်စုံမှုကို ဆိုလိုသည်။ ဘိုးဘိုးကြီးကို ပြုစုစောင့်ရှောက်ရန် ကျွန်တော် လိမ်လိမ်မာမာ ပညာသုံးရသည်။ နောက်ဆုံးတော့ သူပြောသကဲ့သို့ သူ့ကွမ်းမရိတ်အဖြစ် ကျွန်တော့်ကို သူ လက်ခံသည်။

ဩော်... ဤအိမ်သို့ ရောက်စက ဤအိမ်တွင် အသုံးဝင်သောကောင်လေး တစ်ကောင်ဖြစ်ရန် ကျွန်တော် ကြိုးစားခဲ့သည်။ ယခုတော့ ဤအိမ်တွင် မရှိမဖြစ်သည့် လူငယ်ယောကျ်ားသား တစ်ဦး။ ဤအတွက် ကျွန်တော် ဝမ်းသာသည်။

တစ်နည်းဆိုရလျှင် ကျွန်တော် "ရယ်"သည်။

ဩော်...ငိုမည်ဆိုလျှင် ငိုချင်ဖွယ် အဖြစ်များကိုလည်း ကြုံရပါ၏။

*

ကျွန်တော်က ကျောင်းပြီးသွားသော်လည်း ပထမဘွဲ့ဒီဂရီအတွက် နှစ်ရှည်သော တက္ကသိုလ်များတွင် တက်နေကြသူ နှင်းမြစန္ဒာတို့၊ ဝင့်ဝါတို့၊ ဝင်းကြည်တို့က ကျောင်းမပြီးသေး။

ထိုနှစ်ဆောင်း၌ သူတို့တက္ကသိုလ်များဆီ ပြန်ကြသောအခါ ထုံးစံအတိုင်း ရွှေညောင်ဘူတာသို့ ကျွန်တော် လိုက်ပို့သည်။

နှင်းမြစန္ဒာနှင့် ဝင့်ဝါတို့က အထက်တန်းတွဲ ထိုင်ခုံတွင် ယှဉ်လျက် ထိုင်နေကြသည်။ ဝင်းကြည်ကမူ ပလက်ဖောင်းပေါ်၌ ကျွန်တော်နှင့်အတူ ရပ်နေသည်။

နှင်းမြစန္ဒာ၏အစ်မ နှစ်ဦးက တောင်ကြီးဈေးတွင် အထည်ဆိုင် ထွက်ကြသည်မို့ လိုက်မပို့နိုင်။ တကူးတကန့် လိုက်ပို့ရန်လိုသော ပထမနှစ် ကျောင်းသူလေးလည်းမဟုတ်တော့။ ဝင့်ဝါတို့ အဖော်ရှိသောကြောင့် နှင်းမြစန္ဒာ၏မိခင်ပင်

www.burmeseclassic.com

www.burmeseclassic.com


လျှင် သူများကားတွင် ကပ်စီးလိုက်ရမည်ကို အားနာ၍ ထင်သည်။ ရွှေညောင်ဘူတာသို့ လိုက်မပို့။

နှင်းမြစန္ဒာသည် ဝင့်ဝါတို့ကားနှင့် ရွှေညောင်ဘူတာသို့ လိုက်ခဲ့ခြင်းဖြစ်သည်။ ကျွန်တော်က ကျွန်တော့်"မူ"အတိုင်း ဘတ်(စ်)ကားနှင့် လာခဲ့ခြင်းဖြစ်သည်။

ဝင့်ဝါ၏ မိခင်နှင့်ဖခင်တို့က ကျွန်တော်တို့နှစ်ယောက်နှင့်အတူ ရထားတွဲပြတင်းပေါက် အောက်နားတွင် ရပ်နေကြသည်။

ဝင့်ဝါ၏ ဖခင်က ကျွန်တော့်ကို မေးသည်။

"ကိုကြီးလွှမ်း နေကောင်းရဲ့လားဟေ့"

"ကောင်းပါတယ် အန်ကယ်လ်၊ တုတ်ကောက်နဲ့ ခြံထဲဆင်း လမ်းလျှောက်နိုင်ပါပြီ"

ဝင့်ဝါ၏ မိခင်က ကျွန်တော့်ကို တစ်ချက် စိုက်ကြည့်ပြီး ဆိုသည်။

"နိုင်က ဝင့်ဝါလို ဆေးတက္ကသိုလ်မှမသွားဘဲ၊ နို့မို့ဆို ကိုယ့်အဘိုးခုလိုဖြစ် တော့ ဘယ်လောက်အဆင်ပြေမလဲ၊ ကုသနိုင်မယ် ပြုစုနိုင်မယ်"

ကျွန်တော်မဖြေရမီ ဝင့်ဝါက ဝင်ပြော၏။

"မာမီကလည်း ဆရာဝန်မှ မဖြစ်သေးတာ ဘယ်ကုသနိုင်မှာလဲ"

"ဟဲ့...နောက်ပိုင်းကိုပြောတာ၊ လူဆိုတာ ကြီးလေ ချူချာလေ"

"နိုင်က ခုလည်း၊ ဘိုးဘိုးကြီးကို ပြုစုနေသားပဲ"

ကျွန်တော်က အလိုက်သင့် သဘောနှင့် ဝင်ပြောမိ၏။

"အန်တီ့ စေတနာကို ကျွန်တော် နားလည်ပါတယ်၊ ဒါပေမယ့် တစ်နည်းတော့ စိတ်ဖြေစရာရှိပါတယ်၊ ဆရာဝန်ဆိုတာက လူနာနဲ့ ခဏသာတွေ့တာပါ။ သူနာပြုဆိုတာက အမြဲကပ်ပြုစုရတာ၊ ကျွန်တော် အခု ဘိုးဘိုးကြီးရဲ့ မေးလ်နာ့စ် လုပ်နေတယ်"

"မေးလ်နာ့စ်... သြော်... နိုင်ရယ်၊ ဒီထက် ကြီးကြီးကျယ်ကျယ်လေး စိတ်မကူးဘူးလား"

ကျွန်တော်မဖြေတော့။

ဝင့်ဝါ၏ ဖခင်ကမေးသည်။

"အဘိုးကို ပြုစုတာထားတော့လေ၊ အခု ကျောင်းပြီးပြီ၊ နိုင် ဘာလုပ်မလဲ"

"အိမ်မကွာ ကြမ်းမကွာ အလုပ်တစ်ခုခုတော့ ကျွန်တော် လုပ်ပါမယ်"

"ကုန်သည်လား"

www.burmeseclassic.com

www.burmeseclassic.com


“ကုန်သည် ကျွန်တော် မလုပ်တတ်ပါဘူး”

“သြော်...သြော်၊ စာရေးဆရာပေါ့ဟုတ်လား”

“ဝင်ငွေကောင်းတဲ့ စာရေးဆရာဖြစ်ဖို့ ကျွန်တော်မမှန်းရဲသေးပါဘူး၊ စာကတော့ကြိုးစားရေးနေတာပါပဲ အန်ကယ်လ်၊ ကျွန်တော်ပြောတဲ့ အလုပ်ဆိုတာက လခစား အလုပ်တစ်ခုခုပါ”

ဝင့်ဝါ၏ မိခင်က ဝင်မေး ပြန်သည်။

“အိမ်မကျွာ ကြမ်းမကျွာ လခစားအလုပ်၊ တောင်ကြီးမှာ ဘာရနိုင်သလဲ”

“စာရေးပေါ့ အန်တီ၊ အောက်တန်းစာရေးပေါ့၊ အဲဒီလောက်ဆိုတော်ပါပြီ”

“အာ... အာ၊ သုံးကျပ်ဆယ့်ငါးပြားထက်စာရင်”

“ဟုတ်ကဲ့၊ သုံးကျပ်ဆယ့်ငါးပြားထက်စာရင်”

ဝင့်ဝါ၏ဖခင်က ဟန့်တားသောလေသံဖြင့် သူ့ဇနီးကို ပြော၏။

“မင်းကလည်း ဘာတွေ လျှောက်ပြောနေတာလဲ၊ အခု သူတို့ခေတ်က ဆောင်ပုဒ်ကို မသိဘူးလား၊ အလုပ်ဟူသမျှ ဂုဏ်ရှိစွတဲ့”

“သြော် ... ဟုတ်ကဲ့ရှင့်၊ အလုပ်ဟူသမျှ ဂုဏ်ရှိစွ”

ဤစကားကိုဆိုပြီး ဝင့်ဝါတို့ အမေက ရယ်နေသည်။

ကျွန်တော်က သူငယ်ချင်းမ နှစ်ဦးဆီ ကြည့်သည်။

နှင်းမြစန္ဒာက မျက်လွှာလေးချထားသည်။ မျက်မှောင်လေး မသိမသာကြုတ်ထားရာမှ ဝင့်ဝါက ရယ်လိုက်ပြီး ပြောသည်၊

“နိုင်...ပါမောက္ခ အိုင်းစတိုင်း ကမ္ဘာမကျော်ခင်က ဘာလုပ်သလဲ၊ အဲဒါကို မာမီ့ ပြောပြလိုက်လေ”

“အာ...ဝင့်ဝါရယ်၊ မနိုင်းကောင်း နှိုင်းကောင်း”

သံချောင်းခေါက်သံ ပေါ်လာ၏။

ဝင်းကြည်က ကျွန်တော့်လက်ကို ဆုပ်ပြီး ပြော၏။

“သွားမယ် သူငယ်ချင်း”

“အေး သွားတော့”

“တစ်ခုတော့ ငါတိုက်တွန်းတယ်နိုင်”

“ဘာလဲ”

“မဟာဝိဇ္ဇာတန်း ဆက်လက်နိုင်အောင်တော့ ကြိုးစားပါ”

“အဲဒါတော့ ငါ မပြောနိုင်ဘူး၊ ဒါပေမယ့် စာပေနယ်နဲ့ မပြတ်အောင်တော့

www.burmeseclassic.com

www.burmeseclassic.com


ငါ ကြိုးစားနေမယ်”

“အဲဒါ ဘာပြောတာလဲ”

“မျှော်လင့်ချက်တစ်ခု၊ အဲ...သန္နိဋ္ဌာန်တစ်ခု”

ရထားကြီးက စလှုပ်ထွက်ပြီဖြစ်သောကြောင့် ရထားပေါ်သို့ ဝင်းကြည် တက်သွား၏။

ရထားကြီးမြင်ကွင်းမှ ပျောက်သွားသည်အထိ အေးအေးဆေးဆေး ရပ်ငေးပြီး ကျွန်တော်နေသည်။

အေးအေးဆေးဆေးပင် ဘူတာရုံထွက်ပေါက်ဆီသို့ ကျွန်တော် လျှောက်လာချိန်တွင် အပြင်၌ ကားတွေ တစ်စီးပြီးတစ်စီး မောင်းထွက်၍ တောင်ကြီးဆီ ပြန်တက်နေကြသည်။

လိုက်ပို့ပြီး အပြန်ဖြစ်သောကြောင့် ကားတိုင်းမှာ လူချောင်နေသည်။

ရွှေညောင်လွင်ပြင်ကြီးကတော့ လူပိုချောင်သည်။

လူချောင်သော လွင်ပြင်ကျယ်ကြီးတွင် မရိုးနိုင်၊ မမုန်းနိုင်သော တောတောင်ရေမြေနှင့် ကောင်းကင်ကြီးကို ကြည့်လျက် ကားလမ်းမဘေးဆီသို့ စိတ်ချမ်းသာစွာ ကျွန်တော်လျှောက်လာခဲ့လေသည်။

*

# အခန်း (၂၅)

ဝင်းကြည်ကို ကျွန်တော် ပြောခဲ့သည့်အတိုင်း စာပေနယ်နှင့် မပြတ်သည့် အလုပ်တစ်ခုကို တောင်ကြီး၌ ကျွန်တော်ရသည်။

ဝင့်ဝါတို့ အမေကို ကျွန်တော်ပြောခဲ့သည့်အတိုင်းလည်း ကျွန်တော့် အလုပ် က မကြီးကျယ်ပါ။

အောက်တန်းစာရေးပါ။

သို့ရာတွင် ကျွန်တော့်အလုပ်ကို ကျွန်တော် အလွန်ကျေနပ်သည်။

ကျွန်တော့်ပညာ မိခင်ရင်း တောင်ကြီးကောလိပ် စာကြည့်တိုက်၌ ကျွန်တော့်ဆရာရင်း ဦးကင်နဒီတာပ လက်အောက်တွင် စာကြည့်တိုက်စာရေး ရာထူး ကျွန်တော်ရခြင်းဖြစ်သည်။

ကျွန်တော့်ဘဝ နိမိတ်ပုံရိပ်များဖြစ်သော စာအုပ်တွေကြားမှာ ကျွန်တော် ရောက်ရှိနေသည်၊

www.burmeseclassic.com

www.burmeseclassic.com


ဖတ်ချင်သည့် စာအုပ်တွေကို ဖတ်နိုင်သည်။ ဖတ်ချင်သည့်တိုင်အောင် ကိုယ့်ဘာသာဆိုလျှင် မဝယ်နိုင်သည့် စာအုပ်များက ယခု ကိုယ့်လက်တစ်ကမ်းမှာ ရှိနေသည်။ ဖတ်ချင်ဖို့ထား။ ယခင်က ဤလောကတွင်ရှိမှန်းပင် မသိသော ပညာများနှင့် ထိုပညာအကြောင်း စာအုပ်တွေကို ရင်းနှီးသိရှိလာရသည်။

သြော်...ကျွန်တော် အတော်နားလည်လုပြီ ထင်သော ကဗျာအကြောင်း စာအုပ်တွေကပင် အများကြီး။

အင်း... သည်တော့ ကျွန်တော့်ဘဝ ကျွန်တော်ကျေနပ်သည်။

ကျွန်တော်က ကျွန်တော့်အလုပ်ကို ပျော်ရွှင် ဂုဏ်ယူစွာလုပ်သည်။ အားလပ်ချိန်များတွင် စာဖတ်သည်။ စာရေးသည်။ ကဗျာစပ်သည်။

ကျွန်တော့် ကဗျာလေးများကလည်း ပို့သမျှ မဂ္ဂဇင်းတိုင်းက မပယ်သော ကဗျာများ ဖြစ်လာခဲ့ပြီ။ ကျွန်တော့်ကလောင်နာမည်မှာ တစ်ပြည်လုံး မကျော်ကြားသေးသည့်တိုင်စေ အနည်းဆုံး စာဖတ်သူတို့ မြင်တွေ့ဖူးသော ကလောင်နာမည်ဖြစ်ခဲ့ပြီ။

အဲသည်လောက်နှင့်လည်း ကျွန်တော်ကျေနပ်ပါသည်။

ပိုးစုန်းကြူးဟူသည်က ကြယ်ဆီသို့ တစ်ခဏအတွင်း ရောက်မသွားနိုင်ပါ။

သူ့အလုပ်က ပျံတက်နေရမည်။ ပျံတက်ရင်း မှိတ်တုတ်မှိတ်တုတ်မျှ သူ လင်းမည်။ လုံးဝ မလင်းနိုင်သည့် ဘဝနှင့်စာတော့။ အင်း... မှိတ်တုတ်မှိတ်တုတ်လေး လင်းနိုင်သည့် ဘဝက ကျေနပ်စရာ။

ဘိုးဘိုးကြီး အခြေအနေကလည်း တဖြည်းဖြည်းနှင့် ပြန်တိုးတက်လာခဲ့သည်။

ခြေတစ်ဖက်က မသိမသာလေး ဆွဲနေဆဲဖြစ်သော်လည်း တုတ်ကောက်နှင့်ဆိုလျှင် လမ်းကောင်းကောင်း ပြန်လျှောက်နိုင်ရုံမက လေ့ကားထစ်များကို တက်နိုင်လာသည်။ စွပ်ကျယ်ဝတ်ခြင်း ချွတ်ခြင်း၊ အင်္ကျီကြယ်သီးတပ်ခြင်းမျိုးတို့ကို မလုပ်နိုင်သော်လည်း ပုဆိုးဝတ်နိုင်လာသည်။ ဘောင်းဘီ ခါးပတ်ပတ်နိုင်လာသည်။ ရေနွေးနှင့် ရေအေး စပ်ပေးထားလျှင် သူ့ဘာသာသူ ရေချိုးနိုင်သည်။

အိမ်တွင်း အခြေအနေလေးမှာလည်း မသိမသာလေး ပြောင်းလာခဲ့သည်။

အသိသာဆုံးကား ဘွားဘွားကြီးသည် ဗျစ်တောက်ဗျစ်တောက် မလုပ်တော့။

ယခင်က ဘိုးဘိုးကြီးသည် စိတ်တိုလျှင် ကျားဟိန်း ဟိန်းတတ်သည်မှာ

www.burmeseclassic.com

www.burmeseclassic.com


မှန်၏။ သို့ရာတွင် တစ်ခါတစ်ရံသာ ဘိုးဘိုးကြီးအပေါ် မကြာခဏ ဗျစ်တောက် ဗျစ်တောက်လုပ်သူမှာ ဘွားဘွားကြီးသာ ဖြစ်လေသည်။ တစ်ခါတစ်ရံ ဘိုးဘိုးကြီး မဟုတ်တာလုပ်လျှင် ဘွားဘွားကြီးက ကလေးတစ်ယောက်ကို မာန်သကဲ့သို့ မာန်တတ်သည်။ ဘိုးဘိုးကြီးက ကျွန်တော့်ကို မျက်စိတစ်ဖက် မှိတ်ပြပြီး သည်းခံ တတ်၏။

ယခု ပြောင်းပြန်။ ထစ်ခနဲဆိုလျှင် ဘိုးဘိုးကြီးက စိတ်တိုတတ်သည်၊ ဘွားဘွားကြီးကို မကြာခဏ အော်တတ်သည်။ ဘွားဘွားကြီးက ပြန်မအော်။ မျက်နှာပင် မပျက်ဘဲ ကလေးဆိုးကြီးတစ်ဦးကို သည်းခံသကဲ့သို့ သည်းခံသည်။

ရှေးအခါက သူ့အဆို "ရင်ထဲ၌ ကျလိကျလိ"ဖြစ်၍ ဆိုကာ အိမ်ပေါ်တွင် ဂေါက်တုတ် လွှဲရမ်းတတ်သည်။ ကြမ်းပြင်တွင် ကျင်းစိန်ကျင့်တတ်သည်။ ထိုအခါ မျိုးတွင် ဘွားဘွားကြီး ဗျစ်တောက်ဗျစ်တောက်လုပ်၍ မဆုံးပြီ။

ယခု ပင်ပင်ပန်းပန်း လုပ်ခွင့်မရှိသောကြောင့် ဘိုးဘိုးကြီးသည် ဂေါက် တုတ်တော့ မလွှဲရမ်းတော့။ ရသေ့ စိတ်ဖြေသဘောနှင့် ကြမ်းပေါ်တွင် ကော်ဇော ဟောင်းခင်းကာ ဂေါက်သီးနှစ်လုံးတင်လျက် တစ်လုံးကို ကျင်း အမှတ်ထားပြီး အခြားတစ်လုံးနှင့် ဝင်တိုးထိမှန်အောင် ကျင်းစိန်တုတ်ဖြင့် လှိမ့်တတ်၏။ ဂေါက်သီးချင်း လွဲသွားသည့်အခါမျိုး၊ အရှိန်ပြင်းသွားသည့် အခါမျိုးတို့တွင် ဂေါက်သီးသည် ကြမ်းပေါ်ကျလိမ့်၍ သွားချင်ရာ သွားတတ်သည်။ ထိုအခါမျိုးတွင် ဘိုးဘိုးကြီး အရပ်ကူပါ လူဝိုင်းပါလုပ်သည်။ ဘွားဘွားကြီးသည် ဗျစ်တောက် ဗျစ်တောက် မလုပ်တော့ရုံမက တစ်ကြိမ်တွင် ဗီရိုအောက်ဝင် ထောင့်ကပ်ခိုရပ် နေသော ဂေါက်သီလုံးကို ဘွားဘွားကြီးက အဲ…တင်ဘူးတောင်းကြီးထောင်လျက် ခဲရာခဲဆစ် နှိုက်ယူပေးသည်ကို ကျွန်တော် တွေ့ရသည်။

သြော်… မိတ္တာသဝဏ္ဏ။ ဘိုးဘိုးကြီးနှင့် ဘွားဘွားကြီးတို့၏ မိတ္တာသဏ္ဌ ဝ။ ဤသို့ ကျွန်တော် ဝမ်းသာကြည်နူးမိသည်။

ဘိုးဘိုးကြီးကို ဘွားဘွားကြီးက သည်းခံရုံမက အန်တီတင့်တင့်နှင့် ကျွန်တော့်ကိုလည်း တောင်းပန်သည်။

"ဘိုးဘိုးကြီးဆူရင် စိတ်မဆိုးကြနဲ့နော်"

အန်တီတင့်တင့်က ပြုံးနေသော်လည်း ကျွန်တော်က ပြော၏။

"ဘိုးဘိုးကြီးကို နိုင် ဘယ်တော့မှ စိတ်မဆိုးပါဘူး"

"မဟုတ်ဘူး လူကလေးရဲ့ စိတ်မဆိုးတဲ့အပြင် ဝမ်းသာကြလို့"

"ခင်ဗျာ…"

www.burmeseclassic.com

www.burmeseclassic.com


"ဘိုးဘိုးကြီး ဆူနိုင်အော်နိုင်သေးရင် ဝမ်းသာ၊ အဲဒါ သူ့ဝသီ၊ သူ့ဝသီ မပျောက်တာ၊ သူ...သူ...စိတ်မလျှော့သေးတာ၊ နားလည်လား"

"အာ... အာ...၊ နားလည်တယ်"

ဘိုးဘိုးကြီး လမ်းကောင်းကောင်းလျှောက်နိုင်သောအခါ ဝါသနာ အသစ် ပြောင်း၏။

တောင်ကြီးမြို့တွင် အသက်ရှည်သော အဘိုးကြီးတွေများကြသည်။ အသက်ခြောက်ဆယ်လောက်ဆိုလျှင် သူတို့ထဲတွင် လူငယ်သာ ဖြစ်သည်။ ဤ အဘိုးကြီးတွေက နံနက်တိုင်း လမ်းလျှောက်ကြသည်။ ဘိုးဘိုးကြီး၏ ဘော်ဒါကြီး ဦးစံတင်ပင် ဂေါက်ရိုက်ရပ်ပြီး လမ်းလျှောက်သမား ဖြစ်နေသည်မှာ ကြာပြီ။ ယခု ဘိုးဘိုးကြီးလည်း သူတို့၏ "ခြေလျှင်နှင့် တောင်ပတ်"အဖွဲ့ဝင် ဖြစ်သွား၏။ ဟုတ်သည်။ သူတို့က တောင်တော့ မတက်နိုင်ကြ။

တောင်ကြီးမှာက တောင်လေးတွေ၊ ကုန်းလေးတွေရှိသည်။ အဲဒါလေး တွေကို သူတို့ပတ်လမ်းလျှောက်ကြသည်။

နေ့လယ်ပိုင်းတွင် ဘိုးဘိုးကြီးက စာဖတ်သည်။ စာဖတ်သည်ဆိုသည်မှာ အင်္ဂလိပ် ဝတ္ထုတွေ ဖတ်ခြင်းဖြစ်၏။ ဘိုးဘိုးကြီးက ဆာရ်ဝေါလ်တားစကော့(တ်) **(Sir Walter Scott)** နှင့် ဒူးမားကြီးဟု သားဒူးမားနှင့် ခွဲခြားခေါ်ရသော အယ်လက်ဆန်းဒါးဒူးမား **(Alexandre Dumas)**ကြီးတို့၏ ဝတ္ထုရှည်များကို ကြိုက်သည်။ ဤသည်မှာလည်း မဆန်းပါ။ ထိုပုဂ္ဂိုလ်ကြီးတို့၏ စွန့်စားမှုပြွမ်းသော ဝတ္ထုကြီးများက ဘိုးဘိုးကြီး၏ဝါသနာနှင့် ကိုက်သည်။

ဘိုးဘိုးကြီးဖတ်ချင်သော စာအုပ်များကို ကျွန်တော်က စာကြည့်တိုက်မှ ငှားပေးသည်။

စနေနေ့တစ်နေ့လယ်၌ ပက်လက်ကုလားထိုင် ထက်တွင် ဘိုးဘိုးကြီးက ဒူးမား၏ "သံခေါင်းစွပ်မင်းသား"ကို ဖတ်နေသည်။

ကျွန်တော်ကလည်း မလှမ်းမကမ်းရှိ စားပွဲတွင် ရှယ်လီ **(Shelly)** ၏ ကဗျာတစ်ပိုဒ်နှင့် ကိစ္စများနေသည်။

အန်တီတင့်တင့်ကဲ့သို့ပင် ကျွန်တော်ကလည်း အင်္ဂလိပ်ကဗျာတွေကို ဘာသာပြန်သည်။

အန်တီတင့်တင့်က ညို့မှိုင်းလေးနက်သော ကဗျာများကို ဘာသာပြန်လေ့ ရှိသော်လည်း ကျွန်တော်ကမူ တင့်တယ်လှပသော ကဗျာလေးများကို ရွေးပြန် တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com


ကဗျာကို ဘာသာပြန်ရခြင်းကို မိမိကိုယ်ကိုမိမိ စိန်ခေါ်ရခြင်းအဖြစ် ကျွန်တော်က နှစ်ခြိုက်သည်။

ကဗျာရေးခြင်း ကိုယ်၌ကပင် ဘာသာပြန်ခြင်း **(translate)** လုပ်သည်ဟု ဆိုရိုးရှိသည်။ ကဗျာဆရာသည် မိမိ၏မနောဝိညာဏ်တွင်းမှ အာရုံတံဆိပ်အရိပ် **(Mental Impression)** တို့ကို ပထမမိအောင်ဖမ်းရသည်။ ဖမ်းမိသော အာရုံ တံဆိပ်အရိပ်တို့ကို စကားလုံးလေးများနှင့် ပုံသွင်းထုလုပ်ပြီး ဖတ်ရှုသူထံ ပို့ပေး ရသည်။ ဤသည်ကို ဘာသာပြန်ခြင်းဟု တင်စားခေါ်သည်။ စိတ်မှ အာရုံ တံဆိပ်အရိပ်တို့ကို စကားလုံးများဖြင့် ဘာသာပြန်ခြင်း(ဝါ) ဘဝကူးပေးခြင်း ဖြစ်သည်။ သူတို့ ဘာသာစကားဖြင့် ဘဝကူးပေးထားသော အာရုံတံဆိပ်အရိပ် တွေကို မိမိကတစ်ဖန် မိအောင်ဖမ်းပြီး မိမိ၏ ဘာသာစကားဖြင့် ပုံသွင်းထုလုပ်ယူရ ပြန်သည်။ အနည်းဆုံး ဘဝကူးပေးမှု နှစ်တန်ရှိရာ ဖန်တီးနိုင်စွမ်းကို အလွန်စိန်ခေါ် သည့်လုပ်ငန်း ဖြစ်သည်။ ဖန်တီးမှု လက်နက်ကိရိယာများကိုလည်း အစဉ် ချွန်မြ နေစေသော အလေ့အကျင့်မျိုး ဖြစ်၏။

ယခု ကျွန်တော် ဘာသာပြန်နေသော ရှယ်လီ၏ကဗျာမှာ သဒီဇိုင်းယား အော့ဖ် သမော့သ် **(The Desire of the Moth)** ဖြစ်သည်။

ကဗျာလေးက တိုပါသည်။ အစပိုဒ်များတွင် စကားတစ်လုံးကို နှစ်ကြိမ် ထပ်သုံးပြီး သူလိုချင်သော အဓိပ္ပာယ်ခံစားမှုကို တိုသော်လည်း အင်အားပြည့်နှင့် ဖော်သည်။ ဤတွင် ဘာသာစကား ခြားနားမှုက ပေးသော ဒုက္ခနှင့် ကျွန်တော် ရင်ဆိုင်ရသည်။ သူ့လိုပင် စကားတစ်လုံးကို ကျွန်တော်လည်း နှစ်ကြိမ်ထပ် သုံးရမည်။ ခြားနားသော ဘာသာစကား၏ သဘာဝကြောင့် စကားတစ်လုံးတည်း တော့ ရှာမရ။ မလိုသော အပိုနည်းသည့် စကားစု၊ စကားတွဲကို ကျွန်တော် ရှာရသည်။ သူဆိုလိုသော အဓိပ္ပာယ်ကိုလည်း မလွတ်အောင် အမိဖမ်းရသည်။ အဓိပ္ပာယ်နှင့် တွဲကပ်ပါနေသော ကဗျာ၏အသက်ဖြစ်သည့် ခံစားမှုကိုလည်း အပွန်းအပဲ့ မခံနိုင်။ ခံစားမှုနှင့် တွဲကပ်ပါနေသော အင်အားနှင့် ပြောဟန်ကိုလည်း အပျက်မခံနိုင်။ ဤသည်က ပထမ ဒုက္ခ။

ပြီးတော့ စကားတန်ဆာ ဥပမာ ဥပမေယျ။ မော့သ်ဟု ခေါ်သော ပိုးကောင်လေး၏ဆန္ဒ။ မော့သ်ဆိုသည်မှာ လိပ်ပြာမျိုးနွယ်ဝင် ပိုးဖလံတစ်မျိုးဟု အဓိပ္ပာယ်ပေးသည်။ ညမှထွက်ပြီး အလင်းရောင်ကို နှစ်သက်သည်။ ပိုးဖလံဟု သည် မီးရောင်ကိုနှစ်သက်ပြီး၊ မီးအိမ်၊ မီးချောင်း၊ မီးလျှံဆီသွားကြသည်မှာ မဆန်း။ သဘာဝ။ ပိုးကောင်းကင် အမြင့်က အလင်းခါတ်ပြနေသည့် ကြယ်

www.burmeseclassic.com

www.burmeseclassic.com


ဆီကို သဘာဝ၌ ပိုးဖလံက သွားမည်လော။

ကိစ္စမရှိ။ ရှယ်လီက ကဗျာ၏ အခွင့်ထူးသဘောကို သုံးပြီး စကားတန်ဆာ အဖြစ် ရေးသည်။ ဤအတွက်လည်း ကဗျာဝေဖန်ရေးဆရာတွေနှင့် ကဗျာ သဘောတရားဆရာတွေက သူ့ကို ချီးမွမ်းကြသည်။ သူပြောသော ပိုးဖလံငယ်၏ ဆန္ဒဆိုသော စကားသည် ဆီဆိုင်လာလျှင် ကိုးကားရွတ်ဆိုဖွယ် နိမိတ်ပုံစကား လေး ဖြစ်လာခဲ့သည်။

ဘာသာပြန်နေသူ ကျွန်တော့်အတွက်သာ နောက်ထပ်တစ်ဒုက္ခ။ ကျွန် တော်တို့ ဆိုရိုးမှာက ပိုးဖလံမျိုးမီးကိုတိုးတော့ ကိုယ်ကျိုးနည်းလေသည်တဲ့။ နိမိတ်ပုံချင်းက မတူပါလေ။ တစ်ဖန် ညဝယ်ထွက်သည့် လိပ်ပြာနွယ်ဝင် ပိုးဖလံ မျိုးကို ကျွန်တော်တို့ မတွေ့ဖူးပါ။ ကျွန်တော်တို့ တွေ့ဖူးကြသည်က ပိုးစုန်းကြူး လေးတွေ။ ဩော်...အထက်အမြင့်ကို လှမ်းလှမ်းပျံတက်သော ပိုးစုန်းကြူးလေး တွေကို ကျွန်တော် တွေ့ဖူးသည်။ ကျွန်တော့်ဘဝအတွက် နိမိတ်ပုံလေးပင် ဖြစ်နေပြီ။

မော့သ်ကို လိပ်ပြာနွယ်ဝင် ပိုးဖလံအစား ပိုးစုန်းကြူးဟု ကျွန်တော် ပြောင်းသုံးချင်နေသည်။ စကားလုံး ဘာသာပြန်မှုထက် နိမိတ်ပုံ ဘာသာပြန်မှုကို ကျွန်တော် အသားပေးချင်နေသည်။ ကဗျာ၏ အခွင့်ထူးကို ကဗျာဘာသာပြန်ရာ၌ ကျွန်တော် သုံးချင်နေသည်။

အလှအတွက် ဤသို့ နိမိတ်ပုံဘဝ ကူးပြောင်းပေးလိုက်လျှင် ရှယ်လီက ခွင့်လွှတ်ပါမည်လော။

ဖော်တိန်ကိုင်လျက် ငြိမ်ဆိတ်မောနေသော ကျွန်တော့်မှာ ဘိုးဘိုးကြီးထံမှ အသံများကြောင့် လန့်ပြီးကြည့်မိသည်။

ဘိုးဘိုးကြီးက စာအုပ်ကို လက်တစ်ဖက်နှင့်ကိုင်ပြီး အခြားလက်တစ်ဖက် က ပက်လက်ကုလားထိုင် လက်တင်ကို လက်သီးဆုပ်ကြီးနှင့် အားရပါးရထုနေ သည်။ မျက်နှာကြီးကလည်း အားရကျေနပ်မှုသဘောကို ပြနေ၏။

"ဘာဖြစ်သလဲ ဘိုးဘိုး"

"အား...အား ပေါ်သိုးကြီးကို သဘောကျနေလို့"

ပေါ်သိုး၊ အားသိုး၊ ရာမီ၊ ဒါးတညံ့တို့မှာ "သူရဲကောင်းသုံးယောက်" ဝတ္ထုထဲက ကမ္ဘာကျော် သူရဲကောင်း ဇာတ်ဆောင်တွေ ဖြစ်ခဲ့သည်။ သံခေါင်းစွပ် မင်းသား ဝတ္ထုတွင် ရာမီမှလွဲ၍ ကျန်သုံးယောက်လုံး သေကုန်ကြသည်။

"ပေါ်သိုးကြီးကို ဘာ သဘောကျတာလဲ ဘိုးဘိုး"

www.burmeseclassic.com

www.burmeseclassic.com


"အား အား အဟေး၊ အပြီးသတ်ကျတော့ သူပဲ သူရဲကောင်းပီပီ ကျန်တာကွ"

"ခင်ဗျာ"

"အစက ငါက အားသိုးကြီးကို သူတို့ထဲ သဘောအကျဆုံးကွ၊ ဒါပေမယ့် ဇာတ်သိမ်းကျတော့ သူက ဘဝကို စိတ်ပျက် ရွံမုန်းပြီး ဘာမှ မလုပ်တော့တဲ့လူ ဖြစ်သွားတယ်၊ ဒါတည်ဆိုတဲ့ ဇေတိကလည်း အစက ဟုတ်တော့မလိုလိုနဲ့ အပြီးသတ် ကျတော့ ဆယ့်လေးကြိမ်မြောက် လူဝီဘုရင်ရဲ့ လက်ကိုင်တုတ်သက်သက် ဖြစ်သွားတယ်၊ ရာမီဆိုတဲ့ ကောင်ကတော့ လူလည်လူရှုပ်ပဲ၊ အစက သူတို့ထဲမှာ ပေါ်တီပေါ်ချာကြီး ထင်ရတဲ့ ပေါ်သိုးကြီး တစ်ကောင်သာ တကယ့်ကောင်ကွ၊ သူ သေပုံလေ၊ နိုင် ဖတ်ဖူးသလား"

ကျွန်တော်က ခေါင်းညိတ်ပြ၏။

"သောက်ကျိုးနည်း ကောင်ကြီးကွာ၊ အများကြီးကို တစ်ယောက်တည်းနဲ့ အရှုံးမပေးဘဲ ခံချနေတယ်၊ ရန်သူတွေက ယမ်းဘီလူးနဲ့ ဖောက်ခွဲချလိုက်တော့ ကျောက်ဂူခေါင်မိုးကြီးပြိုပြီး သူ့အပေါ် အစတွေ၊ အတုံးတွေ ပုံပိကျလာတယ်၊ သူ့လက်ကြီးနှစ်ဖက်နဲ့ ပိကျလာတာတွေကို သူ တောင့်ခံမထားသေးတယ်၊ နောက်ဆုံး မရတော့မှ သူ လျှော့ချလိုက်တယ်၊ ပါးစပ်ကတော့ ပြောသွားတယ်၊ 'ဒါကြီးကိုတော့ မတတ်နိုင်တော့ဘူးလေ"တဲ့၊ သေခါနီး နောက်ဆုံးစကား၊ မနိုင်တော့တာကို အေးအေးဆေးဆေးပဲ လက်ခံယူသွားတယ်၊ ဟုတ်တာပေါ့၊ အဲဒီလောက်ကြီးကိုတော့ ဘယ်တတ်နိုင်တော့မှာလဲ ဟုတ်ဘူးလား"

ဘိုးဘိုးကြီးက သဘောကျဟန်နှင့် ရယ်နေသေး၏။ အတန်လေးအကြာ၌ ခေတ္တမျက်မှောင်ကြီးကြုတ် စဉ်းစားနေပြီးမှ ကျွန်တော့်ကို ပြော၏။

"နိုင်"

"ဟုတ်ကဲ့ ဘိုးဘိုးကြီး"

"လူတစ်ယောက်ဟာ ဝတ္ထုထဲမှာ မဟုတ်ဘူးလေ၊ အပြင်မှာ အပြင်မှာ"

"ဟုတ်ကဲ့"

"လူတစ်ယောက်ဟာ အဲဒီလောက် သတ္တိ ကောင်းနိုင်မလား"

"ဘိုးဘိုး ဘာပြောတာလဲ"

"ဟိုဒင်းကွာ၊ သေခြင်းဆိုတာတော့ တစ်နေ့လာမှာပဲ၊ ဒါကြီးကိုတော့ မတတ်နိုင်တော့ဘူးလေလို့ ပေါ်သိုးကြီး ပြောသွားသလို မတတ်နိုင်တော့တဲ့ သေခြင်းတရားက လာမှာပဲ၊ အဲဒီအခါမှာ လူဟာအေးအေးဆေးဆေး လက်ခံနိုင်

www.burmeseclassic.com

www.burmeseclassic.com


ပါ့မလား”

ကျွန်တော် ရုတ်တရက် မဖြေနိုင်ပါ။ အလွန် သတိထားဖြေရမည့် မေးခွန်း ဖြစ်ကြောင်းတော့ သိသည်။

“နိုင်က သေခြင်းတရားနဲ့ မျက်နှာချင်းဆိုင် မတွေ့ဖူးသေးတော့ မသိဘူး၊ ဒါပေမယ့် နိုင် ဖတ်ဖူး ထားတာတွေကို ပြောပြမယ်နော်”

“အင်း အင်း”

“မြတ်စွာ ဘုရားသခင်ဟာ မာရ်ငါးပါးကို အောင်မြင်တော်မူတယ်လို့ ကျမ်းတွေမှာဆိုတယ်၊ ခန္ဓမာရ်၊ ကိလေသာမာရ်၊ မစ္စုမာရ်၊ အဘိသင်္ခါရမာရ်၊ ဒေဝပုတ္တမာရ်လို့ နိုင်တို့ သင်ခဲ့ရတယ်”

“အား ဘိုးဘိုးကြီးလည်း ကြားဖူးတယ်၊ အသေးစိတ်တော့ မသိဘူး၊ အဟီး”

“မစ္စုမာရ်ဆိုတာ သေခြင်းတရားကိုပြောတာ”

“သေမင်း မဟုတ်ဘူးလား”

“ပါဠိစကားဟာ အလွန် လေးနက်ဆန်းကြယ် နက်နဲပါတယ် ဘိုးဘိုးကြီး၊ မာရ်ဆိုတဲ့ မာရ၊ မာရော **(Maro)**ကို အင်္ဂလိပ်လို **Death, Killing, The Tempter', The Evil Principle** လို့ အဓိပ္ပာယ်ပြန်တယ်၊ သေခြင်း၊ သတ်ခြင်း၊ သွေးဆောင်ဖွဲ့နှောင်သူ၊ အယုတ်တရားအစု၊ မြန်မာလိုက အဲဒီလို အဓိပ္ပာယ် တွေ့ရတယ်၊ အများသိကြတဲ့ မာရ်မင်း၊ မာရ်နတ်သားဆိုတာက ဒေဝပုတ္တမာရ်ကို ပြောတာ၊ မာရ်နတ်ကော၊ သူ့သမီးတွေရောဟာ သွေးဆောင် ဖွဲ့နှောင်တတ်တယ်၊ ဖျက်ဆီးနှောင့်ယှက်တတ်တယ်၊ ဒါကြောင့်လည်း မာရ်ဆိုတဲ့ စကားကို **Hindrance**လို့လည်း ဘာသာပြန်တယ်၊ ဆရာကြီး လယ်တီပဏ္ဍိတ ဦးမောင်ကြီးက ဆီးတားခြင်းလို့ သူ့အဘိဓာန်မှာ အဓိပ္ပာယ်ပေးတယ်”

“အေး အဟေး ဟုတ်တယ်၊ မာရ်နတ်ဆိုတာ ဘုရားအလောင်းကစပြီး သူတော်ကောင်းတွေကို လိုက်ဆီးတားနေတဲ့ နတ်ဆိုးပဲ”

“ဒီလိုပဲ၊ သတ္တဝါတွေကို သံသရာ ဝဋ်ဆင်းရဲက မလွတ်အောင်၊ မကျွတ်အောင် သွေးဆောင်ဖွဲ့နှောင် နှောင့်ယှက်ဆီးတားနေတဲ့ တရားအယုတ်တွေ ရှိတယ်၊ အဲဒါတွေက ကိလေသာတွေပေါ့၊ တဏှာတွေပေါ့၊ သူတို့ကို အောင်လိုက်ရင် တခြားမာရ်တွေကိုလည်း အောင်တာပဲ၊ သေခြင်းကိုလည်း အောင်တာပဲ၊ သေမင်း မတွေ့ရာ၊ သေမင်းမာရ်မင်းတွေ မလိုက်နိုင်ရာ၊ သေခြင်း မရှိရာဆီကို ရောက်သွားတယ်၊ တစ်နည်းပြောရရင် မာရဓေယျလို့ ခေါ်တဲ့ မာရ်မင်းရဲ့

www.burmeseclassic.com

www.burmeseclassic.com


နယ်ပယ်၊ သရင်းမ်အော့ဖ်မာရာ **(the realm of mara)** ကနေ အောင်မြင်ထွက်မြောက် သွားတယ်"

"အား ... အား ... သရင်းမ်အော့ဖ်မာရာ"

"ဒီတော့ မာရ်မင်း၊ သေမင်းကို အောင်နိုင်သူဟာ အနည်းဆုံး မာရ်မင်း၊ သေမင်းကို နိုင်တဲ့ပညာရထားသူ၊ သူဟာ သေခြင်းကို ကြောက်မလား၊ မကြောက်ဘူးလို့ နိုင်တော့ ထင်တယ်"

ဘိုးဘိုးကြီးက လက်သီးကြီးနှစ်လုံးဆုပ်၍ဘောက်စင်ထိုးဟန်ပြပြီး ပြော၏။

"မကြောက်ဘူး၊ ဘောက်စင်ကောင်းကောင်း ထိုးတတ်တဲ့ လူဟာ ရန်သူကို မကြောက်ဘူး"

ကျွန်တော်က ဘိုးဘိုးကြီး၏ အမူအရာကိုကြည့်ပြီး ပြုံးနေရ၏။

"အဲ ...အဲ ...သေမင်းကို နောက်ကောက် ချနိုင်တဲ့နည်း ရှိသလား"

"ရှိပါတယ် ဘိုးဘိုးကြီး၊ နိုင်တို့ ဟောဒီ မြန်မာပြည်ကြီးမှာ ရှိပါတယ်"

"မြန်မာပြည်ကြီးမှာ"

"ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာတဲ့၊ တစ်ခုတည်းသောလမ်း၊ တစ်ကြောင်းတည်းသောလမ်းလို့ မဟာစည် ဆရာတော်ဘုရားကြီးက ဘာသာပြန်ပေးတယ်၊ စိတ်အညစ်အကြေးမှ ကင်းဝေးစေခြင်းငှာ၊ စိုးရိမ်ပူဆွေးရခြင်း၊ ငိုကြွေးရခြင်းတို့ကို လွန်မြောက်ခြင်းငှာ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့၏ ချုပ်ငြိမ်း ကွယ်ပျောက်ခြင်းငှာ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ တစ်ခုတည်းသောလမ်း၊ တစ်ကြောင်းတည်းသောလမ်း၊ စိုးရိမ်ပူဆွေးရခြင်းတွေ၊ ငိုကြွေးရခြင်းတွေကို လွန်မြောက်တဲ့သူ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေ ချုပ်ငြိမ်း ကွယ်ပျောက်နေသူဟာ သေခြင်းကို ကြောက်ပါတော့မလား"

ဘိုးဘိုးကြီးသည် ပါးစပ်ကြီးဟ၊ မျက်လုံးကြီး ပြူးပြီး ကျွန်တော့်ကို စိုက်ကြည့်နေသေးသည်။ ထိုနောက်မှ လေသံတိုးတိုးနှင့် မေးသည်။

"အဲ ...အဲဒါ ...ဘယ် ...ဘယ်ထဲမှာ ဟောထားတာလဲ"

"မဟာသတိပဋ္ဌာန် သုတ်တော်ကြီးမှာ"

"သတိပဋ္ဌာန်ဆိုတဲ့ စကားတော့ ဘိုးဘိုးကြီးသိတယ်"

"ဟုတ်ကဲ့"

"ဘိုးဘိုးကြီး အခု ပိုသိချင်လာတယ်၊ စာအုပ်တွေ နိုင်ရှာပေးမလား"

"ရှာပေးပါ့မယ် ဘိုးဘိုး"

www.burmeseclassic.com

www.burmeseclassic.com


ဘိုးဘိုးကြီးက ကျေနပ်ဟန် ပြုံးပြပြီး သူ့ဝတ္ထုစာအုပ် သူပြန်ကိုင်သည်။

အိမ်နောက်ပိုင်း ထမင်းစား စားပွဲဆီ၌ရပ်နေသော ဘွားဘွားကြီးကို ကျွန်တော် သတိပြုမိသည်။ ကျွန်တော်က လှမ်းကြည့်သောအခါ ဘွားဘွားကြီးက အသာလက်ယပ်ပြ ခေါ်ပြီး မီးဖိုချောင်တွင်းဝင်သွားသဖြင့် ကျွန်တော် လိုက်သွား၏။

ဘွားဘွားကြီး၏ မျက်လုံးများ၌ မျက်ရည်တွေ ဝိုင်းနေ၏။ မျက်နှာကမူ နူးညံ့ချိုသာနေသည်။

ဘွားဘွားကြီးက လေသံတိုးတိုးနှင့် ပြောသည်။

"နိုင်နဲ့ ဘိုးဘိုးကြီး ပြောနေကြတာ ဘွားဘွားကြီး ကြားတယ်၊ ဘွားဘွားကြီး သိပ်ဝမ်းသာသွားတာပဲ၊ နိုင့် ဘိုးဘိုးကြီးက တိတ်ဆိတ်ကြီးလိုပဲ၊ တရားအကြောင်းတွေ ဘာတွေ ဆွေးနွေးလို့ မရဘူး၊ အခုတော့ နိုင်နဲ့ ဆွေးနွေး နေလိုက်တာ"

ဘွားဘွားကြီး ခဏစကားရပ်သွား၏။ ကျွန်တော်က ဘွားဘွားကြီး၏ မျက်လုံးများကိုသာ ကြည့်နေမိသည်။

"သူ့ကို တကယ် စာအုပ်တွေ ရှာပေးလိုက်နော်၊ ပြီးတော့ အလုပ်ပါလုပ်အောင် တိုက်တွန်းပေးပါ လူကလေးရယ်၊ နိုင် တိုက်တွန်းရင် ရမှာပါပဲ သားရယ်"

ကျွန်တော့်ရင်မှာလည်း လှိုမ်းပြည့်လာ၏။

ဘွားဘွားကြီး၏ အရေတွန့်နေသော်လည်း ဖြူဝင်းသည့် လက်များကို ကိုင်ဆုပ်၍ ကျွန်တော် ကတိပေးသည်။

"စိတ်ချပါ ဘွားဘွားကြီးရယ်၊ နိုင် အစွမ်းကုန် ကြိုးစားပါ့မယ်"

ဤကတိအတိုင်း ဘိုးဘိုးကြီးဖတ်ရန် ကျွန်တော်က စာအုပ်တွေ ရှာပေးသည်။ အထူးသဖြင့် တရားအလုပ် လုပ်ကြရန် စေတနာကြီးစွာထားပြီး တိုက်တွန်းတော်မူရာ၌ ကြည်ညိုဖွယ် အံ့ဖွယ် နာယူဖွယ် ကောင်းလှစွာသော မိုးကုပ်ဆရာတော်ဘုရားကြီး၏ ကျမ်းများနှင့် မိတ်ဖွဲ့ပေးသည်။

ကာလလေး အတန်ကြာလာသောအခါ အိမ်မှာ တစ်မျိုးတစ်ဖုံ ထူးခြားလာ၏။

ဘိုးဘိုးကြီးနှင့် သူ့ဘော်ဒါကြီး ဦးစံတင်တို့သည် နံနက်လမ်းလျှောက်မှ အပြန်တွင် စကားကြော မပြတ်ကြသေးဘဲ ကျွန်တော်တို့အိမ်၌ ဆက်ကြပြန်သည်။ တစ်ခါတစ်ရံ အဘိုးကြီး နှစ်ယောက် ဒေါကြီးမောကြီး ငြင်းကြသည်။ သို့ရာတွင် တစ်နည်းနည်းဖြင့် ပြန်ပြေလည်သွားကြပြီး နောက်တစ်နေ့၌ ချစ်ချစ်ခင်ခင် ပြန်တွဲနေကြ၏။ အင်း ချစ်ချစ်ခင်ခင်ပင် ငြင်းနေကြပြန်၏။

www.burmeseclassic.com

www.burmeseclassic.com


သူတို့ငြင်းကြသည်က တရားအကြောင်း။

ထိုအခါမျိုးတွင် အဘိုးကြီး နှစ်ယောက်အတွက် စားသောက်ဖွယ်ရာတွေကို စားပွဲ၌ ဘွားဘွားကြီးက လှလှပပ ပြင်ဆင်သည်။ ပြင်ဆင်ရင်းကလည်း ပြုံးပြုံးကြီးပြောသည်။

"ဒါမျိုးတော့ ငြင်းကြပါစေ၊ ငြင်းအားရှိအောင် ဘွားဘွားကြီး ကောင်းကောင်း ကျွေးမယ်"

*

## အခန်း (၂၆)

ဝင်းကြည်နှင့် ဝင့်ဝါတို့က ကျောင်းမပြီးသေး။ နှင်းမြစန္ဒာက ဘီအီးဒီဘွဲ့ကို ပညာရေး မဟာဝိဇ္ဇာတန်း တက်ခွင့်ရသော အဆင့်မှ အောင်ရုံမက ပညာရေးတက္ကသိုလ်တွင် နည်းပြဆရာမ ရာထူးရသည်။

ကံဆိုသည်က ငှက်ခါးလိုပျံသည်ဟု အဆိုရှိသည်။ ဤအဆိုက ကျွန်တော့် အတွက်တော့ အလွန်မှန်သည်ဟု ဆိုရမည်။

ဒေသကောလိပ် စနစ်ပေါ်လာသောအခါ တောင်ကြီးကောလိပ်သည် တောင်ကြီးဒေသကောလိပ်အဖြစ် ပြောင်းလဲသွားသည်။ ကျွန်တော်လည်း တောင်ကြီး ဒေသကောလိပ် မြန်မာစာဌာန၌ နည်းပြဆရာလေး ဖြစ်လာခဲ့သည်။

သြော်...အိမ်မကဗျာ ကြမ်းမကဗျာ အောက်တန်းစာရေး အလုပ်၌ပင် တင်းတိမ်ကျေနပ်ခဲ့သော ကျွန်တော့်အတွက် နည်းပြဆရာ ရာထူးရတော့ ဝမ်းသာမိသည့်အဖြစ်ကို ကျွန်တော် မထိန်းချုန်လိုပါ။ ကျွန်တော့်အတွက်လည်း ကျွန်တော် ဝမ်းသာသည်။ အိပ်အတွက်လည်း ဝမ်းသာသည်။ မိသားစု လိုအပ်ချက် အခြေအနေအရ ကျွန်တော် အနစ်နာခံခဲ့ရသည်ဟု အိမ်က လူကြီးတွေက ဖွင့်မပြောကြသော်လည်း ခံစားနေရမှန်း ကျွန်တော်သိသည်။ ယခုတော့ သူတို့လည်း ဝမ်းသာပြီ။ သည်တော့ ကျွန်တော်လည်းထပ်ဆင့် ဝမ်းသာရ၏။

အမှန်က ကျွန်တော့်အတွက် ဘဝကြီးမှာ ဘာမျှ အထူးတလည် ပြောင်းလဲ မသွားပါ၊ ပိုးစုန်းကြူးလေးတွေအတိုင်းပါ။

ဆိတ်ငြိမ် တိတ်ဆိတ် သာယာသောညများ၌ ပျံတက်နေကြသော ပိုးစုန်းကြူး လေးများကိုလည်း ကျွန်တော် တွေ့ဖူးသည်။ မိုးမကင်း လေမကင်း ညမှောင်မှောင် တွင် မှိတ်တုတ်မှိတ်တုတ်နှင့် ပျံနေကြသော ပိုးစုန်းကြူးလေးများ

www.burmeseclassic.com

www.burmeseclassic.com


ကိုလည်း ကျွန်တော် တွေ့ဖူးသည်။

ကံပစ်ချရာဘဝမှာ...။ဤသို့လည်း ကျွန်တော် မဆိုချင်ပါ၊ မိမိရွေးချယ်ရာဘဝမှာ။

ဟုတ်ကဲ့၊ မိမိရွေးချယ်ရာ ဘဝမှာ ယောနိသော မနသီကာရနှင့် နေတတ်ဖို့သာ အရေးကြီးသည် ထင်ပါသည်။ ဤစကားကို သင့်တင့်စွာ နှလုံးသွင်းလျက်ဟု ယေဘုယျ ကျွန်တော်တို့ နားလည်ထားသည်။ ပါဠိပညာရှင်ကြီး ချိုင်းလ်ဒါးစ် **Childers**ကမူ ယောနိသောမနသီကာရ **yonisomanasikaro**ကို

**'enlightened or philosophic attention or devotion of mind'**

ဟု ဘာသာပြန်ခဲ့သည်။ စိတ်၏ပညာ ဉာဏ်ယှဉ်သော (ဝါ) ဒဿနရှေ့ဆောင်ကြီးမှူးသော သတိသမ္ပဇဉ် (ဝါ) သဒ္ဓါကြည်လင် မြတ်နိုးယုံကြည်မှုဟု အဓိပ္ပာယ်ရပါသည်။

ဤမျှတော့ ကျွန်တော့်စိတ်သည် ကြီးကျယ်မြင့်မြတ်လှပြီဟု ကျွန်တော် မဆိုရဲပါ။

သင့်တင့်စွာ နှလုံးသွင်းလျက်။ ဟုတ်ကဲ့။ ကျွန်တော့် အတိုင်းအတာနှင့် ကျွန်တော် သင့်တင့်စွာ နှလုံးသွင်းလျက် ကျွန်တော်နေတတ်နေပြီ အင်း... ထင်သည်။

ကျွန်တော်က ကဗျာလေးတွေ ဆက်စပ်နေသည်။ ဝတ္ထုတိုလေးတွေလည်း ဆက်ရေးနေသည်။

ကလောင်နာမည် အသင့်အတင့်ရှိခဲ့ပြီ ဖြစ်သောကြောင့် လုံးချင်းဝတ္ထုရှည်ကြီးတစ်ပုဒ်ကိုလည်း စွန့်လျက် စမ်းရေးကြည့်နေသည်။

ဝတ္ထုရှည်၏နာမည်ကိုတော့ မည်သို့ပေးရမည် ကျွန်တော်မသိသေး။ အင်း ဝတ္ထုကို မည်သို့ဆုံးရမည်ဟုလည်း ကျွန်တော် မဆုံးဖြတ်နိုင်သေး။

ဟော့ဂျဆင်၏ ဂျစ်ပဆီအဘိုးကြီးက မနားတမ်း ခရီးဆက်သွားနေသည်။

သူ့ကို

ယောနိသောမနသီကာရနှင့် ကျွန်တော်ကြည့်နေသည်။

*

"ဟိုအပတ်တုန်းက
ဘောဘီလုံမှာ
ကုန်ဆုံးသွားတဲ့ညက

www.burmeseclassic.com

www.burmeseclassic.com


ရောမဆီမှာ

ဒီမနက်ကျတော့”

သြော်…ဟိုးခုနစ်နှစ်ကျော် ရှစ်နှစ်တွင်းက လွမ်းဖွယ်သော လွမ်းစေတီ တောင်ရိုးတောင်တန်းလေးမှာ။

ယခုကတော့…

ကရဝိတ်ကြီးအနီး မြောက်ဘက်က ကျွန်းစွယ်သေးလေး တစ်ခုပေါ်မှာ။

ဒေသကောလိပ် နည်းပြဆရာဖြစ်ခဲ့သော်လည်း ကျွန်တော်က ပညာရေး ဌာန၏ ဝန်ထမ်းစစ်မဟုတ်သေးပါ၊ ဒေသအဖွဲ့အစည်းက ခန့်ထားသော ဝန်ထမ်းတစ်ဦးသာ ဖြစ်ပါသည်။

ယခုအဆင့်မြင့်ပညာ ဦးစီးဌာနက နည်းပြ ရာထူးများ ခေါ်ယူသည်။ ရေးဖြေစာမေးပွဲဝင်ရသည်။ လူတွေ့စစ်ဆေးခြင်း ခံယူရသည်။

အဆင့်မြင့်ပညာဦးစီးဌာန ဝန်ထမ်းဖြစ်သွားလျှင် တက္ကသိုလ် တစ်ခုခု၌ တာဝန်ကျနေချိန်တွင် မဟာဝိဇ္ဇာသင်တန်း တက်နိုင်သည်။

ပညာရေးရေးအတွက် ကျွန်တော်က နည်းပြရာထူး လျှောက်ထားသည်။ ရေးဖြေစာမေးပွဲအောင်သောကြောင့် လူတွေ့စစ်ဆေးခြင်း ခံယူရန် ရန်ကုန်သို့ ကျွန်တော်ဆင်းလာခဲ့သည်။

ရေးဖြေစာမေးပွဲအတွက် ဆင်းလာစဉ်ကမူ ဘယ်သူ့ကိုမျှ အသိမပေးဘဲ ကျွန်တော် တိတ်တိတ်သာလာခဲ့သည်။

ယခုအကြိမ်၌လည်း တိတ်တိတ်ပင်လာပြီး ရန်ကုန်၌ အလုပ်လုပ်နေသူ မြခိုင်တို့နေရာ ဝဂ္ဂီရိပ်သာအတွင်းက အဆောင်တစ်ခုတွင် တည်းနေသည်။

ကျွန်တော်တို့ အဆောင်ရှေ့ ရွှံ့နှင့် ချိုင့်လေးများရှိရာ လမ်းကြမ်းပေါ်၌ နုနုဝင်းဝါသော ဆီဒင်ကားလေးတစ်စီး ဆိုက်လာသည်။ ကားမောင်းလာသူက နုနုဝင်းဝါသော ဝင့်ဝါ။ သြော်… ဒေါက်တာဝင့်ဝါ။

တစ်ခါတုန်းကကဲ့သို့ပင် ဝင့်ဝါ ခေါ်ရာသို့ ကျွန်တော် လိုက်လာခဲ့ရသည်။

မိုးက ခေတ္တရပ်ပေးထားတော့ ငွေရောင် ကြည်ကြည်နှင့် ညနေဦးက လှနေသည်။ ကန်တော်ကြီး၏ ရေပြင်မှာ လှိုင်းယဉ်ယဉ်လေးများ ငြိမ့်ငြိမ့်ကြွနေ ကြသည်။ သြော်…ကမ်းနှင့်တွေ့တော့ လှိုင်းလေးတွေက ရိုက်ခတ်သံလေးများ ပြုတတ်သေးပါကလား။

ကန်၏ ဟိုမှာဘက်အစွန်း ကုန်းမြင့်ထက်မှာက ရွှေတိဂုံ စေတီတော်ကြီး သည် ရွှေရောင်ဝင်းဝင်းနှင့် ရွှေတောင်ကြီးပမာ တည်တည်ငြိမ်ငြိမ် ရပ်တည်စံ

www.burmeseclassic.com

www.burmeseclassic.com


နေသည်။ လှိုင်းယဉ်လေးတွေ ဘယ်လောက်လှုပ်လှုပ် ရေပြင်အကြည်မှ ရွှေတောင်ရိပ်ကြီးကလည်း တည်တည်ငြိမ်ငြိမ်။ သြော်...ဣန္ဒြေကျက်သရေ ပြည့်ပါဘိသည်။

လွတ်လပ်သောလေက လှုပ်ကစားသောကြောင့် နဖူးဝင်းဝင်းလေးထက် ယိမ်းနွဲ့လှုပ်ရှားနေသော ဝင့်ဝါ၏ ဆံနွယ်လှလှများကို တစ်ချက် ကျွန်တော် ငေးကြည့်သည်။

လှပါသည် ဝင့်ဝါ။ ဝင့်ဝါဘယ်လောက် လှသည်ကို ကိုယ်သိပါသည်။ ကိုယ်သိသော အလှမျိုးကို လူတကာ သိပါမည်လော။

"နိုင်ရောက်နေတာ ဒီတစ်ခါ ဝင့်ဝါ ဘယ်လိုလုပ်သိသလဲ"

"မဆန်းဘူးလေ၊ ရေးဖြေအောင်တဲ့သူက သိပ်များတာမှ မဟုတ်ဘဲ၊ တခြား လူတွေ့စစ်ဆေးခံတဲ့ သူငယ်ချင်းတွေက တစ်ဆင့်နိုင်လည်းပါတာ ဝင့်ဝါ သိတာပေါ့၊ ဘယ့်နှယ်လဲ၊ ဖြေနိုင်ခဲ့တယ် မဟုတ်လား၊ လျှော့တော့မပြောနဲ့နော်"

"အင်း... ဘယ်လိုပြောရမလဲ၊ ကိုယ့်ကိုယ်ကိုယ်တော့ ကျေနပ်လာခဲ့တယ်"

"ကိုယ့်ကိုယ်ကိုယ်တော့ ကျေနပ်လာခဲ့တယ်"

ဝင့်ဝါက ကျွန်တော့်စကားကို လိုက်ရွတ်သကဲ့သို့ ပြောလျက် တစ်ချက် ရယ်သည်။ သို့ရာတွင် ခဏဥပင် မျက်နှာလေးက ညှိုးညှိုးတည်တည်လေး ဖြစ်သွားပြီး မေး၏။

"ကိုယ့်ကိုယ်ကိုယ် ကျေနပ်ခြင်းဟာ နိုင့် အတွက် ဘဝမှာ သိပ်အရေးကြီးတယ် ထင်တယ်၊ ဟုတ်လား"

"ဘာဖြစ်လို့ ဒီလိုမေးတာလဲ ဝင့်ဝါ"

"အို ...ပြန်မမေးနဲ့လေ၊ ဖြေပါ"

"အဲဒီလိုဆိုရင်တော့ ဟုတ်တယ်လို့ နိုင် ဖြေရမယ်"

ဝင့်ဝါက ခေါင်းတဆတ်ဆတ်ညိတ်၏။

"အင်းလေ၊ နိုင်က ယောကျ်ားကိုး ယောကျ်ားမှ သိပ်စိတ်အင်အားကြီးတဲ့ ယောကျ်ားကိုး"

နားမလည်နိုင်သော အကြည့်ဖြင့် ဝင့်ဝါကို ကျွန်တော် ကြည့်မိသည်။

ဝင့်ဝါက ပြုံးမဲ့မဲ့လေး ဆက်ပြော၏။

"ဝင့်ဝါနာမည်က အစက ဝင်းဝါ၊ နောက်မှရှေ့စီးဖြုတ်၊ အောက်မြစ်ဝင့်ပြီး ဝင့်ဝါပြင်ခဲ့တာ၊ လောကမှာ ဝင့်ဝါဖြစ်ချင်တာတွေ ဖြစ်ရမယ်၊ ဖြစ်ကိုဖြစ်ရ

www.burmeseclassic.com

www.burmeseclassic.com


မယ်၊ ဝင့်ဝင့်ဝါဝါပဲဟော့၊ နိုင် ဝင့်ဝါဟာ အလွန်မာနကြီးတယ်လို့ လူတွေ မပြောကြဘူးလား"

"ဝင့်ဝါဟာ သူငယ်ချင်းချင်း မာနမကြီးခဲ့ပါဘူး"

"ထားပါလေ၊ အမှန်က ဝင့်ဝါမာနကြီးပါတယ်၊ နိုင့်ကို ခင်မိတာက လဲလေ"

ဝင့်ဝါသည် ခေါင်းလေးကို ငဲ့စောင်းလျက် မျက်တောင်များ စင်းချကာ ကျွန်တော့်ကို စိုက်ကြည့်နေပြီးမှ ဆက်ပြောသည်။

"နိုင့်မာနကို သဘောကျလို့"

"အို နိုင့်မာန"

"မောက်မာတာမှ မာနမဟုတ်ပါဘူးနိုင်၊ နိုင့်မှာ မမောက်မာသော မာနရှိတယ်၊ အဲဒီလိုပြောရင် ကျေနပ်မလား"

ကျွန်တော် ရယ်နေရ၏။

"ကလေးဘဝတည်းကလေ၊ ဝင့်ဝါဆိုရင် အရှုံးပေးတဲ့ ကောင်လေးတွေ၊ မျက်နှာလိုမျက်နှာရလုပ်တဲ့ ကောင်လေးတွေ ဝင့်ဝါ တွေ့ဖူးတယ်၊ အပျိုဖြစ်လာတော့ ပိုဆိုးတယ်၊ မြှောက်တဲ့လူတွေ အောက်ကျို့တဲ့လူတွေ၊ မိန်းကလေးတိုင်းဟာ အောက်ခြေမလွတ်တတ်ဘူးဆိုတာ သူတို့ မသိဘူး၊ ဒါပေမယ့် အဲဒီလူတွေထဲမှာ နိုင် မပါဘူး"

ကျွန်တော် ဘာပြန်ပြောရမှန်းမသိ။

ဝင့်ဝါကသာ တစ်ချက်ရယ်၏။

"အဟင်း၊ အဲဒီလူကိုမှလေ စိတ်ကူးယဉ်ပြီး ဝင့်ဝါက ဝင့်ဝါဖြစ်စေချင်သလို ဖြစ်ဖို့ အဲတိုက်တွန်းခဲ့ဖူးတယ်၊ မှတ်မိတယ် မဟုတ်လား"

"မှတ်မိပါတယ် ဝင့်ဝါ၊ ဒါပေမယ့် အဲဒါက ဝင့်ဝါရဲ့ စေတနာပါ"

"မှန်ပါတယ်၊ စေတနာပါ၊ ဒါပေမယ့် အဲဒီအချိန်ကစပြီး ဝင့်ဝါ သင်ခန်းစာ ကောင်းကောင်းတစ်ခုရခဲ့တယ်၊ အဲဒါကတော့ လောကမှာ ကိုယ်လိုချင်တာ အမြဲတမ်း မရဘူး၊ ကိုယ်ဖြစ်ချင်တာ အမြဲတမ်း မဖြစ်ဘူး"

ဤတစ်ကြိမ်၌မူ ဝင့်ဝါက ကျွန်တော့်ကို မကြည့်။ ရှေ့တည့်တည့်သို့သာ စိုက်ကြည့်နေသည်။ မျက်နှာလေးကလည်း တည်နေ၏။

ခဏကြာမှ ကျွန်တော့်ဘက်လှည့်ကြည့်ပြီး အပြုံးဟု ဆိုရခက်သည့် အပြုံးကို ပြုံးလျက် စကားဆက်သည်။

"ဒီတော့ ကိုယ့်ကိုယ်ကိုယ် ကျေနပ်ဖို့ဆိုတာ ဝင့်ဝါတို့အဖို့ ရာခိုင်နှုန်း

www.burmeseclassic.com

www.burmeseclassic.com


တစ်ရာပြည့် မဖြစ်နိုင်ဘူး"

"ဘာပြောတယ် ဝင့်ဝါ"

"သြော်...ဘယ်လောက် စိတ်အားကြီးကြီး ထားကြည့်ထားကြည့်၊ မိန်းကလေးတစ်ယောက်အတွက် လင်မတေးရှင်း **(limitation)**ဆိုတဲ့ မကျော်နိုင်တဲ့ ကန့်သတ်ချက်ဘောင်တွေရှိတယ်၊ ယဉ်ကျေးမှုရဲ့ ကန့်သတ်ချက်၊ မိသားစုအရှိန်အဝါရဲ့ ကန့်သတ်ချက်၊ ဆွေမျိုးဝန်းကျင်ရဲ့ ကန့်သတ်ချက်၊ အနာဂတ်အတွက် စိုးရိမ်တဲ့ ကန့်သတ်ချက်၊ နိုင်ငံရေး ကန့်သတ်ချက်တွေ တယ်များပါကလား"

"ကန့်သတ်ချက်တွေလို့ ယူချင်လည်းယူပေါ့ဝင့်ဝါ၊ စောင့်ထိန်းမှုလို့ ယူချင်လည်း ယူလို့ ရပါတယ်၊ လူသားဟာ လူသားဖြစ်ဖို့ စောင့်ထိန်းအပ်တာတွေ စောင့်ထိန်း ရပါတယ်"

"အား ... တော်သေးတာပေါ့နော်၊ အင်း ... အဟင်း၊ အခု စောင့်ထိန်းအပ်တာတွေ စောင့်ထိန်းပြီး၊ ဝင့်ဝါ တစ်ခု တစ်ခု လုပ်ရတော့မယ်"

ကျွန်တော်က ဝင့်ဝါကို မေးခွန်းကြည့်ဖြင့် ကြည့်မိ၏။ ဝင့်ဝါက တည်တည်ငြိမ်ငြိမ်လေးလေး လေး ပြော၏။

"ဝင့်ဝါ လက်ထပ်ရတော့မယ်"

ကျွန်တော့် မျက်လုံးများတွင်း၌ ခဏတော့ လျှပ်ပြက်သွား၏။ ခဏ... ခဏပါ။

ကန်တော်ကြီးရေပြင် အကြည်၌ ရွှေတောင်ကြီး၏ အရိပ်သည် တည်ငြိမ်မြဲ တည်ငြိမ်နေသည်။ ရေပြင်ပေါ်၌ လှိုင်းလေးတွေကတော့ ထနေသည်။

"သြော်..."

ဤစကားတစ်လုံးကတော့ နှုတ်မှ လွတ်ထွက်သွား၏။

"တခြားနည်းနဲ့ မသိကြခင် သူငယ်ချင်းတွေကို ဝင့်ဝါကိုယ်တိုင် အရင်အသိပေးချင်တယ်၊ အစက ဒီရွှေတောင်ကြီးအပြန်မှာ အားလုံး မျက်နှာစုံညီရှေ့ ဝင့်ဝါ ပြောပြမယ်လို့ စိတ်ကူးထားတယ်၊ ဒါပေမယ့် ခု...နိုင် ဒီကိုရောက်နေတယ်လည်း ကြားရော"

ဝင့်ဝါက စကားမဆက်ပါ။ မျက်တောင်ကော့ ရှည်ရှည်ကြီးများကိုသာ အကြိမ်ကြိမ် ပုတ်ခတ် ပုတ်ခတ် လုပ်နေ၏။

ဝင့်ဝါ ရှင်းပြရန် မလိုဟု ကျွန်တော်ထင်သည်။

ဆယ်တန်းအောင်ကြ အပြီး၌ ရုတ်တရက် ဝင့်ဝါ ဘာဆုံးဖြတ်ပြီး ဘာလုပ်ခဲ့သည်ကို ကျွန်တော် သတိရနေသည်။

www.burmeseclassic.com

www.burmeseclassic.com


ဘုရား...ဘုရား...ဝင့်ဝါရေ၊ မင်း...မင်း...မင်း ဘာတွေ ပြောဦးမလို့လဲ။

ဝင့်ဝါထံမှ ရယ်သံလေး ပေါ်လာ၏။

"နိုင်နဲ့သာ နှစ်ဦးချင်းပြောချင်တဲ့ စကားတွေ ဝင့်ဝါမှာ ရှိတယ်"

"အင်း"

"စောစောက ဝင့်ဝါ ပြောခဲ့တယ်၊ လောကမှာ ကိုယ်လိုချင်တာ အမြဲတမ်း မရဘူး၊ ကိုယ်ဖြစ်ချင်တာ အမြဲတမ်း မဖြစ်ဘူး၊ ဟုတ်တယ်နော်"

"အင်း အင်း"

"အဲဒါထက် လွန်တဲ့ သင်ခန်းစာတစ်ခုလည်း ဝင့်ဝါ ရထားပါသေးတယ်၊ ကိုယ်လိုချင်ရာကိုချည်း မတွေးသင့်ဘူး၊ ကိုယ်ဖြစ်ချင်တာချည်း ကိုယ် မလုပ်သင့်ဘူး"

"အား...မှန်တယ် ဝင့်ဝါ၊ သိပ်...သိပ် မှန်ပါတယ်"

"ပြီးတော့ ကန့်သတ်ချက်တွေလို့ ဝင့်ဝါက ခေါ်တယ်၊ စောင့်ထိန်းမှုလို့ နိုင်က ပြင်ပေးခဲ့တယ်၊ ဟုတ်တယ်၊ စောင့်ထိန်းမှု ဝင့်ဝါ ထပ်ပြောပြမယ်"

"ပြောပါ ဝင့်ဝါ"

"သူ့အကြောင်းသိလို့ ဝင့်ဝါ အထင်ကြီးခဲ့သူတစ်ယောက်ရှိတယ်၊ ဒါပေမယ့် ဖြစ်ရိုးဖြစ်စဉ် သဘာဝတွေကိုသာ တွေးစိုးရိမ်ပြီး သူ့ကို အထင်သေးတဲ့ လူတွေ ရှိတယ်၊ မဟုတ်ပါဘူးလို့၊ လူ့လောကမှာ မြင့်မြတ်တဲ့ စောင့်ထိန်းတတ်သူတွေ ရှိတယ်လို့ ဝင့်ဝါ လက်တွေ့ သူတို့ သိသွားစေချင်တယ်"

ကျွန်တော်က ငြိမ်နေသည်။ ဝင့်ဝါက ကျွန်တော့်ကို နူးညံ့သိမ်မွေ့စွာကြည့်ပြီး မေး၏။

"နားလည်လား"

"နားလည်ပါတယ် ဝင့်ဝါ၊ သိပ်လည်း ကျေးဇူးတင်ပါတယ်"

"ဒါဖြင့် စကားဆန်းဆန်းတစ်ခု ဝင့်ဝါ ပြောပြမယ်နော်"

"ပြောပါ ဝင့်ဝါ"

"ချစ်လွန်းလို့တဲ့၊ အသက်ကို စွန့်တာတောင်ပင် မငြိုငြင်ဘူးတဲ့၊ အဟင်း ဖြစ်နိုင်ပါတယ်လေ၊ ဒါပေမယ့် အသက်စွန့်လိုက်တော့ အချစ်ဆိုတာ ရှိတော့မလား၊ ခံစားမှုဆိုတာတွေကော ရှိပါတော့မလား၊ ဘဝဆိုတာကော ရှိပါတော့မလား၊ ဘာမှ မရှိတာကို ရွေးချယ်ပြပါမယ်ဆိုတာ သတ္တိလား"

ဝင့်ဝါသည် သဲ့သဲ့လေးရယ်နေသေး၏။

"အချစ်စစ်မှန်ရင် တစ်ခုခုတော့ ပေးနိုင်ရတယ်၊ အဲဒီလို ပေးနိုင်ဖို့ကလည်း

www.burmeseclassic.com

www.burmeseclassic.com


အသက်ရှင်နေမှပေါ့၊ မရခြင်းနဲ့ဘဲ အသက်ရှင်နေနိုင်ရမယ်၊ သူ့ရခြင်းအတွက် ကိုယ့်မရခြင်းကို ပမာမပြုဘဲ ပျော်ပျော်ကြီးမဟုတ်တောင် ဘဝမှာ ဆောက်တည်ရာ မိမိအဓိပ္ပာယ်ရှိရှိနဲ့ သက်သက်သာသာလေး နေနိုင်သွားရမယ်၊ အဲဒီလူမျိုးကတော့ ဝင့်ဝါ ထင်တယ်လေ၊ အချစ်ကို စွန့်ရတိုင်စေ မငြိုငြင်ဘူးလို့ ပြောမယ်ထင်တယ်"

"ဘယ်လို၊ အချစ်ကို စွန့်ရတိုင်စေ မငြိုငြင်ဘူး"

"ဟုတ်တယ်၊ နိုင် အဲဒီလူမျိုးရှိတယ်၊ ဝင့်ဝါတို့ နိုင်တို့ အနားတွင်ရှိတယ်၊ သူက စကားတော့ သိပ်ပြောမှာ မဟုတ်ဘူး၊ ဒါပေမယ့် သိနိုင်ပါတယ်၊ အင်းလေ ဝင့်ဝါတော့ သိတယ်၊ သူ့ကို နိုင်လည်း သိစေချင်တယ်"

ကျွန်တော် ငိုင်ကျသွားမိသည်။

ကျွန်တော့် မျက်လုံးများက ကန်တော်ကြီး ရေပြင်ဆီရောက်နေသည်။ ကန်ရေပြင်။ လှိုင်းတွန့်များ။ ရေပြင်အကြည်။ တည်ငြိမ်သော ရွှေတောင်ကြီးအရိပ်။

မရောပါလား။ မရောကြပါလား။

သြော်... ခွဲခြား၍ကလည်း မလွယ်ပါကလား။

ကျွန်တော်က သက်ပြင်းရှိုက်ပြီး ပြော၏။

"ဒီနေ့ ဝင့်ဝါ ဒါကို ပြောပြချင်တာ မဟုတ်လား"

ဝင့်ဝါက ခေါင်းလေးညိတ်ပြ၏။

"ကျေးဇူးတင်တယ် ဝင့်ဝါ၊ ဝင့်ဝါအတွက် နိုင်ဂုဏ်လည်းယူတယ်၊ ဒါပေမယ့် နိုင် စိုးရိမ်တယ်၊ နိုင်တို့ သီသီလေးများ နားလည်မှုတွေ လွဲနေကြသလား မသိဘူး"

"နားလည်မှုတွေ လွဲနေကြတယ် ဟုတ်လား"

"စကားမရှိလို့ ဒီစကား သုံးလိုက်ရတာကို ခွင့်လွှတ်ပါ ဝင့်ဝါ၊ နိုင်တို့ နားလည်မှုချင်းဟာ အင်မတန် နီးစပ်ကြပါတယ်၊ ထပ်တူညီ မဖြစ်ကြတာကတော့ နိုင့် အပြစ်ပါ၊ ကဗျာဆရာ့အပြစ်ပါ"

"ကဗျာဆရာ့အပြစ်"

"သူလိုငါလို တွေးလိုက်လို့ရတာရှိတယ်၊ သူလိုငါလို ယူလိုက်လို့ရတာ လည်းရှိတယ်၊ ပြီးတော့ သူလိုငါလို ခံစားပစ်လိုက်၊ အင်း လွယ်လိမ့်မယ် ထင်တယ်၊ စိတ်လည်းချမ်းသာလိမ့်မယ် ထင်တယ်၊ ဒါပေမယ့် ကဗျာဆရာ တစ်ယောက်အနေနဲ့ နိုင် အဲဒီလို လုပ်လို့မရဘူး၊ ဘာကြောင့် လုပ်လို့ မရမှန်းလဲ နိုင် မသိဘူး၊ နိုင် သိတာ တစ်ခုတော့ရှိတယ်"

ဝင့်ဝါက ကျွန်တော့်ကိုကြည့်ပြီး နားထောင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com


"သူများတွေအတွက် မရခြင်းဟာ နိုင့်အတွက် ရခြင်းဖြစ်နေတယ်၊ သူများတွေအတွက် ဆုံးရှုံးလက်လွှတ်ရခြင်းဟာ နိုင့်အတွက် ပိုင်ဆိုင် ထုပ်ပိုက်မိခြင်း ဖြစ်နေတယ်၊ သူများတွေအတွက် ပျက်ပြယ် ပျောက်လွင့်သွားမယ့် အရာတွေဟာ နိုင့်အတွက်တော့ ခိုင်တည်စိုးမိုး ကျန်ရစ်နေတယ်၊ သြော် ဝင့်ဝါက မှတ်ဉာဏ်ကောင်းသားပဲ၊ ခုလိုပဲ မိုးတစ်ညနေ၊ လွမ်းစေတီတောင်ရိုးမှာ ခုလိုပဲ ဝင့်ဝါနဲ့ နိုင် စကားပြောခဲ့ကြတာ၊ နိုင် နောက်ဆုံး ဘာပြောခဲ့သလဲ"

ဝင့်ဝါက မျက်လုံးလေးများ ပိတ်လျက် စဉ်းစားဟန်ပြုသည်။ ထိုနောက် ပြုံးပြီး ကျွန်တော့်ကို ကြည့်သည်။

"ဝင့်ဝါ ရွတ်ပြမယ်"

"ရွတ်ပြမယ်"

"အင်း"

ထူးဆန်းသော အပြုံးလေး။ ထိုအပြုံးလေးကို ပြုရင်း ဝင့်ဝါက ရွတ်ပြသည်။

"နိုင့်အတွက်တော့ ဝင့်ဝါတို့နဲ့ ဘယ်တော့မှ မကွဲပါဘူး၊ မျက်သားပေါ်က ရောင်ပြန်ပုံရိပ်ကတော့ ရှိချင်မှရှိမယ်၊ နိုင့် နှလုံးသားက မနောအကြည်မှာ ဝင့်ဝါတို့ရဲ့နိမိတ္တပုံရုပ်ကတော့ အစဉ်ရှိနေမယ်၊ အချိန်တို့ နေရာတို့ဆိုတဲ့ သဘောတွေက ကင်းလွတ်ပြီး အစဉ်ရှိနေမယ်၊ မရှိတဲ့နေ့ဟာ နိုင်သေတဲ့နေ့ပဲ"

"ဝင့်ဝါ မမေ့ပါလား၊ နိုင် ဝမ်းသာတယ် ဝင့်ဝါ"

ဝင့်ဝါက ကျွန်တော့်ကို ပြန်မပြောဘဲ နှုတ်ခမ်းလေးလှုပ်လျက် တစ်စုံတစ်ရာကို အသံမထွက်ဘဲ ဆက်ရွတ်ကြည့်နေသည်။

"ဝင့်ဝါတို့၊ ဟုတ်သလား နိုင်"

"ဟုတ်ပါတယ်"

"ဝင့်ဝါ မဟုတ်ဘူးနော်၊ ဝင့်ဝါတို့"

"မှန်ပါတယ် ဝင့်ဝါ"

ဝင့်ဝါက ဟက်ခနဲတစ်ချက် ရယ်လိုက်ပြီး ကားစက်ကို နှိုး၍ နောက်ဆုတ်ကွေ့သည်။

"နိုင်"

"ဝင့်ဝါ"

"ဝင့်ဝါ စိတ်ကူးယဉ်မိသွားပြန်တယ်၊ ဒါပေမယ့် နိုင်"

"ပြောပါ ဝင့်ဝါ"

www.burmeseclassic.com

www.burmeseclassic.com


"နိုင့်ကို ကျေးဇူးတင်တယ်၊ ဝင့်ဝါ ကျေးဇူးတင်တယ်၊ အို ဟင့်အင်း၊ နိုင့်ကို ဝင့်ဝါတို့ ကျေးဇူးတင်တယ်"

*

# အခန်း (၂၇)

ထိုနှစ်ဆောင်းဦး၌ ရန်ကုန်တွင် ဝင့်ဝါ လက်ထပ်သည်။ သတို့သားက အမျိုးအနွယ်ကြီးသူ တစ်ဦး။ နိုင်ငံခြားရေးဌာနရုံးမှ အလားအလာကောင်းလှသော အရာရှိငယ် တစ်ဦး။

အိမ်တွင် လက်ထပ်ပွဲ၊ အင်းလျားကန်ဟိုတယ်တွင်ဧည့်ခံပွဲဟု ထုံးစံဖြစ်နေသော ဝင့်ဝါတို့၏ မင်္ဂလာအခမ်းအနားများသို့ ရန်ကုန်တွင် ပညာတော်သင်ကိစ္စနှင့် ရှိနေသူ နှင်းမြစန္ဒာတော့ တက်သည်။

ကျွန်တော်ကတော့ မသွားပါ။

သူငယ်ချင်းမ မင်္ဂလာဆောင်ပွဲတက်ရန် အလုပ်တာဝန်မှ ကျွန်တော် ခွင့်မယူချင်ပါ။ သြော်…အချိန်ကလည်း ကျွန်တော်တို့ ကောလိပ်တွေတွင် အလုပ်များလှသော စာပေးစာယူသင်တန်းနှင့် စာမေးပွဲစစ်ချိန်။

ပြီးတော့ ရန်ကုန်သို့သွားသည်ဆိုခြင်းမှာ စရိတ်စက ကြီးသည်။ တစ်ဖန် မဖြစ်နိုင်သည့် ကိစ္စမှတစ်ပါး အိမ်မှ ကျွန်တော် မခွာလိုပါ။ ခွာ၍ကလည်း သိပ်ဖြစ်သည်မဟုတ်။

ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် ပြုံးမိသည်။

တစ်ဝက်မှန်သော ဆင်ခြေများသာ ဖြစ်ပါသည်။

အခြားတစ်ဝက်ဖြစ်သော အကြောင်းကို ကျွန်တော်သာလျှင် ကျွန်တော့်ဘာသာ အသိဆုံး။

ကျွန်တော့်စိတ်ဝိညာဉ် ပန်းချီခန်းမှ အာရုံရိပ်တွေ၊ နိမိတ်ပုံတွေ မရှုပ်ချင်ပါ။

သြော်…သတို့သမီး အဝတ်အစားနှင့် အစွမ်းကုန်ပြင်ဆင်ထားတော့ အင်း လှပြီးသား ဝင့်ဝါက အလွန်ကိုလှပေမည်။

ကျေးဇူးတင်ပါသည်။ အဲသည် အလှပုံရိပ်က သတို့သား အတွက်ပါ။ ဤ အလှပုံရိပ် သူ့ မနောဝိညာဉ်မှာ ထာဝရ ထင်နိုင်ပါစေ။

ကျွန်တော့် မနောဝိညာဉ်မှာ စန္ဒကိန္နရီလေး ရှိနေပြီးပါ။

www.burmeseclassic.com

www.burmeseclassic.com


သြော်… စန္ဒကိန္နရီလေးရယ်။ သတို့သမီး ဝတ်စုံကြီး မဝတ်လိုက်ပါနှင့်။ မဝတ်လိုက်ပါနှင့်။

အင်းလျားကန် ဟိုတယ် မင်္ဂလာခန်းမကြီး ဆိုသည်သို့ ကျွန်တော် မရောက်ဖူးပါ။ သို့ရာတွင် ထိုခန်းမကြီးမှ ကြီးကျယ်ခမ်းနားသော မင်္ဂလာပွဲ အကြောင်းများတော့ ကျွန်တော် ကြားဖူးသည်။

သြော်… တီးဝိုင်းနှင့် အဆိုကျော်များ ပါကြသည် ဆိုသည်။

သူတို့ဘာတွေတီး၍ ဘာတွေ ဆိုကြမည်နည်း။

အဲဒါလည်း ကျွန်တော့်အလုပ် မဟုတ်ပါ။

ဝင့်ဝါ လက်ထပ်သည့်နေ့က ပတ္တလားလေးကို တီးပြီး စိတ်တွင်းမှ လိုက်ဆိုနေမိသည်။

"ဂန္ဓမာ စန္ဒာတောင်၊ စုံမြိုင်နန်းမှာ၊ ဖူးပွင့်ကြတဲ့ ပန်းမာလာ၊ သင်းရနံ့ ကဖြာ"

ဘာပန်းမာလာတွေ ဖူးကြပွင့်ကြပါသနည်း။

ဤသည်အတွက်လည်း ကိစ္စမရှိပါ။

ကျွန်တော့် မနောဝိညာဉ် ပန်းချီကားကြီးမှာတော့ ချယ်ရီတွေ ပွင့်နေသည်။

ပန်းနုသွေးနှင့် ချယ်ရီတော။ ချယ်ရီတောင်။

သြော်…ပန်းနုသွေးနှင့် ကျွန်တော့်စန္ဒကိန္နရီ။

လှသည်။

ဘာလိုသေးပါသနည်း။

ချယ်ရီကအပျောက်၊ စိန်ပန်းပြာလည်း မရောက်လာသော ဖေဖော်ဝါရီလ အတွင်း နှင်းမြစန္ဒာတောင်ကြီးသို့ တစ်ခေါက် ပြန်လာသည်။

နှင်းမြစန္ဒာက ပညာရေး စိတ်ပညာဘွဲ့လွန် ဒီဂရီအတွက် ဩစတြေးလျနိုင်ငံသို့ ပညာတော်သင်သွားရန် အရွေးခံရသည်။ နိုင်ငံခြားသို့ မထွက်ခွာမီ မိခင်နှင့် အစ်မများဆီ တစ်ခေါက် ပြန်လာခြင်း ဖြစ်လေသည်။

နှင်းမှုန်လေးတွေနှင့် လှနေသော ညနေပိုင်း။

ကျွန်တော်တို့ အိမ်ဝတွင် စိန်ပန်းပြာ လာပွင့်သည်။

မျက်နှာထား တည်တည်လေးနှင့် နှင်းမြစန္ဒာကဆိုသည်။

"လမ်းလျှောက်ကြရအောင်"

"လမ်းလျှောက်ကြရအောင်"

"အဆန်းလား နိုင်"

www.burmeseclassic.com

www.burmeseclassic.com


မဆန်းပါ။ သို့ရာတွင် တစ်နည်းတော့လည်း ဆန်းနေသည်။

ဝင့်ဝါ မင်္ဂလာပွဲအပြီး နှင်းမြစန္ဒာတစ်ခေါက် ပြန်လာစဉ်က မျက်နှာလေး ကမကောင်း။ အိမ်တွင်းမှလည်း အိမ်ပြင်မထွက်။

လမ်းလျှောက်ရန် ကျွန်တော် သွားခေါ်စဉ်က နေမကောင်းဟု အကြောင်း ပြပြီး မလိုက်ခဲ့။ တောင်ကြီးတွင်လည်း ကြာကြာမနေဘဲ ရန်ကုန်သို့ ပြန်ဆင်း သွားသည်။

သူ့အိမ် ကိုယ့်အိမ်မှာတော့ စကားပြောကြသည်။

ဝင့်ဝါ၏ မင်္ဂလာပွဲအကြောင်း နှင်းမြစန္ဒာက အထူးတလည် ဘာမျှမပြော သည်ကို ကျွန်တော် သတိပြုမိသည်။ အင်း...ကျွန်တော်ကလည်း ဤအကြောင်း ကို မပြောချင်ပါ။ သည်တော့ နှင်းမြစန္ဒာကို ကျေးဇူးတင်မိသေးသည်။

နှင်းမြစန္ဒာ၏ ပညာတော်သင်ကိစ္စ။ သွားရမည့် နိုင်ငံအကြောင်း။ အထူးပြုမည့် ဘာသာရပ်။ ဤအကြောင်းတွေသာ ကျွန်တော်တို့ ပြောကြသည်။

သြော် အခြားတစ်ချက်လည်း ကျွန်တော် သတိပြုမိသည်။

နှင်းမြစန္ဒာက ယခု ဆရာမတစ်ဦး။ နောင်ဆိုလျှင် ကထိက။ ပါမောက္ခ ဆရာမကြီး ဖြစ်လေဦးမည်။ ကျွန်တော်ကလည်း အင်း ဆရာတစ်ဦး။

ဆရာ ဆရာမတွေ ဖြစ်နေကြတော့ ကလေးဘဝ၊ နောက်ကျောင်းသား ကျောင်းသူ ဘဝများမှာလို စိတ်ကူးယဉ်ဖွယ် ပန်းမြို့တော်ကြီး၏ လမ်းလှလှများ တွင် တွဲတွဲလျှောက်ကြ၍က မကောင်း။ သိပ်မကောင်း။

နှင်းမြစန္ဒာသည် ဤအကြောင်းကြောင့် ထိန်းသိမ်းမှုကို စတင် ကျင့်သုံး လေသလော။

ဤသို့ဆိုလျှင်လည်း ကျွန်တော့်မှာ ကန့်ကွက်ရန် မရှိပါ။

ယခု နှင်းမြစန္ဒာက လမ်းလျှောက်ကြရန် လာခေါ်နေပြန်ပြီ။

အင်း... အဲသည်လို ဆိုပြန်တော့လည်း ကျွန်တော့်မှာ ကန့်ကွက်ရန် မရှိပြန်ပါ။

ကျွန်တော်တို့သည် တောင်ခြေသို့ လျှောက်လာခဲ့ကြသည်။

"ဘယ်ဘက် သွားမလဲ နှင်း"

"ကျောက်တစ်လုံးကို"

"ကျောက်တစ်လုံးကို"

"အင်း"

နှင်းမြစန္ဒာက တည်တည်ငြိမ်ငြိမ်ပင် ပြောသောကြောင့် ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com


လည်း အေးချမ်းစွာပင် ခေါင်းညိတ်ပြလိုက်သည်။

မီးတားလမ်းအတိုင်း ကျွန်တော်တို့ လျှောက်ကြသည်။

တောင်ကို ခါးလယ်မှဖြတ်၍ တစ်ချိန်က ကျွန်တော်တို့ ခဲရာခက်ဆစ် ဆင်းခဲ့ကြသော နေရာလေးအရောက်တွင် နှင်းမြစန္ဒာက ပြုံး၍မေးသည်။

"မှတ်မိသေးလား"

"မှတ်မိပါတယ်၊ နှင်းရယ်"

ကျွန်တော်တို့ ဆက်လျှောက်ကြသည်။

သြော်... နွယ်ပုခက်ကြီးကလည်း ရှိနေသေးသည်။

ရှေ့ဆီမှလည်း လုလင်ပျို တစ်ဦးနှင့် လုံမတစ်ဦးတို့ တွဲလျှောက်လာနေကြသည်။

အတန် လှမ်းမိကြပြီးမှ နှင်းမြစန္ဒာရော ကျွန်တော်ပါ နောက်သို့ လှည့်ကြည့်မိကြသည်။

နွယ်ပုခက်ပေါ်မှာ ထိုင်သူက ထိုင်နေသည်။ အင်း လွှဲပေး သူကလည်း လွှဲပေးနေသည်။

ကျောက်တစ်လုံးသို့ ရောက်သောအခါ တစ်ချိန်တုန်းကကဲ့သို့ပင် ကျွန်တော်တို့ ထိုင်ကြသည်။

တစ်ချိန်တုန်းက ကဲ့သို့ပင် နှင်းမြစန္ဒာက အေးအေးလေးနှင့်လှသော အပြာနုရောင် ဝတ်စုံလေးကို ဝတ်ထားသည်။ ဆောင်းဖြစ်သောကြောင့် ဆွယ်တာအင်္ကျီအပြာ မရင့်တရင့်လေးကိုတော့ အင်္ကျီပေါ်မှာ ထပ်ဝတ်ထား၏။

အမြင့်မှ စီးမြင်ရသော မြို့၏ရှုမျှော်ခင်းကို ကျွန်တော်တို့ ငေးကြည့်မိကြသည်။

တည်တည်လေးဖြစ်နေသော နှင်းမြစန္ဒာ၏ မျက်နှာလေးသည် တဖြည်းဖြည်းကြည်လာ၏။ သူ့ပင်ကိုယ် ပကတိအတိုင်း လမင်းကဲ့သို့ ပြာလတ်သန့်စင် ဝင်းပလာ၏။

"အင်း၊ အပြီးသတ်ကျတော့ အားလုံးဟာ ဒီအတိုင်း၊ ဒီအတိုင်းပါလားနော် နိုင်"

"ဘာပြောတာလဲနှင်း"

"ဘယ်လိုပြောရမလဲ၊ သဘာဝကြီး၊ နှင်းတို့တွေကသာ ပြောင်းပြောင်း သွားတယ်၊ သဘာဝကြီးကတော့မပြောင်းပါလား၊ အနည်းဆုံး ဟောဒီတောင်တောင်

www.burmeseclassic.com

www.burmeseclassic.com


ရေမြေတွေရယ်၊ နှင်းတို့ မြို့ကြီးရဲ့ အလှတွေရယ်၊ အဲဟောဟို တောင်ချွန်းကြီး ရယ်”

“ဆန်းတယ် နှင်းရယ်၊ နိုင်လဲပဲ အဲဒီလိုပဲ တွေးနေမိတာ”

“ဒါဖြင့် နှင်း မှန်တာပေါ့”

“ဘာလဲ နှင်း”

“ဗိုင်ဘရေးရှင်း၊ တုန်ခါလှိုင်း”

“ပြောပြန်ပြီ”

“ဟုတ်တယ်၊ နှင်း အခုမှ ပြန်မိတာ”

“ဘာကိုလဲ”

“ဗိုင်ဘရေးရှင်း၊ တုန်ခါလှိုင်းကို”

“အိုး...”

နှင်းမြစန္ဒာက မျက်နှာလေးကို ချိုချိုပြင် ပြန်တည်လိုက်သည်။

“နိုင်...ထရောမာ **(Trauma)**ဆိုတဲ့ စကားကို သိသလား၊ စိတ်ပညာက စကားတစ်လုံးပါ”

“ကြားတော့၊ ကြားဖူးတယ်၊ တိတိကျကျ ဘာလို့တော့ မသိဘူး”

“ဒဏ်ရာရကြတယ်၊ ဒါပေမယ့် ရိုးရိုးဒဏ်ရာရတာနဲ့ ပြင်းပြင်းထန်ထန် နင့်နင့်နက်နက် ဒဏ်ရာရတာလို့ ကွဲပြားတယ်၊ ပြင်းပြင်းထန်ထန်နင့်နင့်နက်နက် ဒဏ်ရာရတာကို ထရောမာလို့ ခေါ်တယ်၊ အစကတော့ ရုပ်ခန္ဓာမှာရတဲ့ဒဏ်ရာကို ခေါ်တာ၊ နားလည်တယ်နော်”

ကျွန်တော့်စိတ်တွင်း သဘောကျမိသည်။

ယခင်က နှင်းမြစန္ဒာသည် ကျွန်တော် ပြောသည်ကို နားထောင်သည်။ ကျွန်တော်က တရားဟောသူ။ သူက နားထောင်သူ။

ယခု သူက တည်တည်ငြိမ်ငြိမ် ရှေ့ဆောင်ပြောနေသည်။

ဩော်... ဆရာမ... ဆရာမကိုး။

“နားလည်ပါတယ်နှင်း”

“ဒါပေမယ့် ထရောမာဆိုတဲ့ စကားဟာ စိတ်ပညာနဲ့ စိတ်ရောဂါကုပညာ ကသုံးတဲ့ စကားလည်း ဖြစ်လာခဲ့တယ်၊ အဲဒီပညာတွေမှာကတော့ ပြင်းပြင်း ထန်ထန် စိတ်ကို ထိခိုက်စေတဲ့ ခံစားမှုဝေဒနာကို ခေါ်တယ်၊ ပျောက်ပျက်မသွားဘဲ ရေရှည် စိတ်သန္တာန်မှာ ကိန်းခိုနေပြီး ဒုက္ခပေးတတ်တဲ့ ဝေဒနာမျိုး၊ စိတ်ဒဏ် သင့်မှုလို့ ပြောကြတယ်၊ ဥပါဒါန်တစ်မျိုးပေါ့ နိုင်”

www.burmeseclassic.com

www.burmeseclassic.com


"အား အား"

"ဒီဥပါဒါန်မျိုးကို ကာယကံရှင်ဟာ သာမန်အားဖြင့် မသိကြဘူး၊ ဒါကြောင့်လည်း မသိစိတ်ထဲမှာ နေတယ်လို့ ပြောကြတယ်၊ ဘာပြုလို့လည်း ဆိုတော့ ယေဘုယျ ပြောရရင် ဒီဝေဒနာမျိုးက ကလေးဘဝမှာ ခံစားခဲ့ရတာကိုး၊ စိတ္တဇ ဖုံးလွှမ်းခြင်းအောက်မှာ သူနေတယ်၊ ဒါပေမယ့် အခွင့်ရတိုင်း စိတ်ကို ဒုက္ခပေးတယ်"

ဤသဘောကိုတော့ နားလည်ပြီးဖြစ်သောကြောင့် ကျွန်တော် ခေါင်းညိတ်ပြနေမိ၏။

"စိတ္တဇဖုံးလွှမ်းခြင်းဆိုတာဟာလည်း စကားအဖြစ် ပြောတာပါ၊ မာယူပမာ နဋ္ဌဝိညာဏဆိုတဲ့ မနောဝိညာဏစိတ်ရဲ့ လှည့်စားမှု၊ ပိတ်ဖုံးမှု ကာကွယ်မှုပါ၊ စိုးရိမ်မှုတွေ၊ နောင်တအပြစ် ခံစားမှုတွေများလေလေ စိတ်ရဲ့ လှည်းစားမှုဟာ များလေလေ၊ ဒါပေမယ့် မူလဝေဒနာဒဏ်ကတော့ သူ့ဘာသာသူ ပျောက်မသွားဘူး၊ ကုသခြင်း ခံယူရတယ်၊ ခွဲခြမ်းစိတ်ဖြာကုသနည်းမှာတော့ ကလေးဘဝ အတွေ့အကြုံတွေဆီ ပြန်ခေါ်သွားပြီး မူလဇာစ်မြစ်ဝေဒနာရဲ့ သဘောသဘာဝကို ထိုးထွင်းသိမြင်စေတယ်၊ ကိုယ့်ကိုယ်ကိုယ် ထိုးထွင်းသိမြင်ခြင်းဟာသာ ကိုးကွယ်ရာ ပါနိုင်"

ဤသည်ကိုလည်း သဘောတူသောကြောင့် ကျွန်တော် ခေါင်းညိတ်နေသည်။

နှင်းမြစန္ဒာက ရုတ်တရက် ရယ်လိုက်ပြီး ဆို၏။

"နှင်းမှာလဲ ထရောမာ ရှိနေခဲ့တယ်"

"နှင်းမှာ ထရောမာ"

"ဟုတ်တယ်၊ ဝင့်ဝါ လက်ထပ်သွားတဲ့ အခါမှာမှ အဲဒီ ထရောမာက နှင်းကို နှိပ်စက်တော့တယ်"

ကျွန်တော်က နှင်းမြစန္ဒာကို ဖျတ်ခနဲကြည့်မိသည်။ နှုတ်မှမေးတော့မည့် မေးခွန်းကို သတိထားပြီး ထိန်းလိုက်ရ၏။

"သူတို့မင်္ဂလာဆောင်ဟာ သိပ်ကြီးကျယ် ခမ်းနားပါတယ် နိုင်၊ သိပ်လည်း ပြည့်စုံပါတယ်နိုင်၊ ဒါပေမယ့် နှင်း စိတ်ထဲမှာ ယူကျုံးမရပြောနေမိတယ်၊ မဟုတ်ဘူး၊ ဟင့်အင်း၊ မဟုတ်ဘူးလို့ အဲဒီလို ပြောနေမိတယ်"

ကျွန်တော် ဘာမျှ ဝင်မပြောတော့ပါ။ မပြောလျှင် အကောင်းဆုံးဟု ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com


"တော်ပါသေးရဲ့လေ၊ ပညာတော်သင် သွားဖို့ နှင်းမှာ အလုပ်တွေ ရှုပ်နေတယ်၊ မလိုချင်တဲ့အာရုံ လာခွင့်မရှိအောင် အရေးတကြီး တိုးဝင်နေရာယူနေတဲ့ တခြားအာရုံတွေ ရှိနေတယ် ဆိုပါတော့"

ကျွန်တော် ခေါင်းညိတ်ပြသည်။

"ခုတော့ နှင်းစိတ်တွေ တော်တော် ပြန်တည်ငြိမ်သွားပြီ၊ အင်း…တောင်ကြီးကို ပြန်လာမိတာလည်း ကံကောင်းတယ်"

ကျွန်တော်က နှင်းမြစန္ဒာကို ကြည့်မိပြန်၏။

"အင်း… အာရုံတွေ သိပ်မရှုပ်တော့လို့ ထင်ပါရဲ့၊ ပြန်မိတယ်၊ သူ့ကို ပြန်မိတယ်"

ကျွန်တော်က နှင်းမြစန္ဒာကို စိုက်ကြည့်မြဲ ကြည့်နေသည်။

"ဗိုင်ဘရေးရှင်းလေ တုန်ခါမှု၊ နိုင့်ဆီက တုန်ခါမှု ဒီတော့မှ နှင်း နားလည်သွားတယ်"

"ဘာကို နားလည်တာလဲ နှင်း"

"နိုင်လုပ်တာ၊ နိုင် မှန်တယ်၊ အို နိုင်၊ အစတည်းက နိုင်က မှန်ပါတယ်၊ တခြားလူတွေကသာ စိတ်ကူးယဉ်ကြတာ"

မမျှော်လင့်သောစကားပါ။ ပြည့်လျှမ်း ကြည်နူးသော ရင်ဖြင့် အေးချမ်းစွာ လှပတည်ငြိမ်နေသော နှင်းမြစန္ဒာ၏ မျက်နှာလေးကို အတန်ကြာအောင် စိုက်ငေးကြည့်နေမိသည်။

"နှင်း"

"ဘာလဲနိုင်"

"နိုင် ဘာပြောရမှန်း မသိတော့ဘူး"

"အိုး"

"အမှန်က ပြောစရာတွေရှိတယ်၊ ဒါပေမယ့် နိုင် နိုင် မပြောတတ်တော့ဘူး"

ကြည်ကြည်လင်လင် သက်သက်သာသာလေး နှင်းမြစန္ဒာက ရယ်သည်။

"မပြောတတ်တာတွေကို မပြောပါနဲ့တော့၊ နိုင့်ကို နှင်း နားလည်တယ်လို့ ပြောပြီးပါရောလား"

"ဒါဖြင့် ခု နိုင်တို့ ဘာလုပ်ကြမလဲ"

"ကလေးဘဝ ပြန်သွားကြမယ်၊ ဟိုဒင်း ဝါဒ်စ်ဝတ်သ် ပြောတဲ့ ဘဝမျိုး"

"သက်တံရောင်စုံနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အပြစ်ကင်း သန့်စင်တဲ့ အလှတွေနဲ့"

နှင်းမြစန္ဒာနှင့် ကျွန်တော်တို့သည် ပြိုင်တူ ရယ်လိုက်ကြ၏။ ထိုရယ်ခြင်းနှင့်အတူ ညို့မှိုင်းဖိအုပ်နေသော တစ်စုံတစ်ရာကြီးသည်လည်း လွင့်စဉ်ပျောက်ပြေးသည်။

ကျွန်တော်တို့သည်ကျောက်တစ်လုံးမှ ဆင်းခဲ့ကြပြီး မြို့တွင်းမှ လမ်းများအတိုင်း ပြန်လာခဲ့ကြသည်။

ငုစပ်တွေ စိန်ပန်းပြာတွေ မရှိသည်မှ တစ်ပါး သဘာဝကြီးက နှင်းမြစန္ဒာပြောသကဲ့သို့ပင် သည်အတိုင်း။ သည်အတိုင်း။

စိန်ပန်းပြာတွေမရှိ။ ဟုတ်ပါ၏လော။

ကျွန်တော်က ကျွန်တော့်ဘေးမှ ယှဉ်လျှောက်လာသော စိန်ပန်းပြာပင်လေးကို ကြည့်မိသည်။

ကျွန်တော်တို့အိမ်များဆီ ပြန်အရောက်၌ သူတို့ ခြံတွင်းမဝင်မီ တောင်ချွန်း ကြီးကို မော့်ကြည့်၍ နှင်းမြစန္ဒာက ပြောသည်။

"သြော်...နိုင်ရေ၊ နှင်းရဲ့ စကားတစ်ခုကို ပြန်ရုပ်သိမ်းမယ်"

"ဘယ်စကားလဲနှင်း"

"နှင်းမပါဘဲ၊ ဟောဒီ တောင်ချွန်းကြီးကို မတက်ပါနဲ့ဆို တာလေ"

"အား အား"

"တစ်ယောက်တည်းလည်း တောင်ချွန်းကြီးကို တက်ပါတော့ နိုင်၊ နိုင်တက်နိုင်ပါပြီ"

ဤတစ်ကြိမ်တွင်တော့ ကျွန်တော့်မှာ ပြောစရာ ရှိနေသည်။

"တောင်ချွန်းကြီးကို နိုင်တက်ပါမယ်၊ ဒါပေမယ့် တစ်ယောက်တည်းတော့ မဟုတ်ဘူး"

မျက်လုံးလေးပြူးလျက် နှင်းမြစန္ဒာက မေးသည်။

"တစ်ယောက်တည်း မဟုတ်ဘူး"

"မဟုတ်ဘူး၊ ဒန်းတီ **(Dante)**ဆိုတဲ့ ကဗျာဆရာကြီးက **(Delight of the Soul)**လို့ ခေါ်တယ်၊ ဝိညာဉ်၏ ဝမ်းမြောက်ကြည်နူးမှုလို့ ဘာသာပြန်ရမယ် ထင်တယ်"

"ဝိညာဉ်၏ ဝမ်းမြောက်ကြည်နူးမှု"

"အင်း...၊ နှင်းရဲ့ချစ်လှစွာသော ဝါဒ်စ်ဝတ်သ်ကတော့ **(Phantom of Delight)**လို့ ခေါ်ပြန်တယ်၊ ဝမ်းမြောက်ကြည်နူးမှုအကြောင်းတရား အရိပ်

www.burmeseclassic.com

www.burmeseclassic.com


အယောင်ရှင်မ တဲ့”

"ဝမ်းမြောက်ကြည်နူးမှု အကြောင်းတရားအရိပ်အယောင် ရှင်မ..."

"သူတို့မပါဘဲ ကဗျာဆရာက ဘယ် တောင်ချွန်းထိပ်ရောက်အောင် တက်မှာလဲ၊ တောင်ချွန်းကြီးကို နိုင်ဆက်တက်ပါမယ်၊ နိုင် တစ်ယောက်တည်း မဟုတ်ပါဘူး၊ နှင်းရေ သူတို့ပါမယ်ကွယ်၊ သူတို့ကို ဘယ်လိုလုပ် ခွာထားခဲ့လို့ ရပါမတဲ့လဲ"

*

## အခန်း (၂၈)

သူတို့ဆီမှာ ဩော်တမ်မ်ဟုခေါ်သော သစ်ရွက်တွေ ကြွေသည့် လွမ်းဖွယ် ဆောင်းဦးမို့ ရွက်ဝါတွေ ကြွေနေမည့် မိခင်မြေမှ နွေဦးအလှကို လွမ်းကြောင်း အစချီလျက် နှင်းမြစန္ဒာ ရေးလိုက်သော ပထမဦးဆုံးစာကို ဖတ်ရသည့်နေ့က ကျွန်တော်သည် ရှယ်လီ၏ ကဗျာလေးကို အပြီးသတ် အချောကိုင်နေသည်။

"ဩော်...ဒါပေမယ့် တော်ပါသေးတယ်နိုင်၊ နှင်းရင်ထဲမှာ နွေဦးက ပါလာတယ်"

မတားသာပါ
သွားမှာကို ဘယ်သူ တားနိုင်လိမ့်
သနားကာ ထားချန်ဖြစ်တယ်ထင့်
ကျန်ရစ်မြေ နွေမဆိတ်ပါလား
နိမိတ်ပုံတသီတတန်းရယ်နှင့်
စိတ်ဝိညာဉ်ပန်းချီခန်းမှာ
(နွေဦးရေ) လွမ်းပျော်မွေ့ကြီး။

နိုင့်ကဗျာလေ။ တစ်ခါက နှင်းရွတ်ပြဖူးတယ် မဟုတ်လား။

စိတ်ဝိညာဉ်ပန်းချီခန်း။ ဟုတ်တယ်နော် နိုင်။ နိမိတ်ပုံတွေ တသီတတန်း နဲ့။ အင်း လွမ်းပျော်မွေ့ဖွယ်ရာကြီး။ ကိုယ်တိုင် ခံစားမိမှ သိရတယ်။

ဝါဒ်စ် ဝတ်သ်ပြောတဲ့ "ကဗျာဟာ အမှန်တရားကို ခံစားမှု အစွမ်းနဲ့ နှလုံးသားဆီ အရှင်လတ်လတ် ပို့ပေးတယ်"ဆိုတဲ့ စကားကို သတိရမိတယ်။

နိုင့်ကို ကျေးဇူးတင်တယ်။ ကဗျာဆရာတွေ အားလုံးကို ကျေးဇူးတင် တယ်။ ကဗျာဆိုတာကိုတော့ ကျေးဇူးအတင်ဆုံးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ရေ။ ကဗျာတွေ ဆက်စပ်ပါ။ ဘယ်လိုအကြောင်းနဲ့မှ လက်မမြှောက်လိုက်ပါနဲ့။

သြော် … နိုင် နောက်ဆုံးပြောခဲ့တဲ့ ဝမ်းမြောက်ကြည်နူးမှု အကြောင်းတရား အရိပ်အယောင်ရှင်မဆိုတဲ့ သဘောကိုလည်း နှင်း နားလည်လာတယ်။

ကျေးဇူးတင်တယ်နိုင်။ နိုင့်စကားကိုပဲ နှင်း ပြန်သုံးမယ်။

"ဝမ်းမြောက်ကြည်နူးပါတယ် နိုင်"

နှင်းမြစန္ဒာ၏ စာနှင့် ကျွန်တော်ဘာသာပြန်ပြီးသွားသော ရှယ်လီ၏ ကဗျာတို့ကို ကိုင်ရင်း ကျွန်တော်စဉ်းစားသည်။

ဝမ်းမြောက်ကြည်နူးမှု အကြောင်းတရား။ သူ ရှိတော့ မျက်ရည်လောကများ၏ဟိုမှာဘက်ကို လှမ်းကြည့်နိုင်သည်၊

ဤသည်ကိုပင် ရှယ်လီပြောသည် ထင်၏။

"ဖန်တစ်ရာတေအောင်
လူတွေပြစ်မှား
အပေါစားလုပ်ထားကြတာမို့
ငါကပါ ပြစ်မှား
ထပ်အပေါစားလုပ်ဖို့ကို
မလိုတော့တဲ့ စကားတစ်လုံး။

အကောက်အယူလွဲမှား
အများက အထင်သေး
မလေးမစားလုပ်ပြီးကြတာမို့
မင်းကပါအထင်သေး
ထပ်မလေးမစားလုပ်ဖို့ကို
မလိုတော့တဲ့ ဝေဒနာတစ်ခု။
စိတ်ပျက်ရခြင်းနှင့်
မယှဉ်းအောင်တူပြီးနေတာမို့
ပညာသတိက
ကွပ်ဖိထိန်းချုပ်
ဝင်ချွန်းအုပ်ပေးဖို့ကို
မလိုတော့တဲ့ မျှော်လင့်မှုတစ်ရပ်။

www.burmeseclassic.com

www.burmeseclassic.com


ပြီးတော့
တစ်ပါး တစ်ယောက်ထက်
လက်ခက်တို့ထွာ
မင်းဆီကလာမယ့်
ကရုဏာဆိုတဲ့ ရှားပါးပစ္စည်း။
အချစ်လို့
လူတို့ခေါ်တဲ့သည်အရာကို
ငါမပေးနိုင်ဘူးလေ။
ဒါပေမယ့် အဲဒါအစား
နှလုံးသားကပင့်ပြီး
အထက်မြှင့် မြှောက်တင်တော့
ကောင်းကင်ဘုံကလည်းကွယ်
မငြင်းမပယ်တဲ့
ကိုးကွယ်ခြင်းမျိုး
ပိုးဖလံငယ်ရဲ့
ကြယ်ကိုလိုချင်တဲ့ ဆန္ဒမျိုး။
ညက နံနက်ကို
လိုချင်တဲ့ ဆန္ဒမျိုး။
လူ့ဘဝရဲ့ သောက
မျက်ရည်လောကများရဲ့ ဟိုမှာဘက်
အဲသည်ဘက်က တစ်စုံတစ်ရာကို
ကိုယ်ကိုနှင်းအပ်
ဆည်းကပ်ရိုကျိုး
သဒ္ဓါနှင့် မြတ်နိုးခြင်း
အင်း... သည်ဟာမျိုးကိုတော့ မင်း...
မင်း လက်မခံချင်ဘူးလား။

သူ့အတွေးနှင့် ပတ်သက်ပြီး တစ်နေရာ၌ ရှယ်လီကရှင်းပြဖူးသည်။

"လူတစ်ယောက်ဟာ အမြဲတမ်း တစ်ခုမဟုတ် တစ်ခုကိုတော့ ချစ်နေတာ ပဲလို့ ကျွန်တော်ထင်ပါတယ်၊ မှားမိကြတာကတော့ သေမျိုးပုံရိပ်ဆီမှာ ဆိုကြပါစို့။ ထာဝရမျိုးပုံရိပ်နဲ့ တူတာကို လိုက်ရှာမိကြတာပါ"

www.burmeseclassic.com

www.burmeseclassic.com



စာပေပညာရှင်တွေကတော့ ရှယ်လီသည် သေမျိုးပုံရိပ်ဆီမှာပင် ထာဝရမျိုးပုံရိပ်နှင့် တူရာကို တွေ့သွားလေသည်ဟု ဆိုကြသည်။

သြော်…ဤသို့မှ မတွေ့နိုင်သူသည် ဘယ်သို့လျှင် ထာဝရမျိုး ပုံရိပ်အလှရှိသည့် ကဗျာတွေကို စပ်နိုင်ပါမည်နည်း။

အချစ်နှင့်အလှ။ အလှနှင့်အချစ်။

အချစ်ဟူသည် အလှကို ပိုင်ဆိုင်လိုခြင်းဟု ခေါမပညာရှင်ကြီး ပလေတိုက စပြောသွားသည်။ ထာဝရမျိုး ပုံရိပ်အလှကို ပိုင်ဆိုင်လိုသော အချစ်ကိုသာ သူချီးမွမ်းသွားခဲ့သည်။ ကံကောင်းထောက်မ၍ သေမျိုးပုံရိပ်မှ ထာဝရမျိုးပုံရိပ်အလှကို ကျွန်တော်လည်း တွေ့မိသည် ထင်သည်။

ဦးသန့်မွန်နှင့် အင်း…နွေ့နှင်းရည်တို့လည်း တွေ့ကြသည် ထင်သည်။

သြော်…မျက်ရည်လောကများ၏ ဟိုမှာဘက်ဆီသို့ အမှန်တကယ် ကူးမြောက်သွားသူတို့၏မေတ္တာအကြောင်းကိုပင် ဦးသန့်မွန်က ကျွန်တော့်ကို ပြောပြခဲ့သည်။

အဲသည် မေတ္တာမျိုးကိုတော့ ရှယ်လီတို့ သိနိုင်မည် မထင်။

မိတ္တာသန္တဝ…။

သည်အကြောင်းကိုတော့ ပြောပြရဦးမည်။

နှင်းမြစန္ဒာ…။ နှင်း…။ နှင်းကို…။


နှင်းပြန်လာလျှင် ကျွန်တော် ပြောပြပါမည်။

**တက္ကသိုလ်ဘုန်းနိုင်**

**၁–၇–၈၂**

www.burmeseclassic.com

www.burmeseclassic.com



# တေးညွှခိုင်ပေါ်ရှုံးနိုင်
## မျက်ရည်လောကများ၏ ဟိမာဘက်

လူများက နိုင်ကို သနားတယ်ဆိုရင် နိုင်စိတ်ဆိုးမှာပဲ
နိုင်က … နိုင်က …
လေတိုက်ရာလွင့်တဲ့သစ်ရွက်မဟုတ်ဘူး

www.burmeseclassic.com